# ခေတ်ပြိုင်ကိုယ်ယမ်း ခေတ်မယမ်းကြလေမှာ

ပါမောက် ဦးဝင်းထော



ဒုတိယတွဲ

(ဒုတိယတွဲ)

ရွှေပြည်တန်စာပေ
အမှတ် (၁၂၂)၊ ၃၇လွှာ၊ လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်ရန်ကုန်မြို့
ဖုန်း - ၇၀၃၂၂၀ ၊ ၂၀၀၂၇၆

# ပုံနှိပ်မှတ်တမ်း

■ ပထမအကြိမ်

၂၀၁၅၊ ဒီဇင်ဘာလ

အုပ်ရေ(၁၀၀၀)

တန်ဖိုး(၂၅၀၀) ကျပ်

■ ထုတ်ဝေသူ

ဦးကျော်အောင်

ရွှေပြည်တန်စာပေ ၊ အမှတ် (၁၂၂)၊ လမ်း-၅၀

အမှတ်(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်

■ ပုံနှိပ်သူ

ဒေါ်စန်းစန်းသွယ် (မြ-၀၀၄၆၁)ဝင်းလပြည့်ပုံနှိပ်တိုက်

အမှတ်(၂၀)ကြာညိုလမ်း၊(၅)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့

■ မျက်နှာဖုံး-အတွင်းစာစီနှင့် Layout

နေခြည်(ရွှေပြည်တန်)

■ CTP

EAGLE

■ စီစဉ်သူ

ကျော်ထက်အောင် (ရွှေပြည်တန်)

ဟံသာဝတီဦးဝင်းတင် ၈၀၈-၈၄

ခေတ်ဝန်ကိုထမ်းခေတ်လမ်းကိုလျှောက် (၁-တွဲ)

ဟံသာဝတီဦးဝင်းတင်.........ရန်ကုန်

ရွှေပြည်တန်စာပေ(ပထမအကြိမ်)ဒီဇင်ဘာ ၂၀၁၅-ခုနှစ်

စာမျက်နှာ ၂၀၃ ၁၃× ၂၀. ၅ စင်တီမီတာ

(၁)ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက်(၁-တွဲ)

# မာတိကာ


ဆရာမောင်မိုးသူ၏အမှာ - ၁၁
ဦးဝင်းတင်နဲ့ မောင်မိုးသူ

အခန်း (၁၁)

ရှစ်လေးလုံးအရေးတော်ပုံ နိဒါန်းအစ

၁။ ၈. ၈. ၈၈ မတိုင်မီ ကျောင်းသားလှုပ်ရှားမှုများ ၁၅
၂။ ရှစ်လေးလုံးအရေးတော်ပုံ စပြီ ၁၇
၃။ ကိုဝံသအိမ် ၁၇
၄။ ဩဂုတ်လ(၈)ရက်နေ့က အတွေ့အကြုံ ၁၈
၅။ အရေးတော်ပုံစပြီး နောက်ရက်များ ၁၉
၆။ ကျွန်တော်မှတ်မိတဲ့ မြင်ကွင်းလေးတစ်ခု ၂၀
၇။ ဆေးရုံကြီး ပြင်ပလူနာဌာန ၂၁
၈။ ရန်ကုန်လူထုရဲ့ ပိုစတာတိုက်ပွဲ ၂၂

အခန်း(၁၂)

ရှစ်လေးလုံးအရေးတော်ပုံနဲ့

စာရေးဆရာ သတင်းစာဆရာများရဲ့လှုပ်ရှားမှု

၉။ ကျွန်တော်နဲ့ ကိုသော်က ၂၄
၁၀။ စာရေးဆရာများရဲ့ ပန်ကြားချက်ရေးပြီ ၂၆
၁၁။ စာပေအနုပညာရှင်များရဲ့ လက်မှတ်စုဆောင်းခြင်း ၂၇
၁၂။ ကာတွန်းဆရာကိုငွေကြည်ထံ အရင်ဆုံးဝင် ၂၈
၁၃။ ဆရာကြီးမင်းသုဝဏ်အိမ်သို့ ရောက်ရှိခြင်း ၃၀
၁၄။ ဆရာမကြီးဒေါ်ခင်မျိုးချစ်ထံ ခရီးဆက် ၃၁
၁၅။ ဒေါ်ခင်မျိုးချစ်ရဲ့ မမေ့နိုင်စရာမြင်ကွင်း ၃၂

၁၆။ ဒေါ်ခင်မျိုးချစ်ရဲ့မိသားစုပါဝင်လာ ၃၃
၁၇။ ဆရာဝင်းမွန်ကိုယ်စား လက်မှတ်ထိုးသူ ၃၄
၁၈။ မျက်စိထဲက မထွက်နိုင်တဲ့
ဆရာဇော်ဂျီရဲ့ မြင်ကွင်း ၃၄
၁၉။ အလွန်တက်ကြွတဲ့ ဆရာပါရဂူ ၃၆
၂၀။ ကိုမိုးသူနဲ့ စံပယ်ဦးကိုတင်စိုးရုံးခန်း ၃၆
၂၁။ အရေးအခင်းကာလ စာနယ်ဇင်းသမဂ္ဂ ၃၇
၂၂။ စာနယ်ဇင်းသမဂ္ဂ ဖွဲ့စည်းခြင်း ၃၉
၂၃။ စာနယ်ဇင်းသမဂ္ဂနဲ့ သပိတ်လွှတ်တော် ၄၁
၂၄။ လှုံ့ဆော်ဂျာနယ်များအသင်းအပင်း အတွေ့အကြုံ ၄၂
၂၅။ ဆေးရုံကြီးဝန်းထဲက ၄၃
နာမည်ကျော်စာနယ်ဇင်းစင်မြင့်
၂၆။ စင်မြင့်ဖွင့်ပွဲနဲ့ ကျွန်တော် ၄၄

## အခန်း(၁၃)
## ရှစ်လေးလုံးအရေးတော်ပုံနှင့်
## ဒေါ်အောင်ဆန်းစုကြည်

၂၇။ ကျောင်းသားစင်မြင့်နဲ့ ဗိုလ်ချုပ်ကြီးတင်ဦး ၄၆
၂၈။ ဒေါ်အောင်ဆန်းစုကြည်ကို စင်တင်ဖို့အကြံရ ၄၆
၂၉။ နိုင်ငံရေးမှာ စွန့်လွှတ်စွန့်စား လုပ်သင့်မလုပ်သင့် ၄၈
၃၀။ ဒေါ်စု ပွဲထုတ်ရေးမထုတ်ရေးပြဿနာ ၅၀
၃၁။ ဒေါ်စု ပထမဆုံးလူထုနဲ့တွေ့ပြီ ၅၁
၃၂။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆုံးလူထုမိန့်ခွန်း ၅၂
၃၃။ "စည်းကမ်းရှိကြပါ"ဆိုတဲ့ ဒေါ်စုရဲ့အမှာစကား ၅၃
၃၄။ ဒေါ်စုရဲ့ အကောင်းဆုံးဂုဏ်ရည် ၅၄
၃၅။ ဒေါ်စုရဲ့ "စည်းတာ"နဲ့ စစ်အစိုးရရဲ့ "စည်းကမ်း" ၅၅
ဘာကွာခြားသလဲ

၃၆။ စည်းကမ်းရှိရမယ်လို့သာ ၅၅
ပြောပြီးတာဝန်မယူတဲ့ စစ်အစိုးရ
၃၇။ ဒေါ်စုရဲ့ တစ်ခွန်းတည်းသောစကား ၅၆
၃၈။ ဒေါ်စုရဲ့ စည်းရုံးရေးလှုပ်ရှားမှု ၅၇
၃၉။ နိုင်ငံရေးစုဖွဲ့လှုပ်ရှားမှုလုပ်ဖို့ ဒေါ်စုအစပျိုးပြီ ၅၈
၄၀။ ဒေါ်စုကမ်းလှမ်းချက်အတိုင်း စုစည်းမိကြပြီ ၅၉

အခန်း (၁၄)

သမိုင်းဝင်ရွှေတိဂုံအနောက်မုခ်

လူထုစည်းဝေးပွဲကြီး

၄၁။ လူထုစည်းဝေးပွဲပြုလုပ်ဖို့ စတင်စီစဉ် ၆၁
၄၂။ စစ်အုပ်ချုပ်ရေးရုပ်သိမ်းတဲ့နေ့ မြင်ကွင်း ၆၂
၄၃။ စစ်တပ်အပေါ် လူထုရဲ့သဘောထားနဲ့ တုန့်ပြန်မှု ၆၄
၄၄။ လူထုစည်းဝေးပွဲပြုလုပ်မယ့်နေရာ ပြောင်းလဲသတ်မှတ် ၆၅
၄၅။ ကြားဖြတ်အစိုးရကောင်းရေး မကောင်းရေး ၆၆
၄၆။ အဖြေမထွက်တဲ့ ဆွေးနွေးပွဲ ၆၇
၄၇။ အပြိုင်လုပ်လာတဲ့ ဗိုလ်ချုပ်အောင်ကြီးတရားပွဲ ၆၈
၄၈။ ဒေါ်စုရဲ့ တုန့်ပြန်မှု ၆၉
၄၉။ လူထုအစည်းအဝေးပွဲအစီအစဉ်နဲ့ ၇၁
ဒေါ်စုပြောမယ့် မိန့်ခွန်း
၅၀။ ဗိုလ်ကြီးစည်သူ၊ ဝါဒဖြန့်စာနဲ့ မောင်သော်က ၇၁
၅၁။ တရားဟောစင်အနီးက ကိုဇော်လွင် ၇၃
၅၂။ ပရိတ်သတ်ကိုထိမ်းထားတဲ့ ကိုထွန်းဝေ ၇၄
၅၃။ စင်ပေါ်တက်ချင်တဲ့ ဗိုလ်ရန်နိုင် ၇၆
၅၄။ ဒေါ်စု မိန့်ခွန်းပြောပြီ ၇၇
၅၅။ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ကြားဖြတ်အစိုးရ ၇၈
၅၆။ သတင်းထုတ်ပြန်ရေးနဲ့ ဘီဘီစီဦးမောင်မောင် ၇၉

၅၇။ လူ(၁၀)သိန်းနီးပါးခန့်တက်ရောက်တဲ့ ၈၀
ဧရာမလူထုစည်းဝေးပွဲကြီး

အခန်း (၁၅)
စစ်တပ်အာဏာမသိမ်းမီနှင့်
သိမ်းပြီးစအခြေအနေ

၅၈။ လူထုအစည်းအဝေးပွဲကြီးပြီးတဲ့နောက် အခြေအနေ ၈၂
၅၉။ ဒေါ်စုခြံတွင်း စုဖွဲ့လှုပ်ရှားမှု ၈၄
၆၀။ 'အောင်' 'စု' 'တင်' မဟာမိတ်ဖွဲ့ပြီ ၈၅
၆၁။ 'အောင်' 'စု' 'တင်' ဖွဲ့ခြင်းအပေါ် ဘဝင်မကျတဲ့ကျွန်တော် ၈၆
၆၂။ ဦးနေဝင်း၊ ဦးအောင်ကြီးနဲ့ သမဂ္ဂအဆောက်အဦးဖြိုခွဲမှု ၈၇
၆၃။ မောင်ဝံသရဲ့ "သတင်းထူး"ဂျာနယ် ၈၈
၆၄။ သတင်းထူး သတင်းစာရဲ့နာယက ၈၉
၆၅။ စက်တင်ဘာ (၁၇)ရက် ကုန်သွယ်ရေးရုံးအဖြစ်အပျက် ၉၀
၆၆။ စစ်တပ်အာဏာသိမ်းပြီ ၉၁
၆၇။ စစ်အာဏာသိမ်းခြင်းကို ကန့်ကွက်တဲ့ ၉၂
ကြေညာချက်များထုတ်
၆၈။ ကိုကိုကြီးကလည်း ဗ. က. သကြေညာချက်ထုတ် ၉၃
၆၉။ ကြေညာချက်ထုတ်ဖို့ကိစ္စကိုသော်ကနဲ့အငြင်းပွား ၉၄
၇၀။ စစ်အာဏာသိမ်းပြီး နောက်တစ်နေ့ ၉၅
၇၁။ ရှပ်ဖျက်ကောင်းတဲ့ ကျွန်တော်တို့လူစု ၉၆

အခန်း (၁၆)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

စတင်တည်ထောင်ခြင်း


| | | |
|---|---|---|
| ၇၂။ | အငြင်းပွားကြတဲ့ အောင်၊ စု၊ တင် | ၉၈ |
| ၇၃။ | အောင်၊ စု၊ တင်ထဲ ကျွန်တော်ပါဝင်ဖို့ ဒေါ်စုတိုက်တွန်း | ၁၀၀ |
| ၇၄။ | ကျွန်တော်လေးစားတဲ့ ကိုမိုးသူ | ၁၀၁ |
| ၇၅။ | ကိုမိုးသူရဲ့ သတ္တိ | ၁၀၂ |
| ၇၆။ | ဒေါ်စုရဲ့အစုအဖွဲ့ထဲပါဝင်ဖို့ ကျွန်တော်သဘောတူလိုက်ပြီ | ၁၀၃ |
| ၇၇။ | ကိုယုရဲ့ တင်ပြဆွေးနွေးချက် | ၁၀၄ |
| ၇၈။ | ကျွန်တော်နဲ့ ဒေါက်တာမောင်မောင်တို့ရဲ့ ပတ်သက်မှု | ၁၀၅ |
| ၇၉။ | ဒေါက်တာမောင်မောင် သမ္မတသက်တမ်းကာလ | ၁၀၆ |
| ၈၀။ | ဦးနေဝင်းနဲ့တွေ့ဖို့ ကြိုးစားသော်လည်း မအောင်မြင် | ၁၀၇ |
| ၈၁။ | ဦးအောင်ကြီးအိမ်မှာ အစုအဖွဲ့-၃စုတို့တွေ့ကြပြီ | ၁၀၈ |
| ၈၂။ | အဖွဲ့ချုပ်စတင်တည်ထောင်တဲ့နေ့က ပဟေဠိဆန်သောအဖြစ်အပျက် | ၁၁၀ |
| ၈၃။ | ခမ်းနားထည်ဝါတဲ့ ပါတီကြေညာစာတမ်း | ၁၁၁ |
| ၈၄။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အလံတော် | ၁၁၂ |
| ၈၅။ | ပါတီအမည် ရွေးချယ်သတ်မှတ်ခြင်း | ၁၁၃ |
| ၈၆။ | ပါတီအမည်နဲ့ ပတ်သတ်သောတုံ့ပြန်ဝေဖန်မှုများ | ၁၁၄ |
| ၈၇။ | ပါတီခေါင်းဆောင်ပိုင်း ရွေးချယ်သတ်မှတ်ဖွဲ့စည်းခဲ့ပုံ | ၁၁၆ |
| ၈၈။ | ရုပ်ရှင်မင်းသားကိုအောင်လွင် စီအီးစီဖြစ်လာပုံ | ၁၁၈ |
| ၈၉။ | စီအီးစီပြီးတော့ စီစီဖွဲ့ | ၁၁၉ |
| ၉၀။ | ထပ်တိုးလာတဲ့ စီစီများ | ၁၂၀ |
| ၉၁။ | စီအီးစီထဲ မပါဖြစ်တဲ့ သခင်ချစ်မောင် | ၁၂၂ |
| ၉၂။ | ပါတီမှတ်ပုံတင်တဲ့နေ့က အတွေ့အကြုံ | ၁၂၃ |
| ၉၃။ | ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကိုယ်တိုင်တွေ့ | ၁၂၄ |
| ၉၄။ | ပါတီမှတ်ပုံတင်ရင်ရွေးကောက်ပွဲဝင်ရမယ်ဆိုတဲ့မူဒေါ်စုလက်မခံ | ၁၂၅ |

အခန်း (၁၇)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စတင်

တည်ထောင်ခါစ ပါတီနိုင်ငံရေးလှိုင်းဂယက်များ


၉၅။ ပါတီညီလာခံကျင်းပရေး စီမံချက်စာတမ်း ၁၂၇

၉၆။ ညီလာခံစာတမ်းကို စီအီးစီကသဘောတူ ၁၂၈

၉၇။ သခင်တင်မြနဲ့ အချင်းများခဲ့ရတဲ့ ပါတီညီလာခံကျင်းပရေးကိစ္စ ၁၂၉

၉၈။ "ညီလာခံလိုင်းရဲ့အနှစ်သာရ" ဆိုတဲ့ သခင်တင်မြရဲ့စာတမ်း ၁၃၁

၉၉။ ကျွန်တော်သဘောပေါက်သွားခဲ့တဲ့ နိုင်ငံရေး ၁၃၂

၁၀၀။ ဗိုလ်အောင်ကြီးရဲ့ လွဲမှားတဲ့ လုပ်နည်းလုပ်ဟန်တစ်ချို့ ၁၃၃

၁၀၁။ တောက်လျှမ်းရေး လက်ထဲရောက်သွားတဲ့ ကျွန်တော့်ဒိုင်ယာရီ ၁၃၄

၁၀၂။ ဗိုလ်အောင်ကြီးရဲ့ ရွှင်ချဲ့ချက် ၁၃၆

၁၀၃။ စီအီးစီအစည်းအဝေးမှာ အပြန်အလှန်အဆိုတင် ၁၃၇

၁၀၄။ ဦးကြည်မောင်ရဲ့ အဆို ၁၃၉

၁၀၅။ ဗဟိုကော်မတီအစည်းအဝေးနဲ့ လိုင်းနှစ်လိုင်း ၁၄၁

၁၀၆။ ကျွန်တော်ရဲ့ တင်ပြချက် ၁၄၂

၁၀၇။ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်ထုချေရှင်းလင်း ၁၄၃

၁၀၈။ စိတ်ထိခိုက်ရတဲ့ဖြစ်ရပ်နဲ့ မြင်ကွင်း ၁၄၅

၁၀၉။ မဲခွဲဆုံးဖြတ်ပြီ ၁၄၆

၁၁၀။ ဦးအောင်ကြီးနဲ့သူ့အဖွဲ့ကို အရေးယူထုတ်ပယ် ၁၄၇

၁၁၁။ တွက်ကိန်းလွဲသွားတဲ့ ဦးအောင်ကြီးနဲ့ သူရင်ထဲကဦးနေဝင်း ၁၄၈


အခန်း(၁၈)

မိခင်ကြီးဒေါ်ခင်ကြည်ရှာပုံ


၁၁၂။ ဒေါ်စုမလိုက်ဖြစ်တဲ့ သန်လျင်ခရီးစဉ် ၁၅၁

၁၁၃။ အရေးကြီးတဲ့ အမျိုးသားညီလာခံကိစ္စ ၁၅၂

၁၁၄။ ဒေါ်ခင်ကြည်ဂူဗိမာန်ထားရှိမယ့် မြေနေရာကိစ္စ ၁၅၄

၁၁၅။ ဂူဗိမာန်ဒီဇိုင်းပုံစံ ရွေးချယ်ခြင်း ၁၅၅

၁၁၆။ ဈာပနအခမ်းအနားကို ဘယ်လိုဘယ်ပုံလုပ်မလဲ ၁၅၆

၁၁၇။ ပြတ်သားတဲ့ ဒေါ်စု ၁၅၇

၁၁၈။ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇနီး ၁၅၈

၁၁၉။ ဈာပနမှာ တပ်မတော်ရဲ့ပါဝင်ကူညီမှုအပေါ် တုန့်ပြန်မှုများ ၁၅၉

၁၂၀။ နိဗ္ဗာန်ယာဉ်နဲ့ ဦးနေဝင်းပန်းခွေကိစ္စ ၁၅၉

၁၂၁။ လူတွေကလည်း တရုန်းရုန်း-စစ်သားတွေကလည်း
သေနတ်တကားကား ၁၆၁

၁၂၂။ ပြဿနာမဖြစ်ဘဲ အောင်မြင်စွာပြီးဆုံးသွားတဲ့
ဈာပနအခမ်းအနား ၁၆၂

အခန်း(၁၉)

ဒေါ်စု၊အင်အယ်လ်ဒီနှင့် တပ်ပေါင်းစုပြဿနာ

၁၂၃။ ဒိုင်ယာလော့လုပ်ရေးတောင်းဆိုချက်အပေါ်
စစ်အစိုးရရဲ့ တုန့်ပြန်ချက် ၁၆၄

၁၂၄။ ပါတီ(၁၀၀)ကျော်က ဒေါ်စုတစ်ဦးတည်းကို မန်းဒိတ်ပေး ၁၆၆

၁၂၅။ ဗိုလ်ခင်ညွန့်နဲ့စစ်ထောက်လှမ်းရေးက မဟုတ်တမ်းတရားစွပ်စွဲ ၁၆၈

၁၂၆။ ဒေါ်စုနဲ့ (၈၈)မျိုးဆက်ကျောင်းသားများ ၁၆၉

၁၂၇။ ညီညွတ်ရေးကိုတဖွဖွပြောပြီး မညီမညွတ်ဖြစ်နေကြတဲ့
ကျောင်းသားလူငယ်အစုအဖွဲ့များ ၁၇၀

၁၂၈။ အန်အယ်လ်ဒီထဲမှာလည်း မတူကွဲပြားမှုတွေရှိ ၁၇၂

၁၂၉။ ညီညွတ်ရေးကို ရှေးရှုကြိုးပမ်းမှုများ ၁၇၃

၁၃၀။ အန်အယ်လ်ဒီနဲ့ ယူအန်အယ်လ်ဒီပေါင်းစည်းရေးကိစ္စ ၁၇၅

၁၃၁။ အန်အယ်လ်ဒီရဲ့ ပထမဆုံးသတင်းစာရှင်းလင်းပွဲ ၁၇၆

၁၃၂။ ပြည်ပရောက်အဖွဲ့အစည်းများနဲ့ ပတ်သတ်တဲ့
ဒေါ်စုရဲ့ သဘောထား ၁၇၇

၁၃၃။ ကိုင်စွဲသင့်တဲ့ အချက်သုံးချက် ၁၇၈

၁၃၄။ တပ်ပေါင်းစုဖွဲ့ရေးထက် အသံညီရေး ၁၈၀
အလုပ်တူရေး ဦးစားပေး


အခန်း(၂၀)

နှစ်ကူးအတာသင်္ကြန်

အာဏာဖီဆန်ရေးနှင့် ဖုန်းမော်နှစ်ပတ်လည်


၁၃၅။ သင်္ကြန်မဏ္ဍပ်လုပ်ဖို့ စီစဉ် ၁၈၂

၁၃၆။ သင်္ကြန်သံချပ်များ စီစဉ်ဖြတ်တောက်ရေး သဘောမတူ ၁၈၃

၁၃၇။ ရုတ်ရုတ်သဲသဲဖြစ်သွားတဲ့ သင်္ကြန်အကြိုနေ့ ၁၈၆

၁၃၈။ ဆက်လုပ်ရေးမလုပ်ရေး ဒေါ်စုကိုယ်တိုင်ဆုံးဖြတ်ပေး ၁၈၇

၁၃၉။ ပြောင်မြောက်လွန်းတဲ့ သံချပ်များ ၁၈၉

၁၄၀။ အလွန်စည်းကမ်းရှိတဲ့ ဒေါ်စု ၁၈၉

၁၄၁။ တိုင်းပြည်အတွက် နှစ်သစ်ကူးသဝဏ်လွှာဖြစ်သွားတဲ့
ဒေါ်စုရဲ့ ပိတ်ပွဲမိန့်ခွန်း ၁၉၂

၁၄၂။ ဒေါ်စုရဲ့ ကချင်ခရီး ၁၉၃

၁၄၃။ အာဏာဖီဆန်ရေးလမ်းစဉ်အစ ဒေါ်စုမိန့်ခွန်းထဲက ၁၉၄

၁၄၄။ ဦးနုရဲ့သဘောထားကို သွားရောက်တီးခေါက်ခဲ့ ၁၉၅

၁၄၅။ အာဏာဖီဆန်ရေးကိစ္စ ဒေါ်စုနဲ့တိုင်ပင် ၁၉၇

၁၄၆။ အာဏာဖီဆန်ရေးသဘောတရားများ စတင်ဟောပြောခြင်း ၁၉၈

၁၄၇။ "မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ" ၂၀၀

၁၄၈။ အာဇာနည်ဖုန်းမော် နှစ်ပတ်လည်နေ့ ၂၀၁

# ဦးဝင်းတင်နဲ့မောင်မိုးသူ

ဦးဝင်းတင် ထောင်ကထွက်လာပြီးနောက် RFA မှာ ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက်ဆိုပြီး သူ့ဘဝဇာတ်ကြောင်းတွေကို ပြောပြခဲ့တယ်။ ပထမပိုင်းကိုတော့ ရွှေပြည်ကန်စာပေတိုက်က ထုတ်ဝေရာမှာ သူ့ကိုယ်တိုင် ပြန်ဖတ်၊ တည်းဖြတ်လုပ်ခဲ့တယ်။ အဲဒီပထမတွဲဟာ ဦးဝင်းတင်ရဲ့ စာနယ်ဇင်းဘဝတွေဖြစ်လေတော့ မောင်မိုးသူက တစ်စွန်းတစ်စပဲသိတာ၊ ပါတာဖြစ်တယ်။ အဲဒီပထမတွဲထွက်ပြီးတဲ့နောက် ဦးဝင်းတင် ကွယ်လွန်ပါတယ်။ ဦးဝင်းတင် ကွယ်လွန်သွားပေမယ့် သူ့ရဲ့လုပ်လက်စ အလုပ်တွေကို မောင်မိုးသူက မနိုင်ဝန်ထမ်း လုပ်နေရပါတော့တယ်။ တကယ်တော့ မောင်မိုးသူဟာ ဦးဝင်းတင်ထက် ၇-နှစ်ငယ်ပေမယ့် အသက်က ၇၉ နှစ်ဆိုတော့မငယ်တော့ဘူးခင်ဗျ။ ဟိုးယခင်ဦးဝင်းတင်နဲ့တွဲစဉ်ကလို လူတွေကြားမှာ သွက်သွက်လက်လက် သွားသွားလာလာနဲ့ စည်းရုံးရေးတွေ ဘာတွေ မလုပ်နိုင်တော့သလို ဟောပြောပွဲတွေလည်း မသွားနိုင်၊ မလာနိုင်တော့ပါဘူး။

ဒါပေမယ့် ဦးဝင်းတင်ရဲ့ ခေတ်လမ်းကိုလျှောက် ဒုတိယပိုင်း ကာလမှာတော့ ဦးဝင်းတင်နဘေးမှာ မောင်မိုးသူ တစ်လျှောက်လုံးရှိနေခဲ့ပါတယ်။ဘာဖြစ်လို့လဲဆိုတော့ရှစ်လေးလုံးအရေးတော်ပုံကာလနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ခဲ့စဉ် ကာလက အဖြစ်အပျက်များဖြစ်လေတော့ မောင်မိုးသူက တစ်လျှောက်လုံး ဦးဝင်းတင် အနားမှာ အတူရှိနေခဲ့ပါတယ်။ ဒါကြောင့် ဒုတိယတွဲကိုတော့ တတ်နိုင်သမျှဖတ်ပေးမယ်။ အမှာရေးပေးမယ်ပေါ့။

ဦးဝင်းတင်ရဲ့ သူကိုယ်တိုင် ပြောထားတဲ့စာအုပ်မှာ မောင်မိုးသူက အမှာဝင်ရေးရတာကတော့ အမြင်မတော် ဆင်တော်နဲ့ခလောက်လိုဖြစ်နေပါတယ်။ ဒါပေမယ့် ဦးဝင်းတင်ကလည်း မရှိတော့ပြီဖြစ်ပြီး သူရေးသူပြောထားသမျှတွေထဲမှာ ကန့်လန့်ကန့်လန့်ရော၊ သပနပေါင်းတွေရော လုပ်ခဲ့တဲ့မောင်မိုးသူက ဖတ်ပြီး၊ နာမည်လွဲတာမျိုးတွေ ပြင်ပေးတာကလွဲရင် အဖြစ်အပျက်တွေကိုတော့ သူ့မူရင်း သူပြောတဲ့အတိုင်းပဲ ထားပါတယ်။

ဦးဝင်းတင်ရှိစဉ်မှပဲ ဦးဝင်းဖောင်ဒေးရှင်းဆိုတာကို လုပ်ဖြစ်ခဲ့ပါတယ်။ အဲဒီဖြစ်လာပုံကလေးကလည်း ဒီလိုပါ ဦးဝင်းတင်ရဲ့ မိတ်ဆွေရဲဘော် ကိုစိုးနိုင်ရဲ့မွေးနေ့ကို သူ့သားမောင်မောင်နိုင်က ဦးဝင်းတင် ပြန်လွတ်လာပြီးချိန်မှစလို့ ဦးဝင်းတင်အပါအဝင် သူ့အဖေကိုစိုးနိုင်ရဲ့ မိတ်ဆွေအပေါင်းအသင်းတွေကိုဖိတ်ပြီး ညစာကျွေးလေ့ရှိပါတယ်။ အဲ့ဒီ ကိုစိုးနိုင်ရဲ့ အထိမ်းအမှတ် ညစာစားပွဲမှာ မောင်ဝံသက တက်လာပြီး ဦးဝင်းတင် ဖောင်ဒေးရှင်းထူထောင်ဖို့ သူရဲ့စိတ်ကူးစိတ်သန်းတွေ ဘယ်လိုရှိပါတယ်။ ဘယ်သူတွေနဲ့ဘယ်လိုဆက်သွယ်ထားပါတယ်။ စီစဉ်ထားပါတယ်ဆိုပြီးပြောဆိုတင်ပြလာတာကို ကျန်တဲ့လူတွေကလည်း

ဝိုင်းဝန်ထောက်ခံကြတော့ ဦးဝင်းတင်က လုပ်ကြတာပေါ့လို့ ပြောလိုက်တာပဲ။ အဲဒါနဲ့ ဦးဝင်းတင်ဖောင်ဒေးရှင်းဆိုတာ ကိုစိုးနိုင်ရဲ့မွေးနေ့ ညစာစားပွဲက ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ အစစအရာရာ စီစဉ်တဲ့သူက မောင်ဝံသပေါ့ခင်ဗျ။ ဦးဝင်းတင်အပါအဝင် ကိုသော်တို့၊ ကိုသာဘန်းတို့၊ ကိုမောင်မောင်ခင်တို့၊ မိုးသူတို့တစ်တွေက နာယကတဲ့။ အတွင်းရေးမှူးကတော့ မောင်ဝံသခေါ်လာတဲ့ ကျော်အောင် (ရွှေပြည်တန်)ကလုပ်မယ်ပေါ့။ ဘဏ္ဍာရေးတာဝန်ခံကတော့ ဦးအုန်းထွန်းနဲ့မောင်ဝံသက တာဝန်ယူပါတယ်။ ပြန်စဉ်းစားကြည့်တော့ ဦးဝင်းတင်ဖောင်ဒေးရှင်း စလုပ်ဖို့ လှုံ့ဆော်စီစဉ်ခဲ့တဲ့ မောင်ဝံသလည်း မရှိတော့ပါဘူး။ မောင်ဝံသ မရှိတော့ ဖောင်ဒေးရှင်းပိုက်ဆံများ ဘဏ်မှာ အပ်ထားတာကို ဦးအုန်းထွန်းနဲ့အတူ မောင်မိုးသူတို့က လက်မှတ်ထိုးရပါတယ်။ ယခုဆိုကာယကံရှင်ဖြစ်တဲ့ ဦးဝင်းတင်လည်း ကွယ်လွန်တာ နှစ်နှစ်တောင်ပြည့်တော့မှာပါ။ နာယကတစ်ဦးဖြစ်တဲ့ ကိုသာဘန်းလည်း ကွယ်လွန်ရှာပေါ့။ ဒါပေမယ့် ဦးဝင်းတင်ဖောင်ဒေးရှင်းကတော့ ဦးဝင်းတင်ရဲ့ရည်ရွယ်ချက်အတိုင်း နိုင်ငံရေးအကျဉ်းသားများ နိုင်ငံရေးအကျဉ်းသားဟောင်းများနဲ့ ဘဝတူစာပေနယ်မှ ပုဂ္ဂိုလ်များကို နှစ်လတစ်ကြိမ်ထောက်ပံ့ကူညီမှုတွေ ပြုလုပ်လျှက်ရှိပါတယ်။

ဦးဝင်းတင်ရဲ့ "ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက်" စာအုပ်ဟာ သုံးတွဲဖြစ်ပါတယ်။ ယခုစာအုပ်က ဒုတိယအတွဲဖြစ်ပါတယ်။ ဒုတိယပိုင်းအစအဆုံးနည်းပါး ဦးဝင်းတင်နဘေးမှာ မောင်မိုးသူရှိနေလေတော့ မောင်မိုးသူအကြောင်းရေးလည်း တစ်ပုံတစ်ခေါင်းကြီးပါနေမှာဖြစ်ပါတယ်။ တစ်ကယ်တော့ ဦးဝင်းတင်ဟာ သူ့ဘဝဖြတ်သန်းခဲ့သမျှကို သူကိုယ်တိုင် RFA ကို နေ့စဉ်ပြောကြားခဲ့တာတွေဖြစ်တယ်။

အဲဒီသုံးတွဲအနက် ပထမတွဲက ထွက်ပြီပါပြီ။ ဒုတိယတွဲကတော့ အခု မောင်မိုးသူအမှာနဲ့ ထွက်ပါမယ်။ နောက်တတိယတွဲထွက်ပြီးရင် ဦးဝင်းတင်ဆန္ဒအတိုင်းရွှေပြည်တန်စာအုပ်တိုက်ကပဲ သုံးတွဲပေါင်းပြီး RFAမှာ ဦးဝင်းတင်ကိုယ်တိုင်ပြောခဲ့တဲ့ မူရင်းအသံဖိုင်နဲ့အတူ တွဲထုတ်ဖို့ စီစဉ်ထားရှိပါတယ်။

ဒုတိယတွဲကိုတော့ မောင်မိုးသူကဖတ်ရှုပြီး အမှာရေးပေးလိုက်တာဖြစ်ပါတယ်။ ဦးဝင်းတင်ရဲ့ "ခေတ်ဝန်ကိုထမ်း"စာမူ တွေဟာ RFA မှ တောက်လျှောက်တစ်ဆက်တည်း ပြောခဲ့တဲ့စာမူများ ဖြစ်ပါတယ်။ အသံဖိုင်မှ ကူယူရတာဖြစ်တာကြောင့် တစ်ချို့နေရာတွေမှာ နေရာအမှတ်မှားတာတွေ၊ ရက်စွဲမတိကျတာတွေ၊ ထပ်တာ၊ ငေါ့တာတွေ၊ စာမချောတာတွေရှိပေမယ့် ဦးဝင်းတင်ဟာ သူ့ကိုယ်သူ ခေတ်ဝန်ကိုထမ်း ခေတ်လျှောက်တဲ့သူအဖြစ် ရဲရဲကြီး ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့တာများ ဖြစ်ပါတယ်။ ဦးဝင်းတင်ရဲ့ဘဝ ဦးဝင်းတင်ရဲ့ ယုံကြည်ချက် ခံယူချက်များကို ပြက်ပြက်ထင်ထင်တွေ့မြင်ရပါတယ်။

ဦးဝင်းတင်ကွယ်လွန်ခြင်းတစ်နှစ်မြောက်အခမ်းအနားမှာ ဒီချုပ်ဥက္ကဋ္ဌကြီး ဒေါ်အောင်ဆန်းစုကြည်က -

"ကျမတို့တန်ဖိုးထားအပ်တဲ့လူများကို တန်ဖိုးထားရပါမယ်။ ဆရာဦးဝင်းတင်လို လူတစ်ယောက်တည်းရှိရင်တောင် ဒီလို လုပ်ရကြိုးနပ်တယ်လို့ စိတ်ထဲမှာ ထင်မှတ်ခဲ့ပါတယ်"လို့ ပြောခဲ့ပါတယ်။

ဦးဝင်းတင်ရဲ့စာအုပ်ဒုတိယတွဲမှာ ဖတ်ရှုအမှာ ရေးပေးရတဲ့အတွက် မောင်မိုးသူဂုဏ်ယူမိကြောင်းပါ။

ဦးဝင်းတင်ကို ချစ်ခင်လေးစားတဲ့-

မောင်မိုးသူ

# အခန်း(၁၁)

## ရှစ်လေးလုံးအရေးတော်ပုံ နိဒါန်းအစ

**ရှစ်လေးလုံးနဲ့ ကျွန်တော်ရဲ့ပါဝင်မှု**

ရှစ်လေးလုံးသပိတ်ကြီးပေါ်လာတဲ့အခါမှာ ကျွန်တော့်ရဲ့ပါဝင်မှု၊ ဦးဆောင်မှုမဟုတ်ဘူး။ ပါဝင်မှုအပိုင်းလေးကို ကျွန်တော်ပြောပြစရာရှိတယ်။ ရှစ်လေးလုံး အတွေ့အကြုံကာလ တွေ့မြင်ရတဲ့ဟာတွေ မြင်ကွင်းတွေ အဲဒါတွေ ပြောပြချင်တယ်။ နောက်အဲဒီအချိန်မှာ စာနယ်ဇင်းသမဂ္ဂတို့ ဘာတို့ ကျွန်တော်တို့ လုပ်တာတွေ ပြောပြချင်တယ်။ နောက်ပြီးတော့ စာနယ်ဇင်းသမဂ္ဂလုပ်ရင်းကနေ နိုင်ငံရေးနဲ့ သွားပြီးတော့ ချိတ်ဆက်မိတဲ့ အခြေအနေတွေ ပြောပြချင်တယ်။ အဲဒီကနေပြီးတော့ ကျွန်တော် အနအယဒီထဲတို့ဘာတို့ ရောက်တာတို့ ကျွန်တော် ပြောပြချင်တယ်၊ အဲဒါပြော ချင်တယ်။ ပြီးရင်တော့ နောက်ပိုင်း ကျရင်တော့ ကျွန်တော်ထောင်ထဲရောက်တဲ့ဟာ ဘာဖြစ်လို့လည်းဆိုတော့နိုင်ငံရေး လုပ်တယ် ဘာညာဆိုပြီး နိုင်ငံရေးက ကျွန်တော်တို့လုပ်တဲ့ လုပ်ဆောင်ချက်က (၉)လ လောက်ပဲ၊ သိပ်များများမရှိဘူး။ ထောင်ထဲသာ (၁၉) နှစ်နေရတာ။

**၈. ၈. ၈၈ မတိုင်မီကျောင်းသားလှုပ်ရှားမှုများ**

၁၉၈၈ မတ်လလောက်မှာ ကျောင်းသားလှုပ်ရှားမှုတွေ စတင်ခဲ့တယ်။ နောက်တစ်ခါ ဇွန်လလောက်မှာစပြီးတော့ ပေါ်လိုက်ပြန်တယ်။ အဲဒီ လှုပ်ရှားမှုတွေ တက္ကသိုလ်ဝင်းထဲမှာ လုပ်တယ်ဆိုတော့ သွားကြည့်တာပေါ့၊ နောက်တစ်ခါ ဥပမာဆိုပါတော့ ဇွန်တို့ဘာတို့မှာလှုပ်ရှားမှုတွေ ပေါ်တယ်ဆိုတော့

လည်း ကျွန်တော်တို့ သွားကြည့်တာပေါ့၊ ဒီအဆောအဆောင်းမှာက ကျောင်းသားတွေရဲ့ လှုပ်ရှားမှုတွေ ကစပေါ်နေပြီ။ ကျွန်တော်တို့အမြင်ကလူကတော့ သိပ်မသိဘူး၊ ကျွန်တော်တို့ကိုယ်တိုင်ကလည်း အမှန်အတိုင်းပြောရရင် အမြင်လူသာသာပဲ ရှိတာပါပဲ၊ အကဲခတ်တာတို့ ဘီဘီစီသတင်းတွေ နားထောင်တာတို့ ဒီလောက်ပဲ ကျွန်တော်က လုပ်နိုင်တယ်၊ ဒါပေမဲ့ကျောင်းသားလူငယ်တွေကတော့ တော်တော်ကို စနစ်တကျနဲ့ အစီစဉ်တကျကိုသူတို့က လုပ်နေပြီပေါ့၊ တက္ကသိုလ်ထဲမှာ လှုပ်ရှားမှုတွေမှာဆိုရင် မျက်နှာဖုံးစွပ်ပြီးတော့ ဟောပြောပွဲလုပ်တာတို့ သတ္တိကောင်းတဲ့ ကျောင်းသားတွေက မျက်နှာဖုံးစွပ်တွေချွတ်ပြီးတော့ ဟောပြောတာတို့ဘာတို့ပေါ့၊ မင်းကိုနိုင်တို့ဘာတို့ပေါ့။ အဲဒီလိုလုပ်တာတွေ လုပ်နေပြီ။ လူတွေကလည်းတော်ကြာ ထစ်ခနဲဆို သဲ့သဲ့ဆို ကြည့်လိုက်ပေါ့။ အဲဒီတော့ နေ့စဉ်နဲ့အမျှ သတင်းကလှုပ်လှုပ်နဲ့ဖြစ်နေတယ်။ အဲဒီလိုနဲ့ပဲ ဂျူလိုင်ပိုင်းကို ရောက်လာတယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက် မန္တလေးမှာကွယ်လွန်သွားတယ်။ ကိုစောလွင်ဆိုတာ အရင်တုန်းကမန္တလေးတက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ။ နောက်တစ်ခါ စာတွေဘာတွေရေးတယ်။ ကိုတောလူ ဘာညာဆိုတဲ့နာမည်နဲ့ စာတွေရေးတယ်။ သုတေသနလုပ်ငန်းတွေလုပ်တယ်။ အတော်ကို လှုပ်လှုပ်ရှားရှား တက်တက်ကြွကြွ လုပ်နေတဲ့လူပေါ့။ ကျွန်တော်ရဲ့ရဲဘော်ပဲ။ သူ့သားသမီးတွေက ကျွန်တော့်အိမ်မှာလာနေတယ်။ သူ့ကလေးတွေက သွားကောလိပ်တို့ ဘာတို့မှာ ကျောင်းတက်နေတယ်။ သူ့သမီးတစ်ယောက်ကလည်း အိမ်ထောင်ကျနေတယ်၊ သူ့ရဲ့တစ်ခြား တူတို့ဘာတို့ကလည်း သားတွေကလည်းကွန်ပျူတာတို့ ဘာတို့ လုပ်နေတယ်။

အဲဒီလို ဖြစ်နေတုန်းမှာ ကိုစောလွင်က မန္တလေးမှာ အက်ဆီးဒင့်ဖြစ်ပြီးတော့ ဆုံးရှာတယ်။ အလွန်လည်းရင်းနှီးတဲ့ မိတ်ဆွေလည်းဖြစ်၊ ရဲဘော်လည်း ဖြစ်တယ်ဆိုတော့ ကျွန်တော်က အဲဒီအသုဘကိုသွားတယ်။ အဲဒီအသုဘက ၁၉၈၈ ဩဂုတ်လ (၁)ရက်(၂)ရက်မှာဆုံးတာ၊ လိုက်သွားပြီးတော့ ဝိုင်းဝန်းကူညီပြီး အသုဘပို့တာတို့ဘာတို့ လုပ်တာပေါ့။ ပြီးတဲ့အခါကျတော့ ကျွန်တော်က တကယ်က ဩဂုတ်လ (၄-၅-၆) လောက်မှာ ရက်လည်မှာ တစ်ခါလူထုဦးလှရဲ့ ကွယ်လွန်တဲ့ နေ့ကလည်း အဲဒီ ဩဂုတ်လ (၇-၈) လောက်မှာပဲ ကျနေတယ်၊ ရက်တွေတော့ ကျွန်တော် သိပ်မမှတ်မိတော့ဘူး။ ဆိုလိုတာက ကျွန်တော်က ကိုစောလွင်ရဲ့ ရက်လည်ကို စောင့်နေမယ်ဆိုရင် ဦးလှနှစ်လည်ကို ဆက်ပြီးတော့တက်ရမယ်။ ကျွန်တော်က အဲဒီအချိန်မှာ ကျွန်တော့်ရဲ့

အစီအစဉ်က ပထမတော့ ဘာစိတ်ကူးသလဲဆိုတော့ ဒီလတော့ ဆောင်းပါးတွေ ဘာတွေမရေးတော့ဘူး။ မန္တလေးမှာ အသုဘတွေ ဘာတွေပို့ ရက်လည်တွေပြီးရင် ကျွန်တော်တောင်ကြီးကိုသွားမယ်။ တောင်ကြီးလည်း နွေဆိုရင် သွားနေကျကိုး။ ကျွန်တော့်မိတ်ဆွေ စာရေးဆရာငွေဥဒေါင်းရှိတယ်။ သွားမယ်လုပ်ပြီးကာမှ ဟာနေပါစေတော့လေ မဖြစ်သေးဘူး။ ဆောင်းပါးတွေကတော့ရေးမှ ဖြစ်တော့မှာပဲ၊ ဟိုမှာလည်း ဘာဖြစ် နေမှန်းမသိဘူး။ ဘီဘီစီတို့ဘာတို့ကလည်း သတင်းတွေကစလွှင့်နေပြီပေါ့၊ ကျောင်းသားတို့ဘာတို့ အထဲက လူတွေလှုံ့ဆော်တဲ့ဟာတွေကလည်း ရှိနေပြီ ဆိုတဲ့အခါကျတော့ သွားပြီးတော့ နားနေတာမကောင်းပါဘူး၊ ရန်ကုန်ပြန်တော့မယ်ဆိုပြီးတော့ ကိုစောလွင်ရဲ့ ရက်လည်လည်း မတက်ဘူး။ ဦးလှရဲ့ နှစ်ပတ်လည်လည်းမတက်ဘဲနဲ့ ကျွန်တော်ရန်ကုန်ပြန်လာတယ်။

## ရှစ်လေးလုံးအရေးတော်ပုံ စပြီ

ရန်ကုန် ပြန်ရောက်တဲ့နေ့က (၇)ရက်နေ့၊ ကျောင်းသားတွေက (၈)ရက်နေ့မှာ လှုပ်ရှားမှုတွေလုပ်တော့မယ်ဆိုကာ ဘီဘီစီတို့ ဘာတို့မှာပါလာပြီ။ ရေဒီယိုတွေဘာတွေကကြားရပြီ၊ လူတွေကလည်း ရှုတ်ရှုတ်ဖြစ်နေပြီ၊ ဖြစ်နေတော့ ကျွန်တော်က အဲဒီနေ့ညမှာမိတ်ဆွေတွေ ဘာတွေလှမ်းမေးတာ၊ မေးပြီးတော့ ကြားတာတွေ (၈) ရက်နေ့ မနက်လည်းကျရော တစ်ခုခုများ ဖြစ်သလား ဆိုပြီးတော့ စောင့်နေတုန်းမှာ ထင်တဲ့အတိုင်းပဲ စပြီးတော့ လှုပ်ရှားမှုတွေ ပေါ်တယ်လို့ ကြားတယ်ပေါ့ဗျာ၊ ဆိပ်ကမ်းတို့ ဘာတို့မှာ ကျောင်းသားတွေနဲ့ အလုပ်သမားတွေပေါင်းပြီးတော့ လုပ်သလိုလို သတင်းတွေကတော့ မသေချာဘူး၊ အရပ်သတင်းပေါ့။ တစ်ခုခုတော့ ဖြစ်လိမ့်မယ်ထင်တယ်လို့ ကျွန်တော်က (၃၃) လမ်းမှာရှိတဲ့ စာရေးဆရာကိုဝံသရဲ့အိမ်ကိုသွားတယ်။

## ကိုဝံသအိမ်

ဆရာကိုဝံသရဲ့နေအိမ်ဟာ အတွေးအမြင်ဂျာနယ်ထုတ်ဝေရာဌာနလည်းဖြစ်လို့ စာပေမိတ်ဆွေတွေဝင် ထွက်သွားလာတဲ့နေရာလည်း ဖြစ်တယ်ခင်ဗျ။

ကျွန်တော်ကအဲဒီနေ့မနက်မှာ အစောကြီးသူ့ဆီကို သွားတယ်၊

ကျွန်တော်ထင်တယ်၊ (၈) နာရီလောက်မှာသွားတာ၊ ကိုဝံသအိမ်က ကျွန်တော် လည်းသွားနေကျဖြစ်တယ်၊ ကိုဝံသက အလွန်ရင်းနှီးတဲ့ သူဖြစ်နေတဲ့အခါကျတော့ ထိုင်ပြီးတော့ စကားပြောနေကြတာပေါ့၊ အဲဒီလို စကားပြောနေတုန်းမှာ ကျွန်တော်ထင်တယ် အဲဒီနေ့က (၉) နာရီလောက်ရှိပြီ၊ အဲဒီလိုပြောနေတုန်းမှာ လူတွေချီတက်လာပြီ၊ ရွတ်ရွတ်သတင်းကြားတော့ လူတွေကလည်း သူ့အိမ်ရှေ့မှာ ရွတ်ရွတ်နဲ့၊ သူ့ရဲ့နေရာက မြို့တော်ခန်းမနဲ့ဖရေဇာကြားပေါ့ အဲဒီထဲက (၃၃) လမ်းထဲကတိုက် သူ့နေရာက တစ်ဝက်လောက်မှာရှိတဲ့အတွက် လမ်းလျှောက် သွားရင် ဖရေဇာဘက်ကလမ်းကို ရောက်တယ်၊ ရောက်တော့ ကျွန်တော်က ကျွန်တော် ကိုင်နေကျတာလပတ်လက်ဆွဲအိတ်လေးရှိတယ်၊ အဲဒီတာလ ပတ်လက်ဆွဲအိတ်လေးနဲ့အပြင်ထွက်ပြီး ကြည့်တာ၊ ကြည့်တော့ ကိုဝံသလည်း လိုက်လာတယ်။

## ဩဂုတ်လ(၈)နေ့က အတွေ့အကြုံ

ဖရေဇာဘက်ကို ထွက်ကြည့်တာ၊ အဲဒီအချိန်မှာ ချီတက်ကြပြီ၊ ဒို့အရေး ဒို့အရေးအော်ပြီးတော့ချီတက်ကြပြီ။ အဲဒီတော့ ကျောင်းသား တွေလည်း ပါမယ်ပေါ့၊ အလုပ်သမား တွေလည်းပါတယ်၊ ကျွန်တော်လည်း ထွက်ကြည့် တာပေါ့၊ အဲဒီအချိန်စိတ်ထဲမှာ တော်တော်ကို မရိုးမရွနဲ့ ဖြစ်လာတယ်၊ စိတ်ထဲမှာ တော်တော်ကို တက်ကြွလာတယ်ပေါ့၊ တက်ကြွလာတာနဲ့ ကိုဝံသကို ကျွန်တော် ရဲ့ လက်ဆွဲအိတ်ကလေးကို ပေးပြီးတော့ ကကိုဝံသရေ ကျွန်တော်လိုက်သွား အုံးမယ်ဆိုပြီး၊ ကျွန်တော် အဲဒီချီတက်တဲ့ လူတွေနောက်ကလိုက်သွားရော၊ လိုက်သွားတော့ လူတွေကလည်း ဒို့အရေး ဘာညာအော်တာပေါ့၊ ချီတက်တယ်၊ ကျွန်တော်လည်း ချီတက်ပြီးတော့ နောက်ကနေပြီးတော့ လိုက်သွားတာပေါ့၊ ကျွန်တော်တို့ အတွင်းဝန်ရုံးကို ရောက်သွားရောဗျ၊ အတွင်းဝန်ရုံး ရောက်တဲ့ အခါကျတော့ စစ်သားတွေနဲ့လည်းတွေ့နေပြီ။တန့်ပြီးတော့ ဒို့အရေးလုပ်နေတယ်၊ ရှေ့လည်း မတိုးနိုင် နောက်လည်းမဆုတ်နိုင်၊ တော်တော်ကြာကြာတစ်နေတယ်၊ ကျွန်တော်ကဘာလုပ်သလဲဆိုတော့ အဲဒီနားမှာ အတွင်းဝန်ရုံးနဲ့ မျက်စောင်းထိုး လောက်မှာရှိနေတဲ့ ဖရေဇာလမ်းပေါ် ဖရေဇာလမ်းရဲ့ မြောက်ဘက်ခြမ်းပေါ့၊

အဲဒီမှာ ဘယ်သူရှိသလဲဆိုတော့ ကိုဝင်းခက်ပေါ့၊ ကိုဝင်းခက်ရဲ့ဘေးက သူ့ရဲ့ ရုံးခန်းပေါ့၊ "ပန်"မဂ္ဂဇင်းဆိုပြီးလုပ်တော့ သူကရုံးခန်းလေးဖွင့်ထားတယ်၊ ကျွန်တော်ထင်တယ် ၃၉လမ်းနဲ့၃၈လမ်းထောင့် ဖရေဇာပေါ်မှာ ရုံးခန်းလေး

ဖွင့်ထားတယ်။ ဒါနဲ့ ကျွန်တော် ကိုဝင်းခက်ရဲ့ဖုန်းခန်းမှာ လာထိုင်တယ်၊ ကိုဝင်းခက် ကရှိတယ်၊ ဒါနဲ့ ကျွန်တော်တို့ထိုင်ပြီး စကားပြောနေတုန်းမှာ သေနတ်ပစ်သံတွေ စပြီးတော့ကြားတယ်၊ သေနတ်ပစ်သံတွေ ကြားပြီးတော့ နောက်ဘာဖြစ်သလဲ မသိဘူး။ လူစုပဲကွဲသွားသလား ၊ သို့မဟုတ်လို့ရှိရင်ဘဲ ဖမ်းပဲဆီးကြတာလား မသိဘူး။ ကျွန်တော်ကတော့မပါဘူး။ ပြီးသွားတော့ ညနေပိုင်းကျတော့လည်း ဟိုမှာဒီမှာတော့ လှုပ်ရှားမှုတွေစပေါ်တယ်။ အဲဒီနေ့ညပဲ ကျွန်တော်နဲ့ အရင်က ဆက်သွယ်ပြီး အရင်တုန်းကမကြာခဏပဲ ကျွန်တော့်ဆီကို ဆက်သွယ်ပြီးတော့ စကားပြောနေတဲ့ ဦးလှဝင်းဆိုတဲ့လူဆီကနေ ဖုန်းတွေလာတယ်၊ ဦးလှဝင်း ဆိုတာက အရင်တုန်းကစာရေးဆရာပေါ့ လေသူရဲ တစ်ဦးဆိုပြီးရေးတယ်။ အခု နောက်ပိုင်းမှာစာနယ်ဇင်းသမဂ္ဂတို့ ဘာတို့ဖွဲ့တဲ့ အခါမှာလည်း ပါခဲ့ဖူးတယ်။ သူက ကျွန်တော်တို့နဲ့ပုံမှန် အဆက်အသွယ် လုပ်နေကျဆိုတော့ သူကနောက် တစ်နေ့ မနက်ကျတော့ ကျွန်တော်လာခဲ့မယ်တဲ့ သူတို့မြို့မှာ နောက်တစ်နေ့ ဆန္ဒတွေ ပြကြမှာတဲ့ ကျွန်တော် လာခဲ့မယ်တဲ့ လှည့်ပြီးတော့ ကြည့်ကြရအောင်တဲ့။

## အရေးတော်ပုံစပြီး နောက်ရက်များ

ဩဂုတ်လ(၉)ရက်မနက် ဦးလှဝင်းခေါ် လေသူရဲတစ်ဦး ကျွန်တော့်ထံ ရောက်လာခဲ့တယ်။ သူကစစ်ဗိုလ်၊ စစ်ဗိုလ်လူထွက်ပေါ့ သူ့မှာ လေးဘီးကားလေး ရှိတယ်၊ နောက်နေ့ကျတော့စောစောလာခေါ်တော့ ကျွန်တော်က စဉ်းစားတယ်၊ ကျွန်တော်တို့ နှစ်ယောက်တည်းဆိုရင် သူကလည်း စစ်ဗိုလ်ဖြစ်တယ်၊ ဘာပဲ ပြောပြော အဝင်အထွက်တော့ လွယ်မှာပဲ၊ ကျွန်တော်ကလည်း သတင်းစာ ဆရာဆိုတော့ ကျွန်တော့်နာမည်က တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်ရဲ့ အမျိုးသား မှတ်ပုံတင်မှာက ကြေးမုံအယ်ဒီတာဆိုတာကပါနေတယ်၊ မှတ်ပုံတင်ဌာနက ကျွန်တော့်ရဲ့အသက်မွေးဝမ်းကြောင်းဆိုတာက ကြေးမုံအယ်ဒီတာဆိုတာပါ၊ အဲဒီတော့တော်ရုံတန်ရုံကိစ္စဆိုရင်လည်း လူတွေကြားထဲမှာ သွားလာ လွယ်တာပေါ့၊ ဒါပေမယ့်လို့ ဒီအချိန်မှာတော့ သတင်းစာသမား ဆိုရင်လည်း လူတွေရှုန်းရှုန်း ဖြစ်နေတာ ဆိုတာမျိုးမှာအဆင်ပြေပါ့မလား၊ ပြေပါ့မလားစဉ်းစား မိတယ်၊ အဲဒီတော့ နောက်ကျွန်တော်တို့နှစ်ယောက်ဆိုရင် လူနည်းနေတယ်။ ကဲဒါဖြင့်ရင် ကိုဝင်းခက်သွား ခေါ်ကြမယ်ဗျာလို့ပြောတယ်၊ သူကလည်း ကိုဝင်းခက်နဲ့သိတာကိုး၊ ကိုဝင်းခက်ခေါ်တယ်၊ အဲဒါနဲ့ သူ့ရဲ့လေးဘီးကားလေး နောက်ဘက်မှာ ကိုဝင်းခက်နဲ့ ကိုဝင်းခက်ရဲဘော်တွေပါတယ်၊ ကျွန်တော်တို့

ပုဇွန်တောင်တို့ဘာတို့မှာ ဆန္ဒပြတဲ့လူတွေကြားထဲကနေ နောက်ကနေလိုက်လို့ပေါ့ ပတ်ပြီးတော့ ကြည့်တာပေါ့။ ကျွန်တော်တို့ ထုံးစံအတိုင်းပဲ သတင်းစာသမား ရဲ့ပုံစံလုပ်တဲ့ အတိုင်းပဲ ဆန္ဒပြသမားပုံစံနဲ့ ကျွန်တော်က လှုပ်ရှားတာမဟုတ်ဘူး။ ကျွန်တော် အဲဒီ့နေ့ ကျွန်တော်မှတ်မိတာဆိုရင် ပုဇွန်တောင်ဘက်ကနေပတ်ပြီး ပုဇွန်တောင်ကနေ ဟိုးဘက်ကို တာမွေဘက်တို့ဘာတို့ကို ပတ်ပြီးတော့ နောက်ပိုင်းကျတော့ ကြည့်မြင်တိုင်ဘက်တို့ဘာတို့ကို ထပ်ပြီးတော့ လျှောက်ပြီး တော့ကြည့်ကြ။ အဲဒီလိုနဲ့ပဲ ကျွန်တော်တို့ နောက်တစ်ရက်လည်းလုပ်တယ်၊ နောက်တစ်ရက်လည်းလုပ်တယ် ပေါ့၊ လုပ်တော့ အဲဒီကာလမှာ ရန်ကုန်မြို့ကြီးက ဆိတ်ငြိမ်သွားပြီ၊ ဆိုင်တွေကလည်း မဖွင့်နိုင်တော့ဘူး၊ အိမ်တွေဘာတွေ ကလည်းပိတ်ထားပေါ့ဗျာ၊ ဈေးတွေ ဘာတွေကလည်းမရှိ အဲဒီ လိုနဲ့ပဲ ရှုန်းရှုန်းနဲ့ ဖြစ်နေတာ။

## ကျွန်တော်မှတ်မိတဲ့ မြင်ကွင်းလေးတစ်ခု

နောက်ရက်လောက်လည်းကျရော မြို့ကြီးတစ်ခုလုံးက ဆန္ဒပြတဲ့ လူတွေကများသထက်များ များသထက်များလာ။ ဆန္ဒပြ သွားကြ လာကြဖြစ်တော့ ကျွန်တော်မှတ်မိတဲ့ ဆင်းနဲ (scene) တစ်ခုဆိုလို့ရှိရင် ကိုလှဝင်းကားနဲ့ ကျွန်တော်လိုက်တယ်။ ကိုဝင်းခက်တို့လည်းပါတယ်၊ အဲဒီတော့ ကျွန်တော်က ဘယ်မှာဆင်းသလဲဆိုတော့ ကျွန်တော့်ရဲ့ နေရာပေါ့၊ လမ်းမတော်ပေါ့။ အဲဒီမှာ ကလည်းဆန္ဒပြကြတာ ဘာညာပေါ့၊ ဆန္ဒပြပုံပြနည်းဟာ တော်တော်ကို ပြင်းထန်တယ်၊ အဲဒီအချိန်မှာ စစ်သားတွေကလည်း ဒီအတိုင်းပဲ စောင့်နေတယ်၊ စစ်သားတွေကလည်း ဘာမှပစ်လားခတ်လား မလုပ်သေးဘူး။ အဲဒီရက်မှာ ကျွန်တော်က စံပြရုပ်ရှင်ရုံနောက်မှာ နေတာကိုး၊ လမ်းသစ်ရိပ်သာမှာ ကျွန်တော် နေတော့ ဘုန်းကြီးလမ်းကနေ ဆင်းမယ်ဆိုပြီးတော့ ကျွန်တော်ဆင်းခဲ့တယ်၊ ဆင်းခဲ့တော့ မြင်ကွင်းက ဆန္ဒပြတဲ့လူတွေကလည်း ကောင်းကောင်းမွန်မွန်ပါပဲ သူတို့ရဲ့ ဆန္ဒပြတာ သူတို့ရဲ့ကြွေးကြော်သံတွေ ဘာတွေနဲ့ပေါ့၊ ကျောင်းသား တွေပေါ့။ နောက်ပြီးတော့ အလုပ်သမားတွေလည်းပါပြီ။ အရပ်သူအရပ်သား တွေလည်း ပါပြီ အကုန်လုံးရိုးရိုးတန်းတန်း ဆန္ဒပြနေတာပဲ ဘာမှပစ်လားခတ်လား ဘာတို့ညာတို့ ဘာမှမရှိဘူး။ အဲဒီအချိန်ထိမရှိတော့ ကျွန်တော် တစ်နေရာမှာ ကျုံးကြီးလမ်းနဲ့ ဘုန်းကြီးလမ်းထောင့်တစ်နေရာမှာဆိုရင် ကိုလှဝင်း တို့ ကားပေါ်

ကနေ ဆင်းလာတဲ့အခါကျတော့ ရပ်နေတဲ့ သေနတ်ကိုင်ပြီးတော့ စောင့်နေတဲ့ စစ်သားတွေရဲ့ သေနတ်ပြောင်းဝမှာ သွားပြီးတော့ပန်းတွေဘာတွေ ထိုးတဲ့ လူတွေလည်းရှိတာပဲ။ ဒါကတော့ ကျွန်တော်ထင်တယ်၊ အဲဒီအချိန်တုန်းက မကြာခဏ နိုင်ငံခြားတို့ဘာတို့မှာလည်း ဒီလိုပဲ စစ်သားတွေရဲ့ သေနတ်ပြောင်းဝ တို့ဘာတို့မှာ ပန်းထိုးပေးတာတို့ ဘာတို့ ဓါတ်ပုံတွေက ကျွန်တော်တို့ ဗမာပြည်ထဲမှာတွေ့ရတယ်၊ မဂ္ဂဇင်းတို့ ဘာတို့ညာတို့မှာ ဒီဟာတွေက ကျွန်တော် ထင်တယ်။ ဒီလိုမြင်ကွင်းမျိုးဟာ ဗမာပြည်ရဲ့ လူထုကြားထဲမှာစွဲနေတဲ့ မြင်ကွင်းလို့ တောင်ပြောလို့ ရမယ်ထင်တယ်၊ အဲဒါကြောင့် သေနတ်ပြောင်းဝမှာ သွားပြီးတော့ ပန်းလေး ဘာလေးတွေသွားထိုးတာကို ကျွန်တော်တွေ့ရတယ်။

**ဆေးရုံကြီးပြင်ပလူနာဌာန**

အဲဒီတော့ ကျွန်တော်ရယ်၊ ကိုလှဝင်းရယ်၊ ကိုဝင်းခက်ရယ်က အဲဒီ သုံးလေးရက်ကို နေ့တိုင်းလိုလို အပြင်ထွက်ကြ၊ လျှောက်ကြည့်ကြပေါ့၊ ဒီလိုပဲ ထင်မြင်ချက်တွေ ပြောကြပေါ့။ ကျွန်တော်တို့ စိတ်ထဲမှာလည်း တော်တော်ကို ထက်သန်လာကြပြီ။ ဒါပေမယ့် ကျွန်တော်ဖြတ်ပြောရအုံးမယ် ကျွန်တော်ရဲ့ အာရုံထဲမှာစွဲနေတဲ့ဟာ ဒဂုန်တာရာရဲ့ ပြောလေ့ပြောထရှိတဲ့ **"ရင်တွင်း၌ ပြန်လည်စိမ်းစိုခြင်း"** ဆိုတဲ့ဟာပေါ့။ အဲဒီလိုပဲ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော် မြင်ယောင်တာတို့ ကြားယောင်တာတို့ ကျွန်တော် ပြောတာပဲ။ ကျွန်တော်ရက်စွဲ တွေဘာတွေ ကျွန်တော်မပြောတော့ဘူး။ နောက်ပြီး ကျွန်တော်ပြန်လဲ မရှာတော့ဘူး။ အဲဒီလို ဖြစ်နေတဲ့ ဆင်းန် (Scene)တွေကို မြင်တဲ့ အခါကျတော့ ကျွန်တော်လည်း စိတ်ကတော်တော်လှုပ်ရှားပြီပေါ့၊ အဲဒီအချိန်မှာပဲ ကျွန်တော် ဘာတွေလုပ်သလဲဆိုတော့ ကားပေါ်ကဆင်း။ ဆင်းပြီးရင် ဆေးရုံဘက်ကိုသွား။ ဆေးရုံကို ကျွန်တော့်အိမ်ကနေ သွားမယ်ဆိုလို့ရှိရင် သရက်တောကျောင်းတိုက် ကိုဖြတ်ရင် ရန်ကုန်ဆေးရုံကြီးကိုရောက်တယ်၊ သရက်တောကျောင်းတိုက်နဲ့ ရန်ကုန်ဆေးရုံကြီးနဲ့ မျက်နှာချင်းဆိုင်ပေါ့၊ လမ်းမတော်လမ်းပေါ်မှာရှိတဲ့ နေရာမှာက ပြင်ပလူနာဆေးခန်းဌာနဖြစ်နေတယ်၊ အဲဒီတော့ အဲဒါက လူတကာ ဝင်လို့ထွက်လို့ရတယ်။ အဲဒီမှာဘာတွေလာစပြီးတော့ လုပ်ကြသလဲဆိုတော့ ကြွေးကြော်သံတွေ သပိတ်နဲ့ပတ်သက်တဲ့ဟာတွေ သပိတ်သတင်းတွေမျိုးစုံ ကပ်ကြတာပေါ့၊ ဆိုပါတော့ မင်းကိုနိုင်လက်မှတ်နဲ့ ပိုစတာတွေကပ်ကြတယ်၊

မင်းကိုနိုင်နဲ့အပြင်၊ ကျောင်းသားတွေက စစ်ကိုနိုင် ဘာကိုနိုင် ညာကိုနိုင်ဆိုတာ တွေက အများကြီးပေါ်တယ်။

ကျောင်းသားလူငယ်တွေက အဲဒီလိုအများကြီး လှုပ်ရှားလာတဲ့အချိန် မှာ အဲဒီစာရွက်တွေကပ်၊ ကပ်တော့အဲဒီမှာ ဘာတွေစတွေ့ ရသလဲဆိုတော့ ဥပမာဆိုပါတော့၊ ဗိုလ်ချုပ်စောမောင်က တပ်မတော်ဦးစီးချုပ်။ ဒေါ်စုနဲ့ ကိုထွေးမြင့်တို့ရေးပြီးတော့ စာတွေလည်းကပ်တယ်၊ အများကြီးပဲပေါ့ နောက်တစ်ခါအဲဒီအချိန်ပိုင်းမှာပဲ ကျောင်းသားတွေရဲ့စာတမ်းတွေကလည်း အများကြီးကပ်တယ်ဗျ၊ နောက်အဲဒီမှာ ဘာထွက်လာသလဲဆိုတော့ ရွှေနေများ အသင်းပေါ့ဗျာ၊ ရွှေနေများဘားကောင်စီကနေပြီးတော့ထုတ်တယ်၊ ကိုယုတို့ ဒေါ်မြင့်မြင့်ခင်တို့ပေါ့ ဆိုတော့ အဲဒီဟာကလည်း တော်တော်အရေး ပါတဲ့ဟာပဲ၊ တော်တော်လည်းကောင်းတဲ့ဟာလို့ ပြောရမှာပေါ့၊ သူတို့ဥပဒေရှုထောင့်ကနေ ပြီးတော့ ချဉ်းကပ်တဲ့ပုံစံနဲ့ပေါ့။ တိုင်းပြည်ရဲ့ အခြေအနေတွေကိုသုံးသပ်ပြီး တောင်းဆိုချက်တွေပေါ့။ တိုင်းပြည်မှာ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ဖို့ စာတမ်းတွေထုတ် ကြတယ်၊ အဲဒီတော့ ဆိုလိုတာကတော့ ဆင်းန် (Scene) ဘယ်လို ဖြစ်နေသလဲ ဆိုလို့ရှိရင် နေရာပေါင်းများစွာမှာ ဆန္ဒတွေပြကုန်ကြပြီ၊ လူတွေကလည်း တော်တော်ကို ထွက်ကြပြီ၊ ဆိုလိုတာကတော့ နေရာပေါင်းများစွာမှာ စပြီးတော့ ဆန္ဒတွေပြကုန်ကြပြီ၊ အဲလူတွေကလည်း တော်တော်ကို ထွက်ကြပြီ၊ အဲ့ဒီဆေးရုံ ပြင်ပလူနာဌာနကတော့ စာပေါင်းစုံကပ်နေပြီးတော့ နေရာလည်း ကျယ်တော့ နောက်ပြီးတော့ ရှင်းရှင်းပြောရရင် ဆေးရုံထဲမှာဆိုတော့ ဆေ့ဗ် (Save) ဖြစ်တဲ့အခါကျတော့ လူတွေကလည်းလာပြီး ကြည့်ဖို့ဟာလွယ်တယ်။

## ရန်ကုန်လူထုရဲ့ပိုစတာတိုက်ပွဲ

ဒါပေမယ့်လည်း အဲဒီအချိန်မှာ လူတွေကလည်း ကိုယ့်ရဲ့လုံခြုံရေး အတွက်ဆိုပြီး ဝါးထရံတွေကာကြ ခြံစည်းရိုးတွေကာကြဆိုတဲ့ အနေအထား မျိုးဖြစ်နေတယ်၊ အဲဒီလိုနေရာမျိုးမှာလည်း ခုနကပြောတဲ့ ဒီကျောင်းသားတွေရဲ့ ကြေငြာစာတမ်းတွေ အရပ်သားတွေရဲ့ ကြော်ငြာစာတမ်းတွေ ဆိုတာကကပ်နေ တယ်။၁၉၈၈-ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့ နောက်ပိုင်းမှာတော့ လူထု အုံကြွမှုဟာ အရှိန်အဟုန်ပြင်းပြင်းနဲ့တိုးတက်လာခဲ့တယ်။ ဩဂုတ်လ (၈)ရက်နေ့ နောက်ပိုင်း ၃-၄ရက်မှာက စာတွေကပ်ကြ၊ ကျောင်းသား လူငယ်တွေက တချို့တွေကလည်း

စာကကောင်းကောင်းမွန်မွန်ပဲ။ တချို့ကျတော့စာမရေးတတ်မပြတတ်တဲ့ ပုံသဏ္ဍာန်နဲ့ ဖြစ်ကတတ်ဆန်း ဗမာစာနဲ့ ရေးပြီးတော့ကပ်တာတို့ဆိုတာက လူထုကိုက အုံကြွပြီးတော့ လူထုကိုယ်တိုင်ကနေပြီးတော့ စိတ်ထဲမှာ ခံစားချက်တွေအပြည့်နဲ့ လှုပ်ရှားလာကြတယ်ဆိုတဲ့သဘောကို ပြတယ်ဗျ၊ ဆိုလိုတာတော့ ဦးဆောင်တာတော့ ကျောင်းသားလူငယ်တွေက ဦးဆောင်တာပေါ့ ကျောင်းသားလူငယ်တွေ ဦးဆောင်မှုနဲ့အတူ လူထုကပါလာပြီဆိုတာကို ပြနေတာပဲ၊ အဲဒီမှာ ကြေညာစာတမ်းတွေ နေရာတိုင်းမှာ၊ ခုနကပြောသွားတဲ့ လမ်းတိုင်း လမ်းတိုင်းမှာ ဝါးထရံတွေနဲ့ကာထားတဲ့ ဝါးထရံ တွေမှာဆို စာတွေစာတွေဆိုတာ နေရာတိုင်းမှာ ရှိနေပြီ။ ရန်ကုန်တစ်မြို့လုံးပဲဆိုပါတော့။

# အခန်း (၁၂)

## ရှစ်လေးလုံးအရေးတော်ပုံနဲ့ စာရေးဆရာ၊ သတင်းစာဆရာများရဲ့လှုပ်ရှားမှု

**ကျွန်တော်နဲ့ကိုသော်တ**

အဲဒီထဲမှာ ကျွန်တော် ကိုသော်တပြောခဲ့တာလေးမှတ်မိတာ တစ်ခုရှိသေးတယ်။ ကျွန်တော်က နောက်ပိုင်းမှာ ကိုသော်တအိမ်သွားပြီးတော့ ကျွန်တော်တို့ ဒီစာရေးဆရာတွေအနေနဲ့ စာထုတ်ရအောင်လို့ ပြောတဲ့အခါကျတော့ ကိုသော်တလုပ်မယ်တဲ့။ ခင်ဗျားပြောတဲ့ဟာကို ကျွန်တော်သဘောတူတယ်တဲ့ ကျွန်တော်လုပ်မယ် ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က နာမည်ဝှက်နဲ့ တောင်မှ လုပ်နေတာတဲ့ သူထုတ်တဲ့ထဲမှာတော့ သူတင်မကဘူးတဲ့သူ့ရဲ့သားချင်း တွေဖြစ်တဲ့ မျိုးမြင့်ငြိမ်းတို့ နောက်တစ်ခါ ကျွန်တော်တို့ သခင်ခင်ညွန့်ရဲ့ စာပေလောကစာအုပ်တိုက်က ကိုမျိုးညွန့်တို့ဘာတို့ပါတယ်ဆိုပြီးတော့ပြောတယ်၊ ထုတ်မယ်ဗျာတဲ့ လုပ်မယ်တဲ့၊ ကျွန်တော်သွားပြီးတော့ သူ့အိမ်မှာပြောတာ၊ ကျွန်တော် အဲဒါကိုပြောမယ်။ ကျွန်တော်ထင်တယ် အရေးအခင်းစပြီး တစ်ရက်နှစ်ရက်လောက်လည်း ကျလည်းကျရော တစ်ရက်မှာ ကျွန်တော်တို့ ကိုလှဝင်းကားနဲ့ပဲ ကျွန်တော်တို့ သွားကြပြန်တယ်ဗျ၊ ကိုဝင်းခက်လည်းပါတယ်။ အဲလိုပဲ ကျွန်တော်တို့ မြို့ပတ်ကြည့်တာပဲဗျ၊ ကြည့်မြင်တိုင်ဘက်ကပတ်ပြီး ပြန်လာတဲ့

အခါကျတော့ စိတ်ကူးရတယ်။ ကိုသော်ကအိမ်ဝင်ရအောင်ပေါ့။

စကားဖြတ်ပြောရဦးမယ်။ ကိုသော်ကလည်း ကျွန်တော်နဲ့ အဲရက်ပိုင်းမှာ အဲလပိုင်းပေါ့ တော်တော်တွဲဖြစ်တယ်၊ တွဲဖြစ်ပုံတွဲဖြစ်နည်းကလည်း ဘာလဲဆိုရင် ကိုသော်က ကျွန်တော့်အိမ်မှာလာလာပြီးတော့ အရက်သောက်တယ်၊ ကျွန်တော့် အခန်းမှာ။ သူ့ရဲ့အရက်သောက်ဖက်က ဘယ်သူလဲဆိုတော့ တပ်ကြပ်မောင်ထူးဆိုတာ သူတို့နှစ်ယောက်ကတွဲမိတယ်၊ စစ်ဖိုးချုပ်ဘားမှာ သွားပြီးတော့ သူတို့ သွားပြီးတော့သောက်တယ်၊ အရက်တွေ ဘာတွေယူလာတယ်၊ ဝယ်လာလို့ရတယ် ပေါ့၊ အဲဒါတွေနဲ့ ကျွန်တော့်အခန်း လာသောက်တယ်၊ သောက်တဲ့အခါမှာ ကျွန်တော်တို့ တစ်ခါတလေသုံးယောက်တည်းရှိတယ်၊ တစ်ခါတလေလည်း အပြင်လူတစ်ယောက်လောက် ပါတယ်ပေါ့ဗျာ၊ လေးယောက်လောက်ဖြစ်တယ်။ အဲဒီလိုအခါမျိုးမှာ ကိုသော်ကက ဘယ်လိုဖြစ်တယ်ဆိုရင် ပြောစရာဆိုစရာတွေက များနေပြီ။ ဘာဖြစ်လဲဆိုတော့ သိတဲ့အတိုင်းပဲ တိုင်းပြည်ကလည်း အဲဒီအချိန်မှာ လှုပ်လှုပ်ဖြစ်နေတဲ့ အချိန်ဆိုတော့ ပြောရမယ့်သတင်းတွေ၊ ပြောရမယ့်စကားတွေ ကအများကြီးကိုးဗျ၊ တစ်ခါတလေကိုသော်က ကျွန်တော်တို့လိုကျွန်တော်ရယ်၊ တပ်ကြပ်မောင်ထူးရယ်၊ သူရယ်သုံးယောက်တည်းရှိတဲ့အခါမှာ တစ်ခါတလေဆို အရက်ခွက်ကိုချပြီးတော့ ကိုသော်ကသူ့ဇက်ကြီးမနိုင်တနိုင်ပေါ့။ ဇက်ယိုင်ယိုင် ဇက်ကျိုးကြီးနဲ့ သူကတစ်ခါတည်း မတ်တပ်ထပြီးတော့ကို စကားပြောတော့တာ၊ ဘယ်လောက်စိတ်ဓာတ်သန်တယ်ဆိုတာကို ကျွန်တော်ပြောချင်တာပါ။ ဒီလူ သုံးယောက်တည်း ရှိတဲ့ဟာမှာ သူကမတ်တပ်ထပြီးတော့ နိုင်ငံရေးအခြေအနေ တွေပြောတာ၊ ကိုသော်ကနဲ့ ကျွန်တော်နဲ့တွေ့နေတဲ့အခြေအနေကို ကြည့်ပြီးတော့ စိတ်ထက်သန်မှုကို ကြည့်တဲ့အခါကျတော့ ကိုသော်ကကြီး သတိရလိုက်တာကွာ။ ဒီအချိန်မှာ ငါကိုသော်ကနဲ့ ငါဒီလိုစကားတွေပြောရရင်တော့ ကောင်းမှာပဲဆိုတဲ့ အနေနဲ့ သူ့ဆီကိုဝင်တာဗျ၊

ကဲ ကိုသော်ကဆီ ခဏဝင်ရအောင်ဆိုပြီးတော့၊ ကိုသော်ကကဘယ်မှာ နေလဲဆိုတော့ ကြည့်မြင်တိုင် စလင်းကွင်းနဲ့ မျက်နှာချင်းဆိုင် ပန်းပင်ကြီးလမ်းလို့ ခေါ်တယ်နဲ့တူတယ်။ လမ်းရဲ့ဒေါင့်မှာ၊ မီးရထားလမ်းဘေး ရွှေလေးတင်ပေါ့၊ အချိန်က ၁၀ နာရီခွဲ ၁၁နာရီ လောက်တော့ရှိပြီ။ ကျွန်တော်တို့ ကိုသော်က အိမ်ဝင်တော့ ဘယ်မှမသွားဘဲကိုသော်ကက အဲမှာရှိနေတယ်။ ရှိတဲ့အခါကျတော့ ကျွန်တော်က ကိုသော်ကကိုပြောတယ်၊ ကိုသော်ကက ဒီအတိုင်းဆို ကျွန်တော်တို့

စာရေးဆရာတွေ ဘာတွေကလည်း တစ်ခုခုတော့ လုပ်ကြမှဖြစ်မယ်။ လုပ်ဖို့ကောင်းတယ်ပေါ့လေ၊ ဘာဖြစ်လို့လဲဆိုတော့ကျောင်းသား တွေဘာတွေ လုပ်တာတို့ဆိုတာတော့ထားတော့ သူတို့ကဦးဆောင်ပြီးတော့ လှုပ်ရှားကြတဲ့ လူငယ်အင်အားစုတွေ နောက်ပိုအရေးကြီးတာက ဒီပွဲမှာ ဒေါ်မြင့်မြင့်ခင်တို့ ကိုယုတို့ ဘားကောင်စီလို ပညာတတ်တွေ၊ ရှေ့နေတွေအခု စာတွေဘာတွေ ထုတ်နေပြီ၊ အဲတော့ ကျွန်တော်တို့ သတင်းစာဆရာတွေ စာရေးဆရာတွေလည်း တိုင်းပြည်ကြီးကို ပြောဖို့ လိုလိမ့်မယ်ထင်တယ်ဆိုတော့၊ ကျွန်တော် ခုနကစောစောက ပြောသလို ဟား လုပ်မယ်၊ ခင်ဗျားတို့ လုပ်မယ် ဆိုလို့ရင်လုပ်ဗျာ ကျွန်တော်လုပ်မယ်တဲ့။

**စာရေးဆရာများရဲ့ ပန်ကြားချက်ရေးပြီ**

ဒီလိုနဲ့ပဲ တစ်ထိုင်တည်းနဲ့ ကဲမထူးတော့ဘူးဆိုပြီးတော့ ကဲဒါဖြင့်ရင် လုပ်ကြရအောင်ဆိုပြီးတော့ ကျွန်တော်တို့တွေ စာရေးကြတာပေါ့။ စာရေးတာလည်း ကျွန်တော်လည်းသိပ်တော့ မမှတ်မိပါဘူး။ သဘောကတော့ ဆရာတော်တွေ ပန်ကြားတာလည်းပါတာပေါ့၊ လူထုကိုပန်ကြားတာလဲ ပါတယ်ပေါ့၊ အဓိကကတော့ ဒီလိုတိုင်းသူပြည်သားများက မိမိတို့ရဲ့ဆန္ဒများကို ဖော်ထုတ်တာကို ဒီလိုပစ်တာခတ်တာတို့ သတ်တာဖြတ်တာတို့တွေကို မလုပ်ဖို့နဲ့ ရပ်စဲဖို့ သူတို့ရဲ့ဆန္ဒလေးတွေကိုပေးဖို့ပေါ့၊ အဲဒီတောင်းဆိုချက်ပါပဲ။ သံဃာနာယကဆရာတော်ကြီးများကို ပန်ကြားချက်လည်း ပါတယ်။ ရေးပြီးတော့ ဒီအတိုင်း နေလို့မဖြစ်သေးဘူး။ ကျွန်တော်တို့ထဲမှာ နည်းနည်း ဥပဒေလေး ဘာလေး ပြောတတ် ဆိုတတ်နားလည်တတ်တဲ့သူ ပါရင်ကောင်းမယ်၊ အဲ့တော့ ကိုယုကလည်း အဲဒီရက်မှာ ကျွန်တော့်တို့ဆီလည်းလာနေ ကျွန်တော့်အခန်းကိုလည်း မကြာခဏရောက်တယ်ပေါ့၊ ရောက်ပုံရောက်နည်းကလည်း သူကဒီလိုဒီလို လမ်းသစ်ရိပ်သာမှာ သူ့ရဲ့နှမတစ်ယောက်ရှိတယ်၊ ကျွန်တော့် တိုက်နဲ့ ယှဉ်ရက်တိုက်မှာ။ အဲဒီမှာတော့ ကိုယုက မကြာခဏ သူ့နှမဆီလည်း လာတယ်၊ လာရင်းကျွန်တော့်အခန်းလည်း ဒီလိုပဲဝင်လာဝင်လာဆိုတော့ ကျွန်တော်တို့နဲ့ ဒီအတောအတွင်းမှာ ခုနက ကိုသော်တနဲ့ ကျွန်တော်နဲ့ တော်တော် ရင်းနှီးပြီးတော့ မကြာခဏဆုံလေ့ရှိသလို ကိုယုနဲ့လည်း မကြာခဏ ကျွန်တော် ဆုံမိတာတွေကရှိတယ်၊ ကဲဒီတော့ ကိုယုကို လှမ်းခေါ်ရင် ကောင်းမယ်ဆိုတော့ ကိုယုဆီ ကျွန်တော်ဖုန်းဆက်တယ်၊ ကိုယုဆီဖုန်းဆက်ပြီးတော့ ကိုယုရေ

ကျွန်တော်တို့ ဒီလိုဒီလိုလုပ်မလို့ ဆိုတော့ ဟာ. . ကောင်း တယ်ဗျာတဲ့ အဲဒါဆို ခင်ဗျားလာခဲ့ပါဗျာလို့ ကျွန်တော်ပြောလိုက်တယ်။ ဒါပေမယ့် ကျွန်တော် အပြောအဆိုပဲ ချို့ယွင်းကြွင်းကျန်သွားသလားမသိဘူး။ သူက ကျွန်တော့်တို့ဆီ ပေါ်မလာဘူး၊ ပေါ်မလာ ပေါ်မလာဆိုတော့ ဘယ်လိုလုပ်ရမှန်း မသိဘူး။ ဖုန်းထပ်ဆက်တော့လည်း ကိုယ့ုအပြင်ထွက်သွားတယ်ပြောတယ်။ ဒါနဲ့ ကျွန်တော် တို့ စောင့်စောင့်နေတာပေါ့။ အဲဒါလည်း ပေါ်မလာဘူး။ တစ်နာရီ ကျော်ကျော် လောက်ကို ကြာတယ်၊ နောက်ကျတော့မှ ကိုယ့ုကပေါက်ချလာတယ်။ ခင်ဗျားဗျာ ကိုယ့ု နောက်ကျလိုက်တာပြောတော့ ဟား မဟုတ်ဘူးတဲ့ဗျ ကျွန်တော်ကထင်တာ ကိုဝင်းတင် ခင်ဗျားအခန်းကို ခေါ်တယ်ထင်လို့ ကျွန်တော်က အခန်းသွားတာတဲ့ ခင်ဗျားအခန်းမှာ သော့ခတ်ထားတယ်တဲ့။ ဒါနဲ့ ကျွန်တော်ရုံးကိုပြန်လာတာ၊ နောက်မှ သတိရတယ်။ ကိုသော်ကတို့ဆီမှာများ ရှိမလားဆိုပြီးတော့ ကျွန်တော် ထွက်လာတာလို့ဆိုတယ်။

## စာပေအနုပညာရှင်များရဲ့ လက်မှတ်စုဆောင်းခြင်း

အဲတော့ရောက်လာပြီ၊ လူစုံလည်းစုံရော အဲဒီမှာ ကျွန်တော်တို့ ဘာလုပ်လဲဆိုတော့ ကျွန်တော်က လူလည်း များများ ဖြစ်စေချင်တယ်၊ စထိုးထဲက များဖို့လိုမယ်ဆိုပြီးတော့ ကဲဒီလိုဆိုရင် ဒီနားမှာ တောင်တွင်းကြီးကစာရေးဆရာ ကိုအောင်သင်းရှိတယ် ကိုအောင်သင်းအိမ်ကိုသွား ကိုအောင်သင်းနဲ့ကလည်း ကျွန်တော်ကအဲရက်ပိုင်း အတောအတွင်းမှာ မြသန်းတင့်နဲ့လား ဘာနဲ့လား မသိဘူး၊ သူ့အိမ်ကိုကျွန်တော်က ရောက်သွားတယ်၊ ကိုသော်က အိမ်နဲ့ဆိုလို့ရှိရင် မီးရထား လမ်းကျော်လိုက်ရင် ရောက်တဲ့နေရာ၊ အဲဒီနေရာမှာ ကိုအောင်သင်းက နေတာဆိုတော့ ကိုဝင်းခက်ကသွားတယ်၊ ကိုအောင်သင်းကိုမတွေ့ဘူး။ ဒါနဲ့ ကျွန်တော်ကပြောတယ်၊ အချိန်မရှိတော့ဘူး။ ကဲကျွန်တော်တို့ လက်မှတ် ထိုးကြမယ်ဆိုတော့ထိုးတယ်။ ထိုးတော့ ကျွန်တော်က ဒီစာတမ်းတွေလည်း ကျွန်တော်က ရေးတာကိုး၊ ကဲလုပ်ပါ ထိုးပါဆိုတော့ ကိုသော်ကက အမြဲတမ်းသူက လူကြီးလူကောင်းပေါ့။ သို့မဟုတ်လည်း အနည်းဆုံး အင်္ဂလိပ်လူကြီးလူကောင်း စိတ်ဓာတ်မျိုးအမြဲကမ်း ထားတဲ့လူဆိုတော့ မဟုတ်ဘူးတဲ့ ကိုဝင်းတင်ခင်ဗျား ထိုးပါတဲ့ ဆိုတော့ကျွန်တော်ကပြောတယ်၊ မဟုတ်ဘူး ကိုသော်ကပိုပြီးတော့ ထင်ရှားတဲ့သူ သူကစာရေးဆရာကိုးဗျ၊ နောက်ပြီးတော့ ဟောပြောပွဲတွေလည်း အနံ့ရောက်တယ်။ နောက်ပြီးတော့ သူက ကဗျာတွေရွတ်ဘာညာဆိုတော့

ကျွန်တော်ကပြောတယ်၊ ကျွန်တော်က ဘယ်သူမှသိတဲ့လူမဟုတ်ဘူး။ ကိုသော်က ခင်ဗျားကသိတဲ့လူ အဲတော့ခင်ဗျားကစထိုးပါဆိုပြီးတော့ ကျွန်တော်သူ့ကိုပေးတယ်။ ပေးတော့ ကိုသော်ကထိုးတယ်၊ အဲတော့ ကိုသော်ကပြီးတော့ ကျွန်တော်ထိုးရတာပေါ့ဗျာ၊ ကျွန်တော်မှတ်မိသလောက် အဆင်လိုက်ပြောရမယ်ဆိုလို့ရှိရင် ကိုယုထိုးတယ်၊ ပြီးတော့ ကိုဝင်းခက်ထိုးတယ်၊ ကိုဝင်းခက်ထိုးပြီးတော့မှ ကိုလှဝင်းထိုးတယ်၊ လေသူ့ရဲတစ်ဦးပေါ့ ထိုးလည်းပြီးရော ကျွန်တော်ကတဲ ဒီလိုဆိုရင် ကျွန်တော်လိုက်ပြီးတော့ လူကြီးတွေကိုအချိန်ရှိတုန်း ဒီနေ့ပဲ လူကြီးတွေသွားထိုးမယ်၊ အဲတော့ ကိုသော်က နေရာကနေသွားလို့ရှိရင် အရှေ့ဘက်ကနေ မောင်းချသွားလို့ရှိရင် လှည်းတန်းကိုဖြတ်မယ်၊ လှည်းတန်းကိုဖြတ်လို့ရှိရင် ဆရာမင်းသုဝဏ်ဆီရောက်မယ်၊ အဲနားမှာ ဆရာမင်းသုဝဏ်ပြီးရင် ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့ဆီသွားမယ်၊ ပြီးရင် ကျွန်တော်တို့ဆရာဝင်းမွှန် အိမ်သွားကြမယ်၊ ပြီးရင် ကျွန်တော်က ဆရာဇော်ဂျီအိမ်သွားကြမယ်၊ ပြီးရင် ကျွန်တော်တို့ဆရာပါရဂူအိမ်သွားမယ်၊ တိုင်ပင်ပြီးတော့ ကျွန်တော်တို့ထွက်တယ်။

**ကာတွန်းဆရာကိုငွေကြည်ထံ အရင်ဆုံးဝင်**

မောင်သော်ကအိမ်ကနေ လှည်းတန်းဘက်ကိုထွက်ခဲ့ကြတဲ့ သူတွေကတော့ကျွန်တော်ရယ် ကိုဝင်းခက်နဲ့ ကိုလှဝင်း(ခေါ်)လေသူ့ရဲတစ်ဦးတို့ပါပဲ။ လမ်းသင့်လို့ ကျွန်တော်တို့ပထမဦးဆုံး ဝင်တဲ့အိမ်ကတော့ ကာတွန်းဆရာကိုငွေကြည်အိမ်။ အဆင်သင့်ပဲ ကိုငွေကြည်သွားတွေ့တယ်၊ ကိုငွေကြည်ရေ ကျွန်တော်တို့ စာရေးဆရာတွေ အနုပညာသမားတွေ၊ သတင်းစာဆရာတွေ၊ ကာတွန်းဆရာတွေ ကျွန်တော်တို့က ဒီအတိုင်းကျန်နေလို့မဖြစ်ဘူး။ လူတွေအကုန်လုံး ပြည်သူ့ လှုပ်ရှားမှုကြီးတစ်ခုလိုဖြစ်နေပြီ။ ကျွန်တော်တို့ပါမှဖြစ်မယ်၊ ကျွန်တော်တို့ ကန့်ကွက်မှုဖြစ်မယ်ဆိုတဲ့အခါကျတော့ ကိုငွေကြည်က တစ်ခါတည်း ထက်ထက်သန်သန်ကို လက်မှတ်ဝင်ထိုးတယ်၊ အဲဒီတော့ ကျွန်တော်တို့ ဒီအော်ဂနိုက်ဇ် (organize) လုပ်တဲ့လူတွေ ဆိုပါတော့။ ကျွန်တော်တို့ စည်းရုံးတဲ့လူတွေ ထိုးပြီးပြီးချင်း အပြင်မှာရှိတဲ့ပုဂ္ဂိုလ်ပေါ့ဗျာ။ ကိုငွေကြည်က အစောဆုံးပဲ။

ကျွန်တော်ဘာလို့ အမှတ်ရ နေသလဲဆိုတော့ (၈) လေးလုံးမတိုင်ခင်ပေါ့ ဧပြီမှာပဲနဲ့တူတယ်၊ ကာတွန်းဆရာကြီး ဦးဖေသိန်းရဲ့အိမ်မှာကျင်းပတဲ့ ကာတွန်းဆရာများရဲ့ပွဲမှာ ကျွန်တော့်ကို စကားပြောဖို့ဖိတ်တယ်၊ ကျွန်တော်

ကလည်း ကဲဒါဖြင့်ရင်ပြောတာပေါ့ အဲဒီအခမ်းအနားကိုစီစဉ်တဲ့ ကာတွန်းဆရာငွေကြည်က ဆရာတဲ့ ကျွန်တော်တို့မှာ လုပ်ရကိုင်ရတာတွေက တော်တော်ခက်တာတွေလည်း တော်တော်ရှိနေပါတယ်၊ ဆရာရယ်တဲ့ နိုင်ငံရေးတွေ ဘာတွေတော့ မလုပ်ပါနဲ့တဲ့၊ ဘာလုပ်မှာလဲ ကျွန်တော်က နိုင်ငံရေးသမားမှ မဟုတ်တာဘဲ နိုင်ငံရေးလည်းမပြောတတ်ဘူး ပြောပြီးတော့ အဲဒီအခမ်းအနားမှာ ကျွန်တော်က ဘာပြောလိုက်သလဲဆိုတော့ ကျွန်တော်က ကာတွန်းဆရာတွေ ကာတွန်းတွေကသိပ်ကောင်းတာပဲဗျာ။ ကာတွန်းတွေကထက်မြက်ပါတယ်။ သို့သော် ဒီလောက်နဲ့တင်မလုံလောက်ဘူး။ ဒီမိုကရေစီ အရေးဆိုတာက လူတွေမှာ အခွင့်အရေးတွေ ဆုံးရှုံးနေတယ်၊ ပိတ်ပင်မှုတွေချုပ်ခြယ်မှုတွေများနေတယ် ဆိုတဲ့အခါမျိုးမှာ ကျွန်တော်တို့ ဟာ ကိုယ့်ဟာကိုတိုးချဲ့ရတယ်၊ ဥပမာဆိုပါတော့ ပွဲတစ်ခုကြည့်တဲ့အခါမှာတောင်မှ ကိုယ့်ဖျာကနေဖျာကွက် ကလေးနေရာ ကျဉ်းနေရင် ဘေးကရှိတဲ့ ပရိသတ်နဲ့ ကြားထဲမှာကျွန်တော်တို့ ပေါင်ဖြစ်ပြီး ချဲ့ထိုင်ရတယ်၊ သို့မဟုတ်ရင် လည်း လက်ကလေးပဲဖြစ်ဖြစ် ဟိုဘက် ဒီဘက်ကို တံတောင်နဲ့ ဖြစ်ဖြစ် ဟိုဘက်ဒီဘက် ချဲ့ယူပြီးတော့လုပ်ရတယ်။ ကျွန်တော်က အဲဒီစကား ထည့်ပြောတယ်။ ပြောတဲ့ အခါကျတော့ ကိုငွေကြည်က ဟာဆရာတဲ့ ဆရာ့ကို ကျွန်တော်နိုင်ငံရေး တွေဘာတွေ မပြောပါနဲ့ဆိုတာကို ဆရာက ပြောဖြစ်အောင်ပြောသေးတယ်။ ဟာ.. ဘာပြောလို့လဲဗျာ ဆိုတော့ ဆရာ အဲဒီ တံတောင်နဲ့ချဲ့တာတို့ဘာတို့ ဘောင်ချဲ့ရမယ့်ဟာမျိုး တိုက်တွန်းသလိုမျိုးဖြစ်နေတဲ့ အခါကျတော့ ဆရာ ကာတွန်းဆရာတွေမြှောက်ပေးသလိုလည်း ဖြစ်နေတယ်တဲ့ ဆိုတော့ ဟာဒုက္ခပါပဲ ကိုငွေကြည်ရေ ကျွန်တော်ကတော့ ရိုးရိုးဘောင်ချဲ့ လုပ်သင့်တယ်လို့ပြောတာလည်းအမှန်ပဲ၊ သို့သော် ခင်ဗျားတို့ကိုလည်း ကျွန်တော် မြှောက်ပေးတာလည်း မဟုတ်ဘူး။ ခင်ဗျားတို့ကို ကာတွန်းဆရာတွေ အနေနဲ့ စဉ်းစားစရာတစ်ခုပေါ်အောင်လို့ပြောတာပဲ။ အဲဒါကြောင့် ကျွန်တော် ကိုငွေကြည် ကိုမှတ်မိနေတယ်။

ကိုငွေကြည်က လူကတော့ ခပ်ပုပုပဲ၊ ပြုံးပြုံးချိုချိုနဲ့ နေတဲ့အခါကျတော့ သူ့ကာတွန်းတွေကလည်း အလွန်ကောင်းပါတယ်၊ အလွန်ထက်မြက်တယ်၊ သို့သော်သူက တော်တော်ကို စဉ်းစားချင့်ချိန်ရှိတဲ့လူ၊ နှိုင်းချိန်ချိန်ရှိတဲ့လူလို့ ကျွန်တော်တွက်နေတာ။ အဲဒီတွက်ကိန်းနဲ့ဆိုရင် ကိုငွေကြည်ဟာ ဒီလိုလွယ်လွယ် ကူကူ လက်မှတ်ထိုးမယ့်သူမဟုတ်ဘူးလို့ ကျွန်တော်က တွက်မိတာ၊ ဒါပေမယ့် ကိုငွေကြည်က တစ်ခါတည်းကို ထက်ထက်သန်သန်နဲ့ ချက်ချင်းလက်မှတ်တွေ

ဘာတွေထိုးပေးလိုက်တဲ့ အခါကျတော့ ကျွန်တော်တောင်အံ့ဩနေတယ်။ ဝမ်းလည်းသာသွားတယ်ပေါ့၊ ဒါနဲ့ယူလာတယ်။

## ဆရာကြီးမင်းသုဝဏ်အိမ်သို့ ရောက်ရှိခြင်း

ကျွန်တော်က အဲဒီကနေသွားပြီး လှည်းတန်းကိုကျော်လည်းသွားပြီး ရော ပထမဆုံးဝင်ရမယ့်အိမ်က ကဗျာဆရာကြီး ပါမောက္ခဆရာမင်းသုဝဏ်ရဲ့အိမ်ဖြစ်နေတယ်၊ အိမ်ကိုသွားတယ်။ ဝင်ပြီးတော့ ဆရာကြီးကို လက်မှတ်ထိုးပေးဖို့ပြောတဲ့အခါကျတော့ ဆရာကြီးက လုပ်ရမှာပေါ့ဗျတဲ့၊ ဒါလုပ်ရမှာပဲ။ စကားဖြတ်ပြောရအုံးမယ်။ ကျွန်တော်က အဲဒီရက်ပိုင်းမှာပဲ၊ ဆရာ မင်းသုဝဏ်အိမ်ကိုလည်း ကျွန်တော်တို့က မကြာခဏရောက်တယ်။ ရောက်တယ်ဆိုတာက ဆရာ ငွေဥဒေါင်းပေါ့။ ငွေဥဒေါင်းနဲ့အတူ ရောက်လေ့ရှိတယ်၊ ဆရာ့အိမ်သွားပြီးတော့ ထိုင်စကားပြော၊ စားတာသောက်တာပေါ့၊ ဆရာကအမြဲတမ်း ဆာတေးဆိုတဲ့ အသားတုတ်ထိုးလေးတွေ ဈေးပေါ်ခါစ၊ ဆရာကအရင်တုန်းကဆိုရင် ကျွန်တော်နဲ့ဦးကြီးမောင် ၂ယောက်တည်း ဆာတေးမှာလိုက်တာ။ ဘာနဲ့ထည့်လာသလဲဆိုတော့ မတ်ခွက်ကြီးနဲ့၊ အဲဒီမှာ ဆာတေးချောင်းတွေ တစ်ခါတည်းကို အချောင်း၂၀၊၃၀လောက်ကို ထည့်ပြီးတော့ကျွေးတာ။ အဲဒီတော့ ကျွန်တော်က မကြာခဏဆိုသလိုလည်း ဆရာ့အိမ်ရောက်နေတာဆိုတော့ ကျွန်တော်က ဆရာရေကျွန်တော်တို့တော့ ဒီလိုတော့လုပ်ထားတယ် ဆရာလက်မှတ်ထိုးပါဆိုတော့ ဆရာက ဟာ. . ဟုတ်တယ် ထိုးရမှာပေါ့တဲ့ သေချာဖတ်တယ်ဗျ၊ ဖတ်ပြီးတော့ဆရာက လက်မှတ်ထိုးတယ်ဗျ၊ ဆရာလည်းဘာမှ တွန့်ဆုတ်ခြင်းမရှိဘူး။ ဒါပေမယ့်လို့ ခဏလည်းကျတော့ ဆရာမင်းသုဝဏ်က သူက သိပ်ပြီးတော့နှိုင်းနှိုင်းချင့်ချင့်ရှိတဲ့ပုဂ္ဂိုလ်၊ ထိုးပြီးခါမှ သူကပြောတယ်၊ ကျွန်တော်ကထိုင်နေတယ်၊ ကျွန်တော်နဲ့ကိုဝင်းခက်ရယ် လေသူရဲတစ်ဦးရယ် သူထိုးပြီးတော့ ကျွန်တော်ကပြီးပြီဆိုပြီး ဝမ်းသာအားရနဲ့ ယူသွားမယ်လုပ်တဲ့အခါကျတော့ ကိုဝင်းတင်နေအုံးတဲ့ ကိုဝင်းတင်တဲ့ ခင်ဗျားကတော့ နားလည်မယ့်သူမဟုတ်ဘူးတဲ့ ဒါပေမယ့်လို့ ဒီလောက်အရေးကြီးတဲ့ကိစ္စမျိုးတွေ လုပ်တဲ့အခါမျိုးမှာ ကိုယ့်ရဲ့အိမ်သူဇနီးတို့ဘာတို့ကို ကျွန်တော်တို့အသိပေးရတယ်တဲ့။ အသိမပေးလို့မရဘူး။ အဲဒီတော့ ကျွန်တော့်ရဲ့ဇနီးကို ကျွန်တော်ဒါကိုပြောအုံးမယ်ဗျာတဲ့ဆိုတဲ့အခါကျတော့ ကျွန်တော်ကဘာတတ်နိုင်မှာလဲ။ ဒါလည်းဟုတ်တာပဲ။ ဒီကိစ္စက အဖမ်းခံရမယ်ဆိုလည်း အဖမ်းခံရနိုင်တယ်၊ ပြောပါဆရာလို့ ကျွန်တော်

နားလည်နိုင်ပါတယ်လို့ ဆရာအိမ်ခန်းထဲကိုဝင်သွားတယ်၊ သူ့ရဲ့ဇနီးကိုသွားပြီးတော့ပြောတယ်။ ဘယ်လိုပြောသလဲတော့မသိဘူးပေါ့။ သူတို့ဘာသာသူတို့အခန်းထဲမှာပြောတယ်။ ပြီးတော့ ဆရာပြန်ထွက်လာတယ်။ ထွက်လာပြီးတော့ပြောတယ်။ ကိုဝင်းတင်တဲ့ အသိပေးရမယ့်ဝတ္ထုရားရှိတဲ့အိမ်ထောင်ရှင်မကို ကျွန်တော် အသိပေးပြီးပြီတဲ့၊ အဲဒီတော့ဒါခင်ဗျားတို့ ယူသွားပေတော့တဲ့ ဆရာက ထပ်ပြောသေးတယ်၊ တစ်ခုတော့ရှိတယ်နော်တဲ့ ဒီစာကတော့ ခင်ဗျားတို့ ဒီအတိုင်းပဲ သွားမှာမဟုတ်လားတဲ့။ စာလုံးတွေဘာတွေ ထပ်ပြီးတော့ ပြင်စရာမရှိဘူးမဟုတ်လားတဲ့ ဟာ ဆရာဘယ်ပြင်လုပ်မလဲလို့ဆိုတော့ ကောင်းတယ်ကွာတဲ့ ယူသွားတော့ဆိုပြီးတော့ပေးတယ်။

## ဆရာမကြီးဒေါ်ခင်မျိုးချစ်ထံ ခရီးဆက်

ဆရာမင်းသုဝဏ်အိမ်ကနေ ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့အိမ်ကို ကျွန်တော်တို့ ခရီးဆက်ခဲ့ပါတယ်။ ဆရာမကြီးဒေါ်ခင်မျိုးချစ်တို့ အိမ်ဆိုတာက လည်းကျွန်တော် ဝင်ထွက်သွားလာနေကျပေါ့။ ကျွန်တော်ကလည်း သတင်းစာကနေပြုတ်လာတဲ့ အယ်ဒီတာတစ်ယောက်၊ ဆရာကြီးဦးခင်မောင်လတ်တို့၊ ဒေါ်ခင်မျိုးချစ်တို့ဆိုတာကလည်း ကျွန်တော်စောစောကပြောခဲ့တဲ့အတိုင်း သတင်းစာကနေထွက်လာတဲ့လူတွေ။ ဒါထက်ပိုပြီးတော့ ကျွန်တော်ပြောရလို့ရှိရင် ၁၉၄၈-၄၉ လောက်ကစပြီးတော့ အဲဒီဆရာတို့နေတဲ့ အေးရိပ်သာဆိုတဲ့ အလွန်နာမည်ကျော်တဲ့နေရာလေးပေါ့၊ အခန်းလေးမှာ ကျွန်တော်က သွားသွားပြီးတော့နေတယ်၊ အဲဒီအချိန်တုန်းကတော့ နာမည်ကြီးပေါ့၊ ဗိုင်းခင်ခင်ဆိုပြီးတော့ စာဆိုတော်နေ့တွေမှာ အပြောကောင်း၊ အဆိုကောင်း၊ အကကောင်း ဆိုတဲ့ မလှသန်းပေါ့၊ မလှသန်းလည်းလာနေတယ်၊ စာရေးဆရာမကြည်အေး လည်းလာနေတယ်၊ အဲဒီအိမ်မှာ ကျွန်တော်တို့က အဲဒီခေတ်လောက်ကတည်း က ၁၉၄၈-၄၉ လောက်ကတည်းက အဲ့ဒီအေးရိပ်သာမှာနေခဲ့တဲ့ အေးရိပ်သာထွက်၊ ကျွန်တော်တို့ကအဲ့ဒီမှာသော်တာဆွေ နေတယ်ပေါ့၊ လာတယ်ပေါ့၊ နောက်ပြီးတော့ ထင်လင်းကလည်း အဲဒီနားမှာနေတယ်၊ ဒေါ်ခင်မျိုးချစ်တို့နဲ့ ကျွန်တော်တို့ ဘယ်လောက်ရင်းတယ်ဆိုတာပြောချင်တာပါ။ နောက်ပိုင်း မှာလည်း ကျွန်တော် တစ်လျှောက်လုံး ဒေါ်ခင်မျိုးချစ်တို့ မန္တလေးလာလည်း ကျွန်တော့်အိမ်မှာတည်း၊ ကျွန်တော့်အိမ်မှာနေပေါ့၊ ကျွန်တော့်လက်ပေါ်မှာတင် သူတို့ရဲ့ သား အခုအငြိမ်းစားပါမောက္ခကြီးဖြစ်နေတဲ့ ဒေါက်တာခင်မောင်ဝင်းတို့ဘာတို့

ဆိုတာ ကျွန်တော်တို့လက်ပေါ်ကြီးသလို သဘောမျိုးပေါ့၊ အဲဒီ ရင်းတဲ့နောက်ခံနဲ့ သွားတဲ့အခါကျတော့ ဒေါ်ခင်မျိုးချစ်က အဲဒီမှာသိပ်နေမကောင်းတော့ဘူး၊ အိပ်ယာထဲလဲနေသလောက်ကို နေမကောင်းတဲ့ဟာ သူတို့မှာက ဘုရားဆောင်လေးတစ်ခုရှိတယ်။ မိတ်ဆွေတွေနဲ့ တရားထိုင်တယ်၊ တရား ဆွေးနွေးတယ်၊ စသည်အဲဒီ သစ်သားဆောင်လေးမှာပြောင်းနေတယ်၊ သားနဲ့ ချွေးမနဲ့မြေးတွေကိုတော့ အရင်တုန်းကသူတို့နေတဲ့တိုက်ကလေးမှာပဲ ထားခဲ့တယ်။

**ဒေါ်ခင်မျိုးချစ်ရဲ့ မမေ့နိုင်စရာမြင်ကွင်း**

ကျွန်တော်က အဲဒီမှာသွားပြီးတော့ တက်ပြောတဲ့အခါကျတော့ ဆရာဦးခင်မောင်လတ်ကလည်း တရားထိုင်နေတာလားမသိဘူး။ ကျွန်တော်ကတော့ ဒေါ်ခင်မျိုးချစ် ဒီဘုရားခန်းထဲမှာ အမြဲတမ်းထိုင်နေတဲ့ ပက်လက်ကုလားထိုင်နဲ့ထိုင်နေတဲ့ နေရာကိုသွားပြီး တော့ ကဲ. . . အစ်မကြီး ကျွန်တော်တို့ကတော့ မဆလ အစိုးရနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကန့်ကွက်စာတို့ ပစ်လားခတ်လား လုပ်နေတာတွေ ကျွန်တော်တို့ရပ်စဲဖို့ ကျွန်တော်တို့ တောင်းဆိုတာတို့ ပြည်သူတွေရဲ့ ပြောခွင့်ဆိုခွင့်လွတ်လပ်စွာရေးသားခွင့် ဒါတွေကို ကျွန်တော်တို့ပေးဖို့ ဆိုပြီးတော့ တောင်းဆိုဖို့ စစ်ကနေချာကန်ပိန်း (Signature Compaign) လိုပေါ့ ကျွန်တော်တို့ လုပ်နေတယ်။ ကျွန်တော်တို့ ဒီမှာတော့ ဆရာကြီး မင်းသုဝဏ်တော့ လက်မှတ်ထိုးပြီးသွားပြီဆိုတော့ အဲ့ဒီမှာ ဒေါ်ခင်မျိုးချစ် ရဲ့မျက်နှာကတစ်ခါတည်းကို ချက်ချင်းပြောင်းသွားပြီးတော့ ကြည့်ရတာမျက်နှာအနေအထားက တင်းမာတယ်လို့လည်း မခေါ်ထိုက်ဘူး၊ အံ့ဩတယ်လို့လည်းမခေါ်နိုင်ဘူး၊ သို့မဟုတ်ရင်လည်း စိတ်ထဲမှာဒေါသတွေ ပေါက်ကွဲလာတဲ့ပုံစံလို့လည်း မခေါ်နိုင်ဘူး၊ ကျွန်တော်လည်းနားမလည်နိုင်ဘူး။ ကျွန်တော်ကြည့်နေတာ တစ်ခါတည်းဒေါ်ခင်မျိုးချစ်က ငိုလိုက်တာ။ တစ်ခါတည်း ကျွန်တော့်ကိုလည်းဖက်ဖက်ပြီးတော့ ကိုဝင်းတင်ရယ်၊ ဒါမျိုးက ကျွန်မလုပ်ရမှာတဲ့ ရှင်တို့လုပ်တဲ့အတွက်လည်း ကျေးဇူးတင်တယ်၊ ဒါတွေက ကျွန်မတို့လုပ်ရမှာ ကြာလှပြီ၊ ကြာလှပြီဆိုပြီးတော့ အလွန်ကိုဗျာ တစ်ခါတည်း ဒေါ်ခင်မျိုးချစ်ရဲ့ မမေ့နိုင်တဲ့မြင်ကွင်းပေါ့၊ ဒေါ်ခင်မျိုးချစ်ကငိုတာမှ တစ်ခါတည်းအသံထွက်အောင်ကို ဟီးချပြီးငိုတာ။ ကျွန်တော့်လည်းဖက်ထား၊ ဖက်ထားပြီးတော့ ပြီးလည်းပြီးရော ချက်ချင်းအမူအရာတွေ ချက်ချင်းပြောင်းသွားတယ်၊ ပြောင်းပြီးတော့ ကျွန်မလက်မှတ်ထိုးမယ်တဲ့၊ ဒီအတိုင်းမဟုတ်ဘူးဆိုပြီးတော့ ကိုလတ် ကိုလတ်လို့

လှမ်းခေါ်တဲ့ အခါကျတော့ ဆရာဦးခင်မောင်လတ် ထွက်လာတယ်၊ သားတွေပါ ခေါ်တဲ့ ဆိုတဲ့အခါကျတော့ သူ့ရဲ့သားဒေါက်တာ ခင်မောင်ဝင်း၊ သူ့ရဲ့ချွေးမဖြစ်တဲ့ စာရေးဆရာမ ရွှေရီဝင်းပေါ့၊ ရောက်လာတယ်။ ရောက်လာတဲ့အခါကျတော့ မဟုတ်သေးဘူးတဲ့ မြေးတွေပါခေါ်တဲ့၊ မြေးဆိုတာက ဘယ်သူတွေလည်းဆိုတော့ အခုနာမည်ကျော်ပေါ့ဗျာ ဘလော်ဂါ (blogger) ဖြစ်နေတဲ့ အမေရိကန် သမ္မတဘုရှ်တို့နဲ့ ဘာတို့နဲ့တွေ့တဲ့ မောင်ရစ်ခေါ် မောင်မောင်ဝင်းပေါ့။

**ဒေါ်ခင်မျိုးချစ်ရဲ့မိသားစုလည်း ပါဝင်လာ**

အဲဒီမောင်မောင်ဝင်းကလည်း မောင်ရစ်ဆိုပြီးတော့ ကာတွန်းတွေဘာတွေ ရေးနေတဲ့အချိန် (၁)ရက်မှာ ကာတွန်းပြပွဲ ကျွန်တော်သွားကြည့်ရင်း အဲဒီမောင်ရစ် ဆိုတဲ့ ကာတွန်းလက်ရာ လေးကို အိုးကြူပြီးတော့ ကျွန်တော်ကရေးလိုက်ဖူးတယ်၊ သူ့လည်းမသိဘူး သူမှန်း လည်းမသိဘူး။ နောက်ကျတော့ တိုက်ဆိုင်စွာနဲ့ ဒေါ်ခင်မျိုးချစ်ရဲ့ မြေးဖြစ် နေတယ်၊ ကျွန်တော်ကသိလည်းမသိဘူး။ နာမည် ကလည်းမောင်ရစ်ဆိုတော့ ရစ်ဆိုတာတောင် နိုင်ငံရှိတန်းတန်းမောင်ရစ်လို့ထင်တာ။ မဟုတ်ဘူး။ သူက အာအိုင်တီ (RIT)ကို ကိုရစ်လို့ရေးတာကိုး၊ဗျ၊ အဲဒီဟာ ဖြစ်တော့ မြေးတွေခေါ် ဆိုပြီး နောက်တစ်ခါ မြေးအမွှာမောင်နှမမှာ မိန်းကလေးက အခု နာမည်ကျော် စာရေးဆရာမဖြစ်နေတဲ့ စာအုပ်ကောင်းတွေပေါ့ ဂျူနီယာဝင်း ဆိုတဲ့ကလေးပေါ့၊ အဲဒါတွေအကုန်လုံးက ရောက်လည်းလာရော လက်မှတ်ထိုးမဲ့ အချိန်ကျတော့ အကုန်လုံးထိုးဖို့လုပ်တယ်၊ အကုန်လုံး နာမည်စာရင်း ရေးတဲ့ လက်မှတ်ထိုး စာရင်းရေးတဲ့အခါကျတော့ သူက ဘာလုပ်သလဲဆိုတော့ ကိုဝင်းတင်တဲ့ ဒီကိစ္စမျိုးက ကျွန်မကအဖြတ်မ်းဒါမျိုးဆိုတာ ကျွန်မကရှေ့တန်း ကပါချင်တာတဲ့။ အခုဟာက ရှင်တို့ကျွန်မအထက်မှာတဲ့။ ကျွန်တော်ရယ်၊ မောင်သော်ကရယ်၊ ဝင်းခက်ရယ် လေသူရဲတစ်ဦးရယ်၊ ဆရာငွေကြည်ရယ်၊ ဆရာကြီးမင်းသုဝဏ်ရယ်ဆိုတဲ့ ခြောက်ယောက်လောက်က အထက်မှာရှိတယ်ဗျ၊ ရှိတဲ့အခါကျတော့ ကျွန်မကဒါမျိုးဆိုရင် ထိပ်ဆုံးကမှထိုးချင်တာတဲ့ အခုမရ တော့ဘူးတဲ့ ဒါပေမယ့် ရှင်တို့ရဲ့အပေါ်ထိပ်ဆုံးက မာဂျင်ကပေါ့၊ အပေါ် ပိုင်းမှာရှိတဲ့နေရာက ကျွန်မလက်မှတ်ထိုးမယ်၊ သဘောတူလားတဲ့ ဆရာမကြီး လုပ်ပါ ရပါတယ်၊ ဆရာမကြီးရယ် ထိုးချင်တဲ့နေရာထိုးပါဆိုတော့ တစ်ခါတည်း သူ့ရဲ့ခင်မျိုးချစ် ဆိုတဲ့နေရာ ကျွန်တော်မှတ်မိသလောက်ကတော့ မှားချင်လည်း မှားမယ်၊ (၇)ပေါ့ဗျာ ၊ နံပါတ် (၇)ကနေ တစ်ခါတည်း မျဉ်းကြောင်းကြီး ဆွဲထုတ်

ပြီးတော့ ဟိုးထိပ်ဆုံး နံပါတ်တစ်ရဲ့အထက်နေ့ဒ် အပေါ်မှာ ခင်မျိုးချစ်ဆိုပြီးတော့ ရေးချလိုက်တယ်၊ နောက်ကျတော့ ဦးခင်မောင်လတ်တို့ထိုး ၊ သားတွေ ချွေးမတွေ မြေးတွေလည်း ထိုးတာပေါ့၊

## ဆရာဝင်းမွန်ကိုယ်စား၊ လက်မှတ်ထိုးသူ

အဲဒါလုပ်ပြီးတော့ အခါကျတော့ ကျွန်တော်တို့ဘယ်သူ့ဆီကို သွားသလဲ ဆိုတော့ ဦးဝင်းမွန် အခုပါမောက္ခဖြစ်နေတဲ့ ဦးဝင်းမွန်ပေါ့။ သွားတဲ့အခါကျတော့ သူ့ဇနီးပဲတွေ့တယ်၊ သူ့ဇနီးတွေတော့ ကျွန်တော်တို့က သူ့ဇနီးကို စာပေပညာရှင်ထဲမှာ ထည့်ရမလား၊ မထည့်ရမလား ကျွန်တော်တို့က သိပ်တွေးမရသလို ဖြစ်နေတယ်၊ ဒါပေမယ့်လို့ အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဘယ်လို ဖြစ်သလဲဆိုတော့ ဆရာဝင်းမွန်ရဲ့ သားလေးကလည်း ဒီပစ်ကြခတ်ကြတဲ့ အထဲမှာ သူ့သားကလက်ဖက်ရည်ဆိုင်တစ်ခုမှာ ထိုင်ပြီးတော့ လက်ဖက်ရည်သောက် နေတာကိုး။ အဲဒါကိုစစ်သားတွေက ပစ်သွားတဲ့အခါကျတော့ ဆုံးသွားတယ်၊ အဲဒါအတွက် သောကရောက်ကြတာပေါ့၊ မိဘတွေ ဒါပေမယ့် ကိုဝင်းမွန်က အဲဒီအချိန်မှာမရှိဘူး။ ဘယ်ရောက်နေမှန်းမသိဘူး၊ အပြင်ထွက် နေတယ်ပေါ့ ၊ သူ့ဇနီးကိုတွေ့တယ်၊ တက္ကသိုလ်မှာဆရာမကြီး ပေါ့၊ တက္ကသိုလ် ဆရာမကြီးနဲ့ တွေ့တဲ့အခါကျတော့ ကိုဝင်းမွန်အပြင်သွား တယ်တဲ့။ ဆရာမရယ် ကျွန်တော်တို့ လာတာဒီကိစ္စ၊ ကိုဝင်းမွန်ကို လက်မှတ်ထိုးစေချင်တယ်လို့ မဟုတ်ဘူးတဲ့ ကိုဝင်းမွန်ရဲ့ကိုယ်စား ကျွန်မထိုးမယ်တဲ့ သားတစ်ယောက်ရဲ့အမေပေါ့။ သားကဒီဆန္ဒပြပွဲကြီး အရေးတော်ပုံကြီးမှာ စပြီးတော့ စောစောစီးစီး ကျဆုံးခဲ့တဲ့ သားပေါ့၊ အဲဒါအတွက် အမေကလည်း စိတ်ထဲမှာ နာကြည်း စိတ်တွေရှိမှာပဲ ဖြစ်မှာပေါ့။ အဲဒီတော့ ကိုဝင်းမွန် ကိုယ်စားရော ကျွန်မကိုယ်စားရောထိုးမယ် တဲ့ ဆိုတော့ ကျွန်တော်တို့က ကောင်းပါတယ်၊ ဆရာမကြီးရယ် ထိုးပါဆိုပြီးတော့ အဲဒီမှာထိုးတယ်။

## မျက်စိထဲကမထွက်နိုင်တဲ့ ဆရာဇော်ဂျီရဲ့မြင်ကွင်း

အဲဒါပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ဆရာဇော်ဂျီဆီသွားတယ်၊ ဆရာဇော်ဂျီက အဲဒီအချိန်တုန်းက ဘယ်မှာရှိသလဲဆိုတော့ အရင်တုန်းကတော့ ချင်းချောင်းအဲဝင်းချူးနေခဲ့တယ်၊ အခုတော့ဘာနေခဲ့သလဲမသိဘူး။ ကုက္ကိုင်းလမ်းထဲကနေ ဝင်ဒါမီယာဘက်ကို ဖြတ်တဲ့လမ်းပေါ့ အဲဒီမှာ

သူ့ရဲ့အိမ်ရှိတယ်၊ ကျွန်တော်တို့ အဲဒီကိုသွားပြီး ကျွန်တော်ကမေးတဲ့အခါကျတော့ အိမ်ကလူတွေက ဆရာနေမကောင်းဘူးတဲ့၊ ဆရာ့ကိုတွေ့လို့မဖြစ်ဘူးတဲ့၊ မတတ်နိုင်တော့ဘူး၊ ကျွန်တော်တို့လည်း ကျွန်တော်တို့ဇောနဲ့ ကျွန်တော်တို့ပေါ့။ နေမကောင်းတာတွေဘာတွေ သိပ်ပြီး တော့မတွက်နိုင်တော့ဘူး။ ဒီဆရာကြီးတွေမှ မပါရင်မဖြစ်ဘူး။ ပါကိုပါရမယ်၊ ဆိုတဲ့အခါကျတော့ ကျွန်တော်က သူ့သမီးတို့ ဘာတို့ ဖြစ်လိမ့်မယ်၊ ဆရာဝန်မတွေပေါ့၊ ကျွန်တော်လည်း သိပ်ပြီးတော့ နာမည်တွေ ဘာတွေတော့ မသိဘူး ၊ ဒါပေမယ့် ကျွန်တော်က သူ့ဇနီးဖြစ်တဲ့ ဆရာမကြီး ဒေါ်စောရီကိုတော့ ကောင်းကောင်းသိတယ်။ ကျွန်တော် စာပေဗိမာန်မှာ ၁၉၅၀ ခုနှစ်တစ်ဝိုက် ဝင်ရောက် အမှုထမ်းစဉ်မှာ အယ်ဒီတာ ဖြစ်တဲ့ ဆရာမကြီးနဲ့ ရင်းနှီးခဲ့တယ်။ ကျွန်တော်က ဆရာမကြီးကိုပြောတယ်၊ ဆရာမကြီး ဆရာကြီးနဲ့ ကျွန်တော်တို့ မတွေ့လို့မဖြစ်ဘူး။ ဆရာကိုယ်တိုင် ကနေပြီးတော့ ကျွန်တော့်ကို အတွေ့မခံနိုင်ဘူးဆိုရင်တော့ တစ်မျိုးပေါ့၊ ကျွန်တော်ကိုဝင်းတင်က ဆရာ့ကို အလွန်အလွန့်ကို အရေးကြီးတဲ့ကိစ္စကြီးကြောင့် ဆရာ့ကိုလာတွေ့ပါတယ်ဆိုတဲ့ အကြောင်းပြောပေးပါ။ သွားပြောတယ်ပေါ့ဗျာ။ သွားပြောတဲ့အခါကျတော့ ဆရာက စောင်ကြီးခြုံပြီးတော့ ကျွန်တော်အခု ထက်ထိတောင် မျက်စိထဲကမထွက်ဘူး။ ခေါင်းကနေ ခြုံလာပြီးတော့ စောင်ခြုံ ကြီးနဲ့ အိပ်ခန်းထဲကနေ ဧည့်ခန်းထဲကိုထွက်လာတယ်။

ဧည့်ခန်းလည်းရောက်ရော ကိုဝင်းတင် ဘာကိစ္စရှိလို့လဲတဲ့၊ ကျွန်တော် ရှင်းပြရတာပေါ့ဗျာ။ ဆရာ ဒီလိုဒီလိုပဲ တိုင်းပြည်မှာလည်း သတ်ကြဖြတ်ကြ အကုန်လုံးလူထုကလည်း မခံမရပ်နိုင်လို့ ဆန္ဒတွေပြကြပြကြဖြစ်ကုန်ပြီ အဲဒီတော့ ကျွန်တော်တို့က ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့က ဆက်ပြီးတော့ လူသတ်ပွဲတွေလည်း မဖြစ်ရအောင်၊ နောက်တစ်ခါလူထုရဲ့ဆန္ဒတို့ ဘာတို့လည်း လိုက်လျောအောင် အစိုးရကိုတောင်းဆိုတဲ့ဟာလုပ်နေပါတယ်၊ ဆရာကြီး မင်းသုဝဏ်တို့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့၊ ဦးခင်မောင်လတ်တို့ဆိုတာ ကလည်း လက်မှတ်ထိုးပါတယ်၊ ဒါကြောင့် ဆရာ့ဆီကို ကျွန်တော်တို့လာပြီးတော့ ဆရာ့လက်မှတ်လည်းပါစေချင်လို့ ကျွန်တော်တို့လာတာပါ၊ ဆရာက ကောက်ယူ ပြီးတော့ ဘာမှမပြောဘဲနဲ့ လက်မှတ်ထိုးချလိုက်တယ်၊ ကျွန်တော်က ငိုကျသွားတယ်ပေါ့ဗျာ၊ ငိုကျသွားတယ်ဆိုတာက အနည်းဆုံး ဖတ်ရမယ့်ဟာ ဆရာကြီးမင်းသုဝဏ်တို့ဘာတို့ လုပ်သလိုပေါ့နော်၊ အိမ်သူဇနီးတို့ဘာတို့ကို အသိပေးစရာရှိရင် အသိပေးတယ်၊ နှိုင်းနှိုင်း ချိန်ချိန်၊ ချင့်ချင့်ချိန်ချိန် လုပ်တယ်

ဆိုတဲ့ဟာက နာရီပိုင်းလောက်ကပဲ ကျွန်တော်တွေ့ခဲ့တာဆိုတော့ ဆရာဇော်ဂျီက လက်မှတ်ထိုးလိုက်တဲ့အခါကျတော့ ကျွန်တော်ကအံ့ဩပြီးတော့ ငေးကျနေတာပေ့ါ။ ကျွန်တော်လည်း အဲဒါနဲ့ပြောရအုံးမှာပဲဆိုပြီးတော့ ဆရာဖတ်ပါအုံး၊ ကြိုက်တာရှိလား မကြိုက်တာရှိလား ပြောပါအုံးလို့ပြောတော့ ဆရာပြောတဲ့စကား ကျွန်တော်မှတ်မိနေသေးတယ်၊ ဆရာက ဘာပြောသလဲဆိုတော့ ကိုဝင်းတင်တဲ့ ကျုပ်တို့လုပ်စရာရှိတဲ့အလုပ်ကို လုပ်ရမှာပဲတဲ့။ ဘာမှပြောမနေနဲ့တဲ့။ ဒါ ခင်ဗျားလုပ်ရမယ့်အလုပ်ပဲတဲ့၊ ခင်ဗျားတို့လုပ်ဖို့ဆုံးဖြတ်တယ်။ ကျုပ်ပါတယ်၊ ကျုပ်လက်မှတ်ထိုးတယ်၊ ယူသွားတော့တဲ့ ဆိုပြီးတော့ ကျွန်တော့်ကိုပေးလိုက်တယ်ဗျ၊ ကျွန်တော်လည်း ဝမ်းသာတာပေ့ါ၊ အလွန်ဝမ်းသာစရာကောင်းတဲ့ဟာ၊ နောက်ပြီးတော့ ဆရာကြီး ၂ယောက်စလုံးရဲ့ပြုမူပုံတွေဟာ ၂ယောက်စလုံးစံနမူနာထားစရာလို့ ကျွန်တော်ခံစားမိတယ်ပေ့ါ။

**အလွန်တက်ကြွတဲ့ဆရာပါရဂူ**

အဲဒီကနေ ပြီးလည်းပြီးရော ကျွန်တော်တို့ဆရာပါရဂူအိမ်သွား တယ်၊ ပါရဂူကလည်း အဲဒီအချိန်တုန်းက တော်တော်ကိုတက်ကြွတာဗျာ၊ ဒါလုပ်ရမယ်၊ ဒါလုပ်ရုံတင်မဟုတ်ဘူး၊ နောက်တစ်နေ့ကျရင် ကျုပ်ကိုလာခေါ်၊ အဲဒီနေ့ကတော့ ပြီးပြီပေ့ါဗျာ၊ ညနေပိုင်းရောက်သွားပြီ။ အဲဒီတော့ နောက်တစ်နေ့ ခင်ဗျားတို့ ဒါတွေကို စာရေးဆရာတွေကို လက်မှတ်ထိုးတဲ့ပွဲမှာကျုပ်ကိုခေါ်ပါ၊ ကျုပ်ကိုယ်တိုင်လိုက်ချင်တယ်လို့ပြောတယ်။ အဲဒါနဲ့ နောက်ရက်တွေ နောက်ရက်တွေမှာ ပါရဂူလည်း ကျွန်တော်တို့အဖွဲ့ထဲမှာပါတယ်။ ပါပြီးတော့ ကျွန်တော်တို့ လက်မှတ်တွေလျှောက်ထိုးကြတယ်။ ဆိုပါတော့ ၂ရက် ၃ရက် လောက်ပဲကြာတယ်၊ အဲဒီလို လက်မှတ်ထိုးနေတာတွေက ဒီလိုထိုးနေတယ်လို့ ကြားလည်းကြားရော တော်တော်များများ လူတိုင်းကလက်မှတ်ထိုးမယ်၊ တိုင်းသူပြည်သားတွေတောင်မှ အရပ်သူအရပ်သားတွေတောင်မှ အုံကြွပြီးတော့ ဆန္ဒပြနေကြတယ်၊ လူသတ်ပွဲတွေရပ်ဖို့ တောင်းဆိုနေကြတယ်ဆိုတဲ့ အခါကျတော့ ဘယ်စာရေးဆရာ၊ ဘယ်ကဗျာဆရာ၊ သတင်းဆရာ၊ ကာတွန်းတို့ဘာတို့ဆရာတွေက ဘယ်နေလိမ့်မလဲဗျာ၊ ဘယ်လိုမှမနေနိုင်ဘူးပေ့ါ။

**ကိုမိုးသူနဲ့ စံပယ်ဦးကိုတင်စိုးရှုံးခန်း**

အဲဒီအခါကျတော့ ကျွန်တော်တို့က အဲဒီလိုဆိုရင်တော့ နေရာတော့ လိုမယ်၊ ဘယ်သူကစမှာတာလဲဆိုတော့ ကျွန်တော်တို့ ကိုမိုးသူပေါ့။ ကိုမိုးသူက တော့ သိတဲ့အတိုင်း ကျွန်တော်တို့နဲ့က မတူဘူးပေါ့၊ အပေါင်းအသင်းများ၊ စကားကလည်းသွက်၊ ပြောတတ်ဆိုတတ်၊ လူတိုင်းနဲ့ကလည်း ရင်းနှီးတတ်၊ တွေ့တာနဲ့တစ်ပြိုင်နက်ရင်းနှီးတာပဲ၊ ရင်းနှီးရုံတင်မကဘူး၊ တစ်ခါတလေကျရင် သူ့ထက် (၁၀)နှစ်လောက်ကြီးတဲ့လူနဲ့တောင်မှ မင်းငါနဲ့ ပြောတဲ့အနေအထား မျိုးရောက်လောက်အောင်ကို သူကလူရာဝင်တဲ့လူပေါ့၊ တော်တော်ကို လူရာဝင် တဲ့လူ၊ ဒီလိုလူမျိုး၊ ကျွန်တော်က ကိုမိုးသူကိုပြောရတာပေါ့။ ကိုမိုးသူ ဘယ်လိုလုပ်မလဲ၊ ဟာကိစ္စမရှိဘူး ကျုပ်လုပ်မယ်ဆိုပြီးတော့ တစ်ခါတည်း စံပယ်ဦး ကိုတင်စိုးအခန်းရှိတယ်၊ သူ့မှာပုံနှိပ်စက်ကလေးထားတဲ့အခန်း၊ သူ့ရဲ့ အလုပ်ခန်း ပေါ့၊ ရေမှာလည်း သူငှားထားတာလား သူ့ရဲ့သားချင်းလား ဘာလားမသိဘူး၊ မိန်းမတွေအလှပြင် အခန်းလေးလိုပဲ။ တစ်ခန်းကလည်း ကန့်ထားတယ်၊ ဒါပေမယ့် သူ့အခန်းတွေက အခန်းကျယ်ကြီးတွေ ဘားလမ်းမှာရှိတာ၊ ဘားလမ်းအထက်လမ်း မှာ ဖရေဇာနဲ့နီးတဲ့ဘက်ပေါ့၊ အဲဒီအခန်းကို တစ်ခါတည်း ကိုမိုးသူ ဘယ်လို လုပ်လိုက်တယ်မသိဘူး၊ ကိုတင်စိုးကလည်း ဝဲလ်ကမ်း (welcome) လာ ကျုပ်ပါ ပါမယ်ဆိုတော့ ကိုတင်စိုးဆိုတာကလည်း နောက်ပိုင်းကျတော့ အတော်နာမည်ကြီး တဲ့လူပေါ့၊ အဲဒီမှာစပြီလည်း ဆိုလည်းဆိုရော ကျွန်တော်တို့ နောက်ဘာမှ ထွက်စရာမလိုတော့ဘူး၊ ကိုတင်စိုးအခန်းမှာ တစ်ခါတည်း စာရေးဆရာတွေ ကဗျာဆရာတွေဘာတွေ မြောက်မြားစွာသောပညာရှင်တွေဟာ လာပြီး လက်မှတ်ထိုးကြတာ ရာပေါင်းများစွာကို ဖြစ်သွားတော့တာ၊ ဒါတင်မကဘူး အဲဒီမှာတင် ရုံးခန်းကိုဖြစ်သွားတာပေါ့။

## အရေးခင်းကာလ စာနယ်ဇင်းသမဂ္ဂ

ကျွန်တော်တို့ စာနယ်ဇင်းသမားတွေလက်မှတ်ထိုးလှုပ်ရှားမှု ဆောင်ရွက် နေချိန်မှာပဲ ရန်ကုန်တစ်မြို့လုံး ဆန္ဒပြပွဲတွေ အကြီးအကျယ်ပေါ်ပေါက်လာခဲ့ ပါပြီ။ တစ်မြို့လုံးက ခဲနေတာပဲ ဘယ်လမ်းမှာမှ ဆန္ဒပြတဲ့လူမရှိတဲ့ လမ်းရယ်လို့ မရှိကို မရှိဘူးပေါ့၊ မြို့လယ်ခေါင်ဆိုတာ တစ်ခါတည်း အနောက်ပိုင်းကနေပြီး ပုဇွန်တောင်အထိပေါ့၊ ဒီဘက်ကဆိုလို့ရှိရင်လည်း ကမ်းနားလမ်းလို နေရာက စပြီးတော့ သမ္မတရုံတို့ဘာတို့ တစ်ဝိုက်လောက်အထိကို လူတွေက တစ်ခါတည်း ကို ကြိတ်ကြိတ်ခဲပြီး နေ့တိုင်းလိုလို တစ်ရက်ပြီးတစ်ရက်၊ တစ်ရက်ပြီးတစ်ရက်

ဖြစ်နေတာ ဒါက ကျွန်တော်တို့ အဲ့ဒီမှာဖြစ်နေတဲ့ မြို့ပြရဲ့အနေအထားပေါ့၊ အဲ့တော့အဲ့ဒီအနေအထားမှာ ကျွန်တော်တို့ကနေပြီးတော့ ကဲဒါဖြင့်ရင် ကျွန်တော်တို့ ဒီအတိုင်းလည်း နေလို့မရဘူး ကျွန်တော်တို့ သတင်းစာဆရာ၊ စာရေးဆရာ ဆိုတာ ကျွန်တော်တို့က လှုံ့ဆော်တဲ့လူတွေ၊ပေါင်းစည်းပေးတဲ့လူတွေ၊ ကျွန်တော်တို့ကဆက်စပ်မှု လုပ်ပေးနိုင်တဲ့ ချိတ်တွဲမှု လုပ်ပေးနိုင်တဲ့အင်အားက ကျွန်တော်တို့ဆီမှာရှိတယ်။ အဲတော့ပထမဆုံးက ကျွန်တော်တို့ကိုယ်တိုင်ကလည်း သပိတ်အဖွဲ့ဖြစ်အောင်လို့ ကျွန်တော်တို့စာနယ်ဇင်းသမဂ္ဂဆိုပြီးတော့ သပိတ်သမဂ္ဂတစ်ခုထောင်ကြမယ်။ ထောင်ပြီးရင် ကျွန်တော်တို့ တခြား သပိတ်တွေနဲ့ လက်တွဲ ချိတ်တွဲမှု ကျွန်တော်တို့ လုပ်ကြမယ် ဆိုပြီးတော့ ဆုံးဖြတ်ပြီး တော့ ကျွန်တော်တို့ စာနယ်ဇင်းသမဂ္ဂဖွဲ့တယ်။ ဌာနချုပ်ကလည်း ကိုတင်စိုး ကတစ်ခါတည်း လုပ်ချင်တာလုပ် အခန်းကြီးကိုပုံပေးထားတာ၊ ငွေဆိုရင်လည်း ခဏခဏသူစိုက်ထုတ်သုံးနိုင်တာလည်း သူပဲသုံးနိုင်တယ်။ သူ့အခန်းလည်း ကျွန်တော်တို့ သပိတ်စခန်းဖြစ်တယ်။ ကြားဖြတ်ပြောရအုံးမယ်၊ အဲဒီ ကျွန်တော်တို့ရဲ့ စာနယ်ဇင်း သပိတ်စခန်းလိုဖြစ်နေတဲ့ ကိုတင်စိုးရုံးခန်းမှာပဲ ကျောင်းသား တွေက ဒီမှာလာပြီးတော့ဆုံကြတယ်။ ဆုံတော့ မင်းကိုနိုင်တို့ အထူးသဖြင့်မှတ်မိ တာက ကိုကိုကြီးပေါ့။

ကိုကိုကြီးက သူတို့ထဲမှာတော့ အရေးတွေ အသားတွေသန်တဲ့ အခါကျ တော့ သူကကျောင်းသားသမဂ္ဂစာစောင်တွေဘာတွေကိုင်တယ်။ နောက်တစ်ခါ ကျောင်းသားသမဂ္ဂစာစောင်တွေကို ပုံနှိပ်တာလည်း ကိုတင်စိုးကပဲ ပုံနှိပ်ပေးတာပဲ။ တစ်ခါ အဲဒီကနေပြီးတော့ လုပ်တဲ့အခါကျတော့ ကိုကိုကြီးတို့ဘာတို့က အဲဒီမှာ လာပြီးတော့ ရေးကြသားကြပေါ့၊ အဲဒီမှာ လုပ်ရင်းကနေပြီး တော့တစ်ခါ ကျွန်တော်တို့ဝင်ပြီးတော့ ရေးကြတာတွေလုပ်ပေးတယ်။ ဒါကြောင့် ကျွန်တော်ကို ထောက်လှမ်းရေးကနေပြီးတော့ စွပ်စွဲတဲ့အခါကျတော့ ဦးဝင်းတင်က ကျောင်းသား သမဂ္ဂစာစောင်မှာ ခေါင်းကြီးတွေရေးပေးတယ် ဘာညာပေါ့။

နောက်တစ်ခါ စစ်တပ်ကနေပြီးတော့ ဘဏ်တွေမှာ ဖောက်ပြီးတော့ ငွေတွေဖောက်ပြီးတော့ ငွေဖောက်ယူတဲ့ဟာ ဗိုလ်ခင်ညွန့်တို့လုပ်တဲ့ဟာပေါ့။ အဲဒီသတင်းတွေကို ဦးဝင်းတင်ကရေးပေးတယ် ဘာညာဆိုပြီးတော့ နောက်ပိုင်းမှာ ကျွန်တော့်ကို တော်တော်စွပ်စွဲကြတယ်ပေါ့၊ စွပ်စွဲတဲ့အခါကျတော့ ကျွန်တော်က ဘာမှမပြောပါဘူး။ ဘာမှမပြောဘူးဆိုတာက တစ်ကဒီသတင်းတွေ ဘာတွေဆိုတာက သတင်းထောက်ကရေးတာပေါ့ဗျာ၊ ဘိုင်နိမ်း(by name)

နဲ့မရေးရင် နာမည်နဲ့ခံမရေးဘူးဆိုရင် သတင်းဟာ ဘယ်သူရေးတယ်လို့ ပြောစရာမလိုဘူး၊ ဒါဟာတစ်ပေါ့။ နောက်တစ်ခုက ခေါင်းကြီးတို့ဘာတို့ ဆိုတာကလည်း အမှန်အတိုင်းပြောရရင် ဘယ်သူရေးရေးပေါ့။ ခေါင်းကြီးဟာ နာမည်ဖော်ပြခြင်း မပြုတဲ့ သတင်းစာရဲ့ အရေးကြီးဆုံးကဏ္ဍပေါ့။အဲဒါနဲ့ ပတ်သက် ပြီးတော့ ဘာမှ ကျွန်တော်မပြောဘူး။ ကျွန်တော် ထောင်ထဲရောက်သွား တဲ့အခါ အများကြီး ကျွန်တော့်ကို စစ်ကြောရေးတွေ အလုပ်ခံရတယ်၊ သူတို့ကနေပြီးတော့ ကျွန်တော့်ကို အတိအကျကို စွပ်စွဲပြီးတော့ ကျွန်တော်ခေါင်းကြီး ဘယ်လို ရေးပေးတယ်၊ သတင်းတွေကို အထူးသဖြင့်ဗိုလ်ခင်ညွန့်ရဲ့ ထောက်လှမ်းရေး တွေကနေပြီးတော့ ဘဏ်တွေမှာ ငွေတွေကိုအလုံးအရင်းနဲ့ထုတ်ပြီးတော့ တစ်ခါတည်းသယ်သွားကြတယ်၊ ဒီလူတွေနဲ့ ပတ်သက်ပြီးတော့ ဒီသတင်း ကျွန်တော် ရေးတယ် ဆိုပြီးတော့ ကျွန်တော့်ကို အကြီးအကျယ်စစ်ကြောရေးတွေ အများကြီးလုပ်တယ်၊ ကျွန်တော်တစ်ခုမှ မှန်ပါတယ်၊ သိပါတယ်လို့ ကျွန်တော် မပြောခဲ့ဘူး။ ကျွန်တော်မပြောခဲ့တာက ကျွန်တော်လျှို့ဝှက်ပြီး လုပ်တဲ့လုပ်ငန်း တစ်ခုမှာ ပါဝင် ပတ်သက်ထားကြောင်း ထိန်းသိမ်းရမယ့် တာဝန်ဝတ္တရား ရှိလို့ လုပ်တဲ့ဟာ မျိုးထက် သတင်းစာဆရာတစ်ယောက်ကျင့်ရမယ့် ကျင့်ဝတ်အနေနဲ့ လည်း ကျွန်တော် ငြင်းခဲ့တယ်၊ ဒါပေမယ့် မရဘူး၊ ထောက်လှမ်းရေးကလည်း အကြီးအကျယ် အဲ့ဒီဟာတွေသုံးပြီးတော့ အမျိုးမျိုးရေးကြတယ် လို့ပြောတယ်။ ဗျာ၊ ကျွန်တော် လည်း အခုထက်ထိတောင်မတွေ့ရသေးပါဘူး။ထားပါတော့ အဲဒါနဲ့စာနယ်ဇင်းသမဂ္ဂဖွဲ့ကြတယ်ပေါ့။

## စာနယ်ဇင်းသမဂ္ဂ ဖွဲ့စည်းခြင်း

ကျွန်တော်ကပုံမှန်အားဖြင့်တော့ ဒီလိုအဖွဲ့အစည်းတွေမှာ လုပ်ကိုင်လို သူမဟုတ်ပါဘူးလို့ပြောပါချင်တယ်။ အဖွဲ့အစည်းဆိုလို့ ကျွန်တော့်ရဲ့ ပရော်ဖက်ရှင်နယ်(professional) ဖြစ်တဲ့ သတင်းစာဆရာအသင်းမှာ ကျွန်တော် အတွင်းရေးမှူးတို့ဘာတို့ လုပ်ခဲ့ဖူးတာမှအပ ကျွန်တော်အဖွဲ့အစည်းတွေမှာ သိပ်မလုပ်ချင်ဘူး၊ ဆိုပါတော့ ကျွန်တော်က ၁၆၊ ၁၇ နှစ်သားလောက်ကတည်းက ကျောင်းသားသမဂ္ဂဥက္ကဋ္ဌလုပ်ခဲ့တာ၊ ကျွန်တော့်ထက်အသက်ကြီးတဲ့ လူတွေကြားထဲမှာ ကျွန်တော်ကကျောင်းသားသမဂ္ဂဥက္ကဋ္ဌ လုပ်ခဲ့တဲ့လူ။ သို့သော် ကျွန်တော်တစ်ခြား ဘာအဖွဲ့မှမလုပ်ဘူး၊ ပြီးတော့အဖွဲ့တွေဘာတွေမှာ ကျွန်တော်မပါချင်ဘူး။ ကျွန်တော့်ဖာသာ အေးအေးဆေးဆေးနေချင်တယ်ဆိုပြီး

နေတာ၊ သို့သော် သတင်းစာဆရာ အသင်းဆိုတော့ ကိုယ့်ရဲ့ အသက်မွေးဝမ်းကြောင်းပညာဖြစ်တဲ့အခါကျတော့ အဲဒီမှာ ကျွန်တော်ပါခဲ့တာပေါ့။ သို့သော် အဲဒီမှာပါခဲ့တာမှအပ ကျွန်တော် စာရေးဆရာအသင်းတောင်မဝင်ဘူး၊ အဲလိုနေခဲ့တာ၊ အဲဒါကြောင့် စာနယ်ဇင်း သမဂ္ဂဖွဲ့တဲ့အခါကျတော့ လူတွေစဉ်တဲ့အခါကျတော့ ဘယ်လိုလုပ်မလဲဆိုတော့ ကျွန်တော်စဉ်းစားမိတာက ဆရာမောင်သော်ကာကို စဉ်းစားမိတယ်၊ ဆရာတင်မိုးလို ပုဂ္ဂိုလ်မျိုးကို စဉ်းစားမိတယ်၊ ဆရာပါရဂူဗျာ ကျွန်တော်တို့ စဉ်းစားတဲ့ဟာက ဆရာမောင်စွမ်းရည်ဗျာ၊ ကျန်တဲ့နာမည်ကြီးတဲ့ အယောက်တော် လူအောင်တို့ ဘာတို့ အဲဒီလိုကျွန်တော်က စဉ်တယ်ဗျ၊ အဲဒီလို စဉ်တဲ့နေရာမှာ အဲဒီလိုဟာမျိုးကို စီကာစဉ်ကာလုပ်တဲ့နေရာမှာ တော်တော်ကိုဝါသနာပါတဲ့ အဖွဲ့အစည်းတို့ ဘာတို့မှာ လူတွေနေရာချထားမှုတို့ လူတွေရွေးတာတို့ ဘာတို့မှာ တော်တော် ဝါသနာပါတဲ့ပုဂ္ဂိုလ်က ရှိနေတယ်၊ ဘယ်သူလဲဆိုတော့ ကိုဝင်းခက်ပေါ့၊ ကိုဝင်းခက်က အဲဒီလိုဟာမျိုးတွေမှာ တော်တော့ကို ဝါသနာပါတယ်၊ လုပ်ရင်လည်း တော်တော့ကို စေ့စေ့စပ်စပ်နဲ့လုပ်တယ်၊ တစ်ခါ တလေကျတော့လည်း အဆင်မပြေတာလေးတွေလည်း ရှိတယ်ပေါ့၊ စကား များတာတို့ ဘာတို့လည်း ဖြစ်တတ်တယ်၊ အဲဒီလိုပေါ့ သူ့ရဲ့အနေအထား။ စာနယ်ဇင်းသမဂ္ဂကိုလုပ်မယ်လည်းဆိုတဲ့အခါကျရော အဲဒီမှာ ကိုဝင်းခက် ကလည်း တစ်ချို့လူတွေ သူဖြုတ်ခဲ့တဲ့ လူတွေရှိတယ်။

အဲဒီအတွက် ကျွန်တော်တို့မှာလည်း နောက်ပိုင်းပြဿနာတွေ အများကြီး ပေါ်လာတာတွေရှိတယ်၊ ဆိုပါတော့ဗျာ၊ နမူနာအားဖြင့် မန်းညွန့်မောင်တို့ဘာတို့ပေါ့၊ မန်းညွန့်မောင်ဆိုတာကလည်း ဘာပဲပြောပြော စာတွေပေတွေ ရေးသားနေတဲ့လူ ကရင်အမျိုးသားပေါ့၊ အောင်ပြည့်တို့ဘာတို့ ဆိုတဲ့ဟာတွေ ချန်ခဲ့ရတာမျိုးတွေရှိတယ်။ နောက်ဆုံးပိတ်လည်းကျရော တကယ်ဖွဲ့တဲ့အခါကျ တော့ တင်မိုးတို့ ဘာတို့လည်းပါမလာပြန်ဘူး။ ဒီလူနဲ့ အဆက်အသွယ် မရဘူးလို့ ဘာတို့ဖြစ်ပြီး ကျန်ခဲ့တာတွေရှိတယ်။ နောက်တစ်ခါ ကျွန်တော်တို့က နာယကတင်ချင်တယ်၊ ဆရာကြီး မင်းသုဝဏ်တို့ ဆရာကြီးဇော်ဂျီတို့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ရဲ့ စိတ်ဓါတ်အားမာန်တွေကို တွေ့တဲ့အခါကျတော့ ဒီဆရာကြီးတွေကို ကျွန်တော်တို့က နာယကကြီးတွေအနေနဲ့ လုပ်ကြရအောင်ဆိုပြီးတော့ ဒီလိုစဉ်းစားပေမယ့်လည်း တစ်ကယ်ဖွဲ့တဲ့အခါကျတော့ ပါမလာဘူး။ အဲဒီလို ဖြစ်တဲ့ဟာတွေ အများကြီးရှိတယ်၊ အဲဒီထဲမှာ ထပ်ပြီးဖြစ်တာက ကျွန်တော်တို့မပါစေချင်တဲ့လူက ပါလာတယ်၊

အဲဒီတော့ ကျွန်တော်တို့ရည်ရွယ်တဲ့အတိုင်း ဖြစ်မလာဘဲနဲ့ ဘယ်သူဖြစ်လာသလဲဆိုတော့ သမဂ္ဂဥက္ကဋ္ဌက ကိုသော်က၊ ဒုတိယဥက္ကဋ္ဌက ကျွန်တော်ဆိုပြီးတော့ပါလာတယ်၊ အဲဒီတော့ အတွင်းရေးမှူးက ကိုမိုးသူ တွဲဖက်အတွင်းရေးမှူးက ကိုဝင်းခက်ဆိုပြီးတော့ လုပ်ကြတယ်၊ အဲဒီလို လုပ်ရင်းကနေပြီးတော့ နောက်ပိုင်းကျတော့ တစ်ချို့တွေက အဖွဲ့ထဲမှာ မနေနိုင်ဘူးတို့ ထွက်မယ်တို့ ဘာတို့ဆိုတာတွေလည်းရှိခဲ့တယ်၊ ဖြစ်သွားတယ်ပေါ့၊ အဲဒီထဲမှာ ဥပမာဆိုပါတော့ လေသူရဲတစ်ဦးပေါ့၊ သူက ကော်မတီထဲမှာ မလုပ်နိုင်ဘူးဆိုပြီးတော့ ထွက်သွားတာလည်း ရှိတယ်ပေါ့၊ သို့သော်ဘာပဲပြောပြော ကျွန်တော်တို့လည်း လုပ်နိုင်သမျှ လုပ်ကြတယ်ပေါ့။

**စာနယ်ဇင်းသမဂ္ဂနဲ့ သပိတ်လွှတ်တော်**

ပြည်သူ့အရေးတော်ပုံကာလ စာနယ်ဇင်းသမဂ္ဂကို ကျွန်တော်တို့ ဖွဲ့စည်းနိုင်ခဲ့ကြပါပြီ။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်တို့ ဘာတွေလုပ်သလဲဆိုတော့ အလုပ်သမားတွေ၊ ကျောင်းသားတွေရှိတဲ့ သပိတ်တွေနဲ့ ကျွန်တော်တို့ ဆက်စပ်မိအောင်ပေါ့။ ဒါကလည်း ကျွန်တော့်ရဲ့ ပရော်ဖက်ရှင်နယ် (Professional)ပုံသဏ္ဌာန်ကိုက အဲဒီလိုပဲကိုး၊ သတင်းစာက သူများသတင်းရေးပေးတယ်ပေါ့၊ အဲဒီလိုဟာတွေလုပ်တဲ့အတိုင်းပဲ ကျွန်တော်တို့ ဆက်စပ်မှုတွေလုပ်တယ်၊ လုပ်တဲ့ထဲမှာ ထူးထူးခြားခြား ကျွန်တော်မှတ်မိတာ တစ်ခုက ကျွန်တော်တို့ ကြိုးစားပြီးတော့ မဖြစ်လိုက်တဲ့ဟာက ဘာလဲဆိုတော့ ကျွန်တော်တို့က သပိတ်လွှတ်တော်ဆိုတဲ့ဟာ ခေါ်ဖို့ကြိုးစားတယ်။ အကြံပေးကြတယ်၊ ဥပမာဆိုပါတော့ အထက်ဗမာပြည်ကနေပြီးတော့ သပိတ်တွေက ချိတက်ချင်တယ်။ ချိတက်ချင်တော့ ကျွန်တော်ကပြောတယ်။ ချီတက်တာကောင်းတယ်။ သို့သော် ဒီအချိန်မှာ ချီတက်လို့ကောဖြစ်နိုင်မလား အဲ့တော့ ချီတက်တာလည်း ဒီအတိုင်း ဟိုလူကချီ ဒီလူကချီ ရန်ကုန်ထဲမှာဖြစ်သလို လုပ်မယ့်အစားကို အဲအချိန်တုန်းက မန္တလေးမှာ ဆန္ဒပြတဲ့အခါကျတော့ မန္တလေးက ဘုန်းကြီးတွေ ဆရာတော် သံဃာတော်များရဲ့ ကွပ်ကဲမှုနဲ့ ကျကျနနစနစ်ကကျကို ဒီနေ့က ဘယ်ရပ်ကွက် ရပ်ကွက်တွေမှာ ဘယ်သူကစပြီးဘယ်လိုလှည့်မယ်၊ လူတွေလည်း မပင်ပန်း အပန်းမကြီးဘဲနဲ့ နေ့စဉ်နဲ့အမျှ ပြည်သူ့ဆန္ဒကို အင်နဲ့အားနဲ့ကို ဖော်ထုတ်နိုင်တဲ့ အနေအထားကိုရှိသွားတယ်။ အဲဒီဟာကို ကျွန်တော်က ယူဆပြီးတော့ ကျွန်တော်က ဥပမာဆိုပါတော့ အထက်ဗမာပြည်ကပုဂ္ဂိုလ်များ

ချီတက်လာမယ် ဆိုတဲ့ဟာမျိုးလုပ်မလား၊ သို့မဟုတ်လို့ရှိရင် သပိတ်လွှတ်တော် လိုဟာမျိုး လုပ်မလား အထက်ဗမာပြည်ကော၊ အောက်ဗမာပြည်ကော မြို့နယ် တွေ အကုန်လုံးကနေ စုပေါင်းပြီးတော့ လုပ်မလား စသည် ကျွန်တော်တို့အဲဒါ တွေပြောကြ၊ ဆိုကြ၊ ညှိကြပေါ့၊ ဒါတွေ ကျွန်တော်တို့လုပ်ခဲ့တယ်။ သို့သော် အဲဒီအဆင့်ထိမရောက်ခဲ့ ဘူး။ ဒါကျွန်တော် မှတ်မိတာတစ်ခုပေါ့။

## လျှို့ဝှက်အစည်းအဝေး အတွေ့အကြုံ

နောက်တစ်ခု ဘာမှတ်မိလည်း ဆိုလို့ရှိရင် တစ်ရက်မှာ ကျွန်တော်နဲ့ ကိုဝင်းခက်ပါတယ်နဲ့တူတယ်၊ ကိုဝင်းခက်ရယ်၊ ကိုမိုးသူရယ် သုံးယောက်လောက် ကျွန်တော်တို့ အလုပ်သမားတွေကနေပြီးတော့ ဆွေးနွေးပွဲရှိတယ်။ လျှို့ဝှက် ဆွေးနွေးပွဲသွားကြမယ်ဆိုပြီးတော့ ကျွန်တော်တို့ဗိုလ်တထောင်ဆိပ်ကမ်း ဘက်ကိုသွားကြတယ်၊ သွားကြတော့မှတ်မိသေးတဲ့ဟာတစ်ခုက အုတ်တံတိုင်းကြီး မှာ သံတံခါးလေးရှိတယ်၊ အဲသံတံခါးလေးကနေပြီးတော့ ဝင်ကြရတယ်။ အဲ့လိုမျိုး ဝင်ပြီးတော့ နှစ်ထပ်အဆောက်အအုံတစ်ခုမှာ ကျွန်တော်တို့ ထိုင်ကြတယ်၊ အလုပ်သမားတွေ၊ သမဂ္ဂသပိတ်ပေါင်းစုံပေါ့၊ သပိတ်ပေါင်းစုံ ဆွေးနွေးရင်း ဆွေးနွေးရင်းနဲ့ ဘယ်တွေရောက်လို့ ရောက်မှန်း ကျွန်တော်တို့လည်း မသိတော့ဘူး။ ကျွန်တော်မှတ်ဉာဏ်နည်းသွားတာလည်း ပါတယ်ပေါ့၊ ဒါအပြင်ကို အဲဒီ အချိန်တုန်းက တော်တော်ကို ရှုပ်ရှုပ်ထွေးထွေးဖြစ်တာလည်း ပါတယ်ပေါ့၊ ဘယ်လောက်တောင် ဖြစ်လည်းဆို နောက်ဆုံးပိတ်လည်းကျရော တစ်ခါတည်း ဓားဆွဲထုတ်တဲ့လူတို့ဘာတို့ အထိတောင်ဖြစ်ကြတယ်။ ဒါကြောင့် ကျွန်တော်တွေး မိတယ် အော်တော်လှန်ရေးတို့ဘာတို့ဆိုတာ ဒါမျိုးကဖြစ်တတ်ပါလား သို့မဟုတ်လည်း ခေါင်းဆောင်မှုက ဘယ်လောက်လိုအပ်သလဲဆိုတာ ကျွန်တော် သတိထားမိတယ်ပေါ့။ ဒါပေမယ့် ကောင်းကောင်းမွန်မွန်ဖြစ်ပါတယ်။ ထိန်းသိမ်း နိုင်တဲ့လူတွေလည်း ရှိကြတယ်။ အလုပ်သမားတွေ တချို့သပိတ်တွေက ခေါင်းဆောင်တွေလည်း ပေါ်လာပြီးတော့ ထိန်းသိမ်းမှုနဲ့ လုပ်နိုင်တဲ့ဟာတွေလည်း ရှိတယ်။ အေးအေးဆေးဆေးတော့ ဖြစ်သွားပါတယ်၊

သို့သော်အတော်ကို စိုးရိမ်စရာဖြစ်သွားတာပေါ့ စိုးရိမ်စရာကောင်းတယ် ဆိုတာက ခုနပြောသလို ဟိုးဘက်မှာကမြစ်၊ ဒီအထဲမှာက ဟိုဘက်မှာက လမ်းမကြီးနဲ့တံတိုင်းကြီးပဲရှိတယ်။ လမ်းတံတိုင်းကြီးမှာလည်း အုတ်တိုင်အပေါက် လေးတွေပဲရှိတယ်။ အကြောင်းကြောင်းကြောင့်သာ ကျွန်တော်တို့ တစ်ခုခုနဲ့

သတင်းပေါက်ကြားပြီးတော့ စစ်တပ်လာပြီးတော့ ဖမ်းမယ်ဆိုလို့ရှိရင် သပိတ်ခေါင်းဆောင်ပေါင်းမြောက်မြားစွာဟာ တစ်ခါတည်း အကုန်လုံး စစ်တပ်လက်ထဲမှာ ပိတ်မိနေမယ့်အနေအထား။ လူထုလှုပ်ရှားမှုတို့ဘာတို့လုပ်တဲ့အခါမှာကျွန်တော်တို့က ခေါင်းဆောင်မှုအများကြီးလိုတယ်၊ သို့မဟုတ် ထိန်းသိမ်းနိုင်မှု လိုနေပါလားဆိုတာကို ကျွန်တော်သတိထားမိတယ်။ ဒါပေမယ့်လို့ ခုနပြောသလို ဘာဖြစ်လို့ ဒီဟာတွေကအကုန်လုံးအေးအေးချမ်းချမ်း ပြန်ဖြစ်သလဲဆိုတော့ တစ်ဖက်ကပြန်ကြည့်တဲ့အခါကျတော့ လူတွေဟာ အကျင့်မရှိတဲ့အတွက် ဒီလိုညှိနှိုင်းတဲ့နေရာမှာ အခက်အခဲတွေရှိသော်ငြားလည်း ခုနပြောသလိုကို ငါကို့လုပ်နေတာ ဘာလုပ်နေသလဲဆိုတာ သဘောပေါက်သွားတဲ့အခါကျတော့ သူတို့သိပ်ပြဿနာကြီးကြီးမားမားတော့မရှိဘူး ထိမ်းလို့ချက်ချင်းရတယ်။ နောက်ပြီးတော့ အဲဒီကမှ စနစ်တကျပြန်ပြီးတော့ အလျှိုလျှိုသွားနေရာနဲ့သူ အပေါက်တွေ အပေါက်တွေကနေ စပြီးတော့ သပိတ်ခေါင်းဆောင်တွေ ပြန်ပြီးတော့ ထွက်သွားနိုင်ကြတယ်ပေါ့ဗျာ။

**ဆေးရုံးကြီးဝန်းထဲက နာမည်ကျော်စာနယ်ဇင်းစင်မြင့်**

အဲဒီလိုနဲ့ဆန္ဒပြပွဲတွေ အရှိန်မြင့်လာချိန်မှာ စာနယ်ဇင်းသမားတွေ ဟောပြောမယ့် စင်မြင့်တစ်ခု ထူထောင်ကြဖို့က ဘဝတူတွေကိုတင်ပြစည်းရုံးခဲ့တယ်။ အဲ့ဒီနောက် စာနယ်ဇင်းစင်မြင့်အတွက် နေရာကိုစဉ်းစားကြပါတယ်။ ဆေးရုံကြီးက အဲ့အချိန်တုန်းက ဆရာဝန်များက ကြီးမှူးတဲ့ သပိတ်ကော်မီတီပေါ့ သပိတ်ကြီးကြပ်ရေးကော်မီတီတစ်ခုပေါ်တယ်၊ အဲဒီသပိတ်ကြီးကြပ်ရေးကော်မီတီက ရှိတဲ့အခါကျတော့ အကောင်းဆုံးနေရာဟာ ဆေးရုံကြီးပဲ ဆေးရုံကြီးမှာလည်း ဆရာဝန်တွေကလည်း ညီညွတ်တယ်၊ ထင်ရှားတဲ့ခေါင်းဆောင်ကတော့ ဒေါက်တာတင်မျိုးဝင်းနဲ့ ဒေါက်တာသက်မင်းပေါ့ နောက်ပိုင်းမှာ ကျွန်တော်တို့ အန်အယ်လ်ဒီထဲမှာပါလာပြီးတော့ ဗဟိုကော်မီတီများဖြစ်လာတဲ့ ဒေါက်တာသက်မင်း နောက်တစ်ခါ ဒီဒေါက်တာတင်မျိုးဝင်းပေါ့ ဒေါက်တာတင်မျိုးဝင်းကတော့ ခုထက်ထိလည်း ဆရာဝန်ကြီးအနေနဲ့ မွတ်ဆလင်ဆေးရုံမှာ ဆောင်ရွက်နေတယ်။ နောက်ပြီးတော့ ဒေါ်စုရဲ့ ကျန်းမာရေးကိုလည်း အစိုးရက ခွင့်ပြုသလောက် ပုံမှန်တွေ့ပြီးတော့ ဒေါ်စုကျန်းမာရေးကို စောင့်ရှောက်နေတဲ့ ဆရာဝန်ကြီးပေါ့ ဒီဆရာဝန်ကြီးတွေက အဲ့လောက်တုန်းက အလွန်တက်ကြွပြီးတော့ အလွန်ကို စီမံခန့်ခွဲနိုင်တဲ့အဖွဲ့ပေါ့။ နောက်ပြီးတော့ အထူးသဖြင့်ကတော့

သပိတ်တွေအားလုံးရဲ့ နိုလ့်ုရာလည်း ဗိုဆေးရုံကြီးလိုဖြစ်လာတာကို၊ အခြား စစ်တပ်ကဝင်ဖမ်းတာတို့ဘာတို့ ပြဿနာကလည်း အမျိုးစုံ ခဏခဏဖြစ်တတ်တော့ဗိုဆေးရုံမှာက နိုလ့်ုရာစခန်း အကောင်းဆုံးလို ဖြစ်နေတဲ့ အခါကျတော့ အဲခုနပြောတဲ့ သပိတ်ကြီးကြပ်ရေးကော်မီတီကနေပြီးတော့ ဒေါက်တာ တင်မျိုးဝင်းတို့ ဒေါက်တာသက်မင်းတို့ရဲ့ ဦးဆောင်မှုနဲ့ပေါ့၊ အခြားသပိတ်တွေကလည်း အကုန်းလုံးလုပ်ငန်းတွေလုပ်ဖို့၊ ဟောပြောပွဲတွေလုပ်ဖို့က အဆင်ပြေနေတဲ့နေရာပေါ့၊ အဲဒါနဲ့ကျွန်တော်က ဟောပြောတဲ့ စင်မြင့်တစ်ခု ထူထောင်ကြစို့ဆိုပြီးတော့ အဲ့ဒီမှာ စင်မြင့်တစ်ခုထောင်တယ်။ ဒီစင်ကြီးကို ထူထောင်ဖို့က ကျွန်တော်တို့စာနယ်ဇင်း ကော်မီတီကနေပြီးတော့ ဆုံးဖြတ်လိုက်တာပေါ့၊ ဒါပေမယ့် အဲဒီစင်မြင့်ကို စီမံခန့်ခွဲတဲ့လူက ကိုဝင်းခက်၊ ကိုဝင်းခက်က တာဝန်ယူပြီးတော့ အဲဒီမှာ အကုန်လုံးစီစဉ်တာပါပဲ၊ ဟောပြောမယ့်လူ ဘာညာပေါ့၊ ကျွန်တော်ထင်တယ်၊ ဩဂုတ်လ (၂၀)ရက်ကျော်ပေါ့။ အဲဒီတော့ ကျွန်တော်တို့ ဒီစင်မြင့်ကို ဘယ်မှာထိုးသလဲဆိုတော့ အခုဗိုဆေးရုံကြီးထဲက သရက်တောကျောင်းတိုက်ဘက်၊ ဆေးရုံဘက်ကဝင်လာရင် တည့်တည့်ပေါ့။ နှလုံးရောဂါကုဌာနရဲ့ရှေ့မှာ ကျွန်တော်စင်မြင့်ထိုးတယ်။

## စင်မြင့်ဖွင့်ပွဲနဲ့ ကျွန်တော်

ပြီးတော့အဲဒီမှာ ဟောပြောပွဲတွေ လုပ်ဖို့ဆိုပြီးတော့ စီစဉ်တော့ ပထမဆုံးဖွင့်တဲ့ဟာမှာ ကျွန်တော့်ကို စကားပြောခိုင်းတယ်၊ ကျွန်တော်ကလည်း အမှန်အတိုင်းပြောရရင် လူထုပရိတ်သတ်ရှေ့မှာ ဟုတ်တိပတ်တိသိပ်ပြီး စကားကပြောတတ်တာ မဟုတ်ဘူး။ ဒါကတစ်ခု အဲ့ဒီစင်မြင့်မှာ နောက်တစ်ခုက ကျွန်တော်က ကျွန်တော့်အသံက သိပ်ပြီးတော့ မထွက်ဘူး၊ အလွန်တိကျစွာစီမံဆောင်ရွက်တတ်တဲ့ ကိုဝင်းခက်က အကုန်လုံးလည်း လုပ်ပြီးရော စင်ကိုလုပ်ဖို့တို့ ဟောပြောမယ့် လူပုံသဏ္ဍာန်လုပ်ဖို့တို့ လူတွေကို ဘယ်လိုစုဖို့တို့ အကယ်၍ စစ်တပ်ကလာရင် ဘယ်လိုကထွက်မယ်တို့စသည် သူအကုန်လုံးလုပ်တယ်၊ ဒါပေမယ့် အဲ့ဒီအချိန်ထဲမှာ ဘာကမပါဘူးလည်းဆိုတော့ လော်စပီကာမပါဘူး၊ ရှာမရလို့လား သို့မဟုတ်လည်း ကိုဝင်းခက်မေ့လို့လားမသိဘူး။ ကျွန်တော့်ကို စပြီးတော့ဖွင့်ပါ၊ ဦးဝင်းတင် စပြီးတော့စကားပြောပါ ဆိုတော့ ကျွန်တော်က အဲဒီမှာစပြီးစကားပြောတာပေါ့ဗျာ၊ ကျွန်တော်တက်ပြောတဲ့အခါကျတော့ ခုနပြောသလို ကျွန်တော်ကလည်း လူတွေကို တစ်ခါတည်းဖုံကြွလာအောင်ပေါ့၊

ကိုယ့်လူတို့လိုပေါ့ အလွန်အပြောကောင်း၊ အလွန်အဟောကောင်း၊ တက်ကြွအောင် မပြောတတ်တာကလည်း တစ်ပိုင်းပေါ့ နောက်တစ်ပိုင်းက ကျွန်တော်က အသံက သိပ်ပြီးတော့လည်း ကျယ်ကျယ်လောင်လောင်ရှိတာမဟုတ်တဲ့အခါကျတော့ လော်စပီကာလည်း မရှိတဲ့အတွက် ဘာမှန်းမသိ ညာမှန်းမသိဘဲနဲ့ ဘယ်သူမှလည်း ကြားပုံမပေါ်ဘူး ၊ အောက်ကလူတွေကလည်း အော်ဟစ်ဆူညံနေတာ ကျွန်တော်လည်း ဘာပြောမိလို့ပြောမှန်းမသိဘဲနဲ့ ဖွင့်ပွဲဖြစ်သွားတယ်။

# အခန်း (၁၃)

## ရှစ်လေးလုံးအရေးတော်ပုံနဲ့ ဒေါ်အောင်ဆန်းစုကြည်

### ကျောင်းသားစင်မြင့်နဲ့ ဗိုလ်ချုပ်ကြီးတင်ဦး

ဂဇအရေးတော်ပုံအတွင်း ဆေးရုံကြီးဝင်းထဲက စာနယ်ဇင်းစင်မြင့်နဲ့ ယှဉ်ရက် ကွက်လပ်မှာ ကျောင်းသားတွေရဲ့စင်မြင့်တစ်ခုလည်း ပေါ်လာခဲ့တယ်။ ဘယ်ကျောင်းသားတွေလည်းလို့တော့ ကျွန်တော်မသိဘူး၊ မင်းကိုနိုင်တို့လို ကျောင်းသားတွေလား၊ သို့မဟုတ်ရင်လည်း အဲဒီတုန်းက မင်းဇေယျာတို့ ကျောင်းသားတွေပဲလား ဆိုတာတွေကိုလည်း ကျွန်တော်မသိဘူး၊ အဲဒီကျောင်းသားတွေကပဲ စင်မြင့်တစ်ခုထိုးတယ်၊ အဲဒီစင်မြင့်မှာ ဗိုလ်ချုပ်ကြီးတင်ဦးကနေပြီး လာပြီးတော့ ဟောပြောတာရှိတယ်၊ ဗိုလ်ချုပ်ကြီးတင်ဦးကလည်း တော်တော် စောစောကတည်းကနေပြီးတော့ ကျွန်တော်တို့စင်မြင့်ဖွင့်ပြီးတော့ နောက်တစ်နေ့ လောက်မှာကို ဟောပြောတာပဲ။

### ဒေါ်အောင်ဆန်းစုကြည်ကို စင်တင်ဖို့အကြံရ

နောက်တစ်ခုက ကျွန်တော်တို့ စင်မြင့်ကိုဖွင့်ပြီး စကားတွေ ဘာတွေ ပြောပြီး စာရေးဆရာတွေတက်ဟောပြီဆိုလည်းဆိုရော ကျွန်တော်က စိတ်ကူး ရတာက ဘာရသလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ကို ဒီစင်မြင့်ပေါ်မှာတင် ရမယ်ဆိုပြီတော့ ကျွန်တော်ထင်တယ်၊ အကြံပေးတာက ကိုမိုးသူလို့ ကျွန်တော်

ထင်တယ်၊ သို့မဟုတ်ရင်လည်း ကိုသော်ကလည်း ဖြစ်မယ်ထင်တယ်၊ အကြံပေးတယ်၊ ဒီထဲမှာ အကြံပေးတာက ကျွန်တော်တို့ ကိုဝင်းခက်တို့ ပေးတာမဟုတ်ဘူး၊ အဲဒီဟာကို ဘာဖြစ်လို့ ကျွန်တော်နည်းနည်းလေး ထည့်ပြောသလဲဆိုတော့ အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ဖြဲ့ထဲမှာလည်း စပြီးလှုပ်ရှားနေပြီပေါ့၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း သူ့ဖြဲ့ထဲကနေပြီးတော့ သပိတ်တွေနဲ့ ပတ်သက်ပြီးတော့ တွေ့ဆုံတာတွေရှိနေပြီ၊ တွေ့ဆုံတဲ့အဖွဲ့မှာ သခင်တင်မြတို့ ဘာတို့ လုပ်ပေးနေရတယ်၊ သခင်အုန်းမြင့်တို့ကလည်း ဒေါ်စုရဲ့အိမ်မှာပဲ နေပြီးတော့ ဒေါ်စုနဲ့တွေ့ဆုံဆွေးနွေးပြောဆိုဒါတွေ လုပ်နေကြပြီး၊ ဒေါ်စုရဲ့ ဖြဲ့ထဲမှာ (Gravity of ) ဂရယ်ဗတီးအော့ဗ် သပိတ်ပေါ့ဗျာ၊ သပိတ်ရဲ့ ဗဟိုဌာနတစ်ခုလို ဖြစ်စပြုနေတဲ့ အဲဒီလိုစုစည်းသလိုဖြစ်နေတဲ့ အချိန်မှာ ကျွန်တော်တို့ စာနယ်ဇင်းလောကထဲကနေပြီးတော့ သွားလာဝင်ထွက်နေတဲ့သူဟာ ၂ယောက်ပဲရှိတယ်၊ အဲဒီအချိန်မှာ အစောဆုံး ဒေါ်စုရဲ့ဆီမှာချဉ်းကပ်မိတာ သို့မဟုတ် ဒေါ်စုနဲ့ လက်တွဲမိတာ မောင်သော်ကနဲ့ ကိုမိုးသူ၊ ကိုမိုးသူရဲ့သားဖြစ်တဲ့ ပန်းသီးဆိုတဲ့ ကိုမိုးသူရဲ့သားကလည်း လူငယ်အဖွဲ့ဆိုပြီးတော့ ဒေါ်စုနားမှာရှိနေတဲ့ လူငယ်ထဲမှာ တစ်ဦးအဖြစ်နဲ့ပါတာပေါ့။ အဲဒီလူငယ်တွေကလည်း တော်တော်တက်တက်ကြွကြွလုပ်နေတဲ့အချိန်။ ဒါကအနေအထား။

ကျွန်တော်က အဲဒီအချိန်မှာ စင်မြင့်ကို ဒေါ်စုနဲ့ ဖွင့်မယ်ဆိုပြီး လုပ်တော့ အဲဒီရက်တစ်ရက်ပေါ့ ကျွန်တော်ရက်တော့မမှတ်မိဘူး၊ အဲဒီရက်မှာ ထူးထူးခြားခြားကြီး လူထုကလည်း စည်ကားနေတယ်၊ အဲဒီတော့ ကျွန်တော်တို့က ဒေါ်စုကိုသွားပြီးတော့ ဒေါ်စုထွက်ပြီးတော့ စင်မြင့်တက်ပါ ဒီစာနယ်ဇင်းစင်မြင့်ဟာ ပထမဆုံးဒေါ်စုတက်ဖို့ကောင်းတယ်၊ ဒေါ်စုလူထုကြားထဲမှာ ဟောပြောပွဲတွေ လုပ်မယ်ဆိုလို့ရှိရင် ဒီနေရာဟာ ဒေါ်စုအတွက် အကောင်းဆုံးနေရာပဲဆိုပြီးတော့ ဒေါ်စုဟောပြောရမယ်ဆိုပြီးတော့ ဒေါ်စုကို ချဉ်းကပ်တယ်၊ ချဉ်းကပ်တာနဲ့ ပတ်သက်လို့လည်း တစ်ခါကျွန်တော်တို့ကြားတာကတော့ ဒေါ်စုနားမှာရှိတဲ့ တာဝန်ရှိတဲ့လူတွေ ဘာတွေကမဟုတ်ဘူး ခင်ဗျားတို့ ဒီဟာ ဒေါ်စုအပြင်ထွက်ပြီးတော့ လူထုပရိတ်သတ်ကြားထဲမှာ ဟောပြောပွဲကို သွားသင့်သလား၊ လုပ်ကြမယ်ဆိုရင် ခင်ဗျားတို့ဘယ်လိုဖြစ်မလဲ ဘာညာပေါ့၊ အဲဒါတွေ ရှိတယ်လို့ပြောတယ်၊ ဒါပေမယ့်လို့ ဒါတွေအကုန်လုံးကို ဒေါ်စုက အိုဗာဒူး (Overdo) လုပ်တာပဲဆိုပြီး၊ ပယ်ချပြီးတော့ သို့မဟုတ်လည်း ကျော်လွှားပြီးတော့ မဟုတ်ဘူး ကျွန်မဟောမယ်၊ လူထုနဲ့တွေ့ရမယ်၊ တွေ့တဲ့အခါမှာ ဒီစာနယ်ဇင်းစင်မြင့်မှာ

တွေ့ရမှာပဲ ဆိုပြီးတော့ လုပ်တယ်၊ ဒီဟာကလည်း နောက်ပိုင်းမှာ ထင်ရှားလာမယ်ပေါ့၊ ကျွန်တော်တို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုမှာ အခြေချလာမယ့် လက္ခဏာတစ်ရပ်ပဲ၊ ဘာဖြစ်လို့ အဲဒါဖြစ်သလဲဆိုတော့ ဒေါ်စုက နောက်ပိုင်းမှာသူ့ကို မကြာခဏ၊ ဥပမာဆိုပါတော့ ဒေါ်စုအသက်မြန်မာပြည်ကို ခရီးထွက်ဖို့ လူထုဆွေးနွေးပွဲသွားဖို့ ဒေါ်စုက အဲဒါတွေ စီစဉ်တဲ့အခါအတိုင်းမှာ ဒီပြဿနာတွေ အမြဲတမ်းတက်လာတယ်၊ ဘယ်လိုလုပ်မလဲ၊ လုပ်ကြရင်ဘယ်နှယ်လုပ်မလဲ၊ ဆိုတဲ့ဟာနဲ့ အကုန်လုံးဟန့်တားတယ်။ ကျွန်တော်ထင်တယ် နိုင်ငံရေးလုပ်ငန်းလုပ်တဲ့နေရာမှာ အတော်စဉ်းစားစရာကောင်းတဲ့ပြဿနာ၊ ဘာလို့ပြဿနာလဲဆိုတော့ ဒီလိုစိုးရိမ်စိတ်နဲ့ တွေးတောချက်နဲ့ ထိန်းထိန်းသိမ်းသိမ်းလုပ်ချင်တာလည်း အမှန်အတိုင်းသာ ပြောရရင် နိုင်ငံရေးလုပ်တဲ့နေရာမှာ အလွန်အရေးကြီးတာပဲ။

## နိုင်ငံရေးမှာ စွန့်လွှတ်စွန့်စား လုပ်သင့်မလုပ်သင့်

အဲဒီလိုထိန်းသိမ်းချင့်ချိန်မှု အရေးကြီးသလို နိုင်ငံရေးဆိုတာ စွန့်စားမှုနဲ့ ဒွန်တွဲနေတယ်။ ကျွန်တော်က ဒေါ်စုနဲ့ အဲဒီအချိန်ထိ ကျွန်တော်မသိဘူး၊ သျှိခဲ့ထဲလည်း ကျွန်တော်သွားတယ်လည်းမဟုတ်ဘူး၊ ခုနကပြောသလိုပဲ ကိုသော်ကနဲ့ ကိုမိုးသူပဲရောက်ကြတယ်။ ကျွန်တော်တို့ ကိုဝင်းခက်တို့ ဟုတ်လား စသည်လူတွေက မရောက်ကြဘူး၊ ဒါပေမယ့်လို့ ကျွန်တော်အဲဒီမှာ သွားသတိထားမိတဲ့အချက်ကဘာလဲဆိုရင် ဒါ နောက်ပိုင်း နိုင်ငံရေးရဲ့အနေအထားတွေကိုလည်း ထင်ရှားစေတဲ့အချက်ပေါ့၊ ဘာလဲဆိုရင် စိုးရိမ်တဲ့လူတွေ အများကြီးရှိတယ်၊ မှန်တယ် ဒါစိုးရိမ်ရမယ်၊ ထိန်းသိမ်းရမယ်၊ သို့သော် နိုင်ငံရေးဆိုတာက စိုးရိမ်ရုံနဲ့ မပြီးဘူး၊ နိုင်ငံရေးဆိုတာ ရစ်ခ် (Risk) ဆိုတာကတော့ ယူရတာပဲ၊ မှားသွားတော့လည်း အပြစ်ပြောခံရတာရှိတယ်ပေါ့၊ နိုင်ငံရေးမှာ စွန့်လွှတ်ရတဲ့ ဟာလေးက ဘယ်တော့ဖြစ်ဖြစ်ရှိတယ်၊ နိုင်ငံရေးဆိုတာဘယ်သူမှ ဗေဒင်ဟောနိုင်တာ မဟုတ်ဘဲကိုး။ နိုင်ငံရေးမှာ စွန့်လွှတ်ခြင်းမရှိဘဲနဲ့ ဘယ်တော့မှ ရှေ့တိုးလို့မရဘူး။ ဒေါ်စုရဲ့ ကာရိုက်တာ (Character) ကအဲဒါပဲ၊ ဒေါ်စုက အမြဲတမ်း ရှေ့ကိုတိုးဖို့ ကြံရွယ်ချက်ရှိတယ်၊ ဦးတည်ချက်ရှိတယ်၊ ရှေ့ပဲတိုးဖို့လုပ်တယ် အမြဲတမ်းပဲ ရှေ့ကိုတိုးတာ၊ ရှေ့ကိုတိုးဖို့လုပ်တဲ့နေရာမှာ ဒေါ်စုက ဘယ်တော့ဖြစ်ဖြစ်စွန့်တယ်၊ ဘေးကလူတွေက ဘယ်လောက်တားတား။ ဒီကာရိုက်တာဟာ ပထမဦးဆုံးစပြီးတော့ သတိထားမိတာပေါ့၊ ဒေါ်စုမှာ ဒီကာရိုက်တာရှိပါလား၊ ဒီကာရိုက်တာမျိုးကို ကျွန်တော်ကြိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါဒီလိုမျိုးလုပ်ရမှာပဲ၊

နိုင်ငံရေးမှာ စွန့်မလုပ်ဘူးဆိုရင် ဘာလုပ်မလဲ ဒီအလုပ်က ပုံသေကားချပ်လို ရှုံ့တက်တဲ့အလုပ်မှမဟုတ်ဘဲ၊ စွန့်လုပ်ရမှာပေါ့၊ အဲတော့ ဒေါ်စုမှာ ဒီဟာရှိတယ်ဆိုတာ ကျွန်တော်သွားတွေ့တယ်။ အဲဒီဟာက နောက်ပိုင်းသူနဲ့ နိုင်ငံရေးအတူတွဲလုပ်တဲ့အခါကျတော့ ဒီဟာတွေတွေ့လာတယ်၊ NLDမှာ လုပ်တော့ ဥပမာဆိုပါတော့ ပြည်တွင်းမှာရှိတဲ့ ခရီးတွေထွက်ဖို့ဆိုရင် လူကြီးလုပ်တဲ့ လူတွေက ကျွန်တော့်ကိုခေါ်ပြောတယ် ဘာဖြစ်လို့လဲဆိုတော့ ဒီခရီးသွားပလင် (Plan)တွေ ကျွန်တော်ရေးရတာကိုး ကျွန်တော်က ပရိုပို့စ် (Propose) လုပ်တယ်။ ဒေါ်စုလူထုဆီ ခရီးထွက်ဖို့ကောင်းပါတယ်လို့ စီအီးစီမှာ ကျွန်တော်ပြောတယ်၊ ပြောတဲ့အခါကျတော့ ဒေါ်စုတနေပြီးတော့ သဘောတူတယ်၊ ကောင်းတယ်၊ ကျွန်တော် မှတ်မိသေးတယ်၊ ချက်ချင်းထပြီးတော့ ဒီစီအီးစီ အခန်းထဲကိုဝင်တဲ့ တံခါးမကြီးဘေးမှာ ကပ်ထားတဲ့ မြေပုံကြီးကို ကြည့်ပြီးတော့ ဆရာဘယ်လိုသဘောရလဲ၊ ဒီနေရာတွေ၊ ဒီနေရာတွေဘယ်လိုတွေရှိလဲ ဘာညာဘယ်မြို့ကဘယ်မှာလဲ၊ ဘာညာ အကုန်လုံးလျှောက်ပြီးတော့ တစ်ခါတည်းထက်ထက်သန်သန်ကြီးကိုလုပ်တယ်။ အဲတော့ကျန်တဲ့ စီအီးစီလူကြီးတွေကဘာမှမပြောဘူး။ အဲတော့ ကျွန်တော်က ဟုတ်တယ်၊ ဟော့ဒါက ဟောဒီမှာရှိတယ်၊ ဒီလိုသွားမယ်ဆိုလို့ရှိရင်တော့ ဒီလိုဒီလိုသွားဖို့ကောင်းတယ်၊ ဆိုတာတွေကျွန်တော်ကပြောတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကြေးမုံမှာ လုပ်ခဲ့တဲ့အချိန်တုန်းကအယ်ဒီတာချုပ်တွေနဲ့ လူကြီးတွေ နယ်ခရီးထွက်ကြတယ်။ အဲဒီခရီးထွက်တဲ့ ပလင် (Plan)တွေအကုန်းလုံးကို ကျွန်တော်ရေးပေးဖူးတယ်။ ကျွန်တော်တော့မသွားဘူး။ ဟို ဆရာဇဝနတို့ဘာတို့ ဦးသိန်းဖေမြင့်တို့ ကိုလှမြိုင်တို့ စသဖြင့် လူတွေတော်တော်များများသွားဖြစ်တယ်။ ကျွန်တော်တော့မသွားဖြစ်ဘူး။ ဒါပေမယ့် ကျွန်တော်က ခရီးသွားတာ ကျွန်တော်ကိုယ်တိုင်လည်း ဝါသနာပါတယ်။ နောက်ပြီးတော့ ဒေါ်စုလိုခေါင်းဆောင်မျိုးကတော့ ရစ်စ်ခ် (Risk)တော့ နည်းနည်းယူရမှာပဲ သို့မဟုတ်ရင် လူထုနဲ့ထိတွေ့မှုက သူလည်း အလွန်နည်းမှာပဲ၊ ကျွန်တော်တို့ဆိုတာတော့ ပြောမနေနဲ့တော့ ကျွန်တော်က လူတောကို သိပ်တိုးတဲ့သူ မဟုတ်တဲ့အခါကျတော့ ကျွန်တော့်ကို ဘယ်သူမှမသိဘူး။ သို့သော် ဒေါ်စုကလည်း အမှန်အတိုင်းပြောရရင် သူလူတွေအများကြီးထဲကို ထဲထဲဝင်ဝင်သွားဖူးတာမဟုတ်ဘူး။ သို့သော် ကျွန်တော်တို့က ဒီအတိုင်းပဲ လူမသိသူမသိဘဲနေလို့ရတယ်၊ သူကခေါင်းဆောင်တစ်ယောက်အနေနဲ့ နေလို့မရဘူး။

ဘာပဲပြောပြော လူထုနဲ့ထိတွေ့မှုက လိုကိုလိုတယ်။ အဲတော့ လိုကိုလိုတဲ့အတွက် သွားရမယ်ဆိုတဲ့ အခါမှာ ခုနကစိုးရိမ်တဲ့လူတွေရှိသလို ဒေါ်စုကအမြဲတမ်း စွန့်ပြီးတော့သွားမယ် ကိစ္စမရှိဘူး။ ဒါ စွန့်တာ ဒါအလွန်အရေးကြီးပါတယ်။ နိုင်ငံရေးမှာ မစွန့်ဘဲနဲ့ ရှေ့မတိုးနိုင်ဘူး၊ ရှေ့တိုးတယ်ဆိုတာကိုက စွန့်ရတာ ပါလာပြီ၊ ဘယ်လောက်ပဲ ပလင် Plan တွေလုပ်ပြီးတော့ ဘယ်လိုပဲ စီမံကိန်းတွေချပြီးတော့ လုပ်လုပ် ရှေ့တိုးမယ့်ဟာပါတာနဲ့တစ်ပြိုင်တည်း စွန့်လွှတ်မှုက ပါရတယ်။

## ဒေါ်စုပွဲထုတ်ရေး မထုတ်ရေးပြဿနာ

ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်ကို ရန်ကုန်ဆေးရုံကြီးမှာရှိတဲ့ ကျွန်တော်တို့ စာနယ်ဇင်းသမားတွေရဲ့စင်မြင့်ကနေ မိန့်ခွန်းပြောဖို့ ကျွန်တော်တို့ စီစဉ်ခဲ့ကြချိန်ဟာ ဩဂုတ်လ တတိယပတ်လောက်မှာပေါ့။ ကျွန်တော်တို့စင်က ဘယ်လိုဖြစ်နေသလဲဆိုတော့ လူထုစင်ဖြစ်နေတဲ့အတွက် စကားပြောတဲ့လူတွေက ဟိုလူဒီလူတက်ပြောကြတာပဲ။ ပြောချင်တဲ့လူတွေ အများကြီးပဲ၊ အဲဒါတော့ ကျွန်တော်တောင်မသိဘူး။ ကျွန်တော်ကတော့ စံပယ်ဦးကရှိတဲ့ ဌာနချုပ် ဟတ်ကွာတာ(head quatar)မှာ ပြန်လုပ်စရာရှိတာလုပ်၊ ကျွန်တော်လည်း လူတွေနဲ့လိုက်တွေ့၊ ကျောင်းသားတွေကနေ တစ်ခါတလေခေါ်သွား။ အိမ်ခေါင်မိုးတွေကနေဖြတ်ကျော်သွားတာထိလိုက်ဖူးတယ်၊ အများအားဖြင့် ကျွန်တော်နဲ့ ကိုယုလိုက်ကြတယ်၊ လူတွေက ကျွန်တော်တို့ကို ပြောတယ်၊ ခင်ဗျားတို့တွေ တစ်နေ့နေ့တော့ အသတ်ခံရမယ်၊ ပြန်ပေးဆွဲခံရမယ်၊ ထောက်လှမ်းရေးကခင်ဗျားတို့ကို လာလှည့်ဖတ်ခေါ်ပြီးတော့ ခင်ဗျားတို့ကို သတ်ပစ်လိုက်မယ်၊ ဒါပေမယ့် ကျွန်တော်တို့ သွားကြတယ်၊ ကိုယုလည်း လိုက်တယ်ဗျ။ ကျွန်တော်တို့ မှတ်မိတာ (၁၃)လမ်းထဲမှာ ကျွန်တော်တို့ ဆန်ကုန်သည်တွေဘာတွေ အိမ်တွေဝင်၊ အိမ်တွေကနေ တိုက်ခေါင်မိုးပေါ်တက်၊ ခေါင်မိုးပေါ်ကနေ ဟိုကူးဒီကူး အိမ်တွေကတဆင့် အိမ်ခန်းတစ်ခန်းထဲဝင် ကျောင်းသားခေါင်းဆောင်တွေနဲ့ ခဏလေးပြော၊ ပြောပြီးရင် ကျွန်တော်တို့ အဲဒီအိမ်အောက်ကနေဆင်း၊ နောက်တစ်ခါ တစ်နေရာကနေ ကားနဲ့လာခေါ် ရှုပ်နေတာပဲ၊ အဲဒီလို ကျွန်တော်တို့ သွားဖူးတယ်၊ သွားဖူးတော့ ကျွန်တော်ပြောချင်တာကဘာလဲဆိုတော့ ရီရစ် (risk)က မယူလို့မရဘူး။ နိုင်ငံရေးလုပ်တဲ့နေရာမှာ နိုင်ငံရေးဆိုတာ ရှေ့တိုးပြီးလုပ်ရတာပဲ၊ ရှေ့တိုးမလုပ်ဘဲနဲ့ ခွင်ထဲကနေ လုပ်ချင်တယ်ဆိုရင် ဒါဖြစ်ရာရှိ

လုပ်ငန်းပဲဖြစ်မယ်၊ နိုင်ငံရေးမဖြစ်နိုင်ဘူး ယူရတဲ့ဟာ စွန့်ရတဲ့ဟာပါလာပြီ၊ အဲဒီတော့ ရှေ့ကိုတိုးတဲ့နေရာမှာဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် အန္တရာယ်က ရှိလာပြီ။ (risk) ယူရတဲ့ဟာ စွန့်ရတဲ့ဟာပါလာပြီ ဆိုတော့ ဒေါ်စုက သူ့အာရုံထဲမှာ တစ်ခါတည်း စွဲပြီးသားဟာ ဘယ်တော့ပဲဖြစ်ဖြစ် သူ့ဆုံးဖြတ်ချက်ဟာ မှန်တာပဲ။ အဲဒါမှာပြတာပဲ။

## ဒေါ်စု ပထမဆုံးလူထုနဲ့တွေ့ပြီ

အဲဒီတော့ ကျွန်တော်တို့ကဒေါ်စုကို အဲဒီစင်မှာ တင်မယ်လို့ ဆုံးဖြတ်တဲ့ အခါကျတော့ ကျွန်တော်ထင်တယ် အဲဒါက (၂၀) ရက်ကျော်လာပြီ၊ ဩဂုတ်လ (၂၆) ရက်နေ့ ရွှေတိဂုံပွဲကြီး မတိုင်ခင်လေးပေါ့ဗျာ၊ ထားပါတော့ အဲဒီရက်မှာ နောက်ဆုံးပိတ်ကျွန်တော်တို့ ဒေါ်စုနဲ့ ညှိတဲ့အခါကျတော့ ဒေါ်စုက သဘောတူလိုက်ပြီ၊ လာမယ်ဆိုတာ လုပ်တဲ့ အခါကျတော့ ကျွန်တော် မှတ်မိသေးတယ်။ ဒေါ်စုသွားခေါ်မယ့်ကားထဲမှာ ကျွန်တော်ပါတယ်၊ ကိုသော်ကပါတယ်။ ကိုမိုးသူပါတယ်။ အဲဒါကားတစ်စီးနဲ့သွားတယ်၊ ကျွန်တော်ထင်တယ် ကိုမျိုးမြင့်ငြိမ်းတို့ဘာတို့လည်းပါတယ်။ ကျွန်တော်ကောင်းကောင်း မမှတ်မိတော့ဘူး။ မိန်းကလေးတွေလည်းပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဒေါ်စုကို ခေါ်ရမှာကိုး ဒေါ်စုကို ခေါ်ပြီးတော့ ကားနဲ့လာကြတယ်၊ ကျွန်တော်က ကားရှေ့ခန်းထဲ ထည့်ခေါ်လို့မရဘူး။ ကားနောက်ခန်းထဲ အမျိုးသမီးတွေကြားထဲမှာ ဟိုးနောက်ဘက်ထဲမှာ၊ လူမမြင်သူမမြင်ခေါ်ရမယ်ဆိုပြီးတော့ ကျွန်တော်တို့စီစဉ်တယ်၊ သွားပြီးတော့ ခြံထဲခေါ်တဲ့အခါကျတော့ ခြံထဲကစိုးရိမ်တဲ့ပုဂ္ဂိုလ်တွေနဲ့ စောစောစီးစီးထဲက အတော်ကိုပြောရတယ်လို့ပြောတယ်။ ကိုမိုးသူတို့ဘာတို့ပေါ့ ကျွန်တော်က နောက်မှလိုက်သွားပြီးတဲ့အခါကျတော့ ဒေါ်စုကို အဲဒီအမျိုးသမီးတွေကြားထဲမှထည့်ပြီးတော့ ကျွန်တော်တို့ ကားနဲ့လာကြတယ်။ ကားနဲ့လာတော့ ကားရှေ့ခန်းမှာ ကိုသော်ကရယ်၊ ကျွန်တော်ရယ်ထိုင်တယ်။ နောက်ခန်းမှာ ကိုမိုးသူပါတယ်။ ထွက်လည်းလာလည်းလာရော သိပ်မကြာလောက်ဘူး ရွှေဂုံတိုင်လောက်ပဲရောက်သေးတယ်၊ လမ်းတွေကသွားလို့ မရတော့ဘူး။ ပိတ်ညပ်ပြီးတော့ နောက်လည်း ဆုတ်လို့မရ ဘေးလည်းသွားလို့မဖြစ်ပြီးတော့ အဲဒီကားတန်းကြားထဲမှာ တရွေ့ရွေ့နဲ့ ကျွန်တော်တို့ပါနေတာ။

ကျွန်တော်တို့က ဒေါ်စုကတရား ဟောဖို့ စီစဉ်တဲ့ဟာက မနက် (၉) နာရီလောက်မှာ ကျွန်တော်တို့လုပ်ဖို့ စီစဉ်တာ၊ ဒါပေမယ့် ကျွန်တော်တို့ (၁၀)နာရီ

လောက်ထိလည်း ကျွန်တော်တို့ လုပ်လို့မရဘူး၊ ရွှေ့လည်းမရွှေ့ဘူး၊ တရွေ့ရွေ့နဲ့ နောက်ဆုံးပိတ်ကျတော့ တဖြေးဖြေးနဲ့ ကျွန်တော်တို့ သမ္မတရဲ့ သမ္မတရုံးကနေ ဆူးလေဂုံးကြီးရှေ့ ၊ ဆူးလေဂုံးကြီးကနေ ရုပ်ရှင်ရုံတွေရှေ့ရောက်လာတယ်၊ နောက်ဆုံးပိတ် ဘယ်ကိုရောက်သွားသလဲဆိုတော့ ဘဏ်တိုက်တစ်ခုရှေ့ ရောက်သွားတယ်၊ လသာလမ်းဖြစ်ဖို့များတယ်၊ အဲဒီဘဏ်တိုက်မှာ မန်နေဂျာ လုပ်နေတဲ့လူ ၊ဂျွန်နရယ်မန်နေဂျာ လုပ်နေတဲ့လူ ဘဏ်မန်နေဂျာက ကိုစိုးသိန်း ဆိုတာရှိတယ်၊ ဦးစိုးသိန်းပေါ့ဗျာ၊ စာအုပ်တွေ ဘာတွေလည်းရေးတယ်၊ "အရှိန်းဘုံ"ဆိုပြီး ဘာသာပြန်စာအုပ် တစ်အုပ်ရေးဖူးတယ်၊ ကြေးမုံသတင်းစာ ဖွင့်ကတည်းက ပါခဲ့တဲ့အယ်ဒီတာပေါ့၊ ကိုစိုးသိန်းက ကျွန်တော်တို့နဲ့ အလွန် ရင်းတာ၊ ကိုစိုးသိန်းက သတင်းစာတိုက်ဘာတို့ကလာလို့ ဘဏ်အရာရှိတာဖြစ်တယ်၊ ဗဲဒိုးအင်ဖော်မယ် (very informal) သူလုပ်ရင် တစ်ခါတည်း လွတ်လွတ် လပ်လပ်ကလေးလုပ်တဲ့လူ၊ အဲဒါနဲ့ ဒေါ်စုကားက လသာလမ်းလောက်ရောက်တဲ့ အထိ ဘယ်လိုမှ ရှေ့လည်းတိုးလို့မရ နောက်လည်းဆုတ်လို့မရ၊ ဒီယာဉ်ကြောထဲ မှာ သူ့ဟာသူပဲ တရွေ့ရွေ့သွားရတော့မယ့်ဟာ ဖြစ်နေတယ်။

**ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပထမဆုံးလူထုမိန့်ခွန်း**

ဒါနဲ့ပဲ အဲဒီဘဏ်ကနေ တယ်လီဖုန်းဆက်ပြီးအကျိုးအကြောင်း မေးမြန်း ပြောဆိုဖို့အကြံရလာတယ်၊ ဖုန်းဆက်မယ်ဆိုတာက ကျွန်တော်ဆေးရုံကို လှမ်းပြီး တော့ ဆက်ချင်တယ်၊ ဒေါ်စုတော့လာတော့မယ်၊ လမ်းကပိတ်မိနေတော့ ဘယ်လိုလာရင်ကောင်းမလဲ အဲဒီမှာအခြေအနေ ဘယ်လိုရှိမလဲဆိုပြီး ဆက်မယ် ဆိုပြီးတော့ ကျွန်တော်က ရှေ့ကတံခါးဖွင့်ပြီးတော့ ဆင်းသွားတယ်။ ဆင်းပြီးတော့ ဘဏ်တိုက်ထဲသွားပြီးတော့ ဖုန်းဆက်တယ်၊ ဖုန်းကလည်းဆက်လို့မရဘူး၊ အမျိုးစုံ ကို အခက်အခဲတွေ တွေ့နေတာနဲ့ ကျွန်တော်ဆက်ပြီးပြန်လည်း ထွက်လည်း လာရော ကားကမရှိတော့ဘူး။ ကျွန်တော်တစ်ယောက်တည်း ကျန်နေတယ်၊ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘူး။ ကားကဘယ်ထွက်သွားမှန်း မသိတော့ ဘူး၊ ဘယ်ရောက်သွားမှန်းမသိတာက ကိစ္စမရှိဘူး၊ ဒီထဲမှာက ဒေါ်စုက ပါနေတယ်၊ ဘာပဲပြောပြော ဒေါ်စုကို ကျွန်တော်တို့က အာမခံပြီးတော့ ခေါ်လာတာ၊ အနည်းဆုံးဘာဖြစ်သွားတယ်ဆိုတာတော့ ပြောနိုင်ဖို့ကောင်းတာ၊ သို့မဟုတ် ဒေါ်စုကို ထောက်လှမ်းရေးက ခေါ်သွားပြီးတော့ ဒေါ်စုရော၊ မောင်သော်ကရော၊ ကိုမိုးသူရော သတ်ပစ်လိုက်လို့ရှိရင် ပြဿနာက ကျွန်တော်

ဘာပြောရမှန်းမသိဘူး၊ ကျွန်တော်စဉ်းစားမိတယ်၊ ကံမထူးတော့ဘူး၊ ဘယ်လိုမှ မတတ်နိုင်တော့ဘူး၊ တစ်နေရာတော့ရွှေ့သွားတာဖြစ်မယ်၊ ကားပိတ်တာလည်း ပိတ်မြဲပိတ်နေတာပဲ၊ အဲဒါနဲ့ ကျွန်တော်ကဖြတ်ပြီးတော့ ဆေးရုံကိုသွားတာ၊ ဆေးရုံသွားတဲ့အခါကျတော့ ဒေါ်စုကဟောပြောပွဲလုပ်လို့ပြီးပြီ။ သူက ဆင်းတောင် လာပြီ၊ အဲဒီတော့မှ ကျွန်တော်က စင်မြင့်ကိုရောက်တယ်၊ အဲဒါနဲ့ ဒေါ်စုကို အိမ်ပြန်ပို့တဲ့အခါကျတော့ ကျွန်တော်ပြန်ပြီးတော့ အဲ့ဒီရွှေကားနဲ့ လိုက်သွား တာပေ့ါ၊ သွားပြီးတော့ ဒေါ်စုကို ပြန်ပို့တယ်၊ ကျွန်တော်ကမေးကြည့်တယ်၊ ဒေါ်စု ဘာတွေ ပြောသလဲဆိုတော့ ဒေါ်စုကတိုတိုလေးပဲ ပြောတာပဲတဲ့၊ ဒီလိုတိုတိုလေး ပြောတယ်ဆိုတာက အရေးတော်ပုံဖြစ်နေတဲ့အခါမှာ လူတွေအကုန်လုံးက စည်းကမ်းရှိဖို့ အရေးကြီးတယ်ဆိုတာကို ပြောတာတဲ့။ ကျွန်တော်ပြန်ကြားရတဲ့ သတင်းပေ့ါ။

## "စည်းကမ်းရှိကြပါ" ဆိုတဲ့ ဒေါ်စုရဲ့အမှာစကား

အဲဒါကလည်း အရေးကြီးတဲ့ဟာလို့ ကျွန်တော်သတိပြုမိတယ်။ သတိပြုမိတယ် ဆိုလိုတာက အခုလူတွေက ခဏခဏပေ့ါ၊ ဒီမိုကရေစီဆိုရင် စည်းကမ်းမရှိဘူးလို့ စည်းကမ်းရှိဘို့သိပ်လိုတယ်လို့၊ နောက်ဆုံးပိတ်ကျတော့ စစ်အစိုးရက သူတို့ရဲ့ ဒီမိုကရေစီကိုတောင်မှ နာမည်ယူလိုက်တဲ့အခါမှာ စည်းကမ်းနဲ့ပြည့်ဝသော ဒီမိုကရေစီပုံစံနဲ့ လုပ်တယ်ပေ့ါ၊ အဲဒါကတော့ သူတို့ဟာ သူတို့အကြံနဲ့ပေါ့၊ ကျွန်တော်တို့နဲ့တော့ မတူဘူးပေ့ါ၊ သူတို့ရဲ့အကြံကတော့ စစ်တပ်ကနေပြီးတော့ အမြဲတမ်းအပေါ်ကနေပြီးတော့ ဖိနပ်နဲ့နင်းနေမယ့်ဟာကို သို့မဟုတ်ရင်လည်း စစ်တပ်ကလည်ပင်းညှစ်နေမှာကို ငြိမ်နေမှ စည်းကမ်းရှိမယ်၊ ငြိမ်မနေရင် စည်းကမ်းမရှိဘူးဆိုတဲ့ သဘောမျိုးဖြစ်အောင် သူကပြောတဲ့ဟာပေ့ါ၊ အဓိကကတော့ ဒီသဘောပဲ ဒါပေမယ့် ကျွန်တော်တို့ဘက်ကနေပြီးတော့ ပြန်ကြည့်တဲ့အခါကျတော့လည်း ဒီမိုကရေစီဟာ စည်းကမ်းရှိရတာပေ့ါ၊ စည်းကမ်းမရှိတဲ့ ဒီမိုကရေစီရယ်လို့ဘယ်ရှိမလဲ၊ သို့သော် စည်းကမ်းဆိုတာ သူတို့က ချုပ်ချယ်ချင်တဲ့စည်းကမ်းလို့ ယူဆတယ်၊ ကျွန်တော်တို့က အဲဒီလို မဖြစ်ဘူး ကျွန်တော်တို့က စည်းကမ်းရှိတယ်ဆိုတာက စနစ်ကျသော နည်းမှန် လမ်းမှန်ဖြစ်တဲ့ဟာကို ကျွန်တော်တို့က စည်းကမ်းလို့ ယူဆတာပေ့ါ၊ ဘာကို ပြောချင်သလဲဆိုတော့ ဒေါ်စုကအမြဲတမ်း စည်းကမ်းကိစ္စကိုပြောတယ်၊ အဲဒီတော့ နဝတကလည်း အမှန်အတိုင်းပြောရရင် စည်းကမ်းကို ပြောတယ်၊ ကျွန်တော်က

ဒီဟာကိုပြောနေရတဲ့ဟာ ဒေါ်စုနဲ့ နဝတကို ဖြိုင်ပြီးတော့ ကျွန်တော်က ရှင်းပြသလိုဖြစ်နေမှာစိုးတယ်၊ ဒါပေမယ့် ကျွန်တော်က မပြောဖြစ်ဘူး၊ ဘာဖြစ်လို့ မပြောဖြစ်ဘူးလဲဆိုတော့ ကျွန်တော်ပြောမယ်။

**ဒေါ်စုရဲ့အကောင်းဆုံးဂုဏ်ရည်**

အခုသူတို့စည်းကမ်းပြည့်ဝသောလို့ မကြေငြာခင်က ကျွန်တော် ဒေါ်စုနဲ့ပတ်သက်ပြီးတော့ ကဗျာတစ်ပုဒ်ရေးခဲ့တယ်။ အဲဒီကဗျာက အပြည့်အစုံ တော့ ကျွန်တော်မမှတ်မိတော့ဘူး။ ကျွန်တဲ့လူတွေလဲ မှတ်မိပုံမပေါ်ဘူး။ အဲဒီ ကဗျာကို ဟိုက်ကုဆိုတဲ့ ဂျပန်ကဗျာစပ်နည်းပဲ၊ စာသုံးကြောင်းနဲ့စပ်တဲ့ ကဗျာ ပေါ့။ အဲဒီကဗျာမှာ ဘာပါသလဲဆိုတော့ စစချင်းဟာက ရဲ၊ ဖွဲ၊ ဉာဏ်၊ စည်း၊ တာ၊ ရဲရယ်၊ ဖွဲ့ရယ်၊ ဉာဏ်ရယ်၊ စည်းရယ်၊ တာရယ် အဲဒီဟာက အလယ်ကဟာတောင် ကျွန်တော် ခပ်မေ့မေ့၊ မကြောက်တရားဘာညာ။ မကြောက်တရားတွေနဲ့ ပတ်သက်တာပဲ။ ဒီအလယ်ကြောင်းက၊ နောက် အောက် တစ်ကြောင်းက မီးလျှံတွေကြားကကြာပေါ့။ မီးလျှံတွေကြားက ကြာပန်းက ပွင့်လာတယ် ဆိုတဲ့ဟာပေါ့၊ အဲဒီမှာပထမစာကြောင်းဖြစ်တဲ့ "ရဲ၊ ဖွဲ၊ ဉာဏ်၊ စည်း၊ တာ"ဆိုတာ ဒေါ်စုရဲ့အကောင်းဆုံးအရည်အချင်း၊ အကောင်းဆုံး လက္ခဏာ၊ အကောင်းဆုံး ဂုဏ်ရည်လို့ ကျွန်တော်သတ်မှတ်တယ်။ အဲဒါကြောင့် ကျွန်တော်က အဲဒီ ဟာလေးကိုရေးတာ။

ကျွန်တော်မှတ်မိသေးတယ်၊ အဲဒါလေးရေးပြီးတော့ ကျွန်တော်က မောင်မိုးသူတို့ကိုပြော မောင်မိုးသူတို့ကလည်း သဘောကျပြီးတော့ အဲဒီစာလေးကို မှတ်ထား။ မှတ်ထားပြီးတော့ မောင်မိုးသူ သူ့ဇနီးဆုံးတဲ့ ၂၀၀၀-ခုနှစ်ပေါ့၊ သူ့ဇနီးဆုံးတဲ့အခါကျတော့ သွားပြီးတော့ အပြင်ထွက်ခွင့်ရတယ်၊ အပြင်ထွက်ခွင့် ရတဲ့အခါကျတော့ အဲဒီမှာ ဒေါ်စုတို့နဲ့တွေ့တယ်၊ ဒေါ်စုနဲ့တွေ့တဲ့အခါကျတော့ မောင်မိုးသူက ကျွန်တော့်ကို ပြန်ပြောဖူးတယ်၊ အဲဒီ ရဲ၊ ဖွဲ၊ ဉာဏ်၊ စည်း၊ တာကို ဒေါ်စုကိုတောင် သူရွတ်ပြခဲ့သေးတယ်လို့ပြောတယ်၊ ထားပါတော့၊ အဲဒီတော့ ဒီထဲမှာ ကျွန်တော် ပြောချင်တာက ဘာလဲဆိုတော့ ဒေါ်စုရဲ့အရေးကြီးဆုံး ဂုဏ်ရည်လို့ပြောနိုင်တဲ့ ရဲစွမ်းသတ္တိရှိခြင်း၊ သတ္တိရှိခြင်း နောက်ပြီးတော့ ဖွဲဆိုတာ ဖွဲကောင်းခြင်းပေါ့ဟုတ်လား ဇွဲမြဲခြင်း။ နောက်တစ်ခါ ဉာဏ်ဆိုတာကလည်း ဉာဏ်ပညာ အလွန်ထက်မြက်တဲ့ဟာ ဉာဏ်ရည်အလွန်မြင့်မားတဲ့ဟာ ဆိုတာကို

ပြောတဲ့ဟာပေါ့။ နောက်တစ်ခါ "စည်း"ဆိုတာက စည်းကမ်းရှိတယ်ဆိုတာကို ကျွန်တော်ပြောတာ။ တစ်ခုရှိတယ် ဒီစစ်အစိုးရကြွေးကြော်နေတဲ့ "စည်းကမ်း" ဆိုတာနဲ့ ဒေါ်စုကြွေးကြော်တဲ့ စည်းတာ၊ ဒေါ်စုရဲ့ဂုဏ်ရည်ဖြစ်တဲ့ "စည်းတာ" မတူတာက ဘာလဲဆိုတော့ နောက်က"တာ"ပဲ။ "စည်းတာ"မှာ ဒေါ်စုက ပြောတာက စည်းကမ်းရှိရမယ် တစ်ကြိမ်တည်းမှာ တာဝန်ယူရမယ်၊ တာဝန်ခံရမယ်၊ တာဝန်ရှိရမယ်ဆိုတဲ့ဟာ အမြဲတမ်းပါတယ်။

## ဒေါ်စုရဲ့"စည်းတာ"နဲ့ စစ်အစိုးရရဲ့"စည်းကမ်း" ဘာကွာခြားသလဲ

ဒေါ်စုရဲ့ စည်းကမ်းဆိုတဲ့ဟာမှာ တာဝန်မရှိဘဲ အခုစစ်အစိုးရလုပ်နေသလိုပေါ့၊ လူတွေကိုတော့ စည်းကမ်းရှိအောင် စည်းကမ်းရှိအောင်တော့ ပြောနေတယ်၊ သူတို့ကတော့ ဘာတာဝန်မှမယူဘူး။ တိုင်းပြည်မှာ သူတို့တွေ အဓမ္မမှုကြီးစိုးနေတာတွေကို ရှုပ်သိမ်းဖို့တို့ အဓမ္မမှုကြီး ကြီးစိုးနေတာတွေကို သက်သာရာရအောင် လုပ်ဖို့တို့ မဟုတ်တာတွေ လုပ်နေတဲ့လူတွေကို တားမြစ်ဖို့တို့ နှိမ်နင်းဖို့ တို့ဆိုတာတွေ ဘာတစ်ခုမှ တာဝန်မယူဘူး။ ဒီစစ်အစိုးရ ဘာတာဝန်ယူသလဲလို့ ကျွန်တော့်မေးရင်တော့ လွယ်လွယ်လေးပဲပြောချင်တယ်။ ဘာတာဝန်မှမယူဘူး၊ စည်းကမ်းတော့ ပြောပြောနေတယ် ဘာ့ကြောင့် ပြောသလဲဆိုတော့ ဒါမှသာလျှင် လူတွေကို ဖိနှိပ်ဖို့ ချုပ်ချယ်ဖို့ နှိပ်ကွပ်ဖို့ အကောင်းဆုံးနည်းကိုး။ မကောင်းဘူး ဆိုတာနဲ့ သူတို့မျက်စိထဲမှာ အမြင်မတော်ဘူးဆိုတာနဲ့ သို့မဟုတ်ရင်လည်း သူတို့အကြိုက်နဲ့ မတွေ့ဘူးဆိုတာနဲ့ လက်ညှိုးထိုးပြီးတော့ မင်းတို့စည်းကမ်းမရှိဘူး။ ဒို့ဒီမိုကရေစီက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကွ ဆိုပြီးတော့ အပြစ်ရှာဖို့ ဖိနှိပ်ဖို့ နှိပ်ကွပ်ဖို့ ဒါတွေအတွက် သူတို့က စည်းကမ်းကို ကိုင်ပြောနေတာ၊ သို့သော်ဘာမပါဘူးလဲဆိုတော့ ပွကျနေတာက သူတို့တာဝန်ယူဖို့ ဘာတစ်ခုမှ မရှိဘူး။

## စည်းကမ်းရှိရမယ်လို့သာပြောပြီး တာဝန်မယူတဲ့စစ်အစိုးရ

လက်ရှိအစိုးရရဲ့တာဝန်ကင်းမဲ့ပုံ သက်သေသာဓကများစွာထဲက တစ်ခုအဖြစ် တရားရေးမဏ္ဍိုင်ခြစားပျက်စီးနေပုံကို ကျွန်တော် ထောက်ပြချင်တယ်။

ဥပမာဆိုပါတော့ တိုင်းပြည်မှာလာဘ်စားမှုတွေ အလွန်ကို ကြီးမားတဲ့ ဖောက်ပြန်မှုတွေ လာဘ်စားမှုကြီးတွေ အကျင့်ပျက်မှုကြီးတွေ သို့မဟုတ်ရင်လည်း ပြည်သူပေါ်မှာ အဓမ္မမှုကြီးတွေ ဘယ်သူက တားဆီးသလဲ။ ဥပမာတစ်ခြား

မပြောပါနဲ့ အခု မကြာခင်က ဖြစ်ပျက်ခဲ့တဲ့ကျောင်းသားတွေကို ထောင်ချတယ်၊ တရားရုံးတွေမှာလုပ်တယ်။ တရားရုံးဆိုတာ လူတိုင်းသိလောက်အောင်ကို ဖောက်ပြန်တယ်။ အကျင့်ပျက်တယ်ပေါ့။ တရားရုံးလို့မဟုတ်တော့ဘူးဆိုတာ ရုံးမှာလုပ်ချင်သလိုလုပ်တယ်။ ရုံးကနေပြီးတော့ ညစ်ပတ်ချင်သလို ညစ်ပတ်တယ်။ ချချင်သလို ချတယ်။ ရှေ့နေငှားတာ ရှေ့နေရှေ့ရပ်တွေငှားတာ စသည် တရားရုံးဟာ တကယ်ကို ဖောက်ပြန်ပြီးတော့ အလွန်ကိုဆိုးသွမ်းတဲ့ အနေအထားကိုရောက်နေတာပေါ့။ ဘယ်သူတွေကနေပြီးတော့ ပြောဖူးသလဲ ဘယ်သူကနေပြီးတော့ ဟန့်တားသလဲ။ ဥပမာဆိုပါတော့ ဦးအောင်တိုးဆိုတဲ့ ပုဂ္ဂိုလ်က ခင်ဗျားတို့ ဒီလိုမလုပ်ကြနဲ့ဟေ့၊ ဒီလိုမစီရင်နဲ့ဟေ့၊ ဒီလိုမပိတ်ပင်နဲ့ဟေ့၊ လို့ပြောတဲ့လူရှိသလား။ မရှိဘူး။ ဘာလို့မရှိသလဲဆိုတော့ သူတို့က စည်းကမ်းကိုသာရှိစေချင်တာ တာဝန်ကိုတော့မယူဘူး။ တာဝန်ယူတဲ့လူမရှိဘူး၊ ဒါပဲဗျ၊ ဒီစစ်အစိုးရရဲ့ အခြေခံဥပဒေဟာ သူတို့လုပ်ရမယ့် လာမယ့်ရွေးကောက်ပွဲ သို့မဟုတ်ရင်လည်း လာမယ့်အစိုးရ ဘာညာ အဲဒါတွေဟာ ဘာကိုပြမလဲဆိုရင် စည်းကမ်းတွေကိုတော့ပြောလိမ့်မယ်။ လက်ညှိုးထိုးလိမ့်မယ်။ ဖိနှိပ်ဖို့ ချုပ်ချယ်ဖို့ ကွပ်ညှပ်ဖို့ အဲဒါတွေအတွက် စည်းကမ်းတွေကို သုံးပေမယ့် စည်းကမ်း စည်းကမ်း စည်းကမ်းကွလို့ ဆိုပြီးတော့ ဒီမိုကရေစီတောင်မှ ရိုးရိုးဒီမိုကရေစီမဟုတ်ဘူး စည်းကမ်းဒီမိုကရေစီပြောရမယ် သို့သော် ခင်ဗျားတို့ တာဝန်ယူသလား မတရားမှုတွေ ချုပ်ချယ်မှုတွေ လူတွေမှာ ဒုက္ခရောက်ကြတယ်။ ဥပမာဆိုပါတော့ လူတွေမှာ နစ်မွန်းကြတယ်၊ ဒါတွေကိုပြုပြင်ပြောင်းလဲမှုထက် မတရားမှုတွေကို ပြောင်းလဲဖို့အတွက် ခင်ဗျားတို့ တာဝန်ဘယ်သူကယူမှာလဲ ဆိုတဲ့အခါကျတော့ မပါဘူး၊ အဲဒီမှာ ဒေါ်စုရဲ့သဘောနဲ့ သွားကွာတာပဲ။ အဲဒီတော့ ကျွန်တော်ပြောချင်တာ ဘာလဲဆိုတော့ ဒေါ်စုက ဘာပဲလုပ်လုပ် စည်းကမ်းကိစ္စကို အမြဲတမ်းပြောတာ အခုမှမဟုတ်ဘူး ဒီစစ်အစိုးရ ဒီစည်းကမ်းဆိုတာ ပြောလာမှ မဟုတ်ဘူး။

## ဒေါ်စုရဲ့တစ်ခွန်းတည်းသော အမှာစကား

ဟိုအချိန်တုန်းက ကျွန်တော်က စင်မြင့်ပေါ်မှာ ဒေါ်စုပြောသွားတဲ့ စကား။ များများမဟုတ်ဘူး ဒီလိုပြည်သူတွေ ဆန္ဒပြနေတဲ့အခါမှာ စည်းကမ်းဟာ အလွန်အရေးကြီးပါတယ်ဆိုတာ၊ စကားတစ်ခွန်းပဲ ပြောပြီးတော့ စင်မြင့်ပေါ်ကနေဆင်းသွားတာ၊ ကျွန်တော်လမ်းကြိုလမ်းကြားကနေ ဖြတ်လာတဲ့အခါမှာ ဒေါ်စုကစင်ပေါ်ကနေဆင်းပြီ။ အဲဒီတော့ ကျွန်တော်က ဘယ်လိုလဲဆိုတော့

ဒေါ်စုစင်ပေါ်ကဆင်းတော့ ကျွန်တော်က အဲဒီကားနဲ့ ပြန်လိုက်ပြီးတော့ သူ့အိမ်လိုက်ပို့လိုက်တယ်ပေါ့။ နောက်မှ မေးကြည့်ရတာတော့ ကိုမိုးသူပြောတာကတော့ ကျွန်တော်ဘက်ထဲကို ဝင်ပြီးတော့ တယ်လီဖုန်း ဆက်နေရတုန်းအချိန်မှာ ကျွန်တော်လမ်းလျှောက်လာတဲ့ လမ်းကြားတပဲ သူတို့ အဲဒီကို အတင်းချိုးဝင်မယ်ဆိုပြီးတော့ သူတို့ကားကလမ်းဝနားကို ဦးတည် နေတာကိုး။ ဘက်ရှေ့မှာရပ်ပြီးတော့ အတင်းဖောက်ထွက်ပြီးတော့ သွားတယ်။ ဟိုလည်း ရောက်လည်း ရောက်ရော လမ်းထိပ်ကျတော့ ကားရပ်ခဲ့ပြီးတော့ သိမ်ကြီးဈေးဘေးက ဖရေဇာလမ်း ယခုအနော်ရထာလမ်းလည်း ရောက်လည်း ရောက်ရော အဲဒီမှာ ဆေးရုံနောက်ပေါက်တွေကနေပြီးတော့ ဆေးရုံအပေါက် တစ်ခုကို ဖွင့်ပြီးတော့ ဆေးရုံဝင်းထဲကိုဝင်ပြီးတော့ စင်ပေါ်ရောက်၊ စင်ပေါ်ရောက်တာနဲ့တစ်ပြိုင်နက် ဒေါ်စုကလည်းသိတယ်၊ လူတွေရဲ့အခြေအနေတွေ။ဘေးမှာ ပတ်ဝန်းကျင်မှာဖြစ်နေတဲ့အခြေအနေတွေ။ နောက်တစ်ခါ ဟောပြောပွဲများ ရှိနေတဲ့ လူတွေရဲ့ အခြေအနေ လူထုထိန်းရဖို့ ခက်ခဲနေတဲ့အခြေအနေတွေ။ ကြည့်ပြီးတော့ များများမပြောဘူး။ စင်ပေါ်တက်ပြီးတော့ အခုလို တော်လှန်ရေးတွေ၊ အခုလို ဆန္ဒပြပွဲတွေ၊ ကန့်ကွက်ပွဲတွေ လုပ်နေတဲ့အချိန်မှာ စည်းကမ်းဟာ သိပ်အရေးကြီးတယ်။ စည်းကမ်းရှိကြပါလို့ ဆိုတဲ့စကားတစ်ခွန်းတည်း ပြောပြီးတော့ အောက်ဆင်းသွားတာပဲ။ ထားပါတော့ ဒါကျွန်တော်မှတ်မိတဲ့ ဖြစ်ရပ်တစ်ခု နဲ့ ဒေါ်စုရဲ့ စိတ်ဓါတ်ပေါ့။ ဒေါ်စုရဲ့ ဘဝအညွှန်းပေါ့။

## ဒေါ်စုရဲ့ စည်းရုံးရေးလှုပ်ရှားမှု

ရန်ကုန်ဆေးရုံကြီး တနယ်ဝင်းစင်မြင့်ပေါ်မှာ ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ် လာရောက်ဟောပြောဖို့သွားရောက်ခေါ်ယူတဲ့ကားပေါ်မှာ ကျွန်တော် လိုက်ပါသွားခဲ့ပေမယ့်လည်း ဒေါ်စုနဲ့စကား ပြောဆိုသိကျွမ်းခဲ့ခြင်း မရှိပါဘူး။ အမှန်တိုင်းပြောရရင် ကျွန်တော်က ကားပေါ်လိုက်ပြီးတော့ ဒေါ်စုကို ကြိုတာပြီးတော့ ဒေါ်စုကိုစင်ပေါ်တင်ပေးဖို့အတွက်ခေါ်လာတာ၊ ဒေါ်စုနဲ့ ကျွန်တော်စကားတစ်လုံးမှ မပြောဖြစ်ဘူး။ အဲဒီကာလအထိ။ အဲဒီအချိန်မှာ ကျွန်တော်တို့ သမဂ္ဂထဲမှာ စဉ်းစားကြတယ်။ ဒေါ်စုကိုစွတ်ကိုစဉ်းစားကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ စောစောကပြောခဲ့တဲ့အတိုင်းပဲ ဒေါ်စုက သခင်တင်မြတို့ နောက်တစ်ခါ ဒီစစ်ဘက်၊ နယ်ဘက်မှာလုပ်ခဲ့တဲ့ပုဂ္ဂိုလ်ကြီးတွေပေါ့။ ဝင်ပြီးတော့ လှုပ်ကိုင်နေကြတယ်၊ ဥပမာဆိုတော့ ဦးတင်ထွန်းဗိုလ်မှူး ကြီးတင်ထွန်းတို့ ဘာတို့

ဆိုတဲ့ ပုဂ္ဂိုလ်မျိုးတွေလည်းပါတယ်၊ သခင်တင်မြလိုပုဂ္ဂိုလ်တွေပါတယ်။ နောက်ပြီးတော့ ဦးထွေးမြင့်ကပါသေးတယ်။ ဒါပေမယ့် ဦးထွေးမြင့်က အဲဒီအချိန်မှာ ထောင်ထဲရောက်သွားတယ်ပေါ့၊ အဲလိုဖြစ်နေတဲ့အချိန်။ ဒါဒေါ်စုရဲ့လုပ်ငန်းတွေကို တစ်ဖက်ကနေပြီးတော့ သပိတ်ကလာတဲ့လူတွေနဲ့ တွေ့ဆုံပြီးတော့ သပိတ်တွေရဲ့အခြေအနေမေးတယ်၊ သပိတ်တွေရဲ့ခေါင်းဆောင်တွေမေးတယ်၊ မြို့တို့နယ်တို့ ဟာတွေမေးပြီးတော့ အဲဒါတွေအတုန်လုံးမှာ သုံးသပ်ချက်တွေ ရေးပြီးတော့ ဒေါ်စုလက်ထဲကိုအပ်တယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်လည်းဖတ်ဖူးပါတယ်၊ သို့သော် ကျွန်တော့်ဆီမှာတော့ မရှိဘူး။ သခင်တင်မြတို့ရဲ့နေ့စဉ်နေ့စဉ် သပိတ်တွေနဲ့တွေ့ဆုံတယ်၊ သုံးသပ်ချက်တွေပြောတယ်။ ဒါတစ်ဖက်ကနေ လုပ်နေတာ။

## နိုင်ငံရေးစုဖွဲ့လှုပ်ရှားမှုလုပ်ဖို့ ဒေါ်စုအစပျိုးပြီ

အဲတော့ အဲလိုလုပ်တဲ့အချိန်မှာပဲ ဒေါ်စုက ဘာကိုစိတ်ကူးရလာလဲဆိုတော့ တစ်ဖက်ကနေပြီးတော့ သပိတ်တွေနဲ့ တွေ့ဆုံပြီးတော့ သဘောထားတွေမေးတာတို့ ဘာတို့ညာတို့ဆိုတဲ့ဟာတွေလုပ်သလို တစ်ဖက်က နိုင်ငံရေးကိစ္စတွေလုပ်တယ် ကျွန်တော်တို့ဘယ်လိုဆက်စခန်းသွားမလဲ၊ ဘာတွေလုပ်ကြမလဲဆိုတဲ့ နိုင်ငံရေးလိုင်းပေါ့၊ ဟိုဘက်ကတော့ ဆိုပါတော့ အခု သခင်တင်မြတို့ လုပ်နေတဲ့ဟာက စည်းရုံးရေးလိုင်းပဲ။ ဒေါ်စုက နိုင်ငံရေးသဘောဆောင်တဲ့ အဖွဲ့အစည်းတစ်ရပ်သူ့ဘေးမှာရှိစေချင်တယ်၊ ဆိုတဲ့အခါကျတော့ သူကဘာကို စကမ်းလှမ်းလဲဆိုတော့ ကိုမိုးသူတို့ကိုပြောတာ၊ ကိုသော်ကတို့ကိုပြောတာ၊ ဆရာတို့ရှာပါအုံး ဒီမှာရှိတဲ့သပိတ်အဖွဲ့တွေက ခေါင်းဆောင်တွေလာပြီးတော့ ဆုံကြပြီးတော့ ဒီမှာကျွန်မနဲ့နေ့စဉ်စကားပြောကြရအောင် ဆိုပြီးတော့ သူကကမ်းလှမ်းတယ်တဲ့နော်။ အဲဒါက ခုနကသခင်တင်မြတို့လုပ်တဲ့ဟာနဲ့ မတူဘူးပေါ့၊ သခင်တင်မြတို့လုပ်တာက လူတွေနဲ့တွေ့ဆုံတယ်၊ ပြောဆိုတယ်၊ ဘာညာဆိုတဲ့သပိတ်တွေနဲ့ တွေ့ပြီးတော့လုပ်တာ၊ အခုဟာကတော့ သပိတ်ခေါင်းဆောင်တွေနဲ့တွေ့ပြီးတော့ နိုင်ငံရေးကိစ္စများ သူဘယ်လိုစခန်းသွားမလဲ၊ ရှေ့ကိုဘယ်လိုလှမ်းမလဲ၊ နိုင်ငံရေးအခြေအနေတွေ ဘယ်လိုရှိလဲဆိုတာကို သူတိုင်ပင်နိုးနှောဖို့အတွက် ဒီလိုအဖွဲ့တစ်ခုပေါ့၊ ဖွဲ့ချင်တယ်၊ ကမ်းလှမ်းမယ်ဆိုတော့ အဲ့ဒီစကားက ကျွန်တော်တို့ဆီ ရောက်လာတဲ့အခါကျတော့ ကျွန်တော်တို့ထဲမှာ ဒေါ်စုဆီသွားဖို့ သဘောမတူတဲ့လူတွေပေါ်လာတာရှိတယ်။ ရှိတယ်ဆိုတာက ဥပမာဆိုပါတော့ လေသူ့ရဲတစ်ဦး (ဦးလှဝင်း)တို့လို ပုဂ္ဂိုလ်တွေ၊ နောက်တစ်ခါ

ကိုဝင်းခက်လိုပုဂ္ဂိုလ်တွေ သဘောမတူဘူး။ ဒေါ်စုခြံထဲကို မသွားစေချင်ဘူး။ ဒါအကြောင်းပြချက် အမျိုးမျိုးရှိမှာပေါ့၊ ဒါတွေတော့ ကျွန်တော်လည်း မသိတော့ဘူး။ သို့သော် ကျွန်တော်တို့ ပြောကြဆိုကြတော့ ဆွေးနွေးကြတာတော့ ရှိတာပေါ့။ အထူးသဖြင့်ကတော့ ဒေါ်စုခြံထဲကိုသွားလို့ရှိရင် သပိတ်ကနိုင်ငံရေးလိုင်းကို ကူးသွားလိမ့်မယ်၊ ကျွန်တော်တို့ဆန္ဒပြနေတာဟာ ဒီမဆလအစိုးရကို ဆန့်ကျင်ဖို့ သို့မဟုတ်လည်း လွတ်လပ်စွာ ရေးသားခွင့်တို့ ဘာတို့ရဖို့အတွက်သာလျှင် ကျွန်တော်တို့ လုပ်ကိုင် နေကြတယ်၊ ပြောဆိုနေကြတယ်၊ အဲဒါကို ဒေါ်စုဆီသွားရင် နိုင်ငံရေးဖြစ်သွားမှာ သူကစိုးတယ်။

## ဒေါ်စု ကမ်းလှမ်းချက်အတိုင်း စုစည်းမိကြပြီ

အဲဒီလိုစိုးရိမ်သူတွေရဲ့ အယူအဆလည်း မှန်သင့်သလောက်မှန်ပါတယ်။ ဒါပေမယ့်လည်း အဲဒီအချိန်က သူတို့ဟာ နိုင်ငံရေးလှုပ်ရှားမှုထဲမှာ ပါဝင်နေပြီဖြစ်လို့ နိုင်ငံရေးလောကထဲကို ရောက်နှင့်နေကြပြီးပါပြီ။ ဒီအချိန်က ရှင်းရှင်းပြောရရင် ဒီမဆလအစိုးရလိုဟာမျိုးကို ဖြိုဖျက်မယ်၊ ဖြိုချမယ်ဆိုကတည်းကိုက လွတ်လပ်စွာရေးသားမှုကို တောင်းဆိုတယ်၊ ဆိုကတည်းကိုက ကျွန်တော်တို့မှာ ရှေ့လျှောက်လှမ်းရမယ့်လုပ်ငန်းတွေက အများကြီးရှိသေးတယ်။ ဘာပဲပြောပြော နိုင်ငံရေးလုပ်ငန်းတွေဖြစ်နေပြီး အဲလိုဆိုရင်တော့ နိုင်ငံရေး ပုံသဏ္ဍာန်နဲ့ ဒေါ်စုဘက်ကနေ ကျွန်တော်တို့ကို ချဉ်းကပ်လာတယ်၊ ကမ်းလှမ်းလာတယ်၊ ကျွန်တော်တို့ကို နေရာပေးလာတယ်ဆိုရင်တော့ ကျွန်တော်တို့ လုပ်သင့်တယ်ဆိုတဲ့ အယူအဆတွေ ပေါ်လာတာပေါ့၊ အဲလိုပေါ်လာတဲ့ အခါကျတော့ မှုလသွားမြဲသွားနေတဲ့ ကိုသော်ကရယ်၊ ကိုမိုးသူရယ်က ကျွန်တော့်ကိုခေါ်တယ်။ လိုက်ခဲ့ဖို့ခေါ်တယ်၊ ကျွန်တော်ပါသွားတယ်ပေါ့။ အဲဒီမှာ ကျွန်တော်တို့သွားတဲ့အခါကျတော့ ဒေါ်စုကလည်း သူ့နည်းသူ့ဟန်နဲ့လုပ်တဲ့အထဲမှာ ဘာတွေဖြစ်နေလဲဆိုတော့ ဒေါ်မြင့်မြင့်ခင်နဲ့ကိုယု၊ ဒါဘားကောင်စီကနေ လာတဲ့ရှေ့နေအုပ်စုက နှစ်ယောက်ပါတယ်။ ကိုသော်ကရယ် ကိုမိုးသူရယ် နောက်ပြီးတော့ ကျွန်တော်ရယ်က စာနယ်ဇင်းသပိတ်ကို ကိုယ်စားပြုတဲ့ လူတစ်စုပေါ့၊ နောက်တစ်ခါ ဦးထွန်းတင်နဲ့ မှုံရွာဦးတင်ရွှေတို့ပါဝင်တဲ့ ရှေ့နေများကို ကိုယ်စားပြုတဲ့၊ သူတို့ခေါ်တော့ ရန်ကုန်ရှေ့နေများကိုကိုယ်စားပြုတဲ့ သူတို့နှစ်ယောက်ပါတယ်။ နောက်တစ်ခါ SCS လို့ခေါ်တဲ့ သပိတ်ကွပ်ကဲမှု အဖွဲ့မှာလည်း ဘယ်သူတွေပါလည်းဆိုတော့ ဒေါက်တာတင်မျိုးဝင်း၊ နောက်ပြီးတော့ ဒေါက်တာသက်မင်း အဲတော့ ကျွန်တော်တို့က အဖွဲ့ထဲမှာ စာနယ်ဇင်းပါတယ်၊ ရှေ့နေနှစ်ဖွဲ့ပါတယ်၊ နောက်ပြီးတော့

ဆရာဝန်အဖွဲ့ပါတယ်ပေါ့။

ဒီလိုနဲ့ပဲ ဒေါ်စုနဲ့လူ(၈)ယောက် (၉)ယောက် လောက်ရှိတဲ့ အဖွဲ့လေး ဖြစ်လာတယ်၊ အဲဒါလေးက နေ့တိုင်းလိုလို မနက်ကို ညနေကို စသည်ပေါ့။ တစ်နေ့ကိုတစ်ခါ၊ တစ်ခါတလေ တစ်နေ့ကို နှစ်ခါလောက် ဆုံကြတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ ကျောင်းသားခေါင်းဆောင်တွေနဲ့တွေ့တဲ့ရက်တွေလည်းရှိတယ်၊ နောက်တစ်ခါ အခြားသောသပိတ်တွေက ကိုယ်စားလှယ်တွေဘာတွေနဲ့လည်း တွေ့တဲ့အခါရှိတယ်၊ ဒါပေမယ့်လည်း အဲဒါတွေက ခုနသခင်တင်မြတို့ လုပ်နေတဲ့ဘက်က လုပ်သလိုစည်းရုံးရေးသဘောထက် ဒီဘက်ကနေပြီးတော့ နိုင်ငံရေးသဘောဆောင်တာက ပိုပါတာပေါ့၊ အဲတော့ ဘာဖြစ်နိုင်မလဲ၊ ရှေ့ဘာလုပ်ကြမလဲ၊ နိုင်ငံရေးအခြေအနေဘယ်လိုရှိနိုင်လဲ ရှေ့ဘယ်လိုလှမ်းမလဲ၊ ဘယ်လိုချဉ်းကပ်မလဲ၊ ဘယ်အင်အားတွေ ဘယ်လိုတွေရှိသေးလဲ စသည် ဒီလိုတွေ ဆွေးနွေးတာပေါ့၊ အဲဒီမှာ ကျွန်တော်တို့ အဖွဲ့လေးတစ်ခုပေါ်လာပြီးတော့ အဖွဲ့နှစ်ဖွဲ့ဖြစ်သွားတယ်။ သခင်တင်မြတို့အဖွဲ့က အဲဒီ ဒေါ်စုခြံရဲ့ လမ်းဘက်မှာ ကပ်လျက်နေရာမှာရှိတဲ့ တဲတစ်လုံးရှိတယ် တဲကြီးတစ်လုံးပေါ့။ အဲဒီမှာ မီးစက်တို့ဘာတို့ ထားတဲ့ရုံတွေလည်းရှိတယ်၊ အဲဒီမှာ ရုံးထိုင်ပြီးတော့ နေ့စဉ်သပိတ်တွေနဲ့ တွေ့ပြီးတော့ လုပ်ကာကတစ်ဖွဲ့၊ နောက်တစ်ခါ ကျွန်တော်တို့က ဒေါ်စုအိမ်အဝင်ဝမှာ တက်တက်ခြင်း ကျောက်စားပွဲတစ်လုံးရှိတယ်။ လှေကားအဆင်းပေါ့၊ လှေကားရှေ့မှာ ကွက်လပ်လို ဖြစ်နေတယ်။ ညာဘက်မှာ အခန်းတစ်ခန်းရှိတယ်၊ ဘယ်ဘက်မှာ အခန်းတစ်ခန်းရှိတယ်၊ အလယ်ခေါင်က အိမ်ထဲကိုဝင်တဲ့ အပေါက်မှာ နောက်တစ်ခါ လှေကားရင်းမှာရှိတဲ့ ကွက်လပ်မှာ အခန်းလေးမှာပေါ့။ အဲဒီမှာ ကျောက်စားပွဲရှိတယ်။ အဲဒီမှာ ထိုင်ထိုင်ပြီးတော့ ဆွေးနွေးကြတယ်။ အဲဒီမှာ ကျွန်တော်ဒေါ်စုကို စတွေ့ဖူးတာပဲ၊ ကျွန်တော်က အမှန်စင်စစ်က ကိုမိုးသူတို့၊ ကိုသော်ကတို့နဲ့စာရင် ကျွန်တော်က ဒေါ်စုကိုသိတာ တော်တော်နောက်ကျတယ်၊ ထားပါတော့ အဲဒီမှာ ကျွန်တော် အဖွဲ့လေးထဲမှာ ပါပြီးတော့ ကျွန်တော်တို့ ပုံမှန်ဒေါ်စုနဲ့ထိုင်ပြီးတော့ နိုင်ငံရေးအခြေအနေတွေ၊ မဆလရဲ့အခြေအနေ၊ စစ်တပ်ရဲ့အခြေအနေစသည်ပေါ့၊ သပိတ်တွေရဲ့ အခြေအနေ အဲဒါတွေကို ဆွေးနွေးကြတဲ့ဟာလေးက ဂရု (Group) လေးပေါ်လာတယ်၊ အဲဒီအဖွဲ့ ပေါ်လာခြင်းဟာ နောင်သောအခါမှာ **NLD** မှာ အင်အားစုတစ်စု ဖြစ်လာမယ့် စုဖွဲ့မိတဲ့သဘောလို့ ကျွန်တော်တို့ ပြောလို့ရတယ်ပေါ့။

# အခန်း (၁၄)

## သမိုင်းဝင် ရွှေတိဂုံအနောက်မုခ် လူထုစည်းဝေးပွဲကြီး

### လူထုစည်းဝေးပွဲကြီးပြုလုပ်ဖို့ စတင်စီစဉ်

၁၉၈၈-ခုနှစ် ၊ ဩဂုတ်လ လလယ်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောဖို့ အတွက် လူထုစည်းဝေးပွဲကြီးတစ်ခုစီစဉ်ဖို့ ကျွန်တော်တို့ စိတ်ကူး ရခဲ့ပါတယ်။ ကျွန်တော်တို့က ဒေါ်စုက လူထုနဲ့တွေ့ဖို့လိုတယ်၊ ဒေါ်စုရဲ့ ဟောပြော ပွဲကြီးတစ်ခုလုပ်မယ်၊ သိမ်ဖြူကွင်းမှာ ကျွန်တော်တို့ ဟောပြောပွဲလုပ်ဖို့ စီစဉ်တယ်၊ စီစဉ်တဲ့အခါကျတော့ ဒီလုပ်ငန်းတွေလုပ်တဲ့ဟာဆိုတာက ပြဿနာအများ ကြီးရှိတာကိုး။ ရှိတယ်ဆိုတာက ပထမဦးဆုံး ဒေါ်စုရဲ့လုံခြုံရေးကိစ္စရှိမယ်၊ နောက်တစ်ခုက ဥပမာဆိုတော့ မိုးတွေကလည်း ရွာနေတဲ့ကာလကိုး၊ အဲဒီ အခါကျတော့ သိမ်ဖြူကွင်းထဲမှာ ရွံ့တို့ နွံတို့ ဘယ်လောက်တောင်များ ရှိနေမလဲ ဆိုတာတွေ၊ နောက်ကွင်းရဲ့အခြေအနေ၊ ဒါတွေကိုစစ်ဆေးဖို့အစီအစဉ်တွေ ရှိမယ်၊ နောက်တစ်ခါ လော်စပီကာတို့ ဘာတို့ဟာတွေ အစီအစဉ်တွေရှိမယ်၊ နောက်တစ် ခါ ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့နေရာဒေသတွေ အားလုံးအတွက်ကို ဖိတ်ကြားဖို့ဟာ တွေ အစီအစဉ်ရှိတယ်။ ဆိုတော့ သူတို့စုလုပ်ကြတာပေါ့၊ ဒါတွေကို ကျွန်တော် တို့ စာနယ်ဇင်းသမဂ္ဂကပဲ ခေါင်းဆောင်လုပ်တယ်၊ အဲတော့ အဲဒါတွေ လုပ်တဲ့ အခါကျတော့ ကိုမိုးသူတို့ လုပ်ကြတဲ့လူတွေပါပဲ၊ မျိုးမြင့်ငြိမ်းရဲ့ အကူအညီတွေ လည်း အများကြီးရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က လော်စပီကာကိစ္စတို့ ဆောင်းဘောက်တို့ဘာတို့ သူတို့ကကျွမ်းကျင်တဲ့လူတွေ အစပ်အဆက်ရှိတဲ့

လူတွေပေါ့၊ ဒီစာနယ်ဇင်းထဲကနေပြီးတော့ လူငယ်တွေပေါ့၊ လူလတ်တွေပေါ့၊ နောက်ခြေသိမ်းလုပ်မယ့်လူတွေ၊ ဒီလူတွေကအရေးကြီးတာက တစ်ကယ် လက်တွေ့လုပ်မှာကိုး၊ လူကြီးတို့ဘာတို့ ဆိုတာတွေကတော့ ကျွန်တော်ကတော့ အစည်းအဝေးမှာဆိုတာ ကျွန်တော်တို့ရဲ့အလုပ်ကရှိတယ်။ တစ်ကယ်လုပ်တဲ့ အကောင်အထည်ဖော်တဲ့ဟာတွေကြတော့ ဒီလူတွေကလုပ်မှာ ကျွန်တော် တစ်ချို့လူတွေ မှတ်မိတယ်၊ ဆိုပါတော့ ကာတွန်းကိုဝင်းထွန်းဆိုတာ **DVB**မှာ ရှိသလား ဘာလား မသိဘူး **DVB** မှာတော့ တွေ့တွေ့နေတာသူပဲလို့ထင်တယ်။ နောက်ပြီးတော့ **K**မျိုးတို့ ကိုမျိုးမြင့်ဆိုတဲ့ပန်ချီဆရာမျိုးတွေ အဲလို လူငယ်အင်အား စုတွေအများ ကြီးထွက်လာပြီးတော့ အကုန်လုံးစီစဉ်ကြတယ်။

စီစဉ်ပြီးတော့ တိုတိုပြောရရင် ဩဂုတ်လ (၂၄)ရက်နေ့မှာ လုပ်မယ် ဆိုပြီးတော့ ကျွန်တော်တို့ စီစဉ်လိုက်ပြီး စလုပ်တာပေါ့။ ထားပါတော့ ဩဂုတ်လ (၂၀)ရက် ပတ်ဝန်းကျင်လောက်စပြီးတော့ ကျွန်တော်တို့ ဒါစီစဉ်၊ နောက်ပြီးတော့ ဖိတ်စာတွေရိုက်ပြီးတော့ နယ်တွေကိုကမ်းဖို့ တစ်ဖက်ကလည်း ကွင်းကိုသွားပြီး တော့ စစ်ဆေးတဲ့ လူတွေကလုပ်၊ စပီကာတွေငှားတဲ့လူ၊ စင်ထိုးဖို့အကုန်လုံး လုပ်နေတုန်းအချိန်မှာ ဗိုင်းဆို ဘာဖြစ်လဲဆိုတော့ အဲဒီ (၂၄)ရက်နေ့မှာ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းလိုက်တယ်၊ ရုပ်သိမ်းတော့ ကျွန်တော်မှတ်မိတဲ့ ပုံသဏ္ဍာန် လေးတစ်ခုပြောအုံးမယ်၊ ဒီ (၂၄) ရက်နေ့ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းတဲ့အပေါ်မှာ ကျွန်တော် ဆင်ခြင်စဉ်းစားမှုတစ်ခု ကျွန်တော်ရလိုက်တယ်၊ ဘာရလိုက်သလဲ ဆိုတော့ အဲဒီ (၂၄)ရက်နေ့မှာ ကျွန်တော်ထမင်းထွက်စားတယ်၊ ဒီဘားလမ်း ကိုတင်စိုးရဲ့ စံပါယ်ဦး အခန်းကနေပြီးတော့ အဲဒီအချိန်တုန်းက ရှစ်လေးလုံး ကာလ မတိုင်ခင်လေးမှာတင်ဖွင့်တဲ့ ချစ်တီးဆိုင်ကြီးတစ်ဆိုင်ရှိတယ်၊ မီးသတ်ရဲ့ ဘေးနားပေါ့၊ သံတမန်ကုန်တိုက်ဆိုတဲ့ဟာရဲ့ဘေးနားကပေါ့၊ အခန်းကျယ်ကြီး လုပ်ပြီးတော့ တော်တော် ကောင်းကောင်းမွန်မွန် ချစ်တီးဆိုင်ခေါ်တယ်၊ အဲတော့ ကျွန်တော်အဲဒီမှာ တိုရှည်လေးဘာလေး စားဖို့သွားတယ်ပေါ့။

## စစ်အုပ်ချုပ်ရေးရုပ်သိမ်းတဲ့နေ့ မြင်ကွင်း

ကျွန်တော်ချစ်တီးဆိုင်မှာရှိနေစဉ်မှာပဲ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းလိုက်ပြီ ဆိုတဲ့ စကားတွေရန်ကုန်တစ်မြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ လူတွေ က ရှုန်းရှုန်းဖြစ်ကြတာ ကျွန်တော်သတိထားမိတယ်၊ ပြီးတော့ ဘာတွေများဖြစ်မ လဲဆိုပြီးတော့ ကျွန်တော်က မီးသတ်ဘက်ကို လျှောက်သွားတယ်၊ မီးသတ်ဘက်

လျှောက်သွားတဲ့အကြောင်းကလည်း မြို့တော်ခန်းမမှာရှိတဲ့ စစ်တပ်တွေပေါ့၊ စစ်တပ်တွေက အဲဒီမှာ သေနတ်ကိုင်ဘာညာ လုပ်ပြီးတော့ ရှစ်လေးလုံးစပေါ်ခါစ ဩဂုတ်လ (၈)ရက်နေ့ညမှာ မြို့တော်ခန်းမမှာ ပစ်ကြခတ်ကြဖြစ်တဲ့ တပ်တွေပေါ့၊ အဲဒီတပ်တွေက မြို့တော်ခန်းမမှာ တပ်စွဲထားတယ်၊ တပ်စွဲထားတဲ့အမြင် သူတို့မှာ ဟိုဒင်းတွေရှိတယ်ဗျ၊ သံဆူးကြိုးတိုင်တွေ ဘာတွေနဲ့။ အဲဒါနဲ့ အထဲမှာ ကျကျနနနေနေတာ၊ နေနေတော့ ကျွန်တော်ကလည်း အဲဒါကို ကြည့်ချင်တယ်။ ကျွန်တော်ချစ်တီးဆိုင်ကနေပြီးတော့ မီးသတ်ဘက်ကို လမ်းလျှောက်သွားတယ်၊ မီးသတ်ဘက် လျှောက်တာကလည်း ကျွန်တော် လွန်ခဲ့တဲ့ ၁၉၄၈ အကုန်ပေါ့၊ ရန်ကုန်တစ်မြို့လုံးဝိုင်းပြီးတော့ သူပုန်တွေဘာတွေ ဝိုင်းနေတဲ့ အချိန်မှာ ကျွန်တော်တို့ကျောင်းမှာနေလို့မရ ကျောင်းကလည်း ပိတ်ထားတဲ့အခါကျတော့ ကျွန်တော် မြို့ထဲထွက်ပြီးတော့ မီးသတ်မှာနေဖူးတာကိုး၊ ဒီမီးသတ်မှာလည်း အဲအချိန်တုန်းကတော့ ကျွန်တော်တို့မြို့က မီးသတ်သမားတွေဘာတွေ တော်တော်ရှိတယ်၊ ကျွန်တော်က အရေးအကြောင်းတစ်ခုခုဖြစ်ရင် မီးသတ်ထဲကို ဝင်ဖို့ ဘယ်ကနေဝင်ရမလဲ၊ ဘယ်နေရာရှောင်ရမလဲဆိုတာကို ကျွန်တော် သိတာကိုး၊ လူတွေက အော်ဟစ်နေပေမယ့်လို့ ဆန္ဒပြတဲ့လူတွေ အော်တာ ဟစ်တာလား၊ သူတို့က ဝမ်းသာလို့အော်တာလား၊ ဒေါသဖြစ်လို့ အော်တာလားဆိုတာ ကျွန်တော် မသိဘူး။ မသိတော့ ကျွန်တော်က စိတ်ချရတဲ့နေရာဆို မီးသတ်ရှေ့ကနေ ဖြတ်သွားတယ်။ အဲဒီမှာ ဘာသွားတွေ့လည်းဆိုတော့ လူတွေက ဆန္ဒပြတာ မဟုတ်ဘဲနဲ့ ပျော်ပျော်ပါးပါး အော်ဟစ်နေတာတွေဖြစ်နေတော့ ကျွန်တော်လည်း ဒါနဲ့ မီးသတ်ရှေ့ကနေပြီးတော့ ဆူးလေဘုရားလမ်းပေါ်ထိ ထွက်လာတာပေါ့၊ မီးသတ်ရှေ့မှာ လမ်းတစ်လမ်းရှိတယ်။ အဲဒီမှာ ပလက်ဖောင်းရှိတယ်။ ပြီးတော့မှ ဆူးလေဘုရားလမ်းကိုး။ အခုပုံစံနဲ့တော့မသိဘူး၊ ထားပါတော့ အဲတော့ ကျွန်တော်က အဲဒီကနေထွက်လာပြီး ကြည့်လည်း ကြည့်ကော ကျွန်တော့်မြင်ကွင်းက ဘာမြင်လည်းဆိုတော့ လူတွေကအကုန်လုံး ပျော်နေတာ၊ ပျော်ပြီးတော့ အော်ဟစ်လုပ်ပြီးတော့ အဲဒီစစ်တပ်တွေဘေးနားကို သွားတယ်၊ စစ်တပ်တွေကလည်း ဘာမှမပြောဘူး၊ ဘာမှမလုပ်တော့ဘဲနဲ့ စစ်ကားကြီးတွေရောက်လာပြီးတော့ စစ်သားတွေအကုန်လုံးတက်ကြတယ်၊ တက်တဲ့အခါကျတော့ လူတွေက အကုန်လုံးအော်ဟစ်ပြီးတော့ အဲဒီစစ်သားတွေကို စီးကရက်တို့ ဘာတို့ပြစ်ပေး၊ ဒါအမြင်ကို စစ်သားတွေက မနိုင်မနင်းနဲ့ ခုနကပြောခဲ့တဲ့ သံဆူးကြိုးကာတဲ့ ဟာတွေဘာတွေ တုံးတွေရှိတယ်၊ သံဆူးကြိုးပါတယ်၊ နောက်ပြီးတော့ မြေကြီးမှာ

ယောင်လို့ရအောင်ပေါ့၊ တိုင်တွေနဲ့ ဒါတွေပါတယ်၊ အဲဒါတွေကို လူတွေက တစ်ခါတည်းကို အကုန်လုံးဝိုင်းသယ်ပြီးတော့ ကားပေါ်တင်ပေးကြတယ်။

## စစ်တပ်အပေါ် လူထုရဲ့ သဘောထားနဲ့ တုန့်ပြန်မှု

အဲ့တော့ ကျွန်တော် ဒီလွှန်ခဲ့တဲ့ နှစ်ရက်သုံးရက်စသည် ကိစ္စမျိုးမှာ မြင်ခဲ့ရတဲ့ စစ်တပ်နဲ့ လူထုပေါ့၊ စစ်တပ်ကလည်း သေနတ်တွေနဲ့ပစ်၊ လူထုက လည်းစစ်သားတွေကိုကော်ဆဲ ဘာညာလုပ်၊ အဲဒီလိုဩဂုတ်လ (၈)ရက်နေ့က တွေ့ခဲ့တဲ့ အနေအထားက ဩဂုတ်လ (၂၄) ရက်ပေါ့ နှစ်ပတ်သာသာလေး အတွင်းမှာ အခြေအနေကလုံးဝပြောင်းသွားတယ်၊ ပြောင်းသွားပြီးတော့ လူထုဟာ တပ်မတော်သားတွေကို အကုန်လုံးဝိုင်းပြီးတော့ စီးကရက်ပေးတဲ့သူကပေး၊ အဲဒီမှာ မုန့်တွေ ဘာတွေအနားမှာ ရောင်းနေတာပေါ့ လမ်းဘေးတွေမှာ အဲအချိန်တုန်း ကလည်း ရောင်းတဲ့ကောင်ကရောင်း၊ ဝယ်တဲ့လူကဝယ် စသည်လုပ်ကိုင်နေတာ၊ အကုန်လုံးကို ဖြစ်နေတဲ့အခါကျတော့ အဲငှက်ပျောသီးတို့ မုန့်တို့ဝယ်တဲ့လူက ဝယ်လာပြီးတော့ စစ်သားတွေကို ကားတွေပေါ်ပစ်ပစ်ပေးတာ၊ တစ်ခါတလေ လက်ခုပ်တီးကြ ဘာလုပ်ကြဖြစ်နေတာ၊ ကျွန်တော်ဘာသွားစဉ်းစားမိလည်း ဆိုတော့ ဒီတပ်မတော်တို့ဘာတို့ဟာ ဒီစစ်အာဏာ ယန္တယားကြီးကို လည်ပတ်နေ တဲ့ လူတွေရဲ့ အစီအမံအတိုင်းလူထုကို ပစ်ဟေ့ဆိုရင်လည်း သူတို့က အမိန့်ကို နာခံရတဲ့ လူတွေကိုး၊ ဆိုတော့ပစ်ကြ ခတ်ကြရှိတယ်၊ ဟုတ်လား လူထုကလည်း အဲဒီ အခါမျိုးမှာ စစ်သားကို အလွှန်မုန်းတီးပေါ့ အလွှန်ကို စက်ဆုတ်ရွံရှာစွာနဲ့ ဘယ်လိုမှမတက်နိုင်လို့သာ ပြန်ပြီးတော့ လက်သီးနဲ့ ပြန်မထိုးနိုင်တာပေါ့ ဟုတ်ရဲ့ ပြန်မရိုက်နိုင်တာရှိတယ်။ အနည်းဆုံးပါးစပ်ကရှိတော့ အပေးကနေဆဲလား ဆိုလားပေါ့ မကြားဝံ့မနာသာတွေ အော်ဟစ်ဘာညာဆိုတော့ စစ်တပ်နဲ့ လူထုရဲ့ ကြားထဲမှာ သံယောဇဉ်ဆိုတာလည်းမရှိဘူး၊ တစ်ခုနဲ့တစ်ခု၊ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်ကိုးစားခြင်းဆိုတာလည်း မရှိဘူး။

အလွှန်ကို ဆိုးဝါးတဲ့ အနေကနေပြီးတော့ ဒီစစ်အုပ်ချုပ်ရေး အမိန့်ကို ရုပ်သိမ်းလိုက်တာနဲ့တစ်ပြိုင်တည်း လူထုက ပျော်ပျော်ရွှင်ရွှင် ပျော်ပျော်ပါးပါးနဲ့ ကိုး။ မုန့်တွေပေး၊ အမှန်စင်စစ်ကတော့ တစ်ကယ်ဖြစ်ဖို့ကောင်းတာပေါ့၊ ကျွန်တော်ပြောတာ လူ့သဘောပေါ့။ ပြောမယ်ဆိုရင်ပေါ့။ ဒီအချိန် စစ်တပ်က ခြေဆုတ်တဲ့အချိန်ပေါ့ ရုတ်သိမ်းတဲ့အချိန်ဆိုရင် လူထုကနေ ရှင်းရှင်းပြောရရင် ဘေးကနေ ကော်ဆဲရုံပဲရှိတာပဲ၊ လူတွေသာ တစ်ကယ်ကို စစ်တပ်ကို မုန်းရိုးသာ

အသဲနာခရိုးသာမှန်ရင် ကော်ဆဲမှာပေါ့။ အခုတော့မဟုတ်ဘူးဗျာ၊ လူတွေက ဝိုင်းကူကြတယ်၊ ခုနပြောတဲ့ သံဆူးကြိုးတွေကို ထမ်းတင်၊ စီးကရက်တို့ ဘာတို့ပေး၊ လက်ခုပ်လက်ဝါးတီး ဘာညာ ဒါပေမယ့် စစ်သားတွေဘက်ကတော့ သိပ်တုန့်ပြန်မှုမရှိဘူး။ ဘာဖြစ်လို့ မရှိလည်းဆိုတော့ စစ်ဗိုလ်တွေကလည်း ဘယ်လိုအမိန့်ပေးထားလို့လည်းမသိဘူး။ သူတို့ကတော့ ခတ်မှန်မှန်ပဲ၊ ကားပေါ်တင်တဲ့ဟာတွေယူပြီးတော့ သွားကြတော၊ အဲဒီလိုမြင်တာနဲ့အတူ ကျွန်တော့်ရဲ့ ဆင်ခြင်သုံးသပ်မှုလေးတစ်ခု ပေါ်လာတာတော့ ဗြောင် တပ်မတော်တို့ ဘာတို့ဆိုတာ ပြည်သူလူထုနဲ့သာ သင့်တင့်လျောက်ပတ်သက်တဲ့ပုံစံနဲ့ဆက်ဆံကြမယ်၊ နေကြမယ်၊ ထိုင်ကြမယ်၊ သို့မဟုတ်လည်း အာဏာရှင်တွေဘာတွေ ကျွန်တော် ပြောမနေတော့ပါဘူး၊ စစ်အာဏာယန္တယားတို့လို့ ကျွန်တော်သုံးတယ်၊ စစ်အာဏာယန္တယားကို မောင်းနှင်နေတဲ့လူတွေရဲ့ အဲလိုခိုင်းစေရာအတိုင်း လုပ်တာမဟုတ်ဘူးဆိုရင် တပ်နဲ့ပြည်သူကြားမှာ ဘာမှသိပ်အခက်အခဲဆိုတာမရှိဘူး။ နောက်ပြီးတော့ သူတို့လည်း လူထုကြားထဲကနေ ထွက်လာတဲ့လူထုရဲ့ သားသမီးတွေပဲ၊ ကျွန်တော်ထင်တယ်၊ ခင်မင်ရင်းနှီးမှုဟာ ရှိနိုင်တယ်ဆိုတာ ကျွန်တော်သွားပြီးတော့ ဆင်ခြင်မိတယ်ပေါ့ ဒါက သိမှတ်လိုက်ရတဲ့ အမြင်လေးတစ်ခုပေါ့။

## လူထုစည်းဝေးပွဲပြုလုပ်မယ့်နေရာ ပြောင်းလဲသတ်မှတ်

ဩဂုတ်လ (၂၄)ရက်နေ့မှာ အစိုးရက စစ်အုပ်ချုပ်ရေးကိုရုပ်သိမ်းလိုက်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်တရားပွဲကို မူလစီစဉ်ထားတဲ့ သိမ်ဖြူကွင်းကနေ တခြားနေရာတစ်ခုကိုရွှေ့ဖို့ ဒေါ်စုရဲ့ခြံဝန်းထဲမှာ ကျွန်တော်တို့ ထပ်မံတိုင်ပင်ဆွေးနွေးခဲ့ကြတယ်။ဆွေးနွေးကြတယ်ဆိုတာက ဒီလိုဆိုရင်တော့ သိမ်ဖြူကွင်းမှာဘာလို့လုပ်မလဲ ကျွန်တော်တို့အကြံပေးတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ သိပ်ပြီးတော့ နားမလည်ဘူးလေ ကျွန်တော်ထင်တယ်။ ဒေါ်စုနားမှာ ရင်းရင်းနှီးနှီးရှိနေတဲ့ သခင်ဇုန်းမြင့်ပေါ့။ အရင်တုန်းက သတင်းစာဆရာ၊ စာရေးဆရာ ဘာညာသခင်ဇုန်းမြင့် အခုထိလည်းမသေသေးပါဘူး၊ အသက်ရှည်နေတုန်းပဲ။ အသက် (၉၀)ကျော်ပြီ၊ သွားတုန်းလာတုန်း ၊ လှုပ်ရှားတုန်းပေါ့၊ ဒီသခင်ဇုန်းမြင့်တို့ရဲ့ အကြံပေးချက်လည်းဖြစ်နိုင်တာပေါ့။ ရွှေတိဂုံဘုရားအနောက်မုခ်လိုဟာမျိုးမှာ လုပ်ရမယ်ဆိုတဲ့ဟာပေါ်လာတယ်။ အဲဒီတော့ ကျွန်တော်တို့ကလည်းရှင်းရှင်းပြောရရင် သိမ်ဖြူကွင်းကို စိတ်ပျက်နေတာ

နို့တွေနဲ့ ဘာတွေနဲ့ ဖြစ်နေတာ၊ ဩဂုတ်လကြီးဗျာ မိုးကလည်း ရွာဘာညာဆို တော့ ၊ အဲဒီမှာတင် ချက်ချင်းပြောင်းမယ်ဆိုတဲ့ လိုင်းကပေါ်သွားတယ်။

ဒေါ်စုရဲ့ ဟောပြောပွဲကို ရွှေတိဂုံဘုရားအနောက်ဘက်မုခ်မှာလုပ်မယ်၊ နောက်ပြီးတော့ (၂၆)ရက်နေ့ကျမှလုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်၊ အဲဒီ ဆုံးဖြတ်ချက်အတိုင်း ဒေါ်စုရဲ့ (၂၆)ရက်နေ့ လူထုအစည်းအဝေးပွဲကြီး ပေါ်လာတယ် ပေါ့၊ အဲဒီလူထု အစည်းအဝေးပွဲကြီး ပေါ်လာတာနဲ့ပတ်သက်လို့ ကျွန်တော် ပြောစရာလေး တစ်ချက်နှစ်ချက်ရှိတယ်၊ တစ်ချက်ကဘာလဲဆိုတော့ ဒီဟာလုပ်တာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံရေးတိုင်ပင်ခံအဖွဲ့ လိုလို နိုင်ငံရေးဆွေးနွေးဖို့ လိုလိုဖြစ်တဲ့ဟာ ရှေ့နေများ နောက်တစ်ခါ ရန်ကုန်တိုင်း ရှေ့နေများ၊ ဆရာဝန်များ၊ နောက်ပြီးတော့ စာပေစာနယ်ဇင်းပုဂ္ဂိုလ်များပါတဲ့ အစုအဖွဲ့မှာလည်း ကျွန်တော်တို့ ဆွေးနွေးကြတယ်။ အစည်းအဝေးမှာ ဘာတွေ ပြောမှာလဲ နောက်တစ်ခါဘာတွေ ဆုံးဖြတ်မှာလဲ ဒါကတစ်ပိုင်း၊ ကျွန်တော် ထင်တယ် တစ်ဖက်ကလည်း ဒေါ်စုက ဟိုဘက်မှာရှိတဲ့ နိုင်ငံရေးအတွေ့အကြုံ ရှိတဲ့ဝါရင့်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ သခင်တင်မြတို့ လိုပုဂ္ဂိုလ်တွေ ခုနကပြောသလို ကျွန်တော်တို့ အဖွဲ့တွေမှာမပါဘဲ နဲ့ သူ့ဟာသူ ဒေါ်စုရဲ့အိမ်ကို ဒေါ်စုရဲ့မိခင်ကြီး ဒေါ်ခင်ကြည်ကလည်း ရှိနေတာကိုး။ ဒေါ်ခင်ကြည်ကို ကူညီပေးနေတာ စောင့်ရှောက်နေတာ။ ဒေါ်စုကိုလည်း တိုင်ပင်ဖော် တိုင်ပင်ဖက်လိုပေါ့၊ နေနေတဲ့ သခင်အုန်းမြင့်လို ပုဂ္ဂိုလ်မျိုးတွေရဲ့ အကြံပေးချက်လည်း ဖြစ်ချင်ဖြစ်မယ်ပေါ့ဗျာ။ နောက်ဆုံးကျတော့ ရွှေတိဂုံဘုရား အနောက်မုခ်မှာ လုပ်မယ်ဆိုတာကတစ်ချက်။

## ကြားဖြတ်အစိုးရတောင်းရေး မတောင်းရေး

နောက်တစ်ချက်က ဘာလဲဆိုတော့ အဲဒီဆွေးနွေးပွဲမှာ ဒေါ်စုပြောမယ့် သဘောထားတွေကို ကျွန်တော်တို့ကြားနာတယ်၊ ဒေါ်စုက သူ့ဘာသာသူလုပ်တာ။ သို့သော် ဒေါ်စုက ကျွန်တော်တို့တစ်တွေကို ကျွန်တော်တို့တစ်တွေကို ပြောပြ တယ်ပေါ့၊ ဘာတွေဘာတွေပြောမယ်၊ နောက်တစ်ခုက ဘာတွေလဲဆိုရင် အရေး ကြီးဆုံးက ဘာတွေလဲဆိုရင် ကြားဖြတ်တောင်းမလား မတောင်းဘူးလားဆိုပြီးတော့ ပြဿနာကပေါ်ရောဗျ၊ ကြားဖြတ်အစိုးရတောင်းမလား ဘာဖြစ်လို့လဲဆိုတော့ ဒီဟာက အဲဒီခေတ်ကာလမှာ အမှန်အတိုင်းပြောရရင် မဆလဆိုတာကို ဖျက်သိမ်းပေးဆိုတဲ့ တောင်းဆိုတဲ့ဟာတွေ ရှိတယ်၊ ရွေးကောက်ပွဲကျင်းပ ပေးဆိုတဲ့ တောင်းဆိုတဲ့ဟာရှိတယ်၊ နိုင်ငံတော်ဖွဲ့ဖို့ဆိုတာတွေ တောင်းဆိုတာတွေရှိတယ်၊

နောက်တစ်ခါ ကြားဖြတ်အစိုးရဖွဲ့စည်းပေးဖို့ တောင်းဆိုတာတွေရှိတယ်။ ဆိုတော့ အကုန်လုံး တွေပြားနေတယ်၊ အကုန်လုံးတွေပြားနေတော့ ကျွန်တော်မှတ်မိတာ တစ်ခုရှိတယ်၊ ကျွန်တော်တို့အဖွဲ့မှာ ဆွေးနွေးတာပေါ့၊ ခုနကပြောသလို ကျွန်တော်တို့ အဖွဲ့ကလည်း အစိတ်အပိုင်းတစ်ခု ဟိုဘက်မှာရှိတဲ့ သခင်တင်မြတို့ကလည်း အစိတ်အပိုင်းတစ်ခု၊ သခင်အုန်းမြင့်တို့လို ပုဂ္ဂိုလ်မျိုးပေါ့။ ပုဂ္ဂိုလ်ရေးအရရင်းနှီးတယ်၊ နိုင်ငံရေးအတွေ့အကြုံတွေလည်း အများကြီးရှိတယ်၊ သို့သော် တစ်ကြိမ်တည်းမှာပဲ နိုင်ငံရေးလုပ်တဲ့လုပ်ငန်းတွေမှာ မပါဘဲနဲ့ ဘေးမှာအသာပဲ နေပြီးတော့ ဒေါ်စုကိုအကြံဉာဏ်ပေးနေတဲ့လူတွေ သို့မဟုတ်ဒေါ်စုရဲ့ အတိုင်ပင်ခံနေတဲ့ ပုဂ္ဂိုလ်များရှိမယ်၊ အနည်းဆုံး ဒေါ်စုပတ်လည်မှာ (၃)ဖွဲ့လောက်ရှိမယ်လို့ ကျွန်တော်ယူဆတယ်ပေါ့၊ အဲဒီသုံးဖွဲ့လောက်မှာ ကျွန်တော်တို့အဖွဲ့ရှိတာကို ကျွန်တော်ပြောတာနော်။ တခြားအဖွဲ့လုပ်နေတာကို ကျွန်တော်မသိဘူး၊ ကျွန်တော်တို့အဖွဲ့မှာ လုပ်တာနဲ့ပတ်သက်ပြီး ကျွန်တော်မှတ်မိတာကတော့ ဒီကြားဖြတ်ကိစ္စမှာ ဘယ်လိုလုပ်မှာလဲ ကြားဖြတ်ကို တောင်းမလား၊ မတောင်းဘူးလား၊ တောင်းသင့်သလား၊ မတောင်းသင့်သလား၊ တောင်းရင်ဘာတွေဖြစ်လာမလဲ ဘယ်သူတွေနဲ့ ကြားဖြတ်ဖြစ်မှာလဲ ဒီကြားဖြတ်က ဘယ်အခြေအနေမှာ ကြားဖြတ်ဖြစ်ပြီးတော့ ဘယ်အခြေအနေရပ်စဲမှာလဲ ဒီကြားဖြတ်ရဲ့ အာဏာစက်က ဘယ်လောက်ထိရှိမှာလဲ စသည်ပေါ့။

**အဖြေမထွက်တဲ့ ဆွေးနွေးပွဲ**

အဲဒီကြားဖြတ်အစိုးရဖွဲ့စည်းမှုနဲ့ပတ်သက်ပြီး ဆွေးနွေးရင်း အဖြေမထွက်ဘဲ အချိန်တွေကုန်သွားခဲ့တယ်။ မပြတ်ဘဲနဲ့နောက်ဆုံးပိတ်ကျတော့ ဒါဖြင့်ရင်လည်း ညကျမှ ကျွန်မပဲလှမ်းပြောမယ်တဲ့။ ဆရာတို့လည်းဆက်ပါ ဘာညာဆိုပြီးတော့ ဒါနဲ့ပြီးတာ၊ ဒီကြားဖြတ်ကိစ္စကမပြတ်ဘူး။ ကျွန်တော်မှတ်မိသလောက်ပေါ့၊ ကျွန်တော်တို့ ဆုံးဖြတ်ချက်တွေကျတယ်၊ နောက်တစ်ခါ ဒေါ်စုဘယ်လိုကနေဘယ်လိုလာမယ်၊ ဆိုတာမျိုးတွေအစီအစဉ်တွေ ကျွန်တော်တို့လုပ်ဖြစ်တယ်၊ ကျွန်တော်တို့ မူလတုန်းကတင်တဲ့ဟာက ဒေါ်စုအိမ်ကနေပြီးတော့ ထွက်ဖို့မဟုတ်ဘူး၊ အစည်းအဝေးဖြစ်ဖို့ကအရေးကြီးတယ်၊ ကားနဲ့လှည့်ပြီး လက်ကလေးပြလိုက်၊ ဆိုပါတော့ ဂုဏ်ပြုခံသလိုပေါ့၊ ကားနဲ့လှည့်ပြီး လက်ကလေးပြလိုက်လုပ်ဆိုတဲ့ဟာမျိုး လမ်းတလျှောက်လုံးပေါ့၊ တက္ကသိုလ်ရိပ်သာလမ်းတစ်လျှောက်ကနေပြီးတော့ အနောက်မုခ်အထိကို ဒေါ်စုက

လူထုကြားထဲ ကနေပြီးတော့ လက်တွေဘာတွေပြပြီးတော့သွားရင် ကျွန်တော်က ကားတွေဘာတွေပိတ်နေမှာစိုးတယ်၊ သွားလို့မရ လာလို့မရ ပိတ်သွားရင် အစည်းအဝေးကပျက်မယ်၊ အဲဒီတော့ အရေးကြီးတာက အစည်းအဝေးကအရေးကြီးတယ်၊ ဒါ့ကြောင့် ဒေါ်စု (၆)နာရီလောက်ကစပြီးတော့ အဲဒီပေါ်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းမှာပေါ့၊ လာပြီးတော့နေပါ။ ပြီးတော့မှ စောင်းတန်းကနေ ဆင်းလာပြီးတော့ ဒီစင်မြင့်မှာဟောပြောရုံပဲဆိုတဲ့ အနေနဲ့လုပ်တယ်၊ အဲဒါလည်း ပြောကြဆိုကြမပြတ်ဘူးပေါ့။ အဲဒီလိုဖြစ်ရင် ဘယ်လိုလုပ်မလဲ ဒေါ်စုက လူထုကြားထဲကနေ ဖြတ်လာရတာ၊ ကောင်းမလား တော်ကြာလူထုကနေ အကုန်လုံးပိတ်ဆို့သွားရင် အစည်းအဝေးစင်မြင့်ကို ရောက်မလာရင် ဒီအစည်းအဝေးဟာ မဖြစ်တော့ဘဲ ပျက်သွားမလားစသည်ပေါ့။ စသည်ဖြင့် အကုန်လုံးဆွေးနွေးပြီးတော့ ဘာမှမပြတ်ဘဲနဲ့ အဲဒီနေ့မှာ ကျွန်တော် မှတ်မိသလောက်ပေါ့။ (၂၅)ရက်နေ့မှာ အစည်းအဝေးလုပ်ပြီးတော့ ပြန်လာတယ်၊ ဒါကတစ်ပိုင်း။

## အပြုံင်လုပ်လာတဲ့ ဗိုလ်ချုပ်အောင်ကြီးတရားပွဲ

အဲဒီကြားထဲမှာ ဖြတ်ပြီးပြောစရာရှိတာက ကျွန်တော်တို့ အဲဒီအစည်းအဝေးဟာဘာဖြစ်လို့ မပြတ်သလဲဆိုတဲ့အထဲမှာ အနှောင့်အယှက်တစ်ခုပေါ့။ ပြောစရာရှိတာက ဘယ်လိုလဲဆိုတော့ ဒေါ်စုက (၂၆)ရက်နေ့မှာ ဟောပြောပွဲလုပ်တော့မယ် စီစဉ်နေပြီ။ အဲဒီ (၂၄)ရက်နေ့မှာ စစ်အုပ်ချုပ်ရေး ရုပ်သိမ်းလိုက်ပြီးနောက်(၂၅)ရက်နေ့မှာ နေ့လယ်လောက်ကျတော့ ဗိုလ်ချုပ်အောင်ကြီးကို လွှတ်ပေးလိုက်တယ်။ ဗိုလ်ချုပ်အောင်ကြီးကို ထောင်ကနေ လွှတ်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ဗိုလ်ချုပ်အောင်ကြီးရဲ့ လူများက တခါတည်း ပဒုမ္မာကွင်းမှာပေါ့၊ သူ့လက်ဖက်ရည်ဆိုင်နဲ့ နီးတဲ့ကွင်းပေါ့၊ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်အောင်ကြီးက လက်ဖက်ရည်ဆိုင်ဖွင့်ထားတာကိုး ဆိုတဲ့အခါကျတော့ ဗိုလ်ချုပ်အောင်ကြီးက ချက်ချင်းဆိုသလို အဲဒါကို စီစဉ်လိုက်တယ်။ အဲဒီစီစဉ်တာကို ကျွန်တော်တို့က ခုနကပြောတဲ့ ဒေါ်စုဘယ်လိုထွက်သလဲ၊ ဘယ်လိုလာသလဲ၊ ကြားဖြတ်အစိုးရ ကောင်းမလား၊ မကောင်းမလားဆိုတာတွေ လုပ်နေတုန်းတန်းလန်းမှာ ကျွန်တော်မှတ်မိတဲ့ပုံစံပြောရရင် လူနှစ်ယောက်ရောက်လာတယ်။ ကျွန်တော်တို့အစည်းအဝေးကလည်း ခုနကပြောသလို အခန်းထဲမှာ စည်းဝေးတာမဟုတ်ဘူး၊ လှေကားအဆင်း ဒေါ်စုအိမ်က ပုံသဏ္ဍာန်က ဘယ်ဘက်မှာအခန်းရှိတယ်။ ညာဘက်မှာအခန်းရှိတယ်။ ခလယ်ခေါင်က လှေကားရှိတယ်၊ အဲဒီလှေကားရှိတဲ့ အခန်းလေးကို ဦးတည်ပြီးတော့ အိမ်တံခါးမကြီးကိုဖွင့်ပြီးတော့ အဲဒီကတက်တယ်။ ဆိုတဲ့

အခါကျတော့ ကျွန်တော်တို့က လှေကားရင်းမှာ အခန်းတော့ နည်းနည်းတော့ ကျယ်ပါတယ်။ (၁၀)ပေလောက်ကျယ်တဲ့လှေကားရင်းမှာ ကျောက်စားပွဲတစ်လုံး ချပြီးတော့ ကျွန်တော်တို့ အစည်းအဝေးထိုင်တာ။ အဲဒီမှာထိုင်တယ်။ ဆိုတော့ အဲဒီနေရာကို လူနှစ်ယောက်ရောက်လာတယ်။

## ဒေါ်စုရဲ့တုံ့ပြန်မှု

၁၉၈၈ခုနှစ် ဩဂုတ်လ (၂၅) ရက် ညနေပိုင်းမှာ ခပ်စောစောမှာ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး စေလွှတ်လိုက်တဲ့လူနှစ်ယောက်ပေါ့။ ရောက်လာပြီးတဲ့အခါကျတော့ လူနှစ်ယောက်ထဲက တစ်ယောက်ကနေပြီးတော့ အစ်မတဲ့ ဗိုလ်ချုပ်လွှတ်လာပြီတဲ့၊ ဒေါ်စုကလည်း ဟုတ်လားတဲ့ကောင်းတာပေါ့၊ ကောင်းတာပေါ့တဲ့ ပြောနေတုန်းပဲရှိသေးတယ် အစ်မတဲ့ ဗိုလ်ချုပ်ကတဲ့ တော်တော်ကြာကျရင် ညနေပိုင်းပေါ့လေ အစည်းအဝေး လုပ်မယ်တဲ့ ဗိုလ်ချုပ်တို့ဘက်ကနေမှာလိုက်တယ် အဲဒါနဲ့ ပတ်သက်ပြီး ဘာများ ပြောချင်သလဲ ဘာမက်ဆေ့ (**message**) ပေးချင်သလဲပေါ့။ ဒေါ်စုအနေနဲ့ ဘာအမှာစကားလေးဘာလေးပါးချင်သလဲ ဆိုလိုတာက ဥပမာဆိုပါတော့ ညီလာခံကြီး တစ်ခုလုပ်တဲ့အခါမှာ အခြားသောအဖွဲ့အစည်းတွေ သဝဏ်လွှာ ပို့သလိုပေါ့။ ဒီညီလာခံကြီးလုပ်နိုင်တဲ့အတွက် ဝမ်းသာလိုက်တာပါဆိုပြီးတော့ တခြားအဖွဲ့အစည်းများကနေပြီး သဝဏ်လွှာတွေပို့သလိုပေါ့။ အဲဒီပုံစံသဘော မျိုးဆောင်တယ် ဖြစ်နေတာပေါ့။ ဆိုလိုတာကတော့ ဗိုလ်ချုပ်အောင်ကြီးက အစည်းအဝေးလုပ်မယ် အဲဒီအစည်းအဝေးကို ဒေါ်စုကနေပြီးတော့ သဝဏ်လွှာ ပါးပါပေါ့။ ဘာပြောချင်သလဲလို့ မေးတော့ ဒေါ်စုရဲ့ အဲဒီနေရာမှာသတိထားဖို့ ကောင်းတာက အမှတ်အသားပြုဖို့ကောင်းတာက ဘာလဲဆိုတော့ ဒေါ်စုရဲ့ တုံ့ပြန်မှုအလွန် ကောင်းတယ်ဗျ၊ ထူးထူးခြားခြားကိုဗျာ ကျွန်တော်တို့တွေ့ဖူးသမျှ နိုင်ငံရေးခေါင်းဆောင်တွေ၊ သို့မဟုတ်လည်း လူပုဂ္ဂိုလ်တွေ စီးပွားရေးသမားတွေ၊ ရှေ့နေတွေဆိုတဲ့ ဒီလိုပုဂ္ဂိုလ်တွေနဲ့ ယှဉ်လိုက်တဲ့အခါမှာ ဒေါ်စုရဲ့တုံ့ပြန်မှုက အလွန်မြန်ဆန်တယ်ဗျ၊ အလွန်တိကျတယ်ဗျာ၊ ဒိုင်းဆိုတဲ့ပြန်နိုင်တဲ့ဟာရှိတယ်၊ ဘာနဲ့ပြောရမလဲဆိုရင် ဆိုပါတော့ အရပ်စကားနဲ့ပြောရမယ်ဆိုရင် မြွေပွေးများ လိုထိလိုက်လို့ရှိရင်တစ်ခါတည်း ပြန်ပြီးတော့ ပေါက်ချလိုက်မယ်ဆိုတဲ့ တုံ့ပြန်မှု မျိုးရှိတယ်ဗျ။

ဟိုလူတွေကနေပြီးတော့ အစ်မ. . ဗိုလ်ချုပ်က ဟိုမှာအစည်းအဝေး

လုပ်တော့မယ် အစ်မဘာများမှာချင်သလဲဆိုပြီးတော့ ဗိုလ်ချုပ်က မေးနိုင်းတယ် ဆိုပြီးတော့ ပြောလည်းပြောရော ဒေါ်စုက ဗိုင်းဆိုတစ်ခါတည်း မဟုတ်ဘူးတဲ့ ကျွန်မတို့ဒီမှာ အစည်းအဝေးလုပ်တော့မယ် မနက်ဖြန်လုပ်တော့မယ့်ဟာကို ဘာဖြစ်လို့ အပြိုင်လုပ်ရမှာလဲတဲ့၊ နောက်ဒီအပြိုင်လုပ်တဲ့ အစည်းအဝေးကို ကျွန်မက ဘာဖြစ်လို့ ဘာစကားတွေပြောမလဲ၊ ကျွန်မ ဘာစကားမှ ပြောစရာ မရှိဘူးဆိုတော့ ဒေါ်စုကနည်းနည်း ခပ်ထန်ထန်လေးပြောလိုက်တယ်၊ ပြောလိုက်တဲ့အခါကျတော့ ဟိုလူတွေကလည်းဘာလုပ် ရမှန်းမသိဘူး။ ကျွန်တော်တို့က ဒါလာမေးတာပါတဲ့။ အစည်းအဝေးလုပ်တော့မယ်ဆိုတော့၊ အခု ကျွန်တော်တို့ပြန်မယ်တဲ့၊ အဲဒီအချိန်မှာ လူတွေရဲ့ သံယောဇဉ်ပဲခေါ်မလား၊ သို့မဟုတ် လူတွေရဲ့ဇီဇပေါ့၊ မူလပေါ့၊ အရင်းအမြစ်ရဲ့ သဘောလို့ခေါ်မလားမသိဘူး၊ ကျွန်တော်တို့အထဲမှာက စစ်သားတစ်ယောက်ပါတာ၊ မောင်သော်က ကပါနေတယ်။ မော်သော်ကက စစ်ဗိုလ်ချင်း ဆိုတဲ့တွယ်တာတာလား၊ ဒါမှမဟုတ် မောင်သော်က ဗိုလ်ချုပ်အောင်ကြီးကိုပဲ ပုဂ္ဂိုလ်ရေး ခင်မင်မှုလား။ ဘာလားလည်း မသိဘူး။ အဲဒီမှာ ဘာထလုပ်သလဲဆိုတော့ ဒေါ်စုကလည်း ခပ်ထန်ထန်လေး ပြန်ပြောလိုက်လို့ ဟိုလူနှစ်ယောက်ကလည်း ဘာဆက်ပြောမလဲမသိဘဲနဲ့ ပြန်မယ်လို့လည်း လုပ်လည်းလုပ်ရော ကိုသော်ကကထပြီးတော့ ဗိုလ်ချုပ်ဟော ပြောပွဲကို ကျွန်တော်လိုက်ပြီးတော့ သွားကြည့်လိုက်မယ်ဆိုပြီးတော့ ထရောဗျ။ ထတော့ တစ်မျိုးကြီးဖြစ်သွားတာပေါ့၊ ပွဲကပျက်သွားတာပေါ့။ ပွဲပျက်ပြီးတော့ ဒေါ်စုကလည်း သွားပါတော့ဆရာ၊ သွားပါဆိုပြီး လုပ်တော့ စကားကပြောလို့ မကောင်းတော့ဘူး၊ ကျွန်တော်ကလည်း အလွန်အရေးကြီးတဲ့ကိစ္စတွေ ဆွေးနွေး ရမှာ၊ ကျန်နေတယ်၊ ခုနကပြောသလို ကြားဖြတ်တို့ဘာတို့ ဆိုတာတွေကို ဒါတွေအကုန်လုံးကို ဆက်ပြီးတော့ပြောနေဘို့ မရှိတဲ့အခါကျတော့ ဒေါ်စုက လည်း စိတ်မပါတော့ဘူးနဲ့တူပါတယ်။ ကဲဒီလိုဆိုရင် ဆရာတို့အချိန်လည်း မရှိတော့ဘူး အဲဒီတော့ ဆရာတို့လည်းစဉ်းစားပါတဲ့၊ ညကျတော့ ကျွန်မ လှမ်းပြီးတော့ ကျွန်မဆီလည်းဖုန်းဆက်ပါ၊ ကျွန်မကိုလည်းပြော ဘာညာဆိုတဲ့ အခါကျတော့ ကျွန်တော်တို့လည်း ပြန်လာတာပေါ့။

**လူထုအစည်းဝေးပွဲအစီအစဉ်နဲ့ ဒေါ်စုပြောမယ့်မိန့်ခွန်း**

အဲဒီတော့ (၂၆)ရက်နေ့ လုပ်မယ့် အစည်းအဝေးအတွက်က ဒေါ်စု ပြောမယ့် မိန့်ခွန်းကသူ့ဟာသူစီစဉ်ပြီးသားပေါ့၊ သို့သော် ဒေါ်စုက လုပ်လေ့

လုပ်ထရှိတဲ့ပုံသဏ္ဌာန်အတိုင်း အဖွဲ့အစည်းမှာအမြဲတမ်း အသိပေးလေ့ ရှိတယ်။ နောက်ပိုင်းမှာ ကျွန်တော်မှတ်မိတာ NLD စီအီးစီဖြစ်တဲ့အခါ ဒေါ်စုက နယ်ကို ခရီးသွားမယ့်ဟာတွေနဲ့ပတ်သက်ရင် ဒေါ်စုရဲ့ လုပ်ပုံကိုင်ပုံလေးတွေကို ကြားဖြတ် ပြောလိုက်အုံးမယ်။ ဒေါ်စုက တစ်ခါတည်း သူ့မိန့်ခွန်းပြောမယ့် အချက်တွေ အကုန်လုံးကို ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ ဆိုပါတော့ အချက် ၃၀ - ၄၀ ရှိတယ် အဲဒါတွေကို အမြဲတမ်းစီအီးစီကိုတင်ပြတယ်။ ဥပမာဆိုပါတော့ ခရီးထွက်ဖို့ ဘယ်နှစ်ရက်ကြာမယ်၊ အစည်းအဝေးဘယ်နှစ်ခုရှိတယ် အဲဒီဟာတွေမှာ ကျွန်မ ပြောမယ့် မိန့်ခွန်းတွေထဲမှာ ဒီအချက်တွေ ဒီအချက်တွေ ပြောပါမယ်။ အဲဒီထဲမှာ သဘောတူလား။ ဘာများပြောစရာရှိသလဲ၊ သူကအဲဒီလို အမြဲတမ်း လုပ်တယ်။ ဒေါ်အောင်ဆန်းစုကြည်က နောက်တစ်နေ့ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ သူပြောရမယ့်အချက်တွေနဲ့ပတ်သက်ပြီး အစည်းအဝေးမှာ တင်ပြကာ သူတို့ရဲ့သဘောထားတွေနဲ့ ပတ်သက်ပြီးမေးမြန်းခဲ့တယ်။ မိန့်ခွန်း ကိစ္စက ပြတ်တယ်ပဲဆိုပါတော့ဗျာ။ နောက်တစ်ခါ ကျွန်တော်တို့ နောက်တစ်နေ့ ဘယ်လို ထွက်မလဲဆိုတော့ နောက်တစ်နေ့ကိစ္စက ကျွန်မခြံထဲကလူတွေနဲ့ပဲ ညှိရတော့မယ်၊ ကျွန်မဘယ်လိုလုပ်မယ်ဆိုတာကတော့ ညကျမှဘဲ ကျွန်မ သိမယ်တဲ့။ ဘယ်လိုထွက်လာမလဲပေါ့။ လမ်းတစ်လျှောက် ကားပေါ်ကနေပဲ လက်ကလေးတပြပြနဲ့ပဲလာမလား၊ သို့မဟုတ်ရင် ကျွန်တော်တို့တွေ အဆိုပြု သလို အောင်မြင်ရေးအတွက် လမ်းမှာလူတွေနဲ့ ပိတ်မနေရေးအတွက် ဘုရားကုန်းတော်ပေါ်ဘဲ အရင်လာနေမလား။ ဆိုတာက မပြတ်ဘူး၊ နောက်တစ်ခါ အလားတူပဲကြားဖြတ်ကိစ္စကလည်း မပြတ်ဘူး။

## ဗိုလ်ကြီးစည်သူ၊ ဝါဒဖြန့်စာနဲ့ မောင်သော်က

အဲဒါနဲ့ကျွန်တော်တို့ပြန်လာတယ်၊ ဒါပေမယ့် နောက်တစ်နေ့ ကျင်းပမယ့် မနက်ကျတော့ ကျွန်တော့်ဆီကိုဖုန်းဝင်လာတယ်။ ကိုသော်က ဆီကဝင်လာတယ်၊ ကိုသော်ကက အဲဒီ အချိန်မှာသူက ဆူးလေဘုရားလမ်းနဲ့ ဖရေဇာလမ်းထောင့်မှာ ရှိတဲ့ အခန်းတစ်ခုရထားတာရှိတယ်။ အဲဒီအခန်းမှာ သူမိသားစုလည်းရှိတယ်ဆို ပါတော့။ အဲဒီမှာ သူကနေတယ်။ အဲဒီနေ့မှာ ခင်ဗျားတို့ မှတ်မိမလားမသိဘူး၊ ဗိုလ်ကြီးစည်သူဆိုလားမသိဘူး။ စစ်သားတစ်ယောက်ကနေပြီးတော့ လိုက်ပြီး တော့ ဒေါ်စုနဲ့ပတ်သက်လို့ရော အစိုးရနဲ့ပတ်သက်လို့ရော ဒီဆန္ဒပြပွဲနဲ့ ပတ်သက်လို့ရော စာရွက်တွေနဲ့ လိုက်ကပ်တယ်။ အဲဒါတွေကို အမိကဖမ်းတဲ့

လူငယ်တွေကလည်း မွတ်ဆလင်လေးတွေပေါ့။ ကိုသော်က ကလူငယ်တွေရဲ့ကြားထဲမှာလည်း ပေါ်ပြူလာဖြစ်တယ်။ မိတ်ဆွေတွေနဲ့ တွေ့တဲ့ အခါမှာလည်း ပေါ်ပြူလာဖြစ်တယ်။ သူကလည်း ထက်ထက်သန်သန်။ တစ်ခါတည်းကို စကားပြောရင် ကဗျာတွေရော ဘာတွေရော ဒီလိုပုဂ္ဂိုလ်မျိုး။ ဆိုလိုတာက သူကကျွန်တော်တို့နဲ့ မတူဘူး၊ လူချစ်လူခင်အရမ်းပေါတယ်၊ လူတွေက သူ့ကိုလေးစားတယ်၊ သူ့ကိုလက်ခုပ်တီးချင်တယ်၊ အဲဒီလိုလူစားမျိုးဗျ၊ ဆိုလိုတာက သူကလည်း အဲဒီလိုဟာတွေမှာ သာယာတဲ့လူစားမျိုး၊ သာယာတယ်ဆိုတာက မကောင်းတဲ့သဘောနဲ့ ပြောတာမဟုတ်ပါဘူး၊ သူက အဲဒါတွေနဲ့ ပတ်သက်ပြီး တစ်သားတည်း ဖြစ်အောင်ပေါ့။ လူထုနဲ့ သူ့ကို မြှောက်စားမှု၊ ချီးမြှင့်မှု၊ အားပေးမှု၊ လက်ခုပ်တီးမှု အပေါ်မှာတစ်သားတည်းဖြစ်အောင် လုပ်တတ်တဲ့လူ၊ ထက်ထက်သန်သန်ကြီး လုပ်တတ်တဲ့လူ။

ကျွန်တော်ပြောချင်တာ ဘာလဲဆိုတော့ သူကပြဿနာရှိတဲ့သူ ဒီနေရာတစ်ဝိုက်မှာ ဆိုတဲ့အခါကျတော့ ဒီဗိုလ်စည်သူတို့ကို ဖမ်းပြီးတော့၊ မိပြီလည်းဆိုလည်းဆိုရော သူ့ကိုလာပြီးတော့ ခေါ်ကြတယ်။ ခေါ်ပြီးတော့ ဒီကောင်တွေကိုနောက်ပိုင်းမှာ သရက်တောကျောင်းတို့ ဘာတို့ပို့တယ်ပြောတယ်။ အဲဒါတွေမလုပ်ခင်မှာ သူကတရားစီရင်မယ်ပေါ့၊ သူကလည်း သိတဲ့အတိုင်းပဲပေါ့။ လည်ပင်းကစောင်းနေပြီးတော့ လမ်းသွားရင်တောင်မှ သူကဘေးတိုက် သွားသလိုဖြစ်နေတဲ့ အနေအထားမျိုး၊ စောင်းငန်းစောင်းငန်းနဲ့ ဟိုဘက်ဒီဘက် လှည့်လို့မရတဲ့ရှေ့သို့ပဲ အမြဲတမ်းကြည့် နိုင်တဲ့လူပေါ့။ အဲ့ဒီတော့ သူက ကျွန်တော့်ဆီ ဖုန်းလှမ်းဆက်တယ်၊ ကဲ ဦးဝင်းတင်တဲ့ ကျွန်တော်တို့ ထောက်လှမ်းရေးတွေ မိနေပြီတဲ့ ဒေါ်စုနဲ့ ပတ်သက်လို့ရော အရေးတော်ပုံနှင့်ပတ်သက်လို့ရော အကုန်လုံး မဟုတ်ကဟုတ်က စာတမ်းတွေ ကပ်တဲ့ဟာတဲ့ အဲ့ဒီတော့ ဒီကောင်တွေကို တရားစီရင်ရမယ်တဲ့၊ လူငယ်တွေက လာပြီးတောင်းဆိုနေပြီတဲ့ အဲဒီတော့ ခင်ဗျားလာခဲ့ပါတဲ့ သူကဒီအရေးကြီးတဲ့ ၂၆ ရက်နေ့ အစည်းအဝေးပွဲကြီး လုပ်တာတောင် သူတက်တက် ကြွကြွနဲ့ ပါဝင်ဆွေးနွေးတယ်၊ သူက ဗိုလ်အောင်ကြီးဆီ ထွက်သွားတဲ့အတွက် သူမေ့သွား သလားဘာလားမသိဘူးဗျ၊ အဲဒီနေ့မနက်မှာ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ အစည်းအဝေးပွဲကြီး ရှိတယ်ဆိုတာကို သူက မေ့သလိုလို သဘောမျိုးနဲ့ ကိုသော်ကက ကျွန်တော့်ကို ခေါ်ပြီးတော့ ဒီကောင်တွေကို တရားစီရင်ရမယ်၊ ဘာညာဆိုပြီးတော့ လှမ်းခေါ်တယ်။ ခေါ်တော့ ကျွန်တော်က မဟုတ်ဘူးကိုသော်က ကျွန်တော်လာလို့မဖြစ်ဘူး၊ အနောက်မုခ်မှာ

အစည်းအဝေးရှိတယ်လေ၊ အဲဒီလာနေရင် ကျွန်တော်အချိန်မီတော့မှာ မဟုတ်ဘူး၊ အဲဒီတော့ ကျွန်တော်ကဖြစ်တဲ့နည်းနဲ့ ဒေါ်စုခြံထဲကိုသွား ပြီးတော့ တွေ့ဖုံးမှ ဖြစ်မယ်၊ ကျွန်တော်ကိုမိုးသူနဲ့ ချိန်းထားတယ်၊ ကိုမိုးသူ ကျွန်တော့်ကို လာခေါ် လိမ့်မယ်တဲ့ တကယ်လဲမနက်ကျတော့ ကိုမိုးသူလာခေါ်တယ်။

## တရားဟောစင်အနီးက ကိုစောလွင်

ဒီလိုနဲ့ဘဲ အဲဒီမနက်စောစောမှာပဲ ရွှေတိဂုံအနောက်မုခ်ကို ကျွန်တော်တို့ ရောက်သွားတယ်။ ရောက်ရောက်ချင်း ပတ်ဝန်းကျင်ကိုအကဲခတ် ကြည့်လိုက် တော့ဒေါ်အောင်ဆန်းစုကြည် စကားပြောမယ့်စင်မြင့်နဲ့ မလှမ်းမကမ်းမှာ လူတစ်ယောက်ကို စောစောစီးစီးအထူးအဆန်းသဖွယ် တွေ့ရတဲ့အတွက် အဲဒီလူရှိ ရာကိုလျှောက်သွားခဲ့မိတယ်။ ကျွန်တော့်မျက်စိကလည်း သိပ်မကောင်းဘူး။ ဒါနဲ့ကျွန်တော် အဲဒီဘက်ကိုလှုပ်လှုပ်နဲ့ လျှောက်သွားတဲ့အခါကျတော့ ဘယ်သူ သွားတွေ့လဲဆိုတော့ ကိုစောလွင်၊ ကိုစောလွင်ဆိုတာက ဒီ မ. ဆ. လ. ခေတ်မရောက်ခင်မှာ ဖ. ဆ. ပ. လ ခေတ်လောက်ထဲကစပြီးတော့ လမ်းစဉ် သတင်းစာဆိုပြီးတော့ သတင်းစာထုတ်တယ်၊ ကိုစောလွင်ကသူရိယ သတင်းစာတိုက်ကြီးကို ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ်များရဲ့အနွယ်တွေ၊ ပိုက်ဆံလည်း ချမ်းသာတယ်။

ဒါပေမယ့်လို့ သူက သူကိုယ်တိုင်ကလည်း ကွန်မြူနစ်ပေါ့။ သို့မဟုတ် လည်းလက်ဝဲပေါ့။ ကျောင်းသားလှုပ်ရှားမှုတွေ၊ ကျောင်းသားသမဂ္ဂတို့ ဘာတို့ မှာလည်း ပါဝင်လှုပ်ရှားပြီးတော့ သမဂ္ဂတာဝန်တွေလည်း ယူခဲ့တဲ့ထိပ်တန်း ခေါင်းဆောင်တစ်ယောက်ပေါ့၊ နောက်ပိုင်းမှာ သတင်းစာဆရာဖြစ်၊ ဆိုဗီယက် မြန်မာချစ်ကြည်ရေးအသင်းတို့ဘာတို့မှာ ခေါင်းဆောင်တွေဘာတွေလုပ်၊ နောက်တစ်ခါ ကိုကိုးကျွန်းတို့ဘာတို့ပါ၊ ကိုကိုးကျွန်းကနေ ပြန်လာတဲ့အခါကျတော့ ဒီမှာကျတော့ မ. ဆ. လ အစိုးရလည်း တက်လည်းလာရော သူ့သတင်းစာကို အဖြုတ်ခံရပြီးတော့ သူ့သတင်းစာကပြုတ်ရုံတင်မဟုတ်ဘူး။ မ. ဆ. လ ကနေပြီးတော့ လမ်းစဉ်သတင်း ဘာညာဆိုပြီးတော့ လုပ်တဲ့အခါကျတော့ သူ့သတင်းစာက ပြန်ပြောရင် မ. ဆ. လ မဟုတ်ဘူးနော်လို့ပြောရမယ့် အနေအထားမျိုးဖြစ်နေတာကိုး။ ဒါပေမယ့်လို့ သူကနိုင်ငံရေးကို အမြဲတမ်းစိတ်ဝင်စားတဲ့လူဆိုတော့ သူက အဲဒီမှာ လျှောက်ကြည့်နေပြီ၊ ကျွန်တော် တို့စိုးရိမ်သလိုပဲ သူကစိုးရိမ်တယ်၊ ဒါပေမယ့် ကျွန်တော်က သူ့နဲ့ကစောစော

ပိုင်းမှာ ကျွန်တော်ကတွေ့တယ်ဗျ၊ ပုံမှန်ပဲတွေ့နေတာ၊ သူလဲကျွန်တော့်အိမ်လာတယ်၊ လာပြီးတော့ ဥပမာဆိုတော့ ဘုန်းကြီးတွေဘက်ကနေပြီးတော့ ဒီမိုကရေစီအရေးမှာ ပါဝင်ချင်တဲ့ဟာတွေ၊ သို့မဟုတ် ဘုန်းကြီးတွေ လှုပ်ရှားချင်တဲ့ ဗိုလ်ကုတို့ဘာတို့ခေါ်တဲ့ဘုန်းကြီးတွေ။ ကျွန်တော်တို့အရင်တုန်းက ဦးနုရဲ့ပထာစလက်ထက် ပြည်သူ့အိုးဝေကာလတုန်းက ကျွန်တော်နဲ့ ရင်းခဲ့တဲ့ဘုန်းကြီးတွေကို သူကခေါ်လာတယ်။ ကျွန်တော့်ဆီ ခေါ်လာပြီးတော့ ဘုန်းကြီးတွေကို ကျွန်တော်ကမေးပေါ့၊ ဘုန်းကြီးတွေရဲ့သဘောထားပြော၊ နောက်တစ်ခါ ဦးနုရဲ့ဆိုတာ ရွှေ့နေကြီးတစ်ယာက်ရှိတယ်၊ ဦးနုရင်ဆိုတာ ဒီလမ်းမတော်မှာနေတယ်၊ သံဈေးနဲ့မျက်နှာချင်းဆိုင်လောက် တိုက်တစ်တိုက်မှာ အပေါ်ထပ်ကောအောက်ထပ်ကောနေတယ်။

သူ့ဆီသွားလို့ရှိရင် သူကကျွန်တော်တို့ကို အမြဲတမ်းပဲ မုန့်ကျွေးဘာကျွေး။ အဲဒီမှာ ကျွန်တော်တို့၊ ဦးထွန်းတင်တို့၊ ဦးစောလွင်တို့၊ တော်ဘုရားလေးတို့စသည်ပေါ့၊ စာပေသမားတွေပေါ့၊ ဆုံကြတယ်၊ အနားကြည့်လိုက်တော့မှ ကိုစောလွင်ဖြစ်နေတယ်။ ဟား ကိုစောလွင် ဘယ်နှယ်လဲ လာပါအုံး ပြောစမ်းပါအုံး၊ ကိုစောလွင်က ဟာမလာဘူးတဲ့၊ ခင်ဗျာတို့ဟာ ခင်ဗျာတို့လုပ်တဲ့၊ တော်ကြာကျုပ်တို့နဲ့ပတ်သက်တယ်ထင်ရင် မကောင်းဘူးတဲ့၊ ကျွန်တော် စိုးရိမ်လို့ဗျာတဲ့ ခင်ဗျာတို့ဟာတွေ နည်းနည်းလျှောက်ကြည့်နေတာတဲ့၊ ဟုတ်တယ်၊ ကျွန်တော်တို့လည်း စိုးရိမ်တဲ့စကားတွေရှိတယ်။ အဲ လူငယ်တွေက ကျွန်တော်တို့ကို ပြောထားတာရှိတယ်။ ဒါတွေလည်းစိုးရိမ်တယ်ဆိုတာ၊ အဲဒီမှာပြောပြီးတော့ သူကထွက်သွားရော။

## ပရိတ်သတ်ကိုထိမ်းထားတဲ့ ကိုထွန်းဝေ

ဒါနဲ့ ကျွန်တော် စင်ပေါ်ကိုပြန်တက်တယ်။ စင်ပေါ်ပြန်တက်တဲ့အခါကျတော့ ပြောရအုံးမယ်။ စင်ကရွှေတိဂုံနောက်ဘက်မုခ်ဖောင်းတန်းမှာ အခန်းသုံးခန်းရှိရာမှာ ကျွန်တော်က ဘုရားကိုမျက်နှာမူမယ်ဆိုလို့ရှိရင် ညာဘက်အစွန်ဆုံးပေါ့။ တောင်ဘက် အစွန်ဆုံးအခန်းမှာ ကျွန်တော်က စင်ဆောက်ထားတာ၊ အလယ်ခန်းနဲ့ လက်ဝဲဘက်စောင်းတန်းလှေကားထစ်တွေကတော့အားနေတာပေါ့။ အဲတော့ အဲဒီဟာကြီးမှာ ရှေ့မှာ ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ကန့်လန့်ကာကြီးလုပ်ထားတော့ ကျွန်တော်တို့ နောက်ဘက်က လူတွေကမမြင်ရဘူး။

အဲတော့ နောက်ဘက်မှာ ဘယ်သူတွေ ရှိနေလဲဆိုတော့ ရောက်လာ

တဲ့သူက ကိုမိုးသူရောက်တယ်၊ ကိုသော်ကရောက်တယ်၊ ကိုယုရောက်တယ်။ ကျွန်တော်ရှိတယ်။ နောက်ပြီးတော့ ဦးထွန်းဝေပေါ့။ (၄) (၅) ယောက်၊ အဲနောက်မှာ ကျွန်တော်ကထိုင်နေတယ်ဗျ၊ ဘယ်လောက်မှ မကြာလိုက်ဘူး လူက ဘုံး. . ဘုံး. . ဘုံး. . ဖြစ်လာပြီးတော့ လူကကြွပ်ခဲ့သွားပြီ၊ ကျွန်တော်တို့ ထင်တာထက်ကို အများကြီးများပြီ၊ အဲတော့ ပြဿနာက ဘယ်လိုလုပ်မလဲ၊ ဒေါ်စုကလည်း မလာသေးဘူး။ နောက်ကျနေတာ။ နောက်ကျနေတော့ အဲဒီမှာ ကိုထွန်းဝေက စပြီးတော့ ထိန်းတာပဲ။ ပရိသတ်ထိန်းတာ ကိုထွန်းဝေက တော်ရှာပါပေတယ်၊ ကိုထွန်းဝေထိန်းနိုင်ပါပေတယ်၊ ကိုထွန်းဝေရှိပေလို့သာ တော်တော့တယ်ဆိုတဲ့ ခံစားချက်က သူ့ ။တွေတော့မသိဘူး၊ ကျွန်တော်ကတော့ အများကြီးပေါ်တယ်။ တစ်ကယ်လို့သာ ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့သလို အခမ်းအနားမှူး တာဝန်ကိုယူခဲ့မိမယ်ဆိုရင် သည်လောက်များပြားတဲ့ ပရိတ်သတ်နဲ့ အကျိုးနည်းရချည်ရဲ့လို့ ကျွန်တော်တွေးမိတယ်။အဲဒီအချိန်မှာ ကိုထွန်းဝေက ကောင်းကောင်း ပရိသတ်ကိုထိန်းပြောတဲ့ အကြောင်းတွေက ဒီဒေါ်စုအကြောင်းတွေလည်းပါတယ်။ နိုင်ငံရေးဖြစ်တဲ့အကြောင်းတွေ၊ မ. ဆ. လ အကြောင်းတွေရော၊ လူထုရဲ့လှုပ်ရှားမှုအကြောင်းတွေရော စုံနေတာပဲပြောတာ။ ဒါပေမယ့် အဲလောက်ကောင်းတဲ့ ကိုထွန်းဝေလို ဟာဝရွှန်းလဲမှိုတယ်။ အသံပြဇာနဲ့ လည်းပြည့်တယ်၊ ဟုတ်လား မင်းသားဆိုတဲ့ ဂုဏ်လည်း ရှိတယ်။

အဲဒီကြားထဲကနေပြီးတော့ ပရိသတ်က လှုပ်. . လှုပ်. . လှုပ်ဖြစ်လာတယ်၊ ဖြစ်တာ ဘယ်လောက်ထိဖြစ်လဲဆိုတော့၊ ကျွန်တော်မှတ်မိသလောက်ဆိုရင် ခဲနဲ့ပေါက်တာတွေဘာတွေပါ ဖြစ်လာတယ်၊ နောက်ဆုတ်ကြလို့၊ ရှေ့တိုးကြလို့ လုပ်ရင်းနဲ့ ခဲနဲ့ပစ် နောက်ဆုံးကျတော့ ရှုန်း. . ရှုန်း. . ရှုန်း ကျွန်တော်ကလည်းစိုးရိမ်တာပေါ့။ ဟို အင်္ဂလိပ်စကားရှိတယ်မဟုတ်လား စတင်းဘိ(stand beat)ပေါ့။ ကုလားနိုင်ငံတွေမှာ ဖြစ်တတ်သလိုပေါ့ ဘုရားဖူးတွေသွား လူတွေများတဲ့အခါကျတော့ ထောင်သောင်းသိန်းနဲ့ချီပြီး ရှိတဲ့အခါကျတော့ တစ်ခုခု ကွင်းလန့်ပြီဆိုတာနဲ့ပဲ ပြေးရင်းလွှားရင်းကနေ လူတွေပေါ်တက်နင်း လူတွေရာနဲ့ချီ သေတာမျိုးပေါ့။ တံတားတစ်ခုပေါ်မှာ ဘုရားဖူးတွေ အကုန်လုံးနင်းမိပြီးတော့ သေကြတာမျိုးပေါ့၊ မှတ်မိမှာပေါ့ ဘီရင်စစ်ပွဲဖြစ်ခါစတုန်းက။ အဲဒါမျိုးလိုစိုးရိမ်ပြီး ရင်တမမနဲ့ဖြစ်နေကြတယ်၊ ဒါပေမယ့်လို့ ကျွန်တော်ရင်တမမနဲ့ဖြစ်နေတာနဲ့အမျှ ဟိုဘက်က ကိုထွန်းဝေကလည်းပြောလိုက် ရယ်စရာတွေလည်းပါတယ်၊ ကျွန်တော်တို့ဆို

ပြောတတ်ဖို့နေနေသာသာပေါ့။ ပြန်တောင်မပြောတတ်လောက်အောင်ကို ရှွန်းရှွန်းကိုဝေနေတာပဲ။

## စင်ပေါ်တက်ချင်တဲ့ ဗိုလ်ရန်နိုင်

ဒါပေမယ့် ကျွန်တော်တို့တစ်တွေ ရင်လေးသထက်လေးလာတာက ဘာလဲဆိုတော့ ဒေါ်စုကပေါ်မလာဘူး။ ကျွန်တော်တို့ မှန်းတာက နဂိုထုန်း က ဘာလဲဆိုတော့ ခုနှစ်နာရီလောက်ဆိုရင် ဒေါ်စုမိန့်ခွန်းပြောမယ်၊ ဆုံးဖြတ်ချက်တွေချမယ်၊ နာရီဝက်လောက်အတွင်းမှာ အကုန်လုံးပြီးသွားမယ်၊ ပြီးသွားရင် ကျွန်တော်တို့ရင်အေးသွားမယ်၊ အရေးကြီးတာက ကျွန်တော်တို့လူထုပွဲကြီးဖြစ်ဖို့ပဲ။ ဒါပေမယ့်လို့ လူတိုင်းလူတိုင်းကပြောလာပြီပေါ့နော်။ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်သွားတဲ့ အလယ်ပစ္စယ်ဆွေးနွေးပွဲ၊ လူထုအစည်းအဝေးပွဲကြီးက ဒီလောက်မကြီးကျယ်ဘူးဗျနော် ဘယ်ကြီးကျယ်နိုင်မလဲဗျာ၊ အလယ်ပစ္စယ်မှာ လုပ်တာကိုး အခုဟာက ဒီသိင်္ဂုတ္တရကွင်းပြင်မှာထွက် လုပ်တာကိုး၊ ဆိုလိုတာက တော့ သူ့အဖေ ဗိုလ်ချုပ်အောင်ဆန်း လုပ်သွားတဲ့အစည်းအဝေးထက်ကိုများတယ်ဆိုတာ ထင်ရှားနေတာကိုး၊ ဒါပေမယ့် ပြဿနာက ဒေါ်စုကရောက်မလာဘူး၊ ဘာတွေဖြစ်နေတယ်ဆိုတာ အသံမကြားရဘူး၊ ဒီနေ့ခေတ်လို ဆဲဖုန်းလေးရှိရင်တော့ ဆဲဖုန်းလေးအမြန်အလှန်ဆက်ပြီးတော့ ဘယ်နေရာရောက်နေပြီဆိုတာ အကြောင်းကြားရမှာပေါ့။ လူလွှတ်ပြီးတော့ သွားကြည့်နိုင်းရလောက်အောင် လူထုကိုလည်းကြည့်အုံး၊ သိင်္ဂုတ္တရလွင်ပြင်မှာရှိတဲ့လူထုထဲကို ဖောက်ပြီးတော့ တစ်ခါ ဦးဝိစာရလမ်းကြီး တစ်လျှောက်လုံးမှာ ဦးဝိစာရဟိုဘက်ထိပ်ဒီဘက်ထိပ်ပေါ့ တော်လှန်ရေးပန်းခြံအဆုံးလောက်ထိကို လူတွေကပြွတ်သိပ်ညပ်နေတဲ့ အခါကျတော့ သွားကြည့်နိုင်းဖို့ လူကိုလွှတ်ဖို့ ဆက်သားလုပ်ဖို့ကိုတောင် လမ်းမရှိဘူး။ အဲ့ဒီတော့ ကျွန်တော်တို့က ရင်တမမနဲ့ပဲ စောင့်ရတာပေါ့။

အဲ့ဒီလိုနေရင်းကနေ ဝုန်း . . ဝုန်းနဲ့ဖြစ်သွားတယ်။ သူတို့ ဘယ်ကနေ ဘယ်လို ကားတွေနဲ့ဝင်လာလားဘာလား ကျွန်တော်တို့မမြင်ရဘူးအဲ့ဒီမှာ လူတစ်ယောက်ကို မွေ့ပြီးတော့ချီလာပြီး စင်ပေါ်ကိုရောက်လာတယ် ကြည့်လိုက်တယ် အဖိုးကြီးတစ်ယောက် သူကဘယ်သူဖြစ်နေလဲဆိုတော့ ဗိုလ်ရန်နိုင်ဖြစ်နေတယ်၊ ဗိုလ်ရန်နိုင်က သူတောင်းဆိုတာက သူ . . ဒီစင်မြင့်ပေါ်မှာ စကားပြောဖို့လည်းမဟုတ်ဘူး ဒီလောက်ကို အရေးကြီးတဲ့ လူထုအစည်းအဝေးပွဲကြီးဒီလောက် ကိုအရေးကြီးတဲ့ပွဲလ်ပေါ့ဗျာ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးပြောမယ့်

[illegible] သူက ခဲဘော်သုံးကျိပ်ဝင် သူဟာစင်မြင့်ပေါ်မှာသူထိုင်မယ်၊ အဲဒီတော့ [illegible] ကျွန်တော်တို့မှာအာဏာရှိတဲ့ (authority) မရှိဘူး။ သူ့ကိုဘယ်လို [illegible] မလုပ်နိုင်ဘူး။ ကြည့်တဲ့အခါကျတော့ မောင်သော်ကက ကျွန်တော်တို့ရဲ့ ဆရာသမားပေါ့၊ ကျပ်လုပ်မယ်တဲ့၊ ကျွန်တော်တို့ကလည်း ကောင်းတာပေါ့၊ ကောင်းတာပေါ့၊ မောင်သော်ကဆိုတော့ သူက ဗိုလ်မှူးဘသော်ကို၊ ကြည့်တာလုပ်ပေတော့ဆိုတော့ ဗိုလ်မှူးသော်ကက ဆင်းရှင်းလိုက်တယ်ပေါ့၊ ဆင်းရှင်းတဲ့ဟာကတော့ သူတို့ဒီစင်မြင့်ပေါ်မှာ ဘယ်သူမှ လက်မခံနိုင်ပါဘူး၊ တခြားသူလည်းမပြောဘူး ဒေါ်စုတစ်ယောက်ပဲပြောမှာ၊ ဗိုလ်ရန်နိုင် ဟိုဒင်း ဖြစ်ချင်ရင်တော့ အဲဒီဘုရားစောင်းတန်းပေါ်က လှေခါးထစ်တစ်နေရာမှာ ရှင်းလင်းပေးပြီးတော့ အဲဒီမှာပဲထိုင်ပါ။ အဲဒီမှာပြီးသွားတယ်။ အဲဒါ ရှေ့ပြေး ဖြစ်နေတဲ့ အနေအထား၊ အဲဒီမှာနေရင်း (၈)နာရီလောက်ကျမှ ဒေါ်စုရောက် ပြီကြားတယ်၊ ရောက်ပြီဆိုတာတောင်မှ တော်လှန်ရေးပန်းခြံအဝလောက်မှာ ရောက်တယ်ပေါ့။ အဲ့ဒီမှာလူတွေက လက်ခုပ်တီးကြဘာကြနဲ့ပေါ့။ အဲဒီနေရာ ကနေ နောက်ထပ်နာရီဝက်လောက်ကို စင်မြင့်ထက်ရောက်အောင်လုပ်ရတယ်။

## ဒေါ်စု မိန့်ခွန်းပြောပြီ

ဦးဝိစာရလမ်းတစ်လျှောက်မှာရှိတဲ့ လူထုကိုအချိန်အတော်ကြာ ဖြတ်သန်းပြီးမှာတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ရွှေတိဂုံဘုရား အနောက်မုခ်ကို မနက်(၉)နာရီ ကျော်လောက်မှာရောက်ရှိတယ်။ တဖြည်းဖြည်းနဲ့နောက်ဆုံး ပိတ်ကျတော့ဒေါ်စုဝင်လာ၊ လူတွေလည်း အုံးအုံးကြွက်ကြွက်နဲ့ လက်ခုပ် တီးပြီးတော့ စင်ပေါ်ရောက်တယ်ဆိုပါတော့၊ နောက်ပြီးတော့ မိန့်ခွန်း ပြောတယ် ဆိုပါတော့။ ထားပါတော့ ဒါပေမယ့် ပြဿနာကဘာဖြစ်သလဲဆိုတော့ ဒေါ်စု ပြောတဲ့အထဲမှာ ကျွန်တော် ကနားထောင်နေရင်း နားထောင်နေရင်း ဆုံးဖြတ်ချက် တွေကလည်း ဦးထွန်းဝေလက်ထဲမှာရှိပြီးသား ဦးထွန်းဝေက အစတုန်းက ဒေါ်စုမိန့်ခွန်းပြောပါလိမ့်မယ် ဘာညာပေါ့ဗျာ၊ သို့မဟုတ်ရင်လည်း ပြီးသွားတဲ့ အခါမှာ အစည်းအဝေးက ဒါကြီးဆုံးဖြတ်ပါတယ်။ လူထုကနေ သဘောတူပါ သလားထောက်ခံပါသလား စသည်မေးဖို့ပဲ ဒါပဲ။ သို့သော် ဒေါ်စုမိန့်ခွန်း ပြောတဲ့ထဲမှာ ဘာပါလာသလဲဆိုတော့ ဒီကြားဖြတ်တောင်းဆိုချက်ကပါလာ တယ်ဗျ။ ဆိုတဲ့အခါကျတော့ ဟာဒုက္ခပဲ မနေ့တုန်းက မပြတ်တဲ့ဟာဆိုတော့

ကျွန်တော်က ဒီကိစ္စကို ဦးထွန်းဝေက ရှင်းရှင်းပြောပြီးတဲ့ဟာ ခင်ဗျားတို့ဟာ ဆုတ်တာတွေ ကျွန်တော်မသိဘူးနော်၊ ကျုပ်တို့ကတော့ ခင်ဗျားတို့ ပြောထားတဲ့ဟာအတိုင်း ကျုပ်အာဝဇ္ဇန်းအတိုင်း ကျုပ်ပြောသွားမှာ ဆိုတာရှိတော့ ဒီကြားဖြတ်တောင်းဆိုချက်လိုဟာမျိုးမှာ ကျွန်တော်က ကိုထွန်းဝေလက်ထဲကို ထည့်ရမယ့် ဝတ္တရားကရှိနေတယ်၊ ကိုထွန်းဝေက မိန့်ခွန်းလဲသိပ်ပြီးတော့ နိုင်ငံရေးမိန့်ခွန်းတွေလည်း နားထောင်မှာမဟုတ်ဘူး၊ သူကအရေးကြီးတာ ပရိသတ်ကို သူဘယ်လိုထိန်းရမလဲပဲကြည့်မှာ ဒေါ်စု နောက်ကွယ် ကန့်လန့်ကာ နောက်ကွယ်မှာ ကျွန်တော်တို့တွေကရှိကြတာ။ ဒေါ်စု အဲဒီ အသံလည်းကြားရော ကျွန်တော်လည်း မျက်လုံးပြူးသွားတယ်၊ ဒါကိုဘယ်လို လုပ်ပြီးတော့ ကိုထွန်းဝေနဲ့ ချိတ်ဆက်မိမလဲ။

## အစည်းအဝေးဆုံးဖြတ်ချက်နဲ့ ကြားဖြတ်အစိုးရ

ဒေါ်စုမိန့်ခွန်းထဲမှာတော့ ကြားဖြတ် တောင်းဆိုတဲ့ အချက်ကပါတယ်။ အစည်းအဝေးဆုံးဖြတ်တဲ့အထဲမှာ မပါရင်လည်း ပွဲကျကုန်မှာစိုးတော့ ကျွန်တော်က ဒေါ်စုကိုသွားမေးရမယ့် ဝတ္တရားရှိတော့ ကိုထွန်းဝေကိုသွားပြီးတော့ ခေါ်သွားပြီးတော့ ထည့်လိုက်လို့ပဲ ပြောရမလား မပြောရဘူးလား။ ဒေါ်စုရဲ့ အတည်ပြုချက်ကလိုနေရော၊ ဒေါ်စုကို မေးရမယ့်ဝတ္တရားရှိတယ်။ ကျွန်တော် ကန့်လန့်ကာနောက်ကွယ်ကနေ၊ ပြီးတော့ ရှေ့ကိုလည်းထွက်လည်းလာရော ပြဿနာကဘာဖြစ်သလဲဆိုတော့ ဒေါ်စုနောက်မှာ ထုံးစံအတိုင်း ဒေါ်စုကိုကိုးကွယ်သော လူငယ်အင်အားစုများထဲမှ လူငယ်တွေအကုန်လုံးက တစ်ခါတည်း လက်ချင်းချိတ်ပြီးတော့ ဒေါ်စုနောက်ကနေပြီးတော့ ဒေါ်စုကို လခြမ်းပုံသဏ္ဌာန် ပိုင်းပြီးတော့ တန်းစီပြီးတော့ စောင့်နေတာပေါ့၊ ဆိုတော့ ကျွန်တော် ဒီဟာတွေကို လုပ်လို့မရဘူး၊ ဖယ်ပါအုံးကွ ဖယ်ပါအုံးကွ ပြောလည်းမရဘူး၊ ဒေါ်စုက မိန့်ခွန်းပြောနေပြီ၊ ပြီးတော့မယ် ပြီးတာနဲ့ တစ်ပြိုင်နက်တည်း ဒေါ်စုကိုကျွန်တော်က ဒီဟာကိုတောင်းဆိုချက်ထဲထည့်ရမလားလို့မေးမယ်၊ တောင်းဆိုချက်ထဲ ထည့်ပါလို့ပြောတာနဲ့ တစ်ပြိုင်နက်တည်း ကျွန်တော် ဦးထွန်းဝေလက်ထဲက စာရွက်ကိုယူပြီးတော့ ကျွန်တော်ကထပ်ဖြည့်ပေးရမယ်၊ ပြီးရင် ကျွန်တော်က ဦးထွန်းဝေကို ပေးရမယ်၊ ဦးထွန်းဝေက ကြေညာပေးရမယ်၊ အချိန်က ဒီစက္ကန့်ပိုင်းမှာကို ပြဿနာကဖြစ်နေတယ်၊ ဒါပေမဲ့ကျောင်းသားတွေကလည်း မရဘူး။ လှည့်တောင်မကြည့်ဘူး၊ ကြံ့ကြံ့ကြီးခံနေတယ်၊ အဲဒီတော့ ကျွန်တော်လည်း

ဘယ်လိုမှ မတတ်နိုင်တော့ဘူး။ ကဲနောက်မှ ပြဿနာရှင်းမယ်ကွာ၊ လူမြင်လို့လည်း မကောင်းတာတွေ ဖြစ်မလားဆိုပြီးတော့ အဲဒီလူငယ်တစ်ယောက်ကို ကျွန်တော် နောက်ကျောကနေပြီးတော့ ခါးကိုပိုက်ပြီးတော့ လက်သီးနဲ့ ပြင်းပြင်းကိုထိုးတာ ပေါ့၊ ကျွန်တော်ထိုးနိုင်သလောက်ပဲ။

အဲဒီတုန်းကလည်း ကျွန်တော်က အသက်(၆၀)လောက်ရှိပြီကိုး။ ဆိုတော့ လူငယ်ကလက်တွဲကိုဖြုတ်ချပြီးတော့ ကျွန်တော့်ကို ပြန်ထိုးမလို့ပေါ့ဗျာ၊ သို့မဟုတ်ရင်လည်း သူ့အန္တရာယ်ကိုသူကာကွယ်ဖို့ပေါ့။ တစ်ခုခုလုပ်ဖို့ နောက်လှည့်လိုက်တော့ ကျွန်တော့်ကိုမြင်တော့ မှတ်မိသွားတယ်ပေါ့ဗျာ၊ အဲဒီကာလမှာ ဒေါ်စုအိမ်မှာ အဝင်အထွက်ရှိတယ်၊ ဒီဟာတွေ စီစဉ်နေတယ် ဆိုတာသိတော့ "ဟာ ဘာဖြစ်လို့ လဲ . . အဘ. . ဘာဖြစ်လို့လဲ" ဆိုတော့ မဟုတ်ဘူး ငါဒေါ်စုနဲ့ ပြောမှဖြစ်မယ်ဆိုပြီးတော့ ဒေါ်စုလည်း စကားပြတ်ရော ကျွန်တော်လှမ်းပြီးတော့ ဒေါ်စုကို လူငယ်ကြားထဲက ထွက်ပြီးတော့ မေးရတယ်ဗျ။ ဒေါ်စု ဒီကြားဖြတ်တောင်းဆိုချက်စကား ဒီဆုံးဖြတ်ချက်ထဲမှာထည့်ရမှာလား ဆိုတဲ့အခါကျတော့ ဒေါ်စုကထည့်ရမှာပေါ့တဲ့။ အဲဒါနဲ့ ကျွန်တော်က ထပ်ပြီးတော့ ဦးထွန်းဝေကိုခေါ်ရတယ်၊ ဒါပေမယ့် ဦးထွန်းဝေကရှေ့နားနည်းနည်း ရောက်နေတယ်၊ ဦးထွန်းဝေကိုလှမ်းခေါ်တယ်၊ ဦးထွန်းဝေက လာလဲလာရော စာရွက်ပေးပြီးတော့ စာရွက်ပေးဆို ကြားဖြတ်တောင်းဆိုချက်ကို ကျွန်တော့် လက်ရေးနဲ့ ကျွန်တော် ထပ်ဖြည့်ရတယ်၊ ကိုထွန်းဝေကို ပေးလိုက်တဲ့ အခါကျ တော့ ကိုထွန်းဝေက အဲဒီက အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်တဲ့အခါမှာ ကြားဖြတ်တောင်းဆိုချက်ပါ ပါသွားတယ်ပေါ့ဗျာ၊ ဆိုလိုတာကတော့ ဒေါ်စုပြော ချင်တဲ့ဟာတွေအကုန်လုံးက ပြည့်ပြည့်စုံစုံပါသွားပြီးတော့ ပြီးသွားရော။

## သတင်းထုတ်ပြန်ရေးနှင့် ဘီဘီစီဦးမောင်မောင်

ကျွန်တော်တို့ရဲ့ အားကိုးရာပေါ့ဗျာ၊ ကျွန်တော်တို့ရဲ့အသံ ဒီကိစ္စကို တိုင်းသိပြည်သိ ကမ္ဘာသိဖြစ်အောင် လုပ်ဖို့ဆိုတာက တစ်လမ်းပဲရှိတယ်၊ မီဒီယာပဲရှိတယ်၊ မီဒီယာကလည်း ကျွန်တော်တို့မှာ တစ်လမ်းပဲရှိတယ်၊ ဘီဘီစီပဲရှိတယ်၊ ဘီဘီစီပေးရမယ်ဆိုရင် ဘီဘီစီက အဲဒီအချိန်တုန်းကကျွန်တော် တို့ ဦးမောင်မောင်ပေါ့။ ဟိုးတုန်းကသမာဓိသတင်းစာကို ထုတ်ဝေခဲ့တဲ့ ဦးမောင်ကြီးလို့ထင်တယ်။ သူတို့ရဲ့သားတွေပေါ့၊ မြို့ဝန်တွေဘာတွေဖြစ်တဲ့ ပုဂ္ဂိုလ်တွေ၊ သမာဓိသတင်းစာဆိုပြီး လုပ်နေတဲ့ဟာပိုင်တာ၊ သူ့ရဲ့ညီဆိုရင်

ကျွန်တော်နဲ့ အလွန်ခင်ပါတယ်၊ ကိုညီညီဆိုရင် 'ရှင်မင်း'တို့ဘာတို့ဆိုတဲ့ ကလောင်နာမည်နဲ့ ရုပ်ရှင်ဝေဖန်ရေးတွေ ဘာတွေရေးတဲ့အခါမှာ အသောဆုံး နာမည်ကြီးခဲ့တဲ့ ပုဂ္ဂိုလ်ပေါ့။ နောက်ပြီးတော့ စစ်ကြိုခေတ်ကတည်းက 'ညီညီ'ဆိုတဲ့နာမည်နဲ့ ကလေးကာတွန်းတွေဘာတွေ၊ နောက်ရိုးရိုးနိုင်ငံရေး ကာတွန်းတွေ ရေးခဲ့တဲ့ပုဂ္ဂိုလ်ပေါ့၊ အဲဒီသူ့ရဲ့ အစ်ကိုကတော့ ကိုမောင်မောင် ဆိုတဲ့ပုဂ္ဂိုလ်၊ ကိုမောင်မောင်ဆိုတာက ဘီဘီစီလုပ်နေတယ်၊ သူ့ရဲ့ခင်မင်တဲ့ ပုဂ္ဂိုလ်ထဲမှာ ထူးထူးခြားခြား ပုဂ္ဂိုလ်တစ်ယောက်ကတော့ ဒဂုန်တာရာပေါ့။ ဒဂုံတာရာနဲ့ သူတို့က မင်း၊ ငါပြော၊ အလွန်လည်းခင် ဒဂုန်တာရာကလည်း သူ့ကို ကိုမောင်မောင်ကို အမြတ်နိုးခင်မင်တဲ့အမြင်နဲ့ သို့မဟုတ်လည်း ခင်မင်တဲ့ စကားလုံးနဲ့ ကိုမောင်မောင်အကြောင်းကိုရေးလေ့ ရှိတယ်။ အဲဒီကိုမောင်မောင်က သတင်းစာဆရာလည်းလုပ်ခဲ့ဖူးတယ်၊ ကျွန်တော်တို့နဲ့လည်း ခင်တယ်ဆိုတော့ ကိုမောင်မောင်ကို ကျွန်တော်တို့က အားကိုးရတယ်၊ အဲဒီတော့ ကိုမောင်မောင်ဆီ ကျွန်တော်တို့က သတင်းပို့ရမယ်ဆိုပြီးတော့ ရေးတယ်။

## လူ (၁၀) သိန်းနီးပါးခန့်တက်တဲ့ ရောမလူထုစည်းဝေးပွဲကြီး

အဲဒီမှာပြဿနာပေါ်လာတယ်၊ ပြဿနာပေါ်လာတယ်ဆိုတာက တစ်ချို့တက်ရောက်လာတဲ့ပရိသတ်က ကျွန်တော် မမြင်ရတဲ့နေရာမှာရှိနေတယ်၊ တစ်ဆင့်စကား တစ်ဆင့်ကြားရတာ လူတွေကရောက်လာတာမှ ဦးဝိစာရလမ်း၊ တော်လှန်ရေးပန်းခြံအဆုံးပေါ့ဗျာ၊ ဆိုလိုတာက ဘောင်ဒရီလမ်းခေါ်မလား မသိဘူး၊ အဲဒီအဆုံးပေါ့ အရင်တုန်းကတော့ ဝိဇယရုပ်ရှင်ရုံဆိုတာရှိတယ်၊ အဲဒါတွေကျော်တယ် ဟိုဘက်ကိုရောက်သွားတယ်၊ အခုဆိုပါတော့။ ဗဟန်း အထက်တန်းကျောင်း အဲဒီနေရာထိရောက်တယ်ပေါ့။ လူတွေကပြည့်ကျပ်နေတာ လူထုစကားတွေကလည်းကြားတယ်၊ ဒီဘက်တစ် ခါကြည့်ပြန်တော့ ဆန်းကာမေး ကျော်ပြီးတော့ စကော့ဈေးထိပ်ဝနား၊ ဆေးရုံကြီးအဝနားအထိကို လူတွေက လမ်းတွေပေါ်မှာ ပြည့်ကျပ်နေတာ ဒီဘက်ကိုကြည့်လိုက်ပြန်တော့ ပြည်သူ့ရင်ပြင် က သစ်ပင်တွေ ဘာတွေ ကွယ်နေတော့ လှမ်းမြင်ရသလောက်ထိကို လူက အပြည့်ဖြစ်နေတယ်၊ ဖြစ်နေတဲ့အခါကျတော့ ကျွန်တော်တို့ထဲက တစ်ချို့ လူတွေက(၁၀)သိန်းလောက်တက်တယ်၊ အမှန်အတိုင်းပြောရရင်(၁၀)သိန်းဆိုတဲ့ ဂဏန်းက နဲနဲနောနောမှမဟုတ်တာ မြန်မာပြည်နိုင်ငံရေးရာဇဝင်မှာ မရှိသော လူထုအစည်းအဝေးပွဲကြီး၊ ဦးနေဝင်းတို့မဆလခေတ်မှာ လူတွေအကုန်လုံးကို

ကြိမ်ရိုက်ပြီးတော့ အလုပ်သမား၊ လယ်သမားတွေ ရုံးစာရေး၊ ဝန်ထမ်းအကုန်လုံးကို ညဉ်းထဲကနေပြီး ကျိုက္ကဆံကွင်းမှာ အလုပ်သမားနေ့ချီတက်ပွဲ၊ လယ်သမားနေ့ချီတက်ပွဲ၊ တပ်မတော်နေ့ချီတက်ပွဲ ဘာညာ ဘာညာဆိုပြီးတော့ ချီတက်ပွဲတွေလုပ်တုန်းကတောင်မှ လူဦးရေက တစ်သိန်းနှစ်သိန်း ဆိုတဲ့ လူဦးရေလောက်ဘဲလုပ်တာ အခုဟာက (၁၀)သိန်းဆိုတဲ့ အခါကျတော့ ဝကျနေတာပေါ့။ အများကြီးဗျ မဟုတ်ဘူးလား ဆိုတော့လည်း ဟုတ်နိုင်တယ်၊ ဟုတ်ရဲ့လားဆိုတော့လည်း ဘယ်သူမှ မပြောနိုင်ဘူး။

အဲဒီတော့ ကျွန်တော်က အဲဒီဟာကိုပြောတယ်၊ ကိုမိုးသူတို့နဲ့ အငြင်းအခုန် ဖြစ်ရတာပေါ့၊ ကိုမိုးသူတို့ကတော့ နည်းနည်းအားတက်နေတာပေါ့။ (၁၀)သိန်းသာရေး၊ ကျွန်တော်ကမဟုတ်ဘူး၊ ကျွန်တော်တို့ကိုပြန်ပြီးတော့ ပြောလာလို့ရှိရင် အရှက်ကွဲတာမျိုး မှန်သော်ငြားလည်း လူမယုံနိုင်တာမျိုးဖြစ်မယ်၊ ဆိုပြီးတော့ ကျွန်တော်က တန်ရုံလောက်ပဲရေးပါဆိုပြီးတော့ ကျွန်တော်က (၆)သိန်းလောက်ပဲရေးတယ်။ နောက်ဆုံး ကျတော့ လူတွေကလည်း ကျွန်တော်ကို ပြောတဲ့အခါကျတော့ ကပ်ပါရေးပေါ့၊ ရေးပါဆိုပြီးတော့၊ အဲဒီတော့ ကျွန်တော်ထင်တယ်၊ နောက်ထပ်ကိုမောင်မောင်က ထပ်ပြင်ရင်တော့ မသိဘူးပေါ့။ ကျွန်တော်က အဲဒီနေ့မှာလည်း ဘီဘီစီနားထောင်ဖို့ ဒီအလုပ်တွေနဲ့ပဲ ရှုပ်သွားတာ၊ ရောမလူထုအစည်းအဝေးပွဲကြီး ဒီနေ့ကျင်းပတယ်၊ ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောတယ်၊ ဒီဆုံးဖြတ်ချက်တွေကျတယ်၊ အဲဒီအစည်းအဝေးပွဲကြီးကို ရန်ကုန်တစ်မြို့လုံးနီးပါးမှာရှိတဲ့ မြို့နယ်အသီးသီးကနေ ချီတက်လာကြတယ်၊ မနက်ဘယ်နှစ်နာရီကနေ ဘယ်နှစ်နာရီထိချီတက်လာကြတယ်၊ စုစုပေါင်းလူဦးရေ (၆)သိန်းကျော်တက်တယ်လို့ ခန့်မှန်းတယ်လို့ အဲဒီလိုနဲ့ပဲသတင်းရေးလိုက်ရတယ်ပေါ့။ အဲဒါဟာကျွန်တော်တို့ (၈)လေးလုံးကာလထည်းမှာ မှတ်သားဖွယ်ကောင်းတဲ့ အရေးကြီးတဲ့ဖြစ်ရပ်တစ်ခုပေါ့။

# အခန်း(၁၅)

## စစ်တပ်အာဏာမသိမ်းမီနှင့် သိမ်းပြီးစအခြေအနေ

**လူထုအစည်းအဝေးပွဲကြီးပြီးတဲ့နောက် အခြေအနေ**

ဩဂုတ်လ (၂၆)ရက် လူထုအစည်းအဝေးပွဲကို လူသိန်းပေါင်းများစွာ တက်ရောက်ခဲ့တာကိုမြင်တဲ့အတွက် ကျွန်တော်တို့အားတက်ခဲ့ကြတယ်။ အားတက်တယ်ဆိုတာက တကယ်တမ်းသာ ဒီလောက်ကြီးမားတဲ့ မဆလလို အင်အားကြီးကို အံတုမယ်၊ ရင်ဆိုင်မယ်ဆိုလို့ရှိရင် ဒီလိုတော့ လူထုကြီးက ကျွန်တော်တို့ဘက်က ရှိတယ်ဆိုတာ သိမှသာလျှင် ကျွန်တော်တို့လုပ်ရမှာပေါ့။ လုပ်နိုင်မှာပေါ့။ အဲဒါကို ကျွန်တော်တို့ဘက်က ခံစားချက်ကဘယ်လိုပေါ် လာသလဲဆိုတော့ ဟာကောင်းလိုက်တာ ဒီလောက်ကြီးတဲ့ လူထုရဲ့ဆန့်ကျင်မှု၊ လူထုရဲ့ထောက်ခံမှု၊ တုံ့ပြန်မှုကအကြီးကြီးပါလား။ ဒီအတိုင်းဆိုရင်တော့ ဒီလိုတစ်ခဲနက်ကြီးဖြစ်နေတဲ့ မဆလရဲ့အင်အားတွေကတော့ ဖြိုနိုင်မှာပဲပေါ့ဆိုပြီး တော့ မဆလကြီးကတော့ ယိမ်းယိုင်သွားမယ်ဆိုတာ ကေန်ပဲဆိုပြီးတော့ ကျွန်တော်တို့မှာ ယုံကြည်မှုတွေတိုးလာတာပေါ့။ အဲဒါ ဩဂုတ်လ (၂၆)ရက် နေ့ကိုးဗျ။

အဲဒါလည်း ပြီးလည်းပြီးသွားရော ဆွေးနွေးမှုတွေ ပိုပြီးတော့လုပ်တယ်။ အဲဒီကနေ ထပ်ပြီးတော့ ကျွန်တော်တို့ ဆွေးနွေးတာပေါ့ဗျာ၊ ဆွေးနွေးတယ်ဆို တာက ကျွန်တော်ဟိုတစ်နေ့က ပြောသလိုပဲ သပိတ်အဖွဲ့တွေနဲ့လည်း တတ်နိုင်

သမ္မလိုက်ညီတယ်။ နောက်တစ်ခါဆိုပါတော့ ကျွန်တော့်အတွေ့အကြုံလေး တစ်ခုပြောမယ်ဆိုရင် ကျောင်းသားတွေနဲ့လည်း လိုက်ညီတယ်၊ ညီတဲ့အခါ ကိုယ့်နဲ့ ကျွန်တော့်ကို ကျောင်းသားတွေက မကြာခဏလာပြီးတော့ ကျောင်းသားတွေက ကွန်တက် (Contact) လုပ်တယ်။ ခက်ပုံက ကျောင်းသားဆို ကျွန်တော်တို့က သာမန်အားဖြင့် ဗဟုသုတလို့ထင်ပေမယ့်လို့ ကျောင်းသားအဖွဲ့ အစည်းတွေကအများကြီးရှိတယ်။ အဖွဲ့လေးတွေ အုပ်စုလေးတွေ အုပ်စုလေးတွေ လုပ်ပြီးတော့ ကျွန်တော်တို့ဆီက တစ်ခါတလေ စကားလေးကြားချင်တယ်။ ကျွန်တော်တို့ကလည်း သူတို့နဲ့တွေ့ရင် သူတို့ဆီက စကားကြားချင်တယ်ပေါ့။ အကြံဉာဏ်ဖလှယ်လို့ရအောင် ကျွန်တော်တို့ကလည်း လာခေါ်လို့ရှိရင် လိုက်တယ်။ လိုက်တော့ တစ်ခါတလေ တစ်ချို့နေရာတွေဆိုလို့ရှိရင် (၁၃)လမ်းတို့ (၁၄)လမ်းတို့နေရာတွေမှာ ကျွန်တော်တို့အိမ်တွေပေါ်တက် အိမ်တွေကနေ ခေါင်မိုးပေါ်တက်။ ခေါင်မိုးကနေ ဟိုဘက်အိမ်ကိုတန်းကြီးတွေထိုးပြီးတော့ကူး၊ နောက်တစ်ခါ ဟိုဘက်အိမ်ကိုဝင်၊ အဲဒီမှာဆွေးနွေးပွဲလုပ်၊ ပြီးတဲ့အခါ ဟိုဘက်တက်သွား၊ လေးငါးတိုက်ကျော်ကြမှ အခန်းထဲကနေ ဖြတ်ဆင်းပြီးတော့ မော်တော်ကား ပေါ်ပြန်တက်ပြန်ပေါ့ဗျာ၊ အဲဒီလိုလုပ်တဲ့ဟာတောင်မှ ကျွန်တော်တို့ရှိတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ တော်တော်ကို ကြိုးကြိုးစားစား လုပ်နေကြရတယ်။ စိတ်လည်းထက်သန်လာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စုက တော်တော် အရည်အချင်းပြည့်ဝတဲ့အမျိုးသမီး၊ စိတ်ခါတ်ခိုင်မာတဲ့ အမျိုးသမီး၊ စွမ်းရည်သတ္တိရှိတဲ့အမျိုးသမီးဆိုတဲ့ဟာတွေကို ကျွန်တော်တို့ သိလာပေမယ့်လို့ ဒါက ကျွန်တော်တို့အထင်၊ ငါ့အထင်များလားလို့ ကျွန်တော်တို့မသေချာဘူး။ ငါထင်သလိုတစ်ခြားသူရော ထင်ရဲ့လားလို့ သံသယလေးကရှိတာပေါ့။

ဒါပေမယ့်လို့ ဒီလူထုအစည်းအဝေးပွဲကြီးလည်း ပြီးလည်းသွားရော ကျွန်တော်တို့က တစ်ထစ်ချကို ဒေါ်စုကခေါင်းဆောင်ပဲ အားရပြီးတော့ ကျွန်တော်တို့ သပိတ်နဲ့ ဆက်စပ်မှုရှိတဲ့အလုပ်တွေကို ပိုလုပ်တယ်၊ အထက်မြန်မာပြည်သပိတ်တွေနဲ့ဆက်စပ်မှုတွေ ပိုလုပ်တယ်၊ ရှိအောင်လုပ်တယ်၊ ကျွန်တော်ဆိုလို့ရှိရင် အထက်မြန်မာပြည် လူတွေအသိမိတ်ဆွေတွေပေါ့။ ဥပမာဆိုပါတော့။ ကျွန်တော်မှတ်မိသေးတယ်။ ဆရာဝန်တစ်ယောက်ရှိတယ်။ အဲဒီဆရာဝန်တစ်ယောက်ကို ကျွန်တော်နာမည်မေ့နေတယ်၊ ဆရာဝန်ကလည်း ပိုက်ဆံတော်တော်ကို ချမ်းသာတယ်။ တိုက်တွေဘာတွေနဲ့ တော်တော်

ကောင်းကောင်းမွန်မွန် တယ်လီဖုန်းနဲ့ ကျွန်တော့်ကို ဆက်ဆက်ပြီးတော့ ဘာတွေလုပ်ရမလဲ ဘာတွေလုပ်ရမလဲ ဘာတွေလုပ်ချင်သလဲ ဘာတွေဖြစ်ချင်သလဲ ကျွန်တော်တို့ ဒီမှာဘာတွေလုပ်နေသလဲ စသည်ပေါ့ ကျွန်တော့်ဆီကို ဆက်တိုက်ပြောနေတယ်။ ပြောနေတဲ့အခါကျတော့ ဒီလူတွေဆီကိုလည်း ကျွန်တော်ပြန်ဆက်ပေါ့။

## ဒေါ်စုခြံတွင်း စုဖွဲ့လှုပ်ရှားမှု

သတင်းစာဆရာသမားဘဝက သိကျွမ်းခဲ့တဲ့ စာရေးဆရာတွေ၊ သတင်းထောက်တွေအပြောက်အမြားနဲ့လည်း အဆက်အသွယ်ပြန်လည်ရရှိခဲ့တယ်။ မန္တလေးနဲ့လည်း ကျွန်တော် တော်တော်ဆက်မိတယ်၊ မြင်းခြံနဲ့လည်း ကျွန်တော်ဆက်မိတယ်၊ မိတ္ထီလာနဲ့လည်းဆက်မိတယ်၊ တောင်ဘက်ရောက်လို့ရှိရင် တောင်ငူနဲ့လည်းဆက်မိတယ်၊ ပဲခူးနဲ့လည်းဆက်မိတယ်။ နောက် ဟိုဘက်မှာဆိုရင် ကျွန်တော်တို့ ပြည်တို့အောင်လံတို့၊ အောင်လံမှာ ကျွန်တော့် သတင်းထောက်တစ်ယောက် ရှိတယ်။ တော်တော်ကို ထက်ထက်သန်သန် လုပ်တဲ့သူ အောင်လံနဲ့ရတယ်၊ ပြည်နဲ့ရတယ်။ ကျွန်တော်တို့ ကြို့ပင်ကောက်နဲ့ရတယ်။ စသည်ပေါ့။ ရခိုင်ဘက်ကလူတွေနဲ့လည်းရ၊ ကျွန်တော်တော်တော်လေးကိုဆက်လို့ရတဲ့နေရာတွေ လျှောက်ဆက်ပြီးတော့ အခြေအနေတွေမေးပေါ့။ ဆိုတော့ ကျွန်တော် တော့်တော့်ကိုအားတက်တယ်ဗျ၊ အားတက်တယ်ဆိုတာ လူထုလှုပ်ရှားမှုက တော်တော်ကိုကြီးတာ။ အဲဒီအချိန်မှာ ဒေါ်စုခြံထဲလည်း ကျွန်တော်တို့ ပုံမှန်သွားနေပြီ။ ကျွန်တော်တို့သုံးယောက်ပေါ့။ ကျွန်တော်ရယ်၊ ကိုသော်ကရယ်၊ ကိုမိုးသူရယ်ပေါ့။ ပုံမှန်သွားတယ်၊ ဆွေးနွေးတယ်၊ ဒေါ်စုခြံထဲမှာညိတယ်၊ အဲဒီလိုညိနေရင်းတန်းလန်းကနေပြီးတော့ ဒေါ်စုဆီကို တစ်ခါတစ်လေ ကျောင်းသားတွေလာတာရှိတယ်။ အဲဒီကျောင်းသားတွေထဲက ကိုယ်စားလှယ်တွေနဲ့တစ်ခါ ကျွန်တော်တို့ ဒေါ်စုဘေးကိုသွင်းဖို့ကြိုးစားတယ်။ ဒေါ်စုပဲကြိုးစားတာလား သို့မဟုတ် ကျောင်းသားတွေက ချဉ်းကပ်သလားမသိဘူး။ အဲဒီပုံစံမျိုးပေါ်တယ်။ ဆိုပါတော့။ ကျွန်တော်ပြောခဲ့သလိုပဲ စာနယ်ဇင်းကိုယ်စားလှယ်အဖွဲ့ရှိတယ်၊ ဆရာဝန်ကရွေးတဲ့ကိုယ်စားလှယ်အဖွဲ့ရှိတယ်၊ ရှေ့နေသပိတ်မှားရွေးတဲ့ ကိုယ်စားလှယ်ရှိတယ်သည်ပေါ့၊ အဲဒီလိုရှိနေတဲ့ နေရာကနေပြီးတော့ ကျောင်းသားကိုယ်စားလှယ်တွေ ပါဝင်ရေးအတွက်လည်း ကျွန်တော်တို့

လုပ်လာကြတယ်။ တော်တော်လေးကို ကျွန်တော်တို့ကြိုးစားတယ်ပေါ့။ ဆိုတော့ အဲဒီဟာက တက်လာတယ်။ နောက်ပိုင်းကျတဲ့အခါကျတော့ ကျောင်းသားကပါ မလာဘူး။ ဒေါ်စုထဲလည်းမပါဘူး။ ကျွန်တော်တို့ထဲလည်းပါမလာဘူး။ ပါမလာဘူး ဆိုပေမယ့် မကြာခဏတော့ ကျောင်းသားအဖွဲ့က တစ်ဖွဲ့နှစ်ဖွဲ့ တစ်ခါတလေ နှစ်ဖွဲ့သုံးဖွဲ့ဖြစ်ဖြစ် ကျွန်တော်တို့ လူကြီးတွေနဲ့ ပြောတာရှိတယ်၊ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့က ဘေးကထိုင်နားထောင်ပြီးတော့ သူတို့ကနေ ဒေါ်စုကို မေးခွန်းတွေထုတ်တာတို့ မေးတာမြန်းတာတို့စသည် ဒီလိုအလုပ်တွေကို ဒေါ်စုရဲ့အိမ်ဆင်ဝင်အောက်မှာ မကြာခဏလုပ်ကြတယ်။

## 'အောင်' 'စု' 'တင်' မဟာမိတ်ဖွဲ့ပြီ

အဲဒီတော့ အခြေအနေက တော်တော်လေးကို ကောင်းနေတဲ့ အချိန်မှာ တစ်ရက်လည်းကြရော စက်တင်ဘာ(၁၀)ရက်ကျော်လာပြီ။ အဲဒီရက်မှာ ဒေါ်စုကနေပြီးတော့ ဂါးဒီးယန်းဦးစိန်ဝင်းအိမ်မှာ ဗိုလ်ချုပ်အောင်ကြီးရယ်၊ ဗိုလ်ချုပ်ကြီးတင်ဦးတို့နဲ့ အောင်စုတင်ဆိုပြီးတော့ (၃)ဦးတွဲလိုက်တယ်။ မဟာမိတ်ဖွဲ့လိုက်တယ်ပေါ့။ ဖွဲ့လိုက်တော့ အမှန်အတိုင်းပြောရရင် အဲဒါတွေနဲ့ပတ်သက်ပြီး လူတွေက အမျိုးမျိုးပြောကြတာပေါ့။ ဒါပေမဲ့ အဲဒါကို ကျွန်တော်တို့ ဘယ်သူမှမသိဘူး၊ ဒေါ်စုက သူ့ဟာသူညှိနှိုင်းပြီးတော့ လုပ်သင့်တယ်ထင်ပြီးတော့ သူ့ဟာသူ တိုးတိုးတိတ်တိတ်ဆုံးဖြတ်ပြီးတော့လုပ်တာ၊ ဒါပေမယ့် ကျွန်တော်နောက်ပိုင်းစုံစမ်းကြည့်ရတာက နေရာကဂါးဒီးယန်း ဦးစိန်ဝင်းရဲ့အိမ်မှာ၊ ဂါးဒီးယန်းဦးစိန်ဝင်းအိမ်မှာ လုပ်ဖြစ်တဲ့အကြောင်းက ကျွန်တော့်အထင်ပေါ့ ဦးစိန်ဝင်းနှင့် ဦးအောင်ကြီးနဲ့က တော်တော်လေးကို ခင်မင်ရင်းနှီးတဲ့လူတွေဖြစ်နေတယ်၊ နောက်တစ်ခုက ဦးအောင်ကြီးက အရင်တုန်းက ဆိုလို့ရှိရင် မြေမြို့တို့ဘာတို့မှာနေတဲ့အချိန်ကဆို ဦးအောင်ကြီးက ရန်ကုန်လာလို့ တည်းရင် အမြဲတမ်း ဦးစိန်ဝင်းအိမ်မှာပဲတည်းတယ်၊ ဦးစိန်ဝင်းအိမ်ကလည်း အခုဦးဝိစာရလမ်းပေါ်မှာရှိတဲ့အိမ်ပေါ့။ သူ့အိမ်ရဲ့ ခေါင်းရင်းဘက်မှာ အိမ်လေးသေးသေးလေး ကျွန်တော်ထင်တယ် လေးငါးခုနှစ်ပေလောက်ပဲ ကျယ်မယ့် နှစ်ထပ်တိုက်ကလေး တစ်ခု ရှိတယ်ဗျ၊ အဲဒီ အပေါ်မှာ အပေါ်ထပ်မှာ ဘုရားတွေ ဘာတွေထားတယ်၊ အောက်ထပ်မှာက ဗိုလ်အောင်ကြီးလာလို့ရှိရင် တည်းတယ်။ အဲဒီအိမ်ခန်းလေးပေါ့။ ဆိုတော့ အဲဒီလောက် ရင်းနှီးတဲ့လူဖြစ်တော့ ဦးအောင်ကြီးကနေပြီးတော့ ဦးစိန်ဝင်းကိုပြောသလား။ ဦးစိန်ဝင်းကပဲ

ဦးအောင်ကြီးကိုပြောသလား ဘယ်လိုလုပ်သလဲ မသိဘူးပေါ့။ အဲဒီ အောင်စုတင် လက်မှတ်ထိုးတာဟာ ဂါးဒီးယန်းဦးစိန်ဝင်းအိမ်မှာလို့ ကျွန်တော်သိတယ်ဗျ၊ သိတော့ကျွန်တော်တို့က အမှန်အတိုင်းပြောရရင် ဒါ-လုံးဝသဘောမတူဘူးဗျ။ သဘောမတူဘူး။

## 'အောင်' 'စု' 'တင်' ဖွဲ့ခြင်းအပေါ် ဘဝင်မကျတဲ့ကျွန်တော်

အောင်စုတင်လည်းဖွဲ့လည်းပြီးရော ကျွန်တော်ဒေါ်စုဆီ သိပ်မရောက် ဖြစ်ဘူးဗျ။ NLD ဖွဲ့တာကအဲဒီ ၂၇ရက်နေ့ အောင်စုတင်ဖွဲ့တာက အာဏာ မသိမ်းခင်လေး လောက်ဖြစ်မယ်။ တစ်ရက်မှာ ကိုမိုးသူကနေဖုန်းဆက်တယ်။ ဒေါ်စုကနေပြီးတော့ ကျွန်တော့်ကို တွေ့ချင်တယ်ဆိုပြီးတော့ခေါ်တယ်တဲ့။ ဆိုတော့ ကျွန်တော်က ခင်ဗျားဘယ်လိုလုပ်သွားမလဲ။ ဘာဘတ်စ်ကားမှလည်း မရှိ ဘာမရှိနဲ့ဆိုတော့ မဟုတ်ဘူးတဲ့ ကျွန်တော်လာကြိုမှာတဲ့။ သူလည်း ရောက် လာရော ကျွန်တော်လည်း ကသုတ်ကယက်နဲ့သွားတာ။ ကျွန်တော် အဲဒီအချိန် တုန်းက တကယ့်တကယ်တော့ ကျွန်တော်သိပ်မလိုက်ချင်တော့ဘူး။ အမှန် အတိုင်းပြောရရင် ဒီဦးအောင်ကြီးတို့ ဘာတို့နဲ့ဖွဲ့တာ ကျွန်တော်တယ်ပြီးတော့ စိတ်ထဲဘဝင်သိပ်မကျဘူး။ ကျွန်တော် မကျပုံမကျနည်းလေး အချက်ကလေး နောက်ခံလေးတွေတော့ရှိတာပေါ့ဗျာ။ နောက်ခံလေးတွေရှိတဲ့အထဲမှာ အချက် လေးတွေထဲမှာ ခုနကပြောတဲ့ ဒေါ်စုဒေါပွတယ်ဆိုတဲ့ သူ့ရဲ့တရားပွဲအဖြစ် အပျက်ကလေးကတော့ လန်းလန်းဆန်းဆန်း လတ်လတ်ဆတ်ဆတ်ရှိနေတဲ့ အမှတ်သညာပေါ့။ ဒါထက်နည်းနည်းစောပြီးတော့ ရှိတာလေးကတော့ ကျွန်တော် ဗိုလ်အောင်ကြီးနဲ့ပတ်သက်ပြီးတော့ သိပ်ပြီးတော့မကြည်မလင် ဖြစ်တာတွေ ကတော့ ကျွန်တော်မွေးလေးတုန်းက သူကမြေမြို့မှာနေတုန်းအချိန် ကြားခဲ့ရတဲ့ သတင်းတွေပေါ့။ နောက်တစ်ခါ ဒါထက်စောလို့ရှိရင်လည်း တော်လှန်ရေး ကောင်စီ တက်ကာစတုန်းက သူကနေပြီးတော့ ပါတီကနေထွက်တယ်လို့ ပြောတယ်။ တကယ်အစစ်အမှန်ထွက်လာတဲ့အခါကျတော့ ပါတီကထွက်တာ မဟုတ်ပါဘူး။ ရာထူးကသာထွက်တယ်ဆိုတဲ့ဟာမျိုးတွေ အပြောင်းအလဲတွေ ဖြစ်တယ်။ ဆိုလိုတာက ဗိုလ်အောင်ကြီးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်က အင်ပရက်ရှင်(impression) သိပ်ပြီးတော့ လေးနက်တဲ့သဘောမရှိဘူး။

**ဦးနေဝင်း၊ ဦးအောင်ကြီးနဲ့ သမဂ္ဂအဆောက်အဦးဖြိုခွဲမှု**

ဆဲပင်းဇူလိုင်ဖြစ်နေတဲ့အချိန်မှာ သူတို့ရဲ့ရှေ့တန်း ဟက်ကွာတား (head quater)က ဒီအသံလွှင့်ရုံမှာထားတယ်၊ အဲ့ဒီအသံလွှင့်ရုံမှာ ဗိုလ်လှဟန်တို့ ဗိုလ်ကျော်စိုးတို့ ဗိုလ်သိန်းစိန်တို့ ဗိုလ်လွင်တို့ဆိုတဲ့အသိုက်တွေက ဟက်ကွာတားလုပ်ထားတယ်။ အဲဒီအချိန်မှာ သမဂ္ဂကိုမိုင်းခွဲဖို့ဆိုတဲ့ဟာက ဦးနေဝင်းဆီကရောက်တယ်ပေါ့၊ ဦးနေဝင်းဆီက ရောက်တဲ့အခါကျတော့ ဦးအောင်ကြီးကနေပြီးတော့ ဟာဒါတော့လုပ်လို့မဖြစ်ဘူး။ တို့ကသမဂ္ဂကိုသွားပြီးတော့ မိုင်းခွဲလို့ဘယ်ဖြစ်မလဲ။ ငါသွားပြောမယ်ဆိုပြီးတော့ပြောတယ်။ အဲတော့ သူကဦးနေဝင်းအိမ်ကိုကားနဲ့သွားတယ်။ ဦးနေဝင်းအိမ်ရောက်တဲ့အခါကျတော့ တချို့ကပြောတော့လည်း ဦးနေဝင်းက သူ့ကိုလက်ခံတွေ့တယ်လို့ပြောတယ်။ တချို့က လက်ခံမတွေ့ဘူးလို့ပြောတယ်။ ဒါထား။ သူကအဲဒါပြန်လာတယ်ပေါ့၊ ဦးနေဝင်းအိမ်ကနေ ပြန်လာတယ်။ ပြန်လာတဲ့ အခါကျတော့ သူကနေပြီးတော့ ဒီဗိုလ်ကျော်စိုးတို့ကို ပြောတယ်တဲ့။ အေးကိစ္စမရှိဘူး။ ခွဲစရာမလိုတော့ဘူး။ ငါပြောခဲ့ပြီးပြီလို့ဆိုပြီးတော့ ပြောတယ်တဲ့။ ဒါပေမဲ့လို့ ဒီဝိုးက မနက်လည်းကျလည်းကျရော ခွဲဖြစ်တယ်။ ဗိုလ်အောင်ကြီးက ဦးနေဝင်းနဲ့ကို အတည်ပြုပြီးတော့ သူကမခွဲနဲ့ဆိုတဲ့ဟာဘက်က ရပ်တည်တာပေါ့။ နောက်ထပ်ခွဲဖြစ်တာကျတော့ သူနဲ့မဆိုင်တော့ဘူးဆိုတဲ့ သဘောမျိုးပြောတယ်။ တစ်ခါဦးနေဝင်းကနေပြီးတော့ ဒီဇူလိုင်လ ၂၃ရက် နေ့က ပါတီညီလာခံမှာ ပြောတဲ့အခါကျတော့ သူလုံးဝမသိဘူး။ ဒါ ဗိုလ်အောင်ကြီးရဲ့ လက်ချက်ပဲဆိုပြီးတော့ပြောတယ်။ ဆိုတော့ အဲဒါတွေကတော့ ရှုပ်နေမှာပဲ။ တစ်ခုတော့ရှိတယ်။ တစ်ယောက်ကတော့ မသေသေးဘူးပေါ့။ ဒါပေမဲ့ ဗိုလ်အောင်ကြီးကတော့ သတိမေ့မေ့လျော့လျော့ဖြစ်နေပြီ။ ဆိုတော့ တစ်ယောက်ထဲပြောလို့ကတော့ အမှန်တို့ ဘာတို့ကတော့ ထွက်လို့မရတော့ဘူး။ သေတဲ့သူကလည်း ထရှင်းနိုင်တော့မှာ မဟုတ်တော့ဘူး။ နောက်တစ်ခါ အဲဒီဟာကို အတည်ပြုနိုင်တဲ့ အဲဒီတုန်းက ရှိနေတဲ့ ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီးလှဟန်၊ ဗိုလ်မှူးကြီးမောင်လွင်၊ ဗိုလ်မှူးကြီးကျော်စိုးဆိုတဲ့ လူတွေကလည်းသေကုန်ပြီ။ ဆိုတော့ ဗိုလ်အောင်ကြီး တစ်ယောက်ပဲ အသက်ရှင်တယ်။ အသက်ရှင်တာမှာလည်း ဗိုလ်အောင်ကြီး နောက်ပိုင်းမှာ လျှပ်တပြက်ထဲမှာ ရေးတဲ့ဆောင်းပါးတွေကို ကြည့်ခြင်းအားဖြင့်

ဗိုလ်အောင်ကြီးဟာ အမေ့မေ့အလျော့လျော့ အမှားမှားအယွင်းယွင်း ဖြစ်နေပြီဆိုတဲ့ဟာက ထင်ထင်ရှားရှားကြီးပေါ့။ လူတွေကတောင် ဝိုင်းတွယ်ကြတယ်၊ အချက်အလက်တွေ အကုန်လုံးကိုမှားနေပြီ၊ မှားတယ်ဆိုတာက တမင်မှားပုံ မရပါဘူး။ သူသတိမေ့ပြီပေါ့၊ ဆိုတဲ့အခါကျတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ သူကတော့ ထပ်ပြီးတော့ ရှင်းနိုင်မယ့်အနေအထားမရှိတော့ဘူး၊ အဲဒီတော့ ဒီကိစ္စကို မိုင်းဗုံးဘယ်သူခွဲလဲဆိုတာ ပြောနိုင်မယ့်အနေအထားမရှိတော့ဘူးလို့ ကျွန်တော်တော့ထင်တာပဲ။

## မောင်ဝံသရဲ့ " သတင်းထူး " ဂျာနယ်

ထားပါတော့ ကျွန်တော်သိပ်သွားချင်တာ မဟုတ်ပေမယ့် သွားရောဗျ၊ လိုက်သွားတော့ ဟိုရောက်တော့ ဒေါ်စုကနေပြီးတော့ ပါတီကိစ္စကို ရှင်းပြတယ်၊ နော် အဲဒီနေ့ကအာဏာသိမ်းတဲ့နေ့ အမှန်အတိုင်းပြောရရင် အာဏာသိမ်းတာကို ဒေါ်စုလည်းသိပုံမပေါ်ဘူး။ ဒေါ်စုအိမ်ကအပြန် ဝင်ဒါမီယာကနေ ဦးဝိစာရလမ်းကဖြတ်ထွက်ခဲ့ကြရာမှာ သခင်အောင်ဖေတို့အိမ်မှာကျွန်တော့်ကို ထားခဲ့ဖို့ ကိုမိုးသူကိုပြောတယ်။ အဲဒါနဲ့ကျွန်တော်က သခင်အောင်ဖေအိမ်မှာ ကျွန်တော် ဆင်းနေခဲ့တယ်၊ ညနေ နည်းနည်းစောင်းလာတော့ (၃) နာရီလောက် ရောက်တဲ့ အခါကျတော့ ကျွန်တော် သခင်အောင်ဖေအိမ်ကထွက်တဲ့အခါကျတော့ အဲဒီတော့ မိုးတွေကချလိုက်တာ မိုးတွေအရမ်းရွာတာပဲ။ မြေနီကုန်းရောက်တဲ့အခါကျတော့ မြေနီကုန်းမှာ တော်တော်ကားစောင့်ပြီးတဲ့အခါကျတော့ ကားလေးတွေက အဲဒီလိုပဲဖြတ်သွားဖြတ်လာတော့ကြည့်တယ်၊ သွားနေတယ်။ အဲဒီလိုနဲ့ ကားတစ်စီးတက်စီးပြီးတော့ ကျွန်တော့်အိမ်ကိုမပြန်ဘူး၊ ဇယဦးကို သွားမယ်ဆိုပြီတော့ ကျွန်တော်ထွက်လာတယ်၊ ထွက်လာတဲ့အကြောင်းက ဘာလဲဆိုတော့ အဲဒီ အာဏာမသိမ်းခင်နေ့မှာ မသိမ်းခင်တစ်ရက်နှစ်ရက်မှာ စာရေးဆရာ မောင်ဝံသက ကျွန်တော့်ကိုလှမ်းပြောတယ်၊ ဆရာရေတဲ့ ကျွန်တော်သတင်းစာ ထုတ်တော့မယ်တဲ့ သူက အဲဒီသတင်းစာမထုတ်ခင်မှာ သတင်းထူးဆိုပြီးတော့ ဂျာနယ်လေးတစ်ခုထုတ်တယ်။ အဲဒီဂျာနယ်လေးမှာ ကျွန်တော်ကဝင်ပြီးတော့ ဆောင်းပါးလေးတွေဘာလေးတွေရေးတယ်၊ တွေ့ကြုံဆုံပြောဆိုပြီးတော့ မိတ်ဆွေတစ်ယောက်ယောက်နဲ့ပေါ့၊ စကားပြောတဲ့ဟာပေါ့။ မိတ်ဆွေတစ်ယောက်ရဲ့ ကာရိုက်တာ(character) ဒီမိတ်ဆွေနဲ့ကျွန်တော် သိခဲ့ပုံဟာလေးတွေကို ပါစင်နယ်(personal)ရုပ်လုံးလေးတွေ ခေါ်အောင်ရေးပြီးတော့မှ သူနဲ့

ကျွန်တော်အပြန်အလှန်ဆွေးနွေးတယ်ဆိုပြီးတော့ ပြောကြဆိုကြတဲ့ ဟာလေးတွေ ရေးတယ်၊ အဲဒီဆောင်းပါးလေးတွေပေါ့။ အမရပူရက ဆရာတော် ဦးပညာဇောတနဲ့ပတ်သက်ပြီးတော့ ကျွန်တော် အဲဒီစာလေးရေးတယ်၊ ကျွန်တော့်သူငယ်ချင်းရဲ့ ဇနီးပေါ့၊ ကျွန်တော့် နုမမစောလွင်နဲ့ ဆွေးနွေးတဲ့သဘောနဲ့ ကုန်ဈေးနှုန်းတွေ တက်တဲ့အကြောင်းရေးတယ်၊ ကျွန်တော့်ရဲ့ ငယ်သူငယ်ချင်း ကြို့ပင်ကောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့်နဲ့ပတ်သက်ပြီးတော့ သူက ရွှေနေကြီးကို၊ သူက ရွှေလုပ်ငန်းတွေ ဘာတွေလည်းလုပ်တယ်၊ ရွှေအရောင်း အဝယ်တို့ဘာတို့ အဲဒါကြောင့် သူ့ကို ရွှေရွှေနေကြီးလို့ ခေါ်းစဉ်တပ်ပြီးတော့ ရေးတယ်၊ အဲဒီလိုပေါ့။ ဒါလေးတွေရေးနေတဲ့အချိန် အဲဒါလေးတွေ ရပ်သွားရောပေါ့။ ဒီအရေးအခင်းတွေ ပေါ်လာတဲ့ အခါကျတော့။ ဒီဆန္ဒပြပွဲတွေပေါ်တော့၊ ဒါပေမယ့် ကိုဝံသက အလွန်အကြံကြီးတဲ့လူ၊ သို့မဟုတ် အလွန်အလုပ်လုပ်တဲ့ လူပေါ့၊ အမြဲတမ်းစာရေးနေတယ်၊ အမြဲတမ်းစာဖတ်နေတယ်၊ စကားပြောရင်လည်း အလွန်ထက်သန်တက်ကြွတဲ့လူ။

## "သတင်းထူး" သတင်းစာရဲ့ နာယက

အဲဒီတော့ကိုဝံသက အဲဒီရက်မှာ သူကသတင်းစာထုတ်မယ်တဲ့။ "သတင်းထူး"လို့ ထင်တယ်၊ အဲဒီနာမည်ကို ဗျာနယ်လေးကို သတင်းစာနာမည် အဖြစ်နဲ့ယူပြီးတော့ သတင်းစာထုတ်မယ့်ဟာ ကျွန်တော့်ကိုလှမ်းပြောတယ်။ ဆရာတဲ့ ကျွန်တော်သတင်းစာထုတ်ရင်တော့ ဆရာကို ကျွန်တော့်ကို နာယက အဖြစ်နဲ့ ထည့်ချင်တယ်တဲ့၊ သူက ခွင့်တောင်းတယ်၊ ဆိုတော့ ကျွန်တော်က စဉ်းစားကြည့်တယ်၊ ငါလည်းနေရင်းထိုင်ရင်းနဲ့ ဘယ့်နှယ့်ရာထူးတွေက တက်နေပါလိမ့်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တိုင်ကမှာ ကျွန်တော့်ကိုယ်ကျွန်တော် မနေ့တစ်နေ့ကမှ သတင်းစာလုပ်တဲ့လူ။ သတင်းစာဆရာပေါက်စလေးပေါ့၊ အလုပ်သင်လည်း လုပ်တာထက် သိပ်များများပိုမတွက်ဘူး။ နည်းနည်းလေးပဲ မြင့်ရုံပဲ သတင်းစာလောကမှာ သံမဏိလေးနည်းနည်းလေးပဲ ရယုံပဲဆိုတဲ့ အနေလောက်ကို ကျွန်တော်သဘောထားတာကို၊ အဲဒီတော့သူက နာယကလို ဆိုပြီးတော့ တပ်မယ်ဆိုတော့ ဘယ်သူတွေပါအုံးမလဲ ကျွန်တော်တစ်ယောက်တည်းလားဆိုတော့၊ ဆရာတစ်ယောက်တည်းရယ်တဲ့ ဆိုပြီးတော့ ပြောတော့ ငြင်းရရင်ပဲကောင်းမလား။ ကျွန်တော့်ကိုယ်ကျွန်တော်မယုံဘူးပေါ့၊ နာယကဆိုတဲ့ ဟာကြီးနဲ့ ငါနဲ့ရောတန်ရဲ့လား။ ကျွန်တော့်စိတ်မချမှုကရှိနေတော့ အဲဒီနေ့မှာ ကျွန်တော်က ဘားလမ်းမှာရှိနေတဲ့ စပယ်ဦးကိုသွားမယ့် စိတ်ကူးကနေပြီးတော့

ကိုဝံသဆီ ခဏလောက်ဝင်မယ်ဆိုပြီးတော့ ကိုဝံသဟာတွေ ဘယ်လိုများ လုပ်ထားပါလိမ့်လို့ သွားကြည့်မယ်ဆိုပြီးတော့သွားတော့ ကိုဝံသကဆရာလိုက်ခဲ့ လိုက်ခဲ့တဲ့ သူ့အိမ်နဲ့ကပ်ရက်ပါပဲ။ စာစီခုံတွေဘာတွေနဲ့ ဘယ်သူမှန်းတော့ ကျွန်တော်မမှတ်မိတော့ဘူး။ သတင်းစာအခန်းက ကျဉ်းကျဉ်းပဲ အဲဒီထဲမှာ သတင်းစာ စာမျက်နှာတွေဖွဲ့ပြီးပြီ၊ ကျွန်တော်ကဝင်ကြည့်တယ်၊ စာဖောင် ဝင်ကြည့်တဲ့အခါကျတော့ ခေါင်းကြီးရေးထားတဲ့အပေါ်ဘက်မှာ နာယက ဟံသာဝတီဦးဝင်းတင်ဆိုပြီးပါတော့ ကျွန်တော်ကပြီးပြီးရော ဘာမှလည်း သိပ်ကြည့်စရာမရှိဘူးဆိုတော့ ဘာဖြစ်လို့လဲဆိုတော့ ခဲစတုန်တွေပဲ။ သူတို့ စာရွက်တွေလည်းမရှိဘူး။ စာဖောင်သွင်းထားတွေပဲတွေတော့ ကျွန်တော်ကလည်း သူ့ကို နှုတ်ဆက်ပြီးတော့ အေး . ကောင်းတယ်ဗျာ အောင်မြင်ပါစေပြောပြီးတော့ ကျွန်တော်ကဘားလမ်းကိုသွားခဲ့တယ်။ ဘားလမ်းမှာ ဘယ်သူမှ သိပ်ပြီးတော့ များများစားစားမရှိဘူးပေါ့။ တိတ်ဆိတ် ခြောက်ကပ်ပြီး ခါတိုင်းနေ့လိုပဲ နည်းနည်း ပါးစပြုလာပြီ။ ဆန္ဒပြပွဲတွေကလည်း အဲဒီနေ့မှာ တော်တော်ကို ခန်းခြောက် သွားတယ်၊ ခန်းခြောက်သွားတဲ့ အကြောင်းက အဲဒီနေ့မတိုင်ခင် (၁၇)ရက်နေ့မှာ ကုန်သွယ်ရေးဝန်ကြီးဌာနရုံးချုပ်မှာဆန္ဒပြ၊ ပြတဲ့အခါကျတော့လူတွေက ရဲရင့်လာပြီးတော့ နောက်ဆုံးကျတော့ စစ်ဗိုလ်နဲ့ စစ်သားတွေဆီကနေပြီးတော့ လက်နက်တွေသိမ်း၊ သိမ်းပြီးတော့ အဲဒီစစ်ဗိုလ်၊ စစ်သားတွေကိုဖမ်းပြီးတော့ သရက်တောကျောင်းတိုက်ပို့ခဲ့တယ်ဗျ၊ အဲဒါတွေနဲ့ ပတ်သက်ပြီးစစ်တပ်ကလည်း အလွန်ဒေါပွတယ်၊ ရှင်းရှင်းပြောရရင်တော့ လူထုက စစ်တပ်ဆီကနေလက်နက် ဖြုတ်ပြီ၊ ဒါအစပျိုးတာပဲ။

## စက်တင်ဘာ (၁၇)ရက် ကုန်သွယ်ရေးရုံးအဖြစ်အပျက်

၁၉၈၈ခုနှစ် စက်တင်ဘာလ၁၇ရက်နေ့ ကုန်သွယ်ရေးဝန်ကြီးရုံးအဖြစ် အပျက်ဟာ စစ်တပ်ရဲ့အနေအထားကို ပြောင်းလဲသွားစေခဲ့တယ်လို့ပြောရ လိမ့်မယ်ထင်တယ်။ နိုးနိုးတန်းတန်း ငြိမ်းချမ်းစွာဆန္ဒပြတဲ့သူကျတော့ သေနတ်နဲ့တဒိုင်းဒိုင်းပစ်ပြီးတော့ လူတွေ အတုံးအရုံးသေအောင်သတ်နေတဲ့ စစ်တပ်က လူထုကမခံနိုင်လို့ အုံကြွပြီးတော့မင်းတို့ဖြုတ်ရင်ဖြုတ် မဖြုတ်ရင် မင်းတို့ကိုသတ်မယ်ဆိုပြီးတော့ တကယ်လည်းဖြစ်လည်းဖြစ်ရော လက်နက် တွေချပြီးတော့ လက်နက်တွေအပ်လိုက်ပြီးတော့ အဖမ်းခံလိုက်ကြတာ ဓါးစားခံတွေဖြစ်သွားတယ်။ ဆိုတော့ တပ်ရဲ့လက္ခဏာ၊ တပ်ရဲ့အင်္ဂါရပ်က

အကုန်လုံးပြောင်းသွားတယ်၊ စစ်တပ်အဖို့ အလွန်ကြီးမားတဲ့ အဖြစ်အပျက်ကြီးပဲ၊ (၁၇)ရက်နေ့မှာဖြစ်တာ (၁၈)ရက်နေ့ကျတော့ အဲဒီအချိန်နဲ့ ဘယ်လိုဖြစ်တယ် မသိဘူး။ မိုးတွေပဲရွာနေလို့လားမသိဘူး၊ ဆန္ဒပြပွဲတွေက အတော်ပါးသွားတယ်၊ သိပ်မရှိဘူး၊ ဟိုနေရာစုစု ဒီနေရာစုစုနဲ့ ဟောပြောပွဲတွေပဲရှိတော့တယ်၊ ဒါနဲ့ ကျွန်တော်ကသွားပြီးတော့ စပယ်ဦးမှာ ကြည့်တဲ့အခါကျတော့ စပယ်ဦးမှာ ကိုတင်စိုးတွေ့တယ် နောက်ပြီးတော့ တစ်ယောက်နှစ်ယောက်တွေ့တယ်။ ဒါနဲ့ကျွန်တော် ကျောင်းသားသမဂ္ဂစာစောင်နဲ့ ပတ်သက်လို့လည်း ဗိုလ်ခင်ညွန့်တို့ရွပ်စွဲတဲ့ဟာတွေထဲမှာ ကျွန်တော်ကနေပြီးတော့ ခေါင်းကြီးတွေ ဘယ်နှစ်ပုဒ် ဘယ်နှစ်ပုဒ်ရေးပေးတယ်ပေါ့၊ နောက်တစ်ခါ ကျွန်တော်က ဗိုလ်ခင်ညွန့်တို့ ထောက်လှမ်းရေးကနေပြီးတော့ ဘဏ်တိုက်တွေ ကနေ ငွေတွေသိန်းပေါင်း များစွာသောငွေတွေကို အပိုင်စီးသွားတယ်ဆိုတဲ့ သတင်းတွေကို ကျွန်တော်က ရေးပေးတယ်ဆိုပြီးတော့ ကျွန်တော့်အပေါ် လည်ပင်းကို ကြိုးစွပ်နေတဲ့အချိန်ပေါ့။ ဆိုတော့ အဲဒီသမဂ္ဂစာစောင်တွေကလည်း မှိုက်ပြီးတော့ ပြီးတဲ့အခါကျတော့ ကျွန်တော် ဖောင်တစ်ချို့ကြည့်တယ်၊ ကျွန်တော်က အပြင်ကရှိနေတဲ့သမံတလင်းမှာ စောင့်ကြောင့်ထိုင်ပြီးတော့ အဲဒီဘေးမှာ လေရှူနေလိုက်တယ်။

**စစ်တပ်အာဏာသိမ်းပြီ**

အဲ့ဒီလိုနေတုန်းမှာ လူတစ်ယောက်ရောက်လာတယ်၊ စာရေးဆရာထဲမှာ မြားနီဆိုတာရှိတယ်၊ မှတ်ဆိတ်မွေးတွေဘာတွေနဲ့ပေါ့၊ သူလို့ထင်တယ်၊ ရောက်ချလာပြီးတော့ စစ်တပ်ကအာဏာ သိမ်းလိုက်ပြီတဲ့ ဆိုတော့ ကျွန်တော်က ဟာ. . ခင်ဗျားမဟုတ်တာယုတ်ဗျာလို့၊ ကျွန်တော်က စိတ်ထဲမှာ စစ်တပ်အာဏာ သိမ်းနိုင်မယ်လို့ ကျွန်တော်မထင်ဘူး၊ ကျွန်တော်ရဲ့ သတင်းစာဆရာ သက်တမ်းမှာ ခန့်မှန်းချက်တွေ ဘာတွေထုတ်ရတာပေါ့၊ တိုင်းပြည်ဘာဖြစ်မလဲဘယ်ခေါင်းဆောင် ဘာဖြစ်မလဲဆိုတဲ့ မှန်းဆချက်တွေ ကျွန်တော်တို့ လုပ်လေ့လုပ်ထရှိတယ်၊ ကျွန်တော် အဲဒီလိုလုပ်တဲ့နေရာမှာ သိပ်ပြီးတော့မှားလှတယ်လို့မရှိဘူး၊ စစ်တပ် အာဏာသိမ်းတာနဲ့ပတ်သက်လို့ကတော့ ကျွန်တော် တော်တော်ကိုညံ့တာ။ ကျွန်တော်က ဘယ်လိုထင်သလဲဆိုတော့ စစ်တပ်က ဘယ်လိုမှ အာဏာမသိမ်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေကနေပြီးတော့ နှစ်ပေါင်းများစွာ ကိုယ့်ကို ဖိနှိပ်ချုပ်ချယ်နေပြီးတော့ မဆလလိုအာဏာအဆောက်အအုံကြီး အာဏာ

ယန္တရားကြီးကို တွန်းလှန်တဲ့ဟာ သာမန်အားဖြင့်တော့ ဘယ်လိုမှစဉ်းစားလို့ မရဘူး။ တွန်းလှန်လို့ဖြစ်နိုင်မယ်လို့ မထင်ရာကနေပြီးတော့ လူထုအုံကြွမှုနဲ့ တစ်ခါတည်း တွန်းလှန်လိုက်တဲ့အခါကျတော့ ဒီအချိန်မှာ တပ်မတော်ဟာ သူလည်းမဆလ အာဏာယန္တရားကြီးကို လှည့်ပတ်တဲ့အထဲမှာ ပယောဂမကင်းဘူးပေါ့။ အဲဒါလိုဆိုရင် စစ်တပ်ဟာ တကယ်တော့ ပြည်သူလူထုဘက်ကိုဝင်ပြီးတော့ ရပ်ပြီးတော့ ပြဿနာကို ဖြေရှင်းမယ်ထင်တယ်၊ နောက်တစ်ခါ ပြည်သူကိုလည်း သူတော်တော်များများတော့ယုံကြည် စိတ်ချမှုရှိသွားပြီ။ ဘာဖြစ်လို့လဲ ဆိုတော့ တိုင်းသူပြည်သားကနေ တပ်မတော်အပေါ်မှာ အလွန်ကောင်းတဲ့ တုံ့ပြန်ချက်ရှိတယ်ဆိုတာက ဩဂုတ်လ (၂၄) ရက်နေ့တုန်းက စစ်အုပ်ချုပ်ရေး အမိန့်ကိုရုပ်သိမ်းတဲ့အခါ မြို့တော်ခန်းမရှေ့မှာ ကျွန်တော်တွေ့ခဲ့တဲ့မြင်ကွင်းပေါ့၊ အားလုံးဝိုင်းပြီးတော့ သံဆူးကြိုးတန်းတွေကို လူထုကဝိုင်းပြီး ထမ်းတင်တယ်၊ စီးကရက်တွေပေး၊ မုန့်တွေပေး၊ လက်ခုပ်ဝိုင်းတီး စစ်တပ်ကဒီလို အခြေအနေမျိုးကို စစ်ခေါင်းဆောင်များကမြင်ရင် ဘယ်လိုပဲဖြစ်ဖြစ် စဉ်းစားမယ်၊ ဒါဟာ အာဏာသိမ်းဖို့အဆင့်ကိုမရောက်ဘူး၊ လုပ်မှာ မဟုတ်ဘူးလို့ ကျွန်တော်တွက်ပြီးသား အဲဒီတွက်ကိန်းတွေအကုန်လွဲကုန်တာကိုး။

## စစ်တပ်အာဏာသိမ်းခြင်းကို ကန့်ကွက်တဲ့ ကြေညာချက်ထုတ်

ဒေါသကနည်းနည်း ပြန်ဖြစ်လာတာနဲ့ ကျွန်တော် ကြေငြာစာတမ်းတစ်ခုရေးတယ်၊ ဒီစစ်အစိုးရအာဏာသိမ်းတာကို ကျွန်တော်တို့ ပြည်သူ ပြည်သားကနေ လုံးဝလက်မခံဘူး၊ ကန့်ကွက်တယ်၊ ရှုံ့ချတယ်၊ အာဏာရှင်များအနေနဲ့ကတော့ အာဏာသိမ်းမှုကနေ ပြန်ပြီးတော့ရုပ်သိမ်းဖို့ ပြန်ပြီးတော့ တောင်းဆိုတယ် ဘာညာကျွန်တော်ရေးတယ်၊ ရေးပြီးတော့ လက်နှိပ်စက် ကျွန်တော့်ဟာ ကျွန်တော်ရိုက်ပြီးတော့ ကော်ပီပွားပေါ့။

ကျွန်တော်ကြေငြာချက်တွေ ရိုက်ကူးနေစဉ်မှာပဲရှေ့နေကြီး ဦးသာဘန်း ရောက်ရှိလာခဲ့ပြီး သူကကြေငြာချက်ယူဖတ်တယ်၊ ဖတ်လည်းပြီးရော ကောင်းတယ်တဲ့၊ ကျွန်တော် သဘောတူတယ်တဲ့ ကျွန်တော်ကတော့ သတင်းစာအတွေးပဲ တွေးလိုက်တာပေါ့၊ ဒါကိုမောင်မောင်ကိုယူသွားပေးကြမယ်ပေါ့။ ဘီဘီစီ ကိုမောင်မောင်ကိုပေးမယ်၊ ဥပမာဆိုပါတော့၊ ကိုဇော်ဝင်းတို့ ဘာတို့ ရိုက်တာဘာညာပေးမယ် စသည်ဖြင့်ပေါ့၊ ကိုသာဘန်းကဘယ်လိုပြောသလဲဆိုတော့ မဟုတ်

ဘူးဗျတဲ့ ခင်ဗျားတကယ်ပေးရမှာက သံရုံးတွေကိုပေးရမှာဗျတဲ့၊ ဆိုတော့ သူကနိုင်ငံခြားသတင်းတွေ ဘာသာပြန်နေ နိုင်ငံခြားသတင်းတွေထဲရေးနေတဲ့ လူဆိုတော့ အတွေးက ကျွန်တော့်ထက်ပိုမြန်တာပေါ့။ ကျွန်တော်က ကောင်းတယ် ကောင်းတယ် အဲဒီလိုဆိုရင်မင်းပေးကွာလို့ ဘယ်လိုလုပ်မလဲ ဒါဆိုရင်လည်းမင်း ပထမဆုံး ဘီဘီစီတော့မပေးနဲ့ကွာလို့ မင်းကိုမောင်မောင်ဆီတော့ သွားပေးလို့။ ဟုတ်တယ် ကျွန်တော်ပေးမယ်တဲ့။

## ကိုကိုကြီးကလည်း ဗဟာသကြေညာချက်ထုတ်

အဲဒီလို ပြောနေတုန်း ဘယ်သူက ရောက်ချလာသလဲဆိုတော့ ၈၈ မျိုးဆက်က အလွန်အရေးကြီးတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ကိုကိုကြီးပေါ့။ ရောက်လာတော့ ကျွန်တော်က ကိုကိုကြီးရေဒီမှာ ကျွန်တော်တို့ကတော့ ကန့်ကွက်စာတော့ရေးပြီ၊ ခင်ဗျားတို့ကျောင်းသားတွေကလည်း ကန့်ကွက်ဖို့ ကောင်းတယ်လို့၊ ခင်ဗျားဘယ်လိုသဘောရသလဲ။ ခင်ဗျားကျန်တဲ့သူတွေနဲ့ တိုင်ပင်ဖို့လိုသလား။ တိုင်ပင်နေရင်ရော ခင်ဗျားဒီဟာထုတ်ဖို့အတွက် အချိန်မီနိုင် မလား။ ခင်ဗျားလူတွေရောရှိသေးရဲ့လားပေါ့။ ကျွန်တော်မေးခွန်းတွေ အများကြီးမေးတဲ့အခါကျတော့ ကိုကိုကြီးက ပြတ်တယ်၊ သူစဉ်းစားပုံကမှန်တယ်၊ ကျွန်တော့်ဟာဖတ်ပြီးတော့ ကျွန်တော်လည်းထုတ်မယ်ဗျာတဲ့၊ အံ့ဩစရာ ကောင်းတာ ဒီစစ်တပ်အာဏာသိမ်းခြင်းကို ဆန့်ကျင်ကန့်ကွက်တဲ့ ကျောင်းသား များသမဂ္ဂရဲ့ ကြေငြာစာတမ်းဟာနော် ကိုကိုကြီးတစ်ယောက်တည်း ဒီစပယ်ဦး မှာရေးရတာ။ သူကျန်တဲ့လူတွေနဲ့ လှည့်တိုင်ပင်နေရင် ကျန်တဲ့လူတွေလည်း အဖမ်းခံထိပြီးသားဖြစ်မယ်၊ သို့မဟုတ်ရင်လည်း သူကိုယ်တိုင်အဖမ်းခံတဲ့အထဲ ပါသွားနိုင်တယ်၊ အဲဒီတော့ အဖမ်းမခံရခင်မှာ စစ်အာဏာသိမ်းမှုကို ကန့်ကွက် ခြင်းကြောင့် အခြားသော ဗဟာသခေါင်းဆောင်များဖြစ်တဲ့ မင်းကိုနိုင်၊ မင်းဇေယျာ ဘာညာစသည်ပေါ့၊ ဒီအသိုင်းအဝိုင်းဟာ ဘယ်လိုမှကန့်ကွက်မှာမဟုတ်ဘူး၊ ဘယ်လိုမှငြင်းဆန်မှာ မဟုတ်ဘူး၊ ဒီဟာထုတ်ဖြစ်တဲ့အတွက်တောင်မှ သူ့ကို ချီးကျူးဩဘာပေးကြမှာပဲ။ ဒါသေချာတယ်၊ ကိုကိုကြီးက အဲဒီမှာ ဘာလုပ်သလဲဆိုတော့ ကျွန်တော် ခုနတုန်းကရိုက်ခဲ့တဲ့ လက်နှိပ်စက်မှာပဲ ဝင်ပြီးတော့ ကာဗွန်တွေဘာတွေခံပြီးတော့ အဲဒီကန့်ကွက် ကြေငြာစာတမ်းကို ရိုက်တယ်။ ရိုက်ပြီးတဲ့အခါကျတော့ ကိုသာဘန်းက တစ်ခါတည်း ကျွန်တော်

ယူသွားမယ်တဲ့၊ တစ်ခါတည်းပေးမယ်တဲ့။

**ကြေညာချက်ထုတ်ဖို့ကိစ္စ ကိုသော်ကနဲ့အငြင်းပွား**

အဲ့ဒီအချိန်မှာ ဘယ်သူကရောက်ချလာသလဲဆိုတော့ (၆) နာရီကျော်လောက်ရှိတုန်းမှာ ကိုသော်ကဝင်လာတယ်။ ကိုသော်က ဝင်လာတော့ ကျွန်တော်က ကိုသော်ကကို သူကဥက္ကဋ္ဌကိုး။ ကျွန်တော်က ဒုဥက္ကဋ္ဌကိုး၊ အဲဒီတော့ ကျွန်တော်က ကိုသော်ကကို အစီရင်ခံရတာပေါ့။ ရှင်းပြရတာပေါ့။ ကိုသော်ကရေ ဒါတော့ဒီလိုဒီလိုရှိတယ်လို့ ၊ ကိုသော်ကကတစ်မျိုး ဖြစ်သွားတယ်၊ တစ်မျိုးက ကိုသော်ကက ကြောက်သွားတာလားမသိဘူး။ သို့မဟုတ်ရင်လည်း သူကစစ်တပ်ကဗိုလ်မှူးတစ်ယောက်အနေနဲ့ ဆိုတဲ့အခါကျတော့ စစ်တပ်ကိုရွံ့ချတာတို့၊ ဘာတို့ မကြိုက်သလိုမျိုးဖြစ်သလား ဒါလည်းကျွန်တော် မသိဘူးပေါ့။ သူက ဦးဝင်းတင်တဲ့ ဒါတော့မလုပ်နဲ့ဗျာတဲ့ အီးစီကိုတင်ပြဖို့ ကောင်းတယ်၊ ကျွန်တော် ပေါက်ကွဲရောဗျ၊ ကျွန်တော်တော်တော်ဒေါသဖြစ်တယ်။ အဲဒီမှာတင် ကိုသော်ကကို ခင်ဗျားဘာဖြစ်လို့ ဒီစကားကိုပြောနေတာလဲ၊ ဘယ်မှာလဲဆိုပြီး ရှိုင်းရှိုင်းစိုင်းစိုင်းပေါ့ဗျာ၊ ဒီအီးစီကို ဆဲဆိုပြီးတော့ ဘယ်မှာလဲ ဒီအီးစီ ဒီအီးစီတင်ဖို့ရာရှိမလား၊ စစ်တပ်က အာဏာသိမ်းပြီးပြီ ဒီအီးစီသွားတင်နေဖို့ရာလည်း ခင်ဗျားဖြစ်တော့မလား၊ မနက်ဖြန်ကျရင် ခင်ဗျားရော ကျွန်တော်ရော အကုန်လုံးဖမ်းတဲ့အထဲပါသွားမယ်၊ မလိုချင်ဘူး ကျွန်တော် အီးစီကိုတင်တာမလိုချင်ဘူး၊ ဒီမှာ ကိုကိုကြီးလည်း ဗကသရဲ့ဆုံးဖြတ်ချက်ကို ကန့်ကွက်ချက်ကိုရေးပြီးပြီ၊ ကိုသာဘန်းလက်ထဲမှာရှိတယ်။ အဲဒီတော့ ကိုသာဘန်းပေးသာပေး ဆိုတော့ ကိုသော်ကက ဟိုဒင်းဖြစ်သွားတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ နည်းနည်းအမ်းသွားတယ်ပေါ့၊ ကျွန်တော်က တော်တော်စိတ်တိုသွားတယ်၊ တွန့်ဆုတ်သွားတယ်ပေါ့ဗျာ၊ သူ့ကို ကျွန်တော်ကြည့်ပြီး အားနာသွားတယ်ပေါ့၊ ဘာပဲပြောပြော ကိုသော်ကက တော်တော်ပြောစရာ ကောင်းတဲ့သူမဟုတ် ဘူးလေ၊ အတော်ကိုထက်သန်တဲ့လူ၊ ဒီသတင်းကဖြန့်တာတော့ ကျွန်တော်ဖြန့်တယ်။ ခင်ဗျားသာခင်ဗျား အီးစီတို့ဘာတို့အကြောင်းကြားချင်တဲ့အတွက် ပေးချင်ရင်ပေးရော အဲဒီမှာ ခင်ဗျားယူ အကုန်ယူဆိုပြီးတော့ ကျွန်တော်ထွက်သွားတယ်၊ နောက်ပိုင်းကျတဲ့အခါကျတော့ ကိုသာဘန်းနဲ့ ကျွန်တော်ပြန်တွေ့တဲ့ အခါကျတော့ကိုသာဘန်းကပြောတယ်၊ အဲဒီအတိုင်းသွားတယ်ပေါ့၊ ဗြိတိန်သံရုံးကိုလည်းပေးတယ်၊ ဆိုဗီယက်သံရုံးကို

လည်း ပေးတယ်ပေါ့။ အမေရိကန်သံရုံးကိုလည်းပေးတယ်၊ ကိုမောင်မောင်ကိုလည်းပေးဖြစ်တယ်ဆိုတာ နောက်ပိုင်းမှာ ကျွန်တော်ပြန်ပြီးတော့ကြားရတယ်ပေါ့။

## စစ်အာဏာသိမ်းပြီး နောက်တနေ့

စစ်တပ်အာဏာသိမ်းပြီး နောက်တစ်နေ့မှာ ကျွန်တော့်ကို ကိုမိုးသူက ဖုန်းဆက်ပြီး တွေ့ဆုံဆွေးနွေးကြဖို့ ချိန်းဆိုတယ်။ စပယ်ဦးကို လာခဲ့မယ်လို့ သူက ပြောတဲ့အခါ ကိုမိုးသူက လုံခြုံရေးစိုးရိမ်ရကြောင်း ပြန်ပြောတယ်။ 'ခင်ဗျား ကလည်း တော်တော်အတဲ့လူဗျာတဲ့။ စပယ်ဦးသွားလို့ ဘယ်လိုလုပ်ဖြစ်မလဲလို့ စပယ်ဦးက သပိတ်ဌာနချုပ်ပဲဗျတဲ့၊ အခုနေစစ်တပ်ကများ ဝင်သိမ်းထားမလား မသိဘူး၊ ကိုတင်စိုးများဖမ်းသွားမလားတောင်မသိဘူး။ ခင်ဗျားဘယ်အဲဒီမှာ သွားတွေ့လို့ဖြစ်မလဲတဲ့၊ အခုကျွန်တော် ချိန်းပြီးပြီတဲ့၊ အဲဒီတော့ ခင်ဗျားဒီလိုလုပ်တဲ့၊ ဘုန်းကြီးလမ်းဆင်းကနေဆင်းလာခဲ့တဲ့၊ ဘုန်းကြီးလမ်းကနေ ဘုန်းကြီးလမ်းဂတ်တဲကနေကျော်လာလို့ရှိရင် နောက်တစ်လမ်းကျော်မှာ ရုပ်ရှင်မင်းသား မောင်သန်းဝင်းတို့ ရုပ်ရှင်တွေဘာတွေရိုက်တဲ့ တစ်ထပ်အိမ်လေး။ ဒါပေမယ့် ထပ်ခိုးနဲ့။ အဲဒီမှာချိန်းထားတယ်၊ အဲဒီအိမ်လာခဲ့ဆိုတော့ ကျွန်တော်က လက်တိုအကျီနဲ့။ ဦးထုပ်နဲ့ပေါ့။ ကျွန်တော်လည်း မြက်ဦးထုပ်ကြီး ဆောင်းပြီး ထွက်လာတယ်၊ ထွက်လာခဲ့ပြီး မောင်သန်းဝင်းတို့ ဘယ်နားများရှိနေပါလိမ့်လို့ ငေးနေတုန်းမှာ ဟေးကိုဝင်းတင်လာလာလို့ ကြည့်နေတုန်း မောင်မိုးသူ၊ နောက်ပြီးတော့ ဦးကိုယု လက်ဖက်ရည်ဆိုင်ရဲ့ရှေ့မှာထိုင်နေတယ်၊ အဲဒီအိမ်ထဲကို မဝင်ဘူးဗျ။ အဲဒါနဲ့ ကျွန်တော်လည်း အဲဒီမှာဝင်ထိုင်တာပေါ့။ ကိုမိုးသူက သူ့ရဲ့ နှုတ်ခမ်းမွှေးကို ရိတ်လိုက်တယ်။ ရိတ်လိုက်ပြီးတော့ သူကရုပ်ဖျက်တာပေါ့။ ဦးထုပ်နဲ့ဘာနဲ့ထိုင်တယ်။ နောက်ပြီးတော့ ဦးကိုယုကလည်း ဟာဝေယံကွက်ကျားတွေဘာတွေနဲ့လုပ်ပြီးတော့ ဂေါက်သီးရိုက်တဲ့ ဦးထုပ်တွေဘာတွေ ဆောင်းလို့၊ ထိုင်ပြီးတော့ စကားပြောတာပေါ့။ မျက်စိကလည်း ဟိုကြည့်ဒီကြည့် ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက ကျွန်တော်တို့က တိတ်တဆိတ်ချိန်းပြီးတော့ တွေ့မယ့်နေရာကိုး။

## ရုပ်ဖျက်ကောင်းတဲ့ ကျွန်တော်တို့လူစု

အဲဒီလိုနေတုန်းကို မိန်းမတစ်ယောက်လျှောက်လာတယ် လမ်းလျှောက် လာတယ်၊ တစ်ခါတည်း အဲဒီမိန်းမက ကျွန်တော်တို့ဝိုင်းကို တစ်ချက်ကြည့်တယ်၊

ကြည့်လည်းကြည့်ပြီးရော၊ ဟာတဲ့ ကိုစိန်မြင့်တဲ့ ကိုစိန်မြင့်ဆိုတာ ကိုမိုးသူရဲ့ နာမည်။ တစ်ခါတည်း သူကရုပ်ဖျက်ပြီး နှုတ်ခမ်းမွေးတွေ ဘာတွေရိတ်ပြီး ရုပ်ဖျက်ထားတဲ့ အချိန်မှာ အဲဒီမိန်းမက တန်းတန်းမတ်မတ်ဘဲ ဟာကိုစိန်မြင့်တဲ့ မတွေ့တာလည်းကြာပြီတဲ့၊ ရှင်လည်းနုပျိုလို့ပါလားတဲ့ ငယ်ရွယ်ကလည်း အခုမှပဲ ပေါ်တော့တယ်ပြောတော့ ကျွန်တော်တို့တောင်တိုးတိုးပြောသေးတယ်။ ငယ်ရွယ်ကလည်းအခုမှပဲ ပေါ်တော့တယ်ပြောတော့ ကျွန်တော်တို့တောင် တိုတိုးပြောသေးတယ်။ ငယ်ငယ်တုန်းက ယုတ်ခဲ့တာတွေကိုပြောတာလို့၊ ဒီလိုပြောကြသေးတယ်။ အဲဒီလိုနေတုန်းကို နောက်ထပ်လျှောက်လာပြန်ရော။ မိန်းမတစ်ယောက်ပဲ လျှောက်လာတာ ကြည့်လည်းပြီးရော ကိုယုကိုတွေ့တော့ ဟင်တဲ့ ကိုယုတဲ့ ရှင်ကဘာလဲတဲ့ ရုပ်ဖျက်ထားတာလားတဲ့၊ ခေါင်းကဦးထုပ်နဲ့ ဘာနဲ့တဲ့၊ အဲဒီမိန်းမက ငယ်ရွယ်တွေဘာတွေတော့မပြောဘူး၊ ရုပ်ဖျက်တာကို တန်းသိတာဗျ၊ ဘာလုပ်တာလဲတဲ့ ဒီဦးထုပ်တွေ ဘာတွေနဲ့တဲ့ ရှင်မဆောင်းစဘူးတဲ့ ဘာညာဆိုတော့ ကျွန်တော်တို့လည်း အကုန်လုံးကို ဝက်ဝက်ကို ကွဲနေတာပဲဗျာ၊ အဲဒါနဲ့ ကိုယုရော ကိုစိန်မြင့်ရော မဖြစ်တော့ဘူးဆိုပြီး အထဲဝင်မယ်ဆိုပြီးအထဲဝင်ကြရောဗျ။

အထဲကိုဝင်တဲ့ အခါကျတော့ ထပ်ခိုးလေးရှိတယ်။ အဲဒီ ထပ်ခိုးလေးတက်ကြရော။ တော်ကြာကျတော့ ဘယ်သူကပေါက်ချလာသလဲဆိုတော့ ကိုအောင်လွင် ရုပ်ဖျက်ထားတာ။ သူကတော့မျက်မှန်အနက်နဲ့ လွယ်အိတ်ကြီးကလည်းပါသေးတယ်။ အဲဒီမှာ စကားဖြတ်ပြောလိုက်ရအုံးမယ်၊ သူ့လွယ်အိတ်ကြီးကို ကျွန်တော်က အမြဲတမ်းပြောတယ်၊ ကိုအောင်လွင်ကို ထောက်လှမ်းရေးကလိုက်လိုက်ပြီး လူတွေလိုက်ဖမ်းနေတာ၊ ခင်ဗျားအနားကို ထောက်လှမ်းရေးမသတ်ာလို့ရှိရင် အနားလာလို့ရှိရင် ခင်ဗျားဘယ်မှထွက်မပြေးနဲ့ အဲဒီလွယ်အိတ်ကြီးထဲဝင်ပုန်းလို့ ကျွန်တော်ကပြောဖူးတယ်။ နောက်ဖူးတယ်၊ နောက်ပိုင်းကျတော့ ***NLD*** တို့ဘာတို့မှာ သူလုပ်နေရင်းကနေ သူ့ကိုဖမ်းသွားတဲ့အခါကျတော့ သူ့ခေါင်းကို လွယ်အိတ်ကြီးနဲ့စွပ်ချလိုက်တာ၊ ဘေးက လူကမမှတ်မိအောင်တဲ့ ကားပေါ်တင်ပြီးတော့ ခေါ်သွားတယ်တဲ့၊ အဲဒီလွယ်အိတ်ကြီးပေါ့ဗျာ၊ လွယ်အိတ်ကြီးကလည်းပါသေးတယ်၊ ဘောင်းဘီနဲ့ သူကတက်လာတယ်၊ နောက် ဘယ်သူလည်းမသိဘူး။ တစ်ယောက်နှစ်ယောက်တက်လာတယ်၊ တက်လာပြီးတော့ ကျွန်တော်တို့ ထပ်ခိုးလေးမှာ ထိုင်တာပေါ့။ ထိုင်နေတုန်းကို ဝေါဝေါဆိုပြီးတော့ စစ်ကားသုံးစီးလောက် အဲဒီအရှေ့ကိုထိုးရပ်တာ၊ ရပ်လည်း

ပြီးရော စစ်သားတွေဘုတ်ဘုတ်နဲ့ဆိုခုန်ပြီးတော့ ဆင်းချလာတာ၊ ကျွန်တော်တို့တွေအကုန်လုံး သွေးပျက်ကုန်တာပေါ့။ ငါတို့တော့လာပိုင်းပြီဆိုပြီးတော့ ဘာလုပ်ရမှန်းလည်းမသိဘူး။ လာဖမ်းရင် အကုန်လုံးပါမယ်ပေါ့။ အသာလေးကိုငြိမ်နေတာ အတော်လေးကြာတော့မှ စစ်သားတွေက သစ်ပင်သစ်တုံးတွေရှင်းကြတာကိုး၊ စစ်တပ်အာဏာသိမ်းတဲ့အခါကျတော့ လူထုကသစ်ပင်တွေကိုခုတ်လှဲပြီးတော့ လမ်းတွေဘာတွေပိတ်ဆို့လိုက်တယ်၊ ကားတွေသွားလို့ မရအောင်၊ အဲဒါတွေကို စစ်သားတွေက လိုက်ရှင်းတာကိုး။ အဲဒီတော့မှ ကျွန်တော်တို့ဟီးချပြီးတော့ ကျွန်တော်တို့ကလည်း အလွန်ကိုသတ္တိကောင်းတဲ့တော်လှန်ရေးသမားများ ပီပီပေါ့ဗျာ၊ ဟာမဖြစ်ချေဘူး ဆွေးနွေးပွဲကိုမကျင်းပမီ ရုပ်သိမ်းကြစို့ ဆိုပြီးတော့ အကုန်လုံးလက်တို့ပြီးတော့ ပြန်ကြတာပေါ့။ ဒါကအာဏာသိမ်းစဉ် အဖြစ်အပျက် လေးပေါ့။

# အခန်း (၁၆)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ခြင်းခန်း

### အငြင်းပွားကြတဲ့ 'အောင်' 'စု' 'တင်'

ဦးအောင်ကြီး၊ ဦးတင်ဦးတို့နဲ့ပူးပေါင်းပြီး ပါတီဖွဲ့မယ့်ကိစ္စကို ကြားရတဲ့ကာလမှာ ကျွန်တော်သဘောမတူခဲ့ဘူး။ဘာဖြစ်လို့သဘောမတူလဲဆိုတော့ ကျွန်တော်တို့က ဒီကိစ္စက စောစောကပြောသလို ဖြစ်ဖို့ကောင်းတာက ခေါင်းဆောင်တွေတွဲပေါ့။ သုံးယောက်ထဲတွဲစရာမလိုဘူးလို့ ကျွန်တော်က ထင်တယ်၊ ခေါင်းဆောင်တွေတွဲပြီးတော့။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့လိုဟာမျိုး တစ်ခုခုဖွဲ့၊ ဖွဲ့ပြီးအဲဒီဟာကမှ သူ့လူကိုယ့်လူပေါ့ဗျာ၊ ပါတီထဲကို စည်းရုံးသွင်းနိုင်သမျှ သွင်းယူ ကျွန်တော်တို့က အဖွဲ့လိုက်လုပ်တဲ့ဟာကို သိပ်ပြီးတော့ မကြိုက်ဘူးဆိုတာက ကျွန်တော်တို့အဖွဲ့ထဲမှာလည်း ကျွန်တော်တို့ဘယ်လောက်ရှိမယ်ဆိုတာ ကျွန်တော် တို့မသေချာဘူး။ သပိတ်တွေကတော့ သေချာတာတစ်ခုကတော့ ဒေါ်စုကို ဝိုင်းထောက်ခံကြမယ်ဆိုတာတော့ ကျွန်တော်တို့ခန့်မှန်းလို့ရတာတော့ သေချာတယ်ပေါ့။ သို့သော် ကျွန်တော်တို့ကလည်း ရှင်းရှင်းပြောရရင် လက်ဆုပ်လက်ကိုင် အစုအဖွဲ့မှမဟုတ်ဘဲကိုး။ အဲတော့ ဒီဟာတွေ အကုန်လုံးက ကျွန်တော်တို့အပိုင် အင်အားတွေလို့ ကျွန်တော်တို့တွက်လို့မရဘူး။ အလားတူပဲ ဥပမာဆိုပါတော့ ဦးအောင်ကြီးဘက်မှာ အဲဦးတင်ဦးဘက်မှာ 'မျိုးချစ်အဖွဲ့'လို့ နောက်ပိုင်းမှာ တွင်လာတဲ့ တပ်မှူးကြီးများအဖွဲ့ပေါ့။ ဒါက ဒီရှစ်လေးလုံးကာလမှာလှုပ်ရှားတဲ့ အချိန်မှာ သူတို့အဖွဲ့ရာမည်ပေးပြီးတော့ စစ်ဝိုင်လ်တော်တော်များများ။

ကျွန်တော်ထင်တယ် တစ်ရာလောက်ဘာလောက်ရှိမယ်ထင်တယ်။ သူကလည်း အဖွဲ့တစ်ဖွဲ့ပေါ့။ ဦးအောင်ကြီးက တကယ်လည်း ပြောရရင် ဦးအောင်ကြီးမှာလည်း ကျွန်တော်တို့ ဒီဒေါ်စုအဖွဲ့လိုပဲ သိပ်ထူးမခြားနားဘဲ သူကအမည်ခံပြီးတော့ဖွဲ့တဲ့ အဖွဲ့အစည်းမရှိဘူး။ သို့သော် သူ့နောက်မှာလည်း သူ့ရဲ့တပည့်သားသမီး ဘာညာ ထောက်ပံ့တဲ့သူရှိမယ်လို့တော့ မှန်းရတယ်ပေါ့။ အဲတော့ အဲလိုမှန်းလို့ရတဲ့ အနေအထားမှာ ဒေါ်စုကနေပြီးတော့ ဦးအောင်ကြီးနဲ့ဖွဲ့ခြင်း စုဖွဲ့ခြင်းပေါ့။ အဲ ဦးတင်ဦးနဲ့ စုဖွဲ့ခြင်းဆိုတာကို လူတွေကသိပ်ပြီးတော့ မပြောကြသော်ငြားလည်း ဒါလောက် ခါးခါးသီးသီးတုံ့ပြန်ခြင်းမရှိသော်ငြားလည်း ဦးအောင်ကြီးနဲ့ တွဲတာကိုတော့ အဲဒီတွဲတဲ့အချိန်ကစပြီးတော့ ခါးခါးသီးသီးကိုဝေဖန်ကြတယ်။ အပြစ်တင်ကြတယ်။

ဒီသတင်းကလည်းကျွန်တော်တို့ နောက်ပိုင်းမှာမှ N.L.D မဖွဲ့ခင်လောက် လေးမှာကပ်ပြီးတော့ ပေါ်လာတဲ့အခါကျတော့ တစ်ချို့လူတွေ ကလည်း ဟုတ်မှဟုတ်ရဲ့လားပေါ့လေ။ စစ်တပ်ကနေပြီး ဒီသတင်းကို မဟုတ်မမှန်လုပ်ကြံပဲ လွှင့်သလားဘာညာပေါ့။ နောက်ကျတော့ ကျွန်တော်လည်း အမှန်အတိုင်းပြောရရင် ဘဝင်မကျဘူး။ ကျွန်တော်လည်း တော်တော်ကို စိတ်ပျက်သွားတယ်။ စိတ်ပျက်သွားတယ်ဆိုတာက ဘယ်လိုလုပ်ပြီးတော့ ဒေါ်စုက ဒီဦးအောင်ကြီးလိုလူနဲ့တွဲလို့ရသလဲ။ တွဲလို့ရောဖြစ်မလား၊ တွဲတာရောကောင်း သလား၊ တွဲတာရောမှန်သလားဆိုတာ ကျွန်တော်လည်း အများကြီးကို တစ်ခါတည်း ဒီသံသယတွေ ကျွန်တော့်မှာပေါ်လာတယ်။ ပေါ်လာတဲ့ အခါကျတော့ ကျွန်တော်အမှန်အတိုင်းပြောရရင် ကျွန်တော် တော်တော် စိတ်ပျက်သွားတယ်။ စိတ်ပျက်သွားတာက ဒီလိုတွဲတဲ့ပုံသဏ္ဍာန်ကို ကျွန်တော်က ကြိုက်ကိုမကြိုက်ဘူး။ လူတွေကိုခေါ်၊ ဦးအောင်ကြီးနဲ့ ဦးတင်ဦးတင် မကဘူးဗျ။ ဖြစ်နိုင်ရင် အခြားသောအင်အားစုများကို စုစည်းစေချင်တာ။ ဥပမာဦးနု၊ ဦးနုကဆွဲလို့မရရင်ထား။ ဥပမာဆိုပါတော့ သခင်ချစ်မောင် သခင်ချစ်မောင်ကို ဆွဲလို့မရရင်ထားပေါ့။ သို့သော်ဘာပဲပြောပြော အခြားအခြားသော နိုင်ငံရေး ခေါင်းဆောင်တွေက အများကြီးရှိသေးတယ်၊ ဒါတွေနဲ့ချဉ်းကပ်ရမယ်။ ဒီလူတွေကို စီစစ်ရမယ်။ အားလုံးပြီးပါကာမှ အစုအဖွဲ့လိုဟာမျိုး ကျယ်ပြန့်တယ်ပေါ့။ အင်အားတွေကျယ်ပြန့်တဲ့ အစုအဖွဲ့မျိုး လုပ်သင့်တယ်လို့ ကျွန်တော်ကထင်တယ်။ အဲဒီအချိန်မှာ ဒေါ်စုကလည်း သူ့တွက်ကိန်းနဲ့သူ ဖြစ်မှာပေါ့။ ကျွန်တော်လည်း သိပ်ပြီးတော့မသိဘူးပေါ့။ သူကလည်း မှန်တယ်လို့တော့ပြောလို့ရပါတယ်။

မမှန်ဘူးလို့လည်းပြောရင်လည်းပြောပေါ့။ ဒီ'အောင်' 'စု' 'တင်'ဖွဲ့တာနဲ့ပတ်သက်ပြီး ကျွန်တော်က သိပ်ပြီးတော့ မကြည်လင် ဘူးပေါ့။

**'အောင်' 'စု' 'တင်' ထဲ ကျွန်တော်တို့ပါဝင်ဖို့ ဒေါ်စုတိုက်တွန်း**

အဲ့ဒီလို မကြည်မလင် ဖြစ်နေတဲ့ အချိန်မှာ ဗိုင်းဆို ဒေါ်စုကနေပြီးတော့ တစ်ရက်မှာ အဲဒါကစက်တင်ဘာလ(၂၀)ရက်အကျော်ပိုင်းပေါ့။ (၂၅)ရက် ပတ်ဝန်းကျင်လောက်ပေါ့။ ကိုမိုးသူနဲ့ ကျွန်တော့်ကို ခေါ် တွေ့တယ်။ တွေ့ပြီးတော့ ကျွန်တော်တို့ ဧည့်ခန်းထဲမှာ နောင်အခါကျတဲ့အခါကတော့ စီအီးစီထိုင်တဲ့ အစည်းအဝေးထိုင်တဲ့အခန်း ဖြစ်လာတဲ့အခန်းပေါ့။ အဲ့ဒီအခန်းက ဒေါ်စုအိမ်ကို ဝင်ဝင်ချင်းဘယ်ဘက်က အခန်းပါပဲ။ တွေ့ပြီးတော့ ဒေါ်စုကပြောတယ်။ ဆရာတို့ ကျွန်မတော့ပါတီဖွဲ့တော့မယ်။ အဲတော့ အောင်စုတင်က တွေ့ပြီးပြီ၊ တွဲပြီးပြီ။ ဘာလို့တွဲပြီးလဲဆိုတော့ ကျွန်တော်လည်း မမေးဘူး။ ကျွန်တော်လည်း အမှန်တိုင်း ပြောရရင် ကျွန်တော် သိပ်တောင်မှုခြံထဲကိုမရောက်တော့ဘူး။ ဟိုရက်တွေတုန်းက သပိတ်ကိုအကြောင်းပြုပြီး အများကြီးရောက်ခဲ့တဲ့အနေအထားကနေ ကျွန်တော် အဲဒီ အောင်စုတင်ဖွဲ့တာ ကြားလည်းကြားရော ကျွန်တော်လည်းသိပ်ပြီးတော့ မသွားဖြစ်တော့ဘူး။ သွားချင်စိတ်လည်းမရှိဘူး။ အဲတော့ ကျွန်တော်တို့ကိုခေါ်ပြီး ဆွေးနွေးတဲ့အခါကျတော့ ကျွန်တော်ကမေးတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စုကလည်း ဆရာကျွန်မတို့လည်း ပါတီဖွဲ့မှဖြစ်တော့မယ်။ ပါတီဖွဲ့မယ်တဲ့။ ဆိုတော့ ကောင်းပြီ။ ကျွန်တော်တို့ပါတီဖွဲ့မယ်ဆို ဘယ်လိုဖွဲ့မှာလဲဆိုတော့ ဦးအောင်ကြီးရယ်၊ ဗိုလ်ချုပ်ဦးတင်ဦးတို့နဲ့ သုံးဖွဲ့ပေါင်းပြီးတော့ ကျွန်မတို့ ပါတီဖွဲ့မှာပဲတဲ့။ အဲတော့ ဆရာတို့လည်းဝင်လုပ်ပါ။ ဆိုတော့ ကျွန်တော်ကပြော တယ် ကျွန်တော်ကမလုပ်ချင်ဘူး။ ကျွန်တော်က နိုင်ငံရေးလည်းလုပ်တတ်တဲ့သူ မဟုတ်ဘူး။ နိုင်ငံရေးသမားလည်းမဟုတ်ဘူး။ ကျွန်တော်သိပ်လည်း စိတ်မဝင် စားဘူး။ ကျွန်တော်သပိတ်တွေဘာတွေ ပါဝင်လှုပ်ရှားတာက ကျွန်တော် လိုအပ်တဲ့အနေအထားအရ လှုပ်ရှားတာပဲ။ အဲဒါကြောင့်မို့ ကျွန်တော်နိုင်ငံရေး အနေနဲ့တော့ ကျွန်တော်မလုပ်ချင်ဘူးလို့ပြောတယ်။ အဲလိုဆိုတော့ ဒေါ်စု ကနေပြီးတော့ ဘာပြောလဲဆိုတော့ ကျွန်တော်စကားတွေမှတ်မိနေသေးတယ်။ ဆရာ ဆရာဒီလိုတော့ပြောလို့မရဘူးလေတဲ့။ ကျွန်မကိုယ်တိုင်ပင်လျှင် ကျွန်မ လည်း ဘယ်နိုင်ငံရေး လုပ်တတ်မလဲတဲ့။ ဒါပေမဲ့ လုပ်စရာလိုတဲ့အချိန်မှာတော့ လုပ်ရမှာတဲ့။ လုပ်ရမှာပဲတဲ့။ ဒီအချိန်ဟာ အားလုံးရှိသမျှလူတွေ လုပ်လို့ရတဲ့

သူတွေ တွဲလို့ရတဲ့၊ သူတွေမှန်သမျှ လူတွေတွဲပြီးတော့ အလုပ်လုပ်ရမယ့်အချိန်ပဲ။ အဲတော့ ကျွန်မဆရာကို တိုက်တွန်းပါတယ်။ ဝင်လုပ်ပါတဲ့။

## ကျွန်တော်လေးစားတဲ့ ကိုမိုးသူ

ကျွန်တော်ကပြောတယ်မဟုတ်ဘူး ဒေါ်စု၊ ဒီလိုလုပ် အဲလိုဆိုလို့ရှိရင်တော့ ကိုမိုးသူကို ကျွန်တော်ကတိုက်တွန်းတယ်။ ကျွန်တော်က ကိုမိုးသူကိုလည်း အမှန်တိုင်းပြောရရင်တော့ ကျွန်တော်က လေးစားချီးကျူးတယ်လို့ ကျွန်တော် ပြောတယ်။ အဲလိုပြောတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်နည်းနည်းလေး နောက်ကြောင်းလေး ပြန်ပြောချင်သေးတယ်။ ကျွန်တော်ကိုမိုးသူအပေါ်မှာ ဘာဖြစ်လို့ လေးလေးစားစားဖြစ်သလဲဆိုတော့ တစ်ရက်မှာ သပိတ်ကာလ ရက်ပေါ့။ အစောပိုင်းရက်တွေပေါ့။ အဲဒီမှာ ကျွန်တော်တို့ မြောက်ဥက္ကလာပကိုသွားကြတယ်။ သူရယ်၊ ကျွန်တော်ရယ် ၊ မောင်သော်ကရယ်သုံးယောက်။ အဲဒီမြောက်ဥက္ကလာပမှာကျဆုံးသော ဒီမိုကရေစီရဲဘော်များ အထိမ်းအမှတ်ပေါ့။ စစ်တပ်ကနေ သေနတ်နဲ့ပစ်လို့ သေတဲ့ရဲဘော်တွေကို အထိမ်းအမှတ် ကျောက်တိုင်တစ်ခုဆောက်ဖို့ဆိုတဲ့ အစည်းအဝေး လူထုအစည်းအဝေးလုပ်တယ်။ အဲဒီနေရာက ဘယ်နေရာလဲဆိုတော့ မြို့ထဲကထွက်လာ ဒီနဝဒေးရုံးဘေးကနေဝင်လာရင် နောက်ဆုံးပိတ်ကျတော့ မြောက်ဥက္ကလာပနယ်ထဲကိုဝင်တဲ့ ဂုံးကြီးရှိတယ်၊ ရထားကျော်တဲ့ဂုံး။ အဲဒီဂုံးကြီးက ရန်ကုန်ဘက်က တည့်တည့်ကြီး လာပြီးတော့မှ တစ်ခါ လက်ဝဲဘက်ကိုချိုးပြီးတော့ကွေ့တဲ့၊ အဲဒီကွေ့ကြီးမှာ အဲဒီ ကားလမ်းနဲ့ ရထားလမ်းကြားထဲမှာ ကွက်လပ်ရှိတယ်။ အဲဒီကွက်လပ်မှာ ကျောက်တိုင်ကြီး စိုက်မယ်ပေါ့။ အဲဒီမှာ လူထုအစည်းအဝေးပွဲလုပ်တယ်။

လူထုအစည်း အဝေးပွဲလုပ်တော့ အဲဒီကျောက်တိုင်ကို ဘယ်သူတွေက ပုံဆွဲလဲဆိုတော့ ကျွန်တော်တို့နာမည်ကျော် ပန်းချီဆရာပေါ့။ ခင်မောင်ရင် ကနေပြီးတော့အဲဒီကျောက်တိုင်ပုံစံကိုဆွဲတယ်။ ကျောက်တိုင်ပုံစံကို ဆွဲပြီးလည်း ပြီးရော လူထုအစည်းအဝေးပွဲလုပ်ပြီးတော့ ဟောပြောပွဲလုပ်တယ်ပေါ့။ ဟောပြောပွဲလုပ်တော့ ကြဲကြဲဖန်ဖန် ဟောပြော ပွဲစင်ကြီးကလည်း ဘယ်လောက် မြင့်လဲဆိုရင် လူလက်တစ်ဖောင်တောင်မကဘူး။ ကိုးပေဆယ်ပေလောက်မြင့်တဲ့ စင်ကြီး။ တရားဟောတဲ့သူက အဲဒီစင်ပေါ် တက်ဟောရတယ်။ အဲ ကျွန်တော်တို့ ကျန်တဲ့သူတွေအားလုံးက စင်အောက်မှာ ထိုင်ရတယ်။ တိုတိုပြောရရင်ကိုမိုးသူ

တရားတတ်ဟောနေတုန်းကို အဲဒီ မြောက်ဥက္ကလာပကုံးကြီးကနေပြီးတော့ စစ်ကားတွေတစ်ခါတည်း ဥဩပေးပြီးတော့ ငါးစင်းလားခြောက်စင်းလား မသိဘူး ရှိတယ်။ တစ်ခါတည်းကို ကမ္ဘာပျက်မတတ် ဥဩတွေဆွဲလာပြီးတော့ ဟွန်းတွေ တီးပြီးတော့ စစ်သားတွေကလည်း သေနတ်တွေနဲ့ချိန်ပြီးတော့ ဝေါဝေါဝေါဝေါဆို ဆင်းလာတော့ ဆင်းလည်းလာလည်းလာရော တစ်ခါတည်း လူအုပ်ကလန့်ပြီး ပြေးရော လူအုပ်ပြေးတယ် ဆိုတာလည်းမဆန်းဘူးလေ ဘာဖြစ်လို့လဲဆိုတော့ စစ်တပ်ကလည်း အလွန့်အလွန်ကို အပစ်အခတ်ရမ်းနေတဲ့အချိန် လူတွေကလည်း သေနေတယ်။ နောက်တစ်ခါ အခုပွဲပင်လျှင် သေဆုံးသွားတဲ့သူတွေကို ဂုဏ်ပြုဖို့ အတွက် ကျောက်တိုင်စိုက်ဖို့ဆိုတဲ့ ဟောပြောပွဲကိုး။ ဆိုတော့ သေထားတဲ့လူတွေ ကလည်း လောလောလတ်လတ်ရှိတယ်။ ကိုယ်ရှေ့ ကိုယ်ပတ်ဝန်းကျင်မှာလည်း သေတဲ့လူတွေကလည်း ရှိနေတဲ့အခါကျတော့ လူထုကကြောက်တာပေါ့။ အဲတော့ လူထုကပြေးတယ်ပေါ့။

## ကိုမိုးသူရဲ့ သတ္တိ

အဲဒီပြေးတဲ့အချိန်မှာ လူတွေတော်တော်တုန်လှုပ်ခြောက်ခြားတယ်။ စင်ရဲ့အောက်မှာ ကုလားထိုင်နဲ့ထိုင်နေတဲ့ ကျွန်တော်တို့လို ဟောပြောမယ့် သပိတ်ခေါင်းဆောင်များ။ သို့မဟုတ်လည်း စာနယ်ဇင်းခေါင်းဆောင်များပေါ့။ အဲဒါတွေနဲ့ ကာယကံရှင်ဒီပွဲကို လုပ်တဲ့ပုဂ္ဂိုလ်များပေါ့။ အဲဒီလူတွေလည်း ဘာလုပ်ရမှန်းမသိဘူး။ ကျွန်တော်တို့ကတော့ ထွက်လည်းပြေးလို့ကလည်း မထူးဘူး။ လူအုပ်ကြီးက ဝုန်းဝုန်းဖြစ်နေတဲ့အခါကျတော့ ကျွန်တော်တို့ကတော့ မတ်တပ်ရပ်ပြီးကြည့်တာပေါ့။ အဲဒီအချိန်မှာ ကိုမိုးသူဟာ တစ်ချက်ကလေး တုန်လှုပ်ခြင်းမရှိဘဲနဲ့ အပေါ်ကနေပြီးတော့ လက်သီးလက်မောင်းတန်းပြီး ပရိတ်သတ်ကို ထိန်းနေတယ်။ မပြေးကြပါနဲ့ မပြေးကြပါနဲ့။ ငြိမ်ငြိမ်နေကြပါ။ နားထောင်ကြပါ။ ကျွန်တော်ဆက်တရားဟောမယ် ဘာညာဆိုတဲ့ဟာကို ကျွန်တော်မြင်ကတည်းကနေပြီးတော့ ဒီကိုမိုးသူနဲ့ ကျွန်တော်အကြိမ်ခြောက်ခြား စွာတွေ့ခဲ့ဖူးတယ်ပေါ့။ ဒါပေမယ့် ကိုမိုးသူရဲ့သတ္တိကို တော်တော် သဘောကျတယ်။ ဒီတော်ရုံတန်ရုံလူဆိုရင် ထွက်ပြေးပြီပေါ့။ သူကသေနတ်ပစ် ခံရမယ်ဆိုရင် သူကစင်ပေါ်မှာ တစ်ယောက်တည်း။ ပစ်ချရုံပဲ။ သူသေဖို့က တော်တော်များ တယ်။ သူသာပြေးလို့ရှိရင်လည်း ကျွန်တော်ထင်တယ်။ အစည်းဝေးပွဲတက်တဲ့ လူထုတင်မကဘူး ဥက္ကလာပတစ်မြို့လုံးများ ထွက်ပြေးမလားမသိဘူးဗျ။

ဒီလောက် ကြောက်စရာကောင်းတဲ့ အနေအထား။ အဲ့ဒီအချိန် မှာ ကိုမိုးသူက အလွန်ကိုတည်တည်ငြိမ်ငြိမ်နဲ့ နေနိုင်တဲ့သူ။ ဒါကျွန်တော် ကိုမိုးသူ အပေါ်မှာရှိတဲ့ ကျွန်တော်ရဲ့အထင်ကြီးစိတ်ပေါ့နော် လေးစားစိတ်ပေါ့။ အဲဒါနဲ့ ကျွန်တော်က ဒေါ်စုကိုပြောတယ်။ ဒေါ်စုကိုမိုးသူကို လုပ်နိုင်းဖို့ကောင်းတယ်။ ကိုမိုးသူက စည်းရုံးရေးလည်းလုပ်တတ်ကိုင်တတ် ပြောတတ်ဆိုတတ်တဲ့လူ။ သတ္တိလည်း ကောင်းတဲ့လူ နောက်ပြီးတော့ ထက်ထက်သန်သန်နဲ့ ငယ်ငယ်ရွယ်ရွယ်လည်း ရှိတဲ့သူဆိုပြီးတော့ ကျွန်တော်ကတိုက်တွန်းတယ်။

## ဒေါ်စုရဲ့အစုအဖွဲ့ထဲပါဝင်ဖို့ ကျွန်တော်သဘောတူလိုက်ပြီ

တိုက်တွန်းတော့ ဒေါ်စုကဘာပြောသလဲဆိုတော့ ဆရာပြောတာ ကျွန်မသဘောတူတယ်တဲ့။ ကျွန်မ ဆရာကိုမိုးသူကိုလည်းလုပ်ခိုင်းပါမယ်တဲ့။ ဒါပေမယ့် ဆရာကိုမိုးသူလုပ်ရုံတင်မဟုတ်ဘူး။ ဆရာလည်းလုပ်ပါ။ နော် ဆရာလည်း လုပ်ပါ။ ဆိုတော့ ကျွန်တော်ငြင်းရတာ ခက်နေတယ်ဗျ။ ဒီလိုဆိုရင် စဉ်းစားပါရစေဦးလို့ ကျွန်တော်ပြောတယ်။ ကျွန်တော်ပြောတဲ့ အခါကျတော့ မဟုတ်ဘူး ကျွန်မတို့စဉ်းစားနေဖို့ အချိန်မရှိဘူးဆရာတဲ့။ ဒါစဉ်းစားလို့မရတော့ဘူး၊ အချိန်ကိုမရှိတော့ဘူးတဲ့။ အဲတော့ ဆရာလုပ်မယ်မလုပ်ဘူး ကိုဘဲ ပြောမှပဲဖြစ်မယ်။ ကျွန်မကတော့ လုပ်ဖို့တိုက်တွန်းတယ်တဲ့။ ဆရာကိုမိုးသူ ကိုလည်း ကျွန်မလုပ်ဖို့ တိုက်တွန်းတယ်၊ ဆိုတဲ့အခါကျတော့ ကိုမိုးသူကတော့ ကျွန်တော်လုပ်မယ်တဲ့ ဆိုတော့ ကျွန်တော်က သုံးယောက် ဆွေးနွေးတဲ့နေရာမှာ တစ်ယောက်ထဲပဲ့ပြီးတော့ ဒီသင်းကွဲကိုင်းကွဲပေါ့။ လုပ်သလိုဟာမျိုး ကျွန်တော် လည်းမဖြစ်ချင်တော့ဘူးဗျ။ ကဲဒါနဲ့ ဒါဖြင့်ရင်လည်း လုပ်ရမှာပေါ့ဗျာလို့ ကျွန်တော် ပြောလိုက်တယ်။

ဒေါ်စုက အဲဒါလည်းပြီးလည်းပြီးရော ကျွန်တော်ထင်တာတော့ နိုင်ငံရေး ဒီလိုပဲဝင်လုပ်ရမယ်လို့တော့ ထင်တာပေါ့။ ဒီလိုခေါင်းဆောင်ပိုင်းတို့ ဘာတို့ ပါမယ်လည်းမထင်ဘူး။ နောက်တစ်ခါခေါင်းဆောင်မှာလည်း ခေါင်းဆောင် တောင်မှ နှစ်ဆင့်ပေါ့။ တစ်ဆင့်က စီအီးစီ(C.E.C)လို အဆင့်နဲ့ နောက်တစ်ဆင့် က စီစီ (C.C)ပေါ့။ ဗဟိုအလုပ်အမှုဆောင်ကော်မတီနဲ့ ဗဟိုကော်မတီဆိုတဲ့ အဆင့်နှစ်ခုရှိမယ်ဆိုတာလည်း ကျွန်တော်သိပ်ပြီးတော့မသိဘူး။ ထင်လည်း မထင်ဘူးပေါ့။ အဲဒီပုံစံတွေက ဆိုရှယ်လစ်စနစ်တို့ဘာတို့မှာ ရှိတဲ့ပုံစံမျိုးတွေကိုး။ အဲလို နေရင်းကနေ နောက်တစ်နေ့လည်းကျလည်းကျရော ဒေါ်စုကနေပြီးတော့

လူတွေတော်တော်များများပေါ့။ ကျွန်တော်တို့ ခေါင်းဆောင် တွေ ကျွန်တော်မှတ်မိသလောက်ကတော့ ဒေါ်မြင့်မြင့်ခင်တို့ ဦးကိုယုတို့ ကိုတင်ရွှေတို့ ဦးထွန်းတင်တို့ စသည့် ပုဂ္ဂိုလ်တော်တော်များများကို ခေါ်ပြီးတော့ သူ့အခန်းထဲမှာ အစည်းအဝေးလုပ်တယ်။ ပထမနေ့တုန်းက ကျွန်တော်နဲ့ ကိုမိုးသူ နှစ်ယောက်တည်း ခေါ်ပြီးတော့ပြောတဲ့ အခန်းမှာ အစည်းအဝေး လုပ်တယ်။ လုပ်တဲ့အခါကျတော့ ဒေါ်စုက ဘာပြောလဲဆိုတော့ ဒီကျွန်မတို့ နိုင်ငံရေးပါတီဖွဲ့တော့မယ်တဲ့။ ဒီအောင်စုတင်နဲ့ပတ်သက်လို့။ အဲတော့ဒီမှာ ဆရာဦးဝင်းတင်တို့ ဆရာဦးမိုးသူတို့ကိုလည်း ပါဝင်လုပ်ဆောင်ကြပါလိမ့်မယ်တဲ့။ အဲတော့ ကျွန်မတို့အထဲက ကျွန်မရဲ့သပိတ်အဖွဲ့ပေါ့။ ဒေါ်စုအိမ်ကိုလာပြီးတော့ ဝိုင်းပြီးဝန်းရံနေကြတဲ့ သပိတ်ခေါင်းဆောင်တွေကို သူက ကျွန်မတို့အဖွဲ့ထဲကို ပါစေချင်တယ်တဲ့။ ကျွန်မနဲ့အတူ နိုင်ငံရေးတွဲလုပ်စေချင်တယ်ပေါ့။ အဲဒီလူတွေ အကုန်လုံးကို ကျွန်မခေါင်းဆောင်မှုအပိုင်း ဗဟိုကော်မတီထဲမှာ ကျွန်မထည့်ချင်တယ်ဆိုပြီးတော့ပြောတယ်။

## ကိုယုရဲ့ တင်ပြဆွေးနွေးချက်

အဲဒီအချိန်မှာ ကိုယုကနေပြီးတော့ ထပြီးတော့ စကားပြောတယ်။ ကိုယုဆိုတာကတော့ ခင်ဗျားတို့ ကျွန်တော်တို့လည်း အကုန်သိတဲ့လူပေါ့။ စကားပြောကောင်းတဲ့နေရာမှာလည်း တကယ့်ကို အံ့ဩစရာကောင်းလောက်အောင် စကားပြောကောင်းတဲ့လူပေါ့။ ဟုတ်လား။ နောက်ပြီးတော့ ဟာသတို့ဘာတို့လည်း ရှိတဲ့လူပေါ့။ နောက်ပြီးတော့ နိုင်ငံရေးလုပ်တဲ့ဟာကလည်း သံမဏိရှည်လှပြီ။ နိုင်ငံရေးကလည်း တကယ်ကိုအကွက်မြင်တာရော ဘာရောအကုန်လုံးကျွမ်းကျင်တာကို။ အဲတော့ကိုယုက အဲဒီပွဲမှာ ဘာပြောသလဲဆိုတော့ ကျွန်တော်တို့တဲ့ အဲဒီလိုလုပ်မယ်ဆိုရင်ပေါ့လေ။ ဗိုလ်ချုပ်အောင်ကြီးဘက်က လူတွေ နောက်တစ်ခါ ဗိုလ်ချုပ်ကြီးတင်ဦးဘက်လူတွေထဲမှာ ကျွန်တော်တို့ ကန့်ကွက်သင့်တဲ့လူကို ကန့်ကွက်ခွင့်တော့ပေးဖို့လိုမယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ပေါင်းစုတဲ့အဖွဲ့ထဲမှာ တစ်ချို့လူတွေကို ကျွန်တော်တို့အနေနဲ့ သို့မဟုတ် ကိုယုတို့လိုအနေနဲ့ လက်မခံနိုင်ရင် အဲဒီလူတွေကိုပယ်ဖို့အတွက် ကျွန်တော်တို့ကို ပေးဖို့လိုတယ်ဆိုတဲ့ အခါကျတော့ ဒေါ်စုက တစ်ချက်ဆွေးနွေးတာပေါ့။ အဲဒီလို ဆွေးနွေးတော့ ကိုယုကတစ်ဆင့်တိုးပြီးတော့ ဘာဖြစ်သလဲဆိုတော့ အမှန်အတိုင်းပြောရရင်တော့ ကျွန်တော့ကိုလည်း ဒီလူတွေကကန့်ကွက်

ကြမှာပါ။ ကျွန်တော့်ဖြုတ်ထားဖို့ သူတို့ပေါင်းကြမှာပဲပေါ့။ အဲတော့ ဒေါ်စုကပြော တယ်။ ဆရာ အဲလိုဆိုရင်တော့ ဒီလိုမဖြစ်ဘူးတဲ့။ ဆရာကန့်ကွက်တာမကြိုက်ရင် သူများလည်းကန့်ကွက်လို့ ဘယ်ဖြစ်တော့မလဲတဲ့။ ဆရာကို ကျွန်မတို့အစု အဖွဲ့ထဲကနေပြီးတော့ ဖြုတ်ပယ်တာကို ဆရာကမကြိုက်ဘူးဆိုရင် သူတို့ ဟာသူတို့စုဖွဲ့ထားတဲ့ သူတို့လူတွေထဲကလည်း ကျွန်မတို့ကတော့ ဘယ်လူတော့ မကြိုက်ဘူး။ လက်မခံနိုင်ပါဘူးလို့တော့ ပြောလို့တော့ဘယ်ရမလဲ။ ဆိုတော့ ကိုယုက ဟုတ်ပါတယ်။ အဲလိုဆိုလို့ရှိရင် ကျွန်တော့်ကိုလည်း ကန့်ကွက်ရင် ဒေါ်စုကကာကွယ်ပေးပါ။ တခြားလူတွေကိုလည်း ကျွန်တော်မကန့်ကွက် တော့ဘူး။ တော်တော်ဆန်းတယ်။ ဒီလိုပြောပုံဆိုပုံ ပြောတဲ့အနေအထား ယူပုံတွေကို ကျွန်တော်တော်တော်လေးကို အံ့ဩသွားတယ်။ ကိုယုဆိုတဲ့ ပုဂ္ဂိုလ်ဟာ တော်တော်ကျွမ်းကျင်ပါလားပေါ့လေ။ အဲဒီလိုဖြစ်တော့ ကျွန်တော်တို့ NLD ဖွဲ့ဖို့အနေအထားက တော်တော်လေးကိုကောင်းတဲ့ အနေအထားကို ရောက်သွား တယ်ပေါ့။

## ကျွန်တော်နဲ့ ဒေါက်တာမောင်မောင်တို့ရဲ့ ပတ်သက်မှု

ဒီနေရာမှာ ကျွန်တော်ပြောချင်တာ တစ်ချက်နှစ်ချက် ရှိတယ်။ တစ်ချက် ကဘာလဲဆိုတော့ အဲဒီရက်ပိုင်းမှာပဲ NLD မဖွဲ့ခင်လေး ရက်ပိုင်းမှာပဲ ကျွန်တော့်ဆီကို မက်ဆေ့ခ် (message) တစ်ခုဝင်လာတယ်။ ဝင်လာတာက ဘယ်ကနေ လာလဲဆိုတော့ ဒေါက်တာမောင်မောင်ဆီကတစ်ဆင့်လာတယ်။ ကျွန်တော် ပြောတဲ့အထဲမှာလည်း ပါခဲ့ဖူးပါတယ်။ ကျွန်တော် ဟော်လန် တို့ဘာတို့နေတဲ့ အချိန်တုန်းက ဒေါက်တာမောင်မောင်ကလည်း ဟော်လန်မှာ လာပြီးတော့ သူ့ရဲ့ ပါရဂူဘွဲ့ကျမ်းတွေဘာတွေ ပြုစုနေတဲ့အချိန် ကျွန်တော်နဲ့ မကြာခဏတွေ့တယ်။ ဒေါက်တာမောင်မောင်က ကျွန်တော်ထက် ငါးနှစ်ပဲကြီး တယ်။ နောက်ပြီးတော့ ကျွန်တော်ရဲ့ဆရာတို့ ကျွတာတို့ဖြစ်ဖူးတဲ့သူမဟုတ်ဘူး။ ဒါပေမဲ့သူ့ကို ကျွန်တော်လေးစားသမှုနဲ့ ဆရာပဲခေါ်ပါတယ်။ ဒီလူနဲ့ကျွန်တော် နောက်ပိုင်း မဆလခေတ်ကျတော့ ကျွန်တော်အများကြီးတွေ့ရတယ်။ မန္တလေးကို လာတိုင်း ကျွန်တော့်ကိုဖိတ်တယ်။ ကျွန်တော့်သတင်းစာတိုက်ရှေ့လာပြီးတော့ကို သူ့ကားနဲ့ခေါ်တယ်။ ခေါ်ပြီးရင်ကျွန်တော်တို့ ဘယ်သွားလဲဆိုတော့ သူစခန်းချတဲ့ အမရပူရစစ်တပ်ထဲက ဧည့်ဂေဟာကိုသွားကြတယ်။ သွားပြီးရင် ကျွန်တော်

အဲဒီမှာ ထမင်းတွေဘာတွေစားသောက်ပြီး စကားပြောပြောတဲ့အခါကျွန်တော်ကလည်း အကုန်ပြောတာပဲ။ ဆရာတို့လုပ်နေတာတွေ တစ်ခုမှမဟုတ်တော့ဘူး။ အောက်ခြေတွေမှာ အလွန်ဆိုးရွားတဲ့ အဖြစ်အပျက်တွေ ဖြစ်နေပြီ။ ဆိုပါတော့ ဥပမာ ဆရာတို့တစ်ခါတလေ ကြက်နိုးတဲ့ကောင်ပေမယ့်လည်း ထောင်၁၀နှစ်ချလိုချဆိုတဲ့ တရားစီရင်နည်းတွေလည်း ဖြစ်ကုန်ပြီ။ အဲတော့ ဆရာတို့ ဒါတွေထိန်းဖို့လိုပါမယ်။ ဆိုတော့သူကလည်း ကျွန်တော်ကို ပြန်ပြီးတော့ ကိုဝင်းတင်ခင်ဗျားကိုယ်ခင်ဗျားလည်း ထိန်းဖို့လိုမယ်။ ခင်ဗျားရေးတာတွေ သားတာတွေကရေးသင့်ရေးထိုက်လို့ရေးတာလို့ ထင်ပေမယ့်လို့ အခြေအနေအရတော့ သိပ်မကောင်းဘူး။ ခင်ဗျားအပေါ်မှာလည်း လူတွေကသိပ်ပြီးတော့ မြိုငြင်လာပြီ။ ဘာညာဆို အဲလိုပြောဖူးတာတွေရှိတယ်။ အဲတော့ ဆရာမောင်မောင်ကိုကျွန်တော်လည်း လေးလေးစားစားရှိတယ်။ ဆရာမောင်မောင်ကလည်း ကျွန်တော့်အပေါ်မှာသက်သက်ညှာညှာနဲ့ တလေးတစားနဲ့ ဆက်ဆံတာရှိတယ်ပေါ့။

## ဒေါက်တာမောင်မောင် သမ္မတသက်တမ်းကာလ

၈၈အရေးတော်ပုံကာလအတွင်း မြန်မာနိုင်ငံမှာ တစ်လထဲ သမ္မတသုံးယောက်ပြောင်းလဲခဲ့တယ်။ အဲဒီကာလမှာ သမ္မတဦးမောင်မောင်က ကျွန်တော့်ကို စကားပြောဖို့ကမ်းလှမ်းခဲ့တယ်။ အရေးတော်ပုံကြီး ပေါ်ပေါက်လာတဲ့အချိန်ပိုင်းလေးမှာပေါ့။ ဗိုလ်မှူးချုပ်စိန်လွင်က ပါတီဥက္ကဌဖြစ်၊ ပါတီဥက္ကဌကနေပြီးတော့ နိုင်ငံတော်သမ္မတလုပ်ပေါ့။ အဲဒီလို ဖြစ်ပြီးတော့ ဗိုလ်စိန်လွင်ကလည်း သိပ်မခံလိုက်ဘူး။ ရက်ပိုင်းပဲပေါ့ဗျာ။ ခုနစ်ရက်တစ်ပတ်လောက်ပဲ ခံလိုက်ပြီးတော့ နုတ်ထွက်လိုက်ရတယ်။ ပြီးတော့ ဒေါက်တာမောင်မောင်က သမ္မတဖြစ်လာတယ်။ သမ္မတဖြစ်လာတဲ့ အချိန်ကျတော့ ဒေါက်တာမောင်မောင်က သိသိသာသာကြီးထိန်းတဲ့အချက်က ဘာလဲဆိုတော့ သူ့လက်ထက်မှာ ပစ်တာခတ်တာလုံးဝမရှိ လူတစ်ယောက်မှမသေဘူး။ဒါပေမယ့်သူကလည်း တိုင်းပြည်ကိုကြေညာတာပေါ့။ ဒေါက်တာမောင်မောင်ရဲ့သိက္ခာက တော်တော်လေးကိုကျတယ်ပေါ့။ အဲ့ဒါနဲ့ပတ်သက်လို့ စကားဆက်စပ်ပြီးတော့ပြောရအုံးမယ်၊ အဲဒီအချိန်မှာကျွန်တော်ကစာနယ်ဇင်းကောင်စီမှာ လုပ်နေတဲ့အချိန်မှာ ဒေါက်တာမောင်မောင်နဲ့ပတ်သက်လို့ စာတမ်းတစ်စောင် ကျွန်တော့်ဆီရောက်တယ်၊ ဆရာဦးခင်မောင်လတ်နဲ့ ဒေါ်ခင်မျိုးချစ်တို့ကနေပြီးတော့ ကိုမောင်မောင်သို့ဆိုပြီးရေးတဲ့စာတမ်း၊ အဲဒီဟာကို ကိုဝင်းတင် စာအုပ်ကလေးဘာလေး လုပ်ပါဆိုတဲ့

အခါကျတော့ ကျွန်တော်ကလုပ်မယ်ဆိုပြီးတော့ ကျွန်တော်ကစီစဉ်တယ်၊ ဒါပေမယ့် အဲဒီစာတမ်းကမထုတ်ဖြစ်ဘူး။

## ဦးနေဝင်းနဲ့တွေ့ဖို့ ကြိုးစားသော်လည်း မအောင်မြင်

ဒေါက်တာမောင်မောင် အဲဒီလိုဖြစ်နေတုန်းမှာ ကျွန်တော်အဲဒီရက်ပိုင်း အင်န်အယ်လ်ဒီ ဖွဲ့ဖို့ ရက်ပိုင်းလေးမှာ ဒေါက်တာမောင်မောင်ဆီက မက်ဆေ့စ် (message) ကျွန်တော့်ဆီဝင်လာတယ်၊ ဝင်လာတဲ့အခါကျတော့ ကျွန်တော်က ဒေါ်စုကိုပြောတယ်၊ ဒေါ်စုဒီလိုပဲ ဒေါက်တာမောင်မောင်ဘက်ကနေ စကားပြောချင်ပုံပေါ်တယ်၊ ဘယ်လိုဟာလဲတော့မသိဘူး ဒေါက်တာမောင်မောင် ဆိုရင် နောက်ကွယ်က အမြဲတမ်း ဦးနေဝင်းရှိတယ်၊ ကျွန်တော်တို့ စဉ်းစားဖို့လိုမယ်ဆိုတဲ့ အခါကျတော့ ဒေါ်စုကခဏစဉ်းစားတယ်၊ နောက်ပြီးတော့ ကျွန်တော့်ကို ချက်ချင်းပြောတယ်၊ ဆရာ အဲဒီကွန်တက်(contact)ကို ရအောင်ချိတ်ပါတဲ့၊ ဆိုတဲ့အခါကျတော့ ကျွန်တော်ရယ် မောင်သော်ကရယ် ဘယ်ကိုသွားသလဲဆိုတော့ ကျွန်တော်တို့လိုက်ရှာတာ ဦးဖေခင်ကိုလိုက်ရှာတာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကွန်တက်(contact) လာတဲ့ကိစ္စက ဒေါက်တာမောင်မောင်ဆီကလာတာ၊ ကျွန်တော့်ဆီကို တိုက်ရိုက်လာတာမဟုတ်ဘူး။ ကျွန်တော့်ကိုဆက်ပါ ဆိုပြီးတော့ သံအမတ်ကြီး ဦးဖေခင်ကတစ်ဆင့်လာတာ၊ ဦးဖေခင်က အစ္စလာမ်အမျိုးသား ကိုသော်ကကလည်း အစ္စလာမ်ဘာသာကိုးကွယ်တဲ့ အမျိုးသားဆိုတော့ ကိုသော်ကကိုပါ ကျွန်တော်ကခေါ်ရတာပေါ့၊ နောက်ဆုံးပိတ် ဘယ်မှာသွားပြီးတော့ ဦးဖေခင်ရှိသလဲဆိုတော့ ဗိုလ်ချုပ်အောင်ကြီးအိမ်မှာရှိတယ်လို့ ကျွန်တော်တို့ကြားတယ်။

ဒါနဲ့ ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ကြီးအိမ်ကို လိုက်ရတာပေါ့၊ နောက်ဆုံးပိတ် ဗိုလ်ချုပ်အောင်ကြီးအိမ်မှာ ဦးဖေခင်ရှိတာကို သိလည်းသိရော ကျွန်တော်တို့ ဦးဖေခင်ကို တွေ့ဖို့ကြိုးစားတယ်၊ ဒါပေမယ့် ဦးဖေခင်က ကျွန်တော်တို့ကို အတွေ့မခံဘူး၊ ဆိုလိုတာက ကျွန်တော်တို့က ဗိုလ်ချုပ်အောင်ကြီးအိမ်အောက်ထပ်မှာ ရောက်နေတဲ့အချိန်၊ ဦးဖေခင် ဗိုလ်ချုပ်အောင်ကြီးအိမ်ပေါ်မှာရှိတယ်။ ဒါပေမယ့် အတွေ့မခံတော့ဘူး။ သိပ်ပြီးတော့မတွေ့ချင်ဘူး။ ခင်ဗျားတို့တွေက သပိတ်သမားတွေဘာညာပေါ့။ တကယ့်တကယ်ကတော့ သူလည်း အဲဒီ သပိတ်မှောက်တဲ့ကာလတစ်လျှောက်လုံးမှာ သူလည်းနိုင်ငံရေးစကားတွေ

အများကြီးပြောနေတဲ့အချိန် ပင်လုံစာချုပ် အတွေ့အကြုံတွေအများကြီးပြော နေတဲ့အချိန်၊ သပိတ်နဲ့ပတ်သက်ပြီး တော်တော်လေးပါဝင်လှုပ်ရှားနေတဲ့အချိန် ပေါ့၊ ဒါပေမယ့် သူကကျွန်တော်တို့ကို မတွေ့တော့ဘူး၊ မတွေ့တာနဲ့ကျွန်တော် လည်းပြန်လာတာပေါ့ဗျာ၊ သူကအတွေ့မခံဘဲကိုး၊ ကျွန်တော်တို့ ဆီရောက်လာတဲ့ မက်ဆေ့စ်က ကျွန်တော်တို့ဆီ ရောက်တာက ဦးဖေခင်ဆီကတစ်ဆင့်လာတာ ဦးဖေခင်က ကျွန်တော်တို့ကို မတွေ့တော့ဘူးဆိုတာ၊ ဆိုလိုတာက ပျက်သွား တယ်ပေါ့၊ ဘာပဲပြောပြော ဒီဟာက အစအဆုံးမယ်မယ်ရရမရှိသော်ငြားလည်း ဆိုလိုတာက အဲဒီအချိန်မှာ နိုင်ငံရေးအနေအထားတွေ သွားလာနေပုံကို ပေါ်လွင်စေချင်လို့ ကျွန်တော်က ဒီဟာကိုထည့်ပြောတာပါ။ ဆိုလိုတာက အဲဒီအချိန်မှာပဲ ဒေါက်တာမောင်မောင်တို့ ဘာတို့က သို့မဟုတ်လည်း ဦးနေဝင်း ကပေါ့ဗျာ တစ်နည်းနည်းနဲ့ ဒေါ်စုနဲ့ချိတ်ဆက်ဖို့အတွက် စကားပေါက်အောင် ကမ်းလှမ်းချက်တွေ တီးခေါက်ချက်တွေရှိတယ်လို့ ကျွန်တော်တို့ ပြောလို့ရတယ်ဗျ။

## ဦးအောင်ကြီးအိမ်မှာအစုအဖွဲ့-၃စုတို့တွေ့ကြပြီ

ကျွန်တော်တို့ အဲဒီလိုလုပ်ပြီးတဲ့နောက် တစ်နေ့ကျလည်းကျရော NLD ဖွဲ့တဲ့ ကိစ္စပေါ်လာရော။ အဲဒါက စက်တင်ဘာလ (၂၇)ရက်၊ ဒေါ်စုကကျွန်တော့် ကိုပြောတာ ဆရာတဲ့မနက်ဖြန်ခါ ကျွန်မတို့ ဦးအောင်ကြီးအိမ်မှာ တွေ့မယ်တဲ့။ NLD ဖွဲ့တာနဲ့ပတ်သက်ပြီး ကျွန်မရယ်၊ ဒေါ်မြင့်မြင့်ခင်ရယ်၊ ဆရာရယ်သွားကြ မယ်တဲ့။ ဒီလိုနဲ့ အဲ့ဒီနေ့မြေနီကုန်းကို(၈)နာရီအရောက် သွားခဲ့ကြတယ်။ ကျွန်တော်က အနည်းငယ်စောနေတဲ့အတွက် ဦးအောင်ကြီးအိမ်ကို ချိုးဝင်တဲ့ ဒေါင့်မှာ ဒေါ်စုတို့ကိုစောင့်နေခဲ့တယ်။ တော်တော်လေး ကြာလည်းကြာရောကား ရောက်လာတယ်၊ ဒေါ်မြင့်မြင့်ခင်စီစဉ်တဲ့ကား၊ ဒေါ်စုကို သွားခေါ်တယ်၊ ဒေါ်မြင့်မြင့်ခင်နဲ့ ဒေါ်စုလိုက်လာကြတယ်ပေါ့၊ တိုက်ဆိုင်ကြတယ်လို့ ခေါ်မလား ဘာလားမသိဘူး။ ကျွန်တော်မှတ်မိတာကမမှားဘူးဆိုလို့ရှိရင်ပေါ့၊ ဒေါ်စုနဲ့ ဒေါ်မြင့်မြင့်ခင်နဲ့က အဲဒီနေ့က ချိတ်ထဘီဟာမျိုး အစိမ်းရောင်၂ ခုဝတ်လို့ဗျ ထားပါတော့ ကျွန်တော်တို့ ဦးအောင်ကြီးရဲ့ အိမ်ကိုတက်သွားကြတယ်၊ သတ်မှတ် ချက်က ဘာလဲဆိုတော့ တစ်ဖက်ကိုတစ်စု သုံးယောက်စီနဲ့ ကျွန်တော်တို့ NLD ဖွဲ့ကြောင်းကို သဘောတူညီချက်လက်မှတ်ထိုးမယ်ဆိုပြီး ကျွန်တော်တို့ အပေါ် ထပ်ကို တက်သွားတော့ ဘယ်သူတွေတွေ့သလဲဆိုတော့ NLD ဖွဲ့တာနေ့ ၂၇

ရက်နေ့ မနက် (၈) နာရီ ဦးအောင်ကြီးရဲ့အိမ်မှာ ဦးအောင်ကြီးအိမ်ဆိုတာက ဦးအောင်ကြီးလက်ဖက်ရည်ဆိုင် ဖွင့်ထားတာနဲ့ မျက်နှာချင်းဆိုင်ကအိမ်ပေါ့။

ကျွန်တော်တို့က အပေါ်ထပ်တက်သွားရော စစ်ဗိုလ်တွေ တော်တော်များများတွေ့တော့ ဘယ်သူ့ဘက်က ဘယ်သူဆိုတာလည်း ကျွန်တော်မသိတော့ဘူးဗျ၊ ဆိုပါတော့ ဦးချစ်ခိုင်တို့ဘာတို့ဆိုရင် အဲဒီအချိန်မှစပြီးတော့ ကျွန်တော်မြင်ဖူးတာ၊ ဦးလွင်တော့ ကျွန်တော်မြင်ဖူးတယ်၊ အဲ့ဒီလိုနဲ့ နောက်တစ်ခါ ဦးအောင်ရွှေ ကျွန်တော်သေချာသိပ်မသိဘူး။ နောက် ဦးအောင်ကြီးသိတယ်၊ ဗိုလ်မှူးကြီးဘရွှေသိတယ်၊ နောက်တစ်ခါဦးကြည်ဟန် ကျွန်တော်မသိဘူး၊ အဲ့ဒီလိုနဲ့ ဆုံကြတဲ့အခါကျတော့ ဦးတင်ဦးဘက်ကလည်း ဦးတင်ဦး၊ ဦးအောင်ရွှေ ဦးချစ်ခိုင်၊ ဦးလွင် (၄)ယောက်လောက်ဖြစ်နေတယ်၊ နောက်တစ်ခါ ဦးအောင်ကြီးဘက်က ကြည့်ပြန်တော့လည်း ဦးအောင်ကြီး၊ ဦးကြည်ဟန်၊ ဦးကြည်မောင်၊ ဦးဘရွှေ နောက်တစ်ခါ စစ်ဗိုလ်တစ်ယောက်နှစ်ယောက်ဗျ၊ စစ်ဗိုလ်ကြီးတွေ တွေ့ရောတွေ့တော့ ကျွန်တော်ကတော်တော်ကိုအံ့ဩနေတာ၊ (၉)ယောက်တည်းပဲ တွေ့ဆုံပြီးတော့ လုပ်ရမယ့်ဟာ ဒီလိုအခမ်းအနားမျိုး ဆိုတာက ပါတီတစ်ခုထူထောင်ခြင်းဆိုတာက အလွန်ကိုအလေးအနက်ထားတဲ့၊ ခန့်ညားတည်ငြိမ်တဲ့သဘောရှိဖို့ကောင်းတယ်။ အခုဟာက ရုတ်ရုတ်နဲ့ လုပ်ပြီးတော့ လူတွေဝင်လိုက်ထွက်လိုက်နဲ့ စစ်ဗိုလ်ကြီးတွေမှန်းသိတယ်၊ သူတို့ဟာသူတို့အချင်းချင်းရှယ်တူတန်းတူ အချင်းချင်း (၆၀) ပတ်ဝန်းကျင် စစ်ဗိုလ်ကြီးတွေဆိုတော့ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘူးဗျ၊ အဲဒီမှာ ကျွန်တော် မှတ်မှတ်သားသားလေး သတိပြုလိုက်မိတာက ဂါးဒီးယန်းဦးစိန်ဝင်းက ရောက်နေတယ်၊ ဂါးဒီးယန်းဦးစိန်ဝင်း ရောက်နေပြီးတော့ တော်တော်လေးကြာလည်း ကြာရော ဂါးဒီးယန်းဦးစိန်ဝင်းကပဲခေါ်လို့လား သို့မဟုတ် ဦးအောင်ကြီးကပဲခေါ်လို့လား ကျွန်တော်မမှတ်မိဘူး။ အဲဒီဘုရားခန်းထဲကို ဂါးဒီးယန်းဦးစိန်ဝင်းရယ် ဗိုလ်ချုပ်ကြီးတင်ဦးရယ်၊ ဦးအောင်ကြီးရယ်ခေါ်စုရယ်က သွားကြတယ်၊ တော်တော်စကားပြောတယ်၊ ကျွန်တော်တို့ ကျန်တဲ့လူတွေအကုန်လုံးကတော့ ဧည့်ခန်းထဲမှာထိုင်ကျန်နေခဲ့တာပေါ့၊ တော်တော်လေးကြာတော့မှ ပြန်လာကြတယ်။ ဦးစိန်ဝင်းကတော့ ပြန်သွားတယ်။ အဲဒီသတင်းနဲ့ ပတ်သက်ပြီးတော့ နောက်ပိုင်း ကျတော့ဦးစိန်ဝင်းက ဘာပြောတာလဲ။

## အဖွဲ့ချုပ်စတင်တည်ထောင်တဲ့နေ့က ပဟေဠိဆန်တဲ့ အဖြစ်အပျက်

၁၉၈၈ ခုနှစ် စက်တင်ဘာလ (၂၇)ရက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ထူထောင်ခဲ့တဲ့နေ့က ခေါင်းဆောင်(၃)ဦးကို ဦးအောင်ကြီးရဲ့ ဘုရားခန်းမှာ ဂါးဒီးယန်း ဦးစိန်ဝင်းက ဘာတွေပြောခဲ့သလဲဆိုတာ အခုအချိန်ထိ ပဟေဠိတစ်ခု ဖြစ်နေဆဲပါ။ ဦးစိန်ဝင်းက ဒီလောက်အရေးကြီးတဲ့ အခမ်းအနားတစ်ခုမှာလာပြီးတော့ လက်မှတ်ထိုးမယ့်သူများကို ပါတီကြီးတစ်ခုဖွဲ့စည်းဖို့ ထူထောင်ဖို့ စုဖွဲ့နေတဲ့ခေါင်းဆောင်ကြီး (၃) ယောက်ကို ဦးစိန်ဝင်းက ဘုရားခန်းထဲခေါ်ပြီးဘာတွေပြောတာလဲ။ အဲဒါနဲ့ပတ်သက်လို့ ကျွန်တော်ကြားတဲ့ဟာတွေရှိတယ်၊ နောက်ပိုင်း ကျွန်တော်လည်း သတင်းထောက်ဘဝလေးနဲ့ဟိုစုံစမ်းဒီစုံစမ်းကြည့်တော့ ဘာပြောသွားသလဲဆိုတာ ကျွန်တော်ကြားတယ်၊ သို့သော် ကျွန်တော် ပြောချင်စိတ်သိပ်မရှိသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ မသေချာဘူးဗျ၊ ဒီကိစ္စက ဦးစိန်ဝင်းကိုယ်တိုင်ကလည်း သက်ရှိထင်ရှားရှိနေတော့ တစ်နေ့သောအခါမှာ ဦးစိန်ဝင်းကသူ့ဟာသူ အမှတ်တရတို့ဘာတို့ရေးတော့မှ အမှန်ပေါ်မယ်၊ ပေါ်တဲ့ အခါမှပဲအဲဒါကို အတည်ယူလိုက်တာကောင်းတယ်လို့ ကျွန်တော်ဒီနေ့ထိ မပြောဘူး၊ အခုလည်း ကျွန်တော်မပြောချင်သေးဘူး ဦးစိန်ဝင်းရဲ့ မှတ်တမ်းကိုပဲစောင့်မျှော်ပြီးတော့ကြည့်ကြစို့လို့ ကျွန်တော်ပြောချင်တယ်။

ဒါပေမယ့် အတော်ကို ဆန်းတဲ့အနေအထား ၊ တော်တော်ကိုဆန်းတယ်၊ ဂါးဒီးယန်း ဦးစိန်ဝင်းဆိုတာသိတဲ့အတိုင်း တော်တော်ကို တော်တဲ့ သတင်းထောက်ကြီး နိုင်ငံခြားသတင်းထောက်ကြီးပေါ့၊ သမ္မာကလည်းအလွန်ကိုရင့်နေတဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ ဒီပုဂ္ဂိုလ်ကြီးကနေ ပါတီခေါင်းဆောင် (၃) ယောက်ကိုခေါ်ပြီးတော့ ဘုရားခန်းထဲမှာ ဘရိဖ် (brief) လုပ်တယ်ဆိုတာဘာလဲ သို့မဟုတ် လက်တို့ပြီးပြောစရာရှိတာလောက်ပဲပြောသွားတာလား။ သို့မဟုတ် တစ်ခုခု လမ်းညွှန်ချက်ကိုပြောတာလား၊ ပေးတာလား ဦးစိန်ဝင်းကတော့ အကုန်လုံးနဲ့ ရင်းနှီးတာပဲ၊ သတင်းထောက်ထဲမှ တကယ့် ထိပ်သီးထဲမှာပါတဲ့ပုဂ္ဂိုလ် နဲ့နဲ့စပ်စပ်နဲ့ ဦးနေဝင်းနဲ့ သော်လည်းကောင်း ဒေါက်တာမောင်မောင်နဲ့သော်လည်းကောင်း ၊ ဗိုလ်ချုပ်စိန်လွင်နဲ့သော်လည်းကောင်း၊ ဦးအောင်ကြီးနဲ့သော်လည်းကောင်း၊ ဒေါ်စုနဲ့ သော်လည်းကောင်း၊ အကုန်လုံးဆက်စပ်ရင်းနှီးနေတဲ့ ပုဂ္ဂိုလ်ဆိုတဲ့အခါကျတော့ နောက်ပြီးတော့ ဒီအချိန်မှာ ဘာဖြစ်လို့ ဆန်းဆန်းပြားပြား တွေဆုံရသလဲ။ ပြီးတဲ့အခါ ဦးစိန်ဝင်းကဆက်မနေဘဲနဲ့ ဘာ့ကြောင့် ပြန်သွားရသလဲ။ ဆိုတဲ့အခါကျ

တော့ ပါတီဖွဲ့စည်းရေးထက်တောင်မှ သူပြောတဲ့ စကားဟာပိုပြီးတော့ အရေးကြီးတယ်လို့ပဲ ယူဆရမှာပေါ့။ နို့မဟုတ်ရင် သူလည်းသတင်းထောက်ပဲဗျာ ပါတီဖွဲ့စည်းပြီးရင် ဖွဲ့စည်းပြီးချင်း ပါတီဖွဲ့စည်းရေးကို ဘယ်သူတွေ တက်သလဲဆိုတာ ဒါအကောင်းဆုံးသတင်းပဲ။သူကိုယ်တိုင် ခဏစောင့်ပြီးတော့ ယူသွားရမယ့်ဟာ မယူဘဲနဲ့ ပြန်ထွက်သွားပုံထောက်ရင် သူပြောတဲ့စကားဟာ ပါတီကြီးတစ်ခု ဖွဲ့စည်းတယ်ဆိုတဲ့ သတင်းစကားထက်ပိုပြီးတော့ နဲနဲကြီးကျယ်တယ်လို့ယူဆရမလို ဖြစ်နေတယ်ပေါ့။

## ခမ်းနားထည်ဝါတဲ့ ပါတီကြေညာစာတမ်း

အဲဒါလည်းပြီးလည်းပြီးရော ကျွန်တော်တို့တွေ တန်းပြန်လာပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဧည့်ခန်းပေါ့။ အိမ်ကိုဝင်လိုက်ရင် ဘယ်ဘက်မှာရှိတဲ့ အခန်းပေါ့ သို့မဟုတ်ရင်လည်း လမ်းဘက်က အခန်းပေါ့၊ ကန်ဘက်ကအခန်း မဟုတ်ဘူး၊ လမ်းဘက်ကအခန်း၊ လမ်းဘက်ကအခန်းမှာ ကျွန်တော်တို့ အစည်းအဝေးထိုင်ကြတယ်၊ ချက်ချင်း အစည်းအဝေးထိုင်ကြတာပဲ။ ထိုင်တော့ ဦးအောင်ကြီးရော ဘာရောညာရော ထိုင်ပြီးတော့ အလုပ်လုပ်ကြတယ်၊ အဲဒီ ရက်မှာ ဦးအောင်ကြီးကလည်း ထုံးစံအတိုင်းပဲ။ သူ့လက်ဖက်ရည်ဆိုင်ကနေ မုန့်တွေ ဘာတွေယူလာပြီးတော့ ကျွန်တော်တို့ကို ကျွေးကြတယ်၊ ကျွန်တော်တို့ ကလည်း ထမင်းကဘယ်မှာနေမှန်းမသိဘူး၊ ဘယ်မှာစားရမှန်းမသိဘူး၊ ဆိုတဲ့ အခါကျတော့ သူ့မုန့်လေးကျွေးတာပဲ ကျေးဇူးတင်ရတာပေါ့၊ အဲဒီလိုလုပ်ပြီးတော့ ကျွန်တော်တို့အလုပ်လုပ်ကြတယ်၊ လုပ်တော့ တော်တော်ပင်ပန်းတယ်၊ ပင်ပန်းတယ်ဆိုတာက ဆိုပါတော့ ကျွန်တော်တို့က အခြေခံဥပဒေတို့ဘာတို့ အပြင်ကို ပါတီကြေညာစာတမ်းကြီး တစ်ခုရေးတယ်၊ အဲဒီရေးတာနဲ့ပတ်သက်ပြီးတော့ နောက်မှာ ကျွန်တော်တို့ပါတီ ကြေငြာစာတမ်းထုတ်တယ်၊ သို့သော် ကျွန်တော်တို့ အဖြတ်အတောက်တွေလည်းခံရတယ်။

အဲဒီတော့ ကျွန်တော် ဒီဟာနဲ့ပတ်သက်ပြီးတော့ သိပ်တောင်မပြောချင်တော့ဘူး။ မပြောချင်တော့ဘူး ဆိုတာက ဘာဖြစ်လို့လဲဆိုတော့ ဒီဟာနဲ့ ပတ်သက်ပြီးတော့ အမှတ်တရလည်း သိပ်မရှိဘူး။ သို့သော် ဘယ်လိုပဲပြောပြော ကျွန်တော်တို့ပါတီက ထွက်လာတာက တခမ်းတနားပဲ ထွက်တယ်ဆိုတဲ့အချက် ထဲမှာ ဘာပါသလဲဆိုရင် အဲဒီပါတီကြေငြာစာတမ်းကြီး ရေးထုတ်နိုင်တာကိုက ကျွန်တော်တို့ ပါတီရဲ့လှုခြင်း၊ သို့မဟုတ်ရင်လည်း ခမ်းနားခြင်းထည်ဝါခြင်းဆိုတဲ့

ဟာကိုပြတယ်၊ အဲဒီကြေငြာစာတမ်းမှာ ခေတ်အဆက်ဆက်ပေါ့ဗျာ၊ ဒီမိုကရေစီရေးအတွက် လှုပ်ရှားကြတာ၊ ဒီအာဏာရှင်စနစ်တွေကို ဆန့်ကျင်တဲ့အတွက် ကျောင်းသားလူငယ်တွေ တိုင်းသူပြည်သားတွေ သွေးမြေကျရတာတို့တစ်လျှောက်လုံးပေါ့၊ အဲ့ကြွမှုကြီးတွေ နောက်ဆုံးပိတ် NLD ဖွဲ့စည်းတဲ့အထိပေါ့ ဒါဒီမိုကရေစီအရေးအတွက်ဖွဲ့စည်းတယ်၊ အာဏာရှင်စနစ် မှန်သမျှကို တိုက်ဖျက်ဖို့အတွက် ဖွဲ့စည်းတယ်၊ လူ့အခွင့်အရေးပြည့်ဝဖို့အတွက် ဖွဲ့စည်းတယ်၊ တိုင်းရင်းသားညီညွတ်မှုအတွက် ဖွဲ့စည်းတယ်၊ စသည် ဒီလိုအချက်တွေနဲ့ကို တစ်ခမ်းတစ်နား NLD ကြေငြာစာတမ်းကြီးထုတ်နိုင်တယ်ပေါ့၊ အဲဒါနဲ့အတူပဲ ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၊နောက်ပြီးတော့ကျန်တဲ့ မူဝါဒတွေ ဘာတွေညာတွေ ကျွန်တော်တို့အများကြီးကို လုပ်နိုင်တယ်၊ အစည်းအဝေးလုပ်တာလည်း အလူးအလဲကို လုပ်နေရတာ။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အလံတော်

အလံကိုလုပ်ဖို့ကို ဘယ်သူကနေတာဝန်ခံလုပ်နေသလဲဆိုတော့ အဲဒီအချိန်မှာ ကိုမိုးသူကတာဝန်ခံလုပ်နေတာ၊ ကိုမိုးသူကယ ကျွန်တော်တို့ဆီကိုလာပြီးတော့ပြလိုက်၊ တစ်ခါပြန်သွားပြီးတော့ သူ့ပန်းချီဆရာတွေနဲ့ပေါ့၊ ကိုမြင့်မောင်ကျော်တို့ ကိုမျိုးမြင့်တို့ပါတယ်ပေါ့။ အဲဒီလိုနဲ့ နောက်ဆုံးပိတ်လည်း ကျရော အခုလက်ရှိ နောက်ဆုံးအလံတော်ကို ကျွန်တော်တို့ ရလိုက်တယ်၊ ရပြီးတော့ ပြီးလည်းပြီးရော အလံတော်ကို အဖွင့်ဆိုတာရှိသေးတယ်၊ အရောင်ရဲ့သဘော၊ ကြယ်ရဲ့အဓိပ္ပါယ်၊ ခေါင်းရဲ့အဓိပ္ပါယ်စသည် အဲဒီ အဓိပ္ပါယ်ကတော့ အစည်းအဝေးမှာ ကျွန်တော့်ကို ရေးပါရေးပါဆိုတော့ ကျွန်တော်လည်းရေးချလိုက်တာပဲ၊ ဘာတွေရေးမိမှန်းတောင် အခုပြန်စဉ်းစားတဲ့အခါ သိပ်မမှတ်မိဘူး၊ ပါတီအဖွဲ့အစည်းများ မှတ်ပုံတင်ရုံးတင်တဲ့အခါမှာ ကျွန်တော်တို့အလံရဲ့အဓိပ္ပါယ်အဖွင့်ကို ကျွန်တော်တို့ပေးလိုက်ရတယ်။ အဲဒါနဲ့ ကျွန်တော်မှတ်မိနေတာ၊ အချိန်လည်းမရှိတော့ဘူး၊ ကျွန်တော် ပန်းချီဆရာတွေတောင် ပြန်မမေးနိုင်တော့ဘူး၊ ကျွန်တော့်ဟာ ကျွန်တော်ပဲ အဓိပ္ပါယ်ဖွင့်ပြီးတော့ပေါ့၊ အနီရောင်ရဲ့သဘော၊ ကြယ်ဖြူရဲ့သဘော၊ ခွပ်ဒေါင်းရဲ့သဘောပေါ့၊ ရေးပြီးတော့ ကျွန်တော်ပေးလိုက်တယ်။

## ပါတီအမည် ရွေးချယ်သတ်မှတ်ခြင်း

အဲဒီမှာ ကိစ္စကဘာယ်လိုဖြစ်သလဲဆိုတော့ ကျွန်တော်က ဒီမိုကရေစီအဖွဲ့ချုပ်ဆိုပြီးတော့ပေးဖို့လုပ်တာ နာမည်ကပြီးပြီ။ ကျွန်တော်တို့မှာ သဘောတူပြီးသား၊ ဒီမိုကရေစီအဖွဲ့ချုပ်ဆိုပြီးတော့အဲဒီလိုလုပ်နေတဲ့အချိန်မှာ ၂၇-၂၈-၂၉ အဲဒီသုံးရက်လောက် လုပ်တဲ့နေရာမှာ ပါတီနာမည်ကို ဒီမိုကရေစီအဖွဲ့ချုပ်ဆိုပြီး၊ (၁) ရက်နေ့မှာ ကျွန်တော်တို့က မှတ်ပုံတင်တော့မှာ၊ ၃၀ ရက်နေ့ကျတော့ ကျွန်တော်တို့ အချောသတ်နေပြီ။ အချောသတ်နေတဲ့အချိန်မှာ ကျွန်တော်က သတင်းကဘာရသလဲဆိုတော့ ပါတီအဖွဲ့အစည်းများမှတ်ပုံတင်ရုံးမှာ ဒီမိုကရေစီပါတီဆိုတာ စာရင်းအရင်ပေါက်သွားရော။ အဲဒါကကိုသုဝေတို့ရဲ့ ပါတီဖြစ်နေတယ်။ ဒါကြောင့်မို့ သူတို့ရဲ့ပါတီမှတ်ပုံတင်စာရင်းမှ ကျွန်တော်တို့က နံပါတ် (၂)၊ ဦးသုဝေတို့ရဲ့ ဒီမိုကရေစီပါတီဆိုတာက နံပါတ် (၁)အဲဒီလိုပဲ ဒီမိုကရေစီပါတီဆိုတာ တင်လိုက်ပြီဆိုတာ သတင်းလည်းရလည်းရရော ကျွန်တော်တို့က ဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာ လုပ်ဖို့မကောင်းတော့ဘူး။ ရောကုန်မှာပေါ့၊ အဲဒီတော့ ဘာလုပ်မလဲဆိုတဲ့အခါကျတော့ ထုံးစံအတိုင်းပဲ ဒေါ်စုက နေပြီးတော့ပြောတာ၊ အဲဒါဆိုလို့ရှိရင်လည်း ကျွန်မတို့တွေက league for lational democracy ဆိုပြီးလုပ်တာပေါ့တဲ့။ သူက ဒီအချိန်ထိကို ဗမာစကား၊ ဗမာစာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ကို လွှဲထားသလိုပဲ သို့မဟုတ်ရင် သူကိုယ်တိုင်က သူ့ဟာသူ မကျွမ်းကျင်သေးဘူးလို့ ယူဆသလိုလိုပဲ။ တကယ့်တကယ်ကတော့ ဒီလို မဟုတ်ဘူးပေါ့ဗျာ။ ဆိုပါတော့ ဒေါ်စုရဲ့ လုပ်လေ့ လုပ်ထရှိတဲ့ အတိုင်းပဲ သူများကို တာဝန်လွှဲတဲ့ဟာတွေ တော်တော်များများလုပ်တယ်၊ ယုံယုံကြည်ကြည် တစ်ခါတည်းကိုအပ်လိုက်တာ၊ ပါတီရဲ့နာမည်ကို league for democracy ဆိုတဲ့ အခါကျတော့ အဲ့ဒါကလည်း အင်္ဂလိပ်လိုကတော့ တော်တော်ပြောရ အုံးမယ်၊ ပြောရမယ်ဆိုတာက ဒီလို ဒေါ်စုက league ဆိုတဲ့စကားပေါ့ဗျာ အဖွဲ့ချုပ်ဆိုတဲ့ အဲဒီစကားကို တော်တော်သဘောကျတယ်၊ ဒါကို တော်တော်စွဲတယ်။

ကျွန်တော်တို့ကတော့ အဖွဲ့ချုပ်တို့ ဘာတို့လုပ်တဲ့အခါကျတော့ အဖွဲ့ချုပ်ဆိုတာဘာလဲ ဦးတင်ဦးတို့အဖွဲ့လား ဒါမှမဟုတ်ရင် ဦးအောင်ကြီးတို့လူစုရဲ့အဖွဲ့လား၊ သို့မဟုတ်ရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့အစုအဖွဲ့လား ဘာအဖွဲ့အစည်းရယ်လို့ ဟုတ်တိပတ်တိ ပါတီအဖွဲ့အစည်းများမဟုတ်ဘဲနဲ့ စလာကတည်းက league for lemocracy လုပ်ရတာဟာ အတော်ဝကျတယ်

လို့ ကျွန်တော်တို့ကပြောကြတယ်၊ ဒါပေမယ့်လို့ ဒေါ်စုကမလျှော့ဘူး။ ဒေါ်စုက မလျှော့တဲ့အကြောင်းက သူ့ဖခင် ဗိုလ်ချုပ်အောင်ဆန်း လုပ်သွားတဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးက leagueပေါ့ဗျာ၊ အဲဒီလိုဖြစ်နေတုန်းမှာ ခုနကပြောတဲ့ ဦးသုဝေတို့ရဲ့ ဒီမိုကရေစီပါတီပေါ်နေပြီဆိုတာ သိလည်းသိရော ကျွန်တော်တို့ ဘာလုပ်ရမှန်းမသိတော့ဘူး။ တစ်ခါထပ်ပြီးတော့ ဘယ်သူကနေပြီး လုပ်လိုက်မှန်း မသိဘူး ကျွန်တော်ကမမှတ်မိဘူး။ ဟာဗျာ အဲဒီလိုဆိုရင်တဲ့ league for democracy ရဲ့ရှေ့မှာ national league for democracy ပေါ့ဗျာတဲ့ တစ်ယောက်ကထပြီးတော့ ဗမာလိုဆိုရင်လည်း အမျိုးသားဒီမိုကရေစီပေါ့ဗျာတဲ့၊ အဲဒါလည်း ပြောလိုက်ရော NLDရဲ့ နာမည်ပေါ်လာတာပေါ့။ ကျွန်တော်တို့ ဒါဖြင့် မှတ်ပုံတင်တဲ့အခါကျရင် နာမည်က ဗမာနာမည်က အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၊ အင်္ဂလိပ်လိုကတော့ national league for democracy ဒီအတိုင်း သွားမယ်ပေါ့။

## ပါတီအမည်အပေါ် တုန့်ပြန်ဝေဖန်မှုများ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLDလို့ အမည်ပေးခဲ့တာနဲ့ ပတ်သက်ပြီး မိတ်ဆွေတစ်ယောက်ရဲ့ပြင်းပြင်းထန်ထန်ဝေဖန်မှုကို ခံရခဲ့တယ်။ နေစမ်းပါအုံး ခင်ဗျားတို့ NLD ကဘာကိုပြောတာလဲတဲ့၊ national league for democracy ဆိုတာက နိုင်ငံလုံးဆိုင်ရာပေါ့ဗျာ၊ တစ်မျိုးသားလုံးဆိုင်ရာ ဒီမိုကရေစီအဖွဲ့ချုပ် အဲဒီလို အဓိပ္ပါယ်ဖြစ်ရမယ်တဲ့၊ ခင်ဗျားတို့က အခုဟာက အမျိုးသားဒီမိုကရေစီဆိုတဲ့ အခါကျတော့ nationalကို ခင်ဗျားတို့က အမျိုးသား လို့ ပြန်တယ်၊ ခင်ဗျားတို့ရဲ့ဒီမိုကရေစီဟာ ဥပမာဆိုပါတော့ မော်စီတုန်းတို့ဘာတို့ အဲဒီခေတ်တုန်းကရေးခဲ့ဖူးတဲ့ဟာပေါ့ဗျာ၊ နယူးဒီမိုကရေစီတို့ဘာတို့ဆိုတဲ့ ဒီမိုကရေစီအဆင့်တွေက အများကြီးကိုး၊ ဆိုရှယ်လစ်တွေ ဒီမိုကရေစီတွေဟာ ကွန်မြူနစ်တွေဖွင့်တဲ့စာတွေက အများကြီးဖြစ်နေတဲ့အခါကျတော့ ခင်ဗျားတို့ ပါနေပြီးတော့ ဒီအဖွဲ့ချုပ်နာမည်က ဘယ်လိုကြီးဖြစ်နေတာလဲ ခင်ဗျားတို့ဟာက ဘာကိုပြောတာလဲ တစ်တိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အဖွဲ့ချုပ်လို့ဆိုလိုတာလားဒီ national က ဒါမှမဟုတ်လို့ရှိရင်ဗမာလိုကျတော့ အမျိုးသားဒီမိုကရေစီအဖွဲ့လို့ ဆိုတဲ့ အခါကျတော့ ဒါဟာကွန်မြူနစ်တွေက ပြောလေ့ပြောထရှိတဲ့ အမျိုးသား ဒီမိုကရေစီတို့၊ ဒီမိုကရေစီသစ်တို့စသည်ပေါ့ဗျာ။ ဒီမိုကရေစီကိုအဆင့်ခွဲတဲ့

အနေနဲ့ ခင်ဗျားတို့ကပြောတာလား၊ အင်္ဂလိပ်လိုကတော့ တစ်နိုင်ငံလုံးဆိုင်ရာ အဖွဲ့ချုပ်လို့ သဘောပေါက်တယ်၊ ဗမာလိုကျတော့ ဒီမိုကရေစီကို ဝိဂြိုလ်ပြုတဲ့ အမျိုးသား ဒီမိုကရေစီ ဖြစ်နေတယ်၊ ဟိုဟာကျတော့ ဒီအမျိုးသားအဖွဲ့ချုပ်ပေါ့၊ national league ဒီဘက် ဗမာလိုကျတော့ အမျိုးသားက ဒီမိုကရေစီနဲ့တွဲနေတဲ့ အတွက် အမျိုးသားဒီမိုကရေစီဖြစ်နေတယ်ဆိုပြီးတော့ ကျွန်တော့်တို့ကို တော်တော်ပြောတယ်။

ပြောတဲ့အခါကျတော့ ကျွန်တော်လည်းအမှန်အတိုင်း ပြောရရင်သိပ်ပြီး တော့ မရှင်းတတ်ဘူးပေါ့။ ဒီလိုတွေလျှောက်ပြီးတော့ ပြောနေစရာမလိုပါဘူး။ ကျွန်တော်တို့ ပြောကတည်းကိုက အမျိုးသားဒီမိုကရေစီ နဲ့ဆိုင်လို့ဆိုတာကိုက ကျွန်တော်က ဒီမိုကရေစီဆိုတာကိုက တစ်မျိုးသားလုံးပိုင်တဲ့ ဒီမိုကရေစီအဖွဲ့ ချုပ်ပဲ၊ ကျွန်တော်ကတော့ ယူဆပါတယ်လို့ ခင်ဗျားတို့ ကွန်မြူနစ်တွေ ဘာတွေ ပြောနေတဲ့ ဒီမိုကရေစီအဆင့်ခွဲတဲ့ နယူးဒီမိုကရေစီတို့ ဆိုရှယ်လစ်ဒီမိုကရေစီတို့ နေရှင်နယ် ဒီမိုကရေစီတို့ ကျွန်တော်လုပ်နေတာ မဟုပ်ဘူးဗျ၊ ဒီနေရှင်နယ် ဆိုတာက တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ဟာလို့ အဖွဲ့ချုပ်လို့ဆိုတဲ့သဘောမျိုး အင်္ဂလိပ်လိုက အမှန်ပါလို့ယူဆပါလို့ ကျွန်တော်က တောပြောတောင်ပြောပေါ့။ ပြောနေရတာ။ အဲဒါကျွန်တော်ထင်တယ်၊ အခု democracy အနှစ် (၂၀) လောက်ကြာတဲ့အခါကျတော့လည်း ကျွန်တော့် လာမေးရင်လည်း ကျွန်တော် ဒီအတိုင်းပဲပြောနေရမှာပဲ။ အဲဒါနဲ့ ပတ်သက်လို့ တော်တော်လေး အဖွဲ့ချုပ်တွေရဲ့ နာမည်ပေးတဲ့နေရာမှာ တစ်ခါတလေ အဲဒီလိုဟာလေးဖြစ်တတ်တယ်ဆိုတာ ကျွန်တော်အမှတ်သွားရတယ်။

ဆိုပါတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ လမ်းစဉ်ပါတီဖွဲ့တော့မယ်ဆိုတဲ့အခါတော့ ကောင်းပြီ နာမည်ပေးကြရအောင် ဆိုတော့ ၁၉၆၂ ခုနှစ် ၊ ဧပြီလ ၃၀ ရက်နေ့မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေငြာတာကိုး။ကြေငြာတော့ အဲဒီဟာ မကြေငြာခင်လေးမှာ အစည်းအဝေး လုပ်တယ်တဲ့၊ အစည်းအဝေးလုပ်တဲ့အခါ ကျတော့ အကုန်လုံးနာမည် ပေးမယ် ကြံတော့အမျိုးမျိုးဖြစ်တာပေါ့၊ ဟိုက နာမည်ပေးတစ်ယောက်မကြိုက်၊ နောက်တစ်ယောက်က နာမည်ပေးမကြိုက်၊ အဲဒီလိုဖြစ်နေတုန်းမှာ သူတို့ စစ်တပ်ထဲမှာပေါ့။ ဂွတီး ဂွကျလုပ်တယ်၊ သို့မဟုတ် ရင်လည်း ခပ်ရမ်းရမ်းပေါ့ဗျာ၊ သို့မဟုတ် ရင်လည်း တော်တော်ကို ဟာဟော ဒိုင်းဒိုင်း လုပ်တတ်တဲ့ လူတစ်

ယောက်ရှိတယ်တဲ့။ အဲဒီပုဂ္ဂိုလ်ရဲ့ နာမည်က ဝစ်တာကိုသန်းညွှန့် ဆိုလားဘာလား ရှိတယ်တဲ့၊ အဲဒီပုဂ္ဂိုလ်က အိပ်ကလည်း အိပ်ချင်နေပြီ၊ တစ်ညလုံးလိုလိုကလည်း ဆွေးနွေးဆိုတော့ နာမည်တွေအမျိုးမျိုးပြောကြဆိုကြတဲ့အခါကျတော့ သူကထပြောတယ်တဲ့ ကျွန်တော်တို့လုပ်မယ့်ဆိုရှယ်လစ်က မြန်မာ့နည်း မြန်မာ့ဟန်နဲ့ လုပ်မယ့်ဟာကြတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပေါ့ဗျာလို့ ပြောလိုက်တာနဲ့ ပွဲပြီးသွားရောဆိုတာမျိုးလိုပေါ့။

ပါတီတစ်ခုကို နာမည် ပေးခေါ်နိုးကျရင် ထုံးစံအတိုင်းပေါ့ ကိုယ့်သားသမီးနာမည်ပေးရင်တောင်မှ လင်းမယားတွေ အတော်ခေါင်းချင်းရိုက် အတော်ဆွေးနွေးကြရသလိုပဲ။ ပါတီအဖွဲ့အစည်းများရဲ့ နာမည်မှာလည်း ဒီလိုပဲ ပြောကြဆိုကြ ငြင်းကြခုံကြ၊ ဒါတွေဖြစ်ရတာကိုး၊ ကျွန်တော်တို့ အန်အယ်လ်ဒီ ပါတီရဲ့ နာမည်ပေးမှုနဲ့ ပတ်သက်လို့ကတော့ အင်္ဂလိပ်နဲ့ဗမာနဲ့က သဘောတွေ က မတူသလိုဖြစ်သလို၊ ဒါပေမယ့်လို့ အဲဒီလို ကျွန်တော်တို့ကို ဒီစာလုံး ဝေါဟာရကို လိုက်တဲ့သူကသာ တချို့လူတွေက ကျွန်တော်တို့ကို လက်ညှိုး ထိုးချင်ကြတာကိုး။ အမျိုးသား ဒီမိုကရေစီကို ကိုင်တွယ်တယ်ဆိုတာ သိပ်ကို ကောင်းတာ၊ တော်ကြာ ဒီမိုကရေစီဆိုတာ ဘာဒီမိုကရေစီလည်း အနောက်တိုင်း က ဒီမိုကရေစီလား၊ သို့မဟုတ်ရင်လည်း ဆိုရှယ်လစ်တွေပြောတဲ့ နယူး ဒီမိုကရေစီလား၊ မော်စီတုန်းပြောတဲ့ ဘာဒီမိုကရေစီလား အမျိုးမျိုးဖြစ်နိုင် တယ်ဆိုတဲ့အခါမှာ မင်းတို့ဒီမိုကရေစီ အဖွဲ့ချုပ်ဟာ အမျိုးသားဒီမိုကရေစီကွ ဆိုတဲ့ဟာကို ကိုင်နေရမှာ အမျိုးသားရေးကို အခြေခံမယ့်ဒီမိုကရေစီ၊ အမျိုးသား လက္ခဏာများကို သဘောဆောင်တဲ့အတွက် အလွန်ကောင်းတာပဲဆိုတဲ့အတွက် ချီးမွမ်းတဲ့လူတွေလည်း အများကြီးရှိတယ်၊ တော်တော်ကိုများတယ်။

## ပါတီခေါင်းဆောင်ပိုင်း ရွေးချယ်သတ်မှတ်ဖွဲ့စည်းခဲ့ပုံ

ထားပါတော့ အဲဒီတော့ ကျွန်တော်တို့ တကယ်ပါတီကို ဖွဲ့တဲ့ အခါကျ တော့ ပထမရက်တွေမှာပေါ့ စီအီးစီတစ်ခုပဲ ဖွဲ့ရသေးတယ်၊ ဘယ်လိုဖွဲ့သလဲ ဆိုရင် စီအီးစီမှာ ကျွန်တော်တို့သုံးဖွဲ့ကို အခြေချပြီးတော့ လူ (၃) ယောက်စီပါဖို့ ဦးအောင်ကြီးအိမ်မှာ သွားပြီးတော့ လက်မှတ်ထိုးတဲ့နေ့က (၃) ယောက်စီပဲ ပါတယ်၊ ဒါပေမယ့် (၃)ယောက်နဲ့တော့မဟုတ်ဘူး။ သုံးယောက်ဆိုရင် ကိုးယောက်ပါတီဆိုရင် ကောက်ရိုးဖြစ်မယ်ဆိုတဲ့ ပေဒင်ကိန်းဂဏန်းတွေနဲ့ ဂယက်ရိုက်ခတ်မှုများ ရှိသလားမရှိသလား ကျွန်တော်မသိဘူး၊ နောက်ကျတဲ့

အခါကျတော့ မဟုတ်ဘူး (၄) ယောက်ဖွဲ့မယ်ဆိုပြီးတော့ ကျွန်တော်တို့ရဲ့အဖွဲ့မှာ နာမည်ကျော် ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်ပေါ့ဗျာ၊ သူပါ ပါလာတယ်၊ ပါလာတော့ ဒေါ်စု၊ ကျွန်တော်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင် (၄)ယောက်၊ တစ်ခါ ဦးတင်ဦး ကို့ဘက်က ဦးတင်ဦး၊ ဗိုလ်မှူးကြီးချစ်ခိုင်၊ နောက်တစ်ခါ ဗိုလ်မှူးချုပ်အောင်ရွှေ နောက်တစ်ခါ ဗိုလ်မှူးကြီးမောင်လွင်ပေါ့ (၄) ယောက်ပါလာတယ်၊ နောက် ဦးအောင်ကြီးဘက်ကဆိုရင် ဦးအောင်ကြီး၊ ဗိုလ်မှူးကြီးကြည်ဟန် ပြီးတော့ ဦးကြည်မောင်၊ ဦးကြည်မောင်ပြီးတော့ ဦးဘရွှေ၊ ဦးဘရွှေဆိုတာ မကြာခင်ကမှ အသက် (၉၀)ကျော်မှာဆုံးသွားတဲ့ နိုင်ငံလက်ရွေးစင် ဘောလုံးသမားပေါ့။ နောက် ဗိုလ်မှူးကြီးဟောင်းပေါ့။ ဦးဘရွှေ အဲဒီလေးယောက်စီနဲ့ ဖွဲ့လိုက်ရော။ ဒါနဲ့ စီအီးစီဖြစ်သွားရော။

စီအီးစီဖြစ်သွားတဲ့အချိန်မှာ ကိုမိုးသူ ဘယ်နေရာမှ မပါလာဘူး။ အဲဒါနဲ့ ပတ်သက်လို့ ဖြစ်ပုံကဒီလို၊ ဒေါ်စုက ထပ်ပြီး တော့ကျွန်တော်နဲ့ ကိုမိုးသူကို ခေါ်ပြီးတော့တိုင်ပင်တယ်၊ ကဲ . . ဆရာတို့ ဘယ်လိုလုပ်မလဲ ကျွန်မတို့က စီအီးစီဖွဲ့မယ်၊ ဆရာကအတွင်းရေးမှူးအဖွဲ့မှာပါပါ။ အတွင်းရေးမှူးအဖွဲ့ဆိုတာက ကျွန်တော်က ဒေါ်စုဘက်က အတွင်းရေးမှူး ဗိုလ်ချုပ်တင်ဦးဘက်က ဗိုလ်မှူးကြီးချစ်ခိုင်၊ ဦးအောင်ကြီးဘက်က ဗိုလ်မှူးကြီး ကြည်ဟန်ပေါ့။ (၃)ယောက်ဖွဲ့မယ်၊ ဒါပေမယ့်လို့ ကျွန်မတို့ (၁)ယောက်တိုးပြီးတော့ ဖွဲ့မယ်ဆိုတဲ့အခါကျတော့ တစ်ယောက်တိုးဖွဲ့မယ်ဆိုတော့ သေချာနေပြီပေါ့ နဂိုကတည်းကနောက်တွန်းထားတဲ့သူရှိတယ် ကိုမိုးသူပါနေတယ်၊ သို့သော် ဒေါ်စုက မျှမျှတတဖြစ်စေမယ်၊ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ချင် ယ်၊ ဆရာတို့ ဒီလိုတော့ဖြစ်ချင်တယ်တဲ့၊ ဆရာကလည်းစာပေက၊ ဦးမိုးသူကလည်း စာပေကဆိုတော့ စာပေကလူပဲ (၂) ယောက်ဖြစ်နေရင်တော့မကောင်းဘူးထင်တယ်တဲ့၊ အဲဒီတော့ ကျွန်မတို့ကို တစ်ယောက်ယောက် ရွေးပါဖုံးဆိုတဲ့ အခါကျတော့ ရွေးမယ်ဆိုရင် ကျွန်တော်တို့ သပိတ်ထဲမှာပါလာတဲ့ လူတွေထဲက ကျန်နေတယ်ဆိုရင် ဆိုပါတော့။ မောင်သော်ကရှိမယ်၊ ဒါပေမယ့် စာပေထဲကလူမဖြစ် စေချင်ဘူးဆိုတဲ့ အတွက်ကို ကိုမိုးသူမဖြစ်နိုင်သလိုပဲ ကိုသော်ကလည်းမဖြစ်နိုင်တော့ဘူး၊ တစ်ခါ ဒေါ်မြင့်မြင့်ခင်တို့ဘက်ကနေ ကြည့်မယ်ဆိုလို့ရှိရင်လည်း ဦးကိုယုရှိတယ် ဦးကိုယုကိုထည့်မလား၊ အဲဒီလိုဆိုရင်လည်း ရှေ့နေနှစ်ယောက် ဖြစ်နေတော့မယ်၊ ဒေါ်မြင့်မြင့်ခင်က ပါနေပြီကိုး၊ အလားတူပဲ ဦးထွန်းတင်နဲ့ မှူးဦးတင်ရွှေကလည်း ဒေါ်မြင့်မြင့်ခင် ရှေ့နေတစ်ယောက်အနေနဲ့ စီအီးစီမှာ ပါပြီးသားဖြစ်တဲ့အတွက်

ပါနေတဲ့အတွက် သူ့ကိုလည်းရွေးလို့မဖြစ်ဘူး။

**ရုပ်ရှင်မင်းသားကိုအောင်လွင် စီအီးစီဖြစ်လာပုံ**

အဲဒီလိုဆိုရင် ဆရာဝန်တွေရွေးမလား ၊ ဒေါက်တာတင်မျိုးဝင်းနဲ့ ဒေါက်တာသက်မင်းကို ရွေးမလားဆိုတဲ့ အခါကျတော့ စဉ်းစားကြပြီးတော့ အဲဒီမှာ ကိုမိုးသူက တိုက်တွန်းတာ ကဲ. . . ဗျာ ဒီလိုလုပ်ပါ ကျွန်တော်တို့ကို မထည့်ချင်လည်းနေပါတော့၊ ကိုအောင်လွင်ကို ကျွန်တော်အဆိုပြုချင်တယ်၊ ကိုအောင်လွင်ဟာ ကျွန်တော်နဲ့လည်း အတော်ခင်မင်တဲ့ သူငယ်ချင်းလည်းဖြစ်ပါတယ်တဲ့။ ကိုအောင်လွင်ဟာ အလွန်လည်းရိုးသားတယ်၊ အလုပ်လည်းလုပ်တယ်၊ တိုင်းရင်းသားတစ်ဦးလည်းဖြစ်တယ်၊ ဘာညာပေါ့၊ ကိုမိုးသူကတော့ စကားကပြောတတ်တယ်၊ မန္တလေးသားလည်းဖြစ်တော့ စကားပြောတာ ဝေနေအောင်ပြောတာပေါ့။ သူအပြောကောင်းလို့ပဲလား၊ သို့မဟုတ်ရင်လည်း ဒေါ်စုရဲ့ချိန်ဆမှုတွေနဲ့ပဲ သွားကိုက်ညီလို့လားမသိဘူး၊ ကဲ ဒါဖြင့်ရင်လည်း ဦးအောင်လွင်ထည့်ကွာ ဆိုတော့ အဲဒီမှာ ဦးအောင်လွင်ကနေပြီးတော့ ရုပ်ရှင်မင်းသားထည်းကနေပါလာတယ်၊ ကျွန်တော်က ကိုမိုးသူနဲ့ ကျွန်တော်နဲ့ကလည်း တစ်ဖွဲ့သားပေါ့။ ကျွန်တော်ကတော့ အမှန်အတိုင်းပြောရရင် ရုပ်ရှင်မင်းသားတို့ ဘာတို့ဟာ မျိုးတွေ သိပ်ပြီးတော့ ပတ်ဘလစ်ဖစ်ဂါ (Public Figure) ဖြစ်လွန်းတဲ့ လူတွေကို ကျွန်တော်တို့က စီအီးစီမှာမထည့်ချင်ဘူး။ ရုပ်ရှင်မင်းသားဦးအောင်လွင်ကို ဗဟိုအလုပ်အမှု ဆောင်အဖွဲ့မှာ ထည့်သွင်းဖို့ ဦးမိုးသူကအဆိုပြုခဲ့တာဖြစ်တယ်။ ကိုအောင်လွင် ကိုထည့်တာဟာ ရုပ်ရှင်မင်းသားဆိုပြီးထည့်တဲ့အခါကျတော့ နိုင်ငံရေးနဲ့ ရုပ်ရှင်မင်းသားဆိုတာ ကိုက်ရဲ့လား ဘာညာသံသယရှိတယ်၊ သို့သော် ကိုမိုးသူနဲ့ ကျွန်တော်က အတိုက်အခံမပြောချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုမိုးသူကလည်း တော်တော်ကို အားကိုးရတဲ့သူ၊ ကျွန်တော်လည်း ယုံကြည်စိတ်ချရတဲ့လူ၊ ခင်လည်းခင်တဲ့လူ၊ ဒါနဲ့နေလိုက်ရော။ နောက်တစ်ခုက သူ့ရဲ့စွန့်လွှတ်မှုပေါ့၊ သူ့ရဲ့အနစ်နာခံမှု၊ သူ့သူငယ်ချင်းကိုသာတင်တာ၊ သူမလုပ်တော့ပါဘူးပြောတာ။

**စီအီးစီပြီးတော့ စီစီအဖွဲ့**

အဲဒီတော့ ကောင်းပြီ ကိုမိုးသူလိုလူမျိုးတွေဟာ ဘယ်မှာရှိမှာလဲ ဘယ်လိုလုပ်မှာလဲ ဆိုတဲ့အခါကျတော့ အဲ့ဒီမှာဒေါ်စုမေးရတယ် ဘာတွေလုပ်မှာလဲ၊

ဘယ်လိုဖြစ်မှာလဲဆိုတော့ မဟုတ်ဘူးတဲ့ ကျွန်မတို့ စီစီဆိုတာ ဖဟိုကော်မတီဆိုတာ သီးခြားဖွဲ့အုံးမှာတဲ့ ဆိုပြီးတော့ ဖဟိုကော်မတီဖွဲ့မယ့် စာရင်းတွေကို ဆွဲကြရော။ ဆွဲတဲ့အခါကြတော့ ကျွန်တော်တို့ဆီက ကောက်ကက်ဆွဲလိုက်တာ ပြီးသွားရော။ ခုနကပြောသလို ဆရာဝန်တွေတို့ ကျန်ခဲ့တဲ့ မောင်သော်ကတို့ ကျန်ခဲ့တဲ့ကိုယုတို့ ကိုမိုးသူတို့ဆိုတဲ့ လူတွေပါပါလာပြီးတော့ပေါ့၊ ဖဟိုကော်မတီဖြစ်ရော။ ပြီးတာနဲ့ တစ်ပြိုင်နက်တည်း တန်းပြီးဖွဲ့ဖို့လုပ်တယ်ဗျ၊ အဲဒီ နေရာမှာ ကျွန်တော်ပြောချင်တယ်။ ဘာလဲဆိုလို့ရှိရင် ဖဟိုကော်မတီဖွဲ့ဖို့ဆိုပြီး ဒေါ်စု တို့က ခေါင်းဆောင်တွေကာ ဆုံးဖြတ်တာပဲ သို့သော် တိုင်ပင်တာပေါ့ဗျာ၊ ကျွန်တော်ကို မေးတဲ့အခါကျတော့ ဘယ်လိုလုပ်မလဲ ဘယ်သူတွေပါ ပါသင့်တယ် ဘာညာဆိုတဲ့အခါကျတော့ ကျွန်တော်ကအဆိုပြုတဲ့သူရှိတယ်၊ ဥပမာဆိုပါတော့ သခင်တင်မြဆိုပါတော့၊ သခင်တင်မြက ဒေါ်စုနဲ့ တွဲပြီးတော့လုပ်နေတယ်၊ သပိတ်နဲ့ ဒေါ်စုကြားမှာ လေစင်(liaison)လုပ်သလို လုပ်နေတဲ့ပုဂ္ဂိုလ်၊ နောက်နိုင်ငံရေးသမားလည်းဖြစ်တော့ သခင်တင်မြရော ဘယ်လိုလုပ်မှာလဲ ဖဟိုကော်မတီထဲမှာ ထည့်ဖို့လိုမယ်ဆိုတော့ ဒေါ်စုကမထည့်နဲ့တဲ့ ဘာဖြစ်လို့လဲဆိုတော့ နဂိုတည်းကိုက သူကနိုင်ငံရေးဆက်မလုပ်တော့ဘူးဆိုတာ သူ့ရဲ့ စည်းကမ်းနဲ့ကို သူကနဂိုကတည်း ကလုပ်ထားတာတဲ့ သူတော့ပါစရာမလိုဘူးတဲ့။

နောက်တစ်ခါ ကျွန်တော်က ဦးထွေးမြင့်ကို ကျွန်တော်ကပရိုပို့စ် (propose) လုပ်တယ်။ ပရိုပို့လုပ်တော့ ဒေါ်စုက ဘာပြောသလဲဆိုတော့ ဆရာတာဝန်ခံရင် ထည့်ပါတဲ့၊ ထည့်ရမှာပဲ ဘာဖြစ်လို့လဲဆိုတော့ သူလည်းဒေါ်စုနဲ့ တွဲလုပ်တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်က ဦးထွေးမြင့်ကို ဖဟိုကော်မတီမှာ ထည့်ဖို့လုပ်တယ်၊ သို့သော်ဖဟိုကော်မတီမှာ ထည့်လို့မရဘူးဗျ၊ အကြောင်း မညီညွတ်ဘူးပေါ့။ အဲဒီအခါကျတော့ ဦးထွေးမြင့်က ကျွန်တော်တို့ ရန်ကုန်တိုင်းမှာ တိုင်းအရန်အနေနဲ့ထည့်ရတယ်။ ဖဟိုကော်မတီထဲကို ရောက်မလာဘူး၊ ကိုထွေးမြင့်နဲ့ ပတ်သက်တာက ကျွန်တော်လည်းမသိဘူး၊ သို့သော်တစ်ခုခုတော့ အကြောင်းတွေတော့ ရှိရင်ရှိလိမ့်မယ်၊ ဒေါ်စု လုပ်နေတုန်းက သူကတော်တော်ကို ပထမဆုံး ဒေါ်စုကို ပွဲထုတ်တဲ့လူဆိုပါတော့၊ လူတွေက ပြောကြတယ်၊ ဒေါ်စုကို ပွဲထုတ်တာ စာနယ်ဇင်းကောင်စီကလူတွေက ပွဲထုတ်တာ၊ ကျွန်တော်တို့ ကိုမိုးသူတို့ ကိုသော်ကတို့ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စုကို စင်မြင့်ပေါ်တင်တာကလည်း ကျွန်တော်တို့တင်တာပေါ့၊ ပြောကြတာပေါ့၊ ဒါပေမဲ့မဟုတ်ဘူးလေ တကယ့်ကို ဒေါ်စုကိုလူထုနဲ့ စပြီးတော့ မိတ်ဆက်ပေးတာ၊

ဒါမှမဟုတ်ရင် ဒီနိုင်ငံရေးလောကထဲကို ဒေါ်စုကို ဖိတ်ခေါ်တဲ့လူဟာ ကိုထွေးမြင့်ပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ဒေါ်စု ပထမဆုံး အတိုင်ပင်ခံကော်မတီ ဖွဲ့ဖို့တို့ ဘာတို့ဆိုတော့ မဆလအကြံပေးတဲ့စာရေးတာက ဒေါ်စုနဲ့ ပူးတွဲလက်မှတ်ထိုးတဲ့လူက ကိုထွေးမြင့်ဗျ။ ဒါကြောင့်မို့ ကျွန်တော်က ကိုထွေးမြင့်ကို ကမ်းလှမ်းတာ၊ ဒါပေမဲ့ ခုနကပြောသလို ဒေါ်စုကဆရာတာဝန်ခံလို့ ရှိရင် ထည့်ပါလို့ပြောတယ်၊ ဆိုလိုတာက ဒေါ်စုက သူ့ကိုမကန့်ကွက်ဘူး၊ သို့သော် ထောက်ခံပြီးတော့ တင်ပြခြင်းလည်းမရှိဘူးလို့ ယူဆလို့ရတယ်ပေါ့။

ကျွန်တော် ပရိုပို့လုပ်တဲ့ထဲမှာ ဇာဂနာပါတယ်၊ နာမည်ကျော်ကိုသူရပေါ့။ ကိုသူရကို ကျွန်တော်က ပရိုပို့လုပ်ဖူးတယ်၊ ကျွန်တော်အပေါ်မှာ လူကြီးတွေဆီမှာ လုပ်တဲ့အဆင့်မဟုတ်ဘူး၊ ကိုသူရကိုတွေ့ပြီးတော့ ကိုသူရခင်ဗျား ကျွန်တော်တို့ ဆီမှာ မလုပ်ချင်ဘူးလား၊ ကျွန်တော်လူငယ်အားကိုလိုချင်တယ်၊ မင်းကိုနိုင်တို့ ဘာတို့နဲ့ကလည်း ကျွန်တော်တို့ မတွေ့ဆုံဘူးမကြုံဘူးပေါ့၊ ဒဲ့တော့ ကျွန်တော်က ကိုသူရကိုပြောတယ်၊ ခင်ဗျားကျွန်တော်တို့ဆီမှာဝင်မလား၊ ဒါပေမယ့် ဇာဂနာက ငြင်းတယ်။ ကျွန်တော်မလုပ်ပါရစေနဲ့ ဆရာတဲ့၊ ကျွန်တော် နိုင်ငံရေးလည်း လုပ်ချင်စိတ်မရှိဘူး၊ ဘာညာဆိုပြီးငြင်းသွားတယ်၊ နောက်တစ်ယောက် ကျွန်တော်ချဉ်းကပ်ပြီးလုပ်တာက ဦးသာဘန်းပေါ့၊ အခု ခိုင်ဒီမိုကရေစီ ဒုတိယဥက္ကဋ္ဌတို့ ဘာတို့လုပ်နေတဲ့ ဦးသာဘန်းပေါ့၊ ဆိုတော့ ဦးသာဘန်းက ကျွန်တော် နဲ့နှစ်ပေါင်းများစွာလည်း သိလာတယ်၊ ကျွမ်းလာတယ်၊ ဒါတစ်ခုပေါ့ ပုဂ္ဂိုလ်ရေးအရ အလွန်ကို ယုံကြည်စိတ်ချရတယ်၊ အလွန်ကို ခင်မင်စရာကောင်းတယ်၊ အလွန်ကိုအလုပ်လုပ်တဲ့လူဆိုပြီးတော့ ဦးသာဘန်းကို ချဉ်းကပ်တယ်၊ ကိုသာဘန်းကငြင်းတယ်၊ မဟုတ်ဘူးတဲ့ ရခိုင်အမျိုးသားကိစ္စကို လုပ်ရမယ့်ဟာရှိတယ်၊ ခင်ဗျားတို့ နဲ့ပေါင်းလုပ်မယ်တဲ့ ခင်ဗျားတို့နဲ့တတ်နိုင်သမျှ ညီညွတ်မှု တည်ဆောက်မယ်တဲ့။

**ထပ်တိုးလာတဲ့ စီစီများ**

အန်အယ်လ်ဒီခေါင်းဆောင်ပိုင်းမှာပါဝင်ဖို့ အဆိုပြုခဲ့တဲ့ သူတွေထဲမှာ ဦးတင်ထွဋ်နဲ့ ဦးဝင်းခက်တို့လည်း ပါဝင်တယ်။ စစ်အာဏာလည်း သိမ်းလည်း သိမ်းရော ကိုဝင်းခက်က ပျောက်သွားရော၊ ဒါပေမယ့်လို့ ကိုဝင်းခက်က မပျောက်ခင်မှာ ကျွန်တော့်ကို သူပုန်းနေမယ့်နေရာရဲ့ ဖုန်းနံပါတ်၊ ခေါ်တော့ ပေးရတယ်၊ သုဝဏ္ဏဘက်မှာ သွားပုန်းနေတာ၊ ကျွန်တော်ခုနကပြောသလို လူတွေကို

ကိုဇာဂနာ၊ ကိုသာဘန်း၊ နောက်တစ်ယောက်နှစ်ယောက် ကျွန်တော် အော်ဖာ (offer) လုပ်တယ်၊ အဲဒီလူတွေကငြင်းကြတယ်၊ ငြင်းကြတော့ ကျွန်တော်က ကျွန်တော်တို့နဲ့ တွဲလုပ်ခဲ့တဲ့ရဲအော် သပိတ်လှုပ်ရှားမှုကြီး တစ်ခုလုံးမှာ ပါဝင်လှုပ်ရှားခဲ့တဲ့ ကိုဝင်းခက်တော့ ကျွန်တော်တို့ထည့်မှဖြစ်မှာပဲ ဆိုပြီးတော့ အဲဒါနဲ့ ကျွန်တော်လိပ်စာနဲ့ဖုန်းလှမ်းဆက်ပြီးတော့ ကိုဝင်းခက် ခင်ဗျားပုန်းနေလို့မဖြစ်ဘူး၊ အဖွဲ့ချုပ်မှာဝင်ပြီးတော့ တာဝန်ထမ်းဆောင်တာဟာ ခင်ဗျားပုန်းနေတာထက် ပိုကောင်းတဲ့ အကာအကွယ်ဖြစ်လိမ့်မယ်၊ အဲဒီတော့ အဖွဲ့ချုပ်မှာလာလုပ်မလား ဆိုတဲ့အခါကျတော့ သူကစဉ်းစားဦးမယ်တဲ့ စဉ်းစားရင်ပြီး ကျွန်တော်ဖုန်းထပ်ဆက်မယ်ဆိုပြီး ကျွန်တော်ထင်တယ် နောက်လေးငါးခြောက်နာရီအကြာမှာ သူ့ဆီကိုဖုန်းထပ်ဆက်တဲ့ အခါကျတော့ သူကကျွန်တော် လုပ်မယ်တဲ့ အဲဒီလိုဆိုရင်လာခဲ့ ကျွန်တော်ခေါ်လာပြီးတော့ ဒေါ်စုနဲ့တွေ့ ပေးပြီးတော့ သူလည်း အဲဒီမှာစီစီတစ်ယောက်ဖြစ်လာတာပဲ။

ဦးအောင်ကြီးနဲ့ ကွဲလည်းကွဲသွားရော လူတွေကလျော့သွားတဲ့အခါကျတော့ ကျွန်တော်တို့ စီစီတွေ ထပ်တိုးတယ်၊ အဲဒီ အတိုးကာလမှာ ကျွန်တော်လူတစ်ယောက်ကို ကျွန်တော်က အဆိုပြုတယ်၊ ဒီလူကဘယ်သူလဲဆိုတော့ ဦးတင်ထွဋ်၊ ဦးတင်ထွဋ် ဆိုတာက ဒီကွန်မြူနစ်ပါတီတို့နဲ့လည်း လုပ်ခဲ့ဖူးတယ်၊ ရန်ကုန်ခရိုင် ကျောင်းသားခေါင်းဆောင်တို့အနေနဲ့လည်း လုပ်ခဲ့ဖူးတယ်၊ နောက်တက္ကသိုလ်မှာ မော်ကွန်းထိန်းအရာရှိတို့ ဘာတို့ဆိုတဲ့ အတော်အဆင့်မြင့်တဲ့ ရာထူးတွေလည်း လုပ်ခဲ့ဖူးတယ်၊ နောက်ပြီးတော့ နိုင်ငံရေးလောကမှာ ဦးတင်ထွဋ်က လူတကာကို မကူညီတာကိုမရှိဘူး၊ လူတိုင်းကိုကူညီ၊ လူတိုင်းကိုဆောင်မ၊ လူတိုင်းကို တခါတည်းကို ကျေကျေလည်လည်ကို ဆွေးနွေး အဲဒီလိုလူစားမျိုး၊ အဲဒီလူက သခင်တင်မြတို့တွေ ဝိုင်းကူညီနေကြသလိုမျိုးပဲ၊ ဒေါ်စုရဲ့ ဌာနချုပ်မှာ ဝိုင်းကူဖူးတယ်၊ NLDစထောင်ပြီးတော့ ၂လနဲ့ ၂ရက်လောက်မှာ ဦးအောင်ကြီးနဲ့ ကွဲကြတာကိုး၊ အဲဒီလိုကွဲလည်းကွဲရော ကျွန်တော်တို့ စီစီတွေထပ်တိုးတယ်၊ ဆိုပါတော့၊ ဆရာမောင်ဝံသတို့ ကိုအုန်းကြိုင်တို့ ဉပမာဆိုပါတော့ မန္တလေးက ဦးသိန်းတန်တို့ နောက်တစ်ခါ ဦးတင်ထွဋ် ကျွန်တော်က ဦးတင်ထွဋ်ကို ဦးအုန်းကြိုင် ထည့်မယ်ဆိုရင် ဟုတ်ကဲ့ ဒါပဲ ကျွန်တော်တို့ ကိုဝံသကို ပရိုပို့လုပ်တယ်၊ မန္တလေးက ဦးသိန်းတန်ဆိုတဲ့လူကို ပရိုပို့စ်လုပ်တယ်။ ဟုတ်ကဲ့၊ ဒါပေမယ့်လို့ ကိုတင်ထွဋ်ကို ကျွန်တော်က ထည့်ချင်တယ်လို့ပြောတော့ ဒေါ်စုရဲ့တုံ့ပြန်ချက်က ဘာလဲဆိုတော့ ဟာကောင်းတယ်ဆရာ ကောင်းတယ် ကောင်း

တယ် ထောက်ခံတဲ့လူဟာ ကျွန်တော်အမှန်အတိုင်းပြောရလို့ရှိရင် ဒေါ်စု ဦးအောင်ကြီးတို့နဲ့ ဦးတင်ဦးတို့နဲ့တွေ့တဲ့အချိန်မှာ ကျွန်တော် ကိုသော်က လည်းကောင်း၊ ဒေါ်မြင့်မြင့်ခင်ကိုသော်လည်းကောင်း ထောက်ခံတဲ့နေရာမှာ ဘယ်လောက်လိုက်လုံမှုရှိတယ်၊ မရှိတယ် ကျွန်တော်မသိဘူး၊ ဒါပေမယ့်လို့ ခုနပြောသလို ကျန်တဲ့ စီစီတွေနဲ့ပတ်သက်လို့ ဟုတ်ကဲ့ ဟုတ်ကဲ့လို့ သူ့သဘော တူညီချက်ပေးတာနဲ့ ကွန်မင့် (comment)ပေးတာမှအပ ကိုတင်ထွန်း တစ်ယောက်ပဲ ကောင်းတယ် ဆရာကောင်းတယ်ဆရာဆိုပြီး ကောင်းတယ် ၂ခါလောက်မှ ထပ်ပြီးတော့ ပြောဖူးတယ်ဗျ၊ အဲဒါလေးတော့ ကျွန်တော် ပြောချင်တယ်။

**စီအီးစီထဲမပါဖြစ်တဲ့ သခင်ချစ်မောင်**

မှတ်ပုံတင် တဲ့အခါကျတော့ ကျွန်တော်တို့ရဲ့လူစာရင်းတွေ ဘာတွေ ပေးရတယ်ဗျာ၊ အီးစီထဲ မှာပေါ့။ စီအီးစီထဲမှာ အီးစီထဲမှာ အဲဒီတော့ ဦးတင်ဦး တို့အဖွဲ့ဘက်က ဦးတင်ဦးရယ်၊ ဦးအောင်ရွှေရယ်၊ ဦးချစ်ခိုင်ရယ်၊ဦးလွင်ရယ် (၄) ယောက်ရှိတယ်၊ ဒါပေမယ့်လို့ ဦးတင်ဦးတို့အဖွဲ့ ကြိုးစားတာကနော် အံ့ဩစရာကောင်းတယ်။ ဒါဦးတင်ဦးကြောင့်ဖြစ်သလား ဒါမှမဟုတ်ရင် ဦးအောင်ရွှေကြောင့်ဖြစ်သလား၊ သို့မဟုတ်ရင် ဦးချစ်ခိုင်ကြောင့်ဖြစ်သလား ဆိုတာတော့မသိဘူး။ သို့သော် သူတို့က သခင်ချစ်မောင်ကို သူတို့အဖွဲ့ ဒီဦးတင်ဦး ဇာပ်စုထဲကို စီအီးစီအတွက်ကို လျာထားသလိုလုပ်တာ။ လျာထားရင် ခုနက ပြောသလိုဦးချစ်ခိုင်က အတွင်းရေးမှူးဆိုတော့ ဦးတင်ဦးနဲ့ ဦးချစ်ခိုင် ကတော့ ကျိန်းသေပါတယ်။ ဦးအောင်ရွှေနဲ့ ဦးလွင်နှစ်ယောက်ရှိတယ်၊ အကယ်၍သာ သခင်ချစ်မောင်သာ သူတို့စီအီးစီ နေရာကိုလျာထားတာဆိုရင် ဦးလွင် သော်လည်းကောင်း၊ ဦးအောင်ရွှေသော်လည်းကောင်း တစ်ယောက်ယောက်က ပဟိုကော်မတီအဆင့်ကို ဆင်းပေးရမှာပဲလို့ ကျွန်တော်ထင်တယ်၊ ကျွန်တော်တော့ သေချာမသိဘူး၊ ပြောရအုံးမယ်၊ သခင်ချစ်မောင်က အဲဒီနေ့ကို သူ့ကိုအကြောင်း ပြန်မယ်၊ ဦးတင်ဦးက ဘာပြောသလဲဆိုရင် ကျွန်တော် ဒီနေ့မနက်လမ်း လျှောက်ရင်း သခင်ချစ်မောင်နဲ့ လမ်းမှာတွေ့တယ်တဲ့၊ သခင်ချစ်မောင်က ကျွန်တော်ကိုပြောလိုက်တယ်တဲ့၊ ဗိုလ်ချုပ် ကျွန်တော် (၁၀)နာရီ မတိုင်ခင်မှာနော် ကျွန်တော် ခင်ဗျားတို့အဖွဲ့ထဲကို ပူးပေါင်းဖို့အတွက် ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ ကျွန်တော်အဖြေပေးပါ့မယ်ဆိုတာပြောတယ်၊ ဆိုပြီးတော့ ဦးတင်ဦးကစီအီးစီမှာ

ကိုကျင်းပတာနဲ့ တစ်ပြိုင်နက်တည်း အစီရင်ခံတယ်၊ (၁၁) နာရီလောက်လည်း ဘူးရောသခင်ချစ်မောင်ဆီက ဖုန်းဝင်လာတယ်၊ အဲဒီဖုန်းကိုထပြီးတော့ ဦးတင်ဦးပဲ ကိုင်တယ်၊ ပြန်လည်းလာလည်းလာရော သခင်ချစ်မောင်က လာပြောတယ်တဲ့၊ ကျွန်တော်တို့ဆီ မလာနိုင်တော့ဘူး မလာနိုင်တော့ဘူးဆိုတာက သူကတော့ သိမ်းကျုံးပြောတာပေါ့။ တကယ့်တကယ်ကတော့ NLDကို မလာနိုင်တော့ဘူးလို့ ပြောလိုက်တာ၊ ဒါပေမယ့် တကယ်ပြောတာက NLD ကို မလာတော့ဘူးဆိုတာ ချစ်ရဲဘော်များအဖွဲ့ကို မလာတော့ဘူးလို့ပြောလိုက်တယ်၊ ပြီးလည်းပြီးရော သူက သူ့ပါတီသူထောင်လိုက်တာပဲ။

## ပါတီမှတ်ပုံတင်တဲ့နေ့က အတွေ့အကြုံ

သခင်ချစ်မောင်လည်း မလာတော့ဘူးဆိုတော့မှ ကျွန်တော် တို့ထိုင်ပြီး တော့ ဆက်ပြီးတော့ စီအီးစီမှာအသေးစိတ်တွေ ဆွေးနွေးနေတုန်းကို ခုနကပြောတဲ့ ဒီမိုကရေစီပါတီ မှတ်ပုံတင်လိုက်ပြီဆိုတာ ကျွန်တော်တို့ ကြားရ တော့တာပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့လာတော့မယ် ဒေါ်စုတို့ လာပြီးတော့ မှတ်ပုံတင်တော့မယ်ဆိုတော့ သူက နေပါအုံး နေ့လည်ကျမှ လာပါ။ ဒီမှာတော့ ဒီမိုကရေစီပါတီက မှတ်ပုံတင်လိုက်ပြီဆိုတာပါတယ်၊ ကျွန်တော်တို့ရဲ့ league for democracy ဆိုတဲ့စာလုံးမှာ ရှေ့ကနေပြီးတော့ national ဆိုပြီး တိုးသွားတယ်၊ နောက်တစ်ခါ ဒီမိုကရေစီအဖွဲ့ချုပ်ဆိုတဲ့ စာလုံးရှေ့မှာ အမျိုးသားဆိုတာ တိုးသွားတယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆိုတာဖြစ်လာတယ်ပေါ့။ ပြောစရာလေးတစ်ခုကျန်သေးတယ်။ အရေးကြီးလို့ ပြောပါရစေ၊ ဒေါ်စုရယ်၊ ကိုမိုးသူရယ် ကျွန်တော်ရယ်ပေါ့ ညနေ(၂)နာရီလောက်မှာ တန်တော်ကြီး တောင်းမှာရှိတဲ့ ကော်မရှင်ရုံးကိုသွားကြတယ်။ သွားလည်း သွားရော ကျွ န်တော်တို့ ကို တတိယထပ်ကို ခေါ်သွားတယ်၊ တတိယထပ်မှာ ရုံးခန်းကဘာရှိသလဲဆိုတော့ ဦးအေးမောင်ရဲ့ရုံးခန်းရှိတယ်၊ ကော်မရှင်အတွင်းရေးမှူးပေါ့။ ဦးအေးမောင် အခန်းကိုကြွပါဆိုတဲ့အခါကျတော့ ဒေါ်စုရော ကျွန်တော်ရော ကိုမိုးသူရော ဦးအေးမောင်အခန်းကိုသွားတယ်၊ ဦးအေးမောင်က ထိုင်ပါထိုင်ပါ ဆိုပြီးတော့ ဒေါ်စုလည်းထိုင်နိုင်းထားတာပေါ့။ ကျွန်တော်တို့လည်း ထိုင်တယ်၊ ဦးအေးမောင် ကလည်း သူ့အလုပ်သူ ဆက်လုပ်နေတယ်။

ကျွန်တော်တို့က မှတ်ပုံလာတင်တယ်၊ တင်တယ်ဆိုလို့ရှိရင် ကျွန်တော် တို့ကို ချက်ချင်းစီစဉ်ပေးလို့ ဒီမှာလက်မှတ်ထိုးပါ၊ လုပ်ပါ ပြီးရင်လည်း ပြီးပြီ

ပြန်ကြွပါဆိုတော့ ဆိုရင်လည်း ဒါပြီးတယ် အခုတော့ ရုံးခန်းထဲမှာ ဝင်ပြီးတော့ တရားခံများထိုင်သလို ပေါ့ဗျာ၊ ကုလားထိုင်လေးမှာ ဒေါ်စုကလည်း ငုတ်တုတ်၊ ဦးမိုးသူကလည်း ငုတ်တုတ်၊ ကျွန်တော်ကလည်း ငုတ်တုတ်ဆိုတော့ ကျွန်တော့် စိတ်ထဲနည်းနည်းခံပြင်းသွားတယ်ပေါ့။ တစ်ခြားသူဆိုရင်လည်း ပြောဖွယ်မှ ပြောဖွယ်ပေါ့။ ဦးအေးမောင်ဆိုတာကလည်း ကျွန်တော်က ငယ်သူငယ်ချင်း မဟုတ်တောင်မှ တက္ကသိုလ်ရောက်တဲ့ (၂၀)အောက်အရွယ်ကတည်းက ကျွန်တော်တို့ ခင်မင်ခဲ့တဲ့ လူဖြစ်တဲ့အခါကျတော့ ကျွန်တော်က ပြောတယ်၊ ကိုအေးမောင် ခင်ဗျားဘယ်လိုလုပ်တာလဲ၊ ကျွန်တော်တို့က မှတ်ပုံတင်လာလုပ်တာ၊ ခင်ဗျားတို့က ဘာမှလဲမပြောဘူး၊ ဘယ်မှာလက်မှတ်ထိုးရမှန်းလည်းမသိဘူး။ ခင်ဗျားဘာသာ စာရေးနေတော့ ကျွန်တော်တို့က အခုဒီမှာ ကျုပ်တို့ကိုဘာလုပ်ရမှာလဲဆိုတော့ ဒါကျမှ ဦးအေးမောင်ကနေ ဟာ ကိုဝင်းတင်မဟုတ်ဘူးဗျ၊ ခင်ဗျားတို့ကို ဒုတိယထပ်မှာ ဥက္ကဋ္ဌကိုယ်တိုင်တွေ့မှာပါ၊ ဥက္ကဋ္ဌရှေ့ကျမှ လက်မှတ်ထိုးတာတို့ ဘာတို့လုပ်ရမှာ၊ ထားပါတော့။ ကျွန်တော်တို့ အောက်ထပ်၊ ဒုတိယထပ်ကို ပြန်ဆင်းသွားရော။

## ရွေးကောက်ပွဲတော်မရှင်ဥက္ကဋ္ဌ ကိုယ်တိုင်တွေ့

ဒုတိယထပ်မှာရှိတဲ့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအခန်းထဲကို ဒေါ်အောင်ဆန်းစုကြည်၊ ကိုမိုးသူနဲ့ ကျွန်တော်တို့ဝင်သွားတဲ့အခါ ဥက္ကဋ္ဌ ဦးဘငြိမ်းနဲ့ အခြားကော်မရှင်အဖွဲ့ဝင်တစ်ဦးလည်းအတူရှိနေတယ်။ နောက်ပြီးတော့ သူ့သမီးရှိတယ်၊ ဦးဘငြိမ်းရဲ့ပီအေလုပ်ပြီးနေတဲ့ သူ့သမီး၊ အခန်းထဲမှာ ကုလားထိုင်တွေ ၊ဆိုဖာတွေ ဘာတွေနဲ့ ကောင်းကောင်းခင်းလို့ဗျ။ ဦးဘငြိမ်းတို့ (၃) ယောက်ကတစ်ဖက်၊ ကျွန်တော်တို့ ဒီဖက်က(၃)ယောက်က တစ်ဖက်ပေါ့။ ခလယ်ကောင်စားပွဲပေါ်မှာ ငွေဖလားကြီးထဲမှာ ပန်းတွေအများကြီးစိုက်ထားတာ။ တစ်ခါတည်း ဝေဝေဆာဆာတွေပြီးတော့ ဦးဘငြိမ်းကလည်း အလွန်ယဉ်ကျေးသိမ်မွေ့တဲ့ပုဂ္ဂိုလ်။ စကားပြောတာကလည်း အလွန်ကောင်းဆိုတော့ ဒေါ်စုကိုလည်းသမီးသမီးနဲ့ သူတို့အရင်တုန်းကလည်း ရင်းနှီးတဲ့ဟာ ရှိပါလိမ့်မယ်လို့ ထင်တယ်၊ ကျွန်တော်ကတော့မသိဘူး။ သမီးနေကောင်းရဲ့လား ဘာဖြစ်တာလည်း၊ ဒေါ်စုကလည်းပြန်ပြောပေါ့၊ အဲဒါတွေ လုပ်ပြီးတဲ့အခါ ဒါ့အပြင်ကို ဘာလုပ်သလဲဆိုတော့ ကျွန်တော်တို့ကို စားဖွယ်သောက်ဖွယ်တွေကျွေးတယ်။ ကျွန်တော်ထင်တယ်၊ စထရင်း **(Strand)** သို့မဟုတ်ရင် တစ်နေရာရာကနေ

ဟိုတယ်တစ်ခုခုကနေပြီးတော့ ကိတ်တွေ၊ ပေါင်မုန့်တွေ၊ ဆမ်းဒွစ်တွေ ကော်ဖီတို့ ဘာတို့နဲ့ ကျွန်တော့်ကိုဧည့်ခံတယ်။ ဒေါ်စုကတော့ အဲဒီဟာတွေ စားတဲ့သောက်တဲ့ဟာက နဲတော့သိပ်ခံတွင်းမတွေ့ဘူး၊ ကျွန်တော်ကလည်း ညနေပိုင်းကျရင် အစားအသောက်ကနဲတော့ ကော်ဖီလောက်ပဲသောက်တယ်၊ ကိုမိုးသူကတော့ တစွပ်စွပ်အမြဲတမ်း အစားအသောက်စားတတ်တဲ့ သူဆိုတော့ တစ်ခါတည်း လာသမျှ၊ ရှိသမျှ လာသမျှ မုန့်စုံအောင် နှိုက်ပြီးတော့ တစ်ခုပြီးတစ်ခု စားတော့တာပဲ။

## ပါတီမှတ်ပုံတင်ရင် ရွေးကောက်ပွဲဝင်ရမယ်ဆိုတဲ့မူ ဒေါ်စုလက်မခံ

အဲဒီလိုစားနေတုန်းမှာ ဦးဘဌေးက ဘာပြောသလဲဆိုတော့ သမီးတဲ့ ဒီပါတီမှတ်ပုံတင်ရင်တော့ ရွေးကောက်ပွဲဝင်ရမယ်နော်တဲ့ ဆိုပြီးတော့ ပြောလည်း ပြောရော ဒေါ်စုကမျက်နှာ တစ်ခါတည်းရဲခနဲဖြစ်သွားပြီးတော့ ဟာ အန်ကယ် ကလည်းဒါဘယ်ဟုတ်မလဲတဲ့ အန်ကယ်တို့ရွေးကောက်ပွဲက ဘယ်အချိန်လုပ်မယ် ဆိုတာမသိသေးဘူး၊ အခုထိ ရွေးကောက်ပွဲလုပ်မယ်မလုပ်ဘူး ဆိုတာတောင် မသေချာသေးဘူးတဲ့၊ ရွေးကောက်ပွဲ ဥပဒေဆိုတာလည်း ဘာမှန်းတောင်မသိသေး ဘူး၊ အဲဒီမှာကျွန်မတို့က ပါတီမှတ်ပုံတင်တာနဲ့ ရွေးကောက်ပွဲကို ဝင်မယ် ဘာမယ် ကျွန်မတို့ဘယ်လိုပြောနိုင်မှာလဲ၊ ကျွန်မတို့ အဲဒီလိုဆိုရင်တော့ ကျွန်မတို့ မှတ်ပုံမတင်ဘဲနေမယ့်ဟဲ ရှိတော့တာပေါ့တဲ့၊ ဘာမှန်းမသိတဲ့ ရွေးကောက် ပွဲအတွက် ကြိုတင်ပြီးတော့ အာမခံချက်ကျွန်မတို့ ဘယ်ပေး နိုင်မလဲတဲ့၊ အဲ့လိုဆိုလည်း ဆိုရော ဦးဘဌေးကခဏတွေသွားတယ်။ ဒါက ကျွန်တော်ထင်တယ် သူတို့ချထားတဲ့ လိုင်းလည်း ဖြစ်ချင်ဖြစ်မယ်။ သို့မဟုတ်ရင်လည်း ကော်မရှင်ထဲမှာ ချထားတဲ့လိုင်း ပေါ့။ ဒေါ်စုကလည်း ခပ်တည်တည်ပဲ သူကလည်း မုန့်တွေဘာတွေ စားတာမှ မဟုတ်ဘဲကို။ သူကတော့ ခပ်တည်တည်ပဲ ထိုင်ပြီးတော့ ခပ်မာမာပဲ ပြောလိုက် တယ်၊ ကျွန်တော်ကတော့ ကော်ဖီသောက်တယ်ပေါ့၊ ကိုမိုးသူကတော့ ခုနကပြောတဲ့ အတိုင်းပဲမုန့်တွေတစ်ခုပြီး တစ်ခု နှိုက်စားပြီးတော့ ဆိတ်ဝါးသလိုဝါးနေတာပေါ့။ အဲဒီတော့ခဏလေး တန့်သွားပြီးတော့ ဦးဘဌေးက ချက်ချင်းသတိရတယ်၊ သို့မဟုတ်ရင်လည်း ကျွန်တော်ထင်တယ်၊ အထက်အမိန့်မဟုတ်ဘူး၊ တကယ်လို့ ကော်မရှင်ကနေပြီး ပြောမယ်ဆိုမယ်လို့ထင်ထားတဲ့ စကားလုံးမဖြစ်လို့လားမသိဘူး သူကချက်ချင်းပဲပြောင်းပြီးတော့ ဟုတ်ပြီလေ သမီးရယ်ဟုတ်ပါပြီ ဟုတ်ပါပြီတဲ့ အရေးမကြီးပါဘူးတဲ့ နောက်ကျတော့ သမီးတို့လည်း ရွေးကောက်ပွဲဝင်ဖြစ်မှာ

ပါတဲ့။ ကဲ လုပ်ပါလုပ်ပါဆိုပြီးတော့ တစ်ခါတည်း လက်မှတ်တွေထိုးပြီးတော့ ကျွန်တော်တို့သွားထိုးတာက ရုံးခန်းထဲမှာ သွားထိုးတာမဟုတ်ဘူး၊ ဦးဘဌေးက ခုနကပြောတဲ့ သစ်ခွပန်းတွေဘာတွေနဲ့ အလှအပပြင်ထားတဲ့စားပွဲ၊ အဲဒီစားပွဲပေါ်မှာတင်ထားတဲ့ စားကောင်း သောက်ဖွယ်တွေ မုန့်တွေကော်ဖီတွေဘာတွေနဲ့ ညှိခံပြီးတော့မှ ကျွန်တော်တို့ လက်မှတ်ထိုးရတယ်၊ ကျွန်တော်တို့ထိုးတာမဟုတ်ပါဘူး။ ကျွန်တော်တော့ မပါပါဘူး ဒေါ်စုရဲ့ ကိုယ်ရံတော်သဘောမျိုးလိုလိုက်သွားရတာပါပဲ။ဒေါ်စုက ပါတီမှတ်ပုံတင်မှာ လက်မှတ်တွေဘာတွေထိုးပြီးလည်းပြီးရော ကျွန်တော်တို့ ပြန်လာတယ်။ ဒါက ကျွန်တော်တို့ ပါတီမှတ်ပုံတင်ခြင်းရဲ့ မှတ်သားစရာနေ့လေးပေါ့ဗျာ။ ပါတီက အောက်တိုဘာလ (၁)ရက်နေ့မှာ ဂဏန်းစဉ်မှာ ကျွန်တော်တို့က နံပါတ် (၂)အနေနဲ့ မှတ်ပုံတင်ခဲ့တယ်ပေါ့။ ဒါကပါတီ မှတ်ပုံတင်တဲ့အခန်း။

# အခန်း (၁၇)

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ခါစ ပါတီနိုင်ငံရေးလှိုင်းဂယက်များနှ

### ပါတီညီလာခံကျင်းပရေး စီမံချက်စာတမ်း

ကျွန်တော်တို့ အစည်းအဝေးတွေလုပ်ကြတယ်၊ ဥပမာဆိုပါတော့ စီမံကိန်းတွေဆွဲတယ်၊ ညီလာခံစီမံကိန်းဆိုတာကို ကျွန်တော်ဆွဲတယ်၊ ကျွန်တော် ဒေါ်စုကိုတင်ပြတယ်၊ ဒေါ်စုက ခဏနေအုံး၊ ကျွန်မစဉ်းစားအုံးမယ်၊ သူကချောက် ကိုခရီးထွက်တယ်။ ပထမဆုံးအကြိမ် နိုဝင်ဘာလ (၁)ရက်(၂)ရက်ပေါ့။ ကျွန်တော့်ဆီ ဖုန်းပြန်ဆက်တာကတော့ (၃)ရက်နေ့မှာဆက်တယ်။ ညီလာခံ စာတမ်းကို တော်တော်လေးကို အလေးအနက်ထားပြီးတော့ စဉ်းစားပြီးတော့ ဖတ်ပြီးတော့မှ သူကကျွန်တော့်ကို ဂရင်းလိုက် (Green Light) ပေးတယ်၊ သူကအဲဒါကို စီအီးစီ မှာတင်ပါ၊ ဆုံးဖြတ်ပါဆိုပြီးတော့ အဲဒီညီလာခံစာတမ်းက သဘောကဘာလဲဆိုရင် ကျွန်တော်တို့အဖွဲ့အစည်းဟာ ကျွန်တော်တို့ ဘာပဲ ပြောပြော ဒီမိုကရေစီခရီးကိုလျှောက်နေတယ်၊ ဒီမိုကရေစီခရီးကို လျှောက်နေ တယ်ဆိုရင် ကျွန်တော်တို့ ပါတီညီလာခံတို့ ဘာတို့ကျင်းပရမယ်၊ ပါတီ ခေါင်းဆောင်တွေက ကျွန်တော်တို့ဟာ အခုဆို ခေါင်းခေါက်ပြီးတော့ ဒေါ်စုကနေ ဆရာဝင်လုပ်ပါ လုပ်ရမှာပေါ့ ဘာညာပြောတဲ့အတွက် ကျွန်တော်လည်း ပါလာ တယ်ပေါ့။ ကိုမိုးသူကလည်း ကိုမိုးသူဆွဲတင်တဲ့ ဥပမာဆိုပါတော့ ကိုအောင်လွင်

ဆိုလို့ရှိရင် စီအီးစီတောင်ဖြစ်နေသေးတယ်။ ကျွန်တော်တို့က အလွန်အသင်ကြီးတဲ့၊ အလွန်သတ္တိကောင်းတဲ့၊ အလွန်စည်းရုံးရေးကောင်းတယ်လို့ အလွန်အလုပ်လုပ်တယ်လို့ ထင်တဲ့ကိုမိုးသူက ဗဟိုကော်မတီမှာ ဖြစ်နေတယ်၊ စသည်ပေါ့။ လုပ်ငန်းတွေကတော့ ထားလိုက်တော့ အဲဒီလိုဟာတွေမဖြစ်ချင်ဘူး။ ကျွန်တော်တို့ ပါတီဟာ ညီလာခံနဲ့ဘာနဲ့ စနစ်တကျရွေးချယ်တင်မြှောက်မယ်၊ မြို့နယ်မှာဆို မြို့နယ်အလိုက်၊ ကျေးရွာမှာဆို ကျေးရွာအလိုက်အမှုဆောင်အဖွဲ့တွေ ဘယ်လိုဖွဲ့မယ်၊ အရန်အမှုဆောင်တွေ ဘယ်နှစ်ယောက်ရှိမယ်၊ ရွေးချယ်တင်မြှောက်ခြင်းမဟုတ်ဘဲနဲ့ တွယ်ဖက်ထားတဲ့ လူငယ်တွေဘယ်လောက်ပါမယ် အမျိုးသမီးတွေဘယ်လောက်ပါမယ်စသည်ပေါ့။ အဲဒီလိုကနေစပြီးတော့ နောက်ဆုံး ညီလာခံဟိုးထိပ်ဆုံးထိ စီအီးစီကို ဘယ်လိုလုပ်ကြမလဲ၊ ညီလာခံရဲ့ အနေအထားက ဘယ်လိုရှိတယ် စသည်ဖြင့်ပေါ့။ အဲဒါတွေပါတယ်။

## ညီလာခံစာတမ်းကို စီအီးစီကသဘောတူ

ကျွန်တော်ပြောရအုံးမယ်။ အဲဒီညီလာခံလိုင်းက ကျွန်တော်ခုနက ပြောခဲ့သလို နိုဝင်ဘာ (၃)ရက်နေ့မှာ ဒေါ်စုက ချောက်ကနေပြီးတော့ ကျွန်တော့်ကို ဆရာရေအဲဒီညီလာခံလိုင်းကို အစည်းအဝေးမှာတင်ပြပြီးတော့ ဆုံးဖြတ်ပြီးတော့ စာအုပ်ထုတ်တဲ့အထိလုပ်ပါလို့ ပြောလိုက်တယ်။ စာအုပ်ထုတ်တယ်။ ပရင့် (Print) လုပ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ လက်နှိပ်စက်နဲ့ ဘာနဲ့လုပ်ပြီးတော့ ဆာကူလေတာ (circulater) လေးနဲ့လှည့်တာပေါ့။ အဲဒီအချိန်တုန်းကတော့ ဘာပစ္စည်းမှမရှိဘဲကိုး၊ အဲဒီစာတမ်းကို ကျွန်တော်တို့ စာအုပ်တွေဘာတွေ နှိုက်နေတယ်။ ဦးအောင်ကြီးကလည်း ဦးအောင်ကြီးရဲ့လူတွေ ဦးအောင်ကြီးက မရှိဘူး ဦးအောင်ကြီးကတော့ စပြီးတော့ အစည်းအဝေးဖွင့်တဲ့ အချိန်နဲ့ကွဲတဲ့ အချိန်လောက်ကြားထဲပဲ ကျွန်တော်တို့အစည်းအဝေးတွေမှာပါတယ်။ သူက မန္တလေးတက် အနားယူမယ်ဆိုပြီးတော့ ကျွန်တော်ထင်တယ်၊ နှစ်ရက်မြောက်လားမသိဘူး။ အစည်းအဝေး (၂)ခါလောက်ထိုင်တယ်၊ အောင်ကြီး ကိတ်မုန့်ဆိုင်ကနေ ပလာတာတွေဘာတွေ ကျွန်တော်တို့ကိုကျွေးတယ်၊ ပြီးတဲ့အခါကျတော့ အနားယူချင်သေးတယ်ဗျာ ဆိုပြီးတော့ မန္တလေးထွက်သွားပြီးတော့ တစ်ခါတည်းစည်းရုံးရေးတွေ လုပ်သွားတာပဲ။ တောက်လျှောက်ကို အဖွဲ့ဝင် ပုံစံတွေလုပ်သွားပြီးတော့ မြို့နယ်တွေကျရော (၁) သောင်းရှိတယ်၊ (၁)သောင်းကို တစ်ရွက်ကို ၂ကျပ်ကျတယ်၊ ငွေနှစ်သောင်းပေး ကျွန်တော့်ကိုဆိုပြီး၊ ရန်ကုန်ကနေ

သွားတာ မန္တလေးရောက်တဲ့အထိ သူ့ရဲ့စည်းရုံးရေးက အဲဒီလိုအမိန့်ပေးပြီးတော့ သို့မဟုတ်လို့ရှိရင်လည်း မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများကို ကိတ်မုန့်ရောင်းတဲ့ အချိန်တုန်းက ကိတ်မုန့်ရောင်းခိုင်းသလိုမျိုး တစ်ခါတည်း လုပ်ပြီးတော့ ပေးသွားတာ။ ပြီးလည်းပြီးရော အညာရောက်။ အညာရောက်တဲ့အခါမှာ သူ့ရဲ့ ကိတ်မုန့်ဆိုင်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အထက်မြန်မာပြည် ဌာနချုပ် ဆိုပြီး ဆိုင်းဘုတ်တပ်ပြီးတော့ သူကအဲဒီမှာနေတော့တာပဲ။ အစည်းအဝေးတွေ လုပ်နေတော့တာပဲ၊ ထားပါတော့။ အဲဒီလို အနေအထားကိုမရောက်ခင် ညီလာခံ လိုင်းစာတမ်းကို တင်တဲ့အခါကျတော့ ဗိုလ်ချုပ်အောင်ကြီးဘက်က ဦးကြည်ဟန်နဲ့ အတူ ဦးကြည်မောင်ရှိတယ်၊ ဦးဘရွှေရှိတယ်၊ သူတို့ (၄) ယောက်တော့မရှိဘူး ဦးအောင်ကြီးမရှိတဲ့အတွက် (၃)ယောက်။ ကျွန်တော်တို့ဘက်ကတော့ ဒေါ်စုက ခုနကပြောသလို ခြောက်ကိုခနီးထွက်နေတဲ့အတွက် (၃)ယောက် ကျွန်တော်တို့ ကလည်း ကျွန်တော်ရယ်၊ ဒေါ်မြင့်မြင့်ခင်ရယ်၊ ဦးအောင်လွင်ရယ် (၃) ယောက်၊ ဟိုဘက်က ဗိုလ်ချုပ်တင်ဦးဘက်ကတော့ ဗိုလ်ချုပ်တင်ဦးရယ်၊ ဦးချစ်ခိုင်ရယ်၊ ဦးအောင်ရွှေရယ်၊ ဦးလွင်ရယ် (၄) ယောက် စုစုပေါင်း ကျွန်တော်တို့ (၁၀)ယောက် ဆိုပါတော့၊ စီအီးစီထိုင်ကြတယ်၊ ထိုင်တော့ ဒီစာတမ်းကိုတင်တယ်၊ အကုန်လုံး ဖတ်ပြပြီးတော့မှ ဒီစာတမ်းကို ညီလာခံစာတမ်းကို သဘောတူလိုက်တယ်၊ သဘောတူလိုက်တယ်ဆိုတော့ ကျွန်တော်တို့က ပန်းဖလက်ပေါ့ဗျာ၊ ရိုက်ပြီးတော့ စာအုပ်ကလေးတွေ ချုပ်ထားရတယ်။

**သခင်တင်မြနဲ့ အချင်းများခဲ့ရတဲ့ ပါတီညီလာခံကျင်းပရေးကိစ္စ**

အန်အယ်လ်ဒီ ပါတီညီလာခံကြေညာစာတမ်းကို ဗဟိုအလုပ် အမှုဆောင်အဖွဲ့က အတည်ပြုခဲ့ပြီးတဲ့နောက် ဖြန့်ဝေဖို့ မိတ္တူတွေ ရိုက်နှိပ်ခဲ့ ကြတယ်။ ပြန်ကြားရေးဆိုတာ (၆)ပေပတ်လည်လောက်တဲ့လေးပေါ့။ အဲဒီတဲလေး ထဲမှာ ဝါးထရံခင်းထားပြီးတော့ အဲဒီအပေါ်မှာ စာအုပ်တွေပုံထားတယ်။ ဒါက နိုဝင်ဘာလလောက် အဲဒီကကျော်ပြီးတော့ ဗိုလ်အောင်ကြီးနဲ့ ကျွန်တော်တို့ ကွဲသွား တယ်၊ ဒီဇင်ဘာလ (၂)ရက်နေ့မှာပေါ့ နောက်တစ်ခါ ဒီဇင်ဘာလ (၂၇) ရက်နေ့မှာ ဒေါ်ခင်ကြည်ဆုံးတယ်။ နောက်ဒေါ်ခင်ကြည် ဈာပနတွေ ဘာတွေလုပ်ကြပြီးတဲ့ ကာလပေါ့။ အဲဒီကာလမှာ တစ်ရက်မှာ အဲဒီခုနပြောတဲ့ ပြန်ကြားရေးအခန်းလေး ထဲကို သခင်တင်မြက ဝင်လာပြီးတော့ အဲဒီညီလာခံစာတမ်းကိုတွေ့သွားတယ်။ ညီလာခံစာတမ်းကို တွေ့သွားလည်း ပြီးလဲပြီးရော ဒါဘယ်သူလုပ်တာလဲ ဘယ်သူ

လုပ်တာလဲ ဘာညာဆိုတဲ့အခါကျတော့ ကျွန်တော်မရှိဘူး။ အဲဒီနေ့က ကိုမိုးသူတို့ ဘာတို့ကနေပြီးတော့ ရှင်းပြလိုက်တယ်။

မဟုတ်ဘူး ဒါဒေါ်စုနဲ့ စီအီးစီက ချမှတ်လိုက်တဲ့ လိုင်းမို့လို့ ကျွန်တော်တို့ စာအုပ်ထုတ်တာပဲ။ အဲဒီတော့ သူကကျွန်တော်တစ်အုပ်ယူမယ်ဗျာဆိုပြီး ယူသွားတယ်၊ ယူသွားပြီးတော့ ဒီဟာဘယ်သူတင်တာလဲ ဘာညာမေးသွားပုံပေါ် ပါတယ်။ နောက်တစ်နေ့ သူကချိန်းတဲ့အခါကျတော့ ကျွန်တော့်ကို တွေ့ချင်တယ်ဆိုပြီးလာခေါ်တယ်။ ခေါ်တော့ ဘယ်အထဲမှာ လာခေါ်လဲဆိုတော့ ကဒ်ဆက်ရှင် (Card Section) ဆိုတာ မျိုးမြင့်ညိမ်းတို့ကနေပြီးတော့ ဦးစီးပြီးတော့ ပန်းချီဆရာပေါ့။ ကိုမျိုးမြင့်ဆိုတဲ့လူ အဲလူငယ်တွေနဲ့ပေါ့။ မသီတာ (စမ်းချောင်း)တို့ ဘာတို့ အပါအဝင်တစ်ခါတည်း လူငယ် (၃၀)လောက်ပိုင်းပြီးတော့ ကဒ်တွေ ကဒ်တွေ အဖွဲ့ဝင်တွေက များလွန်းအားကြီးလို့ ကဒ်တွေက ခေါင်းမဖော်နိုင်အောင် လုပ်ရတယ်။ အဲဒီကဒ်ဆက်ရှင်က အခန်းပေါ့။ တဲပါပဲ။ အဲဒီမှာ နံရံလေးဘက် ပွင့်နေတဲ့အခန်းမှာပဲ အဲဒီမှာ စားပွဲလေးတစ်လုံးမှာ သူက ကျွန်တော့်ကို လှမ်းပြီးတော့ ဦးဝင်းတင်ကြွပါဆိုပြီး တစ်ယောက်ယောက်ကို ပြောခိုင်းတဲ့အခါကျတော့ ကျွန်တော်လိုက်သွားတယ်။ အဲဒီစားပွဲမှာ ဗိုလ်ရဲထွဋ်တွေ့တယ်၊ သခင်တင်မြ တွေ့တယ်။ သခင်တင်မြက ကျွန်တော့်ကို တွေ့တာနဲ့တစ်ပြိုင်နက်တည်း မျက်နှာ အတန်သားနဲ့နော်။ ဒါကဘာလဲဗျာ။ ဒါကဘာလဲဆိုတော့ ကျွန်တော်ကလည်း နားမလည်နိုင်ဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မဟုတ်ဘူးတဲ့ ဒီစာသားက ခင်ဗျား တင်တာလို့ပြောတယ်တဲ့၊ ခင်ဗျားဘယ်လိုလုပ်တာလဲ ဘာသဘောနဲ့တင်တာလဲ။ ဆိုတော့ ကျွန်တော်က အဲဒီအချိန်ထိ ကောင်းကောင်းမွန်မွန်ပါပဲ။ ဟုတ်တယ်။ ကျွန်တော် ညီလာခံလိုင်း ကျွန်တော်ရေးတယ်။ အစည်းအဝေးမှာတင်တယ်၊ အစည်းအဝေးကဆုံးဖြတ်တာပဲ ဆိုတဲ့အခါကျတော့ ခင်ဗျားဒီလိုလုပ်လို့ရမလားတဲ့ ဒါပါတီကွဲသွားနိုင်တယ်တဲ့။ ဟုတ်လားဆိုပြီးတော့ တစ်ခါတည်း စားပွဲကို လက်သီးထိုး။ ပြီးတော့ မတ်တပ်ရပ်ပြီးပြောတာဗျ။

ကျွန်တော်ကလည်း အသက်ကလည်း အခုနဲ့စာရင်ငယ်သေးတာပေါ့ဗျာ၊ (၆၀)နီးပါးပေါ့။ သူနဲ့တော့ ကျွန်တော်က ဝိုငယ်တာပေါ့။ ကျွန်တော်က သတင်းစာသမား အလွန်ကို လွတ်လွတ်လပ်လပ်နဲ့နေတာ။ ဟုတ်လား ဟိုလူ့ဆရာတင်၊ ဒီလူ့ဆရာတင်ပြီးတော့မှ အဲဆရာကာပြန်ပြီးတော့ နောက်ကျောကနေ ခါးနဲ့ထိုး အပေါ်ကနေ ဖနောင့်နဲ့ ငယ်ထိပ်ပေါက်ဆိုတဲ့ဟာမျိုးတွေ အဲလိုမျိုးတွေ ကျွန်တော်က လုပ်တတ်တာမဟုတ်ဘူး။ ကျွန်တော်က သတင်းစာ

ဆရာ ဒီလိုဝိုလ်ကျတဲ့ဟာမျိုးဆို ကျွန်တော်က နည်းနည်းမှခံတဲ့ကောင်မှ မဟုတ်ဘဲနဲ့ဗျာ၊ နိုင်ငံရေးလုပ်စားနေတဲ့ ကောင်လည်းမဟုတ်ဘူး။ အဲတော့ ကျွန်တော်က ဘယ်ခံနိုင်မလဲ ကျွန်တော်ကလည်း လက်သီးထိုးတာပေါ့။ ဒုန်းဒိုင်းနဲ့ ဖြစ်ကောဗျာ၊ အဲတော့ ကဒ်ဆက်ရှင်က လူတွေလည်း လန့်ကုန်တာပေါ့၊ ဒါပေမယ့် ဗိုလ်ရဲထွန်းကတော့ အလွန်တည်တည်ကြည်ကြည်နဲ့ပဲ ထိုင်ကြည့်နေတယ်။ ဒီအတိုင်းပဲ ဘာမှ ကျွန်တော့်ကိုလည်း ဘာမှမပြောဘူး၊ သူ့ကိုလည်း ဘာမှမပြောဘူး။ ကျွန်တော်က ပြောတယ်၊ ခင်ဗျားဒါဘာဆိုင်လဲ ဒါခင်ဗျား အလုပ်လား၊ ခင်ဗျားက အန်အယ်လ်ဒီပါတီဝင်လား၊ ဒီဟာက စီအီးစီမှာ တင်ပြီးမှ ဆုံးဖြတ်ထားတဲ့ဟာ ဒီ ဆုံးဖြတ်ထားတဲ့ဟာကလည်း အခုမှတောင်မဟုတ်ဘူး။ ဒီဗိုလ်အောင်ကြီး လူတွေရှိတုန်းကတည်းထဲက ဆုံးဖြတ်ထားတာ ဆိုတဲ့အခါကျတော့ သူမပြောနိုင်တော့ဘူး။ အဲဒီ စာတမ်းဟာ လူတချို့ကို ပါတီကနေ ထုတ်ပယ်ပြစ်ဖို့ လျှို့ဝှက်ရေးဆွဲခဲ့တာမဟုတ်တဲ့အတွက် သခင်တင်မြဟာ အဲဒီတုန်းကကျွန်တော့ကို အထင်မှားခဲ့တယ်။

## " ညီလာခံလိုင်းရဲ့အန္တရာယ် " ဆိုတဲ့ သခင်တင်မြရဲ့စာတမ်း

ကျွန်တော်က အောက်ခြေ၊ အောက်ခြေဆိုတာ စည်းရုံးဖို့ဆိုတဲ့ ကိုယ့်အဖွဲ့အစည်းကို ဖွဲ့တဲ့အခါမှာ ဘယ်ပုံစံနဲ့ဖွဲ့မယ်ဆိုတာအတွက် ရည်မှန်းပြီးတော့ ဆွဲတာ အဲဒါကို သူကတစ်ခါတည်း စားပွဲကို လက်သီးတွေ ဘာတွေထိုးပြီးတော့ နင်ပဲငဆပြောတဲ့အခါကျတော့ ကျွန်တော်က ကျွန်တော့်သတင်းစာလောကထဲမှာ ကျွန်တော့်ထက် ဝါရင့်တဲ့ ဆရာတက်တိုးလိုပုဂ္ဂိုလ်မျိုး၊ ဆရာဇဝနလို ပုဂ္ဂိုလ်မျိုး ဦးစိန်ဝင်းလိုပုဂ္ဂိုလ်မျိုးကို ကျွန်တော်ထိုင်ပြီး ရှိခိုးနိုင်သော်ငြားလည်း ကျွန်တော် သူ့ကို သိပ်ပြီးတော့ ရှိသေစရာအကြောင်းလည်းမရှိဘူး။ ရှိသေလောက်အောင်လည်း သူနဲ့ကျွန်တော်နဲ့ ဘာမှဆက်ဆံမှုလည်းမရှိဘူး။ သိလည်းမသိဘူး။ သူနာမည်ကြားဖူးတာရှိတယ်။ ရှင်းရှင်းပြောရရင်တော့ သူရေးတဲ့ စာအုပ်လည်း ကျွန်တော်တို့က အဲဒီအချိန်တုန်းကတော့ ရှင်းရှင်းပြောရရင် ယောက်လုန်းရေး ရေးခိုင်းလို့ ရေးတဲ့စာအုပ်လောက်ပဲ သဘောထားတာကိုး၊ သူဟာသူပဲ သူဟာသူ နာမည်ကျော်ကျော် သူဟာသူ ဘယ်နှစ်ခါပဲပုံနှိပ် ပုံနှိပ် တစ်ခါတည်း နင်ပဲငဆနဲ့ သူက (NLD) အဖွဲ့ဝင်လည်းမဟုတ်ဘူး။ နောက်ပြီးတော့ စီအီးစီက ဆုံးဖြတ်ထားတဲ့ ဒီစာတမ်းကို သူကလက်သီးထိုးတော့ ကျွန်တော်လည်း ဝုန်းဒိုင်းနဲ့ ဖြစ်ကုန်ရော၊ ဘေးကလူတွေကလည်း ဝိုင်းကြည့် ဘာညာတွေ ဖြစ်ကုန်ရော၊

ပြီးသွားရော၊ ပြီးတော့ သူလည်းဘာမှမပြောတော့ဘဲနဲ့ဒေါ်ကြီး မောကြီးနဲ့ စာအုပ်ယူပြီး ထွက်သွားရော။ အဲဒီရှေ့မှာ တံခါးလေးရှိတယ်။ ကဒ်ဆက်ရှင် (card section)ရှေ့မှာ သူက အဲဒီကထွက်သွားတာ။

ဒါပေမယ့် နောက်တစ်နေ့ စီအီးစီလုပ်နေတုန်းမှာ သူက စာတမ်းတစ်စောင်ရေးယူလာတယ်။ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ အန္တရာယ်ပေါ်မှာ။ ဒီ"ညီလာခံလိုင်းရဲ့ အန္တရာယ်" ဆိုပြီးတော့၊ အတွင်းရေးမှူး ဒေါ်အောင်စုကြည်အတွက် တစ်စောင်၊ ဦးတင်ဦးအတွက်တစ်စောင်၊ နောက်ပြီးတော့ ဦးဝင်းတင်ဆိုတဲ့ နာမည်နဲ့ လိပ်တပ်ပြီးတော့ သူကိုယ်တိုင်ဝင်ပြီးတော့ ခွင့်တောင်းပြီးတော့ စီအီးစီဝင်လာပြီးတော့ ပေးပြီးတော့ ဘာမှလည်းမပြောဘူး ထွက်သွားတယ်။ ဒီလိုဟာမျိုးတွေ ကျွန်တော်ကြုံရတယ်ပေါ့။ အော်နိုင်ငံရေးဆိုတာ ဒီလိုပါလား နိုင်ငံရေးဆိုတာ အကြောင်းတွေ အကြောင်းတွေ နောက်ခံတွေ နောက်ခံတွေရှိတာ ကျွန်တော်တို့ သတင်းစာတို့ ဘာတို့ဆိုတာတော့ တစ်နေ့တစ်နေ့ပေါ်လာတဲ့ သတင်းပေါ်မှာတည်ပြီးတော့ တစ်နေ့သာရေးကြ၊ သားကြ၊ ဝေဖန်ကြ၊ အမြစ်တင်ကြ၊ ဟုတ်လား ထိုးကြ၊ နှက်ကြ၊ တိုက်ကြ၊ ခိုက်ကြလုပ်နေလောက်ပဲရှိပါလား။

**ကျွန်တော်သဘောပေါက်သွားတဲ့ နိုင်ငံရေး**

နိုင်ငံရေးဆိုတာတော့ မဟုတ်ဘူး သူ့အကြောင်းတွေရှိတယ်။ သူ့ရဲ့ဂယက်တွေရှိတယ်၊ သူ့ရဲ့ကွင်းဆက်တွေရှိတယ်၊ သူ့ရဲ့ ဒီထိုးကွက်တွေ၊ နိုင်ကွက်တွေရှိပါလားဆိုတာကို ကျွန်တော် ပထမဦးဆုံးအကြိမ်စပြီးတော့ သဘောပေါက်တာပဲ။ ပထမဆုံးနဲ့နောက်ဆုံးပါပဲ။ အခုကျတော့ ကျွန်တော်လည်း အလွန်ကျိုးနွံပါတယ်၊ အလွန်ကိုနှိမ့်နှိမ့်ချချနဲ့ တစ်လျှောက်လုံးလိုလိုပါပဲ ထောင်ထဲထောင်ထဲမို့လို့ အခုအပြင်ရောက်လာလည်း အပြင်ရောက်လာလို့မို့လို့ ကျွန်တော်လုပ်မယ့်ဟာက ငါဘယ်လိုနိုင်ငံရေးလုပ်မလဲ ဆိုလို့ရှိရင် ငါကျိုးကျိုးနွံနွံလုပ်မယ်၊ ဖျော့ဖျော့ပြောင်းပြောင်းလုပ်မယ်ဆိုတဲ့ လုပ်ပုံလုပ်နည်းဟာကို ကိုင်ဆွဲတဲ့အတွက်တော်တော်ကို နှိမ့်နှိမ့်ချချနဲ့လုပ်နေတာ။ အခုပြန်ပြီးတော့ စဉ်းစားတဲ့အခါကျတော့ အော် သခင်တင်မြစားပွဲကို လက်သီးနဲ့ထုပြီးတော့ ကြိမ်းမောင်းသွားတာကို ကျွန်တော်ပြန်ပြီးတော့ မှတ်မိတဲ့အခါကျတော့ ပြန်တောင်စိတ်မကောင်းဖြစ်တယ်။ အော် ငါမှားပါလား၊ ငါဒီလိုမတဲ့ပြန်ကောင်းပါလား၊ သူဟာသူ ဘယ်လိုပဲအမြင်မှားလို့ ဖြစ်တယ်ဆိုရင် ငါရှင်းပြရမှာ ရှိရဲ့သားနဲ့ ငါရှင်းမပြမိလားလို့တောင် ကျွန်တော်က စိတ်ထဲမှာမကောင်းဖြစ်မိတယ်။ ဒါကြောင့်လည်း ကျွန်တော် အခု

သူနဲ့တွေ့တဲ့အခါ ကျွန်တော်သူ့ကို ကောင်းကောင်း မှန်မှန်ပါပဲ။ သို့သော် ကျွန်တော်က အဲဒီကဟာကတော့ အဖြစ်မှန်အတိုင်း ကျွန်တော် ပြောတာပါ။ အငြိုးအတေး အာဃာတဆိုတဲ့ဟာ ဘာမှမရှိဘူးဘဲနဲ့ ကျွန်တော် အဖြစ်ကိုပြန်ပြောပြတာပါ။ ဒါကျော်ပြီးတော့ ပြောတဲ့ဟာ၊ ညီလာခံလိုင်း နိုဝင်ဘာလကိစ္စကို ပြောရာကနေပြီးတော့ သခင်တင်မြ ရောက်တဲ့အထိပေါ့။ ဒေါ်ခင်ကြည် ရှာပနကျော်ပြီးတော့ (၈၉)ဇန်နဝါရီလအထိ ကာလအတွင်းကို ကျွန်တော် ဖြတ်ပြောတာ။ အဲဒီကာလမှာ ပြောစရာ ထူးထူးခြားခြားဆိုလို့ရှိရင် ဘာရှိလဲဆိုရင် ဗိုလ်အောင်ကြီးနဲ့ ကွဲခန်းပေါ့၊ ဗိုလ်အောင်ကြီးနဲ့ ကွဲခန်း။

## ဗိုလ်အောင်ကြီးရဲ့ လွဲမှားတဲ့လုပ်နည်းလုပ်ဟန်တစ်ချို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းပြီးမကြာခင်မှာပဲ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးရဲ့ ပြုမူပုံတွေကို ဝေဖန်တဲ့အသံတွေ ပါတီထဲအတွင်း ကျယ်ကျယ်ပြန့်ပြန့်ပေါ်လာခဲ့တယ်။ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးနဲ့ကွဲခန်းကို ပြောမယ်ဆိုရင် သူကဘယ်လိုလဲဆိုတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့အတိုင်းပဲ အစည်းအဝေးမှာ နှစ်ရက်ထိုင်တယ်။ သူ့အောင်ကြီးကိန်းမှန့်တွေဘာတွေတော့ ကျွေးသွားပါတယ်။ ပြီးတာနဲ့တစ်ပြိုင်နက် သူက အနားယူမယ်ဆိုပြီးတော့ မန္တလေးထွက်သွားတယ်ဆိုပြီးတော့ လမ်းတစ်လျှောက်လုံးလည်း စည်းရုံးရေးလုပ်ငန်းတွေလုပ်သွားတယ်။ သွားပြီးတော့ နေရာကနေပြီးတော့ ဘာမှပြန်လည်း မလာတော့ဘူး။ ပြန်မလာတော့ ဒေါ်စုကခုနပြောခဲ့တဲ့ ချောက်ဘက်ကို ခရီးထွက်တယ် ဆိုတဲ့ဟာက ဗိုလ်အောင်ကြီးသွားတဲ့ နေရာတွေကို လိုက်ပြီးတော့ ဗိုလ်အောင်ကြီးကို သွားတွေ့မယ်၊ တွေ့ပြီးတဲ့အခါကျတော့ ဥက္ကဋ္ဌကြီးပြန်လာပါ။ ပါတီကလည်း ဖွဲ့စည်းကာစပဲဖြစ်တဲ့အခြေအနေ၊ အရေးလည်းကြီးပါတယ်။ ဥက္ကဋ္ဌကြီး မန္တလေးမှာ သွားပြီးတော့ ရုံးခွဲမှာ ရုံးထိုင်သလိုလုပ်နေတာမသင့်ဘဲ ဖြစ်ပါလိမ့်မယ်ဆိုတော့ ချောက်ကနေပြီးတော့ မန္တလေးအထိလိုက်တယ်။ လိုက်တဲ့ အခါကျတော့ ဗိုလ်အောင်ကြီးက မန္တလေးမှာမနေဘဲနဲ့ တောင်ကြီးဘက်ကို သွားတယ်။

အဲတော့ ဒေါ်စုကပြန်လာရတယ်။ ဒါက ဖြစ်ပျက်တဲ့ ပထမဦးဆုံးဇာတ်လမ်းပေါ့၊ နှစ်က ဘာဖြစ်လဲဆိုတော့ ရန်ကုန်တိုင်းရုံးဆိုပြီးတော့ ကျွန်တော်တို့ ပန်းဆိုးတန်းမှာဖွင့်တယ် ဆိုင်းဘုတ်တွေဘာတွေတင်တယ်။ အဲဒါတွေ တင်တယ်လဲကြားလည်းကြားရော ဗိုလ်အောင်ကြီးကနေပြီးတော့ ဟိုကနေလှမ်းပြီးတော့

ပြီးသွားရော၊ ပြီးတော့ သူလည်းဘာမှမပြောတော့ဘဲနဲ့ဒေါ်ကြီး မောကြီးနဲ့ စာအုပ်ယူပြီး ထွက်သွားရော။ အဲဒီရှေ့မှာ တံခါးလေးရှိတယ်။ ကဒ်ဆက်ရှင် (Card Section)ရှေ့မှာ သူက အဲဒီကထွက်သွားတာ။

ဒါပေမယ့် နောက်တစ်နေ့ စီအိုင်းစီလုပ်နေတုန်းမှာ သူက စာတမ်းတစ်စောင်ရေးယူလာတယ်။ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ အန္တရာယ်ပေါ့ဗျာ။ ဒီ "ညီလာခံလိုင်းရဲ့ အန္တရာယ်" ဆိုပြီးတော့၊ အတွင်းရေးမှူး ဒေါ်အောင်စုကြည်အတွက် တစ်စောင်၊ ဦးတင်ဦးအတွက်တစ်စောင်၊ နောက်ပြီးတော့ ဦးဝင်းတင်ဆိုတဲ့ နာမည်နဲ့ လိပ်တပ်ပြီးတော့ သူကိုယ်တိုင်ဝင်ပြီးတော့ ခွင့်တောင်းပြီးတော့ စီအိုင်းစီဝင်လာပြီးတော့ ပေးပြီးတော့ ဘာမှလည်းမပြောဘူး ထွက်သွားတယ်။ ဒီလိုဟာမျိုးတွေ ကျွန်တော်ကြုံရတယ်ပေါ့။ အော်နိုင်ငံရေးဆိုတာ ဒီလိုပါလား နိုင်ငံရေးဆိုတာ အကြောင်းတွေ အကြောင်းတွေ နောက်ခံတွေ နောက်ခံတွေရှိတာ ကျွန်တော်တို့ သတင်းစာတို့ ဘာတို့ဆိုတာတော့ တစ်နေ့တစ်နေ့ပေါ်လာတဲ့ သတင်းပေါ်မှာတည်ပြီးတော့ တစ်နေ့သာရေးကြ၊ သားကြ၊ ဝေဖန်ကြ၊ အပြစ်တင်ကြ၊ ဟုတ်လား ထိုးကြ၊ နက်ကြ၊ တိုက်ကြ၊ ခိုက်ကြလုပ်နေလောက်ပဲရှိပါလား။

## ထောက်လှမ်းရေးလက်ထဲရောက်သွားတဲ့ ကျွန်တော့်ဒိုင်ယာရီ

မုံရွာကနေပြီးတော့ တစ်ခါ ကျွန်တော် ရွှေဘိုဘက်လည်းသွားပါတယ်။ ပြီးတော့တစ်ခါ ကျွန်တော် မိုးကုတ်လည်းသွားပါတယ်။ ပြီးတော့ မန္တလေးတို့ ဘာတို့သွား၊ ဒါပေမယ့် အဲဒီရောက်တုန်းမှာပဲ မိတ္ထီလာကို မသွားနိုင်ခင်မှာ ဒေါ်စုဆီကနေ စာတစ်စောင်ရတယ်။ စာတော်တော်ကိုရှည်တယ်။ အဲဒီစာက ကျွန်တော့်ရဲ့ဒိုင်ယာရီထဲမှာ ကျွန်တော်ထည့်ထားတာ ကျွန်တော့်ကို ဖမ်းသွားတဲ့

အဲဒါကျတော့ ကျွန်တော်ကပြောတယ် ကျွန်တော့် ဒိုင်ယာရီ ရုံးမှာကျန်ရစ်ခဲ့တယ်။ ကျွန်တော့်သူငယ်ချင်းကိုအုန်းထွန်းကိုပြောတယ်။ ကိုအုန်းထွန်းရေ ကျွန်တော့် ဒိုင်ယာရီတော့ ရုံးမှာကျန်ရစ်ခဲ့တယ်။ အဲဒါ ကိုမိုးသူကိုပြောလိုက် အဲဒါတွေ သိမ်းထားပါလို့ ဆိုလိုတာက ကိုအုန်းထွန်းက အပြင်လူဖြစ်တဲ့အတွက် ကျွန်တော့် ဒိုင်ယာရီသိမ်းထားရင် သူ့မှာပြဿနာဖြစ်မှာဆိုးလို့ ကိုမိုးသူကတော့ ဘာဝဲ ပြောပြော ကိုယ်နဲ့အတူတူလုပ်ဖော်ကိုင်ဖက်ဆိုတော့ ကျွန်တော့်ကြောင့် သူဒုက္ခခံ ရတယ်ခေါ် သူ့ကြောင့် ကျွန်တော်ဒုက္ခခံရတယ်ဖြစ်ဖြစ် ဒါအရေးမကြီးဘူးလေး ဆိုပြီးတော့ ကျွန်တော်သူ့ကိုပေးတာ။

ကျွန်တော်မှာကြားခဲ့တဲ့အတိုင်း ကျွန်တော်ရဲ့ ဒိုင်ယာရီမှတ်တမ်းစာအုပ် ကို ကျွန်တော့် မိတ်ဆွေဖြစ်သူကိုအုန်းထွန်းက ကိုမိုးသူထံသွားပေးခဲ့တယ်။ အဲဒါကို သူကဘာလုပ်လဲဆိုတော့ ဟာရတယ် ကျွန်တော်အဆင်ပြေအောင် လုပ်မယ်ဆိုပြီးတော့ အဲဒါကိုယူပြီးတော့ ဒေါ်စုရဲ့ရုံးခန်းထဲကို သွားထားတယ်တဲ့။ ဒီနေရာအလုံခြုံဆုံးနေရာပဲတဲ့။ ခင်ဗျားဒိုင်ယာရီကို ရုံးခန်းထဲမှာ ထားတယ် ဆိုပြီးတော့ ကိုအုန်းထွန်းကိုပြောတယ်။ ဒါပေမယ့် နောက်ကျတော့ ဒေါ်စုရုံးခန်း တွေ ဘာတွေဝင်သိမ်းတဲ့အခါကျတော့ ယောက်လှမ်းရှေဆီကိုလည်း ကျွန်တော့် ဒိုင်ယာရီလည်း ပါသွားတာပေါ့ အဲဒီလိုပါသွားတဲ့အတွက် ကျွန်တော်တို့မှာ ကသောင်းကနင်းတွေပေါ့ ဖြစ်ခဲ့တဲ့ဟာ။ ထားပါတော့ အဲဒါကျော်ပြီးတော့ ပြောတာပါ။ ခုနပြောတဲ့ ဒေါ်စုပေးလိုက်တဲ့ စာကလည်း အဲဒိုင်ယာရီထဲ ပါသွား တယ်ပေါ့။ အဲဒီရေးတဲ့အထဲမှာ ကျွန်တော်ထင်တယ် ခုနပြောတဲ့ ကျွန်တော်တို့ ပါတီရဲ့အကွဲမှတ်တမ်းတောင်ပြောလို့ရတယ်။



4A

ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စုကရေးလိုက်တဲ့အထဲမှာ ကြားကလည်း ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ ဆရာမြန်မြန်ပြန်လာခဲ့ မပြန်လာလို့မဖြစ်ဘူး။ အမြန်ဆုံးပြန်လာပါ။ ဘာဖြစ်လို့လဲဆိုတော့ ပါတီကတော့မရတော့ဘူး။ ဆရာတို့ တစ်သိုက်ကိုလည်း ဘယ်နှစ်ယောက်ဆိုတာ သူမသိလို့မပြောဘူး။ ဆရာတို့ တစ်သိုက်ကိုလည်း ကွန်မြူနစ်တွေဆိုပြီးတော့ စွပ်စွဲပြီးတော့ ပါတီမှာ စွဲချက်တင်ဖို့ လုပ်နေပြီ။ ကျွန်မလည်း သူ့အိမ်မှာသွားပြီးတော့ ဆွေးနွေးဖို့လုပ်တယ်။ ဒါပေမယ့် သူကကျွန်မကို အိမ်ထဲကနေနှင်ထုတ်တယ်၊ ဘာညာဆိုတဲ့ အချက်တွေပါတယ်။ အဲစာက ဒေါ်စုလက်ရေးနဲ့ စာလုံးကြီးကြီးလက်ရေးနဲ့ ကျွန်တော်က အဲဒါကို စာကို အစောင်လိုက်စာကို ကျွန်တော့် ဗိုင်ယာရိုထဲ ထည့်ထားတာ။ ကိုမိုးသူရဲ့ကောင်းမှုနဲ့ ထောက်လှမ်းရေးတွေလက်ထဲကို ရောက်သွားရောဗျာ၊ ထားပါတော့။

အဲဒီမှာ ကျွန်တော်ပြန်လာတယ်၊ ကျွန်တော်အဲဒီသွားတဲ့နေရာတွေ ဖြတ်ပြောလိုက်ဦးမယ်။ ကျွန်တော်မိုးကုတ်သွားတဲ့အခါကျတော့ အဲဒီမှာ ဘိုလှတင့် ဆိုတာ အခုဒီအန်စီဂျီယူဘီ (NCGUB)မှာ နိုင်ငံခြားရေးဝန်ကြီး လားဘာလား လုပ်နေတဲ့ပုဂ္ဂိုလ်ပေါ့ အဲတော့ ဘိုလှတင့်က ခပ်ငယ်ငယ်၊ ဘိုလှတင့် က အဲအချိန်တုန်းက တော်တော်ကို ထက်ထက်သန်သန်နဲ့ ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း စကားတွေပြောတတ်တဲ့လူဆိုတာ ကျွန်တော်သတိထား မိတယ်။

## ဗိုလ်အောင်ကြီးရဲ့ စွပ်စွဲချက်

ထားပါတော့ အဲဒီလိုနဲ့ ကျွန်တော်ထင်တယ် ဒီဇင်ဘာလ (၁)ရက်နေ့ ညနေမှာ ကျွန်တော်ရန်ကုန်ပြန်ရောက်၊ (၂)ရက်နေ့လည်းကျရော စီအီးစီ ခေါ်တယ်။ စီအီးစီခေါ်ပြီးတော့ စီအီးစီမှာ တန်းပြီးတော့ ဦးအောင်ကြီးကနေပြီး တော့ ကျွန်တော်တို့ပါတီကို စွဲချက်တင်မယ်။ ဒီလူတွေဟာ ကွန်မြူနစ်တွေ ကွန်မြူနစ်မဟုတ်ဘူး။ ဘာခေါ်မလဲ ယူဂျီ(UG)ဗျာ။ အဲစကားထဲမှာတောင် သူ က ဖိုဂျီဆိုတာတောင်ပါသေးတယ်။ အိုဗာဂရောင်း (over ground) လို့ပဲ အသုံး အနှုန်းပေါ့ ကျွန်တော်ကတော့ သိပ်မကြားဖူးတဲ့ အင်္ဂလိပ်စကားလုံးပေါ့။ အဲတော့ ယူဂျီတွေ၊ ဖိုဂျီတွေလုပ်နေကြတယ်။ ဒီလိုလုပ်တဲ့ သူတွေဟာ ပါတီပျက်မယ့် သဘောမျိုးဖြစ်နေတယ်။ ဒါကြောင့် ဒီလူတွေကို အရေးယူရမယ်။ ပါတီ ကနေပြီးတော့ ထုတ်ပယ်ပစ်ရမယ် ဆိုတဲ့ဟာကို သူကတင်တယ်၊ ပြောတော့

ကျွန်တော်တို့နားလည်ထားတာက ဒေါ်စုက အဲဒီအစည်းအဝေး မတိုင်ခင်မှာ ကျွန်တော့်ကိုပြောတာက ဆရာဗိုလ်အောင်ကြီးကတော့ ဒီပါတီမှာ စွဲချက်တင်ဖို့ စီစီဒေါ်ဖို့တောင်းဆိုတဲ့ဟာ ဒီမှာတင်လိမ့်မယ်။ တင်တဲ့အခါမှာ ဆရာ ဘာမှ မပြောပါနဲ့၊ စိတ်လည်းမတိုပါနဲ့၊ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပြောမယ့်ဟာက ဦးကြည်မောင်ကပြောလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦးကြည်မောင်ဟာ ဗိုလ်အောင်ကြီးကို မထောက်ခံတော့ဘူး။ အဲတော့ ကျွန်မတို့နဲ့ အတူနေခဲ့လိမ့်မယ်။ ကျွန်မတို့ကို ထောက်ခံမယ်လို့ပြောတာ မဟုတ်ဘူးနော်။ ကျွန်မတို့ စီအီးစီထဲမှာနေခဲ့လိမ့်မယ်။ အဲတော့ ကျွန်မတို့ကလည်း သူ့ကိုဝဲလ်ကမ်း (welcome) လုပ်ပြီးတော့ ဒီအတိုင်းပဲထားရမယ်။ ကျွန်မတို့ သူ့ကိုဘာမှ အရေးယူခြင်းတို့ ဘာတို့မရှိဘူး။ ဒီသဘောထားရှိတယ်ဆိုတာ ကျွန်တော့်ကိုပြောတယ်၊ ကျွန်တော်ကဟုတ်ပါပြီ။ ပြီးရောဆိုပြီးတော့ ကျွန်တော်နေတာပေါ့။

အဲတော့ အစည်းအဝေးစတာနဲ့တစ်ပြိုင်တည်း ဗိုလ်အောင်ကြီးက ဒီအစည်းအဝေးမှာ ကျွန်တော် စီအီးစီမှာတင်ပြပါတယ်။ ဒုတ်လား၊ စီစီ ဒေါ်ဖို့ ကျွန်တော်တောင်းဆိုပါတယ်။ စီစီမှာဒီပါတီထဲမှာ လုပ်ကိုင်နေတဲ့ ဒေါ်မြင့်မြင့်ခင်၊ ဦးဝင်းတင်နဲ့ အခြားခြားသောပုဂ္ဂိုလ်များပေါ့၊ သူပြောတာ အားလုံးပေါင်း (၈)ယောက်၊ အဲဒီထဲမှာ ဘယ်သူပါလဲဆိုတော့ ကိုမိုးသူပါတယ်၊ ကိုတင်ရွှေပါတယ်၊ ကိုထွန်းတင်ပါတယ်၊ အဲတော့ အစည်းအဝေးဖွင့်တာနဲ့တစ်ပြိုင်တည်း ဦးအောင်ကြီးက ဘာပြောလဲဆိုလို့ရှိရင် ဒီလူတွေဟာ အိုင်ဂျီ၊ ယူဂျီတွေလုပ်နေတဲ့ဟာတွေဖြစ်တယ်။ ပါတီရဲ့ပျက်စီးရာ ပျက်စီးကြောင်းဖြစ်ဖို့ လုပ်နေသူတွေ ဒါကြောင့် ဒီပုဂ္ဂိုလ်များကိုအရေးယူရမယ်။ ဒါကိုစီစီမှာတင်ပြပြီးတော့ ဆုံးဖြတ်ကြပါ ဆိုပြီးတော့ပြောတယ်။

## စီအီးစီအစည်းဝေးမှာ အပြန်အလှန်အဆိုတင်

(၁၉၈၈)ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စီအီးစီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေး စစချင်းမှာပဲ ဗိုလ်အောင်ကြီးက ကျွန်တော်အပါအဝင် ဗဟိုကော်မတီဝင် (၈) ဦးကို ပါတီပျက်စီးအောင် လုပ်ဆောင်မှုနဲ့ဗဟို ကော်မတီမှာ တင်ပြပြီး အရေးယူဖို့ပြောတယ်။

ပြောတဲ့အခါကျတော့ ဒီအစည်းအဝေးက ဒီအတွက်ပဲလုပ်တဲ့အစည်းအဝေးဆိုတဲ့ အခါကျတော့ တခြားအာဂျင်ဒါ (agenda)လည်းမရှိဘူး။ အဲတော့

ကျွန်တော်ထိုင်ကြည့်နေတာပေါ့။ ဒေါ်စုက ကျွန်တော့်ကိုပြောထားတာကိုး ဘာမှ မပြောပါနဲ့လို့ ပြောတဲ့အခါကျတော့ ကျွန်တော်ဒီအတိုင်း ထိုင်ကြည့်နေတာပေါ့။ ကြည့်နေတော့ ဦးကြည်မောင်ကိုကြည့်လိုက်တဲ့အခါကျတော့ ဦးကြည်မောင်က ခပ်ပြုံးပြုံးပဲဗျာ၊ ပြုံးပြုံးလေးပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဦးကြည်မောင်က ဦးအောင်ကြီးရဲ့အဖွဲ့မှာဆိုလို့ရှိရင် ဦးအောင်ကြီးပြီးရင် အတွင်းရေးမှူး အဖွဲ့ဝင် အပါအဝင်ဖြစ်တဲ့ ဗိုလ်မှူးကြီးကြည်ဟန်က သူ့ရဲ့ဒုတိယလူပေါ့။ ဦးကြည်မောင်က တတိယလူ ဦးဘရွှေကစတုတ္ထလူ။ ဆိုတော့ ဦးကြည်မောင်ကို လှည့်ကြည့်လိုက်တဲ့အခါကျတော့ ဒီအတိုင်းငြိမ်နေတော့ ကျွန်တော်ကဝင်ကျနေပြီ။ ကျွန်တော်က ဘယ်လိုတွက်လဲဆိုတော့ အကယ်၍သာ ကျွန်တော်က ဒီအစည်းအဝေးကို ပြီးပြီလို့ ဥက္ကဋ္ဌကပြောလိုက်ရင် ဒါ အစည်းအဝေးကပြီးသွားပြီဗျာ၊ ပြီးရင် ကျွန်တော်ကတရားခံသက်သက်နဲ့ပြေးရမယ်၊ အဲတော့ ကျွန်တော်က ပြန်လှန်ပြီးတော့ ဒီစီအီးစီမှာကို ကျွန်တော်ကသူ့ကို ပြန်တဲ့ ပြန်ချက်ရှိဖို့ ကောင်းတယ်လို့ ကျွန်တော်ကဆုံးဖြတ်လိုက်တယ်၊ ဆုံးဖြတ်လိုက်တော့ ဦးကြည်မောင်ဆီ တစ်ခုခုများထွက်လာမလား ကြည့်တဲ့အခါကျတော့ ဦးကြည်မောင်က ဘာမှ မပြောဘူး။

အဲတော့ ကျွန်တော့်စိတ်ထဲမှာ ဒိုးရိမ်သွားတယ်။ ဒေါ်စုက ကျွန်တော့်ကို ဘာမှမပြောပါနဲ့လို့ တားထားပေမယ့်လို့ အကယ်လို့များ ဦးအောင်ကြီးက အစည်းဝေးကိုရုပ်သိမ်းလိုက်ရင် ကျွန်တော်တို့ဟာ အစွပ်စွဲခံတဲ့ တရားခံများအနေနဲ့ ကျွန်တော်ကစီစီကို ဗဟိုကော်မတီကို သွားရတော့မယ် အဲဒီအခါကျ ကျွန်တော်က တန်ပြန်စွပ်စွဲချက် ကျွန်တော့်မှာရှိမှသာ၊ သို့မဟုတ် တန်ပြန်အဆိုပြုချက် တစ်ခုခုရှိမှသာ၊ သူလဲတရားခံ ကိုယ်လည်းတရားခံ၊ သို့မဟုတ်လို့ရှိရင် သူလည်း အစစ်ဆေးခံရမယ့်သူ၊ ကိုယ်လည်း အစစ်ဆေးခံမယ့်လူအနေနဲ့ ဗဟိုကော်မတီကို သွားမယ်။ ဆိုပြီးတော့ ကျွန်တော်က အဲဒီလိုတွက်တယ်။ တွက်တဲ့ခါကျတော့ ကျွန်တော်က ဒေါ်စုပြောတဲ့စကားကို မေ့ထားလိုက်ပြီးတော့ ကျွန်တော်က စကားစပြောတယ်၊ ကျွန်တော် စကားလုံးတော့ အတိအကျ မသိတော့ဘူးပေါ့။ ကျွန်တော်တို့ကို ဒီလိုစွပ်စွဲတာနဲ့ပတ်သက်ပြီးတော့ ဒါ ဥက္ကဋ္ဌဟာ မလုပ်ထိုက် မလုပ်သင့်တဲ့ဟာ လုပ်နေတယ်၊ အဲဒီတော့ ဥက္ကဋ္ဌဟာလည်း တစ်ကယ့်တကယ်တော့ ဒီလိုဟာမျိုးမလုပ်သင့်ဘူး။ ဒါကို ဥက္ကဋ္ဌမှာလည်းတာဝန်ရှိပါတယ်။ အဲတော့ ဒီဟာမှာ ဗဟိုကော်မတီကိုသွားဖို့ ကျွန်တော်သဘောတူတယ်၊ ဗဟိုကော်မတီကျ လည်း ကျွန်တော်တို့ကို စွပ်စွဲချက်တွေကို ကျွန်တော်တို့ကြားနာဖို့ သို့မဟုတ်လည်း

ပြန်ပြီးတော့ဖြေရှင်းဖို့ ကျွန်တော်တို့ သဘောတူပါတယ်။ အဲတော့ အဲဒါတွေ လုပ်ပြီးတဲ့အခါမှာ ကျွန်တော်တို့အပြစ်ရှိရင် ကျွန်တော်တို့ကို ထုတ်ပစ်ပါ။ သို့မဟုတ်လို့ရှိရင်လည်း ဗဟိုကော်မတီမှာ မဲခွဲတဲ့အခါမှာ ကျွန်တော်တို့ဆီမှာ အပြစ်မရှိဘဲနဲ့ ဥက္ကဋ္ဌမှာအပြစ်ရှိရင်လည်း စွပ်စွဲသူဥက္ကဋ္ဌကို ထုတ်ပစ်ပါ ဆိုပြီးတော့ ကျွန်တော်ပြောတယ်၊ အဲလောက်ပဲ တိုတိုလေးပဲပြောရတယ်။ ဒေါ်စုက ကျွန်တော်ကို လှမ်းကြည့်တဲ့အခါကျတော့ ကျွန်တော်လည်း တော်လောက်ပြီလို့ ဆိုပြီးတော့ ကျွန်တော်က ရပ်ပလိုက်ရောဗျာ။

## ဦးကြည်မောင်ရဲ့အဆို

ရပ်လိုက်တော့မှ အဲဒီအချိန်ကျမှ ဦးကြည်မောင်က ပြုံးပြုံးနဲ့သူ့ အိတ်ထဲကနေစာအိတ်ကလေးထုတ်တယ်၊ စာရွက်ကလေးထုတ်ပြီးတော့ဖတ်တယ်။ ဖတ်တဲ့အခါမှာ သူ့ရဲ့စကားလုံး အသုံးအနှုန်းလေးကလည်းကောင်းလို့တောင်မှ ကျွန်တော်ခဏခဏယူသုံးနေတယ်။

ဒီ မ. ဆ. လ အစိုးရဟာတဲ့ နိုင်ငံရေးသားကြောကို ဖြတ်နေတဲ့အချိန် ဒီအချိန်အခါမျိုးမှာ လွတ်ပြီလို့ထင်တဲ့အချိန် အခု ဒီမိုကရေစီခေါင်းဆောင်မှုတွေ၊ ခေါင်းဆောင်သစ်တွေ ပေါ်ပေါက်လာဖို့အားပျိုးနေတဲ့အချိန်မှာမှ ဥက္ကဋ္ဌလုပ်တဲ့ ဦးအောင်ကြီးဟာ ဒီလိုစွဲချက်တွေ တင်မယ်ဆိုတာ နိုင်ငံရေးသားကြောဖြတ်တာနဲ့အတူတူပါပဲတဲ့။ အဲဒါကြောင့် အစွပ်စွဲခံထားရတဲ့သူတွေမှားရင် သို့မဟုတ်ရင်လည်း စွပ်စွဲတဲ့သူမှားရင် ဘယ်သူမှားမှား အနားယူပါဆိုတဲ့ဟာကို သူက အဆိုပြုတယ်။ အဲ သူဟာကတော့ လက်ရေးနဲ့ရေးထားတဲ့စာသား သူ့ရဲ့လိုင်းက အနားယူရေးလိုင်း ဥက္ကဋ္ဌသော်လည်းကောင်း၊ ကျွန်တော်တို့သော်လည်းကောင်း ပါတီကအနားယူရမယ်။ ကျွန်တော့်ရဲ့လိုင်းက ဥက္ကဋ္ဌသော်လည်းကောင်း၊ ကျွန်တော်တို့သော်လည်းကောင်း ပါတီကနေပြီးတော့ အပြစ်ရှိသူ ထုတ်ပစ်ရမယ်၊ သို့သော် လိုင်းနှစ်လိုင်းဖြစ်သွားတဲ့ အခါကျတော့ ဖြစ်လည်း ဖြစ်ရော ဦးအောင်ကြီးကနေပြီးတော့ ကဲ ဟုတ်ပါပြီ၊ ကျွန်တော်လက်ခံပါတယ်တဲ့၊ ကဲ အစည်းအဝေးရုပ်သိမ်းပါတယ်ဆိုပြီး ရုပ်သိမ်းလိုက်ရော၊ ပြီးလည်းပြီးရော ဦးအောင်ကြီးက ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တယ် ကိုဝင်းတင်တဲ့ ခင်ဗျာ ဖဲယား (fair) ဖြစ်ပါတယ်တဲ့၊ ခင်ဗျာပြောတဲ့ဟာ ဆိုလိုတာကတော့ သေချာပြီပေါ့၊ ကျွန်တော်က ထုတ်ပစ်ဖို့လိုင်းကို တင်တယ်ဆိုရင် ကျွန်တော်တို့ကတော့ ပြုတ်ပြီပေါ့။ ဘာဖြစ် လို့လဲဆိုတော့ သူကတွက်မှာက သူတွက်တာက သူနဲ့ ဒီဦးတင်ဦးတို့

အဖွဲ့တွေက သူ့ကိုထောက်ခံမှာပဲ သူတို့က ကွန်မြူနစ်ဆိုတဲ့သူများကိုကြောက်မှာပဲ။ အဲလိုဆိုရင် သူနဲ့ဦးတင်ဦးတို့အဖွဲ့ပေါင်းရင် ကျွန်တော်တို့တွေက အကုန်လုံးပြုတ်ပြီ၊ အဲဒီအချိန်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျန်သော စီစီအဖွဲ့ဝင်တွေတချို့ဟာ သူတို့နဲ့ (မ. ခ)တို့နဲ့ ပြန်ပေးဆွဲခံထားရတဲ့ပုဂ္ဂိုလ်များအနေနဲ့လို တစ်ခါတည်း ကျင်းပိတ်ကျတ်ပိတ် ကျန်ခဲ့မယ်လို့သူက တွက်တာကိုး၊ တွက်ပြီးသူက (all right) အော်ရိုက်လို့ ပြောတယ်။ အဲဒါကြောင့် ကျွန်တော့်ကို သဘောကျသွားတယ်။ သူက ကိုဝင်းတင် ခင်ဗျာပြောတာ ဖဲယား (fair)ဖြစ်ပါတယ်ဆိုပြီး ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တယ်။

ကျွန်တော်က ဘာဖြစ်လဲဆိုတော့ သူနဲ့ဒေါ်အောင်ဆန်းစုကြည်ကြားမှာ ကျွန်တော်ကထိုင်တာကိုး အဲတော့ သူနဲ့ကျွန်တော်နဲ့က ကုလားထိုင်ချင်းကပ်နေတယ်ဆိုတော့ အစည်းအဝေးပြီးတာနဲ့ မတ်တပ်ရပ်တာနဲ့ တစ်ပြိုင်တည်း သူက ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တယ်။ ပြီးတော့ ဘာပြောလဲဆိုတော့ ကိုဝင်းတင်တဲ့ ခင်ဗျားတင်တဲ့အဆိုကိုလည်းတဲ့ ကျွန်တော့်ကိုမိတ္တူပေးပါတဲ့။ ကိုကြည်မောင်ပေးတဲ့ဟာကိုလည်း မိတ္တူပေးပါတဲ့၊ ကျွန်တော်က ပြောတယ်။ ဥက္ကဋ္ဌကြီး ဗီလိုရှိတယ်။ ကျွန်တော်တင်တာက ပါးစပ်နဲ့ပြောတာ၊ ဦးကြည်မောင်ကတော့ စာနဲ့ရေးတာ၊ ကျွန်တော် ဦးကြည်မောင်ဟာပေးလို့ရတယ်။ ကျွန်တော်ပြောတာတော့ အလွတ်ပြောတာပဲ။ ဥက္ကဋ္ဌကြီးမှတ်စုနဲ့ မှတ်ထားတဲ့အတိုင်းသုံးပါ။ ဆိုတဲ့အခါကျတော့ ဒေါ်စုကဝင်ပြောတယ်။ မဟုတ်ဘူး ဆရာပေးလိုက်ပါတဲ့၊ အဲအချိန်မှာ ကျွန်တော်တို့က အစည်းအဝေးတွေမှာ အသံဖမ်းစက်ကြီး တော်တော်ကြီးကြီးနဲ့ဖမ်းတယ်။ ဖမ်းတော့အဲဒါနဲ့ ကျွန်တော်က ဖော် ဒါဖြင့်ရင် လည်းပြီးရောလို့၊ ကျွန်တော်အဲလိုဆိုရင် ကျွန်တော်နေ့လည်(၂)နာရီလောက်ကျရင် ကျွန်တော်ပေးလိုက်ပါ့မယ်ဆိုတော့ အေးဗျာတဲ့ ကောင်းတယ်တဲ့။ ဒါက စီအီးစီမှတ်တမ်းများအနေနဲ့ဗဟိုကော်မတီကို အမှုတွဲပို့လိုက်တဲ့အခါမှာ ဒီနှစ်ခုကို ခင်ဗျာရဲ့ အဆိုပြုချက်ကော၊ ကိုကြည်မောင်ရဲ့အဆိုပြုချက်ကော ပို့ပါလို့ သူကပြောတယ်။ ပြောပြီးတော့ အစည်းအဝေးပြီးသွားတယ်။ အဲဒါက ဒီဇင်ဘာ(၂) ရက်နေ့ (၁၉၈၈)ခု ၊ ဦးအောင်ကြီးနဲ့ကျွန်တော်နဲ့တွဲတဲ့ဟာ ပထမအပိုင်း။ ဒါစီအီးစီမှာ ကျွန်တော်တို့ကြုံတွေ့ရတဲ့အတွေ့အကြုံ၊ နောက်တစ်နေ့ကျမှ ကျွန်တော်က စီစီခေါ်ပြီးတော့ စီစီမှာကျွန်တော်တို့က စွပ်စွဲကြ၊ ဖြေရှင်းကြ၊ နောက်ပြီးတော့ ဆုံးဖြတ်ကြ၊ နောက်မဲခွဲကြ။ ဖြစ်ပြီးတော့မှ နောက်ဆုံး ဦးအောင်ကြီးတို့ကို ကျွန်တော်တို့ ထုတ်ပစ်တဲ့အဆင့်ကိုရောက်သွားတယ်။

**ဗဟိုကော်မတီအစည်းအဝေးနဲ့လိုင်းနှစ်လိုင်း**

ဦးကြည်မောင်နဲ့ကျွန်တော်ပြောတဲ့စကားလေးကို ပြန်ပြီးတော့ တိပ်ခွေကနေကူးပြီးတော့ ကျွန်တော်ပေးလိုက်တယ်၊ ပေးလိုက်ပြီးတော့ နောက်တစ်နေ့ကျတဲ့အခါကျတော့ အစောကြီးပဲ ကျွန်တော်တို့ ဗဟိုကော်မတီ အစည်းအဝေးကျင်းပတယ်။ ဒီဇင်ဘာလ (၂)ရက်လား (၃)ရက်လား မေ့တော့တော့ဖြစ်သွားပြီ။ အစည်းအဝေး ဗဟိုကော်မတီအစည်းအဝေးလုပ်တော့ ကိုအောင်လွင်မှအပ အားလုံးတက်လာတယ်။ ကိုအောင်လွင်က ခရီးလွန်နေတယ်၊ လူတွေကလည်း အကုန်လုံးပေါ့ ဘာလုပ်ရမှန်းမသိဘူးပေါ့ ဒီလိုပဲခပ်ကြောင်ကြောင်ပဲ။ ဒီလိုပဲ ပွဲကတော်တော်မကောင်းတဲ့ပွဲ ဖြစ်မှာကို၊ အဲဒါနဲ့ရောက်လာကြတာပေါ့။ ရောက်လာကြပြီးတော့ ပွဲလည်းမကြာခင်မှာပဲစတယ်။ စတော့ ကျွန်တော်တို့ ရှိတာက တစ်ဖက်ကို (၁၄)ယောက်စီ၊ (၁၄)ယောက်စီမှာ ကိုအောင်လွင် တစ်ယောက်ပဲ လျော့နေတယ်ပေါ့။ အစည်းအဝေးရဲ့ သဘာပတိအဖြစ် ဦးအောင်ရွှေလုပ်တော့ ဦးအောင်ရွှေကနေပြီးတော့ အခမ်းအနားကျင်းပမယ် ဆိုတဲ့အကြောင်း ဘာညာပေါ့။

အဲဒီမှာ ဦးအောင်ကြီးကနေပြီးတော့ စွဲချက်တွေတင်မယ့်အကြောင်း၊ အဲဒါတွေပြန်ပြီးတော့ တစ်ဦးစီကနေပြီးတော့ တစ်ဦးကို ဘယ်နှစ်မိနစ်လဲ မသိဘူး၊ (၅)မိနစ်ဆိုလားမသိဘူး။ ပြန်ပြီးတော့ ဖြေကြားရှင်းလင်းဖို့အကြောင်း၊ အဲဒါပြီးရင်တော့ မဲခွဲဆုံးဖြတ်မယ့်အကြောင်း ဆိုပြီးတော့ပြောတယ်။ အဲဒီလိုပြောတော့ ထူးခြားချက်က ဘာရှိလဲဆိုတော့ ဦးအောင်ရွှေရဲ့ စကားထဲမှာ ပါတဲ့ဟာက ဘာလဲဆိုတော့ ဦးအောင်ကြီးရဲ့စွဲချက်မှာတော့ ဒေါ်မြင့်မြင့်ခင်ကနံပါတ်(၁)၊ ပြီးတဲ့အခါကျမှ နံပါတ်(၂)ကကျွန်တော်၊ ပြီးတော့မှ ကျန်တဲ့သူတွေ စွဲချက်တင်ခံရသူ (၈)ယောက်ပေါ့။ စာရင်းပါတယ်။ သို့သော် ဦးဝင်းတင်က စီအီးစီမှာ အတွင်းရေးမှူးအဖွဲ့ထဲ ပါတဲ့လူ ဟုတ်လား တာဝန်ကပိုပြီးတော့ ကြီးတဲ့လူဖြစ်တဲ့ အတွက် ဦးဝင်းတင်ကစပြီးတော့ စွဲချက်ကို ရှင်းလင်းပါ။ ဆိုပြီးတော့လုပ်တယ် ဗျာ၊ ဒါကတစ်အချက် ၊ နှစ်အချက်က ဘာလဲဆိုတော့ မနေ့တုန်းက ကျင်းပတဲ့ ဒီစီအီးစီမှာ ကျွန်တော်က ထုတ်ပစ်ဖို့လိုင်းပေါ့။ ကျွန်တော်တို့ လွန်ရင် ကျွန်တော်တို့ကိုထုတ်ပစ်ပေါ့။ ဦးအောင်ကြီးမှာအပြစ်ရှိရင် ဦးအောင်ကြီးကို ထုတ်ပစ်။ ဒါက ကျွန်တော့်ရဲ့လိုင်း ဒါပေမယ့် ဦးကြည်မောင်ရဲ့လိုင်းက အနားယူပါပေါ့ ဆိုတာက အနားယူပါလိုင်းနဲ့ ထုတ်ပစ်ပါလိုင်းဆိုတဲ့လိုင်း နှစ်ခုစလုံးကို

ဦးအောင်ကြီးက တမင်ကို တစ်ခါတည်း ကျွန်တော့်ရဲ့ စကားကို မိတ္တူကူးပြီးတော့ စီအီးစီ ဒေါ့ကူးမန့် (document) အနေနဲ့ စီအီးစီကို ပို့လိုက်တာ။

ဒါပေမယ့် ဦးအောင်ရွှေက ဒီစကားထည့်မပြောဘူး။ မပြောဘဲနဲ့ ကျွန်တော့်ကို နံပါတ်(၁)ခွဲချက်ကိုဖြေပါဆို လုပ်တဲ့အခါကျတော့ ကျွန်တော် ထပြောရတာပေါ့။ စာတွေဘာတွေလည်း ရေးမလာပါဘူး။ ကျွန်တော်ကလည်း ဘာမှ ပရီပဲရ် (prepare) မလုပ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ဒါကသိပ်အရေးကြီးတဲ့ကိစ္စမဟုတ်ဘူး။ ဒါက အမှန်စင်စစ်က ပါတီမှာ ဖြစ်ကိုမဖြစ်သင့်တဲ့ကိစ္စ အဲတော့ နောက်ပြီးတော့ ဒါက တရားရုံးလိုရင်ဆိုင်ပြီးတော့ တစ်ခါတည်းအရှုံးအနိုင်လုပ်နေစရာလည်း မဟုတ်ဘူး။ အဆုံးအဖြတ်ကတော့ ဘာလဲဆိုလို့ရှိရင် (မ. ခ)ဆိုတဲ့ ဒီရဲဘော်များအဖွဲ့ပေါ့။ ဦးတင်ဦးနဲ့ အဖွဲ့ပေါ့။ ဒီဦးတင်ဦးနဲ့အဖွဲ့ဟာ ဗိုလ်အောင်ကြီးဘက်ကို လိုက်ပြီးတော့ မဲပေးမလား။ သို့မဟုတ်လို့ရှိရင် ကျွန်တော်တို့ဘက်ကို လိုက်ပြီးတော့မဲပေးမလား ဒါပဲ။

အဲတော့ကျွန်တော်က ကျွန်တော်ဘယ်လောက်တောင်ပဲ မိုးပြန်အောင်ပဲ လျှောက်လဲနေနေ ဘာမှမထူးဘူး။ အဲတော့ ကျွန်တော်က အဲလိုတွက်တယ် ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဒါက ဦးအောင်ကြီးကလည်း ဒီလိုတွက်တာပဲလေ၊ ဦးအောင်ကြီးကလည်း ဘယ်လိုပဲပြောပြော ဟို ဦးတင်ဦးတို့ရဲ့ အဖွဲ့ မခအဖွဲ့ဟာ ကွန်မြူနစ်တွေကို ချတဲ့ပွဲမှာ စစ်ဗိုလ်အချင်းချင်းသာ ထောက်ခံမှာပဲ၊ သူက အဲလိုတွက်ပုံရတယ်၊ အဲ့ဒီတော့သူ့ကို ထောက်ခံမယ်ဆိုရင် ဘယ်လိုဖြစ်မလဲ ဆိုတော့ ကျွန်တော်တို့ (၈)ယောက်ကပြုတ်၊ (၆)ယောက်ကျန်မယ်။ (၆)ယောက်ထဲမှာ စီအီးစီထဲမှာဆိုလို့ရှိရင် ဒေါ်စုတစ်ယောက် တည်းကျန်မယ်။ စီစီထဲမှာဆိုရင် (၅)ယောက်ပေါ့။ ဗဟိုကော်မတီထဲမှာ (၅)ယောက်ကျန်မယ်။ သူကဒီလို တွက်ပုံရတယ်။ တွက်ပုံရတော့ ဒါနဲ့တည်ပြီးတော့တင်တာဆိုတော့ ကျွန်တော်ကလည်း ရှင်းရှင်းပြောရရင် အဲဒီ နေ့ညတုန်းကလည်း ဒီကိစ္စခေါင်းထဲတောင် မထည့်ဘူး။

## ကျွန်တော်ရဲ့ တင်ပြချက်

အဲ ကျွန်တော်ပြောတဲ့စကားထဲမှာ ကျွန်တော်မှတ်မိတာလေးတစ်ခုပဲ ဘာထူးထူးခြားခြားကျွန်တော်ပြောလဲဆိုတော့ ဒီကိစ္စဟာ ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်ဟာ ကွန်မြူနစ်မဟုတ်ပါဘူး ကျွန်တော် သူတို့ရွှပ်စွဲသလို

ယူကြိုတို့ အိုကြိုတို့ဆိုတာတွေလည်း မလုပ်တတ်ပါဘူး။ လုပ်လည်းမလုပ်ပါဘူး။ အဲတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ ဥက္ကဋ္ဌလုပ်ပုံဟာ သိပ်ပြီးတော့ ဥက္ကဋ္ဌမပြီသဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ရဲ့လက်အောက်ငယ်သားသို့မဟုတ်လို့ရှိရင်လည်း ကိုယ့်ရဲ့အဖွဲ့ဝင် ပါတီဝင်တွေကို ဒီလိုမတရားစွပ်စွဲတာဟာ ဒါ ဥက္ကဋ္ဌ တစ်ယောက်နဲ့မတန်ဘူး။ အဲတော့ ကျွန်တော်ပြောချင်တာက ဥက္ကဋ္ဌမှားရင် ဥက္ကဋ္ဌကိုထုတ်ပစ်ပါ၊ ဥက္ကဋ္ဌစွပ်စွဲတဲ့အတိုင်း မှန်နေရင်လည်း ကျွန်တော်တို့ကို ထုတ်ပစ်ပါ။ သို့သော် ကျွန်တော် ထုတ်ပစ်ပါဆိုတဲ့လိုင်းကို ဘာဖြစ်လို့ ပြောရသလဲဆိုရင် ရွှေမန်းတင်မောင်ရဲ့ ရွှေကုန်သည် ဇာတ်လိုပဲပေါ့ တော်ကြာ ကျတော့ ထုတ်မပစ်ဘဲနဲ့ နားတယ်ဆိုပြီးတော့နားရင် ဒီဥက္ကဋ္ဌဟာ တော်ကြာ ငါ့ရွှေခွက်ကြီး ငါ့ကိုပြန်ပေး ငါ့ရွှေခွက်ကြီးပေးဆိုတာလို အော်သလို ငါ့ဥက္ကဋ္ဌ ရာထူးငါ့ပေး၊ ငါ့ပေးဆိုတာကြီး အဲလို ဖြစ်နေရင် ကျွန်တော်တို့လည်း သခွပ်ပင်က မီးတစ်ကျိုကျိုနဲ့ ကျွန်တော်တို့ အလုပ်လုပ်လို့ရမှာမဟုတ်ဘူးဆိုပြီးတော့ ကျွန်တော် ကပြောတယ်။

ဆိုလိုတာက ဘာဖြစ်လို့လဲဆိုတော့ ဦးအောင်ရွှေက ဦးကြည်မောင်တင်တဲ့ အနားယူတဲ့လိုင်းကိုသော်လည်းကောင်း၊ ကျွန်တော်တင်တဲ့ ထုတ်ပစ်ဆိုတဲ့ လိုင်းကိုသော်လည်းကောင်း၊ ဘယ်ဘက်ကိုမှ ဘာမှမပြောဘဲနဲ့ ဒီဟာလေးကို အသာမြုပ်ထားလိုက်တဲ့အခါကျတော့ ကျွန်တော်ကမယူဘူး ဒါပဲကျွန်တော် ကိုင်ပြီးတော့ ပြောမယ်ဆိုပြီးတော့ စီအီးစီတုန်းက ကျွန်တော်ပြောတဲ့သဘော အတိုင်းပဲ ဗဟိုကော်မတီပွဲမှာ ကျွန်တော်ကထပ်ပြီးတော့ ထုတ်ပစ်တဲ့လိုင်းကို ဒါပဲ လုပ်တယ်။ ကျွန်တော့်ဖြေရှင်းချက်နဲ့ပတ်သက်လို့တော့ ကျွန်တော်သိပ်မပြော ပါဘူး။

အခု ဗိုလ်အောင်ကြီးလုပ်ပုံက ရန်သူလက်ထဲကို ထိုးအပ်ပြီး၊ ဘယ် ကောင် ဘယ်ကောင်ကဖြင့် ကွန်မြူနစ်တွေပဲ၊ ဘယ်ကောင်ဘယ်ကောင်ကတော့ ယူကြိုလုပ်နေတဲ့ကောင်တွေပဲဆိုပြီးတော့ကို ရန်သူကို ထိုးပြနေတဲ့ဟာ၊ ဟုတ်တယ် မဟုတ်လား၊ စစ်အစိုးရကို ဟော့ဒီကောင်တွေ၊ ဟော့ဒီကောင်တွေကဖြင့် အိုကြို တွေဗျို့၊ ကျုပ်တို့တောင်မှမနိုင်ဘူး။ ဆိုတဲ့ဟာမျိုး လက်ညှိုးထိုးပြတဲ့ပွဲဗျာ။

## တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်ထုချေရှင်းလင်း

နောက်ထပ် ကျွန်တော်ပြီးတဲ့အခါကျတော့ ဒေါ်မြင့်မြင့်ခင် ဘာညာ စသည်ပေါ့၊ လျှောက်ပြောကြတယ်။ အဲဒီထဲမှာ ဆန်းတာလေး တစ်ချက်နှစ်ချက်

ရှိတယ်၊ ကိုမိုးသူအလှည့်ရောက်တဲ့အခါကျတော့ ကိုမိုးသူကရှင်းရတယ်၊ သူယူ(ဂို) တို့ အိုဂျီတို့မလုပ်အကြောင်းပေါ့။

နောက်တစ်ခါ ကိုအောင်လွင်အကြောင်းကို သူကတစ်ခါ တာဝန်ခံပြီးရှင်းရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုအောင်လွင်က ခနီးလွန်နေတော့ အဲဒီအချိန်မှာ ဘာဖြစ်လို့လဲဆိုတော့ နည်းနည်းတော့အောက်ဝပ် (outwork) ဖြစ်တာပေါ့။ နည်းနည်းတော့ ကသိကအောက်ကြီးပေါ့ ပြောရတာ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒါကလူတစ်ယောက်ဟာ ကိုယ်မဟုတ်ကြောင်းကို ကိုယ်သာရှင်းနိုင်တာပေါ့။ သူများက မဟုတ်ဘူးဆိုတာ ရှင်းဖို့ဆိုတာတော့ အတော်ခက်တဲ့ဟာ သို့သော် ကိုအောင်လွင်ကမရှိဘူး။ ကိုအောင်လွင်မရှိတဲ့အတွက် ကိုအောင်လွင်ကို ဗိုလ်အောင်ကြီး ခုတ်တဲ့ဓါးအောက်မှာ ဒီအတိုင်းပဲပစ်ထားလို့မရတဲ့အခါကျတော့ ဆွဲထုတ်ရသလိုပေါ့။ ကိုမိုးသူကပဲလုပ်ရတယ်။

ဒါက အဆန်းတစ်ခု၊ နောက်အဆန်းတစ်ခုကတော့ ဘာလဲဆိုလို့ရှိရင် ကိုချမ်းအေးကနေပြီးတော့ တစ်ခါတည်း ရှင်းချက်ထုတ်တယ်။ ဥပဒေအကြောင်း တရားရုံးမှာလျှောက်လဲသလို။ စာတွေရေးလာတာဗျာ၊ ဖတ်လိုက်တာ တစ်ခါတည်း စာတမ်းကြီးတွေ၊ အဲဒီမှာ ကိုချမ်းအေးကဘာတစ်ခုတော့ပါလဲဆိုရင် ဒီနေ့ဟာ သူ့မိန်းမကွယ်လွန်တဲ့နေ့ဆိုလား၊ သူ့မိန်းမမွေးနေ့ဆိုလားမသိဘူး၊ အခုမိန်းမမဟုတ်ဘူး၊ အရင်တုန်းကမိန်းမပေါ့၊ ဒေါ်သန်းသန်းပေါ့။ ဆိုတော့ ကျွန်တော့်စိတ်ထဲမှာတော့ အော် သူလွမ်းနေသလိုပဲ ကျွန်တော်ကတောင် ဝင်လွမ်းလိုက်ပါသေးတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒေါ်သန်းသန်းနဲ့ ကျွန်တော်နဲ့က တော်တော်လေး ကိုခင်ပါတယ်။ ဒေါ်သန်းသန်းဆိုတဲ့ အမျိုးသမီးကလည်း မွန်ဗျာ။ စကားပြောတာလေးကလည်း အသံကကောင်းကောင်းနဲ့ ဘယ်တော့ဖြစ်ဖြစ် ကိုချမ်းအေးကိစ္စတွေ ဘာတွေဆို မကြာခဏကျွန်တော့်ဆီ တယ်လီဖုန်းဆက်လို့တောင် ကိုချမ်းအေး ကတစ်ခါ အရက်မူးလို့တောင် သူကကျွန်တော့်ကိုတောင် ရောပြီးတော့ တယ်လီဖုန်းထဲကနေ ကော်ကပ်ဆဲတာတွေဘာတွေရှိတယ်၊ အဲလို ရင်းနှီးတယ်ပေါ့။ ခင်တဲ့ဟာကျတော့ ကိုချမ်းအေးက ဒီလောက်သေရေးရှင်ရေးဖြစ်နေပြီပေါ့ ကိုယ့်ရဲ့ နိုင်ငံရေးသေရေးရှင်ရေးဆိုပါတော့ အဲသလိုသောင်ပြင်လွတ်တဲ့ ဘုရားဒကာတွေလို ဖြစ်မယ့်အနေအထားမှာ သူကသေသွားတဲ့ မိန်းမကို လွမ်းနေသေးတယ်။ လျှောက်လဲချက်စာတမ်းကြီးထဲမှာ။ အဲဒါကတစ်ခု။

**စိတ်ထိခိုက်ရတဲ့ ဖြစ်ရပ်နဲ့မြင်ကွင်း**

နောက်တစ်ခု စိတ်မကောင်းစရာပေါ့ သို့မဟုတ်လို့မှရင်လည်း တော်တော့ကို အလေးအနက်ရှိခြင်းဆိုတာ ကျွန်တော်ပြောလိုက်ချင်တဲ့ တစ်ယောက် ဦးတင်ရွှေရဲ့အကြောင်း၊ မုံရွာဦးတင်ရွှေ ပြောရတာတော့ သိပ်တော့ မကောင်းတော့မကောင်းဘူး။

ဒါပေမယ့် ကျွန်တော်သူ့ကို ချီးကျူးတဲ့သဘောနဲ့ သူ့ကိုပြောချင်တာ။ ဘာလို့လဲဆို ကိုတင်ရွှေက ဒီအဖွဲ့ချုပ်နဲ့ပတ်သက်လို့ တော်တော့်ကို အလေး အနက်ထားတယ်။ ရဲဘော်တွေနဲ့ပတ်သက်လို့ တော်တော့ကိုအလေးအနက် ထားတယ်။ နောက်ပြီးတော့ ဒီအရေးတော်ပုံနဲ့ပတ်သက်လို့ တော်တော့ကို အလေး ထားတဲ့ အခါကျတော့ အစည်းအဝေးမှာ ဒီလိုစွပ်စွဲခံရတာတွေ ဘာတွေကို ကြားရ တဲ့အခါကျတော့ သူတော်တော့ကို အသည်းနာပုံပေါ်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ခါတည်းထပြီးတော့ ဖြေရှင်းချက်ကို ပြောမယ်လည်း ကျွန်လည်း ကျွန်ရောတစ်ခါတည် ကိုတင်ရွှေက ဘရိတ်ဒေါင်း (break down) ဖြစ်တယ် ပေါ့။ တစ်ခါတည်း စိတ်ထိခိုက်ပြီးတော့ တစ်ခါတည်း ငိုတာမှ ရှိုက်ကြီးတငင် ငိုတဲ့ ဟာဖြစ်သွားတယ်။ အဲဒါနဲ့ သူ့ဟာကို ရပ်ထားပြီးတော့ သူ့အလှည့်မှာ သူမလုပ်ဘဲနဲ့ နောက်တစ်ယောက်ကျော်ပြီးတော့ ပြောရတယ်။ ကျွန်တော်တို့ မနေ့တုန်းက ကျင်းပတဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တုန်းကလည်း ဦးအောင်ကြီး အဲသလို ဒီပုဂ္ဂိုလ်တွေ ဒီပုဂ္ဂိုလ်တွေတော့ ကျွန်တော်ဟုတ်လား စွဲချက်တင်တော့ မယ်။ ဒါကြောင့် ဗဟိုကော်မတီခေါ်ပေးပါလို့ပြောတဲ့ မနေ့တုန်းက ဗဟိုအလုပ် အမှုဆောင်အစည်းအဝေးမှာလည်း ဦးတင်ဦးဘက်က အတွင်းရေးမှူးဖြစ်တဲ့ ဦးချစ်နိုင်က ငိုလိုက်တာ တစ်ခါတည်းကို ချုန်းပွဲချငိုတာ။ အနီးမှာထိုင်နေ တဲ့ ဦးတင်ဦးရဲ့ ရင်ခွင်ထဲကို ခေါင်းချပြီးတော့ တစ်ခါတည်းငိုတာမှ စိတ်ကို မကောင်းဘူးပေါ့။

ကျွန်တော်တို့ ဒီနိုင်ငံရေးအကွဲကွဲ အပြုပြုဇာတ်လမ်းကြီးထဲမှာ ဘေးလူ တွေကတော့ သိမှာမဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော် အခုနှစ်(၂၀)လောက်ကြာ တဲ့အခါ ပြန်စဉ်းစားတဲ့အခါကျတော့ တော်တော်ကို စိတ်မကောင်းဖြစ်တာ။ ဟိုအချိန်တုန်းကတော့ ကျွန်တော်ကလည်း ဖွဲ့နဲ့မာန်နဲ့ပေါ့။ ပြောစရာရှိတာ ပြောလိုက်အုံးမယ်ဟဲ့။ ဦးတည်တိုက်နေတာ ငါတို့ကိုတိုက်နေတာဟဲ့ ဆိုတဲ့ မာန်လေးရှိတဲ့အခါကျတော့ ကျွန်တော်ကအဲလို သူတို့လိုတော့ စိတ်ထိခိုက် ပြီးတော့ ငိုခြင်းယိုခြင်းမလုပ်ခဲ့မိသော်လည်း ကျွန်တော်တစ်ကာယ ပြောရရင်တော့

အဲဒီ အချိန်တုန်းက ကျွန်တော်လည်း တော်တော်စိတ်ထိခိုက်တယ်။ အဲတော့ ကျွန်တော်တို့တွေ အကုန်လုံးကနေပြီးတော့ ကျွန်တော်တို့တွေဟာ ယူဂျီ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ ဘယ်လိုလူစားပါ၊ ကျွန်တော်တို့က ဘယ်တုန်းက ကျောင်းသားသမဂ္ဂတွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဘာလုပ်ငန်းတွေ လုပ်ပါတယ်။ ဒါနဲ့ပဲပြီးကြတာ။ ဗိုလ်အောင်ကြီးကို ပြန်ပြီးတော့ အတက်ခ် (attack) လုပ်တာတို့ ဘာတို့ မလုပ်ကြပါဘူး။ အဲဒါနဲ့ပဲ ရှင်းတာတွေ ပြီးရော။ ပြီးသွားတဲ့အခါကျတော့ စောစောကတော့ ဦးအောင်ကြီးကစွဲချက်တွေ ဖတ်ပြတာပေါ့ဗျာ။ အဲသူက စာနဲ့ကို ရေးယူလာတယ်။ အဲဒီစွဲချက်တွေကိုလည်း မိတ္တူကူးစက်နဲ့ကူးလာတယ်။ ဝေလိုက်သေးတယ်ဗျ၊ ဝေပြီးတော့ သူကိုယ်တိုင်စွဲချက်တွေဖတ်ပြပေါ့။ အဲဒါတွေပြီးတော့ သဘာပတိရဲ့ခွင့်ပြုချက်အရ ကျွန်တော်က တစ်ဦးချင်းပြန်ပြီးတော့ ရှင်းလင်းတယ်။

## မဲခွဲဆုံးဖြတ်ပြီ

အဲဒါပြီးတဲ့အခါကျတော့ မဲခွဲတဲ့အချိန်ရောက်လာတယ်ပေါ့။ ကျွန်တော်တို့စတာက (၉)နာရီလောက်မှာ စတယ်။ (၁၁)နာရီလောက်မှာ ပြီးသွားတာပဲ။ ကျွန်တော်တို့ ဒီရှင်းလင်းပြီးတဲ့အခါကျတော့ ဦးအောင်ရွှေကနေ ဖိတ်ခေါ်ပြီးတော့ မဲတွေပေးကြတယ်။ မဲလည်းရေလည်းရေရော ဘယ်လိုဖြစ်လဲဆိုတော့ ကျွန်တော်တို့က စောစောကပြောသလို ဦးအောင်လွင်မရှိတဲ့အတွက် ကျွန်တော်တို့က (၁၃) ယောက်ကျန်တယ်။ နောက်တစ်ခါ မျိုးချစ်အဖွဲ့လို့ဆိုတဲ့ ဦးတင်ဦး တို့အုပ်စုက ဗဟိုကော်မတီဝင် (၁၄)ယောက်က ကျွန်တော်တို့ကို မဲပေးတယ်။ အဲတော့ (၂၇)မဲ ဖြစ်သွားတယ်။ ဦးအောင်ကြီးဘက်ကပါတဲ့ ဦးကြည်မောင်ကလည်း ကျွန်တော်တို့ကို မဲပိုပေးလိုက်တယ်။ အဲတော့ (၁၃) မဲ ၊ (၂၈)မဲနဲ့ဦးအောင်ကြီး ရှုံးသွားရော၊ ဦးအောင်ကြီးရှုံးသွားတော့ ဦးအောင်ကြီးကတော့ မဆိုးပါဘူး။ သူက သူ့ဟာသူ တွက်ပြီးသားဖြစ်ပါလိမ့်မယ်။ ဟုတ်လား နိုင်ရင်လည်းနိုင်၊ မနိုင်ရင်လည်း ကိစ္စ မရှိဘူး။ ငါဘာလုပ်မယ်ဆိုတာ ငါ့ဘာသာငါစီမံချက်ရှိပြီးသားလို့ ဖြစ်ပုံရတယ်။ သိပ်ပြီးအိနြေမပျက်ပါပဲ။ ဟုတ်လား။ ပြီးလဲသွားလည်းသွားရော သူ့ဟာသူ အေး အေးဆေးဆေး ပြန်သွားတာပါပဲ။ ဒါပေမယ့် ခုန ကျွန်တော်ပြောခဲ့တဲ့အတိုင်းပဲ ကျွန်တော်က ထုတ်ပစ်ဖို့လိုင်းကိုတင်တယ်။ ဦးကြည်မောင်က အနားယူဖို့ လိုင်း တင်တယ်ဆိုတော့ အဲဒီကိစ္စကို ဦးအောင်ရွှေကနေပြီးတော့ သဘာပတိလုပ်ရက် နဲ့ သူဒီစီအီးစီကနေ တင်ပို့လိုက်တဲ့ ဒီစီအီးစီ ဒေါ်ကူးမန့်(document) ထဲမှာ

ဒါကပါပြီးသား။ သို့သော် ဦးအောင်ရွှေက ဘာမှဒီကိစ္စကို အဆုံးအဖြတ်မပေးတဲ့အတွက် ပွဲသာပြီးသွားတယ်။ ဗိုလ်အောင်ကြီးသာရှုံးသွားတယ်။ ဗိုလ်အောင်ကြီး ကိစ္စဘယ်လိုလုပ်မလဲဆိုတဲ့ ပြဿနာပေါ်လာတယ်။

## ဦးအောင်ကြီးနဲ့သူ့အဖွဲ့ကို အရေးယူထုတ်ပယ်

ဆိုတဲ့အခါကျတော့ ပြန်ပြီးတော့ ကျွန်တော်တို့စီအီးစီမှာ ပြန်ဆွေးနွေးတဲ့အခါကျတော့မှ နောက်ဆုံးပိတ်ကြတော့ ဘယ်လိုအဖြေထွက်လာလဲဆိုတော့ အထူးသဖြင့်ကတော့ ဒေါ်စုပေါ့ ဒေါ်စုရဲ့ သဘောထားပါ။ ကဲ "ကျွန်မတို့တော့ မကတ်နိုင်တော့ဘူး။ သူတို့ရှုံးလို့သွားပြီ" ဥက္ကဋ္ဌကတော့ သူကစွပ်စွဲတဲ့သူဟုတ်လား သူကတစ်တရားခံဖြစ်နေတယ်။ အဲတော့ သူ့ကိုတော့ ဦးဝင်းတင်အဆိုပြုတဲ့အတိုင်းပဲ ထုတ်ပစ်ပါ၊ အရေးယူပါ။ သို့သော် ကျန်တဲ့သူတွေကို ကျွန်တော်တို့ရဲ့ စီစီဝဟိုအလုပ်အမှုဆောင်များအနေနဲ့ ပြန်လုပ်ဖို့ ဖိတ်ခေါ်ပါ ဆိုပြီးတော့ ဒေါ်စုကနေပြီးတော့ အဆိုပြုတဲ့အတွက် အဲ့ဒီဖိတ်ခေါ်မယ့်သူ ဘယ်သူတွေလည်းဆိုတာ ကျွန်တော်မှတ်မိသလောက် တချို့ကိုပြောရမယ်ရင်ဆိုပါတော့ ဗိုလ်မှူးကြီးကြည်ဟန်ဗျာ အတွင်းရေးမှူးပေါ့။ ဦးအောင်ကြီးပြီးရင် သူက ဒုတိယလူပေါ့။

နောက်ပြီးတော့ ရဲမင်းကြီးဟောင်းဖြစ်တဲ့ ဦးခင်မောင်မောင်ပါတယ်၊ လန်ဒန်တို့ဘာတို့မှာ ကုန်သွယ်ရေးတို့ဘာတို့မှာ လုပ်ခဲ့ဖူးတဲ့ ဦးနန်းနွယ်လည်း ပါတယ်။ ဂုဏ်ထူးဦးသိန်းနိုင် အခု ဩစတြေးလျတို့ဘာတို့မှာ ရောက်နေတဲ့ ဒေါက်တာဇော်ဝင်းဦး ဆရာ ဦးသာထိုတို့ပေါ့ ကျွန်တော်က ကမ်းလှမ်းတယ်။ ကမ်းလှမ်းတယ်ဆိုပေမယ့်လို့ သူတို့ကလည်း ဒါမှန်တော့မှန်တာပေါ့၊ နိုင်ငံရေးဆိုတာတော့ အစုနဲ့အဖွဲ့နဲ့လုပ်ရတယ်ဆိုတဲ့အခါကျတော့ သူတို့ကလည်း ပြတ်ပြတ်ပဲ ကျွန်တော်တို့ကမ်းလှမ်းချက်ကို လုံးဝလက်မခံဘူး။ ပြင်းတဲ့အခါကျတော့ ပထမဦးဆုံး ဦးအောင်ကြီးကို ထုတ်ပစ်တဲ့စာထွက်တယ်။ ထွက်ပြီးတော့ တစ်ပတ်လောက်ကြာတယ်။ နောက်ပိုင်းမှာကျတော့ ဦးကြည်မောင်မှအပပေါ့ဗျာ (၁၂)ဦးကိုလည်း ကျွန်တော်တို့က ထုတ်ပစ်လိုက်ရတယ်။ အဲဒီထုတ်ပစ်တဲ့ဟာတွေအကုန်လုံးက ကျွန်တော်စီစဉ်ရတဲ့အခါကျတော့ တချို့တွေက ကျွန်တော့်လိုပေါ့ မလောက်လေးမလောက်စားလူကနေ ဦးအောင်ကြီး ထုတ်ပစ်လိုက်တဲ့ဟာမျိုး ဘာညာဆိုတာမျိုးဖြစ်ရတယ်ဆိုပြီး တချို့ကလည်း သိပ်မကြည်ဘူး။ မကြိုက်ဘူးပေါ့။ ဒါနဲ့လုပ်ငန်းသဘောပါပဲ။ ဦးအောင်ကြီးတို့ ဘာတို့ထုတ်ပစ်လိုက်

ရတာယ်ပေါ့။ ဘာပဲပြောပြောအင်န်အယ်လ်ဒီ အနေနဲ့ ကလည်း တော်တော်ကို ရှုပ်ဆိုးတဲ့ပုံသဏ္ဍာန်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အမှန်အတိုင်းပြောရရင် တော်တော်ကို ကြီးကျယ်တဲ့ အရေးယူဆောင်ရွက်မှုကြီးကို သို့မဟုတ်လည်း ပါတီတွဲကြီးကို အကွဲကွဲအပြဲကြီးကို ဖြစ်သွားတာပေါ့။

## တွက်ကိန်းလွဲသွားတဲ့ ဦးအောင်ကြီးနဲ့ သူ့ရင်ထဲကဦးနေဝင်း

အဲတော့ ကျွန်တော့်ရဲ့သုံးသပ်ချက်က ဘာလဲဆိုတော့ ဦးအောင်ကြီးရဲ့ တွက်ကိန်းတွေ လွဲသွားတယ်။ အမြော်အမြင်တိုတိုနဲ့ပေါ့ဗျာ လုပ်သွားတယ်လို့ပဲ ကျွန်တော်ကပြောရမှာပဲ။ တကယ့်တကယ်ကြတော့ ဒါ ဒီလိုပြောတယ်ဆိုတာ ကျွန်တော်သမိုင်းကို သုံးသပ်စရာရှိလို့ သုံးသပ်တာပါ။ ဦးအောင်ကြီးနဲ့ပတ်သက်ပြီး ကျွန်တော်မလေးမစား သိပ်မဖြစ်စေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပုဂ္ဂိုလ် ကြီးလည်း သူ့အခန်းကဏ္ဍတွေ သိပ်ပြီးတော့ သေးသိမ်တဲ့အခန်းကဏ္ဍတွေ မဟုတ်ဘူး။ သိပ်ပြီးတော့ ထွန်းထွန်းပြောင်ပြောင်ကြီး မဟုတ်တာတောင်မှ တော်တော်အရေးပါတဲ့အခန်းကဏ္ဍတွေမှာ နစ်ပေါင်းအတော်ကြာပေါ့၊ ဗမာပြည် ရဲ့နိုင်ငံရေး အထူးသဖြင့် စစ်ပြီးနိုင်ငံရေးဆိုပါတော့။

အဲဒီမှာ သူ့ရဲ့အခန်းကဏ္ဍဟာ တော်တော့်ကို အရေးကြီးတဲ့အခန်း ကဏ္ဍတွေ ဖြစ်တဲ့အတွက် ကျွန်တော်ကတော့ သူ့ကိုအပြစ်တင်တဲ့ဟာတို့ ဘာတို့မလုပ်ချင်ဘူး။ သို့သော် သူတို့ရဲ့ရင်ထဲကစိတ်၊ ရင်ထဲမှာရှိနေတဲ့ ဦးနေဝင်း က သူတို့ကိုနှိပ်စက်သွားတာပဲ။ ဦးနေဝင်းက သူတို့ဦးနှောက်ကို စားသွားတာပဲ။ သူတို့ရင်ထဲမှာ ဦးနေဝင်းရှိနေတာကိုး ဥပမာဆိုပါတော့ ကျွန်တော်ပြောမယ်။ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်မယ်။ ဒီဟာက ကျွန်တော် ဒီပုဂ္ဂိုလ်တွေ ဘယ်လို ဘယ်ပုဂ္ဂိုလ်မှ မလေးမစား ကျွန်တော်ပြောတာမဟုတ်ပါဘူး။ ဆိုပါတော့ ကျွန်တော်တို့ NLD စပြီးတော့ ဖွဲ့ကြမယ်ဆိုပြီးတော့ ကျွန်တော်စောစောက ပြောသလို ဒေါ်စုရယ်၊ ဒေါ်မြင့်မြင့်ခင်ရယ်၊ ကျွန်တော်ရယ် ဒီဘက်က (၃) ယောက်၊ ဟိုဘက်ကနေပြီးတော့ ဦးအောင်ရွှေရယ်၊ ဦးလွင်ရယ်၊ ဦးချစ်ခိုင်ရယ်၊ ဦးတင်ဦးရယ်(၄)ယောက်၊ ဦးအောင်ကြီးဘက်က ဘယ်နှစ်ယောက်ရှိမှန်းမသိဘူး။ ထားပါတော့ အဲသလို လုပ်တဲ့အခါမှာ ကျွန်တော်တို့ဘက်ကနေပြီးတော့ ဥက္ကဋ္ဌ ဘယ်သူလုပ်မလဲဆိုတဲ့ပြဿနာ ကျွန်တော်တို့အစောကြီးထဲက စဉ်းစားကြတယ်။ ဦးတင်ဦးလုပ်မလား။ ဦးတင်ဦးဆိုရင် ဦးတင်ဦးက ဦးအောင်ကြီးကိုကျော်လွန်နိုင် မှာမဟုတ်ဘူး။ တစ်ခါ ဦးအောင်ကြီးကိုပေးမလား အဲလိုဆို ကျွန်တော်တို့က

လက်မခံနိုင်ဘူး။ ဟုတ်လား ဒီလိုဆို ဒေါ်စုလုပ်မလား။ ဒေါ်စုလုပ်ရင်ဘယ်သူက ကန့်ကွက်နိုင်မလဲ၊ အကယ်၍ ဒေါ်စုကဥက္ကဋ္ဌလုပ်လို့မရဘူးဆိုရင် ဒေါ်စု ဘယ်နေရာကိုလုပ်မှာလဲ။ ဒီလိုစဉ်းစားကြတယ်ဗျ။ စဉ်စားကြတယ်။ NLD လူဘယ်နှစ်ယောက်တွေပါလဲဆိုတာလဲ ကျွန်တော်မသိဘူး၊ ကျွန်တော်ပါတယ်ဗျာ ဒေါ်စုပါတယ် စသည်ဒေါ်မြင့်မြင့်ခင်၊ ကိုမိုးသူဒီလို သုံးလေးယောက် စုပြီးတော့ ကျွန်တော်တို့ ဒီကိစ္စတွေကို ညှိဖူးတယ်။ ဖွဲ့စည်းရေး အစည်းအဝေးကို မသွားခင် ထားပါတော့ အဲဒီကိုရောက်သွားတဲ့အခါကျတော့ ပြောကြ ဆိုကြတယ်။ အဲထဲမှာ နာမည်ကျော်စကားတစ်ခွန်းတောင်ရှိသေးတယ်။ ဒေါ်စုကို လုပ်ပါလို့ ကျွန်တော် တို့ကနေပြောကြတယ်။ ဥက္ကဋ္ဌလုပ်ပါလို့ ပြောကြတယ်။

ဒေါ်စုကကျွန်မတော့သိပ်မလုပ်ချင်ဘူး။ ဥက္ကဋ္ဌလုပ်တဲ့ဟာတွေ လူကြီး တွေပဲ လုပ်စေချင်တယ်ဆိုပြီးတော့ ဒေါ်စုက နည်းနည်းပြန်ဆုတ်တယ်ပေါ့။ အဲဒီ အခါမှာ ဒေါ်မြင့်မြင့်ခင်ပြောတဲ့စကားပေါ့။ ဒါကိုတောင် သုံးပြီးတော့ ဒေါ်မြင့်မြင့်ခင်တိုက်ခိုက်တဲ့နေရာမှာ စကားတစ်ခွန်းပါတာက ဒေါ်စုကို ကွန်မြူနစ်တွေက မြှောက်ပေးတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်အောင် ပြောတဲ့စကားက ဘာလဲဆိုတော့ ဒေါ်မြင့်မြင့်ခင်ကပြောတယ်။ဒေါ်စုလုပ်ပါ။ ဒေါ်စုလုပ်ရင် ကျွန်မ တို့လည်းရှိသားပဲ။ ပိုင်းကူမှာပေါ့လို့ ပြောတဲ့စကားရှိတယ်။ နောက်ပိုင်းကျတဲ့ အခါကျတော့ ကွန်မြူနစ်တွေက ဒေါ်စုကိုမြှောက်ပေးတယ် ဘာညာဆိုတဲ့ အနေ မျိုးနဲ့တောင်မှ ဖော်ထုတ်တာရှိတယ်။ အဲဒီစကားကတော့ လူတောထဲရောက်လာ ပေမယ့်လို့ လူတောထဲရောက်မသွားတဲ့ စကားတစ်ခွန်းရှိတယ်။ အဲဒါဘာလဲ ဆိုတော့ ဦးတင်ဦးကို ဥက္ကဋ္ဌလုပ်ဖို့ အဆိုပြုတဲ့အခါကျတော့ ဦးတင်ဦးပြောတဲ့ စကားရှိတယ်။

ဒီမှာတဲ့ ကျွန်တော်ပြောမယ်တဲ့၊ အစ်ကိုကြီးပဲလုပ်ပါတဲ့ (ဦးအောင်ကြီးကို ပြောတာ) ကျွန်တော်တို့က အမှန်အတိုင်းပဲတဲ့နော်၊ ဦးနေဝင်းကို ကျွန်တော်တို့ မလွန်ဆန်ဝံ့ဘူးတဲ့ ဦးနေဝင်းကို မကျော်ဝံ့ဘူးတဲ့။ အဲလုပ်မယ့်လုပ်ရင် ဦးနေဝင်းကို ကျော်လွန်ရမယ်၊ လွန်ဆန်ရမယ်ဆိုရင် အစ်ကိုကြီးကပဲလုပ်နိုင်မယ့် အနေ အထားမျိုးရှိပါတယ်။ အဲတော့ အစ်ကိုကြီးပဲလုပ်ပါဆိုပြီးတော့ နောက် ဆုံးပိတ်လည်းကျရော ဒေါ်စုကလည်း ဥက္ကဋ္ဌလုပ်ဖို့ လက်မခံ၊ ဦးတင်ဦးကလည်း လက်မခံဆိုတော့ အော်တိုမက်တစ်ကယ်လီ (Automatically) ဦးအောင်ကြီး လက်ထဲကိုရောက်တာပေါ့။ အဲတော့ ကျွန်တော်ဘာသုံးသပ်ချင်လဲဆိုတဲ့အခါ ကျတော့ ဒီဦးနေဝင်းဟာ သူ့နောက်ကွယ်ကနေဝင်ပြီးတော့ ကြိုးကိုင်တယ်

ပါဝင်တယ် ဘာညာဆိုတာတွေက လက်ဆုပ်လက်ကိုင်ပြနိုင်မှသာ ပြောရမယ့် ကိစ္စတွေပေါ့ဗျာ၊ ဟုတ်လား။ (ပါဝင်မှုက) သို့သော် ကျွန်တော်ပြောချင်တာက တော့ သူတို့ရဲ့စိတ်ထဲမှာကိုက ဦးနေဝင်းရှိနေတယ်။ အဲဒီအခါကျတော့ ဦးနေဝင်း ကို ဘာမှကျော်လွန်နိုင်ခြင်း ဆန့်ကျင်နိုင်ခြင်းမလုပ်ဘူး။

အဲဒီပေါ်မှာတည်ပြီးတော့ ကျွန်တော်တို့ အနဲအယ်လ်ဒီကြားထဲမှာ တွန့်ဆုတ်မှုတွေ ရှိနေတာက ပြီးရင်သူတို့ကို အပြစ်တင်နေတဲ့စကား သို့မဟုတ် ရှုတ်ချတဲ့စကားနဲ့ပြောတာမဟုတ်ပါဘူး။ သူတို့ ဦးနေဝင်းကို လေးစားတဲ့ဟာ တစ်လျှောက်လုံး ရှိလာတဲ့အခါကျတော့ သူတို့ဦးနေဝင်းကို မလွန်ဆန်ဝံ့ဘူး၊ အဲဒီဟာကို တည်ပြီးတော့ တချို့ဟာတွေသူတို့မလုပ်ဝံ့ဘူး၊ ကျွန်တော်က အဲလိုပဲထင်တယ်။

# အခန်း (၁၈)

## မိခင်ကြီးဒေါ်ခင်ကြည်ရှာပန

**ဒေါ်စုမလိုက်ဖြစ်တဲ့ သန်လျင်ခရီးစဉ်**

စောစောကပြောသလို ဒေါ်ခင်ကြည်က အဲဒီအချိန်မှာ တော်တော့်ကို အသဲအသန်ဖြစ်နေပြီ။ အသဲအသန်ဖြစ်နေပြီးတော့ ဒေါ်ခင်ကြည်က ဒီဇင်ဘာလ(၂၇)ရက်နေ့မှာ ကွယ်လွန်သွားတယ်။ ကွယ်လွန်သွားတဲ့အခါကျတော့ ရှာပနကိစ္စလုပ်ကြရတယ်။ အဲဒီနေရာမှာ ကျွန်တော်နည်းနည်းလေး ပြောချင်တဲ့စကားတစ်ခွန်းရှိတယ်။ပြောရတာလဲ အရေးကြီးတဲ့နိုင်ငံရေးကိစ္စမို့လို့ ကျွန်တော်ထည့်ပြောချင်တယ်။ ဖြစ်ပုံကဒီလို၊ ဒေါ်စုကအဲဒီ (၂၇)ရက်နေ့မှာ သန်လျင်ကို သွားဖို့စီစဉ်တယ်။ ကိုမိုးသူလိုက်မယ်ပေါ့။ ဒေါ်စုနဲ့အတူ ကျွန်တော် ခရီးတစ်ခါမှ မသွားဖူးပါဘူး။ ဒေါ်စုနဲ့အတူ ဟောပြောပွဲတောင် ကျွန်တော်အတူတူမသွားဖူးဘူး။ တစ်ခုနှစ်ခုလောက်ပဲ ဌာနချုပ်အပြင်ဘက်ကိုသွားတဲ့ခရီးမှာ ကျွန်တော်ပါဖူးတယ်။

ဒါတောင်မှ ရန်ကုန်မြို့ပေါ်မှာ။ ဥပမာဆိုပါတော့ လမ်းမတော်မြို့နယ် ကျွန်တော်သွားဖူးတယ်။ ရွှေတိဂုံဘုရားပေါ်တက်ပြီးတော့ တန်ဆောင်မုန်းလပြည့်နေ့လား ဘာလားမသိဘူး။ အဲဒီပွဲ ကျွန်တော်တစ်ခါ ဒေါ်စုနဲ့သွားဖူးတယ်။ ဒီလောက်ပဲ။ ကျွန်တော် သိပ်များများမသွားဖူးဘူး။ အဲတော့ ဒီဇင်ဘာလ (၂၇) ရက်နေ့မှာလည်း ဒေါ်စုက သန်လျင်သွားတဲ့အခါမှာ သန်လျင်နဲ့နီးစပ်ရာ ဖြစ်တဲ့ ခရမ်း၊ သုံးခွဘာညာစသည်ပေါ့။ ဟုတ်လား အဲဒီမြို့နယ်ကနေပြီးတော့ NLD အန်အယ်လ်ဒီတွေစုဝေးကြမယ်။ စုဝေးပြီးတော့ အဲဒီမှာ ဒေါ်စုလည်းစကား

ပြောမယ်။ ဒါအစီအစဉ်ကမရှိတယ်။ ရှိတော့ ပြဿနာကဘာဖြစ်လာလဲဆိုတော့ ဒေါ်စုနဲ့ကျွန်တော်နဲ့ စကားပြောတဲ့ဟာလေးတစ်ခုမှာ ကျွန်တော်ကပြောတယ်။

### အရေးကြီးတဲ့ အမျိုးသားညီလာခံကိစ္စ

ကျွန်တော်တို့ အမျိုးသားညီလာခံ ကိစ္စတစ်ခုကိုတော့ ကိုင်တွယ်မှ ဖြစ်လိမ့်မယ်။ ကျွန်တော်တို့မှာ စိတ်ထဲမှာ အမျိုးသားညီလာခံတစ်ခုကို ကျွန်တော်တို့ခေါ်မယ်ဆိုတဲ့ဟာကို ကျွန်တော်တို့ပြောထားသင့်တယ်လို့ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါမျိုးဒီကိစ္စမျိုးဟာ ဦးနေဝင်းက သူ့ခေါင်းထဲမှာ အမြဲတမ်းရှိတယ်။ အကြောင်းကြောင်းကြောင့် အခုစစ်အစိုးရဖြစ်နေပေမယ့်လို့ ဦးနေဝင်းရဲ့တိုက်တွန်းချက်နဲ့ စစ်အစိုးရကနေပြီးများ အမျိုးသားညီလာခံတစ်ခုကို စစ်အစိုးရကနေခေါ်မယ်လို့ ကြေညာလိုက်ရင် ကျွန်တော်တို့အဖို့ အထစ်အငေါ့လို သို့မဟုတ်လည်း အဟန့်အတားလိုပေါ့ ဖြစ်မယ်လို့ထင်တယ်။ အဲတော့ ကျွန်တော်တို့က အမျိုးသားညီလာခံတစ်ခုခေါ်ယူရေးကို ပြောသင့်တယ်ထင်တယ်၊ ဆိုတော့ ဒေါ်စုကဟုတ်တယ်၊ သဘောတူတယ်။ အဲတော့ကောင်းပြီ။ ဒါဖြင့်ဘယ်လိုလုပ်မလဲ ဆိုတဲ့အခါကျတော့ ဒါက ကျွန်တော်တို့ ကြေညာချက်ထုတ်လို့ကောင်းတဲ့ ကိစ္စမျိုးမဟုတ်ဘူး။ ကြေညာချက်ထုတ်တယ်ဆိုရင် အဖွဲ့အစည်းရဲ့အသံဆိုတာထက် ဒေါ်စုကိုယ်တိုင်ကနေပြီးတော့ ဒီစကားဟာ ထွက်သင့်တယ်လို့ထင်တယ်ဆိုတော့ ဒေါ်စုကဟုတ်တယ် ကျွန်မလည်း ဒီလိုပဲ ယူဆတယ်။ ဒါပြောရမယ်။ အရေးကြီးတဲ့ကိစ္စ။ နောက်ပြီးတော့ သူလဲသဘောပေါက်တယ်။ ဦးနေဝင်းဟာ ဒီလိုဟာမျိုးမှာ အဲဒီလိုနိုင်ငံရေး အကွက်တွေဘာတွေ လုပ်တဲ့နေရာမှာ အလွန်ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်၊ သို့မဟုတ် အလွန်လက်ဦးမှုရအောင် လုပ်တတ်တဲ့ပုဂ္ဂိုလ်ဆိုတာ သူယုံတယ်။ အဲလိုဆိုရင် သန်လျင်ကိုသွားတဲ့အခါမှာ ကျွန်မထည့်ပြောမယ်။ အမျိုးသားညီလာခံတစ်ရပ် ကျင်းပရေးအတွက် ကျွန်မတို့ ဆန္ဒရှိပါတယ်။ ကျွန်မတို့မှာဦးတည်ချက်ရှိပါတယ် ဆိုတာကိုတော့ ကျွန်မ ပြောလိုက်တော့မယ်ဆိုပြီးတော့ နေရော။

အဲဒီဒီဇင်ဘာလ (၂၇)ရက်နေ့ မနက်(၅)နာရီလောက်မှာ ဒေါ်စုက ကျွန်တော့်ဆီကိုဖုန်းဆက်တယ်။ ဆရာတဲ့ ဆရာပဲသန်လျင်ကိုလိုက်သွားလိုက်ပါတဲ့။ ဒီမှာအသွားကြီးက ကျွန်တော်ထင်တယ် နာရီပိုင်းပဲခံတော့မယ်တဲ့။ ကျွန်မလိုက်လို့မဖြစ်ဘူးတဲ့။ ဆိုတော့ ကျွန်တော်ကလည်း ပုဂ္ဂိုလ်ရေး သူ့ရဲ့

အလွန်အရေးကြီးတဲ့ သူ့ရဲ့မိခင် မကျန်းမမာဖြစ်တဲ့ကိစ္စ။ သို့မဟုတ်ရင်လည်း အရပ်စကား ပြောရရင် သေငယ်ဇော ဖျောနေတဲ့အချိန်မျိုးမှာ ကျွန်တော်က နိုင်ငံရေးကိစ္စကလည်း မဆီမဆိုင်ခေါင်းထဲဝင်လာတယ်။ ပြောရမယ်လို့ ထင်ရတဲ့ စိတ်ကူးက ပေါ်လာတဲ့အခါဆိုတော့ ကျွန်တော်က ပြောလိုက်မိတယ်။

ဒေါ်စု ကဲဒါဖြင့်ရင်တော့ ဒေါ်စုမသွားနိုင်ဘူးဆိုလဲ ကျွန်တော် သွားလိုက်ပါ့မယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့အမျိုးသားညီလာခံကိစ္စ ဘယ်လို လုပ်မလဲဆိုတော့ ဒေါ်စုကနေပြီးတော့ ဟားဆရာ ဆရာပဲပြောလိုက်ပါတဲ့။ ဆိုတော့ ကျွန်တော်ကချက်ချင်းငြင်းတယ်။ ဒေါ်စုမလုပ်နဲ့ ဒီကိစ္စမျိုးဆိုတာ အလွန်အရေးကြီးတဲ့ဟာ ကျွန်တော်တို့လို ပါမွားလူရာမဝင်တဲ့ လူကနေပြီးတော့ ဝင်ပြီးတော့ ဒီလိုကိစ္စမျိုးကိုပြောလို့ ဘာမှထိရောက်မှာမဟုတ်ဘူး။ အလဟသ ဖြစ်သွားမယ် နောက်ပြီးတော့ ရှင်းရှင်းပြောရရင် စစ်တပ်ကို အိုင်ဒီယာပေးသလို တောင် ဖြစ်သွားနိုင်တယ်ဆိုပြီးတော့ ကျွန်တော်ကပြောတဲ့အခါကျတော့ ဒေါ်စုကမဟုတ်ဘူး မဟုတ်ဘူးဆရာ ဒါအချိန်မရှိဘူးတဲ့။ ကျွန်မတို့က ဒီကိစ္စကို စောစောစီးစီး ကြေညာပြီးသားဖြစ်မှ ကောင်းမယ်တဲ့။ ဆိုတော့ ကျွန်တော်က ဒေါ်စုဒီလိုလုပ် ကျွန်တော်တော့မပြောချင်ဘူး။ ကျွန်တော် ပြောကို မပြောသင့်ဘူး ထင်တယ်။ ဒါက ခေါင်းဆောင်တစ်ယောက်ပြောရမယ့် စကားဖြစ်နေတယ်။ သို့သော် ဒေါ်စုကနေ အင်စစ်(insist)လုပ်ရင်တော့ အတင်းတိုက်တွန်းရင်တော့ ကျွန်တော် ဒီစကားလေးကို စကားဦးသန်းတဲ့အနေနဲ့ ကျွန်တော်ပြောခဲ့မယ်။ ဆိုတော့လုပ်ပါလုပ်ပါတဲ့။ ဒီလိုနဲ့ ကျွန်တော်နဲ့ ကိုမိုးသူတို့အဖွဲ့ ဒေါ်စုမပါဘဲ သန်လျင်ဘက်ကို ခရီးထွက်ခဲ့ကြတယ်။

သန်လျင်ကျတဲ့အခါကျတော့ အဲဒီမြို့နယ်ပေါင်းစုံက ပါတီဝင်တွေ တက်လာကြတယ်။ ဆွေးနွေးပွဲတွေလုပ်တယ်။ အဲဒီမှာ ကျွန်တော်စကားနည်းနည်း ပြောရတယ်ပေါ့။ စကားပြောတဲ့အထဲမှာ ကျွန်တော်စကားတစ်ခွန်း ထည့်ပြော တယ်။ ကျွန်တော်တို့တွေဟာ ကျွန်တော်တို့ရဲ့ပါတီ ရှေ့လျှောက်လုပ်မယ့်တွေထဲ မှာ အမျိုးသားညီလာခံကျင်းပရေးဆိုတဲ့ကိစ္စလည်း ပါပါတယ်ဆိုတာကို ကျွန်တော် နည်းနည်းပဲပြောတယ်။ ဒါတောင်တချို့လူတွေက မှတ်တောင်မမှတ်မိဘူး။ ဘာဖြစ် လို့လဲဆိုတော့ ဒီဟာတွေကို အသံသွင်းထားတာ ဘာညာလဲ မလုပ်နိုင်ဘူးနဲ့ တူပါတယ်။ ထားပါတော့ အဲဒီသန်လျင်မှာ ကျွန်တော်ပြောခဲ့တဲ့ စကားလေး ရှိတယ်။ သို့သော် အဲဒီအချိန်ထိလည်း စစ်တပ်က ဘာမှအမျိုးသားညီလာခံ ကိစ္စမပေါ်ဘူး။ ဒါကြောင့် ဒီအမျိုးသားညီလာခံဆိုတဲ့ကိစ္စဟာ ရှေ့နှစ်ပေါ့ဗျာ။

(၁၉၈၉)ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရောက်တဲ့အခါကျတော့ ဒီကိစ္စဟာ တစ်ခါ တည်းကမ္ဘာသိ ဒေါ်စုကိုယ်တိုင်တက်ရောက်တဲ့။ ပင်လုံကျောက်တိုင်ရှေ့မှာ အခမ်းအနားကျင်းပတဲ့အခါမှာ ကျွန်တော်တို့ အမျိုးသားညီလာခံတစ်ခု ခေါ်ယူမယ်ဆိုတဲ့စာတမ်းကို ကိုမိုးသူက ဖတ်လိုက်တယ်။ အဲဒီစာတမ်းကလည်း ဒေါ်စုကနေပြီးတော့ စီအီးစီမှာတင်ပါဆိုတဲ့အတွက် ကျွန်တော်လုပ်တာ။ ဒါ နောက်မှပဲ ဒီကိစ္စပြောတော့မယ်။ အဲကိစ္စထားလိုက်ပါဦး။

## ဒေါ်ခင်ကြည်ဂူဗိမာန်ထားရှိမယ့် မြေနေရာကိစ္စ

ဒေါ်ခင်ကြည် ဈာပနကို ကျွန်တော်ဆက်ပြောမယ်။ ဒီဒေါ်ခင်ကြည်ရဲ့ ဈာပနဖြစ်သွားတဲ့အခါကျတော့ ပြဿနာတွေအများကြီးတက်လာတယ်။ ပြဿနာတွေအများကြီးထဲမှာ တစ်ခုကဘာလဲဆိုလို့ရှိရင် ပထမမြေနေရာ ကိစ္စပေါ့။ မြေနေရာကိစ္စဆိုတော့ ကျွန်တော်ကပြောဖူးတယ် ဒေါ်စုကို ဘယ်လို သင်္ဂြိုလ်မှာလဲဆိုတော့ ဒေါ်စုက ဒီဟာ ကျွန်မဘာပဲပြောပြော ကျွန်မတို့ သုသာန် မှာ သာမန်သင်္ဂြိုလ်တာမျိုး အသင်္ဂြိုလ်မခံနိုင်ဘူး။ ဟုတ်လား အဲတော့ ကျွန်မ မြေနေရာတောင်းချင်တယ်။ ဆိုတော့ ဒါကရှင်းရှင်းပြောရရင် ဒေါ်ခင်ကြည် မဆုံးခင်လောက်ထဲက ဒီကိစ္စ ကျွန်တော်တို့စဉ်းစားနေတာ။

အဲတော့ ကျွန်တော်တို့ ကြားဖူးတာတွေရှိတယ်။ ဒေါ်စုလည်း ကြားဖူး တဲ့ဟာရှိတယ်။ အခြားပုဂ္ဂိုလ်များကြားဖူးတာလဲရှိတယ်။ အဲဒါကဘာလဲဆိုတော့ ဂျပန်ခေတ်မှာ ဒီအာဇာနည်ကုန်းလိုဟာမျိုးတစ်ခု ဖန်တီးဖို့လုပ်တယ်။ လုပ်တော့ တဲ့အခါကျတော့ အဲဒီမြေကွက်ကို ဘယ်နေရာသတ်မှတ်မလဲဆိုတဲ့အခါကျတော့ ရွှေတိဂုံဘုရားရဲ့ပတ်ဝန်းကျင်မှာ ရှိတဲ့မြေနေရာတစ်နေရာကို သတ်မှတ်တယ်ဆို တဲ့ဟာလေးရှိတယ်။ ဆိုတော့ အဲဒီကိစ္စကို ဒါမြင့် ရှာကြရအောင်ဆိုပြီး လုပ်တဲ့ အခါမှာ ဒေါ်စုနားမှာ ရှိနေတဲ့လူက ကျွန်တော်တို့ တက္ကသိုလ်စာကြည့်တိုက်မှာ လုပ်ခဲ့တဲ့ ကိုမြင့်ဆွေဆိုတာရှိတယ်။ အဲကိုမြင့်ဆွေက ဦးသော်ကောင်းရဲ့ တပည့် အရင်းပေါ့။ စာတွေဘာတွေဝါသနာပါတယ်။ ဒေါ်စုကို စာတွေအများကြီး ရှာဖွေ ပေးခဲ့တယ်။ အဲဒါကြောင့်သူကလည်း တစ်ဖက်ကနေပြီးတော့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနဲ့ ရွှေနီးမျိုးစပ်စသည်တော်တယ်။ ဘာညာဆိုတဲ့ အဆို ကလည်း ရှိတဲ့အခါကျတော့ ဒေါ်စုကလည်း တော်တော့ကို သူ့ကိုအားကိုးတယ်။ ဟိုပစ္စည်းရှာခိုင်း၊ ဒီစာရှာခိုင်းပေါ့။ အဲတော့ ကျွန်တော်တို့ကနေပြီးတော့ ကဲ ကိုမြင့်ဆွေ အဲဒီမြေကိစ္စကိုရှာ။ မသိရင် ဆရာဦးသော်ကောင်းတို့ဘာတို့ကို

ချဉ်းကပ်ပြီးတော့ နည်းနည်းမေးပါ။ ရှာပါဆိုတော့ သူတို့မတွေ့ဘူး။ အဲလိုဖြစ်နေတဲ့အခါကျတော့ ကောင်းပြီ အဲဒီနေရာတွေသိပ်ရှာမနေနဲ့တော့ မဖြစ်တော့ဘူး။ အဲတော့ ကျွန်တော်တို့မြေနေရာတောင်းမယ်။ ကျွန်တော်တို့ကို မြေနေရာပေးပါ။ ဆိုတော့ စစ်တပ်ကမပေးချင်ဘူး။ အဲတော့ ဒေါ်စုက အဲဒါမျိုးနဲ့ ပတ်သက်ရင် နိုင်မာတယ်၊ ဒေါ်စုက ဆုံးဖြတ်ပြီးရင် မရရအောင်လုပ်တတ်တဲ့ အကျင့်ရှိတယ်။ ဆိုတဲ့အခါကျတော့ ဒေါ်စုကဒီကိစ္စကို အနိုင်အမာကိုပြောပြီး တောင်းတာပေါ့။ နောက်ဆုံးပိတ်လည်း ကျလည်းကျရော ဒေါ်စုကို ခွင့်ပြုလိုက်ရတယ်။ မြေနေရာပေးလိုက်ရတယ်။ အဲဒီမြေနေရာက ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ဦးသန့်ရဲ့ ဂူဗိမာန်နှစ်ခုကြားထဲက မြေကွက်မှာချပေးမယ်ဆိုတဲ့ ကိစ္စလေးတစ်ခု ဖြစ်သွားတယ်။ ဒါကတစ်ခု။

## ဂူဗိမာန်ဒီဇိုင်းပုံစံ ရွေးချယ်ခြင်း

နောက်တစ်ခုက တစ်ဆက်တည်းပဲ ဂူဗိမာန်နဲ့ဆက်ပြီးတော့ ပြောရအုံးမယ်။ ဒေါ်စုက အဲဒီဟာမှာ ဒါဖြင့်ရင် ဗိမာန်ကို ဘယ်လိုပုံစံနဲ့ ဆောက်မလဲဆိုတဲ့အခါကျတော့ ကျွန်တော်တို့က ဗိမာန်ကိစ္စတွေဘာတွေကို ကျွန်တော်တို့ထဲမှာ ဗိသုကာဦးကျော်မင်းကလည်း ကျွန်တော်တို့ရဲ့ ဗဟိုကော်မတီဝင်ပေါ့။ နောက်တစ်ခါ ကိုတင်မိုးတို့ ကိုမိုးသူတို့နဲ့စပ်ဆက်ပြီးတော့ ကျွန်တော်တို့အသိုင်းအဝိုင်းထဲမှာရှိတဲ့ ဆရာရွှေဆိုတဲ့ ဗိသုကာတစ်ဦးရှိတယ်ဗျ။ ဒီလူကလည်း ဗိသုကာသင်တန်းတို့ဘာတို့မှာ RIT တို့ဘာတို့မှာ ဆရာလုပ်နေတဲ့ပုဂ္ဂိုလ်ပေါ့။ ဒီလူရဲ့အကြံ၊ ဒီလူရဲ့ပုံစံတို့ဘာတို့လည်း ကျွန်တော်တို့ကထည့်ပြီးတော့လိုချင်ပြန်ရောဗျ။

အဲတော့ဆိုလိုတာက ကျွန်တော်တို့ဆီမှာ ဗိသုကာတွေရှိတယ်။ အဲတော့ ဘယ်ပုံစံလုပ်မလဲ၊ ဘယ်လိုရေးမလဲဆိုတဲ့အခါကျတော့ ဒေါ်စုကပြောတာ လွယ်လွယ်လေးရယ်၊ လုပ်ကြပါ။ ဗိသုကာတွေက တည်ဆောက်ရေးအတွက် လုပ်ကြပါ။ သို့မဟုတ်လည်း ပြန်ပြီးတော့ ဗိသုကာလက္ခဏာနဲ့ ပြည့်စုံအောင် ဒီဇိုင်းတို့ဘာတို့လုပ်ချင်လုပ်ပါ။ ဒါပေမယ့် အရေးကြီးဆုံးက ဘာလဲဆိုတော့ ဒီဂူဗိမာန်ရဲ့ပုံသဏ္ဍာန်ဟာ ကျွန်မအမေ အမြဲတမ်းထိုင်တဲ့ ဝရံတာလေး။ အပေါ်ထပ်က ဝရန်တာလေး၊ ကျွန်မအမေဟာ အမြဲတမ်းအောက်ထပ်မှာဖြစ်ဖြစ် အဲဒီဝရန်တာအပေါ်မှာဖြစ်ဖြစ် ထိုင်ပြီးတော့ အင်းယားကန်ဘက်ကို ညနေပိုင်းကျရင်ငေးပြီးတော့ ထိုင်လေ့ရှိတယ်။ သို့မဟုတ် တွေးပြီးတော့ ထိုင်လေ့ရှိတယ်။ သို့မဟုတ်လည်း တရားမှတ်ပြီးတော့ ထိုင်လေ့ရှိတယ်ဆိုပြီးတော့ သူက အဲဒီ

သူ့ရဲ့အိမ်ရဲ့ပေါ်မှာ လမ်းဘက်က ကြည့်ရင်မမြင်ရဘူး။ အင်းယားကန်ဘက်မှာ ရှိတဲ့ သူတို့အိမ်ရဲ့ ဝရန်တာလေးရှိတယ်။ အဲဒီပုံစံပဲကျွန်မအမေရဲ့ ဂူကိုဆောက်မယ်ဆိုပြီးဖြစ်သွားတဲ့အတွက် အခုကျွန်တော်တို့ ဒေါ်ခင်ကြည်ရဲ့ ဂူဗိမာန်ဟာ ပုံသဏ္ဌာန်အားဖြင့် ဗိသုကာအရ အဆန်းတကျယ်ထွင်လုပ်တာ မဟုတ်ဘူး။ ဒါမှမဟုတ်လည်း ရိုးရိုးတန်းတန်းပဲ ဖြစ်ကတတ်ဆန်း လုပ်လိုက်တာလည်းမဟုတ်ဘူး။ ဒီပုံဟာ ဒေါ်စုရဲ့ တောင်းဆိုချက်အရ၊ အကြံပေးချက်အရ ပေါ်လာတဲ့ သူ့အိမ်ရဲ့ဝရန်တာ။ ဒေါ်ခင်ကြည်အမြဲတမ်းထိုင်လေ့ရှိတဲ့ အိမ်ဝရန်တာပုံကို အခြေပြုပြီးတော့ဆွဲထားတဲ့ ဗိသုကာပုံစံလို့ ကျွန်တော် ပြောချင်တယ်။ ဒါလေးက မှတ်သားဖို့ကိစ္စပေါ့။

**ဈာပနအခမ်းအနားကို ဘယ်လိုဘယ်ပုံလုပ်မလဲ**

နောက်တစ်ခုက ဒေါ်ခင်ကြည်ဈာပနဖြစ်တဲ့ကာလမှာ လူတွေမသိလိုက်တာတစ်ခုက မသိဘဲဖြစ်တာတစ်ခုက ဘာလဲဆိုတော့ ဒေါ်ခင်ကြည်ရဲ့ ဈာပနကို ဘယ်မှာဘယ်တော့ သင်္ဂြိုလ်မှာလဲ၊ ဘယ်သူက သင်္ဂြိုလ်မှာလဲ ဘယ်ပုံစံနဲ့လုပ်မှာလဲ ဆိုတဲ့ပြဿနာကလည်း တော်တော်တက်တယ်။ အဲဟာမှာ ကျောင်းသားအင်အားစုတွေပါတယ်။ ဘုန်းကြီးတွေပါတယ်။ တခြားအလုပ်သမားတို့ဘာတို့ပါတယ်။ အစုအဖွဲ့ကနေပြီးတော့ ဒေါ်ခင်ကြည်ရဲ့ရုပ်ကလာပ်ကြီးကို ဒီမြို့တော်ခန်းမကိုသယ်မယ်။ သယ်ပြီးတော့ ပြည်သူ့ဈာပနအနေနဲ့ လုပ်မယ်ဆိုတဲ့ လိုင်းတွေကရှိနေတယ်။ အတွင်းမှာ ကြိတ်ကြိတ်ကြိတ်ကြိတ်ဖြစ်နေတယ်။ ဖြစ်နေတဲ့အခါကျတော့ ဒါတွေက လူမသိဘူး။ အဲဒီအချိန်မှာ ကျွန်တော်က စကားဖြတ်ပြောရဦးမယ်။ ကျွန်တော်က ဈာပနကော်မတီရဲ့ အတွင်းရေးမှူးပေါ့၊ အတွင်းရေးမှူးလုပ်တာနဲ့ပတ်သက်လို့လဲ ကျွန်တော်တို့မှာ ပြဿနာတော်တော်များများဖြစ်ပြီးမှ ကျွန်တော်က အတွင်းရေးမှူးတာဝန်ယူလိုက်ရတာ။ ယူလိုက်ရတဲ့အခါကျတော့ နောက်ပိုင်း အခုသခင်တင်မြတို့ဘာတို့ကလည်း အဲဒီကော်မတီမှာ ပါတယ်။ အဲသခင်တင်မြကနေပြီးတော့ သူ့ရဲ့မှတ်တမ်းတစ်ခုထဲမှာပြောတဲ့ အခါကျတော့ ဥက္ကဋ္ဌနာမည် ဗိုလ်ရဲထွဋ်ဆိုတာကတော့ထည့်တယ်။

အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော့်နာမည်တောင်မှ မဖော်ပြဘဲနဲ့ ဟိုဟာရေး ဒီဟာရေး ဒါတွေလုပ်သွားတဲ့ဟာတွေရှိတယ်။ ဆိုလိုတာက ဈာပနကော်မတီနဲ့ပတ်သက်လို့လဲ ပြဿနာတွေကအတော်ကလေးရှိတယ်၊ သို့သော် ဒါကသိပ်အရေးမကြီးပါဘူး။ ဈာပနကြီးကသာ အရေးကြီးတာကို၊ ဈာပနကော်မတီဆို

တာက ကွပ်ကဲတယ်ဘာညာပြောနေတာ။ အမှန်တော့မဟုတ်ဘူး။ ဗုဒ္ဓဘာသာစကားနဲ့ပြောရရင် ဒီရှာပနကြီးက သူ့သဘောသူဆောင်ပြီးတော့ ဖြစ်သွားတာ၊ ဘာဖြစ်လို့ သူ့သဘောသူဆောင်သွားသလဲလို့ ကျွန်တော်ပြောနိုင်သလဲဆိုတဲ့ အခါကျတော့ ဒီဟာကြီးကို ပြည်သူ့ရှာပနလုပ်မယ်ဆိုတဲ့ ကော်မတီကိစ္စပေါ်လာတယ် လှုပ်ရှားဖို့တစ်ခုပေါ်လာတယ်။ ပေါ်လာတဲ့အခါကျတော့ ညကြီးမှာ ကျွန်တော် အဲဒီလူတွေကို မြဝတီခါးမကြီးက မဟုတ်ဘဲနဲ့ ဟိုပြန်ကြားရေးမလွယ် ပေါက်ကလေးထဲကနေဖွင့်ပြီးတော့သွင်း။ သွင်းပြီးတော့ ဒေါ်စုကိုခေါ်ပြီးတော့ အဲဒီလူတွေနဲ့တွေ့ပေးရတယ်ဗျ။

အဲလူတွေကလည်း အကြီးအကျယ်ကို တစ်ခါတည်း ဆိုပါတော့ ဦးသန့်ရှာပနလုပ်ခဲ့တဲ့အစဉ်အလာကလည်း ရှိတယ်မဟုတ်လား။ ဦးသန့်ရှာပနတို့မှာ လုပ်နည်းကားမျိုး အနေအထားမျိုး သူတို့လှုပ်ရှားချင်တဲ့ဟာတွေ ရှိလာတယ်။ အဲဒါကြောင့် ဒီဟာကို မြို့တော်ခန်းမကိုပို့မယ်၊ မြို့တော်ခန်းမကနေ ပို့ပြီးမှ မြို့တော်ခန်းမတနေ သူရဲ့ဗိမာန်သတ်မှတ်တဲ့နေရာကို ချမယ်ဘာညာဆိုတဲ့ ဟာတွေဘာတွေ တောင်းဆိုမှုတွေဘာတွေ ကြိတ်ကြိတ်ဖြစ်နေတယ်။

## ပြတ်သားတဲ့ဒေါ်စု

ဒီနေရာမှာဒေါ်စုဟာ သူ့ဖခင်ရဲ့ခြေရာကိုနင်းနိုင်တဲ့ ပြတ်ပြတ်သားသား လုပ်တတ်ပုံလို ထပ်ပြီးမြင်ရပြန်တယ်။ ပြတ်ပြတ်သားသားလုပ်ကြဆိုတဲ့ဟာ သူကပြောမယ်ဆိုလဲ ပြောလောက်ပေတယ်။ သူ့အဖေစကားတော့ သူ့အဖေစကားပေါ့။ သူကိုယ်တိုင်လည်းပြတ်ပြတ်သားသား လုပ်တတ်တဲ့ဟာတွေက ရှိတယ်။ ဒေါ်စုကပြတ်ပြတ်သားလုပ်တဲ့ နေရာမှာ သူဒါလုပ်မယ်ဆိုရင် ကျန်တဲ့လူပြောလို့မရဘူး။ ဒီလိုဟာမျိုး။ အဲတော့ သူကပြောတာ ဘယ်လောက်ပဲ လူတွေကနေ ခုပြောသလို ကော်မတီတွေကနေ ဖျောင်းဖျတဲ့သဘောလဲပါတာပေါ့။ သို့မဟုတ်လည်း နိုင်ငံရေးစကားတွေပါလာတယ်ပေါ့။ အမျိုးစုံပေါ့။ ပြည်သူ့ရှာပနဖြစ်ဖို့ ဘယ်လိုရှိတယ်၊ ဘာညာတွေလည်းပါတယ်။ ဒေါ်စုက အကုန်လုံးကို နိုး(၈၀)ပဲ နိုးပဲ၊ မလိုချင်ဘူး။ ဒါကျွန်မအမေ ကျွန်မရဲ့ရှာပန ဟုတ်လား၊ အဲတော့ ပြည်သူတွေပါဝင်ရမယ်၊ ဒါကိုကျွန်မလက်ခံတယ်။ ပြည်သူတွေနဲ့သက်ဆိုင်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်ဆိုတာ မှန်တယ်။ ဒါပေမယ့်လို့ အဓိကအားဖြင့်တော့ဒါ ကျွန်မရဲ့အမေ၊ အဓိကအဆိုင်ဆုံးက ကျွန်မပဲ။ အဲတော့ ကျွန်မရဲ့အဆုံးအဖြတ်က ဘာလဲဆိုတော့ ဒေါ်ခင်ကြည်ကွယ်လွန်တဲ့ဒီအိမ်ကပဲ

ရှာပနချမယ်။ ကျန်တဲ့ကော်မတီဖွဲ့ပြီးတော့ ပြည်သူ့ရှာပနကော်မတီတို့ဘာတို့ ကျွန်မလက်မခံဘူး။ ဆိုတဲ့ဟာ အတော်ကိုလုပ်ရတယ်။ အတော်ကိုညှိရတယ်။ တစ်ခါတလေကျတော့လည်း ဒေါ်စုက စကားတော်တော်လေးကို ဖြတ်သားလွန်းအားကြီးတဲ့အခါကျတော့ အထဲမှာ ကျန်တဲ့လူတွေ ဘာတွေကလည်း သိတဲ့အတိုင်းပဲ တက်ကြွနေတဲ့လူတွေနဲ့ကြတော့ စကားပြောရတာ၊ ညှိရတာ တော်တော်ခက်တဲ့ဟာတွေရှိတယ်။

## တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီး

ကျွန်တော်တို့ကြားဝင်ပြီးတော့ ဆောင်ရွက်ပေးတဲ့ လူတွေဘာတွေအဖို့က ကြားညှပ်နေတာတွေ အများကြီးရှိတယ်။ ဒါကပြဿနာတစ်ခု၊ နောက်ပြဿနာတစ်ခုက ဘာလဲဆိုရင် လူမသိတဲ့ပြဿနာတစ်ခုက ဒီရှာပနလည်းလုပ်ကော ဒေါ်စုက ဒီရှာပနကြော်ငြာမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်ပေါ့ဗျာ။ ဟုတ်လား အဲဒီနေရာမှာ ဒီဒေါ်စုက ဘာလဲဆိုလို့ရှိရင် ဘယ်စကားကို ရှေ့ကနေတင်သလဲဆိုရင် တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီးဆိုတဲ့စကားကို ရှေ့ကနေတင်တယ်။ ဆိုလိုတာက တပ်မတော်ကို ဘာပဲပြောပြော ဗိုလ်ချုပ်အောင်ဆန်းရဲ့လိုက်ဖ်(life)မှာ အရေးကြီးတာက အမျိုးသားခေါင်းဆောင်ကြီးလို့ဖြစ်လာတာ ဒုတိယ၊ ပထမဂုဏ်ရည်က ဘာလဲဆိုရင် တပ်မတော်ဖခင်ကြီးဆိုတာက ဒါပထမ။ အဲလို ယူဆတော့ ဒီကြော်ငြာကျွန်တော်တို့ထည့်မယ်လို့ ရေးတဲ့အခါကျတော့ သူက ဘာကစရေးလဲ ဆိုတော့၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး၊ အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ဇနီးပေါ့ဗျာ။

အဲလို ပုံစံမျိုးလုပ်တဲ့အခါကျတော့ လူတော်တော်များများက အမျိုးသားခေါင်းဆောင်ကြီးဆိုတဲ့ ဒီစကားကို ရှေ့ကတင်စေချင်တယ်။ တပ်မတော်ဖခင်ကြီးဆိုတာကို ဒုတိယထားချင်တယ်။ ဆိုတဲ့အခါကျတော့ ဒေါ်စုကလက်မခံဘူး။ ဒါနဲ့ကိုင်ပြီးလုပ်တဲ့အခါ ကြော်ငြာထည့်တယ်၊ ကြော်ငြာက ဒီသတင်းစာတွေထဲမှာပါတယ်။ ကျွန်တော်စကားလုံးတွေတော့ အတိအကျမမှတ်မိတော့ဘူး။ ဒီတပ်မတော်နဲ့ပတ်သက်တဲ့ဟာ ဒီရှာပနမှာဝင်ပြီးတော့ တစ်ခါတည်း ထိုးဖောက်ဝင်ရောက်လိမ်ယှက်လာတဲ့ဟာ ပေါ်လာတယ်။ ဘာဖြစ်လို့ ဒီစကားကို ကျွန်တော်သုံးလဲဆိုတဲ့အခါကျတော့ ထိုးဖောက်လိမ်ယှက်လာတယ်ဆိုတဲ့အကြောင်းဟာ တပ်မတော်ဖခင်ကြီးဆိုတဲ့စကားကို နောက်ပို့ချင်တယ်။ တပ်မတော်ဆိုတဲ့

ကောက်ကို ပါကိုမပါချင်ဘူးဆိုတဲ့ လူသိုက်တွေနဲ့ဒေါ်စုနဲ့ တစ်ခါပြဿနာတွေ ဖြစ်ပြန်ရော၊ ဒါကတစ်ခု။

## ရွာပနမှာ တပ်မတော်ရဲ့ပါဝင်ကူညီမှုအပေါ် တုံ့ပြန်မှုများ

နောက်တစ်ခုကဘာဖြစ်လဲဆိုတော့ ဒီရွာပနမှာ ဝင်ပြီးတော့ တပ်မတော်က အကူအညီပေးမယ်ဆိုပြီးလုပ်တယ်။ လုပ်တဲ့အခါကျတော့ လူတွေကလက်မခံချင်ကြဘူး။ လူတော်တော်များများကပေါ့ ဒေါ်စုက မဟုတ်ဘူး လက်ခံရမယ်။ ဒါဟာ ဘာပဲပြောပြော တပ်မတော်ဖခင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီး။ အဲတော့ တပ်မတော်ရဲ့ပါဝင်ပတ်သက်မှုက ရှိကိုရှိရမယ်၊ လက်ခံရမယ်။ လက်ခံတယ်ဆိုပြီးတော့ လုပ်ကောဗျ။ လုပ်တဲ့အခါကျတော့ တပ်မတော်ကနေလာပြီးတော့ ကော်ဖီတွေတိုက်တယ်။ နို့ဆီနဲ့ဘာနဲ့ပေါ့။ ကျွန်တော်တို့လဲ အဲဒီကာလမှာ ရှင်းရှင်းပြောရရင် နို့ဆီနဲ့ဘာနဲ့ ဖျော်သောက်နိုင်တဲ့အနေအထားကို လူတွေကတော်တော်များများက မရှိကြဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ နို့ဆီကလည်း အလွန်ရှားတာကိုး။

အဲဒါက နို့ဆီတွေ ဘာတွေက စစ်တပ်မှာပဲရှိနေတာကို။ အဲဒီအချိန်က တပ်မတော်ကနေ နောက်ပြီးတော့ နို့ဆီနဲ့ဘာနဲ့ ကော်ဖီတိုက်တဲ့အခါကျတော့ ဧည့်သည်တွေကို ကျကျနနဧည့်ခံနိုင်တာပေါ့။ အဲဒီဧည့်ခံတဲ့ ကော်ဖီပန်းကန်တွေမှာ ဘာပါလဲဆိုတော့ တပ်မတော်၊ တပ်မတော်ဆိုတဲ့ စာလုံးတွေကပါတယ်။ အဲဒီအခါမှာ တစ်ချို့လူတွေက ဘာလဲဆိုတော့ ဟင်းဒါက တပ်မတော်က ဟာလား အေး . . တပ်မတော်ဟာဆိုမသောက်ဘူးကွ ဆိုပြီးတော့ သွန်ပစ်တဲ့လူတွေကလည်းရှိတယ်။ အဲဒီမှာ အကျယ်အကျယ်အသံတွေ ထွက်လာတဲ့ဟာတွေကလည်း ရှိတဲ့အခါကျတော့ အဲဒါတွေလည်း လိုက်ထိန်းရပေါ့ဗျာ။ နောက်တစ်ခါ တချို့ကဘာပြောလဲဆိုတော့ ဒီမှာဘာဖြစ်လို့ တပ်မတော်ဆိုတဲ့ဟာ ရှိရမှာလဲ၊ ပန်းကန်ရှိရမှာလဲ ခွဲတယ်ကွာဆိုပြီး ရိုက်ခွဲတဲ့ကောင်တွေကလည်း ရိုက်ခွဲတဲ့လူတွေ ရိုက်ခွဲတဲ့ ပုဂ္ဂိုလ်တွေကလည်း ရှိပြန်ရောဗျ။ ပြဿနာတွေက။

## နီဗွာန်ယာဉ်နဲ့ ဦးနေဝင်းပန်းခွေကိစ္စ

ဒေါ်ခင်ကြည်ရဲ့ရွာပနမှာ နီဗွာန်ယာဉ်နဲ့ပတ်သက်တဲ့ ပြဿနာတစ်ခုလည်း တက်ခဲ့ပြန်သေးတယ်။ ဒေါ်ခင်ကြည်အလောင်းကို တင်မယ့်ဟာနဲ့ ပတ်သက်ပြီးတော့ အသုဘယာဉ်ကို ဘယ်လိုလုပ်မလဲ၊ ဦးပန်ချာဆီသွားပြီးတော့

တောင်းမလား မတော်တဆများ လမ်းမှာကားများ ပျက်သွားမလားစသည် ဒီလို ဟာတွေ ပေါ်နေတဲ့အချိန်မှာ စစ်တပ်ကနေလာပြီးတော့ ကားအသစ်စက်စက် ကားကြီးတစ်စီး လာပေးတယ်။ ကားရဲ့တံဆိပ်မှာလဲ ထုံးစံအတိုင်းပေါ့၊ နံပါတ်တွေတော့ ကျွန်တော် မပြောတက်ပါဘူး။ သိတဲ့အတိုင်းပဲ စစ်ကားဆို လို့ရှိရင် ဘာလဲမျှားပါတယ်မဟုတ်လား။ ပါတဲ့အခါကျတော့ လူတွေက အကုန်လုံးဒီတံဆိပ်ကိုလက်မခံဘူး။ ဒီတံဆိပ်ရိုက်ချိုးမယ် ဘာညာဖြစ်နေ ပြန်ရော။ ဒီအသုဘတင်တဲ့ယာဉ်ကို ပထမဦးဆုံးအဆင့်ကတော့ အသုဘယာဉ် ကို လက်ကိုမခံချင်ဘူး။

သို့သော် မတတ်သာလို့ ဒေါ်စုကလက်ခံတဲ့အတွက် လက်ခံပြီဆိုရင် တံဆိပ်ပါတဲ့ တပ်မတော်ကားများရဲ့နံပါတ်ကို မလိုချင်ဘူးဖြုတ်ပစ်မယ်။ ရှုန်းရှုန်း ဖြစ်နေတယ် အဲဒါ ဘယ်လိုလုပ်ရမမှန်မသိဘူးပေါ့။ နောက်ဆုံးပိတ်ကျတော့ ဒီလိုလုပ်ဘာမှလုပ်မနေနဲ့ NLD အန်အယ်လ်ဒီ အလံတွေက အသေးလေးတွေ ရိုက်ထားတာတွေရှိတယ်။ အဲဒီမျှားပေါ်မှာသွားပြီးတော့ NLD အန်အယ်လ်ဒီ အလံကို ကော်သုတ်ပြီးကပ်လိုက်တော့။ ဒီပြဿနာက တစ်ခုပြီးသွားပြန်ရော ပေါ့။ နောက်တစ်ခါ ဒီအသုဘယာဉ်ပေါ်မှာ ဦးနေဝင်းရဲ့လွမ်းသူပန်းခွေက ရောက်လာတယ်။ လွမ်းသူပန်းခွေရောက်လာတော့ ဟား ဦးနေဝင်းလွမ်းသူ ပန်းခွေကို ဒီကားပေါ်မှာမချိတ်ရဘူး။ ချိတ်ရမယ်နဲ့ပြဿနာနဲ့ ပွစိပွစိ။ တစ်ခါ ဦးနေဝင်းဟာကြီးကို အပေါ်မှာတက်ချိတ်တဲ့ကောင်က သူတို့ဘာသာသူတို့ လုပ်ကြဲမှုပေါ့။ အဲချိတ်ပေးမယ့်တစ်ယောက်က သူတို့လူတွေ တက်ပြီးတော့ ချိတ်မလိုလုပ်ပြီးတော့မှ အဲပန်းခွေကြီးကို အမြင့်ဆုံးရောက်တဲ့နေရာမှာ အပေါ် ကနေပစ်ချမယ်ပေါ့။ အဲလို ပလော့ (plot)တွေရှိတယ်ပေါ့။

စီမံချက်တွေဘာတွေပေါ့။ အဲဒါတွေကိုလည်းလိုက်ပြီးတော့ ညှိပြီးတော့ ကဲ နောက်ဆုံးပိတ်ကျတော့ ဒီလိုလုပ်ပါ။ ကဲ ပန်းခွေတော့ချိတ် ဦးနေဝင်း လွမ်းသူပန်းခွေဆိုတဲ့စာတမ်းကို နောက်ပန်းခွေတစ်ခုနဲ့ ကာမိအောင်လို့ သံတွေ ဘာတွေရိုက်ကွာ ဘာညာလုပ်ပြန်ရော၊ အဲလိုကလည်း လုပ်ပြန်ရော၊ ဦးနေဝင်း ပန်းခွေကတော့ ဒီကားပေါ်မှာတော့ပါတယ်။ သို့သော် ဘေးကနေ လှမ်းကြည့်ရင် ဦးနေဝင်းဆိုတဲ့နာမည်ကို မတွေ့ရဘူး။ ဘာဖြစ်လို့လဲဆိုတော့ တခြားပန်းခွေက ဖုံးနေလို့ပေါ့။

**လူတွေကလည်း တရှန်းရှန်း**
**စစ်သားတွေကလည်း သေနတ်တကားကား**

ကျွန်တော်ကအတွေ့အကြုံကရှိပြီးပြီ၊ ဒေါ်စု ရွှေတိဂုံအနောက်မုခ်ဟောပြောပွဲတုန်းက ကြုံခဲ့တဲ့အတွေ့အကြုံကို ကျွန်တော်ကမှတ်သားပြီးတော့ ပေါ့ မဖြစ်ဘူး၊ အသုဘချတဲ့နေ့ကျရင် တော်ကြာလူတွေအရမ်းစည်ကားပြီး အရမ်းကျပ်တည်းနေရင် သူတို့ထွက်ပေါက်မရဘဲဖြစ်မယ်၊ ဘယ်လို ကားတွေစဉ်ကြမလဲ ဘယ်သူတွေ ဘယ်နေရာကနေလိုက်မလဲ။ နောက် ကျွန်တော်က ရှာပနကော်မတီအတွင်းရေးမှူးဖြစ်နေတာကိုး အဲဒီတော့ကျွန်တော်က ဂူဗိမာန်နေရာသွားတော့မယ်။ ဒေါ်စုလည်းကျွန်တော်ပြောပြီးပြီ။ ဦးတင်ဦးတို့ ဘာတို့ကတော့ ဒေါ်စုနဲ့အတူနေခဲ့ပြီးတော့ သူတို့သွားတာက ကမာရွတ်အပိုင်းကနေသွားကြတာကိုး။ ပြီးတော့မှ ဟံသာဝတီအပိုင်း၊ ဟံသာဝတီအပိုင်းကနေမှ ဂူဗိမာန်ဘက် ရွှေတိဂုံရဲ့ အနောက်မုခ်ဘက်ကိုသွားတာ။

ကျွန်တော်တို့ကတော့ အင်းယားလမ်းကနေ ဖြတ်မောင်းပြီးတော့ ကျွန်တော်တို့ စောစောစီးစီး ဂူဗိမာန်မှာသွားစောင့်နေတယ်။ စောင့်နေတော့ ဂူဗိမာန်ရောက်တဲ့အခါကျတော့ လူတွေက တစ်ခါတည်းကို အုံ့အော်သောင်းနင်းဖြစ်၊ တစ်ခါ စစ်တပ်ကလည်း ဟိုမျက်နှာချင်းဆိုင် ကုန်းဘက်က အခုတော့ မဟာဝိဇယဘုရား တည်ထားတဲ့နေရာပေါ့။ တစ်ခါတည်း စစ်တပ်တွေက သေနတ်တွေနဲ့ကိုင်ပြီးတော့ အဲဒီအပေါ်ကနေလုပ်ပြတော့ လူထုကလည်း မျက်စိထဲ စပါးမွှေးထိုးနေတာပေါ့။ ပြီးတော့ အောက်မှာလည်းရှုန်းရှုန်းနဲ့ ဘယ်လိုမှကို တိုးလို့မရ ဖောက်လို့မရဖြစ်နေတယ်။ လူတိုင်း လူတိုင်းက ဒီနေရာကို အနီးကပ်ကြည့်ချင်တယ်။ အနီးကပ်မြင်ချင်ကြတယ်။ အဲတော့ ဂူဗိမာန်နေရာမှာ ကျွန်တော်တို့က ကွက်လပ်ကိုရှင်းထားတယ်။ ဂူဗိမာန်တော့ မဆောက်ရသေးဘူးပေါ့။ အဲဒီနေရာမှာ ရုပ်ကလပ်ကိုချမယ့်နေရာ၊ နောက်တော့ ပန်းခွေတွေချိတ်မယ့်စင်၊ နောက် တစ်ခါသံတမန်များထိုင်ဖို့အတွက် နေရာပေါ့။ ကုလားထိုင်တွေဘာတွေနဲ့နေရာ၊ နောက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်တို့ တက်လာမယ့်နေရာ စသည်အကုန်လုံး စီစဉ်နေတဲ့အခါကျတော့ ဘာတွေ သွားအခက်အခဲတွေ့လဲဆိုတော့ လူတွေက ရှင်းလို့မရဘူးဖြစ်နေတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဂူဗိမာန်မှာလည်း လူတွေကအများကြီးပဲ။ ဦးသန့်ရဲ့ ဂူဗိမာန်ဘက်မှာလည်း လူတွေကအများကြီး ကြိတ်ကြိတ်၊ ကြိတ်ကြိတ်နဲ့ တစ်ခါတည်း လူတွေကကျပ်ခဲနေတော့ ကျွန်တော်တို့ဘယ်လိုမှ လုပ်လို့မရဘူး။ ထိန်းလို့မရဘူး။ ဒီအထဲမှာ စစ်ဗိုလ်တွေက ဟိုအပေါ်မှာ

မျက်နှာချင်းဆိုင် ကုန်းမြင့်လေးပေါ်မှာ သေနတ်တွေနဲ့တကားကား လူတွေက လည်းဘယ်လိုမှ တိုးလို့မရ ခွေ့လို့မရဖြစ်နေတော့ နောက်ဆုံးပိတ်လည်း ကျရော ကျွန်တော်ကပြောတယ်။ ဒီဟာတော့ ရှင်းမှပဲဖြစ်မယ်။ နောက်တော့ စစ်တပ် ကိုလည်း သူနေရာနဲ့သူ နောက်ဆုတ်ဖို့ ပြောမှဖြစ်မယ်ဆိုတော့ ကျွန်တော်က ဦးအောင်ရွှေကို ပြောရတာပေါ့။ ဦးအောင်ရွှေကတော့ တပ်နဲ့ပတ်သက်တဲ့ လူပုဂ္ဂိုလ်ဖြစ်နေတာ၊ အဲဒီအချိန်မှာ တပ်နဲ့နီးစပ်တဲ့ပုဂ္ဂိုလ်က ဦးအောင်ရွှေ ပဲရှိတယ်။

ဒါနဲ့ ဦးသန့်ရဲ့ဂူဗိမာန်ဘက်မှာ မတ်တပ်ရပ်နေတဲ့ ဗိုလ်မှူးတစ်ယောက် ကို သွားပြီးတော့ ကျွန်တော် ပြောရတယ်။ အဲဒါ နေရာတွေရွှေ့ပေးဖို့ တော်တော်နဲ့ ပြောလို့မရဘူးဗျာ။ နောက်ဆုံးပိတ်ကျတော့ ဦးအောင်ရွှေရဲ့ နာမည်နဲ့ကြောင့်လား ဘာလားမသိဘူး။ နောက်ဆုံးပိတ်မှာ တပ်ကနည်းနည်းလေးဆုတ်ပေးတယ်။ ဆုတ်ပေးတော့ ဆုတ်ပေးတယ်ဆိုတာ ဟိုးအပေါ်မှာရှိနေတဲ့ သေနတ်တွေကိုင် ထားတဲ့ တပ်သားတွေဘာတွေလည်းဆုတ်ပေါ့။ ကုန်းအောက်ကိုဆင်းသွားတယ်နဲ့ တူပါတယ်။ မမြင်ရတော့ဘူး။ မှတ်သားလောက်တဲ့ အနေအထားတွေက အဲဒါပဲ။ ကျန်တာတွေကတော့ အသုဘကြီးချလာတဲ့ အခါကျတော့ ဒေါ်စုရဲ့ အနောက်ဘက်မုခ် တရားပွဲတုန်းကလိုပဲ လူတွေကကျပ်သတ်ပိတ်ဆို့နေတဲ့ အခါကျတော့ တော်တော်နဲ့ကို ရောက်မလာဘူး။

## ပြဿနာမဖြစ်ဘဲ အောင်မြင်စွာပြီးဆုံးသွားတဲ့ ဈာပနအခမ်းအနား

ရောက်မလာခင်လေးမှာ ဘာဖြစ်လဲဆိုတော့ အဲဒီမှာ ကျောင်းသားတွေ က ဂူဗိမာန်ကိုစီးလိုက်ပြီးတော့ တရားဟောပွဲလုပ်လိုက်ရော။ ကျွန်တော်မှတ်မိ သေးတယ်။ အဲဒီအချိန်မှာ မင်းကိုနိုင်ပြောတယ်၊ နောက် ဟိုဘက်က မင်းဇေယျာပြောတယ်။ မင်းကိုနိုင်တို့ပြောဖို့ဟာ ဘယ်လိုမှလူတွေကျပ်သတ်နေတဲ့ အခါကျတော့ မင်းကိုနိုင်ကို ရဲဘော်တွေက ထမ်းပြီးတော့မှ သူကမိုက်ကိုကိုင်ပြီး တော့မှ တရားဟောတာပေါ့။ ဒါကတော့ တက်တက်ကြွကြွစကားတွေ ဟောတာ ပေါ့။ အဲဒီလိုဟောနေတုန်းကို မင်းဇေယျာရဲ့လူတွေက လာပြီးတော့ မင်းကိုနိုင် လက်ထဲကမိုက်ကို အတင်းဆွဲပြီးတော့ ဆွဲလို့တောင်မှ အဲဒီမိုက်ခွက်က အနားမှာ ရှိတဲ့ မိုးသီးဇွန်ကိုတောင်မှ မျက်နှာကိုမိုက်မိသွားတယ်။ တစ်ခါ မင်းဇေယျာကို ပခုံးနဲ့ထမ်း တရားဟောကြပေါ့ဗျာ။ ဆိုလိုတာက အဲလိုဝရုန်းသုန်းကားဖြစ် နေတယ်။ အဲဒီဝရုန်းသုန်းကားဖြစ်ရင်းကနေပြီးတော့ တစ်ဖြည်းဖြည်း တဖြည်း ဖြည်း ညနေကမှောင်လာပြီး မှောင်ခါနီးလောက်ကြမှ ဈာပနကုန်းပေါ်ရောက်

လာတယ်။ ရှာပနကို သူထားရမယ့်နေရာမှာထား။ နောက်တစ်ခါ ဒေါ်စုတို့ သူခင်ပွန်းသည်ဖြစ်တဲ့ မိုက်ကယ်အဲရစ်တို့ သူတို့မိသားစုလိုက်လာတယ်။ လိုက်လာပြီးတော့ အဲဒီနေရာမှာ ကန်တော့ကြ၊ မြှုကြ၊ အဲဒီအချိန်မှာ ကန်တော့တဲ့အချိန်မှာကြတော့ ဘော်ဘော်ကို မှောင်နေပြီ၊ ကျွန်တော်ထင်တယ်။ (၆)နာရီလောက်ကို ရောက်နေပြီ။ အဲဒီတော့မှ ရှာပနကပြီးသွားတယ်။ အဲတော့ ရှာပနကိစ္စနဲ့ပတ်သက်ပြီးပြောချင်တာတော့ ကျွန်တော်ဒီလောက်ပဲ။

# အခန်း (၁၉)

## အဒေါ်စု၊ အန်အယ်လ်ဒီနှင့် တပ်ပေါင်းစုပြဿနာ

**ဒိုင်ယာလော့လုပ်ရေးတောင်းဆိုချက်အပေါ် စစ်အစိုးရရဲ့တုံ့ပြန်ချက်**

၁၉၈၉ခုနှစ်၊ နှစ်ဦးပိုင်းလောက်မှာဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်လေး ပြောပြချင်တယ်။ ပါတီတွေဖွဲ့ခွင့်ပေးလိုက်တဲ့အခါကျတော့ ပါတီက(၂၀၀)ကျော် သွားရောဗျ။ (၈၈) အကုန်ပိုင်းလောက်မှာပေါ့။ ကျွန်တော်တို့ NLD အန်အယ်လ်ဒီဖွဲ့တာက အောက်တိုဘာလ(၁) ရက်နေ့မှာ ဖွဲ့တယ်။ ကျွန်တော် ထင်တယ်။ နှစ်ပတ်လောက်အတွင်းမှာ အစည်းအဝေးတစ်ခုမှာ ဒေါ်စုကိုယ်တိုင် တင်တဲ့ စကားလုံးဗျ။ ကျွန်မတို့ဒီအတိုင်းနေလို့တော့မဖြစ်ဘူး။ တပ်မတော်နဲ့ ကျွန်မတို့ စကားပြောရမှာပဲ ကျွန်မတို့ ဒိုင်ယာလော့ (dialogue) တောင်းရင် ကောင်းမယ်ဆိုပြီးတော့ သူကအဆိုပြုတယ်။ သူ့အဆိုပြုချက်နဲ့လုပ်ပြီးတော့ ကျွန်တော် အင်အယ်လ်ဒီ မှာစဉ်းစားကြတယ်ပေါ့။ စဉ်းစားပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ဒိုင်ယာလော့ လုပ်ဘို့ကိစ္စ စာရေးတယ်။ ဒေါ်စုခင်ဗျားပဲ ရေးပါဆိုပြီးတော့ ဒေါ်စုပဲရေးတာပဲ။ စာကိုရေးတဲ့အခါကျတော့ ဒေါ်စုက ဒါကို

စီအီးစီမှာ တောင်းဆိုချက်တစ်ခုက ဘာပြောလဲဆိုတော့ ကျွန်မဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်မတပ်မတော်ခေါင်းဆောင်ဖြစ်တဲ့ အဲအချိန်တုန်းက ဗိုလ်ချုပ်မှူးကြီးစောမောင်ပေါ့။

ကျွန်မ သူ့ဆီကိုမတင်ချင်ဘူးတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတင်ရမယ်ဆိုလို့ရှိရင်လည်း သူကတပ်မတော်ရဲ့ ထိပ်တန်းခေါင်းဆောင်ကြီး ဖြစ်နေတယ်ပေါ့။ အဲတော့အတွင်းရေးမှူးဆီပဲ ကျွန်မပို့ချင်တယ်တဲ့ဆိုတော့၊ အဲဒီကျွန်တော်တို့ရဲ့ ပထမဦးဆုံးဖြစ်တဲ့ ဒိုင်ယာလော့ တောင်းဆိုချက်၊ ဒိုင်ယာလော့အကြံပေးချက်ပေါ့ဗျာ။ အဲဒီဟာက ဒေါ်စုလက်မှတ်ထိုးတယ်။ နောက်ပြီးတော့ လိပ်မူတဲ့ဟာက ဗိုလ်ခင်ညွန့်ဆီကို လိပ်မူတယ်။ ဘာဖြစ်လို့လဲဆိုတော့ န. ဝ. တရဲ့အတွင်းရေးမှူးက ဗိုလ်ခင်ညွန့်ကိုး။ ကျွန်မတို့အတွင်းရေးမှူးချင်းပဲ လိပ်မူပါရစေဆိုပြီးတော့ ဒေါ်စုကခွင့်တောင်းတယ်။ ဒါ(၈၈)အောက်တိုဘာလ လလယ်လောက်မှာပဲ ရက်တော့ကျွန်တော်အတိအကျ မမှတ်မိတော့ဘူး။ အဲတော့ အဲဒီဒိုင်ယာလော့ဆိုတဲ့လိုင်းက အသံကရှိနေတဲ့အခါကျတော့ အဲဒီဟာက ဒီ(၈၉) အစပိုင်းလောက်ထိ ပါလာရောဗျ။

အသံကျယ်ကျယ်လာပြီးတော့ ဟုတ်တယ်၊ တပ်မတော်နဲ့တွေ့ဆုံဆွေးနွေးရမယ်။ ကျွန်တော်တို့နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ တွေ့ဆုံဖြေရှင်းရမယ်။ နိုင်ငံရေးနည်းနဲ့ဖြေရှင်းမယ်ဆိုရင် ကျွန်မတို့တွေ့ဆုံဆွေးနွေးဖို့ပဲလိုတယ်၊ ဘာညာပေါ့။ အဲဒီလိုအပြောအဆိုတွေ၊ အကြောင်းပြချက်တွေ အများကြီးပေါ်လာတယ်။ ပေါ်လာတဲ့အခါကျတော့ စစ်တပ်ဘက်ကနေပြီးတော့ တုံ့ပြန်ချက်ကဘာလဲဆိုတော့ ဗိုလ်ချုပ်ကြီးစောမောင်ကနေပြီးတော့ တစ်နေရာမှာပြောတယ်။ ဒါလောက်ပါတီတွေများနေတာဗျာ ကျုပ်တို့က ဘယ်သူနဲ့ပြောရမှာလဲဗျလို့ ပြောလိုက်တော့ ကျွန်တော်တို့က ဒါကို ဒီစကားကိုချက်ချင်းကျွန်တော် တို့တုံ့ပြန်ဖို့လိုတယ်။ တုံ့ပြန်ဖို့လိုတယ်ဆိုလို့ရှိရင် ဘာပဲပြောပြောဒေါ်စုသို့မဟုတ်လည်း အခြားပုဂ္ဂိုလ်ဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ်ပေါ့ဗျာ သူတို့သဘောတူရာပေါ့။ အဲဒီပုဂ္ဂိုလ်တစ်ဦးတည်းကို မန်းဒိတ်(**mandate**) ပေးဖို့လိုတယ်ပေါ့၊ လုပ်ကိုင်ခွင့်ပေးဖို့လိုလိမ့်မယ်၊ ဆိုပြီးတော့ သဘောရပြီးတော့ ကျွန်တော်တို့ လိုက်ပြီးတော့ စည်းရုံးကြတာပေါ့။

## ပါတီ (၁၀၀) ကျော်က ဒေါ်စုတစ်ဦးတည်းကို မန်းဒိတ်ပေး

စည်းရုံးကြတဲ့အခါကျ ကျွန်တော်တို့သွားခဲ့တာ ကျွန်တော်ထင်တယ်။ မတ်လလောက်များ ဖြစ်မလားမသိဘူး။ အဲဒီကာလမှာ ကျွန်တော်တို့ချက်ချင်းသွားတယ်။ လူတွေဆီလိုက်ပြီးတော့ပြောကြ၊ လက်မှတ်ထိုးပေါ့။ ကျွန်တော်လိုက်ပြီးတော့ လုပ်ရတာပေါ့။ အဲဒီထဲမှာ မှတ်မိတဲ့မြင်ကွင်းလေးတစ်ခု ကျွန်တော်ပြောအုံးမယ်။ ဘာလို့မှတ်မိလဲဆိုတော့ ဒီလို ကျွန်တော်လိုက်ပြီးတော့ စည်းရုံးတဲ့အချိန်မှာ တစ်ရက်မှာ ဦးထွန်းတင်ကနေပြီးတော့ အမှုတစ်ခုကိစ္စနဲ့မော်လမြိုင်ကိုခဏသွားတယ်။ မော်လမြိုင်ကနေ ပြန်လာတဲ့နေ့မှာ ပါတီပြန်လာပြီးတော့ကျွန်တော်ပြန်ရောက်ပြီလို့ပြောတဲ့နေ့မှာ ကျွန်တော်က အဲဒီအစီအစဉ်ကရှိတယ်။ ပါတီတွေကို လျှောက်လှည့်ပြီးတော့ လက်မှတ်ထိုးဖို့ ကျွန်တော်လုပ်နေတာနှစ်ရက်သုံးရက်ရှိပြီပေါ့။

အဲဒီနေ့မှာလည်း သွားဖို့ရှိတဲ့အခါကျတော့ ဦးထွန်းတင် ကျွန်တော်တို့ဒီလိုဒီလိုပဲသွားမယ်။ သွားချင်တဲ့နေရာကလည်း ဘယ်လိုလဲဆိုတော့ ရွှေနေပဲ။ ဦးညွန့်သိန်းရဲ့အခန်း။ ဦးညွန့်သိန်းဆိုတာကတော့ ကျွန်တော် မမှတ်မိတာကတော့ကျွန်တော့်ကို ခွင့်လွှတ်ပေတော့။ ကျွန်တော် သူ့ရဲ့ပါတီတို့ဘာတို့ သူ့ရဲ့အဖွဲ့အစည်းတွေကို မမှတ်မိတော့ဘူး။ အရေးကြီးတဲ့ ဒီအစုအဖွဲ့တစ်ခုရဲ့ ခေါင်းဆောင်ဖြစ်နေတဲ့အခါကျတော့ ဦးညွန့်သိန်းဆီသွားပြီးတော့ လက်မှတ်ထိုးခိုင်းမယ်ဆိုပြီးတော့ ကဲ ဦးထွန်းတင်လိုက်ပို့လေဆိုတော့ ဦးထွန်းတင်ရဲ့ကားလေးဘောက်စ်ဝက်ဂွန်လေးနဲ့ ကျွန်တော်ကသွားတယ်။ သွားတဲ့အခါကျတော့ပန်းဆိုးတန်းရောက်၊ ကျွန်တော်တို့ ဦးထွန်းတင်တို့က ဒီဦးညွန့်သိန်းရဲ့ ရွှေနေရုံးခန်းပေါ်ဗျာ။ သွားပြီးတော့ လက်မှတ်ထိုးခိုင်းတယ်။ အဲဒီရုံးမှာ ဘယ်လိုဘယ်လိုထောက်လှမ်းရေးက ဒါတွေလိုက်နေလဲမသိဘူး။ ဓာတ်ပုံတွေရှိတယ်။ နောက်ပိုင်းကျွန်တော် ထောင်ထဲရောက်သွားတဲ့အခါကျတော့ ကျွန်တော့်ကို စစ်ကြောရေးတွေလုပ်တဲ့အခါမှာ တစ်ချို့ဟာတော့ ကျွန်တော်ဖုံးပြော၊ ကာပြော၊ ချန်ပြော၊ ထိန်းပြောပေါ့။ ကျွန်တော်က အဲလိုလုပ်နေတဲ့အခါကျတော့ တစ်ခါတည်းအဲဓာတ်ပုံတွေကို ထုတ်ယုတ်ပြီးတော့ ခင်ဗျာဘာညာတာလဲ၊ ခင်ဗျား ဒီဟာကခင်ဗျာသိတယ်မဟုတ်လား။ ဘာညာဆိုတဲ့ဟာတွေပေါ့ လုပ်လာတယ်။ ဒီလိုနဲ့နိုင်ငံရေးပါတီအားလုံးက ဒေါ်စုကို သူတို့ကိုယ်စား စစ်အစိုးရနဲ့ ပြောဆိုညှိနှိုင်းဖို့သဘောတူခဲ့ကြတယ်။

ဒေါ်စုတစ်ယောက်တည်းကိုပဲ ကျွန်တော်တို့ရဲ့ဆန္ဒသဘောထားပေးခဲ့တယ်။ ကျွန်တော်တို့ရဲ့မန်းဒိတ်ပေးမယ် ဆိုပြီးအစည်းအဝေးလုပ်ပါဆိုတဲ့ အခါကျတော့ ကျွန်တော်တို့ အင်န်အယ်လ်ဒီဌာနချုပ်မှာ အစည်းအဝေးလုပ်တယ်။ ပါတီတွေက အတွင်းရေးမှူးတို့ ဥက္ကဋ္ဌတို့ ဘာတို့ပုဂ္ဂိုလ်တွေ တက်လာတယ်။ တက်လာတဲ့ပွဲမှာ ဘာဖြစ်လဲဆိုတဲ့အခါကျတော့ ပထမတစ်ချက်ပြောစရာပေါ်လာတဲ့ဟာက ဘာလဲဆိုတော့ သခင်ချစ်မောင်ကနေ ဝင်ပြောတယ်။ သူပြောချင်တဲ့စကားက ဘာလဲဆိုလို့ရှိရင် ဒေါ်စုတစ်ယောက်တည်းကို မန်းဒိတ်ပေးမယ့်အစား ကျွန်တော်တို့ဗျာ တစ်ခြားနိုင်ငံရေးခေါင်းဆောင်တွေ ဘာတွေပါထည့်ပြီးတော့ ဟုတ်လား (၃)ယောက် (၄)ယောက်စသည် လုပ်ရင်မကောင်းဘူးလားဆိုတဲ့သဘောနဲ့ တင်တဲ့အတွက် သူကတော့ ဘယ်လိုဆိုလိုမှန်းတော့ မသိဘူး။

သို့သော် လူတွေကြားထဲက ဘယ်လိုခံစားရလဲဆိုတဲ့အခါကျတော့ ဟား ဒါက ဒေါ်စုတစ်ယောက်ထဲမလုပ်နဲ့ ငါလည်းထည့်ကွာလို့ ပြောသလိုမျိုး ဖြစ်နေတဲ့ အဓိပ္ပာယ်ပေါက်နေတဲ့အခါကျတော့ အဲအချိန်တုန်းကလူတွေကလည်း အလွန်တက်ကြွတာပေါ့။ အလွန်ကိုထက်သန်နေတဲ့ အချိန်ကြတဲ့အခါကျတော့ ဟား မဟုတ်ဘူး။ ဘာလို့ထည့်ရမှာလဲ၊ ဘယ်သူမှ မထည့်နိုင်ဘူး။ ဒေါ်စုတစ်ယောက်တည်းထည့်မယ်။ ဘာညာဆိုပြီးတော့ တစ်ယောက်ပြီး တစ်ယောက်ထပြီး ပြောကြတာပေါ့။ အဲဒီအချိန်တုန်းက ပါတီက (၁၀၀)လောက်ကိုး။ အစည်းအဝေး တက်တဲ့လူက (၂၀၀)လောက်ရှိတယ်။ ဆိုတဲ့အခါကျတော့ သခင်ချစ်မောင် အဲဒီမှာတင် တော်တော်သူစိတ်ညစ်သွားတယ်နဲ့တူပါတယ်။ အဲလိုဆိုရင်တဲ့ ကဲဟုတ်ပါပြီ၊ ကျွန်တော်ပြောတဲ့ဟာလည်း လက်မခံချင်လည်း နေပါတဲ့ ကျွန်တော်တော့သွားစရာလေးရှိသေးတယ်။ ကျွန်တော့်မှာ ချိန်ထားတဲ့ ကိစ္စလေးရှိတဲ့အတွက် ကျွန်တော်ပြန်ပါရစေဆိုပြီးတော့ ထလည်းပြန်လည်း ပြန်ရော လူတွေက ဘာလုပ်လဲဆိုတော့ အဲဒီထဲမှာအထင်ရှားဆုံး ပုဂ္ဂိုလ်ကတော့ တော်ဘုရားလေးပေါ့ဗျာ။ တော်ဘုရားလေးက ဦးဆောင်ပြီးတော့ အခုမှ မဟုတ်ဘူး။ ခင်ဗျားပြန်သင့်တာကြာပြီဆိုပြီးတော့ ထပြီးတော့ဝိုင်းအော်ကြတာ။ ကျွန်တော်က အဲဒီအခမ်းအနားမှာ အခမ်းအနားမှူးလုပ်နေတဲ့အခါကျတော့ ကျွန်တော်လည်း တော်တော်အားနာရတာပေါ့။ ဒါပေမယ့် သခင်ချစ်မောင်နဲ့ တခြားပါတီများရဲ့ သူ့အပေါ်မှာထားတဲ့သဘောထားကိုသိသွားပုံရတယ်။ သို့မဟုတ်လည်း စိတ်ပျက်သွားပုံရတယ်။ တစ်ခါတည်း ခပ်ကုပ်ကုပ်ပဲ

အစည်းအဝေးကနေ ထပြန်သွားတယ်။ ဒါမှတ်သားစရာကောင်းတဲ့ အချက်ကလေးတစ်ချက်ပေါ့ဗျာ။ ဒါက တစ်ချက်ပေါ့။

**ဗိုလ်ခင်ညွန့်နဲ့ စစ်ထောက်လှမ်းရေးက မဟုတ်တန်းတရားစွပ်စွဲ**

နောက်တစ်ချက်က ဘာဖြစ်လဲဆိုတော့ နောက်ပိုင်းမှာဖြစ်လာတဲ့ကိစ္စ ဘာဖြစ်လို့လဲဆိုတော့ ဒီဒေါ်စုကို မန်းဒိတ်ပေးတယ်ဆိုတဲ့ဟာကို ကျွန်တော်တို့ ပါတီတိုင်းကနေပြီးတော့ ဥက္ကဋ္ဌအတွင်းရေးမှူးပေါ့ဗျာ လက်မှတ်ထိုးကြတယ်။ လက်မှတ်ထိုးကြတဲ့အခါကျတော့ လူတွေက ပေးစမ်းပါ စာရွက်၊ ပေးပါစာရွက်၊ ကျွန်တော်က စာရွက်တွေကို မျှပေးရတယ်။ ဒီစာရွက်ကို လူ (၄) (၅) (၁၀) ယောက်နေရာ၊ နောက်လေးငါးဆယ်ယောက်နေရာမှာ တစ်ခုပေါ့ဆိုပြီးတော့ လက်မှတ်တွေထိုးကြတယ်။ ထိုးကြတဲ့အခါကျတော့ တချို့လူတွေက ဒီနေရာမှာ လက်မှတ်ထိုးပြီးသွားရာကနေ နောက်ပြီး သူကသူ့အတွင်းရေးမှူးနဲ့တွဲပြီးတော့ လက်မှတ်ထိုးတဲ့အခါ သူ့ရဲ့နာမည်က နှစ်နေရာမှာ လက်မှတ်ထိုးပြီးသား ဖြစ်သွားတယ်။

အဲဒီလိုကိစ္စတွေပေါ်တယ်။ အဲဒီဟာကို နောက်ပိုင်းကျတဲ့အခါကျတော့ ကျွန်တော်ထောင်ထဲရောက်မှဖြစ်တဲ့ကိစ္စ ဘာဖြစ်လာလဲဆိုတော့ ဗိုလ်ခင်ညွန့်ကနေပြီးတော့ အဲဒီဟာနဲ့ပတ်သက်ပြီးတော့ ဒီအစည်းအဝေးဟာ ဒေါ်စုကို ပါတီ(၁၀၀)ကနေပြီးတော့ ထောက်ခံပြီးတော့ လက်မှတ်ထိုးတယ်ဆိုတာမဟုတ်ဘူး။ ဒီလက်မှတ်တွေဟာ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်တွေ ဖြစ်တယ်။ ကျွန်တော်ထင်တယ်။ ဗိုလ်ခင်ညွန့်ကိုယ်တိုင်ပြောတဲ့ သတင်းစာ ရှင်းလင်းပွဲက စကားလုံးတွေနဲ့တူတယ်လို့ ကျွန်တော်မှတ်မိတယ်။ ဒါဟာ ဦးဝင်းတင်ကနေပြီး ကလိန်ကျတာပဲဆိုတဲ့အနေနဲ့ ကျွန်တော့်ကိုလည်း တော်တော်ပက်ပက်စက်စက်ပေါ့ဗျာ။ ကျွန်တော့်ကို ရွတ်ချတဲ့စကားတွေပြောတယ်။ ဒီဖြစ်ရပ် လူတိုင်းသိတယ်။ သူတို့ထောက်လှမ်းရေးတွေလည်း ကောင်းကောင်းသိတာပေါ့။ ထောက်လှမ်းရေးကလာနေတာပဲ။ ဒီထောက်လှမ်းရေးတို့ ဘာတို့ရဲ့ အကျင့်စရိုက်ကိုက ဘာလဲဆိုလို့ရှိရင် အကုန်လုံးပြောင်းပြန်လှန်ပြီးတော့ မဟုတ်တန်းတရားတွေစွပ်စွဲ၊ မဟုတ်တာပြောတဲ့အကျင့်က တော်တော့်ကို ကြီးမားပါလားဆိုပြီးတော့ ကျွန်တော်သဘောပေါက်လာတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက ပါတီ(၁၀၀)ကိစ္စဆိုတာ အဲတခြားလူတွေသာ သွားပြီးတော့ လှည့်ရမယ်။ နိုင်ငံရေးပါတီကိုသွားလှည့်လို့မရဘူး။ နိုင်ငံ

ရေးပါတီက လူတွေဆိုတာက ရှင်းရှင်းပြောရရင် တစ်ခြားဟာသာမတတ်ရှိရမယ်။ သူတို့စစ်တပ်တို့ ဘာတို့လိုဗျူဟာတွေ မချတတ်ရင်းသာရှိရမယ်။ လက်ညှိုးထိုးဖို့တို့၊ သို့မဟုတ်လည်း ဝေဖန်ဖို့တို့၊ရှုတ်ချဖို့တို့၊ အပုတ်ချဖို့တို့ဆိုတာ အလွန်တတ်တာပေါ့။ ကျွန်တော်သာ အဲဒီအချိန်တုန်းက ပါတီ(၁၀၀)ရဲ့ လက်မှတ်တွေကို အတင်းဝင် (attendent) လက်မှတ်တွေကို ကျွန်တော်က ထောက်ခံလက်မှတ်လို့များ ကျွန်တော်ပြောမိရင် ကျွန်တော်လို ကောင်မျိုးကို နိုင်ငံရေးလောကကနေ လွင့်စင်သွားလို့ ခွေးတောင်ဖြစ်သွားအုံးမယ်။

## ဒေါ်စုနဲ့(၈၈) မျိုးဆက်ကျောင်းသားများ

အဲဒီကာလတုန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ (၈၈)မျိုးဆက်ကျောင်းသားတွေအကြားမှာ ဆက်ဆံရေးအတော် နက်နက်ရှိုင်းရှိုင်းရှိခဲ့တယ်။ ဒီနေရာမှာ မင်းကိုနိုင် အကြောင်းနည်းနည်းလောက်ပြောချင်တယ်။ မင်းကိုနိုင်တို့ ဘာတို့ဆိုတာက ဒေါ်စုနဲ့က အဆက်အသွယ်အများကြီးရှိတယ်။ အဲဒါတွေ လူတွေသိပ်မသိဘူး။ ကျွန်တော်ကတော့ ပါတီမှာ ညနေ သူများတွေအကုန်လုံးပြန်လည်း ကျွန်တော် အလုပ်ဆက်ပြီးတော့ လုပ်စရာရှိတာတွေလုပ်ပြီး ကျွန်တော် ညနေ(၆)နာရီ (၇)နာရီကျမှ ပြန်တာကိုး။ ဒေါ်စုရဲ့ ညနေပိုင်းပုံသဏ္ဍာန်က ဘာလဲဆိုတော့ လူတွေအကုန်လုံး ပြန်ကုန်ပြီဆိုတဲ့အချိန်မှာ ဒေါ်စုကအလုပ်လုပ်နေတာပဲ။ အလုပ်လုပ်တဲ့ပုံသဏ္ဍာန်က သူကစာရေးတာတို့ ဘာတို့ညာတို့ပေါ့။ လုပ်တာအပြင်ကို သူကလူတွေကိုတွေ့တယ်။ ညနေပိုင်းကပုံမှန်ပဲ။ အကုန်လုံးလူတွေကလည်း မရှိတော့ဘူး။ ပြန်ကုန်ကြပြီ။ အဲဒီအချိန်မျိုးမှာ ဒေါ်စုက အလုပ်လုပ်နေတာ။

သံတမန်တွေအဝင်အထွက်တွေရှိတယ်။ နိုင်ငံရေးသမားတွေတွေ့တယ်။ သို့သော် နိုင်ငံရေးသမားတွေ့တာက နည်းပြီးတော့ လူငယ်တွေကိုတွေ့တယ်ပေါ့။ မင်းကိုနိုင်တို့၊ မိုးသီးဇွန်တို့ ဇော်မိတို့ ဌေးကြွယ်တို့စတဲ့ လူငယ်ခေါင်းဆောင်တွေဟာ ရှင်းရှင်းပြောရရင် နိုင်ငံရေးသမားကြီးတွေလို့တောင်ပြောနိုင်တဲ့ အနေအထားဖြစ်နေပြီ။ ဒီလူငယ်ခေါင်းဆောင်တွေကိုလည်း ဒေါ်စုက အမြဲတမ်း တလေးတစားကိုတွေ့တယ်။ သူတို့ရဲ့ပြောဆိုချက်တွေကို နားထောင်တယ်။ သူတို့ရဲ့ညွှန်ပြချက်တွေနဲ့ပတ်သက်ပြီး သူတို့ကိုပြန်ပြီးတော့ အကြံပေးတယ်။ ဒါတွေလုပ်နေတာပဲ။ ဒါတွေကိုကျွန်တော်သိနေတဲ့ ပုံသဏ္ဍာန်က ဘယ်လိုလဲဆိုတော့ သူတို့က ညနေတိုင်ဆိုရင် ခမောက်ကြီးတွေဆောင်းလို့ မိုးကာ

တွေခြုံလို့ စသည်နဲ့ရောက်လာရောဗျ။ ရောက်လာပြီးရင် တစ်ခါတလေ ဒေါ်စု အိမ်မှာ ညှိသည်တွေဘာတွေရှိနေတဲ့ပုံပေါ်ရင် သို့မဟုတ်လည်း ဒေါ်စုနဲ့ ချိန်းထားတာစောရင် ကျွန်တော့်ရုံးခန်း တက်လာကြပြီးတော့ ကျွန်တော်တို့ စကားတွေဘာတွေပြောကြဆိုကြပေါ့။ ကျွန်တော်ကလည်း သူတို့ဆီကသတင်းတွေမေး တစ်နေတာ ဖြစ်တဲ့ကိစ္စတွေပေါ့။ ဆိုလိုတာက ဒီမင်းကိုနိုင်တို့ မိုးသီးဇွန်တို့လို တက်သစ်စနိုင်ငံရေးသမား နိုင်ငံရေးခေါင်းဆောင်တွေဟာ အမြဲတမ်း ဒေါ်စုနဲ့က အမြဲတမ်း ကွန်တက် (contact) ကရှိနေတယ်။ ကျွန်တော့်ဆီ ဒီကျောင်းသား ခေါင်းဆောင်တွေက ဝင်ဝင်လာတဲ့အခါမှာ ကျွန်တော်ကလည်း သူတို့ရဲ့ အရည်အသွေးတွေ၊ သူတို့ရဲ့ အတွေးအခေါ်တွေ၊ သူတို့ရဲ့ ဦးတည်ချက်တွေ ကျွန်တော်ကလည်း တဖြည်းဖြည်းနဲ့သိလာတယ်။ ဒီလူတွေဟာ တကယ်ခေါင်းဆောင်လောင်းတွေပါလား၊ သူတို့ဟာလေးလေးနက်နက် လုပ်နေတာပါလားဆိုတာတွေကို ကျွန်တော်တွေ့လာရတယ်။ နောက်တစ်ပိုင်းက ကျွန်တော်ဘာတွေလဲဆိုတော့ ဒီကျောင်းသားလူငယ်တွေသည်ပင်လျှင် ဒီလောက်လုပ်၊ ဒီလောက်ကြိုးစား၊ ဒီလောက်ကို နိုင်ငံရေးအတွေ့အကြုံတွေကို သူတို့ကိုယ်တိုင်လည်းရင့်ကျက်တယ်။

## ညီညွတ်ရေးကိုတဖွဖွပြောပြီး မညီမညွတ် ဖြစ်နေကြတဲ့ ကျောင်းသားလူငယ် အစုအဖွဲ့များ

ဒါပေမယ့်လို့ အဲဒီတချိန်ထည်းကပဲ သူတို့အချင်းချင်းကြားထဲမှာ တွေ့ကြတဲ့အခါကြတော့ အကွဲအပြဲတွေကရှိလာတယ်။ ဒါတော်တော်ဆန်းတဲ့ဟာနော်။ သူတို့တွေက တခြားအဖွဲ့အစည်းတွေကို ညီညွတ်ကြပါ။ နိုင်ငံရေးခေါင်းဆောင်တွေ ညီညွတ်ကြပါ၊ တိုက်တွန်းနေတာပဲ။ ဒါပေမယ့်တချိန်တည်းမှာပဲ သူတို့အကွဲအပြဲတွေကလည်းရှိတယ်။ အဲဒီတော့ ကျွန်တော်မှတ်မိသေးတယ်။ ပထမသူတို့ပါတီဖွဲ့ထောင်မယ်ဆိုပြီးတော့ မိုးသီးဇွန်ကလုပ်တယ်။ မိုးသီးဇွန်ကပါတီဖွဲ့ထောင်မယ်ဆိုတဲ့ အခါကျတော့ မင်းကိုနိုင်ကမပါဘူး။ ဒါသူတို့ရဲ့ ဈေးဟာကိစ္စတွေ ဖြစ်ကောင်းဖြစ်နိုင်တယ်။ သို့မဟုတ်ရင်လည်း အယူအဆပိုင်းဆိုင်ရာ ကွဲလွဲမှုတွေလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါကျွန်တော်တော့ သိပ်မသိဘူး။ ဒါပေမယ့်လို့ အဲဒီလူဘောင်သစ်ပါတီဝင်တွေဆိုရင် သိပ်မကြာလိုက်ဘူး။ ၈၉ နှစ်ဦးပိုင်းလည်းရောက်ရော အကွဲအပြဲဖြစ်ကုန်တော့ အဲ့ဒီဟာ

တွေကို သူတို့လူ့ဘောင်သစ်အစည်းအဝေးကို ကျွန်တော်တို့ အန်အယ်လ်ဒီ အစည်းအဝေးခန်းမကြီးမှာလုပ်တာ။ အဲဒီဟာတွေအကုန်လုံးမှာ သူတို့အချင်းချင်း ကို ညှိရတာ တော်တော်ခက်တယ်။ ဒါပေမယ့် ကျွန်တော်သွားပြီးတော့ အတွင်းမှာ ဝင်ပြီး နားထောင်တာတို့ ဘာတို့ မလုပ်ပါဘူး။ ကျွန်တော်ကစီစဉ်ပေးတယ်။ ဒေါ်စုရဲ့ခြံထဲမှာရှိတဲ့ ရုံကြီးမှာဆွေးနွေးကြတယ်။ ဒါပေမယ့် ပြဿနာကတော့ ယောက်လှမ်းရေးတို့ ဘာတို့နဲ့ပြဿနာဖြစ်မှာ စိုးရိမ်တာတစ်ခုပေါ့၊ နောက်တစ်ခု က သူတို့ရဲ့ အကွဲအပြဲတွေကိုအကြောင်းပြုပြီးတော့ သူတို့အချင်းချင်း ခိုက်ရန် ဖြစ်ပွားမှုတို့ ဆိုတာမျိုးပေါ့။ သို့မဟုတ်လည်း ထိန်းမရသိမ်းရဖြစ်တာမျိုးတို့ မဖြစ်အောင်ဆိုပြီးတော့ ကျွန်တော်က ညပိုင်းကာဖျူးကိုလွှတ်အောင် ရှောင်ရမယ့် အချိန်မျိုးမှာအပ မိုးမှောင်တဲ့အထိကိုနေပါတယ်။ ကျွန်တော်မှတ်မိတာတစ်ခု ဆိုရင် ဘယ်လောက်တောင်ဖြစ်လဲဆိုတော့ ဒီလူ့ဘောင်တွေ ဆွေးနွေးကြရင်း ကနေပြီးတော့ ကွဲမယ်ပြဲမယ်ဖြစ်ပြီးတော့ နောက်ဆုံးမှာဒေါ်စုခြံထဲက အစည်းအဝေးလုပ်တဲ့ခန်းမကြီးကို မီးရှို့မယ်လုပ်မယ်အထိတောင်ဖြစ်တာ။ နောက်ဆုံးသူတို့ အချင်းချင်းညှိပြီးတော့ ကြားပုဂ္ဂိုလ်ဖြစ်တဲ့ အောင်ဇေယျကို ဥက္ကဋ္ဌ တင်ရတဲ့အထိဖြစ်တာ။ အဲဒါကို ကြည့်ရင် မြန်မာပြည်ရဲ့ နိုင်ငံရေးယဉ်ကျေးမှုဟာ ဒီနေ့စကားနဲ့ပြောရရင် ကျွန်တော်ကတော့ နိုင်ငံရေးဝေလေ့လို့သုံးချင်တယ်။ မြန်မာပြည်ရဲ့ နိုင်ငံရေးဝေလေ့အရဆိုရင် ဒီအကွဲအပြဲတို့ ဘာတို့ ဆိုတာက ဘယ်ကပေါ်ထွက်လာမှန်း မသိဘဲနဲ့ ပေါ်နေတာပဲ။ ဒီအကွဲအပြဲကသာလျှင် ရှေ့တန်းကို ရောက်ရောက်လာတယ်။ ညီညွတ်တဲ့ဟာတို့ ပေါင်းစည်းတဲ့လက္ခဏာ တို့ဆိုတဲ့ ဟာတွေကဘယ်ကော့မှ ထင်ထင်ရှားရှားပေါ်မလာဘဲနဲ့ ဒီအကွဲအပြဲ တွေကပေါ်လာတတ်တယ် ဆိုတာကို ကျွန်တော်သုံးသပ်မိတာကို ပြောချင်တာပါ။

နောက်တစ်ခုက သူတို့က သူတို့သာသူတို့ အကွဲအပြဲတွေရှိနေတာ ကျွန်တော်တို့ကျတော့ မဟာမိတ်အစည်းအဝေးတစ်ခုမှာ မင်းကိုနိုင်ပြောတဲ့စကား ဆို ကျွန်တော်အခုထိမှတ်မိသေးတယ်။ မင်းကိုနိုင်ကဘာပြောလဲဆိုရင် ကျွန်တော် တို့ကို ဝေဖန်တာမဟုတ်ဘူးလို့ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ကို ဘယ်လိုတောင် ပြောရမလဲဆိုရင် ဆုံးမတယ်လို့တောင်ပြောနိုင်ပါတယ်။ ခင်ဗျားတို့ ဒီရွေးကောက် ပွဲဝင်ဖို့ကို စဉ်းစားမနေပါနဲ့၊ ဒီအစိုးရကိုဆန့်ကျင်ပါ။ သို့မဟုတ်လည်း ဒီ ရွေးကောက်ပွဲကိုဆန့်ကျင်ပါ။ ခင်ဗျားတို့တွေ တကယ့် ဒီမိုကရေစီရွေးကောက်ပွဲလို ဖြစ်လာတဲ့ အချိန်မျိုးမှာဆိုရင် ကျွန်တော်တို့ လူငယ်အဖွဲ့အစည်းတွေ ကျောင်းသား

လှုငယ်အင်အားစုတွေကနေပြီးတော့ ခင်ဗျားတို့ကို ပုတ်ကြီးနဲ့သယ်ပြီးထည့်နိုင်လောက်တဲ့အထိပေါ့ဗျာ ကျွန်တော်တို့တတ်နိုင်ပါတယ်။ ကျွန်တော်တို့ ကူညီဖို့အသင့်ပါပဲ အဲလိုမျိုးတစ်ခါတည်း ဝေဖန်ပြောဆိုနေတာဗျ။ မင်းကိုနိုင်တို့ ဘာတို့စကားပြော လည်းကောင်းတယ်ပေါ့။ သို့သော်လည်းပဲ အဲဒီလိုပြောနေတဲ့အချိန်တည်းမှာပဲ သူတို့ရဲ့အတွင်းမှာလဲ ကွဲကြပြဲကြဖြစ်နေတယ်။

**အန်အယ်လ်ဒီထဲမှာလည်း မတူကွဲပြားမှုတွေရှိ**

အဲတော့အဲဒါဟာ မြန်မာပြည်နိုင်ငံရေးရဲ့ တော်တော်ဆန်းကြယ်တဲ့ ဝလေ့ပဲ။ သို့မဟုတ်လည်း သဘောတစ်ရားတစ်ခုပဲလို့ ကျွန်တော်တို့ ပြောလို့ရတယ်။ အဲဒီလိုဖြစ်နေတဲ့ အချိန်မျိုးမှာပဲ ကျွန်တော်တို့ အန်အယ်လ်ဒီထဲမှာလည်း ပြဿနာလေးတွေပေါ့ ပွစိပွစိတက်လာပြီ၊ ဒီဘက် **တတ်သိဘက်ကလည်း** ပြောကြ၊ **တတ်သိ**ကိုလည်း မ-ခများဘက်ကနေပြီးတော့ **မျိုးချစ်ရဲဘော်များ**ဘက်ကနေပြီးတော့ ဒီလူတွေကဟုတ်တယ်၊ ဗိုလ်အောင်ကြီးပြောသွားတဲ့ ကွန်မြူနစ်ဆိုတာ ဟုတ်လောက်ပေတယ်။ သို့မဟုတ်ဗိုလ်အောင်ကြီးပြောသွားတဲ့မြေအောက် လှုပ်ရှားမှုလုပ်တယ်ဆိုတာ မှန်ပေလောက်တယ်။ ဒီလူတွေထဲမှာလဲဘာဖြစ်တယ် ညာဖြစ်တယ် ဆိုတဲ့အကြောင်းတွေကြောင့် ထိုးနှက်ချက်တွေကလည်း တဖြည်းဖြည်းပေါ်လာတယ်။ အဲဒီထဲမှာ ကျွန်တော် အထင်ရှားဆုံးစကားလုံးတစ်လုံးပေါ့။ သို့မဟုတ်ရင်လည်း ဖြစ်ရပ်တစ်ခုကို ကျွန်တော်ပြရရင်ဗိုလ်မှူးကြီးလှမော်ဆိုတဲ့ပုဂ္ဂိုလ်။ သူကတော်တော်ဖြောင့်တဲ့လူ။ တော်တော်ကိုတရားတွေဘာတွေလုပ်တယ်၊ ဘုန်းကြီးတွေဘာတွေဝတ်တယ်။ နောက်ပြီးတော့ဖြောင့်ဖြောင့်မှန်မှန်တော့ တော်တော်လုပ်တဲ့လူလို့ ကျွန်တော်ထင်တယ်။ နောက်သူနဲ့လည်း ကျွန်တော်စကားတွေထွေထူးထူးလည်း မပြောဖူးပါဘူး။ ကျွန်တော်တို့ အဲဒီဘက်လူတွေနဲ့လည်း သိပ်မသိကြဘူး။ မသိကြဘူးဆိုတာကလည်း ကျွန်တော်တို့ ကိုယ့်အလုပ် ကိုယ်လုပ်ကြတဲ့ဟာနဲ့ ရင်းရင်းနှီးနှီးပေါ့။ လက်ဖက်ရည်တိုက်လို့တို့ လက်ဖက်ရည်စားပွဲဝိုင်းမှာဆုံလို့တို့ တစ်ယောက်အိမ်ကို တစ်ယောက်လည်တာတို့၊ ထမင်းစားတာတို့ အဆင့်ကိုမရောက်တော့ ကျွန်တော်ဒီလူတွေရဲ့အကြောင်းကို သိပ်မသိဘူး။

သို့သော် ခုနကပြောတဲ့ အန်အယ်လ်ဒီထဲမှာရှိတဲ့ အကွဲအပြဲလို့ခေါ်ခေါ် သို့မဟုတ်ရင်လည်း ပဋိပက္ခပေါ်နေတဲ့ သဘောလေးတွေဟာလည်းပေါ်။ အထင်ရှားဆုံး တစ်ခုကတော့ ဘာလဲဆိုရင် အဲဒီ ဗိုလ်မှူးကြီးလှမော်ကနေပြီးတော့

စီစီအစည်းအဝေးတစ်ခုမှာ ကျွန်တော်တဲ့ မပြောမဖြစ်လို့ စကားတစ်ခွန်းလောက် ပြောပါရစေ။ ကျွန်တော်တို့ကိုလည်းဗျာ တပ်သားဟောင်းတွေတပ်ထွက်တွေကို တိုက်ခိုက်တာတွေဟာ တော်တော်ကိုများပြီ။အဲဒီတော့ကျွန်တော်ကတော့ သည်းညည်းမခံနိုင်တော့ဘူး။ အဲတော့ ကျွန်တော်ကို တိုက်ခိုက်တာတွေများလွန်း အားကြီးတော့ ကျွန်တော်ဗဟိုကော်မတီမှာ မလုပ်ချင်တော့ဘူး။ အန်အယ်လ်ဒီကနေ ကျွန်တော်ဆုတ်ခွာထွက်ပြေးတော့မယ်ပေါ့ဗျာ။ အဲဒီတော့ကျွန်တော်တို့ကို တိုက်တဲ့စာထဲမှာ ဘာပါလဲဆိုရင် ကျွန်တော်တို့ကို ဘောင်းဘီချွတ် ဘောင်းဘီချွတ်လို့ပြောကြတယ်။ အဲတော့ ကျွန်တော်တို့ ဒီလောက်လုပ်နေတဲ့ကြားထဲကို ဘောင်းဘီချွတ် ဘောင်းဘီချွတ်လို့ ပြောလိုက်တဲ့အခါကျတော့ ကျွန်တော်ကတော့ စိတ်ကုန်ပြီ။တဲ့ ကျွန်တော်ကတော့ သည်းညည်းမခံနိုင်တော့ဘူး။ ကျွန်တော်ကတော့ ဘောင်းဘီချွတ်လို့ ခင်ဗျားတို့ပြောနေတာတင်ကိုမကဘူး။ ကျွန်တော်ကတော့ လုံချည်တောင်ချွတ်တော့မယ်ဗျာ။ တစ်ခုရှိတယ်တဲ့ဗျာ။ ဒီစကားကိုလည်း ကျွန်တော် ခင်ဗျားတို့ကိုလည်း ပုတ်ခတ်ပြီးတော့ ရိုင်းရိုင်းစိုင်းစိုင်း ပြောတာမဟုတ်ပါဘူး။ ကျွန်တော်တော့ ဘုန်းကြီးဝတ်တော့မယ်တဲ့။ ဒီစကားဟာ အဲဒီအချိန်က အန်အယ်လ်ဒီအဖွဲ့အတွင်းမှာရှိတဲ့ ပကတိအခြေအနေကို အထင်ရှားဆုံး မီးမောင်းထိုးပြတဲ့စကားပေါ့။

## ညီညွတ်ရေးကို ရှေးရှုကြိုးပမ်းမှုများ

အန်အယ်လ်ဒီ အဖွဲ့အတွင်း ပြဿနာတချို့ရှိနေခဲ့ပေမယ့် တစ်ဖက်ကလည်း ညီညွတ်ရေးကိုရှေးရှုပြီး စဉ်ဆက်မပြတ် လုပ်ဆောင်မှုတွေ ရှိခဲ့ပါတယ်။ ဥပမာဆိုပါတော့တစ်ချို့ကဆိုရင် အင်န်အယ်လ်ဒီဟာ တစ်ခြားပါတီအဖွဲ့အစည်းများနဲ့ တွဲလုပ်ဖို့ကို မကြိုးစားဘူးဆိုတဲ့ စွပ်စွဲတာတွေရှိတယ်။ ဒါပေမယ့် အဲဒါမဟုတ်ဘူးလို့ ပြချင်တဲ့ အချက်ကလေး နှစ်ချက်သုံးချက်ရှိတယ်။ အဲဒါဘာလဲဆိုရင် ဥပမာဆိုပါတော့ ကျွန်တော်တို့ထဲမှာ ဒီအတိုင်းသွားလို့တော့မရဘူး။ လူတွေနဲ့ပေါင်းစည်းမှရမယ်။ လက်ချင်းချိတ်မှ ရမယ်ဆိုတဲ့ သဘောထားကတော့ ရှိနေတယ်။ သို့သော် ကျွန်တော်တို့အထဲမှာကိုပဲ ခုနပြောတဲ့ "တတ်သိ" "မခ" ဆိုတဲ့ဒီပဋိပက္ခလေးတွေကလည်းရှိနေတယ်။ရှိနေတုန်း တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ကနေ မဟုတ်ဘူး။ တစ်ဖက်ကလည်း ကျွန်တော်တို့ ပေါင်းစည်းခြင်းပေါ့။ ညီညွတ်ခြင်းကိုသူတို့ရှာနေတယ်။ ဥပမာအဲဒီဟာလေး တစ်ခုရဲ့ ပြဿနာကဘာလဲဆိုရင် သူတို့ရဲ့အစုအဖွဲ့နောက်တစ်ခါ သခင်

ချစ်မောင်ရဲ့ပါတီ သူ့ရဲ့အစုအဖွဲ့ ကျွန်တော်တို့ အန်အယ်လ်ဒီနဲ့လက်တွဲဖို့ ဆိုတဲ့ဟာ ကျွန်တော်တို့ကြိုးစားတယ်။ ဒါပေမယ့်ဘယ်သူမှမသိဘူးပဲ။ မသိလည်းမသိနိုင်ဘူး။ သိရင်လည်း အင်န်အယ်လ်ဒီ စီအိုင်းစီလောက်ပဲသိနိုင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒီဟာနဲ့ပတ်သတ်ပြီးတော့ တွဲမှဖြစ်လိမ့်မယ်။ အင်န်အယ်လ်ဒီ တစ်ခုတည်းသွားလို့တော့မရဘူး။ ဥပမာ သခင်ချစ်မောင်ရဲ့ အဖွဲ့လိုဟာမျိုးနဲ့တွဲကြမယ် ပြီးရင် နောက်ထပ်အခြားအခြားသော အဖွဲ့အစည်းများကိုလည်း သိမ်းသွင်းလာမယ်။ ခေါင်းဆောင်ပုဂ္ဂိုလ်အနေနဲ့သော်လည်းကောင်း အင်အားအနေနဲ့သော်လည်းကောင်း ကြည့်မယ်ဆိုရင် ဒီဦးနုအဖွဲ့ သခင်ချစ်မောင်အဖွဲ့တွေဟာ တော်တော်လေးတောင့်တင်းတယ် ကြိုးမားတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေါ်စုခေါင်းဆောင်တဲ့ အန်အယ်လ်ဒီလိုအဖွဲ့အစည်းမျိုးနဲ့ ကျွန်တော်တို့ ပေါင်းစည်းရအောင် လုပ်ကြမယ်ဆိုပြီးတော့ ကျွန်တော်တို့ ဒီသဘောထားကို တင်တဲ့အခါကျတော့ စီအိုင်းစီဆုံးဖြတ်ချက်ကျတယ်။ ပြောရမယ်ဆိုရင် အတော်ဆန်းတယ်။ ကျွန်တော်က ဒိုင်ယာရီတွေဘာတွေမရှိတဲ့အတွက်ကြောင့် ကျွန်တော်အတိအကျလုပ်ပြီးတော့ ဒီဟာကိုဘယ်လိုဖော်ပြရမလဲတော့မသိဘူး။ စီအိုင်းစီကနေပြီးတော့ကျသွားတယ်။ ကျပေမယ့်လို့ အဲဒါနဲ့ပတ်သတ်ပြီးတော့ ထုံးစံအတိုင်းပေါ့။ နိုင်ငံရေးပါတီတွေကြားမှာ လုပ်တဲ့ပုံသဏ္ဍာန်အတိုင်းပဲ။ ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့သူတွေ၊ ဒါကို ဟန့်တားတဲ့သူတွေက နောက်ကွယ်ကနေပြီးတော့လိုက်ပြီး ခြေပုန်းခုတ်ပြီးတော့ စည်းရုံးကြတယ်နဲ့ တူပါတယ်။ နောက်တစ်ခါ စီအိုင်းစီအစည်းအဝေး တစ်ခါလည်း ကြုံလည်းကြုံရော ခေါင်းဆောင်တွေပေါ့ဗျာ၊ ဗိုလ်ချုပ်ကြီးတင်ဦးတို့ ဒေါ်စုတို့ကနေပြီးတော့ ခဏနေပါဦး။ ဆရာဒီကိစ္စကို ခဏဆိုင်းထားလိုက်ပါဦး။ ဒီကိစ္စက ဘာဖြစ်လာလဲဆိုတော့ အလိုလိုနေရင်းချောင်ထိုးသွားပြီးတော့ ပျောက်သွားတယ်။ ကျွန်တော်မှတ်မိသေးတာက ဘာလဲဆိုတော့ ပထမစီအိုင်းစီ အစည်းအဝေးကနေ သဘောတူလိုက်တဲ့အခါကျတော့ ဒီအိုင်ဒီယာ (idea) ပေါ်မှာတည်ပြီးတော့ ကျွန်တော်က ကွန်စတီကျူးရှင်း (comstitution) တစ်ခုရေးတယ်။ ရေးတော့ ကျွန်တော်ကလည်း နည်းနည်းတောင်မှပြင်းထန်လွန်းတယ်။ အဲဒီ အဖွဲ့ရဲ့နာမည်ကို ကျွန်တော်ကဘယ်လိုပေးထားလဲဆိုတော့ **အာဏာရှင်စနစ်ဆန့်ကျင်ရေးတပ်ပေါင်းစု**ဆိုတဲ့ ခေါင်းစဉ်နဲ့ကို ကျွန်တော်က ဒီကွန်စတီကျူးရှင်းထဲမှာရေးတာ အဲ့ဒီကွန်စတီကျူးရှင်းက ခုနေဘယ်မှာများရှိနေလိမ့်မလဲလို့ ဘယ်လိုလုပ်ပျောက်သွားလဲ အစိုးရက သိမ်းသွားတာလားဘာလားမသိဘူး။ သို့သော် အဲဒီမူကို

သာ ပြန်ပြရရင် သမိုင်းဝင်ကြံဆောင်မှုတစ်ခုလို့ပြောလို့ရမယ်လို့ ထင်တယ်။

**အန်အယ်လ်ဒီနဲ့ ယူအန်အယ်လ်ဒီ ပေါင်းစည်းရေကိစ္စ**

နောက်တစ်ခုက ဘာလဲဆိုရင် တိုင်းရင်းသားအင်အားစုများနဲ့လည်း ကျွန်တော်တို့ အန်အယ်လ်ဒီက ချိတ်တွဲဖို့ ကျွန်တော်ကြိုးစားတယ်။ ကျွန်တော် မှတ်မိတာ ကိုပြောရမယ်ဆိုရင် **ဒီယူအန်အယ်လ်ဒီ**(UNLD)ဆိုတဲ့ **ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်**ဆိုတဲ့ဟာကို ကျွန်တော်တို့ စုဖွဲ့ဖို့ကြိုးစားတယ်။ ၁၉၈၉ခုနှစ် ဇွန်လပိုင်းလောက်အတွင်းမှာဖြစ်မယ်။ ဒီဟာကို သွားပြီးစလုပ်တဲ့အချိန်မှာ အန်အယ်လ်ဒီရဲ့ သဘောတူညီချက်နဲ့ ကျွန်တော့်ကိုစေခိုင်းတာ တာဝန်ပေးလွှတ်တာတွေမဟုတ်ဘူး။ သွားပြီးတော့ ကိုယ့်ဟာကိုယ်ကြိုးစားတာပေါ့။ ဆက်သွယ်တော့ အစည်းအဝေးလေးလုပ်တယ်၊ အဲဒီအစည်းအဝေးက ဘယ်မှာ လုပ်သလဲဆိုတော့ ကျွန်တော်ငယ်စဉ်ပေါ့၊ ၁၉၅၁လောက်က အေအက်ဖ်ပီ (AFP) သတင်းဌာနမှာ ညအယ်ဒီတာ လုပ်ခဲ့ တုန်းက အေအက်ဖ်ပီ (AFP)ဌာနချုပ်လို့ ကျွန်တော်ထင်တယ် အခုအဲဒီနေရာက ကျွန်တော်သွားပြီးတော့ အစည်းအဝေးလုပ်တဲ့အခန်းပဲဗျ၊ စိန့်ပေါလ်ကျောင်းနဲ့ မျက်နှာချင်းဆိုင် ဗိုလ်ချုပ်လမ်းပေါ်ကအိမ်နဲ့တစ်အိမ်ကျော်ပေါ့။ ဗိုလ်အောင် ကျော်လမ်းပေါ်မှာရှိတဲ့အိမ်။

အဲဒီအိမ်ရဲ့အပေါ်ဆုံးထပ်ဖြစ်တဲ့(၃)ထပ်မှာ ကျွန်တော်တို့ အစည်း အဝေးကျင်းပခဲ့ပြီး တက်ရောက်သူတွေထဲက အချို့ကိုပဲ ကျွန်တော်မှတ်မိတော့ တယ်။ ဦးအေးသာအောင်ပါတယ်။ ဦးသာဘန်းပါတယ်။ ဒီ ဝီကျူးဆိုတဲ့ ပြည်သူ့တိုး တက်ရေးပါတီကခေါင်းဆောင် ကွယ်လွန်သူ ဦးခင်မောင်မြင့်ပါတယ်၊ နောက်ပြီး တော့ ကိုလှရွှေပါတယ်ဗျာ၊ ကိုလှရွှေဆိုတာက ကျောင်းသားခေါင်းဆောင် ကနေပြီးတော့ နိုင်ငံရေးလှုပ်ရှားမှုထဲမှာ ထင်ရှားတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်လာ တဲ့ ကိုလှရွှေပေါ့။ နောက်တိုင်းရင်းသားခေါင်းဆောင် ကချင်လား သို့မဟုတ် ချင်းလားမသိဘူး၊ အဲဒါလည်းပါတယ်ဗျ၊ ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီး အမှတ် အသားတွေကလည်းမရှိဘူး။ ကျွန်တော့်ရဲ့ မှတ်ဉာဏ်တွေကလည်း လျော့လာ တယ်။ အသေးစိတ်တော့ ကျွန်တော်မပြောနိုင်ဘူး။ အဲဒီဖွဲ့စည်းမှုကိစ္စတွေမှာ တော်တော်ခေါင်းဆောင်ပြီးတော့ ပြောတဲ့ ပုဂ္ဂိုလ်တွေကတော့ ဦးအေးသာအောင် နဲ့ ဦးခင်မောင်မြင့်ပဲ။

ကျွန်တော်အဲဒါတွေကိုယူပြီးတော့ ရတဲ့အခါကျတော့ ကျွန်တော်

အန်အယ်လ်ဒီ စီအီးစီမှာတင်ပြတယ်၊ နောက်ပိုင်းကျတဲ့အခါကျတော့ တရားဝင်ဆွေးနွေးပွဲကို ကျွန်တော်တို့ အန်အယ်လ်ဒီမှာလုပ်တယ်၊ အန်အယ်လ်ဒီမှာလုပ်တဲ့အခါကျတော့ အန်အယ်လ်ဒီထဲကနေပြီးတော့ ဒီတာဝန်ပေါ့ဗျာ၊ တိုင်းရင်းသားတွေနဲ့ ချိတ်တွဲဖို့ စီအီးစီကနေပြီးတော့ တာဝန်ပေးတယ်ပေါ့၊ အဲဒါ ဦးတင်ဦးဗျ၊ ဗိုလ်ချုပ်ကြီးတင်ဦးပေါ့ ဦးတင်ဦးနဲ့ကျွန်တော်က ယူအန်အယ်လ်ဒီ တရားဝင်ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ဆွေးနွေးခဲ့တယ်ဗျ၊ အဲဒီ ဦးတင်ဦးခေါင်းဆောင်တဲ့ ဒီဆွေးနွေးပွဲကနေပြီးတော့ အန်အယ်လ်ဒီနဲ့ ခုနကပြောတဲ့ ယူအန်အယ်လ်ဒီနဲ့ သဘောတူညီမှုတွေရပြီးတော့ ပေါင်းစပ်မှုတွေရတယ်၊ သို့သော် အဲဒါတွေက နောက်ပိုင်းကျတော့ ရွေးကောက်ပွဲတွေ ဘာတွေလုပ်ခါနီးတဲ့အချိန်လား သို့မဟုတ်ရင် ရွေးကောက်ပွဲတွေပြီးတဲ့အချိန်မှာလားမသိဘူး၊ ကျွန်တော်တို့ နိုင်ငံရေးခေါင်းဆောင်များရဲ့သဘောထားအရ အဲဒီယူအန်အယ်လ်ဒီနဲ့ အန်အယ်လ်ဒီရဲ့ ကျွန်တော်တို့ကြိုးစားပြီးတော့ ဖော်ဆောင်ခဲ့တဲ့ ပေါင်းစည်းမှုဟာ ပြိုကွဲသွားတယ်ပေါ့၊

**အန်အယ်လ်ဒီရဲ့ ပထမဆုံးသတင်းစာရှင်းလင်းပွဲ**

ကျွန်တော်မှတ်မိတာလေးတစ်ခုက ဘာလဲဆိုရင် ဒေါ်စုရဲ့ သတင်းစာရှင်းပွဲ။ အင်အယ်လ်ဒီရဲ့ပထမဆုံးအကြိမ် သတင်းစာရှင်းပွဲကို ၁၉၈၉-ခုနှစ် မတ်လ (၂၈)ရက်နေ့မှာ ဒေါ်ခင်ကြည်ရဲ့ဂူဗိမာန်ရဲ့ ပုံစံယူလုပ်ခဲ့တဲ့ အင်းလျားကန်စောင်းက ဒေါ်စုတိုက်ရဲ့လေသာဆောင်လေးပေါ့၊ အဲဒီမှာ ကျွန်တော်တို့ လုပ်ကြတယ်၊ အဲဒီ လေသာဆောင်မှာ တံခါးတွေဘာတွေကမရှိဘူး၊ အို့ပင်းအဲ (Opened air)ဒါကြောင့် ဒေါ်ခင်ကြည်က အဲဒီကနေ ထိုင်ထိုင်ကြည့် ပြီးတော့ ကန်ဘက်ကိုငေးတယ်၊ မျှော်တယ်၊ တွေးတယ် လုပ်လေ့လုပ်ထရှိတဲ့ နေရာလေးပေါ့၊ အဲဒီမှာ သတင်းစာရှင်းပွဲလုပ်တယ်၊ သတင်းစာရှင်းပွဲမလုပ်ခင် ပေါ်ပေါက်တဲ့ အခြေအနေတွေလည်းရှိတာပေါ့၊ အင်အယ်လ်ဒီရှေ့မှာ ကျောင်းသားလူငယ်တချို့ ဆန္ဒပြပွဲလုပ်တယ်၊ အဲဒီဆန္ဒပြပွဲလုပ်တဲ့ပေါ်မှာ တည်ပြီးတော့ ကျောင်းသားလူငယ်တွေက ဒေါ်စုအိမ်ထဲကို ဝင်လာတယ်၊ တချို့ တရွက်စာတမ်းတွေ ကျကျန်နေခဲ့တယ်၊ အဲဒီကျောင်းသားလူငယ် အကုန်လုံးကလည်း ဒီမိုကရေစီအတွက် ဆန္ဒပြတဲ့လူမဟုတ်ဘူး။ ဒေါ်စုနဲ့ ကျောင်းသားတွေ လှုပ်ရှားတဲ့သူတွေရဲ့ ကြားထဲမှာ ရှုပ်ထွေးရောကိစ္စပေါ်ပေါက်အောင် တခြား

အင်အားစုတွေ သို့မဟုတ်လည်း အစိုးရဘက်ကဆိုပါတော့ စစ်အစိုးရကနေပြီးတော့ သွပ်သွင်းပြီးတော့ လုပ်တဲ့လူတွေရဲ့လက်ချက်လို့လည်း ပြောလို့ရတဲ့ အထောက်အထားတွေ ကျွန်တော်တို့တွေ့တယ်။ နောက်တစ်ခါ အင်အယ်လ်ဒီ ရုံးနဲ့ပတ်သက်လို့လဲ အန်အယ်လ်ဒီရုံးကိုလာပြီးတော့ ကျွန်တော်တို့တံခါးတွေ ပိတ်တဲ့ကြားထဲကနေပြီးတော့ ကျွန်တော်က ကျောင်းသားတစ်ယောက်ကို ဖော်ဟာခ်ပြီးတော့ ခေါ်နေတဲ့ အချိန်မှာ စစ်သားကနေ ပြေးပြီးတော့ ကျွန်တော့်ကို သေနတ်နဲ့ ရိုက်တာ။

ဒါပေမယ့် ကျွန်တော်ကိုတော့ မထိဘဲနဲ့ တံခါးသစ်သားတိုင်ကြီးတစ်ခု ကျိုးသွားတယ်။ (၁၉၈၉) ခုနှစ်၊ မတ်လ (၂၇)ရက်နေ့ တော်လှန်ရေးနေ့မှာ ဖြစ်တာ။ အဲဒီ ဖြစ်တာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က အင်အယ်လ်ဒီရဲ့ ပထမ ဦးဆုံးသတင်းစာရှင်းလင်းပွဲ လုပ်တယ်။

## ပြည်ပရောက်အဖွဲ့အစည်းများနဲ့ပတ်သက်တဲ့ ဒေါ်စုရဲ့သဘောထား

ပြောရအုံးမယ် သတင်းစာရှင်းလင်းပွဲကို တက်လာတဲ့ပုဂ္ဂိုလ်တွေထဲမှာ မင်းသူတို့ စာရေးဆရာ သတင်းဆရာတွေဖြစ်တဲ့ ကိုနေဝင်းတို့ သတင်းစာအသင်းရဲ့ဆရာကြီးနာယကကြီးလုပ်နေတဲ့ ကိုလှတွေးတို့၊ ပြီးတော့တခြားသတင်းစာဆရာကြီးတွေလည်းတက်ကြသေးတယ်။ အဲဒီသတင်းစာဆရာတွေထဲက ထွက်လာတဲ့ မေးခွန်းတစ်ခုကဘာလဲဆိုတော့ ဒေါ်စုခင်ဗျားတဲ့ ဗမာပြည်ပြည်ပကို ရောက်နေတဲ့အဖွဲ့အစည်းတွေရှိနေသေးတယ်။ ဒီအဖွဲ့အစည်းတွေနဲ့ ပတ်သက်လို့ ဒေါ်စု ခင်ဗျားဘယ်လိုပြောချင်သလဲ၊ ဘယ်လိုသဘောထားသလဲလို့ မေးတယ်။ ပြီးတော့ ပြည်ပမှာရောက်နေတဲ့ အဖွဲ့အစည်းဆိုတာလည်း အဲဒီအချိန်တုန်းက သိပ်များများမရှိဘူး။ ကျောင်းသားတပ်ဖွဲ့ အေဘီအက်စ်ဒီအက်ဖ် (ABSDF)ပေါ့၊ ကွန်မြူနစ်ပါတီတို့၊ ကရင်တို့၊ အမေရိကားမှာဆိုလို့ရှိရင် စီအာဒီဘီ (CRDP)ပေါ့၊ ဦးတင်မောင်ဝင်းတို့၊ ကိုသောင်းတို့ လုပ်နေကြပြီ။ ဒီအဖွဲ့အစည်းလောက်ပဲရှိတယ်။ သိပ်မများဘူး ပြည်ပမှာ အဲဒီအချိန်တုန်းက။ အဲဒါကို ဒေါ်စုပြောတဲ့စကားက သိပ်ကောင်းတယ်။ ကျွန်မ ရှင်းရှင်းပြောမယ်၊ ကျွန်မဒီလူတွေကို ထောက်ခံတယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ဒီလူတွေကလည်း ဒီမိုကရေစီလုပ်နေတာတဲ့၊ ပြည်တွင်းမှာ နေလို့မရလို့ ပြည်ပမှာ ထွက်ပြီးတော့ ဒီမိုကရေစီအရေးကို ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ သို့မဟုတ် အဖွဲ့အစည်းတွေဖြစ်တယ်။

ကျွန်မတို့ကလည်း ပြည်တွင်းမှာနေပြီးတော့ ဒီမိုကရေစီကို ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်။ အဖွဲ့အစည်းတွေဖြစ်တယ်။ အဲတော့ ကျွန်မဘာပဲဖြစ်ဖြစ် ဒီလူတွေကို ကျွန်မထောက်ခံတယ်။ တစ်ခုပဲရှိတယ် ကျွန်မဒီလူတွေနဲ့ တော့တရားဝင်ပေါ့လေ လက်တွဲလို့တော့မရဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဥပဒေဘောင်ပြည်ပမှာ လှုပ်ရှားနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ အဖွဲ့အစည်းတွေဖြစ်တယ်၊ ကျွန်မတို့က ဥပဒေဘောင်အတွင်းမှာ လှုပ်ရှားနေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်၊ အဖွဲ့အစည်းတွေဖြစ်တယ်။ အဲဒီစကားပြောလိုက်တယ်။ ဒီနေ့အထိ ကျွန်တော်က ဒီစကားကိုကိုင်တုန်းပဲ။

## တိုင်စွဲသင့်တဲ့ အချက်သုံးချက်

ကျွန်တော် ထွက်လာခါစမှာ အန်အယ်လ်ဒီ စီအီးစီမှာ ပြောတဲ့ စကားရှိတယ်။ အန်အယ်လ်ဒီကို လုပ်ကိုင်တဲ့အခါမှာ ကျွန်တော် ရာထူးတွေဘာတွေ တင်တာတို့ဘာတို့ ကျွန်တော်မလုပ်ချင်ပါဘူး။ သို့သော် အန်အယ်လ်ဒီ လုပ်သင့်တဲ့ သဘောထားလေး သို့မဟုတ်လည်း ပုံသဏ္ဌာန်လေးကိုတော့ ကျွန်တော်ပြောပါရစေ၊ အဲဒါက ဘာလဲဆိုရင် (၁)က အန်အယ်လ်ဒီဟာ အသက်ဝင်ပါစေ၊ အန်အယ်လ်ဒီဟာ အသံထွက်ပါစေ၊ အန်အယ်လ်ဒီဟာ မြေဆန့်လက်ဆန့်ဖြစ်ပါစေလို့ဆိုပြီးတော့ ကျွန်တော်ပြောခဲ့တယ်။ အသက်ဝင်ပါစေဆိုတာတော့ ပုံမှန်အစည်းဝေးတွေလုပ်ပေါ့။ အထက်ဆုံးကနေ အောက်ဆုံးထိပေါ့။ အသံထွက်ပါစေဆိုတာက အန်အယ်လ်ဒီ ဟာတစ်ခါတလေ ပြောစရာ ဆိုစရာ တိုင်းရေးပြည်ရေး၊ လူတွေရဲ့ဒုက္ခသုက္ခ သို့မဟုတ်ရင်လည်း နိုင်ငံရေး သို့မဟုတ်လည်း ကမ္ဘာ့အရေး၊ ဗမာနဲ့ဆက်စပ်သမျှ အကြောင်းတွေမှာ အန်အယ်လ်ဒီက အသံထွက်အောင် ပြောမယ်ဆိုမယ်၊ ကန့်ကွက်မယ်၊ တောင်းဆိုမယ် ရှုတ်ချမယ်၊ ပြစ်တင်မယ်၊ ဆိုတာတွေကို မပြတ်လုပ်စေချင်တယ်။

အဲဒါဟာ ကျွန်တော်တို့အဖွဲ့ချုပ်ရဲ့အသံထွက်မှုပဲ။ နောက်တစ်ခု မြေဆန့်လက်ဆန့်ဆိုတာကတော့ မြေထောက်ခိုင်ခိုင်မာမာရပ်နိုင်အောင်လို့ပေါ့။ ဒီကျွန်တော်တို့ အထက်အဖွဲ့အစည်းများနဲ့ အောက်ခြေအဖွဲ့အစည်းများ အပြန်အလှန် ညီညီညွတ်ညွတ်ကြီးပေါ့ လက်တွဲဖို့စည်းရုံးမှု၊ ထိတွေ့မှုတွေ အခိုင်မာတည်ဆောက်ပါ။ နောက်ကျွန်တော်တို့ လက်ဆန့်ဆိုတာကတော့ ကျွန်တော်တို့ အနီးအနားမှာရှိနေတဲ့ ကျွန်တော်တို့နဲ့အပြိုင်လှုပ်ရှားနေတဲ့ အခြားသောအဖွဲ့အစည်းများ၊ ဥပမာဗျာ တိုင်းရင်းသားများရဲ့ နိုင်ငံရေးအဖွဲ့အစည်းများလို

နောက်တစ်ခါ ဥပမာဆိုတော့ ဝါရင့်နိုင်ငံရေးသမားကြီးများဆိုတဲ့ အဖွဲ့အစည်းလို နိုင်ငံရေးအင်အားစုတွေ (၈၈)မျိုးဆက်ကျောင်းသားများ စသည်ပေါ့၊ အဖွဲ့အစည်းတွေနဲ့ လှမ်းပြီးတော့ ချိတ်တွဲနိုင်အောင် ကျွန်တော်တို့ ကြိုးစားပါ (CRPP)ကိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့ ချိတ်ဆက်ပြီးတော့ ကျွန်တော်တို့ ပြန်လုပ်ရမယ်။ ဒါတင်မကဘူး နယ်ခြားဒေသများမှာရှိနေတဲ့ အစိုးရနဲ့ ငြိမ်းချမ်းရေးယူနေတဲ့ အဖွဲ့စည်းများကိုပင်လျှင် ကျွန်တော်တို့က ဒီလူတွေဟာ အစိုးရနဲ့ပေါင်းနေပြီး အစိုးရဘက်သားတွေလို့ ကျွန်တော်တို့ မသတ်မှတ်နိုင်ဘူး။

သူတို့ကလည်း ရှင်းရှင်းပြောရရင် နိုင်ငံရေးအင်အားစုတွေ။ နှစ်ပေါင်းများစွာ လက်နက်ကိုင်ပြီးတော့ လှုပ်ရှားခဲ့တဲ့လူတွေ။ လှုပ်ရှားရာကနေ အခု ဥပဒေဘောင်အတွင်းကို ပြန်ပြီးတော့ ငြိမ်းချမ်းရေးယူတဲ့ အဖွဲ့အစည်းများအနေနဲ့ ရပ်တည်နေတဲ့လူတွေ။ ဒီလူတွေနဲ့လည်း ယှဉ်တွဲမှုရအောင်လုပ်ရမယ်။ ဒါ့အပြင်ကို နယ်စပ်တွေကိုကျော်ပြီးတော့ ပြင်ပတွေမှာရှိနေတဲ့ အတိုက်အခံ အင်အားစုတွေ ဒါတွေနဲ့လည်း ကျွန်တော်တို့ ချိတ်တွဲရမယ်လို့ ကျွန်တော်ကပြောတယ်။ အဲ့ဒီလို ပြောတဲ့ဟာမှာ ကောင်းပြီ ဒီဟာတွေနဲ့ခင်ဗျာတို့ ချိတ်တွဲရမယ့်အခါမှာ ဆိုပါတော့ဗျာ NLD (LA)နဲ့ ချိတ်တွဲရမယ်။ အင်စီဂျီယူဘီ (NCGUB)နဲ့ ကျွန်တော်တို့ ချိတ်တွဲရမယ်ဗျာ။ အဲဒီဟာတွေလုပ်တဲ့အခါမှာ ဥပဒေနဲ့ငြိစွန်းမှုများ ဘယ်လိုရှိနိုင်သလဲဆိုတဲ့အခါမှာ ကျွန်တော်စောစောက ဒေါ်စုသတင်းစာရှင်းလင်းပွဲမှာ ပြောတဲ့စကားကိုပဲ ကျွန်တော်ကပြောတယ်၊ ကျွန်တော်တို့ ချိတ်တွဲရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ မေဒေါ်စု ဟိုတုန်းက ပြောခဲ့တဲ့အတိုင်းပဲ။ ကျွန်မတို့ဟာ နယ်စပ်ပြည်ပမှာရှိနေတဲ့ ဒီအဖွဲ့အစည်းတွေကို သူလည်း ဒီမိုကရေစီလုပ်နေတဲ့အတွက် ကျွန်မတို့ ထောက်ခံတယ်ဆိုတဲ့ ဒေါ်စုပြောခဲ့တဲ့ စကားကို ကျွန်တော်က အကိုးအကားယူပြီးတော့ ပြည်ပမှာရှိတဲ့ အဖွဲ့အစည်းတွေ မှန်သမျှပေါ့ နာမည်တွေတော့ ကျွန်တော် မပြောပါရပါစေနဲ့တော့ ကျွန်တော်တို့က ရဲရဲတင်းတင်းပဲ ကျွန်တော်တို့ ထောက်ခံတယ်လို့ ပြောချင်တယ်။

အဲတစ်ခုရှိတယ်။ ဒီလူတွေနဲ့ ကျွန်တော်တို့ ဥပမာဆိုတော့ အပြန်အလှန် အပေးအယူတွေ လုပ်နိုင်ခွင့်လုပ်ဖို့ အချိန်အခါအခြေအနေမရှိဘူး။ ကျွန်တော်တို့ သူတို့ဆီကနေ ပစ္စည်းပစ္စယအထောက်အကူတို့ တာအဆက်အသွယ်တို့ လုပ်နိုင်မယ့်အခြေအနေမရှိဘူး။ ဒါမှန်တယ်၊ သို့သော် ကျွန်တော်တို့ဟာ ဘာဖြစ်လို့ သူတို့ကိုမထောက်ခံနိုင်ရမှာလဲ သူတို့လည်း သူတို့နည်း သူတို့ဟန်နဲ့ အားထုတ်နေတဲ့ပုဂ္ဂိုလ်များဖြစ်တယ်၊ အဖွဲ့အစည်းများဖြစ်တယ်။

**တပ်ပေါင်းစုဖွဲ့ရေးထက် အသံညီရေး အလုပ်တူရေးဦးစားပေး**

တပ်ပေါင်းစုဖွဲ့ရေးဆိုတာဟာ လက်တွေ့ဆောင်ရွက်ရာမှ အင်မတန်ခက်ခဲတဲ့အလုပ်ပေါ့။ ကျွန်တော်အသံညီအောင်လုပ်ပါဆိုတဲ့စကားကို ကျွန်တော်သုံးတယ်။ ဘာဖြစ်လို့သုံးလဲဆိုတော့ ကျွန်တော်တို့က ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုများပဲဖြစ်ဖြစ်၊ ပြည်ပမှာရှိတဲ့ နိုင်ငံရေးအင်အားစုများပဲဖြစ်ဖြစ် လက်တွဲမိအောင် ကျွန်တော်တို့ကြိုးစားတဲ့နေရာမှာ ဗမာပြည် နိုင်ငံရေးလောကမှာ ခေတ်စားခဲ့တဲ့ တပ်ပေါင်းစုတို့ဘာတို့ညာတို့နဲ့ပတ်သက်ပြီး အဲလိုပုံစံမျိုးနဲ့ ကျွန်တော်က သိပ်မလုပ်ချင်ဘူး။ တစ်ကယ်လုပ်တဲ့အခါလည်း ဒါတွေက အတော်ခက်တယ်။ ဒါကြောင့် ကျွန်တော်စောစောကပြောတဲ့ ဦးနုနဲ့ သခင်ချစ်မောင်နဲ့ ဒေါ်စုတို့အဖွဲ့ပေါ့။ သို့မဟုတ်လို့ရှိရင် သခင်ချစ်မောင်ရဲ့ ပါတီနဲ့ ဦးနုရဲ့ပါတီနဲ့ ကျွန်တော်တို့ အင်စီဂျီယူဘီနဲ့ ပေါင်းစည်းဖို့ဆိုတဲ့ တပ်ဦးလုပ်ဖို့ နောက်ပြီးတော့ အာဏာရှင်စနစ်ဆန့်ကျင်ရေး တပ်ပေါင်းစုကြီးလုပ်ဖို့ဆိုတာ ကျွန်တော်ကိုယ်တိုင် ကြိုးစားတဲ့အထဲမှာ ပါပါတယ်။

သို့သော် အဲဒါကျွန်တော်မှားတယ်၊ အခုကျွန်တော်ဘယ်လို တစ်မျိုးတွေးမြင်လဲဆိုတော့ ကျွန်တော်တို့တွေဟာ လုပ်ဖို့ကောင်းတာက အသံတူအောင်လုပ်ဖို့လိုတယ်။ အသံတူတာပြီးရင် အလုပ်တူအောင်လုပ်မယ်ဗျာ။ အလုပ်တူလာလို့ရှိရင် ကျွန်တော်တို့ အဖွဲ့တူတဲ့ကိစ္စကို ကျွန်တော်တို့လုပ်မယ်။ ဆိုလိုတာက အသံညီမှုတွေ၊ အလုပ်ညီမှုတွေ တော်တော်နိုင်နိုင်မာမာဖြစ်မှ ကျွန်တော်တို့က အဖွဲ့ညီဖို့၊ အဖွဲ့ညီဖို့ဆိုတာ တပ်ပေါင်းစုဖွဲ့တာတို့ သို့မဟုတ်လို့ရှိရင်လည်း တပ်ဦးဖွဲ့တာတို့ဆိုတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ လုပ်သင့်တယ်လို့ ကျွန်တော်က ယူဆတယ်။

တပ်ပေါင်းစုဖွဲ့စည်းရေးလက်တွေ့ဆောင်ရွက်တဲ့အခါမှာ အခက်အခဲ ဘယ်လောက်ရှိသလဲဆိုတာ မြန်မာ့သမိုင်းမှာ အထင်ကရ သက်သေရှိခဲ့ဘူးပါတယ်။ ကွန်မြူနစ်ပါတီ၊ သုံးပါတီ ညီညွတ်ရေးတို့ဘာတို့လုပ်ခဲ့တဲ့နေရာတွေ ကျွန်တော်ရောက်ဖူးပါတယ်။ ပုံတောင်ပုံညာတောထဲမှာ ရွာလေးတစ်ရွာ ရောက်သွားတယ်။ အဲဒီရွာသားတွေကနေပြီးတော့ပြောတယ်။ ဒီနေရာပေါ့တဲ့ အရင်တုန်းက သုံးပါတီအစည်းအဝေးလုပ်ဖို့အတွက် တဲတွေဘာတွေ ဆောက်ပြီးတော့ ဒီမှာလုပ်တာ၊ ဟော့ဒီနေရာကတော့ အဲဒီတပ်ပေါင်းစု ကြိုးစားတဲ့သုံးပါတီရဲ့ အသံလွှင့်ဌာန ဒီကနေ ဒီမှာလုပ်တာပေါ့။ တစ်ချို့ကတော့ ပြောတယ်။

ဒီတဲထဲမှာ ဒီအသံလွှင့်ဌာနကနေပြီးတော့ နိုင်ငံရေးစကားတွေနဲ့ပဲ တစ်ဖော်ဖော် တစ်ပီပီလုပ်နေတာကိုတဲ့ ဆင်တွေနားငြီးသလားမသိဘူး တစ်နေ့သော အခါမှာ အဲဒီသုံးပါတီရဲ့အသံလွှင့်ဌာနကို တစ်ခါတည်းဆင်က ဝင်ပြီးတော့ အောင်းလိုက်တာ အသံလွှင့်ပစ္စည်းတွေလဲပျက် အသံလွှင့်ရုံလည်း ပျက်တယ် ဆိုပြီးတော့တောင်မှ ပြောသေးတယ်။ ဆိုလိုတာက ဘာလဲဆိုတော့ အဲဒီ တပ်ပေါင်းစုဆိုပြီးကို လုပ်တာ ရှာသူရှာသားများရဲ့ ကိုယ်တွေ့ တွေ့တဲ့ သူတွေရဲ့ အပြောက (၄-၅-၆)လတောင် ကြာတယ်တဲ့။ သခင်စိုးရောက်လာတယ်၊ သခင်သန်းထွန်းရောက်လာတယ်၊ ဟိုဘက်ကလည်း ပြည်သူ့ရဲဘော်ဘက်ကလည်း ဗိုလ်ဖိုးကွန်းတို့ဘာတို့ ရောက်လာတယ်ပေါ့။ ဆွေးနွေးလိုက်ကြတာတဲ့ တပ်ပေါင်းစု ဆွေးနွေးလိုက်ကြတာ ဘာမှမဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုနပြောသလို အသံလည်းမညီကြဘူး တစ်ယောက်နဲ့တစ်ယောက် အလုပ်လည်းမညီကြဘူး ဆိုတဲ့အခါကျတော့ တပ်ပေါင်းစုဖွဲ့လည်း ဖွဲ့ဖွဲ့ပဲရှိတယ်။ အဲဒါတွေဟာ ခေတ်အဆက်ဆက် ပျက်လာခဲ့တာပဲ။

အဲတော့ ကျွန်တော်ကတော့ အခုနည်းနည်းပြန်ပြီးတော့ ပြောင်းပြန်လှန်ပြီးတော့ စိတ်ကူးရတယ်၊ အဲဒီတော့ အသံတူတယ်၊ အလုပ်တူမယ်၊ ပြီးတဲ့ အခါကျတော့ အဖွဲ့တူကြစို့ဆိုတဲ့ဟာကို ကျွန်တော်ကတော့ အဲသဘောထားလေး ကျွန်တော်ရလာတယ်ပေါ့။ အဲဒီရတဲ့သဘောထားနဲ့အညီ ကျွန်တော်က အင်အားစုများ ဒီမိုကရေစီအင်အားစုများနဲ့ ပတ်သက်လာရင် ကျွန်တော်က သူတို့ကို ထောက်ခံတယ်ဆိုတာ ပြောကိုပြောခဲ့တယ်။ ဒါ့အပြင်ကို ကျွန်တော်က အသံညီအောင်တော့လုပ်ကြစို့ ဟုတ်လား။ ခင်ဗျားတို့နဲ့ ကျွန်တော်တို့နဲ့ အလုပ်ညီချင်မှညီနေအုံးမယ်။ သို့သော် ကျွန်တော်တို့ အနိမ့်ဆုံးအားဖြင့် ကျွန်တော်တို့တွေဟာ အသံတူအောင်လုပ်ကြစို့လို့ ဆိုပြီးတော့ ကျွန်တော်ပြောတယ်။ ဒါ ကျွန်တော် အဲဒီကာလမှာ မှတ်မိတဲ့ လုပ်ငန်းတွေထဲက တစ်ခုပေါ့။

# အခန်း (၂၀)

## နှစ်ကူးအတာသင်္ကြန်၊ အာဏာဖီဆန်ရေးနှင့် ဖုန်းမော်နှစ်ပတ်လည်

**သင်္ကြန်မဏ္ဍာပ်လုပ်ဖို့ စီစဉ်**

နောက်တစ်ခု ကျွန်တော်ပြောချင်သေးတယ်။ ပျော်စရာရွှင်စရာ ကိစ္စလေးပါ။ နိုင်ငံရေးကိစ္စတွေကြီးပဲ ဖြစ်နေလို့။ အဲဒီ ၁၉၈၉-ခုနှစ် ဧပြီလလည်း ကျရော သင်္ကြန်လုပ်မယ်ဆို လုပ်တဲ့အခါကျတော့ စီအီးစီမှာပြောကြတယ်။ ကျွန်တော်ကပြောတယ် သင်္ကြန်လုပ်တာနဲ့ ပတ်သက်လို့ သတိထားဖို့တော့ အများကြီးလိုလိမ့်မယ်။ သင်္ကြန်ဆိုတာက အလွန်နတ်ကြီးတဲ့ ကိစ္စနော်။ သင်္ကြန်ရဲ့ တက်ကြွမှုပေါ့နော်။ အဲဒါဟာ တော်တော် ထိန်းမရသိမ်းမရ ဖြစ်တတ်တယ်။ နောက်ပြီးတော့ ရှင်းရှင်းပြောရရင် သင်္ကြန်ဟာ ယောင်နှတ်ခမ်းတောင်မှ ရောက်တတ်တဲ့ အနေအထားမျိုးဖြစ်တတ်တယ်။ ကျွန်တော်တို့ တကယ်ထိန်းနိုင်မလား။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံရေးပါတီကနေ ကြီးမှူးကျင်းပတဲ့ သင်္ကြန်ပွဲဆိုရင် ရှင်းရှင်းပြောရရင် နိုင်ငံရေးပဲပြောရလိမ့်မယ်။ ကပွဲတွေ၊ သီဆိုပွဲတွေ ရေပက်ပွဲတွေမဟုတ်ဘူး။ ရှင်းရှင်းပြောရရင် နိုင်ငံရေး အသံမြည်ဖို့ ဇော်မှိုဟစ်ဖို့ ဒါလုပ်တာ။ အဲတော့ သတိထားဖို့လိုတယ်။ ကျွန်တော် စီအီးစီမှာ ကျွန်တော်တိုက်တွန်းတယ်။ အဲဒီဟာကို ထက်ထက်သန်သန်

ထောက်ခံတဲ့သူတွေက အဲ့သြစရာ။ ကျွန်တော်တို့ အန်အယ်လ်ဒီဘက်က လူတွေက တက်ကြွတဲ့လူတွေလို့ ပြောတဲ့သူတွေ သို့မဟုတ်လည်းပေါ့။

ဒီလက်ဝဲဆန်တယ်လို့ဘာတို့ပြောတဲ့သူတွေဘက်က ကျွန်တော်က သတိထားပါလို့ပြောနေတဲ့အချိန်မှာ အဲဒီသကြိန်ကိစ္စကိုထက်ထက်သန်သန်ကြီး ထောက်ခံတဲ့သူတွေက ဦးချစ်နိုင်တို့၊ ဗိုလ်မှူးကြီးကြည်မောင်တို့ဖြစ်နေတယ်။ ဒီလူတွေက ဟာသကြိန်လုပ်တာကောင်းတယ်လို့ဆိုတော့၊ ထားပါတော့ ကျွန်တော် သကြိန်လုပ်ကြတယ်။ အန်အယ်လ်ဒီမြို့နယ်အသီးသီးကို လှမ်းပြီးတော့ကဲ ကျွန်တော်တို့ဆီမှာ မကျော့ပ်ထိုးမယ်။ သံချပ်ပြိုင်ပွဲတို့ သီချင်းပြိုင်ပွဲတို့ အဲဒါတွေကို အမှတ်ပေးကြမယ်။ ဆုတွေပေးမယ်၊ ဆိုပြီးတော့ ကျွန်တော်တို့ စီစဉ်ကြတယ်။

## သကြိန်သံချပ်များ စိစစ်ဖြတ်တောက်ရေး သဘောမတူ

တစ်ခါတည်း အဲဒီမှာသံချပ်တွေဇာတ်တွေ တိုက်ကြတာပေါ့။ သံချပ်တွေဇာတ်တွေတိုက်ရင်း တိုက်ရင်းနဲ့ သကြိန်လည်း နီးသထက်နီးလာလို့ ရက်ပိုင်းလည်း လိုလည်းလိုရော အဲဒီထဲက ပုဂ္ဂိုလ်ကြီးတစ်ယောက်ပေါ့ဗျာ။ ထားပါတော့။ ကျွန်တော် မပြောတော့ပါဘူး။ သကြိန်ကိုထောက်ခံတဲ့ ပုဂ္ဂိုလ်ကြီးများထဲကနေပြီးတော့ ဒီထဲမှာတဲ့ စိစစ်ရေးလုပ်ဖို့လိုမယ်တဲ့။ ကျွန်တော့်ကို ပြောတဲ့အခါ ကျွန်တော်မပါနိုင်ဘူး။ ကျွန်တော်တို့ သကြိန်တို့ဘာတို့ဆိုတာ ရှင်းရှင်းပြောရရင် လွတ်လပ်မှုရဲ့ အမှတ်အသား၊ လွတ်လပ်မှုရဲ့ ပြယုဂ်၊ အဲဒါကို အစိုးရအဆက်ဆက်ကနေ ကွပ်ကဲခြင်း၊ ဟုတ်လား၊ စိစစ်ခြင်း၊ ဖြတ်တောက်ခြင်း ဘာညာပေါ့၊ လုပ်ကြတယ်၊ ကျွန်တော် အဲဒါတွေမတွက်ဘဲနဲ့ ဒီနေ့ဟာ နိုင်ငံရေး သကြိန်လုပ်နေတာ။ အဲဒီနိုင်ငံရေး သကြိန်ကို ကျွန်တော်တို့ အန်အယ်လ်ဒီကနေ ပြန်ပြီးတော့ ကွပ်ကဲခြင်း၊ စိစစ်ခြင်း၊ ဖြတ်တောက်ခြင်း၊ ပိတ်ဆို့ခြင်းဆိုတာတွေ လုပ်ရင်တော့ ကျွန်တော်တို့ သဘောမတူဘူး။ ခင်ဗျားတို့ နဂိုတုန်းက ကျွန်တော် ပြောတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ဒီအဆိုကို တင်လာတဲ့ကိစ္စက

ဘာဖြစ်လို့တင်လာလည်းဆိုတော့ သူတို့က တိုင်ချက်တွေ သံချပ်တွေ အဖွဲ့တွေ အဖွဲ့တွေက လာပြီးတော့ အဖွဲ့ကိုလာတင်ပြတဲ့ သံချပ်တွေကို ကြည့်တဲ့ဟာမှာ သူတို့တော်တော်ကို ဖြုံကုန်တယ်။ တွန့်ကုန်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ လူတွေဟာ တစ်ခါတည်း အုံကြွပြီးတော့ ထွက်လာတဲ့အသံတွေက အလွန်ကို ကျယ်လောင်လွန်းတဲ့ အသံတွေ ဖြစ်နေတဲ့အခါကျတော့ သူတို့သွေးပျက်လာတယ်။ သွေးပျက်လာတဲ့အခါကျ တော့ ဒါတွေအကုန်လုံးကို စီစစ်ဖြတ်တောက်ဖို့ လိုတယ်ဆိုတဲ့ အဆိုတင်လာတယ်။ အဲတော့ ကျွန်တော်ပြောတယ်။ အဲဒီထဲလည်း ကျွန်တော်မပါနိုင်ဘူး။

သင်္ကြန်ကျင်းပဖို့ ခွင့်ပြုပြီးကာမှ အခုလိုဆင်ဆာဖြတ်တောက်တာမျိုးကိုတော့ ကျွန်တော်လက်မခံနိုင်ဘူး။ ဘာကြောင့် ကျွန်တော်ပြောသလဲဆိုရင် ကျွန်တော် မန္တလေးသင်္ကြန်တစ်ခုရဲ့ နမူနာလေးတစ်ခုကို ကျွန်တော်ပြောပြတယ်။ သင်္ကြန်လုပ်တဲ့အခါမှာ ကျွန်တော်မန္တလေး ရှိတုန်းပေါ့ဗျာ။ ကျောင်းသားလူငယ်အဖွဲ့တစ်ဖွဲ့က ဂျစ်ကားနဲ့ထွက်လာတယ်။ ဂျစ်ကားကိုလည်း အရှေ့ကမှန်တွေလည်းချ၊ အဲဒီအပေါ်မှာဖျဉ်ပြားတွေခင်းလိုက်ရင် စင်ဖြစ်သွားတယ်ပေါ့ဗျာ။ အဲဒီထဲမှာ သူတို့မှာဘာပါလဲ။ များများမပါဘူး။ လူလေးငါးယောက်ပါတယ်။ နောက်ပြီးတော့ တင်းပုတ်လိုဟာမျိုးတွေပါတယ်။ ခေါက်စားပွဲလေးပါတယ်။ နောက်ပြီးတော့ ခေါက်ကုလားထိုင်တွေပါတယ်။ နောက်တစ်ခါ မှန်ချထားတဲ့ ဂျစ်ကားပေါ်မှာ သင်္ကြန်စင်လိုလုပ်ဖို့အတွက် ဖျဉ်ပြားတွေပါလာတယ်။ အဲဒါတွေနဲ့ပဲ သူတို့လာတယ်။ လာပြီးတော့ မြို့တော်ခန်းမမှာ မြိုင်တဲ့အခါကျတော့ ဖျဉ်ပြားတွေတင်တယ်။ ခုံလေးတွေခင်းတယ်ပေါ့။ ခေါင်းပေါင်းလေးတွေ ဘာတွေ ပေါင်းပြီးတော့ တစ်ယောက်က သဘာပတိမိန့်ခွန်းပြောတယ်။ မိန့်ခွန်းပြောတဲ့ သူကရယ်စရာကောင်းတဲ့ စကားတွေကို အဆက်အစပ်မရှိ လျှောက်ပြောတာပဲ။ လူတွေကလည်း တဝါးဝါးနဲ့ အဲဒီအချိန်မှာ ဘာဖြစ်လဲဆိုတော့ ခေါင်းပေါင်းပေါင်းထားတဲ့ လူနှစ်ယောက်သုံးယောက်က ဟဖြေးဖြေးနဲ့ငိုက်ပြီးတော့ စားပွဲပေါ်မှာအိပ်နေကြတယ်။ အိပ်နေကြတဲ့အခါကျတော့ ခုနကပြောတဲ့ မိန့်ခွန်းပြောတဲ့

သူက ပါတီကိုထိခိုက်တဲ့စကားတွေ၊ လူကြီးသူမတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေကို ဝေဖန်ပြစ်တင်တဲ့စကားတွေ တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေ ထောက်ပြ ဖွင့်ပြတဲ့စကားတွေ အဲဒါတွေကို တစ်ခါတည်း တစ်လုံးပြီးတစ်လုံး ဟိုကနေဟိုပြော၊ ဒီကနေဒီပြော၊ ပြောပြီးတော့ လူတွေကလည်းတဝါးဝါး တအုန်းအုန်းနဲ့ ဖြစ်နေတဲ့အချိန်မှာ ခုနကပြောတဲ့ ခေါင်းပေါင်းပေါင်းထားတဲ့ သူတွေက စားပွဲပေါ်မှာ မှောက်ပြီးတော့အိပ်နေကြပြီ။

စကားလည်းဆုံးလည်းသွားရော သူရဲ့မြွက်လုံးတွေရော ဆုံးသွားရော အဲဒီခေါင်းဆောင် လုပ်တဲ့သူကတင်းပုတ်ကိုဆွဲပြီးတော့ စားပွဲပေါ်ကို ဒိုင်းကနဲ ရိုက်လိုက်တာပေါ့။ အဲဒီကျမှလူတွေက လန့်နိုးကုန်ကြတယ်ပေါ့။ အဲဒါ သာမန် အားဖြင့်ရိုးရိုးရှုခင်းလို့ ထင်ပေမယ့်လို့ သူတို့ကလွှတ်တော်ကို သရော်တာ။ အဲဒီအချိန်မှာ ကျင်းပနေတဲ့ မြန်မာ့ဆိုရှယ်လမ်းစဉ်ခေတ်မှာ ပေါ်ပေါက်တဲ့ ၁၉၇၄-နောက်ပိုင်းမှာ ပေါ်ခဲ့တဲ့လွှတ်တော်ပေါ့။ လွှတ်တော်အစည်းအဝေးတွေ လုပ်တဲ့အခါကျတော့ အမတ်တွေကအဲလိုပဲ အိပ်ငိုက်လိုက် အိပ်ပျော်တဲ့သူက အိပ်၊ ခေါင်းပေါင်းပျောက်တဲ့သူပျောက်ပေါ့။ ကျွန်တော်တောင် ဆောင်းပါးတစ်ပုဒ် ရေးဖူးပါတယ်။ အဲဒီတုန်းက အမတ်တစ်ယောက်က ခေါင်းပေါင်းပျောက်ပြီးတော့ အခန်းထဲ ဝင်လာမှ ရှာပုံတော်ဖွင့်ရတဲ့အကြောင်းတွေ ဘာတွေပေါ့ဗျာ။ လွှတ်တော်အစည်းအဝေးတက်ပြီးတော့ ကျွန်တော်ဆောင်းပါးရေးလို့တောင်မှ ကျွန်တော်ကို တော်တော် ဝေဖန်ကြိမ်းမောင်းခံရတာပေါ့။ အဲ့တော့ ဆိုလိုတာက ဒီကျောင်းသားလူငယ်တွေက လွှတ်တော်ကိုဝေဖန်တာ လွယ်လွယ်လေး ရှင်းရှင်းလေးနဲ့ လွှတ်တော်အမတ်တွေ အိပ်တာကောင်းလိုက်တာ၊ ခုနကပြောတဲ့ မိန့်ခွန်းပြောတဲ့ သူများကလည်း တောရောက်တောင်ရောက် တွေ့ကရာ ရှစ်သောင်းတွေ လျှောက်ပြောတဲ့ဟာကို ဖျက်ရယ်ပြုထားတာ။ အန်အယ်လ်ဒီမှာ သကြံန်လည်း လုပ်လည်းလုပ်ရောဒါကြောင့် ကျွန်တော်သတိပေးခဲ့တာ။ ဒါပေမဲ့ဒီအချိန်မှာတော့ ကျွန်တော်က ချုပ်ချယ်ခြင်း၊ ကန့်သတ်ခြင်းတွေကို ကျွန်တော်လက်မခံဘူးလို့ ကျွန်တော်ပြောလိုက်တယ်။

ရှုတ်ရှုတ်သဲသဲဖြစ်သွားတဲ့ သင်္ကြန်အကြိုနေ့.

ဒါနဲ့ပြီးသွားပြီး နောက်ဆုံးလည်းကျရော သင်္ကြန်ကစတော့တယ်။ သင်္ကြန်ဖွင့်ပွဲလုပ်မယ်ဆိုပြီးတော့ ဖွင့်မယ့်နေ့ အကြိုနေ့မှာ ကျွန်တော်တို့ သတင်းထောက်တွေကို ဒေါ်စုခြံထဲမှာဖိတ်တယ်။ သတင်းထောက်တွေကလည်း ကျွန်တော်တို့ကို ဒီးကျူးစကားပြောပေါ့ဗျာ။ ကျွန်တော်တို့ကလည်း ဗမာသင်္ကြန် အကြောင်းပြော ဒီလိုပဲ ပြောနေတဲ့ကြားထဲမှာ ကျွန်တော်တို့သင်္ကြန်မဏ္ဍပ်မှာ လူတချို့ကစနေပြီ။ စုနေပြီ။ အဲဒီအချိန်မှာ တစ်ခါတည်း စစ်ကားတွေ တစ်စီးပြီးတစ်စီး လေးငါးခြောက်စီး ခုနစ်စီး ဥညတွေဆွဲပြီးတော့ ဟွန်းတွေတီးပြီးတော့ ဝေါခနဲ ဝေါခနဲ ဝေါခနဲနဲ့ ဖြတ်တာ လူတွေပြေးတာ ရှောင်တဲ့သူတွေ ရှောင်နိုင်ပေလို့သာ သို့မဟုတ်လည်း သူတို့ရဲ့ ဟွန်းသံကိုအဝေးကြီးထဲက ကြားလာရလို့သာ လူတွေရှောင်ချိန်ရလိုက်တာ။ နို့မဟုတ်ရင် လူတွေတောင်တိုက်ပြီးတော့ သေလောက်တယ်၊ သူတို့ကလည်း သေရင်သေပစေ။ စစ်ကားမောင်းတဲ့ဟာ အရမ်းမောင်းမယ် ဆိုပြီးတော့ တစ်ခါတည်း တစ်စီးပြီးတစ်စီးအန်အယ်လ်ဒီရုံးရှေ့ပေါ့။ သင်္ကြန်မဏ္ဍပ်ထိုးတဲ့ရှေ့က နေပြီးတော့ တစ်ခါတည်းမောင်းကြတာ။

အဖွဲ့ချုပ်က ကျင်းပမဲ့သင်္ကြန်မဏ္ဍပ်ရှေ့ကနေ စစ်ကားတွေ အရှိန်ပြင်းပြင်းမောင်းချသွားတယ်။ အဲဒီအချိန်မှာ အန်အယ်လ်ဒီထဲက ပုဂ္ဂိုလ်ကြီးတစ်ယောက်ပေါ့ဗျာ။ စီးအီးစီတစ်ယောက်က ဒီနေရာကိုဖျက်လိုက်ပါတော့။ မလုပ်ပါနဲ့တော့။ သင်္ကြန်စပြီးတော့ ဖွင့်မယ့်နေ့မှာ စစ်ကားတွေမောင်းပြတာနဲ့တင် သင်္ကြန်ကို ကျွန်တော်တို့ ဖျက်သိမ်းပါတော့လို့ စကားပြောလာတယ်။ ပြောလာတဲ့အခါကျတော့ ကျွန်တော်နဲ့ ပြဿနာဖြစ်ပြီပေါ့။ အငြင်းပွားကြ ပြုကြဖြစ်တော့ နောက်ဆုံးဘိတ်ကျတော့ သခင်တင်မြနဲ့ ကျွန်တော်တို့ ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံလိုပဲ။ စားပွဲလက်သီးနဲ့ ထုတာတွေဘာတွေ ဖြစ်တဲ့အခြေအနေထိ ရောက်သွားရော။ သတင်းထောက်တွေက အရှေ့မှာ အချိုရည်လေးဘာလေးသောက်ပြီးတော့ လူတချို့နဲ့ စကားပြောနေတဲ့အချိန်မှာ အဲဒီအခြေအတင်ပြောတဲ့

သုံးလေးငါးယောက်က ကျွန်တော်တို့အစည်းအဝေးလုပ်နေကြဖြစ်တဲ့ ဒေါ်စုအိမ်လေ့ကျင့်ရင်းမှာ ရှိတဲ့ ကျောက်စားပွဲဝိုင်းလေးမှာ ဝိုင်းပြီးတော့ စကားပြောကြတယ်။ အခြားခေါင်းဆောင်တစ်ယောက် နှစ်ယောက်ပါတယ်။ ဆိုတော့ သူတို့က အဆိုပြုတာကတော့ သကြံန်ကို မရပ်စဲလို့တော့မရဘူး။ တော်ကြာ စစ်တပ်ကလာလိမ့်မယ်။ စစ်တပ်လာရင်တော့ ဒုက္ခဖြစ်လိမ့်မယ်။ နောက်သင်္ကြန်သံချပ်တွေလည်း တော်တော်ဆိုးဆိုးဝါးဝါးဖြစ်နေတယ် ဘာညာဆိုတော့ အဲဒီမှာ စကားပြောရင်းစကားပြောရင်း ပြင်းထန်လာကြတယ်။ အဲဒီမှာခေါင်းဆောင်တစ်ယောက်ကနေ လက်သီးထိုး။ ကျွန်တော်ကလည်း စားပွဲထိုး လက်သီးထိုး ဆိုတာတွေဖြစ်ကုန်တယ်။ ကျွန်တော် ပြောတဲ့အကြောင်းပြချက်ကတော့ ခင်ဗျားတို့ မလုပ်ချင်ဘူးဆိုရင် နဂိုကတည်းက မလုပ်ပါနဲ့။ လုပ်မယ်လို့ ပြောပြီးရင်တော့ နောက်မဆုတ်နဲ့။ ဒီလိုလုပ်လို့ဟာမျိုးဆိုရင် လူထုကြားထဲမှာ သိက္ခာကျတယ်။ အစိုးရကလည်း ကျွန်တော်တို့ကို ရှင်းရှင်းပြောရရင် အရှိအသေတန်၊ သို့မဟုတ်ရင်လည်း အထင်သေးပြီးတော့ ကျွန်တော်တို့ကို ပိုနင်းလိမ့်မယ်။ အဲဒါ ဒီလိုတော့လုပ်လို့မရဘူး။ ကျွန်တော် လက်မခံဘူး။ သင်္ကြန်လုပ်ပါလို့ မထိန်းနိုင်လို့ အကုန်လုံးဖမ်းရုံမကလို့ ထောင်ထဲသွင်းရုံမကလို့ တိုက်ကြွန်းပို့လည်း ပို့ပါစေဆိုတဲ့ဟာတွေ ဖြစ်ကုန်တော့ အဲဒီမှာ ကျွန်တော်တို့ တော်တော်စကားများရတယ်။

## ဆက်လုပ်ရေးမလုပ်ရေး ဒေါ်စုကိုယ်တိုင်ဆုံးဖြတ်ပေး

ကျွန်တော်လည်း နောက်ပိုင်းကျတော့ စိတ်မကောင်းပါဘူး။ ကျွန်တော်လည်း ပြန်ပြီးတော့ တောင်းပန်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လူကြီးတွေ သူကြီးတွေကြားထဲမှာ ကျွန်တော်လည်း စိတ်လိုက်မာန်ပါပေါ့။ သူများ လူကြီး စိတ်ဆိုးလို့ စားပွဲလက်သီးနဲ့ထိုးသလို ကျွန်တော်ကလည်း စားပွဲလက်သီးထိုးတဲ့ အနေအထားမျိုးဖြစ်သွားတာပေါ့။ အဲဒီအချိန်မှာ ဒေါ်စုက ဝင်ဆွေးနွေးပြီးတော့ ကဲ ဆရာဦးဝင်းတင်ပြောတာကို ကျွန်မထောက်ခံတယ်။ မထူးဘူး။ ကျွန်မတို့

တကယ်ဖွင့်မယ့်နေ့ကျမှ စစ်ကားတွေဖြတ်မောင်းလာတာနဲ့တင် ကျွန်မတို့ရဲ့ သကြီန်ကိုဖျက်သိမ်းပေးရမယ်ဆိုရင် ဒါမမှန်ဘူး။ အထူးသဖြင့်ကလည်း အောက်ခြေထုကနေပြီးတော့ အကုန်လုံးပြင်ဆင်အားတင်းလာပြီးတော့မှ သံချပ်တွေနဲ့ရော အကတွေ ဘာတွေနဲ့စီစဉ်ပြီးတဲ့သကြီန်ကို ကျွန်မတို့ကနေ ဖျက်သိမ်းလိုက်လို့ရှိရင် ကျွန်မတို့ခေါင်းဆောင်မှုကိုလည်း တော်တော်အထင် သေးကြလိမ့်မယ်။ ကျွန်မတို့အဖွဲ့ချုပ်ကိုလည်း ဖျက်ရယ်ပြုစရာ ဖြစ်လာလိမ့်မယ်။ ဒါကြောင့်သကြီန်ကိုဆက်လုပ်ပါဆိုပြီးတော့ ဆုံးဖြတ်ပေးလိုက်တာ။ အဲဒါနဲ့ ကျွန်တော်က သကြီန်လုပ်ဖြစ်တယ်ပေါ့။

တိုတိုပြောရရင်တော့ သကြီန်ဆိုတာ ထုံးစံအတိုင်း ပြောတတ်၊ ဆိုတတ်၊ ဝေဖန်တတ်တာတွေပေါ့ဗျာ။ အဲဒီထဲမှာ ကျွန်တော်တို့ နမူနာလေးတစ်ခုပြောမယ် ဆိုလို့ရှိရင် န. ဝ. တ အစိုးရကနေပြီးတော့ တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန် ဆန်ဆန်လုပ်ဆိုတဲ့ ကြွေးကြော်သံရှိတယ်။ အဲဒီမှာ ပြက်လုံးက ဘာလဲဆိုတော့ လူတွေကတစ်ခါတည်း ထွက်လာတယ်။ စာတန်းကြီးလည်းကိုင် တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်လုပ်ဆိုတဲ့ အဲဒီ ဆိုင်းဘုတ်လေးလည်း ပြပြီးတော့ အဲဒီရှေ့မှာ လူတွေကနေပြီးတော့ ထွက်လာပြီးတော့ တစ်ခါတည်း ဆန္ဒပြသလိုဟာမျိုးလည်း လုပ်လည်းလုပ်ရော စစ်တပ်ကလူကတိတိကျကျ မှန်မှန်ကန်ကန် မြန်မြန် ဆန်ဆန်ပစ်ဆိုတဲ့ အဲဒီစကားလုံးကို သုံးပြီးတော့ပေါ့ဗျာ။ သူတို့ရဲ့ ဆောင်ပုဒ်ကိုသုံးပြီးတော့ သရော်ပြီးတော့ ဒီဆန္ဒပြသူများကို တည့်တည့် တစ်ခါတည်း သေနတ်နဲ့ပစ်ထဲ့ပုံ သဏ္ဌာန်မျိုးကို လုပ်ပြတယ်။ အဲလို ဟာမျိုးတွေပေါ့။ ကျန်တဲ့သီချင်းတွေတို့ ပြကွက်တွေတို့ သံချပ်တွေလိုဟာတွေက ကြားတောင် မကြားဝံ့လောက်အောင်ဖြစ်တာ။ အဲနှစ်ကလည်း ထူးထူးခြားခြား သကြီန်က လေးရက်ကျတယ်။ အကြိုပါနဲ့ပေါင်းရင်ငါးရက်ပေါ့။ အဲဒီမှာ ကျွန်တော်အိမ်မပြန်တော့ဘဲနဲ့ အဲဒီဌာနချုပ်ရုံးခန်းပေါ်မှာအိပ်ပြီးတော့ စိတ်ပူ

နေရတာပေါ့။ ညရောမနက်ရော ကျွန်တော်ဝင်ထိန်းပေးတယ်။ နောက်ဆုံးပိတ်ရက်လည်းကျရော ဒေါ်စုကိုယ်တိုင် တတ်ပြီးတော့ ဆုပေးတယ်။

## ပြောင်မြောက်လွန်းတဲ့ သံချပ်များ

ကျွန်တော်တို့ဒီပွဲက တကယ်ကိုလည်း အန်အယ်လ်ဒီ စီအီးစီလူကြီးများ စိုးရိမ်သလိုပဲ ရှင်းရှင်းပြောရင် အောက်ဖော့ဟင်း(out of hand) တကယ့်ကို အခြေအနေက ထိန်းမရသိမ်းမရ ဖြစ်တယ်လို့ပြောနိုင်တယ်။ နိုင်ငံရေး ဆန္ဒဖော်ထုတ်မှုပုံသဏ္ဍာန်အားဖြင့် အလွန်အကျွံကိုဖြစ်သွားတယ်။ အလွန်အကျွံဖြစ်သွားတယ်ဆိုတာ ကျွန်တော်ပထမနေ့ကတည်းက ကျွန်တော်သိနေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သံချပ်တွေက အစိုးရဘက်ကကြည့်မယ်ဆိုရင် မကြားဝံ့ မနာသာတွေပဲ။ ပြည်သူလူထုဘက်ကတော့ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ပေါ့။ အလားတူပဲ ပြကွက်တွေပြဇာတ်တွေ သီချင်းတွေအကုန်လုံးက ဒီအစိုးရကို တိုက်ခိုက်တဲ့နေရာမှာ ကျွန်တော်ထင်တယ်။ အဲဒီသကြန်တုန်းက သံချပ်တွေဘာတွေ ပြန်စုဆောင်းပြီးတော့များ ဖော်ပြရလို့ရှိရင် အန်အယ်လ်ဒီ လုပ်တာတွေကို တစ်နှစ်၊ နှစ်နှစ်၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်လုပ်ခဲ့တာတွေကို အများကြီးပြောင်မြောက်စွာပေါ့။ နိုင်ငံရေးစိတ်ဓာတ်၊ နိုင်ငံရေးဦးတည်ချက်တွေကို အများကြီးပြသနိုင်တယ်လို့ ကျွန်တော်ပြောလို့တောင်ရတယ်။ အနုပညာပုံသဏ္ဍာန်နဲ့ ဖော်ပြတာကျတော့ ပိုပြီးတော့တောင် ထိရောက်သေးတယ်။ ထားပါတော့။ အဲလိုလွန်လွန်ကဲကဲဖြစ်ပြီ ဆိုတာတော့ သေချာနေပြီ အဲဒီအခါကျတော့ ကျွန်တော့်ရှတ်အတင်း တိုက်တွန်း တဲ့သူ ကျွန်တော်အနေနဲ့ကလည်း အတော်ကို စိုးရိမ်စရာဖြစ်နေတယ်။ ကျွန်တော့ အပေါ်မှာပဲ အပြစ်ပုံကျနိုင်တဲ့ အနေအထားဖြစ်နေတယ်။ အလားတူပဲ တားမြစ်တဲ့ခေါင်းဆောင်ကြီးများဘက်က ကြည့်တဲ့ အခါကျတော့လည်း အဲဒါ ကျုပ်တို့မပြောဘူးလားလို့ပြောမယ်။

## အလွန်စည်းကမ်းရှိတဲ့ဒေါ်စု

အဲဒီအချိန်မှာ နောက်ဆုံးနေ့မှာ ဒေါ်စုကနေပြီးတော့ မိန့်ခွန်းပြောတယ်။ အဲဒီမိန့်ခွန်းကို ကျွန်တော့်ပေးလိုက်တယ်ဗျ။ ကျွန်တော်က ရုံးဘက်မှာ သူကဟိုးဘက်အိမ်ကပေးတဲ့ အချိန်မှာပဲ သူလည်းသကြန်မဏ္ဍပ်စင်ထိုးထားတဲ့ ကျွန်တော်တို့တက္ကသိုလ်ရိပ်သာလမ်း၊ နံပါတ်(၄၄)ပေါ့၊ အန်အယ်လ်ဒီရုံးချုပ်အပေါ်ကို သူလာတယ်။ လာပြီးတော့ နိုင်ငံခြားဧည့်သည်တွေနဲ့ အပေါ်ထပ်မှာတွေ့တယ်။ အဲဒီအချိန်မှာ ဒေါ်စုကနေပြီးတော့ သူ့ရဲ့မိန့်ခွန်းကို ကျွန်တော့်ကိုပေးတယ်။ အဲဒီမှာလည်း ကျွန်တော် စကားနည်းနည်း ဖောက်ပြီးတော့ပြောချင်သေးတယ်။ ဒေါ်စုကစကားကောင်းကောင်း ပြောနိုင်တဲ့ အနေအထားမျိုးမဟုတ်ပါဘူး။ ဥပမာဗျာ ဗိုလ်ချုပ်အောင်ဆန်းကို စကားပြောကောင်းတဲ့ ပုဂ္ဂိုလ် အော်ရစ်တာရီ (oratory) ပေါ့ အာဝဇ္ဇန်းရှိတဲ့ပုဂ္ဂိုလ်ပေါ့၊ အာဝဇ္ဇန်းရှိတဲ့ ပုဂ္ဂိုလ်လို့မပြောနိုင်ဘူး။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းစကားတွေကို မိန့်ခွန်းတွေကို နားထောင်တဲ့အခါမှာ ဝါကျတွေကလည်း မှန်မှန်ကန်ကန်။ ဟိုရောက် ဒီရောက်ဆိုတဲ့ ဟာမျိုးမဟုတ်ဘူး။ နောက်ပြီးတော့ စကားကို ဦးနေဝင်းတို့ ပြောသလိုဟိုနင်းတို့ ဟိုဟာတို့ အဲအင်းတို့ဆိုတာတွေ မရှိဘဲနဲ့ ပြောချသွားတာ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းတွေပြန်နားထောင်ကြည့်ပါ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း စကားပြောကောင်းတဲ့သူလို့ မပြောနိုင်ဘူး။

သို့သော် ခုနပြောသလို အတွေးရှင်းတယ်၊ အမြင်ရှင်းတယ်၊ အပြောရှင်းတဲ့အခါကျတော့ ဒါတွေအကုန်လုံးက အလွန်ကောင်းတဲ့ မိန့်ခွန်းတွေဖြစ်လာတယ်။ အလားတူပဲ ဒေါ်စုကလည်း စကားပြောကောင်းတယ်လို့ပြောလို့မရဘူး။ ဒေါ်စုလောက်တော့ လူတိုင်းပြောတတ်တာပဲ။ သို့သော် သေသေချာချာပြန်ပြီးတော့ ကြည့်တဲ့အခါကျတော့ ဒေါ်စုစကားပြောတဲ့ဟာတွေ အသံသွင်းထားအသံသွင်းပြီးတော့ ပြန်ပြီးတော့ ဗမာစာနဲ့ ပြန်ရေးလိုက်တဲ့အခါမှာ ကျွန်တော်တို့စကားတွေနဲ့သိပ်ကွာသွားတယ်။ ကျွန်တော်တို့ဆို ရှေ့စကားနောက်ရောက် နောက်စကားရှေ့ရောက်ပေါ့ဗျာ၊ ကျွန်တော်သွားအုံးမယ်ဗျို့ဈေးကို ဆိုတဲ့ဟာမျိုး

တွေလို ဖြစ်နေတယ်။ ဈေးကို ကျွန်တော်သွားအုံးမယ်ဗျို့လို ဖြစ်ရမယ့်အစားပေါ့၊ ဝါကျတွေပေါ့၊ ဆင်းတင့် (sentense) တွေပေါ့။ ပြောင်းပြန် လိမ်တွန့်နေတဲ့ဟာတွေကတွေ့ရတတ်တယ်။ ဒေါ်စုကမဟုတ်ဘူး ဖြောင့်တန်းနေတာ။ ဒါကတစ်ခု။ နောက်တစ်ခုက ဒေါ်စုကပြောမယ့် မိန့်ခွန်းတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်တော့မှ အရှမ်းမလုပ်ဘူးဗျ၊ တစ်ချို့ဟာတွေ ဥပမာဆိုပါတော့ ဒေါ်စုကသူက ဗိုလ်ပဲပေါ့။ ဒေါ်စုကတစ်ခါတည်း သူလုပ်ချင်တဲ့ဟာဆိုလို့ရှိရင် စွတ်လုပ်တာပဲ မဟုတ်ဘူး။

ဒေါ်စုက အလွန်စည်းကမ်းရှိတယ်၊ ကျွန်တော်နမူနာလေးတစ်ခု ပြောမယ်၊ ဥပမာဗျာ ဒေါ်စုက အယက်ဗမာပြည်ကိုခရီးသွားမယ်၊ အဲဒီသွားမယ့်အချိန်ကျရင် စီအီးစီကို ဒေါ်စုက အမြဲတမ်းသူမိန့်ခွန်းပြောမယ့် အချက်အလက်တွေ ဒါတွေပါမယ်၊ ဒါတွေပါမယ်၊ မိန့်ခွန်းကို စာနဲ့မရေးဘူး။ သူပါးစပ်နဲ့ ပြောမယ့်ဟာတွေ။ သို့သော် ဘယ်အချက်တွေ ဘယ်အချက်တွေပါမယ်၊ အဲဒီအချက်တွေကို ဆရာတို့သဘောတူလား အစည်းအဝေးမှာ အမြဲတမ်းတင်ပြတယ်၊ စီအီးစီကိုတင်ပြတယ်၊ တစ်ချက်စီ တစ်ချက်စီဆိုပါတော့ အချက်(၄၀) (၅၀)လောက်ရှိမယ် စာရွက်နှစ်ရွက်လောက်ရှိမယ့်ဟာတွေမှာ အချက်အလက်တွေ ရေးထားတယ်။ ကျွန်မဒီဘောင်ထဲကနေပြောမယ်၊ စီအီးစီမှာ ဒေါ်စုကအဲလိုဗျ၊ စနစ်တကျ အမြဲတမ်းသူတစ်ယောက်ထဲ ဘယ်တော့မှ ထင်ရာမလုပ်ဘူး။ ဒီအဖွဲ့အစည်းကို အမြဲတမ်းတင်ပြတဲ့အလေ့ရှိတယ်။ နောက်တစ်ခုက ဒီမိန့်ခွန်းတွေဘာတွေ ပြောတဲ့အချိန်မှာလည်း သူကရေးပြီးမပြောဘူး၊ အချက်အလက်တော့ သူစဉ်ကောင်းစဉ်လိမ့်မယ်၊ ဒါပေမယ့်ပြောတဲ့အချိန်မှာ သူလက်တန်းပြောတယ်။ သို့သော် ခုနပြောခဲ့တဲ့သကြံန်မိန့်ခွန်းနဲ့ ပတ်သက်ပြီးကျတဲ့အခါကျတော့ သူက စာရေးလာတယ်၊ ကျွန်တော်မှတ်မိသလောက်ဆိုရင် ဒေါ်စုစာရေးပြီးတော့ ပြောတဲ့မိန့်ခွန်းဟာ အဲဒီတစ်ခုပဲရှိတယ်လို့ ကျွန်တော်ထင်တယ်။

## တိုင်းပြည်အတွက် နှစ်သစ်ကူးသင်္ကြန်လွှာ ဖြစ်သွားတဲ့ ဒေါ်စုရဲ့ပိတ်ပွဲမိန့်ခွန်း

ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၁၉၈၉)ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့မိန့်ခွန်း သို့မဟုတ် သင်္ကြန်လွှာဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ အမြော်အမြင်

ကြီးမားမှုကိုပြသတဲ့သက်သေတစ်ခုပါ။ ဒေါ်စုက လက်တန်းပြောတာတွေကြီးပဲ သို့သော် အချက်အလက်တွေကတော့ သူဟာသူစီကာစဉ်ကာ အတွေးရှင်း အမြင်ရှင်း အပြောရှင်းတဲ့ ပြောတဲ့မိန့်ခွန်းကြီးပဲ။ ဒါပေမယ့် အဲဒီမိန့်ခွန်းက ကျွန်တော်ခုနပြောလို စာနဲ့ရေးတယ်။ စာနဲ့ရေးပြီးတော့ သူကကျွန်တော့်ကို ဆရာကြည့်လိုက်ပါအုံးဆိုပြီးတော့ ပေးပြီးတော့ နိုင်ငံခြားစည်သည်တွေနဲ့ ပြောတယ်။ အဲတော့ကျွန်တော်က သူ့မိန့်ခွန်းကို ဖတ်ကြည့်တဲ့အခါကျတော့ ဘာသွားတွေ့လဲဆိုတော့ ထူးခြားဆုံးအချက်က ကျွန်တော်တို့ဘက်က အလွန်အဓွဲတွေ ဖြစ်ကုန်ပြီ။ ကျွန်တော်တို့ဘက်က ဝေဖန်မှု၊ ပြစ်တင်မှု သို့မဟုတ်လည်းတိုက်ခိုက်မှု၊ သို့မဟုတ်လည်း ပုတ်ခတ်မှုတွေဟာလွန်သွားပြီး။ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ ဒေါ်စုက ပြန်ပြီးတော့ အထိမ်းအကွပ် ပြုပြင်တဲ့သဘောနဲ့ ကိုယ့်လူကိုယ် ပြန်ပြီးတော့လည်း ကိုယ့်တပ်ကိုလည်း နင်းမနေတော့ဘူး။ သူပြောတာက ဘာပြောလဲဆိုတော့ ကျွန်တော်တို့ ကျွန်မတို့ဟာ ခံစားချက်တွေကတော့ ရှိကြတာပဲ။ အမြင်တွေဟာ ရှိကြတာပဲ။ သို့သော်ကျွန်မတို့ဟာ ဒီနှစ်သစ်မှာ တတ်နိုင်သမျှ တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်ဖို့၊ နားလည်မှုရှိမှုရှိရှိနဲ့ လုပ်သွားဖို့ဆိုတဲ့ အချက်တွေပါတယ်ပေါ့။

အဲတော့ ကျွန်တော်က ဘာအိုင်ဒီယာ(idea)ရသွားလဲဆိုတော့ ဟားဒီဟာက ဒေါ်စုမိန့်ခွန်းပြောတဲ့အနေနဲ့ မဖြစ်သင့်ဘူး။ ဒေါ်စု မိန့်ခွန်းပြောတဲ့ အနေနဲ့ဆိုရင် မိန့်ခွန်းပေါင်းများစွာထဲက မိန့်ခွန်းတစ်ခုဖြစ်သွားလိမ့်မယ်။ အဲတော့ ဒီဟာက (၁၉၈၉)ခုနှစ်၊ နှစ်သစ်ကူးအခါမှာ ဒေါ်စုကနေ တိုင်းပြည်ကိုပေးတဲ့ သဝဏ်လွှာ သဘောမျိုးဖြစ်သင့်တယ်ဆိုပြီးတော့ ကျွန်တော်ကသဘောရတယ်။ အဲတော့ အချိန်ကမရှိတော့ဘူး။ ပြီးရင်သူက ဟောက်ဆင်းသွားပြီးတော့ ပြောတော့မယ်၊ ဒီမိန့်ခွန်းက သူကရေးသာရေးထားတယ် ခုနပြောသလို ခါတိုင်း ခါတိုင်း မိန့်ခွန်းတွေမှာ သူကအချက်အလက်တွေကို စီကာစဉ်ကာလုပ်ထားတာ ပဲရှိတယ်။ ဒီဟာကတော့ မိန့်ခွန်းအပြည့်ရေးထားတယ်။ ဒါပေမယ့် သူပြောတဲ့ နေရာမှာတော့ လက်တန်းပဲပြောမှာပဲ။ ကျွန်တော်သဘောပေါက်တယ်။ အဲတော့ ကျွန်တော်က အချိန်မရှိတော့ဘူး။

အဲတော့ဒီကိစ္စက ခင်ဗျားဒီမိန့်ခွန်းကို မိန့်ခွန်းအနေနဲ့မလုပ်ပါနဲ့ ဒီစာကို ပဲဖတ်ပါ။ ဒါဟာတိုင်းပြည်ကိုပေးတဲ့ သဝဏ်လွှာအနေနဲ့ အသုံးပြုပါဆိုပြီးတော့

ကျွန်တော်ကသူ့ကို စာလေးရေးပြီးတော့ သူနဲ့နိုင်ငံခြားစည့်သည်တွေ စကားပြောနေတဲ့အခန်းထဲကို ပို့လိုက်တယ်။ ပို့လိုက်တဲ့အခါကျတော့ ဒေါ်စုကကျွန်မ သဘောတူပါတယ်၊ အဲလိုအတိုင်းလုပ်ပါဆိုတော့ အဲတော့မှ ကျွန်တော်က ဒေါ်စု ရေးထားတဲ့မိန့်ခွန်းပေါ်မှာ ကျွန်တော်က ဗမာနှစ်တော့ ကျွန်တော်သိပ်တော့ မမှတ်မိတော့ဘူးဗျ။ (၁၉၈၉) ခုနှစ်ပေါ့ဗျာ၊ ဧပြီလ(၁၇)ရက်နေ့မှာ လုပ်မယ့် နှစ်သစ်ကူးနေ့မှာ ဒေါ်စုကနေတိုင်းပြည်ကိုပေးပို့တဲ့ သဝဏ်လွှာဆိုပြီးတော့ ခေါင်းစဉ်တပ်ပြီးတော့ အဲဒီမှာ ဒေါ်စုကဆင်းလာတဲ့အခါကျတော့ သူလည်း မိန့်ခွန်းကို အလွတ်မပြောတော့ပဲနဲ့ တိုင်းပြည်ကို ပေးတဲ့သဝဏ်လွှာဆိုတဲ့ အနေနဲ့ ဖတ်တယ်၊ အဲဒါက အလွန်ကို ထူးခြားတဲ့ အမြော်အမြင်လို့တောင်မှ ကျွန်တော် ပြောလို့ရတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် လေးလေးစားစားနဲ့ ဒီနှစ်သစ်မှာ လုပ်သွားကြပါစို့ဆိုတဲ့ဟာကို ပေးလိုက်တာဟာ ဒေါ်စုရဲ့ မိန့်ခွန်းတွေ ထဲမှာ တော်တော်ကို အရေးကြီးတဲ့ဟာလို့ ကျွန်တော်သတ်မှတ်ချင်တယ်။

## ဒေါ်စုနဲ့ ကချင်ခရီး

သကြင်္န်ကုန်လွန်ပြီးတဲ့နောက် ၁၉၈၉-ခုနှစ် ဋ္ဌနှလနှောင်းပိုင်းမှာ ကချင်ပြည်နယ်ဘက်ကို ဒေါ်စုခရီးထွက်တယ်။ အဲဒီခရီးတစ်လျှောက်လုံးမှာ ဒေါ်စုဟာ အခုနောက်ပိုင်းမှာဖြစ်တဲ့ ဒီပဲယင်းလို နေရာမျိုးမှာ အကြမ်းဖက်ခံရတဲ့ ဟာမျိုး အဖြစ်မျိုးမရောက်ခဲ့ပေမယ့်လို့ စိတ်ပိုင်းအရပေါ့၊ သို့မဟုတ်လည် ကျင့်ဝတ်ပိုင်း ဆိုင်ရာအရတော့ ရှင်းရှင်းပြောရရင် အဲဒီအချိန်က အကြမ်းဖက်ခံရ တဲ့အချိန်ပဲ။ ဘာကိုဆိုလိုတာလဲဆိုတဲ့အခါကျတော့ အဲဒီခရီးမှာ ဒေါ်စုရဲ့ခရီးကို လျှောက်ပြီးတော့ ဖျက်လိုဖျက်ဆီးလုပ်တာတွေကတော့ ထားလိုက်တော့။ သို့သော် ဘာထူးထူး ခြားခြား ဘာသွားတွေ့လဲဆိုတော့ ဒေါ်စုကိုအပုတ်ချတာတွေပေါ့ ပက်ပက် စက်စက်ကို နိုင်းနိုင်းစိုင်းစိုင်းကို အပုတ်ချတဲ့လှုပ်ရှားမှုတွေက အများကြီး ပေါ်တယ်။ အဲဒါကြောင့် ကျွန်တော်က ဥပမာဆိုပါတော့ ဒေါ်စုရဲ့ ရှုမကောင်း မြင်မကောင်းရုပ်ပုံ ကာတွန်းတွေဆွဲပေါ့ ကြားမကောင်း ကျော်မကောင်းတဲ့ စကားတွေသုံး သုံးပြီးတော့ ပိုစတာတွေဆွဲ အဲသလိုပေါ့ အမျိုးစုံ ဒေါ်စုကို စိတ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုပဲ။ နောက်ပိုင်းကျတဲ့ အခါကျတော့ ဒီပဲယင်း လိုနေရာမျိုးရောက်တဲ့အခါကျတော့ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအဆင့်အထိ

ပါ ရောက်လာတာပေါ့။

သို့သော် ဘယ်ဟာက ပိုဆိုးသလဲလို့ စိစစ်မယ်ဆိုလို့ရှိရင် အမှန်အတိုင်းပြောရရင် ဒီပဲယင်းထက်ဆိုးတယ်။ ဆိုးတာက ကချင်ခရီးမှာ ကြုံခဲ့ရတဲ့ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ်လည်း ကျင့်ဝတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုက တော်တော့ကိုဆိုးတာ တော်တော့ကို မှိုင်းပြတာ။

**အာဏာဖီဆန်ရေးလမ်းစဉ်အစ ဒေါ်စုမိန့်ခွန်းထဲက**

ရန်ကုန်မှာ အဲဒီအချိန်တုန်းကဆိုတာက တယ်လီဖုန်းဆက်ဖို့ ရန်ကုန်နဲ့ မြစ်ကြီးနားပေါ့ ဆက်ဖို့ဆိုတာက ဝေလာဝေးပဲ၊ ဘယ်လိုမှ စဉ်းစားလို့မရတဲ့ ကိစ္စ။ ဒါဖြင့်ရင်ဘယ်လိုလုပ်မလဲ ဒေါ်စုရဲ့လှုပ်ရှားမှုတွေကို ဘယ်လိုလုပ်မလဲ ဆိုတဲ့အခါကျတော့ ကျွန်တော်ပုဂ္ဂိုလ်ရေးကို တစ်ခါတည်းလုပ်ရတာ၊ အဲဒီနေရာမှာ လူငယ်တွေရဲ့အခန်းကဏ္ဍဟာ တော်တော်အရေးကြီးတယ်။ အဲတော့ ဒေါ်စုဘေးမှာလည်း ဝန်းရံနေတာက ရှစ်လေးလုံးကာလထဲကစပြီးတော့ ဒေါ်စုဘေးမှာ အလွန်ကိုထူးချွန်ထက်မြက်တဲ့ သို့မဟုတ်လို့ရှိရင်လည်း အလွန်ကိုထက်သန်တက်ကြွတဲ့လူငယ်တွေက အမြဲတမ်းဝန်းရံနေတာ။ အဲလူငယ်တွေကိုလည်း ဒေါ်စုက ကောင်းကောင်းကိုသွန်သင်နိုင်တယ်၊ လေ့ကျင့်ပေးနိုင်တယ်၊ ဒေါ်စုခရီးသွားနေတုန်း ကချင်ပြည်နယ်ကိုသွားနေတုန်း ဒေါ်စုရဲ့ မိန့်ခွန်းတွေရဖို့ဆိုတာက ကျွန်တော်ဒီကလေးတွေပဲ အားကိုးရတယ်၊ ဒေါ်စုကချင်ပြည်နယ်မှာ ဒီနေ့မိန့်ခွန်းပြောမယ်ဆို နောက်တစ်နေ့ ကျွန်တော်တို့ ဆီကို ရောက်လာတာ။

ဒီအချိန် လေယာဉ်ပျံနဲ့လည်းပြန်နိုင်တာမဟုတ်ဘူး။ ရထား၊ ကားဆိုတာတွေကလည်း အတော်ကိုခက်ခဲသွားနေရတာ။ အဲကြားထဲကနေပြီးတော့ ဒီလူငယ်တွေရဲ့ဆက်သွယ်မှုနဲ့ပေါ့ဗျာ၊ ဒေါ်စုရဲ့ကချင်ပြည်နယ်ခရီးတွေ၊ ကချင်ပြည်နယ်မှာပြောတဲ့မိန့်ခွန်းတွေ ကချင်ပြည်နယ်မှာ ပြုလုပ်ခဲ့တဲ့ လှုပ်ရှားမှုတွေအကြောင်း သူတို့က နေ့ချင်းမဟုတ်တောင်မှ နောက်တစ်နေ့ဆိုရင်ရနေပြီ။ ဒေါ်စုမိန့်ခွန်းတွေကို ကျွန်တော်ကတာဝန်ခံပြီးတော့ တည်းဖြတ်တယ်ပေါ့၊ ပုံနှိပ်တယ်ပေါ့၊ အဲလိုလုပ်ငန်းတွေ ကျွန်တော်လုပ်ရတယ်။ တည်းဖြတ်တယ်ဆိုတဲ့ စကားကတော့ အမှန်တော့ သိပ်တော့မကောင်းလှဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူဟာတွေကို အကုန်လုံးကို သူ့အသံသွင်းချက်တွေကို ကျွန်တော်တို့စာနဲ့ပြန်ပြီးကူးတဲ့အခါ

ကျတော့ စကားပြောနေတဲ့အချိန်မှာ ချောနေသလိုပဲ သို့မဟုတ်လို့ရှိရင်လည်း စားရေးတဲ့အခါမှာလည်း စာပုံစံနဲ့ကျတော့ချောလို့ပဲ။

ဝါကျတွေက ဝါကျအတိုင်းပဲ စီကာစဉ်ကာ စနစ်တကျလေးကို ရှိနေတာ။ တောရောက် တောင်ရောက် ဟိုရောက်ဒီရောက် တွေ့ကောက်နေတဲ့ဟာမျိုးတွေတစ်ခုမှမရှိဘူး။ အဲတော့ တည်းဖြတ်တယ်ဆိုတဲ့ဟာကလည်း ကျွန်တော့်အဖို့ကတော့ စာလုံးပေါင်းလေး ဘာလေးပြန်ကူးတာ တစ်ခါတစ်လေ ကျတော့ စာလုံးပေါင်းတွေမှားမှာပေါ့ဗျာ။ အဲဒီကနေပြင်တယ် ဆိုရုံလောက်ပဲ။ မိန့်ခွန်းတွေကို ကျွန်တော်က တည်းဖြတ်ရင်း တည်းဖြတ်ရင်းနဲ့ ကျွန်တော် ဘာတစ်ခုသွားတွေ့လည်းဆိုတော့ အဲဒီမှာ အာဏာဖီဆန်ရေးနဲ့ ပတ်သက်တဲ့ အရိပ်အမြွက်စကားတွေ အဲဒီအထဲမှာပါလာတယ်။ ပါလာတယ်ဆိုတာက သူ့အဖေမိန့်ခွန်းတွေကို ကိုးကားပြီးတော့ သူ့အဖေမိန့်ခွန်းတွေထဲကနေပြီးတော့ အာဏာဖီဆန်ရေးတွေ သဘောတွေကိုပြောတဲ့အချက်အလက်တွေကို ဖောက်ပြီးတော့ ပြောလာတယ်ပေါ့။

## ဦးနုရဲ့သဘောထားကို သွားရောက်တီးခေါက်ခဲ့

ဒီအာဏာဖီဆန်ရေးလိုင်းကို ကျွန်တော်တို့ကိုင်ရတော့မယ်ဆိုတာကို ကျွန်တော်သဘောပေါက်သွားတယ်။ အဲလိုဆိုရင် ဒေါ်စုပြန်လာတဲ့အချိန်ကျရင် အဆင်သင့်ဖြစ်အောင်ဆိုပြီးတော့ ကျွန်တော်ဒေါ်စုမပြန်ခင် လဝက်လောက်ကာလမှာ ဦးနုနဲ့သွားတွေ့တယ်။ တစ်ချိန်တုန်းက ကျွန်တော်အိုးဝေသတင်းစာမှာ သွားပြီးတော့လုပ်တယ်၊ ဖဆပလရဲ့ ဦးနုရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကိုလည်း အကြီးအကျယ်ရေးခဲ့၊ သားခဲ့၊ သတင်းစာတစ်ခုလုံးရဲ့အားကို ဦးနုရဲ့ဆိုက်မှာ ဦးနုရဲ့ဘက်မှာ ပုံအောပြီးတော့လုပ်ခဲ့တာကိုး။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဦးနုနဲ့ ကျွန်တော်နဲ့သိနေတာလဲရှိတယ်၊ နောက်ပြီးတော့ ဦးနုကလည်း ကျွန်တော့်ကို ကျွန်တော်သိချင်တာတွေကို ပြောလာတဲ့အဆင့်ကို ရောက်ခဲ့ဖူးတယ်၊ ဆိုပါတော့၊ နမူနာလေးတစ်ခုပြောရင် ကျွန်တော်အိုးဝေကနေပြီးတော့ ကြေးမုံကို ပြန်သွားတယ်။ ကြေးမုံပြန်သွားတဲ့အချိန်ကျတော့ အထက်လွှတ်တော် ရွေးကောက်ပွဲတောင်မှ မီလိုက်သေးတယ်။ အရေးကြီးဆုံး သတင်းကဘာဖြစ်လဲဆိုတော့ ဝန်ကြီးအဖွဲ့ပေါ့၊ ဝန်ကြီးအဖွဲ့ ဘယ်လိုဖွဲ့မလဲ၊ ဘယ်သူတွေဝန်ကြီး

ဖြစ်မလဲဆိုတာကို ကျွန်တော်တို့တချို့တလေလည်း ကျွန်တော်တို့ရှိပြီ၊ အဲတော့ ကျွန်တော်ဦးနုကိုသွားတွေ့တယ်၊ ဥက္ကဋ္ဌကြီးတစ်ခုတော့ ကျွန်တော်မေးပါရစေ ဆိုတော့ မှတ်မှတ်ရရပါပဲ။ ဦးနုက အလွန်တွေ့ခဲ့တဲ့ပုံသဏ္ဌာန်ပေါ့ဗျာ၊ ကတုံး ပြောင်ပြောင်နဲ့ ဖြစ်နေတဲ့ခေါင်းပေါ့၊ ခေါင်းပေါင်းမပါဘဲနဲ့ သူ့မြေးလေးလို့ ပြောတယ်၊ သူ့မြေးလေးကို ကလေးတွန်းလှည်းပေါ်ထည့်ပြီးတော့ သူက တွန်းနေတာ၊ ခြံထဲမှာတွန်းနေတုန်းကျွန်တော်ရောက်သွားတယ်။ ရောက်သွားတဲ့ အခါကျတော့ ကျွန်တော်နဲ့စကားပြောရင်းကနေပြီးတော့ သူ့ဆီကနေပြီးတော့ ဝန်ကြီးအဖွဲ့စာရင်းကိုတောင်းတယ်။ အဲတော့သူက ကိုဝင်းတင် ကျွန်တော် တခြားဟာတွေ ကျွန်တော့် မေးရင်တော့ ကျွန်တော် ပြောမယ်၊ ဒီဟာတွေကတော့ ကျွန်တော်မပြောနိုင်ဘူးဗျတဲ့၊ ပြောလို့လဲမရဘူးတဲ့။ ဒီစာရင်းဆိုတာ ပေါက်ကြားရ တာမဟုတ်ဘူး။ ပေါက်ကြားတာတောင် တခြားဝန်ကြီးတို့ ဘာတို့ ဆီကနေ၊ သို့ မဟုတ်ရင် အသိုင်းအဝိုင်းတစ်ခုကနေ သတင်းပေါက်သွားရင် အရေးမကြီးဘူးတဲ့။ ဒါပေမယ့် ကျွန်တော်က ဝန်ကြီးချုပ်လုပ်နေပြီးတော့ ဒီဝန်ကြီးစာရင်းတွေ ပေါက်ကြားမယ်ဆိုရင်တော့ မကောင်းဘူးဗျာတဲ့။ အဲတော့ ကျွန်တော်တို့ လုပ်လို့ မရဘူး။ စသည်ပေါ့ဗျာ၊ အဲလိုရင်းနှီးမှုတွေရှိခဲ့ဖူးတယ်။

ဒါပေမယ့် ကျွန်တော် နှစ်တွေကအတော်ကြာသွားပြီလေ ဆိုပြီးတော့ ပို့သေချာအောင်ဆိုပြီး ကျွန်တော် သခင်အောင်ဖေနဲ့ဆက်တယ်၊ အဲဒီ သခင်အောင်ဖေနဲ့ ကျွန်တော် ဦးနုဆီသွားတွေ့တယ်၊ သူ့စိတ်ကို ကျွန်တော်က ဘာဖြစ်လို့ ယူရလဲဆိုတဲ့အခါကျတော့ အကြောင်းကြောင့် ဦးနုက ကျွန်တော် ကိုမေ့နေရင် ဘာဖြစ်လဲဆိုတော့ နှစ်ပေါင်းကိုက နှစ်ဆယ်ကျော် အစိတ်လောက် ဖြစ်နေပြီကို၊ တွေ့တဲ့အခါကျတော့ ဦးနုက သူ့ဘုရားရှိခိုးနေတာကို ကျွန်တော်တို့ စောင့်ရသေးတယ်၊ ပြီးတော့မှ ဘုရားခန်းနဲ့တွဲလျက်ပေါ့ဗျာ၊ အဲဒီမှာ သူ့ရဲ့ဧည့်ခန်း ရှိတယ်၊ အဲဒီကို ထွက်လာတဲ့အခါကျတော့ ဦးနုက လုံခြည်တွက်ကျားနဲ့၊ လည်ကတုံး အင်္ကျီလက်ရှည် ဝတ်လို့က အဖြူရောင်ခေါင်းမှာ ဘာတစ်ခုမှ ပါမလာဘူး။ ထိုင်ပြီးစကားပြောကြတယ်ပေါ့၊ စကားပြောတဲ့အခါကျတော့ ကျွန်တော်က ဥက္ကဋ္ဌကြီး ကျွန်တော်ပြောချင်တဲ့ဟာ တိုတိုပဲပြောပါမယ်၊ အချိန် လည်းသိပ်ပြီးတော့ ဥက္ကဋ္ဌကြီးလည်း ပေးနိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့တွေ အာဏာဖီဆန်ရေးလုပ်ရင်ဖြစ်မလား ကျွန်တော်တို့ကတော့ အာဏာဖီဆန်ရေး

ကတော့ လုပ်မယ်လို့ စဉ်းစားနေပြီ။ ကျွန်တော်လည်း စိတ်ကူးတယ်၊ နောက် တစ်ခါ ဒေါ်စုရဲ့ ကချင်ပြည်မိန့်ခွန်းတွေထဲမှာလည်း ဗိုလ်ချုပ်အောင်ဆန်းစကား ကို ကိုးကားပြီးတော့ အာဏာဖီဆန်ရေးအရိပ်အမြွက်ပြောတဲ့စကားတွေ ကျွန်တော်တွေ့နေပြီ။

အဲဒါကို ကျွန်တော်တို့များ အာဏာဖီဆန်ရေးလှုပ်ရှားမှု တစ်ခုလုပ်မယ် ဆိုရင် တစ် ဥက္ကဋ္ဌကြီးအနေနဲ့ ဖြစ်နိုင်မယ်ထင်လား၊ နောက်တစ်ခုက ဥက္ကဋ္ဌကြီး ရောပါနိုင်မလားလို့ မေးတဲ့အခါကျတော့ ဦးနုက ကိုဝင်းတင်တဲ့ ခင်ဗျားပြောတဲ့ ဟာတွေ ဖြစ်နိုင်တယ်တဲ့၊ ကျွန်တော် ဖြစ်နိုင်တယ်လို့ပဲ ကျွန်တော်ယူဆတယ်တဲ့။ ဒါပေမယ့်လို့ ကျွန်တော်ပြောမယ်တဲ့။ ကျွန်တော် အဲဒီအထဲတော့ ပါလို့မဖြစ်ဘူး ဗျတဲ့၊ ပါလို့မဖြစ်ဘူးဆိုတာက ကျွန်တော်လည်း ရှင်းရှင်းပြောရရင်တဲ့ ဒီလုပ်ငန်း တွေ လုပ်နိုင်လောက်အောင် ကျန်းမာရေးအင်အားမရှိတော့ဘူးတဲ့။ ဒါတစ်ခုပေါ့ အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေ လုပ်မယ်ဆိုရင် အတော်ကို ဆင်းရဲပင်ပန်းလည်း ဖြစ်နိုင်တယ်ပေါ့၊ အရိုက်အနှက်တွေလည်းခံရပေါ့၊ အဲဒါကြောင့်တဲ့ ကျွန်တော် လုပ်နိုင်မယ်မထင်ဘူးတဲ့။ နောက်တစ်ခုကလည်း အဲဒီလိုလုပ်ဖို့လည်း ကျွန်တော့် ရဲဘော်တွေနဲ့ဆိုတာ ဒါမျိုးဆိုတာ အကျေအလည်ကိုဆွေးနွေးမှ ဖြစ်မှာတဲ့။ အဲတော့ခင်ဗျားတို့ အာဏာဖီဆန်ရေးလုပ်ငန်းကဘာမှမစရသေးခင် ကျွန်တော်က ကျွန်တော်အဖွဲ့ လူတွေနဲ့တွေ့ပြီးတော့ အာဏာဖီဆန်ရေးလုပ်ဖို့ကို ကိုဝင်းတင်တို့ က လာပြောနေပြီ၊ အဲတော့ ဒါတွေကို ကျုပ်တို့ ဘယ်လိုသဘောထားသလဲ ဆိုတာကို မေးမယ်ဆိုရင်လည်း ခင်ဗျားတို့ရဲ့ လုပ်ငန်းကို သတင်းပေါက်ကြား သလိုဖြစ်မှာတဲ့ အဲတော့ ဒီလိုလုပ်ဗျာတဲ့၊ ကျွန်တော် ဒီလုပ်ငန်းကို ဖြစ်နိုင်မယ်လို့ ထင်တယ်၊ ခင်ဗျားတို့ကိုလည်း ကျွန်တော်ထောက်ခံတယ်။ သို့သော် ကျွန်တော် တော့မပါဘူးတဲ့၊ ပြောလိုက်တယ်။

**အာဏာဖီဆန်ရေးကိစ္စ ဒေါ်စုနဲ့တိုင်ပင်**

ဇွန်လ(၂၆)ရက်လောက်မှာ ဒေါ်အောင်ဆန်းစုကြည် ကချင်ပြည်နယ် ခရီးစဉ်ကပြန်လာပြီး အဲဒီနေ့ရောက်တဲ့ညမှာ ကျွန်တော့်ဆီကို ဖုန်းဆက်တယ်။ ဆရာကျွန်မတော့ ပြန်လာပြီ၊ ဆရာနဲ့တွေ့ချင်သေးတယ်၊ ဒါပေမယ့် ဒီနေ့တော့ ကျွန်မမတွေ့နိုင်ဘူးတဲ့။ ကျွန်မဝမ်းတွေဘာတွေပျက်နေတယ်တဲ့။ အဲတော့ ကျွန်မ

ဆေးတွေဘာတွေစားလိုက်ဖုံးမယ်။ အဲတော့ ဒီလိုလုပ်ဆရာရယ်တဲ့။ ဆရာကျွန်မနဲ့ လာပြီးတော့ထမင်းစားပါတဲ့။ အဲဒါ ကျွန်တော်ထင်တယ်၊ ဇွန်လ (၂၇)ရက်လို့ အကြမ်းအားဖြင့်တော့ ကျွန်တော်မှတ်မိတယ်ကျွန်တော် နောက်တစ်နေ့ကျတော့ ကျွန်တော်ဒေါ်စုဆီသွားတယ်။ သွားပြီးတော့ ခုနပြောတဲ့ ဒေါ်ခင်ကြည်ထိုင်တဲ့ ဝရန်တာလေးအောက်မှာပဲ အင်းယာကန်ဘက်ကို မျက်နှာပြုတဲ့ ဟာလာဟင်းလင်း အမိုးရိပ်အောက်မှာရှိတဲ့ ဒီဆင်ဝင်အောက်လေးမှာပဲ ကျွန်တော်တို့ ထိုင်ကြတယ်၊ ထိုင်ပြီးတော့ ကျွန်တော့်ကိုထမင်းကျွေးတယ်။ ဒါပေမယ့် သူက ထမင်းမစားဘူး။ စကားပြောရင်း ထမင်းစားရင်း ကျွန်တော် စကားပြောတာတွေကို သူကနားထောင်နေတယ်။ အဲဒီတော့ ကျွန်တော်က ပြောတာက အချက်နှစ်ချက်ရှိတယ်၊ ဘာလဲဆိုတော့၊ ကျွန်တော်က ဒေါ်စုရဲ့ ကချင်ပြည်နယ်မိန့်ခွန်းတွေထဲမှာ ဒီအာဏာဖီဆန်ရေးလိုင်းဆိုတဲ့ သဘောကပါနေပြီး။ ညှိနှိုင်းမှုတွေ လုပ်နိုင်သလောက်လုပ်ထားသင့်တယ်လို့ ထင်တဲ့အတွက် ကျွန်တော် ဥက္ကဋ္ဌကြီးဦးနုနဲ့သွားတွေ့ပါတယ်။ အဲ ဥက္ကဋ္ဌကြီးကတော့ ဖြစ်နိုင်တယ်လို့ပြောတယ်၊ သို့သော် သူတော့မပါနိုင်ဘူးဆိုပြီးတော့ ပြောလိုက်တယ်။ သူ့ကိုတင်ပြတယ်။

တင်ပြပြီးတော့ အခုရန်ကုန်မှာဖြစ်နေတဲ့ အခြေအနေတွေ သူမရှိတုန်း ဌာနချုပ်ရဲ့အခြေအနေတွေ ကျွန်တော်ကသူ့ကိုတင်ပြတယ်ပေါ့၊ ဒေါ်စုကဘာမှ ကွန်မန့် (comment) သိပ်မပြောဘူး၊ ဒါပေမယ့် သူကျန်းမာပုံ လည်းမပေါ်ဘူးပေါ့ ဝမ်းတွေဘာတွေလည်း ပျက်နေတယ်၊ ထမင်းလည်း မစားဘူး၊ ဆရာရယ် ဒါဖြင့်လုပ်ပါတဲ့၊ လုပ်စရာရှိတာတွေ ဆက်လုပ်ပါဖုံးတဲ့၊ ကျွန်မတို့ စဉ်းစားသေးတာပေါ့တဲ့။ ပြီးတော့ စီအီးစီလည်း ပို့ရမှာပေါ့တဲ့။ ကျွန်တော်ကပြောတယ်၊ ဒေါ်စု ဒါ့အပြင်ကို ကျွန်တော်ဒီနေ့ညနေမှာ ကျွန်တော်စာပေဟောပြောပွဲ အစီအစဉ်ရှိတယ်။ အဲဒီဟောပြောပွဲမှာ ကျွန်တော် ဒေါ်စုကချင်ပြည်နယ်မိန့်ခွန်းတွေမှာ ပြောသလိုပဲ အာဏာဖီဆန်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် နည်းနည်းတော့ ပြောမယ်လို့ စိတ်ကူးတာပဲ၊ ဒေါ်စုကလုပ်ပါ လုပ်ပါဆရာဆိုပြီးတော့ပြောတယ်။

**အာဏာဖီဆန်ရေးသဘောတရားများ စတင်ဟောပြောခြင်း**

ဒီလိုနဲ့ကျွန်တော်အဲဒီညနေမှာ စာရေးဆရာမကြီး စန်းစန်းနွဲ့

(သာယာဝတီ)နဲ့ ကျွန်တော် ပေါင်းပြီးတော့ နှစ်ယောက် ဒီတာမွေထဲက စာသင်ကျောင်းခန်းလေးတစ်ခုမှာ ကျွန်တော်တို့ ဟောပြောပွဲလေးလုပ်တယ်။ စန်းစန်းနွဲ့တို့ဘာတို့ဆိုတာကတော့ ဒီစာပေလောကမှာလည်း ကျင်လည်နေတဲ့ ပုဂ္ဂိုလ်တွေ နာမည်ကြီးစာရေးဆရာမကြီးတွေ၊ အဲ ပြီးတဲ့အခါကျတော့ ဟောပြောပွဲ တို့ ဘာတို့ဆိုတာလည်း အလေ့ကျင့်အများကြီးရပြီးတဲ့ပုဂ္ဂိုလ်တွေဆိုတဲ့အခါကျတော့ တော်တော်လေး ကောင်းကောင်းမွန်မွန်ပြောပါတယ်။ ပရိသတ်ကလည်း တော်တော်လေး စိတ်ဝင်တစား နားထောင်ပါတယ်။ အဲဒါပြီးတော့ ကျွန်တော့် အလှည့်ရောက်တဲ့အခါကျတော့ ကျွန်တော်က နည်းနည်းလေး ဒီအာဏာ ဖီဆန်ရေးကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ပြောတယ်၊ ပြောတဲ့ပုံသဏ္ဌာန် လေးက ဘာလဲဆိုရင် ကျွန်တော် မှတ်မိနေသေးတယ်၊ ကျွန်တော် စစ်ပြီးစ ကာလတုန်းက ရီးဒါဒိုင်းဂျက် (Reader Digest)ပေါ့ ဖတ်ဖူးတယ်။ အဲ့ဒီမှာ သတင်းထောက် ရှိမိန်းရှိလန်လို့ထင်တယ်။ နာမည်တော့မေ့တော့တော့ပဲ၊ သူက ဂန္ဒီကြီးနဲ့သွားတွေ့တယ်၊ တွေ့တဲ့အခါကျတော့ ဂန္ဒီကြီးကိုပြောတယ်၊ '*မစ္စတာဂန္ဒီ ခင်ဗျားရဲ့ သွေးမြေမကျတဲ့ (သို့မဟုတ်) အကြမ်းမဖက်တဲ့ အာဏာဖီဆန်ရေး လမ်းစဉ်ကို ဖော်ထုတ်တာဟာ အလွန်ကို ကြီးမြတ်ပါပေတယ်ပေါ့၊ ထူးခြားပါ ပေတယ်၊*' စသည်ပေါ့၊ ချီးမွမ်းစကားပြောတဲ့အခါကျတော့ ဂန္ဒီကပြန်ပြောတဲ့ စကားရှိတယ်။ '*မဟုတ်ဘူး၊ ခင်ဗျားတွေးတာတွေ မှားနေပြီ၊ ဒီဟာက တစ်ကယ်က ဒီအာဏာဖီဆန်ရေးဆိုတဲ့လိုင်းဟာ သို့မဟုတ်လို့ရှိရင်လည်း အခွန်ပေး ပြည်သူလူထုကနေပြီးတော့ သဘောမတူရင် စစ်တောင်မှမတိုက်နိုင်ဘူး၊ စစ်တိုက် ခွင့်တောင်မရှိဘူးလို့ ဆိုတဲ့သဘောတရားကို ထူထောင်တဲ့လူက ဒီအာဏာ ဖီဆန်ရေး အဲလိုဟာမျိုး ရှုတ်လုပ်မယ်ဆိုရင်ပေါ့ဗျာ၊ တိုင်းသူပြည်သား အနေနဲ့ အာဏာဖီဆန်ခွင့်ရှိတယ်၊ ဆိုတဲ့ အာဏာဖီဆန်ရေးသဘောတရားကို ထူထောင်တဲ့ လူဟာ ခင်ဗျားတို့ အမေရိကန်နိုင်ငံသား ဒဿနပညာရှင်ပေါ့၊ ၁၈၀၀-နှစ်ပတ် လည်လောက်တုန်းကရှိခဲ့တဲ့ပုဂ္ဂိုလ် အမေရိကန် ဒဿနပညာရှင် ဟင်နရီသော်ရိုး ဆိုတဲ့လူ ဒီသော်ရိုးကလည်း သူ့ရဲ့အတွေးအခေါ်တွေ ဒီသွေးမြေမကျ အာဏာ ဖီဆန်ရေး၊ အကြမ်းမဖက် အာဏာဖီဆန်ရေး သဘောတရားကို သူက ဒီစစ်နဲ့ မြင်ငြိမ်းချမ်းရေးကို ရေးတဲ့ကမ္ဘာကျော် ရုရှားစာရေးဆရာကြီး လီယိုတော် စတွိုင်းဆီကို ဒီအကြောင်းတွေရေးဖူးတယ် အဲ့ဒီမှာ လီယိုတော်စတွိုင်းနဲ့*

*ကျွန်တော်နဲ့ကလည်း စာအဆက်အသွယ်ရှိတဲ့အခါကျတော့ လီယိုတော်စတွိုင်းကနေပြီးတော့ ကျွန်တော်ကို ဒီဟင်နရီသောရိုးရဲ့ အယူအဆတွေကတော့ စိတ်ဝင်စားစရာပဲ၊ ခင်ဗျားတို့အတွက်လည်းအသုံးဝင်နိုင်တယ်ဆိုပြီးတော့ ကျွန်တော့်ဆီကို အကြောင်းကြားတယ်'* တဲ့။ အဲ့ဒါကြောင့် ဒီအိန္ဒိယပြည်မှာ ပေါ်ပေါက်ခဲ့တဲ့ ဆားခွန်တိုက်ဖျက်ရေးတို့ဘာတို့ အပါအဝင်ပေါ့ဗျာ၊ သွေးမြေမကျ၊ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေပေါ်ခဲ့တာဟာ မစ္စတာသောရိုးရဲ့ဒဿနမှာ အခြေခံတာပဲဆိုပြီးတော့ မှတ်မိနေတယ်။

အဲ့ဒါနဲ့ကျွန်တော်က အဲဒီနေ့ဟောပြောပွဲမှာ ကျွန်တော်က အဲ့ဒီဟာကို စာပေသတင်းထောက် တစ်ယောက်ရဲ့လှုပ်ရှားမှု သို့မဟုတ်လည်း တွေ့ဆုံမေးမြန်းမှု ဆိုတဲ့သဘောမျိုး သို့မဟုတ်ရင်လည်း ကမ္ဘာ့စာပေလောကမှာ တကယ့်ထိပ်တန်းလူတွေရဲ့အကြောင်းကို ပြောရင်းနဲ့ ကျွန်တော်က ဒီအာဏာဖီဆန်ရေးသဘောတရား ထည့်ပြောလိုက်တယ်၊ ထည့်ပြောတော့ ပရိတ်သတ်ကတော့ ဘယ်လိုနားလည်သလဲ ဘာလဲတော့မသိဘူးပေါ့ဗျာ။ မစ္စတာသောရိုးကလည်း သွေးမြေမကျ၊ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွေပေါ်ခဲ့တာဟာ မစ္စတာသောရိုးရဲ့ဒဿနမှာ အခြေခံတာပဲဆိုပြီးတော့ မှတ်မိနေတယ်ဗျ၊ အဲဒါနဲ့ ကျွန်တော်က အဲဒီနေ့ဟောပြောပွဲမှာ ကျွန်တော်က အဲဟာကို စာပေသတင်းထောက်တစ်ယောက်ရဲ့ လှုပ်ရှားမှု သို့မဟုတ်လည်း တွေ့ဆုံမေးမြန်းမှုဆိုတဲ့ ကမ္ဘာ့စာပေလောကမှာ တကယ့်ထိပ်တန်းလူတွေရဲ့ အကြောင်းကိုပြောရင်းနဲ့ ကျွန်တော်က ဒီအာဏာဖီဆန်ရေးသဘောတရား ထည့်ပြောလိုက်တယ်၊ ထည့်ပြောတော့ ပရိသတ်ကတော့ ဘယ်လိုနားလည်သလဲ ဘာလဲတော့ မသိဘူးပေါ့။

ဒီဟောပြောပွဲကို အဲ့ဒီတာမွေဘက်မှာနေထိုင်တဲ့ ကွယ်လွန်သူ တန်ဘယ်လ်ဒီ ဗဟိုဦးစီးအဖွဲ့ဝင် ခရမ်းဦးတင်မောင်ဝင်းရဲ့ စီစဉ်ပေးမှုနဲ့ ကိုမြင့်ဆိုသူရဲ့ ကျူရှင်အခန်းမှာကျင်းပခဲ့တာပါ။

## "မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ"

အဲဒါတွေပြီးလို့ နောက်တစ်နေ့လည်းကျရော ကျွန်တော်တို့ အာဏာဖီဆန်ရေးလုပ်ငန်းကို ကျွန်တော်အဆိုတင်တယ်ပေါ့ဗျာ၊ ကျွန်တော်ပဲအဆိုတင်ရတာပေါ့၊ စီမံချက်တစ်ခုလည်း ကျွန်တော်ပဲရေးရတာပေါ့။ အဲဒီ အချိန်မှာ စီအီးစီမြင့်ကွင်းလေးကို ကျွန်တော်ပြောပြချင်သေးတယ်။ ဒေါ်စုက ဘာမှမပြောဘူး၊ ဒီအတိုင်းပဲနေတယ်၊ နားထောင်နေတယ်၊ ကျွန်တော်က အဆိုတင်တယ်၊ ပြီးတော့ စီမံချက်တွေ ကျွန်တော်တို့ဖတ်ကြတယ်။ ဖတ်ကြတော့

ကျန်တဲ့လူတွေကဘာမှမပြောဘူး။ ဒါပေမယ့် အလွန်ကို ဒီစည်းစားဉာဏ်ထက်မြက်တဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးကြည်မောင်ပေါ့ ဦးကြည်မောင်ပဲ ကျွန်တော်နာမည်ပဲတပ်ပြီးပြောပါရစေ၊ ဦးကြည်မောင်ကတော့ ဘယ်လိုပြောလဲဆိုတော့ အင်းဗျာတဲ့၊ လုပ်တော့လုပ်ကြတာပေါ့တဲ့၊ ကျွန်တော်လည်း ထောက်ခံပါတယ်တဲ့၊ ထောက်ခံရမှာပဲပေါ့၊ သဘောတူရမှာပဲပေါ့၊ အများကသဘောတူမယ်ဆိုရင် ပေါ့လေ၊ ကျွန်တော့် အနေနဲ့ပြောချင်တာကတော့ ခင်ဗျားတို့ရဲ့ ဒီအာဏာဖီဆန်ရေးသာ လုပ်မယ်ဆိုရင်တော့ ခင်ဗျားတို့တော့ စစ်တပ်နဲ့တော့ တွေ့တော့မှာပဲတဲ့၊ သူ့ရဲ့စကားကတိုတိုလေးရယ်၊ ဆိုလိုတာက သူကစိတ်ပျက်သလိုလို၊ စစ်တပ်ကိုကြောက်သလိုလို၊ သို့မဟုတ်လို့ ရှိရင်လည်း ကျွန်တော်တို့ကို ဘေးကနေဖြစ်မှာစိုးတဲ့အတွက် အမြော်အမြင်ရှိရှိ တားဆီးသလိုလိုနဲ့ ပြောတဲ့စကားဗျ၊ သို့သော်ဒါပေမယ့်လို့ အများကဆုံးဖြတ်တဲ့အခါမှာ သူပါရောပြီးတော့ သဘောတူပါတယ်။

ဒါနဲ့ အဲ့ဒီရက်မှာပဲ ကျွန်တော်တို့တစ်ခါတည်းထွက်တဲ့ စာအုပ်တွေဘာတွေမှာ ကျွန်တော်တို့အာဏာဖီဆန်ရေး သဘောတရားတွေ ကပ်တယ်ဘာညာပေါ့၊ အဲဒီလိုတွေဖြစ်ကုန်ရော၊ အဲဒီဟာနဲ့ တစ်ပြိုင်တည်းမှာ ဖြစ်ပုံကပြောရအုံးမယ်။ အဲဒီ ကျွန်တော်တို့ အာဏာဖီဆန်ရေးနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ရဲ့ ကြွေးကြော်သံက ဘာလဲဆိုရင်၊ မတရားတဲ့အမိန့်အာဏာဟူသမျှ ဖီဆန်ကြဆိုတဲ့ဟာကို ဒီစလိုဂန် (slogan) ကို ကျွန်တော်ကရေးပြီးတင်ပြရတာကိုးဗျ၊ စလိုဂန်ကို စီအီးစီကော၊ ဗဟိုကော်မတီထဲမှာရှိတဲ့ပုဂ္ဂိုလ်များကရေးတင်တာ၊ အဲဒီလိုတင်တဲ့ဟာကို ပြဿနာကမပြီးဘူး၊ ဆွေးနွေးရင်း ဆွေးနွေးရင်းနဲ့လည်း နေတာပေါ့ သဘောတူသလိုလို မတူသလိုလို ဘာလိုလိုဖြစ်နေတဲ့အချိန်မှာ ဒေါ်စုကနေဝင်ပြီးတော့ အတည်ပြုတဲ့ သဘောထားကိုပေးတယ်၊ ဒီဟာကို ကျွန်မသဘောကျတယ်တဲ့၊ ကျွန်မတို့ လုပ်ရမှာပဲတဲ့။ အဲတော့လုပ်တဲ့။ ဒီကိစ္စနဲ့ပတ်သက်လို့ မတရားတဲ့အမိန့်အာဏာဟူသမျှဖီဆန်ကြ ဆိုတဲ့ဟာကြီးကပြည့်စုံမယ်လို့ ကျွန်မလည်းသေ်ပ်မထင်ဘူးတဲ့။ ပိုကောင်းတဲ့ဟာက ဘာလဲဆိုရင် **"မတရားတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ"** ဆိုပြီးတော့ ကျွန်မတို့ထည့်ရအောင်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒါကျွန်မတို့ တာဝန်ကိုရှိတာတဲ့၊ ဒီကိစ္စဟာသေးသေးကွေးကွေးမဟုတ်ဘူးတဲ့၊ တိုင်းသူပြည်သားအားလုံး တာဝန်ကိုရှိတယ်တဲ့။ ဒီအာဏာဖီဆန်ရတော့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစစ်အစိုးရရဲ့နိုင်ထက်စီးနင်းပြုမှုတွေ ကျွန်မတို့ လက်ပိုက်ကြည့်မနေနိုင်တော့ဘူး။ တာဝန်ကိုရှိတယ် ဒါကြောင့်မို့ ကျွန်တော်တို့ အဲဒီဆောင်ပုဒ် ကြွေးကြော်သံထဲက တာဝန်အရဆိုတာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စကားလုံး၊ အဲဒီလိုနဲ့ပဲအာဏာဖီဆန်ရေးလှုပ်ရှားမှုဆိုတာ ပေါ်ခဲ့တယ်ပေါ့။

**အာဇာနည်ဖုန်းမော် နှစ်ပတ်လည်နေ့**

ရ၉-မတ်၊ ညပြီမှာတော့ ကျွန်တော်တို့အထဲမှာလည်း အဖွဲ့စုံ ပေါ်ပေါက်နေတယ်ပေါ့ဗျာ၊ လှုပ်ရှားမှုတွေ၊ မကျေနပ်မှုတွေ၊ ပိုပြီးတော့ တက်ကြွတဲ့ဟာတွေ ပေါ်နေတယ်။ အဲတော့အဲဒါတွေအပိုင်းမှာ ကျွန်တော် ပြောစရာလေးတစ်ခု နည်းနည်းရှိတယ်၊ နောက်ကြောင်း ပြန်လိုက်ရအောင် မတ်လလောက်မှာ ဖုန်းမော်နဲ့ပတ်သက်ပြီးတော့ အန်အယ်လ်ဒီရဲ့ ကန့်ကွက်စာထုတ်တဲ့အခါကျတော့ အာဇာနည်ဖုန်းမော်ဆိုပြီးတော့ သုံးလိုက်မိတဲ့အတွက်ပေါ့ အချို့လူတွေ အတော်များများက သိပ်မကြိုက်ကြဘူးပေါ့၊ ဒီကျောင်းသားလူငယ်လေး ကျဆုံးသွားတဲ့ဟာနဲ့ပတ်သက်ပြီး ကျုပ်တို့စေတနာထားတယ်။ ဟုတ်လား ယုံကြည်သက်ဝင်တယ်၊ နိုးကျွှတယ်ပေါ့ သို့သော် အာဇာနည်ဆိုတဲ့ အသုံးအနှုန်းမျိုးကို မသုံးသင့်ဘူး ဘာညာဆိုတဲ့ဟာတွေဖြစ်တယ်၊ ထားပါတော့ အဲဒီရက်ပိုင်းမှာ ဘာလုပ်လဲဆိုတော့ ဒီစက်မှုတက္ကသိုလ်ထဲမှာ ကားလမ်းရဲ့ရှေ့နေရာ ကွက်လပ်ထဲမှာ အုတ်တံတိုင်းရှိတယ်ပေါ့၊ အဲဒီမှာ အစည်းအဝေးကြီးလုပ်တယ်၊ ကျောင်းသားတွေရဲ့ လှုပ်ရှားမှု၊ နောက်ပြီးတော့ အာဏာဖီဆန်ရေးလှုပ်ရှားမှုစသည်။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ အစည်းအဝေးလုပ်တယ်။

အဲဒီမှာ လူပေါင်းများစွာကနေပြီးတော့ မိန့်ခွန်းပေါင်းများစွာပြောတယ်။ ရယ်စရာလေးပြောရအုံးမယ်၊ ကျွန်တော် ဘယ်လောက် ဘာတွေများ မှတ်မိသလဲဆိုရင် အဲဒီဟောပြောပွဲမှာ ပြည်သူ့တိုးတက်ရေးပါတီပေါ့၊ ပီကျူ(ppp)ပေါ့ ပီကျူပါတီရဲ့ခေါင်းဆောင် ဥက္ကဋ္ဌလုပ်တဲ့ ဦးခင်မောင်မြင့်က မိန့်ခွန်းပြောတယ်၊ ပြောရင်းပြောရင်း သိပ်များများမပြော လိုက်ရသေးဘူး။ သူ့ရဲ့အံကပ်ကြီးပေါ့ဗျာ၊ သူက အပေါ်သွားတွေ တစ်ချောင်းမှမရှိတဲ့သူကိုး၊ အံကပ်ကမနိုင်တော့ပြုတ်ကျ၊ ပြန်တပ်လိုက် စကားပြောလိုက်၊ ပြုတ်ကျလိုက်ဆိုတော့ နောက်ဆုံးပိတ်လည်းကျရော သူက အဲဒီ သွားအံကပ်ကြီးကို ချွတ်ပြီးတော့ စားပွဲပေါ် ချလိုက်ပြီးတော့ တစ်ခါတည်း စကားတွေ ဟုန်းဟုန်းတောက်တဲ့ မိန့်ခွန်းစကားတွေ ပြောတော့တာပဲ၊ အဲဒါတွေကျွန်တော်မှတ်မိတယ်၊ အဲတော့ လူပေါင်းများစွာ မိန့်ခွန်းတွေပြောပြီးတော့ ဒေါ်စုအလှည့်ကိုပြောလည်း ပြောရော ဒေါ်စုကနေပြီးတော့ စင်မြင့်ပေါ်တက်သွားပြီးတော့ သူ့မိန့်ခွန်းကတိုတိုပဲ၊ ကျွန်တော်အရင်တုန်းက ကျွန်တော်တို့ကြားဖူးတဲ့ မိန့်ခွန်းတွေလို စုံစုံစိစိ၊ ကျယ်ကျယ်ပြန့်ပြန့် ပြောမနေတော့ဘူး။ ကျွန်မတို့ ဒီအလုပ်လုပ်စရာရှိတာတွေကို လုပ်ကြမယ်ဆိုတဲ့ စကားလောက်ပဲပြောတယ်။ ကျွန်တော်သူ့ရဲ့စကားလုံး အတိအကျကိုတော့ ကျွန်တော်မမှတ်မိတော့ဘူး၊ တိုတိုလေးပဲပြောတာပဲ၊ အဲ

ပြောတဲ့ပုံသဏ္ဌာန်ကဘာနဲ့ နှိုင်းယှဉ်လို့ ရသလဲဆိုရင် ဒါသူ့ရဲ့နောက်ဆုံးပေါ့၊ သူလည်း အကျဉ်းကျမခံရမီအထိ နောက်ဆုံး ပြောတဲ့ လူထုမိန့်ခွန်းလို့လည်း ဖြစ်နိုင်တယ်ပေါ့၊ ကျွန်တော်တော့သိပ်မသိဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူအဖမ်းခံရတဲ့အချိန်နဲ့ ကျွန်တော်အဖမ်းခံရတဲ့ အချိန်ကြားမှာ (၁၄) (၅) (၆)ရက်ခြားတဲ့ အခါကျတော့ နောက်ပိုင်း ဘာတွေ လုပ်လည်းတော့မသိဘူး။ ဒါပေမယ့် ကျွန်တော်ကြုံခဲ့ဖူးတဲ့ဟာကတော့ ဒေါ်စုရဲ့ နောက်ဆုံးအစည်းအဝေးပဲ။ ကျွန်တော့်အဖို့ပေါ့။ အဲဒီမှာ ပြောတဲ့မိန့်ခွန်းတိုတို လေးဟာ ကျွန်တော်နဲ့ဒေါ်စု ပထမဦးဆုံးအကြိမ်စပြီးတော့ တွေ့ဖူးဆုံဖူးတဲ့ ရန်ကုန် ပြည်သူ့ဆေးရုံကြီးထဲမှာရှိတဲ့ စာနယ်ဇင်းသမဂ္ဂရဲ့စင်မြင့်ပေါ်။ အဲစင်မြင့်ပေါ်မှာ ဒေါ်စုပြောတဲ့အချိန်တုန်းက အားလုံးစည်းကမ်းရှိကြပါဆိုလို့ဆိုတဲ့ အတိုဆုံးမိန့်ခွန်း လေးနဲ့ သဘောသွားတူတဲ့အခါကျတော့ ကျွန်တော့်စိတ်ထဲ ပြန်ပြန်တွေးတဲ့အခါ မှာ ဒေါ်စု ကျွန်တော်ပထမဆုံး တွေ့ဖူးတဲ့ သို့မဟုတ် ဒေါ်စုရဲ့ ပါတ်ပလစ် (public) ပထမဆုံးမိန့်ခွန်းဟာ တိုတိုလေးနဲ့ပြောလိုက်သလိုပဲ အခုလည်း ငါ တောင်ထဲမဝင်ခင်မှာ ကြုံခဲ့ဖူးတဲ့ ဒေါ်စုရဲ့နောက်ဆုံး လူထုအစည်းအဝေးပွဲမှာ ဒေါ်စုကနေပြီးတော့ မိန့်ခွန်းကို တိုတိုလေးပဲ ပြောပြန်ပါလားလို့တောင်မှ ကျွန်တော်တွေးမိတယ်။